www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




၁၉၇၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေသည့်
**ဝင်းငြိမ်း** စိစဉ်တည်းဖြတ်သည့်

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၃၁ ဇွန် ၂၀၁၇

တာဝန်ခံစာတည်း
မျိုးမြင့်ညိမ်း
စာတည်း
လင်းနိုင်ဦး
အမှုဆောင်စာတည်း
မသီတာ(စမ်းချောင်း)

BURMESE CLASSIC

**ရှေ့ပန်းချီ**
ဇော်ဝင်း
(ငှက်ပျောသီး)
ဆန်နီညိမ်း
ဖေသွန်ဝေ
မုတ်သုံ၊ တင်ထွဏ်း
မြင့်မောင်ကျော်
မျိုးမြင့်
လှမြင့်ဆွေ
လင်းဝဏ္ဏ
ဝင်းတင့်
မောင်နိုး
စိုးအောင်
အောင်ကျော်
ဖေသစ်တည်
ထွန်းအုံ
စိုးသော်တာ
Win Iszudia


**မျက်နှာဖုံးဓာတ်ပုံ**
ကိုလင်း(Studio-K)

**ရှေ့ဓာတ်ပုံ**
ကိုလင်း(Studio-K)
လင်းနိုင်ဦး

ရှေ့ဒီဇိုင်း-ခိုင်ဇင်ထွန်း၊ ဖြိုးဦးပိုင်
ရှေ့စာစီစာပြု-စိမ်းလဲ့စံ၊ မိုးမိုးမြင့်
စာပြင်-ကျော်စိန်ဝင်း

www.burmeseclassic.com

www.burmeseclassic.com




ရွှေဝတ္ထု

နေသန် ၆၄။
ဘီးနံပါတ် OK0122Lကို
တစ်ဖန်စီးနှင်ခြင်း

မိုးကျော်ဇင် ၁၀၂။
သက်ပြင်း

မောင်နှင်းပန်း ၁၀၈။
မေတ္တာပရဝဏ်

အောက္ကူးအောင် ၁၁၄။
(အေက္ကုပါ)
လွှန်

မိမိုး ၁၂၄။
သွေးပျက်သူ

ချစ်ကြည်အေး ၁၃၂။
အရွက်ကလေးတစ်ပွင့်

မျှုးဆက်ပိုင် ၁၅၂။
(ရွှေဟောင်း)
စိတ္တဇနော့မ်

နော်၊ ကျောက်ပုံင်၊ ၁၈၀။
မတွက်တတ်သော ပုစ္ဆာ

ဇေဦးယျာ ၁၈၄။
အိပ်မက်အစစ်
အလင်းဖြစ်စေ

အဲလိုလူး ၁၉၀။
ထောင်ဝင်စာ

ညို့ပြင်းရှ ၁၉၆။
နေဝင်ဆည်းဆာ

ရွှေနှလုံးသား

ထန် ၇၈။
လက်တစ်ဆုပ်စာ

ရေဒီယိုပြဇာတ်

နုနုရည်အင်းဝ ၈၆။
ငမိုးနှင့် အိုး

ဘာသာပြန်

အခန်းဆက်ဝတ္ထုရှည်

ပြော၊ ဆော-၂၊ ၁၂[illegible]
ပင်လယ်နှင့် အဆိပ်


# ရွှေအမြုတေ

ရုပ်စုံမဂ္ဂဇင်း

အမှတ်၃၃၁၊ ဇွန်၊ ၂၀၁၇

**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်


ရွှေမင်းသား၊ ရွှေမင်းသမီး

ခင်လေးမြင့် ၄။
အတွေးနယ်ချဲ့
ဖြန့်ကြက်တွေးသူ

One Minute Interview

မန်းသူ ၁၂။
ဇေရဲထက်၊ မယ်လိုဒီ
စံရတီမိုးမြင့်၊ မီမီဝင်းဖေ
ဂျောက်ဂျက်

အင်တာဗျူး

မန်းသူ ၂၈။
ကျွန်တော့်မှာလည်း
အချစ်ရှိပါတယ်

ရွှေရုပ်ရှင်

၂၂။ မိုးကျော်ထွန်း
နေဝင်အိပ်တန်းတက်

၃၂။ မိုးကျော်ထွန်း
စိတ်ဝင်စားစရာ သူငယ်

နိုင်ငံတကာစာမျက်နှာ

၅၆။ ရာပြည့်
ကျွန်တော်
ဟိုသ်လယ်ဂျယ်ပါ

ဖူးငုံပွင့်သစ်

၃၈။ မန်းသူ
ဘယ်လိုအခက်အခဲမဆို
ကျော်ဖြတ်မယ်

၄၂။ မန်းသူ
အနုပညာတိုင်းကို
လက်မလွှတ်ချင်သူ
ကြယ်စင်လှိုင်း


www.burmeseclassic.com

www.burmeseclassic.com

ရွှေဝတ္ထုရှည်စ/ဆုံး
၁၄၀။ ဖူးသစ်ဖော်
ရွှေကျေး
ကျွန်းစဉ်မြေမောခက်
အချစ်လှေကလေးအလူးမှာ

ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း
သာရ
ဝန်ကြီးတစ်မတ်

ရွှေအသစ်
............................
............................
............................
............................

ရသစာတမ်း
မောင်ရင့်မာ
(ကျောင်းကျွန်း)
ခမ္မရံတည်သူ

အက်ဆေးအကြောင်း
အက်ဆေး
မောင်ရင့်မာ
(ကျောင်းကျွန်း)
ဓာတ်ခံပေါ် ကကြွတဲ့အခါ

ရွှေသုတ
ကြည်မိုးလွန်း
ဈေးရေစက်
(ထိုင်း-မြန်မာလက်ထပ်ပွဲ)
ငြိမ်းမင်း
ရသစိုက်ပျိုးရေးစာတမ်း
မောင်သန်းဆွေ
(တာဝန်း)
ဓာတ်ခွက်စားရှင်းတမ်း
ကျော်မိုးမြင့်
ဦးယိုမုန့်သောက်တဲ့
ဆင်တော် အသိဏ္ဍာရာဇ်

အယ်ဒီတာအဖွဲ့ - တိုက်(၁၇)၊ အခန်း (၄-၀၁)၊ ၅၂ လမ်း (အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၅၀၁၊ Email: nyeinfamily@gmail.com
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့် အတွင်းပုံနှိပ်သူ -ဒေါ်ချိုချို(၁)အေးအေးသိန်း(၀၀၉၇၀)၊
ငွေပြုတာလှပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊ ၆၃ ရပ်ကွက်၊ စက်မှုဇုန် တောင်ဒဂုံ၊
ရန်ကုန်မြို့။ ထုတ်ဝေသူ - ဒေါ်ချိုချို(၁)အေးအေးသိန်း(၀၁၀၉၁)၊ အမှတ် ၁၃၃၊ လမ်း ၄၀၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖြန့်ချိရေး -
ငွေပြုတာလှစာပေ၊ အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၈၂၂၀ စာတိုက်သေတ္တာအမှတ် ၁၂၀၅
E-mail : zabutalu@gmail.com
Available at :
Wun Zinn




www.burmeseclassic.com

www.burmeseclassic.com

# အတွေးနှယ်ချဲ့ ဖြန့်ကြက်တွေးသူ

ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com

**Sing of Love** **(အချစ် သင်္ကေတ)** ဆိုတဲ့ MRTV-4 ဇာတ်လမ်းတွဲနဲ့ ပရိသတ်သတိထားမိခဲ့သလို **ဒေင်ရဲ့ နတ်သမီး** ရုပ်ရှင်ဇာတ်ကားထဲက သတင်းထောက်ဇာတ်ရုပ်နဲ့ ပရိသတ်တွေ ပိုသိခဲ့တဲ့ ဝင့်ယမုံလှိုင်နဲ့ ရွှေအမြုတေ မဂ္ဂဇင်းမျက်နှာဖုံး ရိုက်ဖြစ်ခဲ့ပါပြီ။ ဝင့်ယမုံလှိုင်က လက်ရှိမှာလည်း **ချစ်သူထွင်းတဲ့ အက္ခရာ** ဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ထားပြီး မေထိပ်ထားစံဆိုတဲ့ ဇာတ်ကောင်ကို ပီပီပြင်ပြင် သရုပ်ဆောင် ထားတဲ့အတွက် ဇာတ်လမ်းတွဲ ပရိသတ်တွေရဲ့အားပေးမှု ရရှိနေသူလည်း ဖြစ်ပါတယ်။ ရိုက်ကူးရေးတွေ ရှိနေတဲ့ကြားကနေ ရွှေအမြုတေမဂ္ဂဇင်း မျက်နှာဖုံးဓာတ်ပုံ ရိုက်ကူးပေးတဲ့ ဝင့်ယမုံလှိုင်နဲ့ မေးမြန်း ဖြစ်တာများက-

**ယမုံ(ဝင့်ယမုံလှိုင်)က ဇာတ်လမ်းတွဲတွေနဲ့ ပရိသတ် ပိုသတိထား မိတယ်လို့ ပြောလို့ရမလား။**

အခုအနေနဲ့ဆိုရင် ဒီဒီယိုဇာတ်ကားအချို့ ထွက်ထားတာရှိပေမဲ့ ရုပ်ရှင်ကားကြီး အနေနဲ့ဆိုရင် **ဒေင်ရဲ့နတ်သမီး** တစ်ကားပဲ ထွက်သေးတယ်။ ကျန်တဲ့ ဇာတ်ကားတွေက မထွက်သေးဘူး။ ဇာတ်လမ်းတွဲပဲ အရေအတွက်များနေတယ်ဆိုတော့ ဇာတ်လမ်းတွဲနဲ့ ပရိသတ်က ပိုသတိထားမိတယ်လို့ ပြောလို့ရပါတယ်။

**အခုလွှင့်နေတဲ့ 'ချစ်သူထွင်းတဲ့အက္ခရာ' ဇာတ်လမ်းတွဲမှာလည်း ယမုံရဲ့ ဇာတ်ရုပ်က မာနကြီးတဲ့ဇာတ်ရုပ်မျိုး ဖြစ်နေတယ်။ ဒီလိုပုံစံမျိုး ရှေ့မှာလည်း သရုပ်ဆောင်ထားဖူးတော့ ဒီဇာတ်ရုပ်အတွက် သရုပ်ဆောင်ဖို့ စဉ်းစားသေးလား၊ နောက်ထပ် တခြား ဇာတ်ရုပ် သရုပ်ဆောင်ချင်တာမျိုး ရှိမလား။**

တခြား မတူတဲ့ဟာကို အရမ်းလုပ်ချင်တယ်။ **အချစ်သင်္ကေတ**မှာလည်း မာယာချို ဇာတ်ရုပ်ကို သိခဲ့တယ်။ မာယာချိုနဲ့ မေထိပ်ထားစံ ဇာတ်ရုပ် ကွာတာက ဟိုမှာက သူများချစ်သူကို လုတယ်။ အမာပုံစံလုပ်ရပြီး သိပ်မရင့်ကျက်တဲ့ ကောင်မလေးပုံစံ။ မေထိပ်ထားစံက ရင့်ကျက်တည်ငြိမ်ပြီး လုပ်ငန်းတစ်ခုကို ဦးဆောင်လုပ်နေတဲ့ ပုံစံ။ ဒါလေးတော့ ကွာသွားမယ်ထင်တယ်။ အမာတော့ အမာပဲ၊ **Happy Beach** တစ်ခုပဲ ဟာသပုံစံရှိတာ။ ဒါတောင်မှ ဟာသတောင်မှ အမာလေးတွေ နှောပြီး ထည့်ရတဲ့ပုံစံလေးပါသေးတယ်။ **ကံ ကံ၏ အကျိုး** မှာလည်း အရမ်းအောင်မြင်နေတဲ့ မင်းသမီး၊ အမေကို ပြန်တွေ့တဲ့အချိန်မှာ မောက်မာပြီး ဒေါသထွက်၊ လက်မခံတဲ့ပုံစံတွေ၊ အခုလည်း မောက်မာတဲ့ပုံစံပဲ



ဓာတ်ပုံ-ကိုလင်း(Studio-K)



www.burmeseclassic.com

www.burmeseclassic.com

**ချစ်သူထွင်းတဲ့ အက္ခရာ**
မှာ သရုပ်ဆောင်ရတယ်။
ထပ်တော့ ထပ်နေတာ
ပေါ့နော်။ အပြင်ဗီဒီယိုမှာ
ကြည့်ရင်တော့
အမာဇာတ်ရုပ်တွေ
သိပ်မရှိဘူး။ ထွက်မယ့်
ရုပ်ရှင်ဇာတ်ကားကြီးဖြစ်တဲ့
**ဇာတ်ရှင်ရိုက်သူများ**
မှာဆိုလည်း အဲဒီလိုပဲ။
မင်းသမီးတစ်ယောက်ပုံစံ၊
ကိုစိုင်း(စိုင်းစိုင်းခမ်းလှိုင်)က
လာကမ်းလှမ်းတဲ့အချိန်မှာ
ချေလိုက်တဲ့ ပုံစံပဲ။
ကိုအောင်ရဲလင်းနဲ့
သရုပ်ဆောင်တဲ့
ဇာတ်ကားမှာဆိုလည်း
သူဌေးသမီး၊
တော်တော်တော့ ထပ်နေပြီ။
ကိုယ့်ကိုယ်ကိုတော့သိတယ်။
မလုပ်ချင်တော့ဘူး
ဆိုတာထက်
ကိုယ့်ဘာသာပိုင်နိုင်ပြီး
လုပ်နေကျ Character
တစ်ခုတော့ ဖြစ်တယ်။
ပရိသတ်တွေကလည်း
ပြောင်းလုပ်ပါလားလို့
ပြောကြတယ်။
ယမုံ ကိုယ်တိုင်လည်း
ပြောင်းလုပ်ချင်စိတ်ရှိတယ်။
လာကမ်းလှမ်းတဲ့အခါကျရင်
အဲဒါတွေပဲဖြစ်ဖြစ်သွားတယ်။
ယမုံတို့ အသစ်အနေနဲ့
မလုပ်ချင်ဘူးလို့ ငြင်းလို့
ရတဲ့အနေအထား
မဟုတ်ဘူး။ ကိုယ့်ကို
လာပြောတဲ့အချိန်မှာ
အကောင်းဆုံးလုပ်ခွင့်
ရအောင် ကြိုးစားရတဲ့
အနေအထားပဲ
ရှိသေးတာဆိုတော့
ဘာပဲဖြစ်ဖြစ်အကောင်းဆုံး
လုပ်ရမယ်ဆိုတဲ့စိတ်ပဲ






www.burmeseclassic.com

www.burmeseclassic.com





ရှိတယ်။ တီတီ(ပြေတီဦး)နဲ့ ရိုက်တဲ့ကားမှာဆိုရင်လည်း အရင်က ဆရာမ ဇာတ်ရုပ်၊ တီတီက ကောင်မလေးတွေ တစ်ယောက်ပြီး တစ်ယောက်နဲ့ ဇာတ်လမ်းတွေ ဖြစ်တာ။ တီတီက ပြောတယ်တဲ့၊ ဆရာမပုံစံ မလုပ်နဲ့တော့၊ ဝင့်ယမုံလှိုင်ကို သူဌေးသမီး၊ နည်းနည်းချောတဲ့ ပုံစံလုပ်လို့ ပြောတယ်တဲ့။ ဒီတစ်ခါတော့ ပြောင်းပြီး လုပ်ရပြီဆိုရင် ပျော်နေတော့ အဲဒီလို ပြောင်းတော့ ဟမ်…ဆိုပြီး ဖြစ်သွားတယ်။ ယမုံက အဲဒီလိုပုံစံနဲ့ လုပ်ဖို့ ကံပါလာတာ ဖြစ်မယ်။

**တောင်းဆိုခွင့်ရှိမယ်ဆို ပြောင်းလုပ်ချင်တာပေါ့။**

ပြောင်းကြည့်ချင်တယ်။ ပရိသတ်အမြင်မှာ နည်းနည်းပြောင်းသွားအောင် လုပ်ချင်တယ်။ အမာပုံစံ မဟုတ်ဘဲ ဟာသကို ရူးတူးတူး ပေါတောတော လုံးဝ အမြင်ကွဲသွားအောင် လုပ်ကြည့်ချင်တယ်။ ဒရာမာ၊ ငိုနေတဲ့ပုံစံမျိုး လုပ်ရတာ သိပ်မပျော်သလို ဇာတ်လမ်းတွေ ကြည့်ရင်လည်း အဲဒီလိုမျိုးတွေ မကြည့်တာများတယ်။ ရဲမေလိုဇာတ်ရုပ်၊ Spy ဇာတ်ရုပ်မျိုး၊ တစ်ခါမှ မလုပ်ဖူးဘူး။ လုပ်ကြည့်ချင်တယ်။

**'ဇာတ်ရှင်ရိုက်သူများ' ရုပ်ရှင်ကားထဲမှာလည်း ခပ်ချောချော မင်းသမီးတစ်ယောက်ပုံစံဆိုတော့ ဘယ်လိုပြင်ဆင်ခဲ့ရတာမျိုး၊ စဉ်းစားရတာမျိုးရှိလား။**

အဲဒီဇာတ်ကားမှာ သရုပ်ဆောင်ဖို့ မစန္ဒာက စပြီး ကမ်းလှမ်းတဲ့အချိန်မှာ Character ကို အရမ်းသဘောကျတယ်။ ကြောက်တာက ကိုစိုင်းရယ်၊ မဖွေးရယ် ဆိုတော့ ရှိန်တယ်။ မဖွေးနဲ့ဆို ပထမဆုံး ရုပ်ရှင် ရိုက်ဖြစ်တာ။ မဖွေးနဲ့ ယမုံ အဲဒီကားမှာ တစ်ဆင်နဲ့ပဲ ဆုံရတယ်။ မဖွေးရော၊ ကိုစိုင်းနဲ့ရော အတူတူ တွဲလုပ်ရမှာ ကြောက်လည်းကြောက်တယ်၊ ပျော်လည်းပျော်တယ်။ ယမုံ အကောင်းဆုံးလုပ်ခဲ့တယ်။ ကိုစိုင်းက ယမုံကို လာကမ်းလှမ်းတဲ့ ဇာတ်ဝင်ခန်းတွေမှာဆို ဒီအချိန်က ငါနားရမယ့် အချိန်မအားသေးဘူးတို့၊ မန်နေဂျာနဲ့ ပြောခိုင်းတာတို့၊ ကိုစိုင်းရဲ့ Fans တွေ စိတ်ဆိုးတော့မှာပဲ ဆိုပြီး ကြောက်တော့ကြောက်တယ်။ ကိုစိုင်းက အဲဒီကားက ဒါရိုက်တာအသစ်တစ်ယောက်၊ ယမုံက နာမည်ကြီးမင်းသမီးတစ်ယောက်။ အဲဒီကားကလည်း အမှတ်တရတစ်ခုပဲ။

**ဇာတ်လမ်းတွဲတွေရိုက်ပြီး ပရိသတ် အသိအမှတ်ပြုရဖို့ ကြိုးစားရတာက ဗီဒီယိုကားတွေရိုက်ပြီး ပရိသတ်အသိအမှတ်ပြုရဖို့ ကြိုးစားရတာထက် ခက်ခဲလား၊ ဒါမှမဟုတ် လွယ်ကူလား။**

ဇာတ်လမ်းတွဲရိုက်တဲ့ အချိန်မှာ အရမ်းချောမွေ့နေတာမျိုး မဟုတ်တဲ့အတွက် အပြင်မှာရိုက်တဲ့ အခက်အခဲထက် အများကြီးကို ယမုံကြုံရတယ်။ **ချစ်သူထွင်းတဲ့အက္ခရာ** ကားဆိုလည်း ယမုံ ၉ လ၊ ၁၀ လလောက် ရိုက်တယ်။ နယ်မှာ သုံး၊လေးလ၊ ရန်ကုန်မှာ သုံး၊လေးလ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုရိုက်တော့ အခက်အခဲ အများကြီးရှိတယ်။ ဇာတ်လမ်းတွဲရိုက်တော့ အချိန် အများကြီး ယူရတဲ့အတွက် တခြားအလုပ်တွေ အများကြီး လွတ်တယ်။ အဲဒါတော့ ရှိတယ်။ ဇာတ်လမ်းတွဲရိုက်နေတဲ့အချိန်မှာ ရုပ်ရှင်ပဲဖြစ်ဖြစ်၊ ဗီဒီယိုပဲဖြစ်ဖြစ်၊ ကြော်ငြာပဲဖြစ်ဖြစ်ပေါ့။ ကြော်ငြာဆိုရင် ကံကောင်းလို့ တစ်ရက်တည်း ညှိလို့ရလို့ဆိုရင် ရိုက်ကောင်း ရိုက်နိုင်သေးတယ်။ ရုပ်ရှင်တို့၊ ဗီဒီယိုတို့ကျတော့ တစ်ပတ်၊ ဆယ့်ငါးရက်ဖြစ်တော့ ရန်ကုန်မှာဆိုရင်တောင် ရက်ညှိပေးချင်ရင်တောင် ယမုံက နယ်ရောက်နေမယ်ဆို ရိုက်လို့မရဘူး။ အများကြီးတော့ လွတ်တယ်။ အဲဒါကလည်း ကိုယ့်ကံပေါ်မှာ မူတည်ပါတယ်။ ယမုံကလည်း ကံဆိုးတယ်။ မရိုက်တဲ့အချိန်ဆို ဘာမှမရှိဘဲ ဇာတ်လမ်းတွဲဝင်ပြီဆိုရင် ဇာတ်ကားတွေ လာကြပြီ၊ အဲဒါက ခဏခဏ ကြုံရတဲ့ ယမုံရဲ့ကံပဲ။

**ရုပ်ရှင်ကား၊ ဗီဒီယိုကား သုံး,လေးကားနဲ့ ဇာတ်လမ်းတွဲတစ်ခုနဲ့ တိုက်ဆိုင်လာရင် ဘယ်ဟာကို လက်လွှတ်ချင်လဲ။**

အခု ယမုံကြုံရတာက ဇာတ်လမ်းတွဲ လက်ခံပြီး ရိုက်နေတဲ့အချိန်မှ ဝင်လာတာဆိုတော့ တစ်ဖက်မှာကလည်း စ,ရိုက်နေပြီ။ ဘယ်လောက်ပဲ သေလောက်အောင် ရိုက်ချင်နေသော်ငြားလည်း ဟိုဘက်က သွားရပ်လို့မရတော့ဘူး။ ရက်ရှည်လများ ရိုက်ရတာဖြစ်တဲ့ လွတ်တဲ့ ဇာတ်ကားတွေကတော့ ခဏခဏပဲ၊ အများကြီးပဲ။ တစ်ခါတလေကျ စိတ်ဓာတ်ကျတယ်။ အခု ကြုံရတာဆိုရင် ရုပ်ရှင်ကားကြီးတစ်ကား လာချိတ်ထားတယ်။ ပြန်ပြောပေးမယ်ဆိုပြီး ယမုံက ပြောထားတယ်။ အဲဒီအချိန်မှာ MRTV-4 ကလည်း ဇာတ်လမ်းသစ်အတွက် Casting ခေါ်တယ်။ ဟိုဘက်ကလည်း Casting လုပ်ပြီးမှ သိမယ့် အနေအထားဖြစ်နေတယ်။ အဲဒီတော့ ချက်ချင်း ပြန်ပြောဖို့ အဆင်မပြေသေးဘူး။ လကုန်လောက်မှ သိမယ့် အနေအထားကို စောင့်နေရတဲ့အချိန်မှာ ကားကြီး လွတ်သွားတယ်။ ကားကြီး လွတ်သွားချိန် Casting ထွက်လာချိန်မှာလည်း အကြောင်းကြောင်းကြောင့် အဆင်မပြေဖြစ်သွားတယ်။ ဟိုဘက်ရော၊ ဒီဘက်ရော လွတ်တာပေါ့။ အဲဒါကတော့ ကံပဲ ခေတယ်လို့ ပြောရမလားပဲ။ အဲဒီကိစ္စကြောင့်လည်း တော်တော်လည်း စိတ်မကောင်းဖြစ်တယ်။ ရှေ့မှာ ရိုက်ဖြစ်တဲ့ကားတွေကလည်း ညှိပြီး ရိုက်ဖြစ်ခဲ့တဲ့ ကားတွေဆိုတော့ ညှိလို့ရတာ ရှိသလို၊ ညှိလို့မရတာတွေလည်း ရှိတယ်။ ယမုံတို့ အနေအထားက လာကမ်းလှမ်းတဲ့အချိန် ရှိတုန်းလေး အမြန်ကြိုးစားပြီး ရိုက်ရတဲ့ အချိန်ဖြစ်နေတယ်။ ကိုယ်ရိုက်ချင်တဲ့ အချိန် သွားရိုက်လို့ မရတာဖြစ်တဲ့အတွက် တစ်ခါတလေ စိတ်ဓာတ်လည်းကျတယ်၊ ဝမ်းလည်းနည်းတယ်။ ကိုယ့်ကံပါမလာလို့ လက်လွှတ်လိုက်ရတာ။ ဆက်လုပ်

www.burmeseclassic.com

www.burmeseclassic.com

ရမယ့် အပေါ်မှာပဲ အာရုံစိုက်လိုက်ပါတယ်။

**ဇာတ်လမ်းတွဲက လည်း အချိန်ပေးပြီး ရိုက်ရတော့ တစ်နှစ်ကို ဇာတ်လမ်းတွဲ ဘယ်နခုရိုက်ပေးဖို့ MRTV-4 ဘက်ကို ယမုံတို့ဘက်က တောင်းဆိုတာမျိုး ရှိမလား။**

တစ်နှစ်မှာ တစ်ခုတော့ အနည်းဆုံး ရိုက်တယ်။ ဇာတ်လမ်းတွဲတစ်ခု ရိုက်မယ်ဆိုရင် ၇ လ၊ ၈ လလောက် ရိုက်ရတာဆိုတော့ တစ်နှစ်ကို ဇာတ်လမ်းတွဲတစ်ခုတော့ ရိုက်ရမယ်လို့ နှစ်ဖက်သဘောတူထားတယ်။ ဇာတ်လမ်းတွဲမှာ ယမုံရဲ့ Character ကို ပြောင်းချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အပြင်ကတော့ ထားလိုက်တော့၊ ဇာတ်လမ်းတွဲမှာ ဒီလိုပုံစံနဲ့ သိခဲ့တာဆိုတော့ ဒီတစ်ခါလုံးဝပြောင်းသွားတယ်ဆိုတဲ့ Character မျိုးကို လုပ်ချင်တယ်။

**တောင်းဆိုတာမျိုးရော လုပ်သေးလား။**

သူတို့က ယမုံတို့ တောင်းဆိုမှုကို အမြဲလက်ခံပြီး ထည့်သွင်းစဉ်းစားပါတယ်။ ဒါပေမဲ့ သူတို့ ဖန်တီးထားတဲ့ ဇာတ်လမ်းပေါ်မူတည်ပြီး လူကိုချိန်ပြီး သုံးတာမျိုး ဖြစ်တယ်။

**ယမုံရဲ့ We Love က ပရိသတ်တွေ ကရော ယမုံကို ဘယ်လို ပုံစံတွေ**





www.burmeseclassic.com

www.burmeseclassic.com




**ပြောင်းဖို့ တောင်းဆိုကြသေးလဲ။**

အရမ်းချစ်ဖို့ ကောင်းကြတဲ့သူတွေပါ။ အမှန်အတိုင်း ဝန်ခံရရင် ယမုံ စိတ်ဓာတ်အရမ်းကျနေတဲ့အချိန်မှာ အခုဆိုရင် ဒီကားလေးနဲ့ ပရိသတ်စိတ်ဝင်စားလာအောင်၊ ပြန်ပြီးလက်ခံလာအောင် ကြိုးစားခွင့်ရတယ်။ ယမုံ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ We Love တွေကြောင့်ပဲ ခွန်အားတွေပြန်ရခဲ့တာပါ။ သူတို့ မရှိရင်လည်း ယမုံ ဒီလိုဆက်နေနိုင်မှာ မဟုတ်ဘူးထင်တယ်။ အဲဒီလိုဆိုတော့ တကယ်ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ ယမုံအတွက် သူတို့မရှိလို့ မဖြစ်ပါဘူး။ သူတို့တွေကတော့ ယမုံ့ကို အမြဲတမ်း အကောင်းဆုံးဖြစ်စေချင်တာ သူတို့ဆန္ဒပါ။ တချို့ကျတော့လည်း Character ကို ပြောင်းစေချင်တယ်၊ တချို့ကျတော့လည်း အချစ်၊ ဖန်စီတွေကို သရုပ်ဆောင်စေချင်တယ်။ ယမုံ့ပုံစံက အမြဲတမ်း အမာဖြစ်နေတာကို သူတို့အမြင်မှာ ပြောင်းစေချင်တာပါ။

**ယမုံ့ဘက်က သူတို့အတွက် အချိန်ပေးပြီး လုပ်ပေးဖြစ်တာက ဘယ်လိုမျိုးများဖြစ်မလဲ။**


ယမုံ အနေနဲ့ သူတို့အတွက် အချိန်ပေးပြီး လုပ်ပေးဖြစ်တာက သူတို့နဲ့ အချိန်အကြာကြီး သွားလာနေတာမျိုး မရှိပေမဲ့ Admin တွေနဲ့တွေ့ပြီး မုန့်စားတယ်၊ တွေ့တယ်။ Hang out လုပ်တာမျိုးရှိတယ်။ We Love အယောက် ၂၀၊ ၃၀ လောက်နဲ့ အတူတူ နေ့လယ်စာစားတယ်။ Game တွေဆော့တယ်။ We Love ထဲမှာကျတော့ ယမုံနဲ့ သိပေမဲ့ ကျန်တဲ့သူတွေအချင်းချင်း မသိကြတာတွေ ရှိသေးတော့ သူတို့အချင်းချင်း ရင်းနှီးအောင်






www.burmeseclassic.com

www.burmeseclassic.com





လုပ်ပေးတယ်။ ညနေစောင်းမှာ သူတို့တွေနဲ့ အတူတူ ဘုရားသွားတယ်၊ ညကျတော့ Dinner အတူတူစားတယ်။ အဲဒီတစ်ရက်တော့ သူတို့နဲ့ အတူတူ အချိန်ပေးတယ်။ ယမုံ အားတဲ့အချိန်မှာ တတ်နိုင်တာလေးနဲ့ သူတို့နဲ့ အတူတူ စဉ်းစားပြီး လုပ်ပေးဖြစ်တာပါ။

**သူတို့တွေရဲ့ အားပေးမှုသာ မရှိခဲ့ရင် ပြန်လှည့်တော့ မယ်ဆိုတော့ တကယ်ပဲ ရှေ့မဆက်ဘဲ နောက်ပြန် လှည့်တော့မလို့လား။**

တစ်ခါတလေစိတ်ညစ်တာ၊ စိတ်ဓာတ်ကျတာ အဲဒီလိုမျိုး စိတ်ဓာတ် ကျတိုင်းမှာ သူတို့တွေက အားပေးတယ်။ စိတ်ညစ်၊ စိတ်ဓာတ်ကျပြီး အတွေး မျိုးစုံနဲ့ ချာချာလည်နေတဲ့ အချိန်မှာ သူတို့တွေက ချစ်ရတဲ့ သူလေး၊ ဘာလေး၊ ညာလေး ဆိုပြီး ပုံလေးတွေနဲ့ တင်တယ်ဆို စိတ်မကောင်းဘူး။ ငါသည်အနုပညာရှင်ကြီးတစ် ယောက် မဟုတ်သေးဘူး၊ ဘာမဟုတ်တဲ့ အနေအထား လေးကို လက်ခံပေးကြတဲ့ တစ်ယောက်ချင်းစီလေးအတွက် ငါကြိုးစားရဦးမယ်ဆိုတဲ့ စိတ်နဲ့ အမြဲကြိုးစားတယ်။ နောက်ပြန်လှည့်တယ် ဆိုတာထက် အတွေးတွေက ယောင်ချောက်ချားနဲ့တွေးပြီး ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်တာ။ ယမုံက အရမ်း တွေးတတ်တာ၊ တစ်ခုခုဆို အရမ်းစဉ်းစားပြီး အရမ်းတွေးတတ်တာ၊ တစ်ခု ခုဆို အဆုံးအထိ တွေးတာ။ အဲဒါကြောင့်ပါ’

**လွယ်လွယ်နဲ့ စိတ်ဓာတ် ကျတတ်သူလား။**

လွယ်လွယ်နဲ့တော့ စိတ် ဓာတ်မကျဘူး။ ကိုယ့်ကိုယ် ကို မြင်တာ။ ဒါပေမဲ့ အတွေး နယ်ချဲ့တတ်တယ်။ အတွေး နယ်ချဲ့တတ်ပြီး ဒါဆိုရင် ဘာ ဖြစ်မလဲ၊ ဒါမှမဟုတ် နောက် တစ်ခုဆို ဘာဖြစ်မလဲဆိုပြီး ဖြန့်ကြက်လိုက်စဉ်းစားတာ။ စိတ်ဓာတ်တော့ မကျဘူး။ ယမုံရဲ့အားသာချက်တစ်ခုက မကြောက်ဘူး၊ ဒါပေမဲ့ ကိုယ့် ကိုယ်ကိုတော့ စိုးရိမ်တယ်။ သေချာပြီဆိုရင်တော့ အပြည့် အဝ ပြင်ဆင်တယ်၊ ကြိုးစား တယ်။ တစ်ဖွတ်ထိုးတော့ မလုပ်ဘူး။ အရမ်းစဉ်းစား တယ်။ တစ်ခါတလေ စဉ်း စားလွန်လို့ ကောင်းသွားတာ တွေ ယမုံ ကြုံခဲ့ဖူးသလို၊ စဉ်းစားလွန်လို့ အဆိုးကြုံတာ တွေလည်း ရှိခဲ့တယ်။

နောက်ထပ် ဓာတ်လမ်း တွဲအသစ် ရိုက်ဖို့ရှိတဲ့ ဝင့်ယမုံ လှိုင်နဲ့ မေးမြန်းဖြစ်တာများ ဖြစ်ပါတယ်။ ရွှေအမြုတေ မဂ္ဂဇင်းမျက်နှာဖုံးရိုက်ကူးဖို့ ဝင့်ယမုံလှိုင်အတွက် အဝတ် အစားများကို Queen Collection က ကူညီပေးထားတာဖြစ်ပါ တယ်။ ဆံပင်၊ မိတ်ကပ် ပြင် ဆင်မှုကိုတော့ လီလီ(မထက်-Pop Soul)က ပြင်ဆင်ပေး ထားတာပါ။ ဓာတ်ပုံများကို တော့ ကိုလင်း(Studio-K)က ရိုက်ကူးပေးထားတာပါ။ နွေ နေပူပူကို အန်တုရင်း ရွှေအမြု တေမဂ္ဂဇင်း မျက်နှာဖုံးရိုက် ကူးရေးအတွက် အချိန်ပေးခဲ့ ကြတဲ့ ဝင့်ယမုံလှိုင်၊ ကိုလင်း (Studio K)နဲ့ လီလီ (မထက်-Pop Soul)တို့ကို ကျေးဇူးတင် ကြောင်း ဆိုပါရစေ။ ■

**ခင်လေးမြင့်**



www.burmeseclassic.com

www.burmeseclassic.com

# ကြိုးကြာဆိုရာတစ်မိနစ်တာ

## One Minute Interview



'ဒီဇာတ်ကားထဲမှာ ကျွန်တော်က ဖြတ်၊ ဖောက်၊ ချုပ်ပေါ့နော်။ ဖြတ်၊ ဖောက်၊ ချုပ် ဘဝရဲ့ သနားစရာ ဘဝလေးကို ချပြထားတဲ့ ဇာတ်ကားလေးပေါ့။ သူက လိင်မတူဘူးဆိုပေမဲ့ သူ့မှာ နှလုံးသား တစ်စုံ ရှိတယ်။ နှလုံးသားရှိတဲ့အတွက် အချစ်ကို ခံစားတတ်တယ် ဆိုတာလေးကို သက်သေပြသွားတာ ပေါ့။ ပြီးတော့ ပြောရရင် ဂေးပေါ့နော်။ ဂေးတစ်ယောက်မှာတောင်မှ အချစ်စစ်၊ အချစ်မှန် ရှိတယ်။ ယောကျ်ား တစ်ယောက်တည်း၊ တစ်ဦးတည်းကိုပဲ ချစ်ခဲ့တယ်။ သူ့အသက်ကိုတောင် ပေးဆပ်ပြီး ချစ်ခဲ့တယ်ဆိုတဲ့ ပုံစံလေးပါ'ဟု ဇေရဲထက်က ယခု သူပါဝင် သရုပ်ဆောင်မည့် **မာယာ ကကြိုး** ရုပ်ရှင်ကားကြီးထဲမှ ဇာတ်ကောင်စရိုက်ကို ပြောပြသည်။

**ဇေရဲထက်က မိန်းမစိတ်ပေါက်နေတဲ့ပုံစံတွေ သရုပ်ဆောင်ဖူးပေမဲ့ ဒီကားမှာက အစအဆုံး တကယ့် အမျိုးသမီးလို သရုပ်ဆောင်ရမှာ ဆိုတော့ စိန်ခေါ်မှုတော့ ရှိရမှာပေါ့။**

စိန်ခေါ်မှုကတော့ ရှိတယ်။ ကျွန်တော် ကိုယ်တိုင် ဒီကားမှာ နူးညံ့တဲ့ မိန်းကလေး တစ်ယောက် လို စကား ပြောရတဲ့



www.burmeseclassic.com

www.burmeseclassic.com

အမူအရာကအစ ဆင်းနိုင်တိုင်းမှာ မိန်းကလေးတစ်ယောက်ရဲ့ ခံစားချက်အတိုင်း သရုပ်ဆောင်ရတယ်။ မျက်လုံးအကြည့်ဆိုလည်းကြည့်လိုက်ရင် နူးညံ့နေရမယ်၊ ရှင်းလင်းနေရမယ်။ အဝတ်အစား ရွေးချယ်တာကအစ သူများအမြင်မှာ စိတ်ချမ်းသာမယ့်ပုံစံမျိုး အငြိမ်လေးတွေပဲ ရွေးချယ်တယ်။ တစ်ခါတလေလိုအပ်ချက်လေးလည်း ရှိတာပေါ့။ ကျွန်တော့်ခန္ဓာကိုယ်က တောင့်တောင့်ကြီးနဲ့ ထွားနေတာကိုး။ တစ်ခါတလေ ကျဉ်းကျပ်ထဲ ဖြစ်တာတွေတော့ ရှိတယ်။

**သရုပ်ဆောင်တွေဆိုတာက ကိုယ့်ရဲ့ Image မထိခိုက်အောင် ဇာတ်ကောင်ကို ရွေးချယ်ရတယ်။ အဲဒီထဲက ဇာတ်ကောင်စရိုက် အပြင်မှာ ရွှမ်းမိုးခံရမှာကို ကြောက်တတ်ကြတယ်။**

ကျွန်တော်ကတော့ မကြောက်ပါဘူး။ ကျွန်တော်က သရုပ်ဆောင်လေ။ သရုပ်ဆောင်ဆိုတော့ ကျရာဇာတ်ရုပ်မှာ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ရမှာ ကျွန်တော့်တာဝန်ပဲ။ နောက်တစ်ခုက ကိုယ်မလုပ်ဖူးတဲ့ ကာရိုက်တာ လုပ်ကိုလုပ်ကြည့်ရမယ်။ လုပ်နိုင်တယ်ဆိုတာကိုလည်း ပြချင်တာပါတယ်။ မလုပ်နိုင်ဘူးပော့ဆိုရင်လည်း ဒါရိုက်တာတွေ၊ ကိုယ့်ရဲ့စီနီယာတွေရဲ့ ပံ့ပိုးမှု၊ သူတို့ရဲ့ ဆုံးမမှုအောက်မှာ ပညာတွေယူရတယ်။ ဒီတော့ ကျွန်တော့်အနေနဲ့ လုပ်ရတဲ့ကာရိုက်တာတွေ အားလုံးကိုကြိုက်တယ်။ ဂေးပုံစံရိုက်လို့ ကျွန်တော့်ကို ဂေးလို့ခေါ်မှာလည်း စိတ်မဝင်စားဘူး။ ကျွန်တော်က သရုပ်ဆောင်ဆိုတော့ ကျရာဇာတ်ရုပ်မှာ ပီပြင်အောင် သရုပ်ဆောင်ရမယ်။ ကျွန်တော် ဒါပဲသိတယ်။

**အခုနောက်ပိုင်း ယောကျ်ားလေးတွေမှာ အဲဒီလိုဖြစ်လာတာက အလှအပကို လိုတာထက်ပိုပြီး မက်မောလို့များလား။ စိတ်တအား နူးညံ့သွားလို့လား။**

အလှအပကို မက်မောတာကြောင့်တော့ မဟုတ်ပါဘူး။ ဒါက ကိုယ့်ကိုယ်ကို Confidence ရှိဖို့အတွက် လုပ်ကြတာပါ။ ဥပမာ– မျက်လုံး မလှဘူး၊ မျက်လုံးပြင်တယ်။ ဒါ ကျွန်တော်တို့ လက်ခံနိုင်တဲ့အချက်ပဲ။ နှာခေါင်းမလှဘူး၊ နှာခေါင်းပြင်မယ်။ ဒါက သူတို့ကိုယ်သူတို့ ယုံကြည်မှုရှိအောင် လုပ်တာပါ။ နိုင်ငံတကာမှာလည်း လုပ်ကြတာပဲ။ မင်းသား၊ မင်းသမီးမှ မဟုတ်ဘူး။ အပြင်လောကက လူတွေလည်း ပြုပြင်ပြောင်း လဲနေကြတာပဲ။ ပိုက်ဆံရှိသူကလည်း ရှိတဲ့အလျောက်၊ မရှိသူလည်း မရှိတဲ့အလျောက် လုပ်နေကြတယ်။ လှချင် ပချင်စိတ်က မိန်းမမှ မဟုတ်ဘူး၊ ယောကျ်ားမှာလည်း ရှိတယ်။ လူတိုင်းမှာ ရှိကြပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ လူတိုင်းမှာ လှချင်စိတ် ရှိတယ်ဆိုတာကို သိတယ်။

**အခုဆိုရင် မိန်းကလေးလို ပြင်ဆင်ထားတာ တကယ့်မိန်းကလေးလို ပီပြင်တယ်။ အဲဒီလိုမိန်းကလေးဆန်တဲ့ ချောမောတဲ့ရုပ်ရည်က ကိုယ့်အတွက် တစ်ခါတလေ သရုပ် ဆောင်မှုမှာ အခက်အခဲဖြစ်လေ့ရှိလား။**

မဖြစ်ဘူး။ ကျွန်တော့်အနေနဲ့ တစ်ခါတလေ လူမိုက်ဇာတ်ရုပ်ဆိုရင် ရုပ်ချတယ်။ မုတ်ဆိတ်၊ ပါးမြိုင်းထားပေးတယ်။ ကျွန်တော်က ရုပ်အရမ်းချောတဲ့အထဲမှာလည်း မပါ,ပါဘူး။ မိတ်ကပ်၊ ဆံပင်နဲ့ အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးသွားတာပါ။ ကာရိုက်တာမီအောင် အသေးစိတ်ကအစ ပြင်ဆင်တာပါ။

**အခုလို မင်းသမီးနေရာက သရုပ်ဆောင်ရတဲ့ ရိုက်ကွင်းမှာ ကြုံတွေ့ရတဲ့အခက်အခဲ ...။**

ကြုံတွေ့ရတာကတော့ ကျွန်တော် ထမင်းငတ်တယ် (ရယ်လျက်)။ ထမင်းမစားရတာ ဒီကားမရိုက်ခင်ကတည်းက ဆိုတော့ ခုဆိုရင် ၆ ရက်လောက်ရှိပါပြီ။ ထမင်းစားလိုက်ပြီဆိုရင် ဗိုက်က ပူလာမှာ။ ဗိုက်ပူလာရင် မြန်မာဝတ်စုံနဲ့က ဝတ်လို့ အဆင်မပြေဘူး။ ပြီးတော့ မောလည်း မောတယ်၊ ပင်ပန်းလည်း ပင်ပန်းတယ်။ မြန်မာဝတ်စုံက ကျပ်တယ်လေ။ ပြောရမယ်ဆိုရင် လွတ်လွတ်လပ်လပ် မရှိဘူး၊ ပေါ့ပေါ့ပါးပါး မနေရဘူး။ မောတယ်။ အဲဒါလေးတွေတော့ရှိတယ်။ မြန်မာဝတ်စုံအနေနဲ့ကတော့ ဒီဇိုင်နာသီးသန့်ရယ်လို့ မရှိဘူး။ ကိုလတ်ကတော့ အများဆုံး ချုပ်ပေးတယ်။

# ကျား၊ မ၊ ဧ၊ လူတန်းစားမခွဲ အားလုံး 'လူ' ဆိုတာပြချင်တဲ့ ဧရာထက်

**မန်းသူ**

ဧရာထက်က ဒီဇာတ်ရုပ်အတွက် အတတ်နိုင်ဆုံး အစွမ်းကုန် ကြိုးစားထားကြောင်း၊ အဝတ်အစား၊ ဆံပင်ကအစ အကုန် အသေးစိတ်စီစဉ်ထားကြောင်း၊ ဟိန်းဝေယံနှင့် ပထမဆုံး ဆုံသည့်ကားဖြစ်သည့်အတွက် ကောင်းစေချင်သည့်အပြင် ပရိသတ်လက်ခံသည့် ကားလည်း ဖြစ်စေချင်ကြောင်း၊ ပရိသတ်ရင်ထဲ ရောက်နိုင်သည့်ကားလည်း ဖြစ်စေချင်ကြောင်း၊ ထို့ပြင် ယောကျ်ား၊ မိန်းမ၊ ဂေး လူတန်းစား မခွဲခြားဘဲ အားလုံးက လူတွေချည်းပါပဲ ဆိုသည်ကို ပြချင်သည့် ဇာတ်ကားဖြစ်ကြောင်း ကိုလည်း ပြောပြခဲ့သည်။

■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာဆုံရာတစ်မိနစ်တာ

## One Minute Interview



www.burmeseclassic.com

www.burmeseclassic.com

မယ်လိုဒီက ဒါရိုက်တာ ထွန်းအောင်ဖော် ရိုက်ကူးသည့် **သောင်းတိုက်က ကြားစေသား** ဇာတ်ကားတွင် ပြန်လည်၍ ပါဝင် သရုပ်ဆောင်ခဲ့သည်။ 'တစ်ကားတော့ ရိုက်ပြီးသွားပြီ။ နောက်ထပ် သုံးကားလောက် ရိုက်ဖို့ရှိပါသေးတယ်။ ရိုက်ရက်က အားလုံးနဲ့ ညှိပြီးလုပ်ရတော့ ရိုက်ရက်နည်းနည်း ရွှေ့ထားတယ်' ဆိုသည့် မယ်လိုဒီနှင့် ပွဲတစ်ခုတွင် ဆုံဖြစ်သည်။

**ဆက်ရိုက်မယ့် ကားတွေအတွက် အဆင်သင့်ဖြစ်အောင် ဘယ်လိုပြင်ဆင်မှုတွေ လုပ်ထားလဲ။**

ဆရာ ထွန်းအောင်ဖော်က ဇာတ်ကိုလည်း နည်းနည်း ပြန်ပြင်ဆင်နေတယ်ဆိုတော့ ဆရာက ရိုက်မယ်ဆိုတဲ့ အချိန်မှာ ရိုက်ဖို့ ကိုယ့်ဘက်က အဆင်သင့်ဖြစ်အောင်ပဲ နေပါတယ်။ ထုံးစံအတိုင်းပေါ့နော်၊ ဆရာ့အစီအစဉ်နဲ့ပဲ သွားတယ်ဆိုတဲ့အခါကျတော့...။ ဒါပေမဲ့ ခုချိန်မှာ ဆရာက ကိုယ့်ကို တပည့်အရင်းလည်း ဖြစ်တယ်။ ကိုယ့်ကိုချစ်လို့ ခေါ်ရိုက်တယ်ဆိုတဲ့အခါကျတော့ ကိုယ့်အနေနဲ့ ဆရာပြောတဲ့ လိုအပ်ချက်တွေကိုပဲ ပြင်ဆင်ထားတယ်။ ဆရာက ရိုက်ဆိုတဲ့နေ့မှာ ရိုက်ဖို့အဆင်သင့်ပါပဲ။ အိမ်မှာ ကလေး ထိန်းရင်း စောင့်နေပါတယ်။

**အိမ်ထောင်ကျ၊ ကလေးရပြီးမှ အခုလို အနုပညာတွေ ပြန်လုပ်ရတော့ စိတ်ထဲမှာ တစ်မျိုးဖြစ်နေမိလား။**

မျိုးက အိမ်ထောင်မကျခင်ကတည်းက နားလိုက်တာဆိုတော့ နားတဲ့အချိန်မှာပဲ မျိုး အကယ်ဒမီရတာ။ မျိုးနားတာ တကယ်တော့ တော်တော်ကြာသွားပြီ။ ကိုယ်ကလည်း ကိုယ့်စိတ်ကို ချိုးနှိမ်ထားတယ်ပေါ့နော်။ ကဲ...မရိုက်တော့ပါဘူး၊ နားလိုက်တော့မယ်ပေါ့နော်။ ရှင်းရှင်း ပြောရရင်တော့ ကိုယ့်ကိုယ်ကို အားမရတဲ့အပိုင်းတွေ အများကြီးရှိတယ်။ ကိုယ်ကလည်း ထူးချွန်တဲ့ သရုပ်ဆောင် မဟုတ်သလို ရုပ်ချောင်းဝင်လည်း မဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကို ပြန်ကြည့်တဲ့အချိန်မှာ လိုအပ်ချက်တွေရှိတယ်၊ အားနည်းချက်တွေရှိတယ် ဆိုတဲ့အခါကျတော့ အဲဒီစိတ်နဲ့ပဲ မျိုးက နားခဲ့တာပါ။ တခြားတော့ မဟုတ်ပါဘူး။ သို့ပေမဲ့လည်း သိတဲ့အတိုင်း ကိုယ့်ကားလေးတွေ ကိုယ်ပြန်ကြည့်မိရင် ဒီနေရာလေးမှာ ဟိုလိုလုပ်ရင် ကောင်းမလား၊ ဒီလိုလုပ်ရင် ကောင်းမလားပေါ့နော်။ အိမ်မှာနေရင်း ဖြစ်တဲ့ စိတ်ကလေးပေါ့။ အဲဒီလို နားလိုက်ရင်းနဲ့ ဖြစ်တဲ့စိတ်ကလည်းရှိတယ်။ ငါပြန်လုပ်နိုင်ပါ့မလား။ ဖြစ်နိုင်ပါ့မလားပေါ့နော်။ သို့ပေမဲ့လည်း ဆရာ ဦးထွန်းအောင်ဖော်က ရိုက်ဖို့ ကမ်းလှမ်းလာတဲ့အခါကျတော့ ကိုယ့်ဆရာအရင်းလည်း ဖြစ်တယ်။ ကိုယ့်အပေါ် အဖေတစ်ယောက်လို ကောင်းတဲ့၊ သွန်သင်ဆုံးမပေးတဲ့သူဖြစ်တဲ့အတွက် ရိုက်မယ်ဆိုပြီး ဆုံးဖြတ်ချက်ချပြီး ရိုက်လိုက်တာပါ။

တစ်ကျော့ပြန်ဝင်တာမျိုး ဖြစ်တဲ့အခါကျတော့ Feeling ကတော့... အရင်က ရိုက်ရက်တွေအပြည့် ရှိနေခဲ့တုန်းကတော့ ရိုက်ရက် နောက်ဆုတ်သွားလည်း သိပ်အထွေအထူး မရှိခဲ့ဘူးပေါ့နော်။ ဒါပေမဲ့ အခုကျတော့ နည်းနည်းနောက်ဆုတ်ရင်တော့ Feeling တစ်ခုတော့ရှိတာပေါ့။ ဒါပေမဲ့လည်း အဆင်ပြေပါတယ်။ နားရတဲ့ရက်တွေမှာ သားကိုထိန်းလို့ရတာပေါ့နော်။

**အနုပညာပြန်လုပ်ပြီဆိုတော့ အဲဒီအတွက် အချိန်တွေ ပြန်ပေးရပြီလေ။ သားအတွက်ရော၊ အနုပညာအတွက်ရော အဆင်သင့်ဖြစ်ပြီလို့ ပြောလို့ရလား။**

အခုကတော့ အဆင်ပြေပါတယ်။ သားအတွက်ရော၊ အနုပညာအတွက်ရော မျိုး မျှပါတယ်။

**အိမ်ထောင်ရှင်အဖြစ် ရှင်သန်ရတာနဲ့ အနုပညာရှင်အဖြစ် ရပ်တည်ရတာ ဘယ်လိုကွာလဲ။**

အဲဒါကတော့ ပိုပျော်တယ်။ ဘာလို့လဲဆိုတော့ ဘဝမှာ ချစ်စရာ ယောကျ်ား ရှိတယ်၊ သား ရှိတယ်။ ဘဝက ပိုအဓိပ္ပာယ်ရှိပါတယ်။

မယ်လိုဒီက 'ပရိသတ်ကြီး အရင်လိုချစ်ပါလို့။ အထူးသဖြင့် သားကို ဝိုင်းချစ်တဲ့အတွက် အရမ်းဝမ်းသာပီတိ ဖြစ်ရပါတယ်လို့။ အားလုံးပဲ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး လိုအင်ဆန္ဒ ပြည့်စုံကြပါစေ' ဟုလည်း ဆုတောင်းရင်း နှုတ်ဆက်ခဲ့သည်။

■ မန်းသူ

# ဘဝက ပိုအဓိပ္ပာယ်ရှိတယ် ဆိုတဲ့ မယ်လိုဒီ

မန်းသူ



www.burmeseclassic.com

www.burmeseclassic.com

# ကြုံကြာဆုံကာတစ်မိနစ်တာ

## One Minute Interview




www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းတွဲများ
...ကြိမ်မျှ မရိုက်ဖူးသည့်
စံရတီ မိုးမြင့်က
ကွီးကျူးနိုင်၏ သကြိန်
...သည့် Online Mini Series
တွင် ပါဝင်သရုပ်ဆောင်
...သည်။ 'အဓိက,ကတော့
ကိုရွှေမန်း အကူအညီ
...ောင်းလို့ပါ။ ကိုရွှေမန်း
...က အရမ်းရင်းနှီးတယ်
လေ။ မောင်နှမလိုပဲ။
...ရေ ကူညီပါဦးဆိုလို့
ကူညီဖြစ်တာပါ' ဟု
...မိုးမြင့်ကဆိုပါသည်။

**စီးရီးတွဲရိုက်ရတာနဲ့ ...ဇာတ်လမ်းရိုက်ရတာ ညီမအနေနဲ့ ဘာကွာတယ်လို့ ...မိလဲ။စီးရီးတွဲအပေါ် ညီမအမြင်က…။**

...တာတော့ မကွာဘူး။ ...အခုရိုက်ရတာက ...ဆိုပေမဲ့ အစ-အဆုံး ...ဟုတ်တော့ သိပ်မကွာ ပါဘူး။ ရိုးရိုးဗီဒီယို ရိုက်ရသလိုပါပဲ။ စီးရီးတစ်ခုလုံးလို ...၃လ အချိန်ပေးပြီး ...ရ တာမဟုတ်ဘဲ၊ ...တစ်ပိုင်းဆိုတော့ သဲသဲအတွက်က သိပ်မကွာပါဘူး။

**...တွေ ကြည့်ဖြစ်လား။**

...ကြည့်ဖြစ်ဘူး အစ်မ။ မကြည့်ဖြစ်ဘူးဆိုတာက တချို့ကိုရီးယားကားတွေတော့ တစ်ခါတလေ ကြည့်ဖြစ်ပါတယ်။ သဲသဲ အဲဒီလောက်ထိ အချိန်ပေး မကြည့်နိုင်ဘူး။

**အခုဆိုရင် မြန်မာစီးရီးတွဲတွေ များလာပြီနော်။**

စီးရီးတွဲကျတော့ မျက်လုံးထဲ အမြဲမြင်တာပေါ့။ ဇာတ်ကားတွေကျတော့ ၂ နာရီစာလောက်ပဲ။ ပြီးရင် ပြီးသွားတာပဲ။ စီးရီးတွဲကျတော့ အပတ်တိုင်း စောင့်ကြည့်ရမယ်။ ဇာတ်လမ်းအရမ်းကောင်းတယ်ဆို လူတိုင်း စောင့်ကြည့်ရတဲ့ပုံစံဖြစ်တယ်။ သူ့ဟာနဲ့သူတော့ကောင်းပါတယ်။ အချိန်တော့ ပိုပေးရတာပေါ့။

**ညီမကို စီးရီးတွဲအတွက် ကမ်းလှမ်းလာခဲ့ရင်လက်ခံမလား။**

ဟုတ်၊ ညှိလို့ရရင်ပေါ့နော်။ သူက အချိန်အများကြီး ပေးရတာပေါ့။ ဒီတော့ ကိုယ့်အတွက် ညှိနိုင်းလို့ အဆင်ပြေမယ်ဆိုရင်တော့ ရိုက်ဖြစ်မှာပေါ့နော်။ သဲသဲ စိတ်ဝင်စားပါတယ်။

**အနုပညာရှင်တစ်ယောက်ရဲ့ အခက်အခဲဆိုတာ အနုပညာရှင်ကိုယ်တိုင်ပဲ သိတာလေ။ ကိုယ့်အတွက် အဆင်ပြေအောင် ကိုယ်တိုင် ဘယ်လိုပြင်ဆင်လေ့ရှိလဲ။**

မင်းသားတွေထက်တော့ မင်းသမီးတွေက ပိုပြင် ဆင်ရတာပေါ့နော်။ ယောကျ်ားလေးက ပုဆိုးနဲ့ အင်္ကျီ၊ ဒါမှမဟုတ် ခေတ်ပေါ်ဆိုရင် တီရှပ်နဲ့ ဘောင်းဘီပဲ။ မိန်းကလေးကျ မဟုတ်တော့ဘူး။ သဲသဲဆိုရင် အရမ်းခေါင်းရှုပ်ရပါတယ်။ နိုင်ငံခြားမှာက ရှုတင်ကို မနက်သွားပြီး မိတ်ကပ်လိမ်းတဲ့အချိန် ထိုင်နေရုံပဲ။ ဒီမှာက နိုင်ငံခြားလို မဟုတ်ဘူး။ ကိုယ့်ဟာကိုယ် ပြင်ဆင်ရပါတယ်။ အဝတ်အစား၊ Accessories, ဖိနပ်ကအစ။ ခုဆို မိတ်ကပ်လည်း ကိုယ်ပဲ၊ ကာရိုက်တာနဲ့လိုက်အောင် အားလုံး စီစဉ်ရပါတယ်။ တစ်ကားနဲ့တစ်ကား ကပ်နေပြီဆို ပြင်ဆင်ဖို့အချိန်က မရှိတော့ဘူး။ ဒီမှာက အဝတ်အစား ဝယ်ရတာလည်း အရမ်းခက်တယ်။ ဒီတော့ အမေပဲပေါ့။

**သဲသဲ မရိုက်ရသေးတဲ့ ဇာတ်လမ်းမျိုး၊ ဇာတ်ကားမျိုးရော ရှိလား။**

ရှိတာပေါ့။ အများကြီး ကျန်ပါသေးတယ်။

**မရိုက်ချင်တဲ့ ကာရိုက်တာမျိုးရော ရှိနိုင်လား။**

အဲဒီလိုမျိုးတော့ မရှိပါဘူး။ မရိုက်ချင်တာမျိုးတော့ အနုပညာရှင်တိုင်း မရှိပါဘူး။ ကာရိုက်တာစုံအောင်တော့ လုပ်ကြည့်ချင်ပါတယ်။

## အရွယ်နဲ့မလိုက်အောင်ခံရတဲ့ အတွေ့အကြုံကြောင့်

# ပိုရင့်ကျက်လာတဲ့ စံရတီမိုးမြင့်

မန်းသူ

**အခုဆိုရင် ညီမလည်း သရုပ်ဆောင်လောကမှာ အချိန်ကာလ အတော်ကြာပြီ ဆိုတော့ ဒီသရုပ်ဆောင်ဘဝကနေ ရရှိလာတဲ့ အတွေ့အကြုံ သင်ခန်းစာလေးက…။**

အဓိက,ကတော့ စိတ်ထားတတ်တာပေါ့နော်။ ကိုယ့်ကကျတော့ သူများတွေ ကျောင်းတက်နေတဲ့အချိန်၊ ကိုယ့်သူငယ်ချင်းတွေ ကျောင်းတက်နေတဲ့ အချိန်မှာ ကိုယ်က ဒီအလုပ်ထဲ ဝင်တယ်။ သူတို့တွေ အေးအေးဆေးဆေး စာကျက်လိုက်၊ မိသားစုနဲ့ ပျော်ရွှင်နေတဲ့အချိန်မှာ ကိုယ့်မှာက အလုပ်လုပ်နေရတယ်။ အလုပ်ကပေးတဲ့ Stress တွေရော၊ ပတ်ဝန်းကျင်ကပေးတဲ့ Stress တွေရော၊ ကောလာဟလတွေရော၊ အရွယ်နဲ့မလိုက်အောင် ခံရတယ်ဆိုတော့ သူများတွေရင့်ကျက်ဖို့ အချိန်ယူရတဲ့အချိန်မှာ ကိုယ်က နည်းနည်းတော့ ရင့်ကျက်နေပြီ။

စံရတီမိုးမြင့်က 'ကိုယ်ရိုက်တဲ့ကားလေးကို ကြိုက်တယ်၊ သဘောကျတယ်၊ ကိုယ့်ကို ချစ်တယ်ဆိုရင် သဘောကျတာပေါ့' ဟုလည်း ပရိသတ်ထံမှတုံ့ပြန်လာသည့်ထဲမှ အနှစ်သက်ဆုံး အရာကို ပြောပြခဲ့သည်။

■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# ပရိသတ်ကို အားနာစိတ် အမြဲရှိတဲ့သူ

**မန်းသူ**

မီမီဝင်းဖေက ဖခင် [illegible]ဦးဝင်းဖေ ရေးစပ်ထားသည့် '[illegible]ဝင်းဖေရဲ့ ဘချယ်' သီချင်း [illegible]ကိုသီဆိုပြီး Myanmar Music [illegible] မှ အခမဲ့ဖြန့်ချိခဲ့သည်။ [illegible] အနုပညာရှင်ကြီး ဦးဝင်းဖေ [illegible]ရေး၊ လွန်ခဲ့သော နှစ် ၄၀ [illegible] ရေးသားထားသည့် သီချင်းဖြစ်သည်။သီချင်းလေး [illegible]မြူးကြွကြွနှင့် ထိုခေတ် [illegible] ထင်ဟပ်သည့်စကားလုံး [illegible]ပါဝင်သည့် ဝင်းဖေ [illegible] ဘချယ် အကြောင်းကို မီမီ [illegible]အား မေးဖြစ်ခဲ့သည်။

**ဒီသီချင်းကို ဆရာက [illegible] စိတ်တိုင်းကျ ဆိုခွင့်ပေး [illegible] သူ့အနေနဲ့ ဘယ်လို [illegible]ပေးတာရှိလဲ။**

[illegible]လုပ်ပေးဘူး။ မမီစိတ် [illegible]လုပ်ဆိုပြီးတော့ပဲ ပြော [illegible] ဒါ မမီ စိတ်ကြိုက် [illegible]တာပါ။

**သီချင်းကို သီဆိုမှုပြီးလို့ [illegible] ပေးနားထောင်တဲ့ [illegible] ဆရာက ဘယ်လို [illegible]ချက်များပေးလဲ။**

[illegible]ကြည့်ရတာ သိပ် [illegible]တော့ မပေါ်ဘူး။ [illegible])။

**[illegible]ချင်းကို မမီက ဆို [illegible] တောင်းခဲ့တာလား။ [illegible]လို့ ဆိုတာလား။**

[illegible]တော့ ဒီသီချင်း [illegible] ဆိုချင်လို့ တောင်း [illegible]ပါ။ သူကတော့ [illegible]တွေ ဘာတွေ [illegible] ရေးထားပြီး ပစ် [illegible]ပြီးရင် သူသိပ် [illegible] မမီက ဆိုချင် [illegible]ဆိုတာပါ။

**[illegible]ချင်းလေး ဆိုတဲ့ [illegible]ကာလက တစ် [illegible]ဆိုတာများ၊ ပြောတာများရှိလား။**

အဲဒီလိုတော့မပြောပါဘူး။ ဒါပေမဲ့ ဆိုပြီးတဲ့အချိန်မှာ မဆိုးပါဘူးလို့တော့ ပြောတယ်။ သူ မဆိုးပါဘူးလို့ ပြောတော့ ကိုယ့်စိတ်ထဲမှာ ဩော်…ဒါ သူ သိပ်မကြိုက်သေးဘူးထင်တယ်လို့…။

**ဟိုးအရင်ကရော ဆရာ့ သီချင်းတွေ ဆိုကြည့်ခဲ့ဖူးလား။ ဒါ ပထမဆုံးပဲလား။**

ဒါ ပထမဆုံးပဲ။ အိမ်မှာတော့ သူ အပျော်လျှောက် ရေးတဲ့သီချင်းတွေရှိတာပေါ့နော်။ တခြားကော်ပီတွေ၊ ဘာတွေလည်း ရှိသေးတယ်။ ရယ်စရာတွေလျှောက်ရေးထားတာ။ ဒီတော့ ကိုယ်ကလည်း ရယ်စရာအနေနဲ့ပဲ လျှောက်ဆိုတာပေါ့နော်။ ဒီသီချင်းလေးကတော့ ကိုယ်ပိုင်သံစဉ်လည်းဖြစ်လို့ သီချင်းအဖြစ်ထုတ်ဖြစ်တာပါ။

**ကိုယ့်အဖေဆိုလည်းဟုတ်၊ ဆရာဆိုလည်း ဟုတ်တဲ့ ဆရာ့ရဲ့သီချင်းကို ဆိုရတဲ့ ခံစားမှုတော့ရှိမှာပဲလေ။**

ကိုယ့်အဖေရဲ့သီချင်း ဖြစ်တဲ့အတွက် ပျော်တယ်ပေါ့နော်။ ပီတိဖြစ်တယ်။ တစ်ဖက်ကလည်း အနုပညာသမားတစ်ယောက်အနေနဲ့ ကြည့်ရင်တော့လည်း အဖေလို့ မဟုတ်ဘဲနဲ့ အနုပညာရှင်ကြီးတစ်ယောက်ရဲ့သီချင်းကို ဆိုခွင့်ရတဲ့အတွက် ဂုဏ်ယူတဲ့စိတ်ရှိပါတယ်။ ဦးဝင်းဖေ သီချင်းကို ငါ ဆိုရတယ်ပေါ့။

**ဒီသီချင်းလေး အခု နားထောင်ကြည့်မိတော့ ကြိုက်တယ်။ မမီရဲ့အသံ၊ ပုံစံမပြောင်းသွားဘူးလို့ ခံစားရတယ်။ ဒါပေမဲ့ မမီအနေနဲ့ ကိုယ့်သီချင်းကို နားထောင်ပြီး ကျေနပ်မှု ဘယ်လောက်ထိ ရှိလဲ။**

မမီ ကျေနပ်မှုအတိုင်းအတာ ၈၀ ရာခိုင်နှုန်းလောက် ရှိပါတယ်။

**မမီရဲ့ မြန်မာနိုင်ငံက ပရိသတ်တွေအတွက် နောက်ထပ်လုပ်မယ့် အနုပညာတွေရော ရှိဦးမလား။**

ရှိပါတယ်။ ဆရာ စိုင်းခမ်းလိတ် သီချင်းတွေ ထွက်လာပါဦးမယ်။ နောက်ပြီးတော့ မမီ ဖြစ်နိုင်မယ်ဆိုရင် Own Tune အသစ်တွေ ဆိုချင်ပါသေးတယ်။ အခုအသံသွင်းနေပြီ။ ဆိုနေပါပြီ။ ဒီနှစ်ထဲမှာပဲ ထွက်ဖို့ကြိုးစားနေပါတယ်။

**လွန်ခဲ့တဲ့ ဆယ်စုနှစ်ကျော်က မီမီဝင်းဖေနဲ့ ဒီနေ့ မီမီဝင်းဖေ အနုပညာနဲ့ပရိသတ်အပေါ် ခံစားမှုကွာခြားချက်တွေ ရှိနိုင်လား။**

သီချင်းတွေအပေါ်ခံစားချက်မပြောင်းလဲပါဘူး။ ပရိသတ်အပေါ်ထားတဲ့ ခံစားချက်ကလည်း မပြောင်းလဲပါဘူး။ မမီစိတ်ထဲမှာ ပရိသတ်ကို အားနာနေတဲ့စိတ် အမြဲတမ်းရှိတယ်။ ခုလည်း အားနာနေတုန်းပဲ။ ငါ သေချာကောင်းတဲ့ဟာ ဆိုပြချင်တယ်ဆိုတဲ့စိတ်၊ ငါ လိုနေသေးတယ်ဆိုတဲ့စိတ် အမြဲရှိနေပါတယ်။

**မြန်မာပရိသတ်ကို မြင်တိုင်း ခံစားမိတာက-**

အခု အသက်အရွယ်ကျတော့လေ ဆိုပါဦးပေါ့နော်။ ဘယ်သီချင်းလေးကို ဘယ်လိုကြိုက်တယ်ဆိုတဲ့ သေချာပြောနိုင်တဲ့ ပရိသတ်တွေ တွေ့လာတယ်။ အဲဒါလေးက သိပ်ပီတိဖြစ်ပါတယ်။ ဒီအသက်အရွယ်မှာ အဲဒါလေးက တော်တော်ပီတိဖြစ်ပါတယ်။

**မမီအနေနဲ့ ဒီနှစ်ထဲမှာ Show ပွဲလုပ်ဖို့ရော စဉ်းစားထားသေးလား။**

အမှန်တကယ်တော့လေ မမီတို့ မိန်းကလေး ၅ ယောက်ဆိုချင်တယ်ဆိုပြီး ပြောမိထားတဲ့ ခံစားချက်လေး တစ်ခုရှိတယ်။ အကောင်အထည်ဖော်ဖြစ်မလားတော့ မသိသေးပါဘူး။ ကြိုးစားမယ်။

ယခုအချိန်တွင် ဂီတလောက၌ Generation များ ပြောင်းနေပြီဖြစ်ကြောင်း၊ မိမိကို ဆိုပါဦးဟု ခွန်အားပေးနေသည့် ပရိသတ်လည်း ရှိနေကြောင်း၊ ဝါသနာဆိုသည်က အသက်ကြီးသည်အထိ ရှိနေကြောင်း၊ အားပေးသူရှိလျှင် ပို၍လုပ်ရန် အားရှိကြောင်း၊ ယခင်က အားပေးခဲ့သူများ၊ ယခုထိ အားပေးနေသူများကို ကျေးဇူးအရမ်းတင်ပါကြောင်းလည်း မီမီဝင်းဖေက ရွှေအမြုတေမှ တစ်ဆင့်ပြောပြခဲ့ပါသည်။ ■ **မန်းသူ**




www.burmeseclassic.com

www.burmeseclassic.com

# ကြုံရာဆုံရာတစ်မိ

## One Minute Intervi




တစ်ကိုယ်တော် တေးစီးရီး Title များကို ပရိသတ် ချက်ချင်း သိမြင်အောင်၊ နှုတ်ဖျားစွဲအောင် Hip Hop အဆိုရှင် ဂျောက်ဂျက်က နာမည်ပေးလေ့ရှိသည်။ *ငါသည်သာ ငါ့ပြိုင်ဘက်၊ တိုင်းသိပြည်သိ* ဆိုသည့် နာမည်ဆန်းဆန်းများ ပေးခဲ့သလို ယခု တတိယ တစ်ကိုယ်တော်တေးစီးရီး ကိုလည်း *စကားလုံးဘုရင်* ဟု ပေးထားသည်။ ထို*စကားလုံးဘုရင်*ကိုလည်း ဂျောက်ဂျက်က ပရိသတ်နှင့် တွေ့ဆုံခဲ့ရာ ပရိသတ်နှင့် *စကားလုံးဘုရင်* ပျော်ရွှင်စွာ တွေ့ဆုံခဲ့ကြပြန်သည်။ ထို*စကားလုံးဘုရင်*၏ နောက်ကွယ်မှ ဖန်တီးရှင်၏ ခံစားဖြစ်တည်မှုကတော့ ကြမ်းတမ်းခက်ခဲမှုများနှင့်...။

**ဂီတသမားတစ်ယောက်အနေနဲ့ တစ်ကိုယ်တော်အခွေတစ်ခွေ စ,လုပ်ပြီဆိုရင် အဲဒီအခွေလုပ်နေတဲ့ ကာလတစ်လျှောက် အဲဒီအပေါ်မှာ ခံစားမှုသီးသန့်ရှိ ကြရတယ်လေ။ ဂျောက်ဂျက် ကရော *စကားလုံးဘုရင်* အတွက် ဘယ်လိုခံစားမှုတွေ နဲ့ ဖြစ်တည်ခဲ့ရလဲ။**

အမိက,ကတော့ ဒီ အခွေ စ,လုပ်တဲ့အချိန်မှာ ပွင့်ပွင့်လင်းလင်း



www.burmeseclassic.com

www.burmeseclassic.com

ပြောရရင် အရင်ကလို အရမ်းအောင်မြင်တဲ့သူ မဟုတ်တော့ဘူး။ ကျွန်တော် Show တွေလည်း သိပ်မဆိုရတော့ဘူး။ အလုပ်လေးတွေ နည်းနည်းပါးနေတဲ့အချိန်လည်း ဖြစ်တယ်။ အဲဒီမှာ ကျွန်တော် တစ်ခါတလေကျတော့လေ သူငယ်ချင်းတွေနဲ့ Night Out တွေထွက်ပြီး အရက်နာကျပြီး မိုးလင်းရင် ဆိုက်ကိုတွေ ရောက်လာပြီ။ ဘာဆိုက်ကို ရောက်လဲဆိုရင် ငါ ဒါတွေ လုပ်ရတော့ဘူးပေါ့။ ဒီ တစ်လနှစ်လ လေးအတွင်းမှာ ကျွန်တော် တကယ် အတော်ခံစားရတယ်။ အနုပညာသမားတစ်ယောက်ရဲ့ ဒီပရက်ရှင် ကျွန်တော် တော်တော်ခံလိုက်ရတယ်။ ဒါပေမဲ့ နှစ်လလောက်ကြာတဲ့အချိန်မှာ ကျွန်တော် ပြန်တွေးပြီးတော့ အကုန်ပြန်လုပ်တယ်။ အရာအားလုံး ကိုယ်လုပ်မှ ကိုယ်ရမယ်ဆိုတာ သိတဲ့အချိန်မှာ ကျွန်တော် ပြန်လုပ်တယ်။ ဒါပေမဲ့ တချို့အရာတွေကို စိတ်လျှော့လိုက်တဲ့အချိန်မှာ ဘာသိသွားလဲဆိုတော့ ကျွန်တော် လိုချင်တာ အောင်မြင်မှုလည်း မဟုတ်ဘူး ပိုက်ဆံချည်းပဲ တစ်ခုတည်းလည်း မဟုတ်ဘူး။ ကျွန်တော်က ငယ်ငယ်လေးကတည်းက သီချင်းပဲ ဆိုချင်ခဲ့တာကောင်း။ ဒီတော့ ဒီအခွေမှာ ကျွန်တော် ဘယ်လောက်အထိကိုဖောက်ခဲ့လဲ၊ ဖောက်ပေမဲ့ သူများကို ဒုက္ခမပေးခဲ့ဘူး၊ ဒီအခွေမှာ ဘယ်လောက် အကောင်းမွန်ဆုံးဖြစ်အောင် လူသားတစ်ယောက်အနေနဲ့ ဘယ်လိုရပ်တည်ထားတယ်ဆိုတာတွေ ပါ,ပါတယ်။

**စကားလုံးဘုရင် ရဲ့စကားတွေကို ကိုယ်တိုင် ပြန်နားထောင်မိတဲ့အခါ . . .။**

ကျွန်တော်လုပ်နေတဲ့ Hip Hop က Social Hip Hop လည်းဖြစ်ချင်ဖြစ်မယ်၊ ပရဟိတ Hip Hop လည်း ဖြစ်ချင်ဖြစ်မယ်။ တစ်ခါတလေ လူသားဆန်တဲ့ Hip Hop, တစ်ခါတလေ ဒေါသထွက်တဲ့ Hip Hop, ပရိသတ်တွေ နားထောင်တဲ့အချိန်မှာ လည်းခံစားလို့ရမှာပါ။ တချို့စကားတွေက နှုတ်က ဖွင့်ပြောချင်ပေမဲ့ ပြောပြစရာစကား မရှိဘူး။ ကျွန်တော် ကိုယ်တိုင် သီချင်းတွေ ပြန်နားထောင်မိတဲ့အခါ Mood တစ်ခုကိုရတယ်။ ဝမ်းနည်းသလိုလို လူက ဘာဖြစ်သွားလဲမသိဘူး။ ရေးတုန်းက အဲဒီလို မဟုတ်ဘူး။ သီချင်းတစ်ခုတိုင်းစီမှာ ခံစားမှုတွေ ရပါတယ်။

**ဂျောက်ဂျက်က ဗိုလ်တထောင်က Rapper ဆိုပြီး တက်လာခဲ့တာ နှစ်အတော်ကြာခဲ့ပြီ။ ဂျောက်ဂျက်အရွယ်က အချစ်နဲ့လည်း မကင်းနိုင်သလို ဘဝကလည်း တစ်ဖက်နင်းနေပြီ။ ဒီအချိန်မှာ ဂျောက်ဂျက် ဘယ်လိုရသကို ပိုခံစားမိနေလဲ။**

ပထမဆုံး ခံစားမိတာက ကျွန်တော့်နားမှာရှိတဲ့ သူငယ်ချင်းရှိမယ်၊ မိသားစု ရှိမယ်၊ ကျွန်တော့်ချစ်သူရှိမယ်။ သူတို့နဲ့ ပတ်သက်တာတွေကို ကျွန်တော် ကောင်း၏၊ ဆိုး၏တွေ အမြဲလိုက်ခံစားတယ်။ ပြီးတော့ အရင်နှစ်တွေထက်စာလို့ရှိရင် ဒီနှစ်ပိုင်းမှာ အသိတရားတချို့ ရလာတယ်။ ကျွန်တော့်ဘဝမှာ မိဘနှစ်ပါးရှိတာ။ တစ်ပါး ဆုံးပါးသွားတဲ့အချိန်မှာ ကျန်ရစ်တဲ့ အမေကို ဘယ်လိုထားရမယ်ဆိုတဲ့၊ ဘယ်လို ဖြစ်စေချင်တယ်ဆိုတဲ့စိတ်က ကျွန်တော့်ခေါင်းထဲကို အလိုလို ဝင်သွားတယ် အဲဒါကြီးက။ အဲဒီအချိန်မှာ ငါ မဖြစ်တော့ဘူး၊ လုပ်စရာရှိတာလုပ်ရတော့မယ်ဆိုပြီး ကိုယ်နဲ့ပတ်သက်ရာ ဝန်းကျင်တွေကို ပြန်ချိတ်ဆက်ပြီး အကောင်းဆုံး ပြန်လုပ်ပါတယ်။

**Hip Hop သီချင်းတွေကြိုက်လို့ Rapper ဂျောက်ဂျက် ဖြစ်လာတာတော့မှန်တယ်။ ဒါပေမဲ့ အသက်အရွယ်အရပဲဖြစ်ဖြစ်၊ ခေတ်အပြောင်းအလဲ အရပဲဖြစ်ဖြစ် အကြိုက်ပြောင်းသွားတဲ့ ဂီတရှိလား။ Hip Hop မဟုတ်တဲ့ တခြား ကြိုက်မိလာတဲ့ဂီတရှိလား။**

ကျွန်တော် အဲဒီလိုကြီးတော့ အသစ်ကြီးဖြစ်မလာဘူး။ ဆိုလိုတာက ကျွန်တော် ပြီးခဲ့တဲ့လက ကိုယ်နဲ့မဆိုင်တဲ့ ပွဲတွေ သွားကြည့်ဖြစ်တယ်။ ဒါပေမဲ့ ရင်ဘတ်ထဲ ထပ်ရောက်လာတဲ့ ဂီတရှိလားဆိုတော့လည်း ထပ်မရောက်လာဘူး။ ဒါက သူတို့ကို အားနည်းတယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ကိုယ်တိုင်ကိုက ကြိုက်နေတဲ့ Music က၊ ကျွန်တော်တို့ စိတ်က ခံစားတဲ့ Mood နဲ့ ကြိုက်နေတာကြီးက ဒီခေတ်မှာ ကြိုက်နေကြတဲ့ဟာနဲ့က ဆန့်ကျင်ဘက်လည်း ဖြစ်ချင် ဖြစ်နေမယ်။ ဒီလိုဖြစ်နေလို့ဆိုပြီး လိုက်တိုက်ခိုက်စရာလည်း မလို၊ လိုက်ညှိစရာလည်း မလိုပါဘူး။ ကိုယ့်အလုပ် ကိုယ်လုပ်၊ သူ့အလုပ် သူလုပ်ပဲ။ ပေါင်းစည်းလို့ ရတဲ့ဟာတွေလည်းရှိပြီး ပေါင်းစည်းလို့ရတဲ့ အချိန်ကျရင် ကျွန်တော်တို့ ပေါင်းစည်းကြမယ်။

ဂျောက်ဂျက်က ဟိုတုန်းကရော၊ ခုထိရော၊ နောင်ရော Hip Hop သီချင်းများနှင့်သာ စီးမျောနေမည့်သူ ဖြစ်ကြောင်း၊ သီချင်းများကိုလည်း အကောင်းဆုံးလုပ်နေပါကြောင်း ဆိုပါသည်။

■ မန်းသူ

# ပြောစရာစကားမရှိတဲ့ စကားလုံးဘုရင်

**မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



ဗစ်တိုးရီးယား ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စာရေးဆရာ လက်ာရည်ကျော်ရဲ့ ဝတ္ထုကို ဒါရိုက်တာ ပိုင်းက ပြေတီဦး၊ ထွန်းအိန္ဒြာဗို၊ ပိုင်ဖြိုးသု၊ စူးရှ အစရှိတဲ့ ဇာတ်ပို့ ဇာတ်ရံများနဲ့ ရိုက်ကူးပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ဒီကားမှာ ထူးခြားတဲ့ အချက်တစ်ချက် ကတော့ ဒါရိုက်တာ ပိုင်းက သူရိုက်တဲ့ဇာတ်ကားများကို အများအားဖြင့် သူကိုယ်တိုင် ဇာတ်ညွှန်းရေးလေ့ရှိပေမဲ့ ဒီကားမှာတော့ ဆရာ လက်ာရည်ကျော်ကိုယ်တိုင်

**မိုးကျော်ထွန်း**

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ညွှန်း ဝင်ရေးပေးထား ခြင်း ဖြစ်ပါတယ်။

**နေဝင်အိပ်တန်းတက်** ဆိုတဲ့ လှပတဲ့ ခေါင်းစဉ်ကလေးကို စဉ်းစားကြည့်တဲ့အခါ ကျေးငှက်သာရကာတို့သာ ညနေ နေဝင်ချိန်မှာ အိပ်တန်းတက်ကြတာ ဖြစ်ပါတယ်။ ဒါကို ဆရာက လူတွေလည်း ဘဝမှာ အသက်လေးဆယ်ကျော်၊ ငါးဆယ်အရွယ်ရောက်လာတဲ့အချိန်မှာ ဘဝနေဝင်ချိန်နီးလာပြီဖြစ်တဲ့အတွက် အိပ်တန်းတက်ကြရတော့မှာမို့ မိမိတို့ စောင့်ထိန်းအပ်တဲ့ ဂုဏ်သိက္ခာကို စောင့်စည်းပြီး နေထိုင်သင့်ကြောင်း ပြောချင်တဲ့အတွက် **နေဝင်အိပ်တန်းတက်** လို့အမည်ပေးခဲ့တာဖြစ်ကြောင်းသိရပါတယ်။

ဒီရုပ်ရှင်ကားနဲ့ ပတ်သက်ပြီး ဆရာ လင်္ကာရည်ကျော်၊ ဆရာမ ဂျူးနဲ့ ဦးဝင်းငြိမ်းတို့ ပင်လယ်စတူဒီယိုမှာ တွေ့ဆုံဆွေးနွေးခဲ့ကြပါသေးတယ်။ အဲဒီဆွေးနွေးမှုမှာ ဦးဝင်းငြိမ်းက သူ အင်တာဗျူးလုပ်ခဲ့တဲ့ စာရေးဆရာကြီးများထဲက ဆရာ မောင်သာရနဲ့ ဆရာ တက္ကသိုလ်ဘုန်းနိုင်တို့ကို မေးခွန်းတစ်ခု မေးခဲ့ဖူးကြောင်း၊ အဲဒီမေးခွန်းကတော့ ဝတ္ထုတစ်ပုဒ်ကို ရုပ်ရှင်ရိုက်ခွင့်ပေးလိုက်ပြီးနောက် ရုပ်ရှင်ဖြစ်လာတဲ့အခါ ဝတ္ထုကို မီခြင်း၊ မမီခြင်းနဲ့ ပတ်သက်ပြီး ဝိဝါဒကွဲပြားလေ့ရှိတဲ့အကြောင်း အဲဒါကို ဆရာ ဘယ်လိုသဘောရ








www.burmeseclassic.com

ပါသလဲလို့ မေးခဲ့တာပါ။

ဒီမေးခွန်းနဲ့ပတ်သက်ပြီး ဆရာမောင်သာရက 'ဝတ္ထုကို ရုပ်ရှင်ရိုက်ဖို့ ပေးလိုက်ပြီဆိုရင် သမီးတစ်ယောက်ကို လင်ပေးစားလိုက်တာနဲ့ အတူတူပဲ။ ယောက်ျားကောင်းရင် သမီး 'စံ' ရလိမ့်မယ်။ ဆိုးရင်လည်း သမီး 'ခံ' ရလိမ့်မယ်။ ဒါကြောင့် ရုပ်ရှင်ကောင်းခြင်း၊ ဆိုးခြင်းဟာ စာရေးဆရာနဲ့ မဆိုင်တော့ဘူး' လို့ ဖြေခဲ့ပါတယ်။

ဆရာ တက္ကသိုလ်ဘုန်းနိုင်ကတော့ 'ဟုတ်ပါတယ်၊ ဆရာ မောင်သာရပြောသလို သမီးကို လင်ပေးစားလိုက်တာနဲ့ တူပါတယ်။ ဒါပေမဲ့ ကျွန်တော်က သမီးကို အင်မတန်ချစ်တဲ့သူဖြစ်လို့ အခန်းအပ်တဲ့အချိန်အထိတော့ လိုက်ပါစောင့်ရှောက်ချင်ပါတယ်' လို့ ဖြေခဲ့ပါတယ်။ အခု ဆရာက ကိုယ့်ဝတ္ထုကို ရုပ်ရှင်ရိုက်ဖို့အတွက် ကိုယ်တိုင် ဇာတ်ညွှန်းရေးပေးတယ်ဆိုတော့ ဘယ်လိုသဘောရပါသလဲလို့ မေးပါတယ်။ ဒီတော့ ဆရာ လက်ကရည်ကျော်က 'ဆရာ တက္ကသိုလ်ဘုန်းနိုင်ပြောသလိုဖြစ်မယ် ထင်ပါတယ်။ ဒီဝတ္ထုမှာက သာမန် အချစ်ဇာတ်လမ်းတစ်ပုဒ်မဟုတ်ဘဲ ဆရာဝန်တစ်ယောက်ရဲ့ စောင့်စည်းအပ်တဲ့ သိက္ခာပိုင်းဆိုင်ရာ အချက်အလက်တွေနဲ့ တခြားကိစ္စတွေပါတာကြောင့် ကျွန်တော် အချိန်ယူပြီး ကိုယ်တိုင် ဇာတ်ညွှန်းရေးတာပါ' လို့ ဖြေခဲ့ပါတယ်။

ဦးဝင်းငြိမ်းက 'ဆရာ စာရေးဆရာ အတော်များများက



www.burmeseclassic.com



သူတို့ဇာတ်ကောင်တွေကို ဖန်တီးတဲ့ အခါမှာ သူတို့ Ideal ဖြစ်တဲ့ သူ့ပတ်ဝန်းကျင်က လူနှစ်ယောက်၊ သုံးယောက်ရဲ့ ကာရိုက်တာတွေကို ပေါင်းစပ်ပြီး ဖန်တီးတတ်ပါတယ်။ အခု **နေဝင်အိပ်တန်းတက်**မှာ ပြေတီဦး သရုပ်ဆောင်ရတဲ့ ဆရာဝန်ကြီးရဲ့ ကာရိုက်တာက ဘယ်သူ့ကာရိုက်တာလဲ' လို့ မေးတဲ့အခါမှာတော့ ဆရာ လက်ာရည်ကျော်က 'အဲဒီထဲမှ ပါတဲ့ ဇာတ်ကောင်တွေဟာ ကျွန်တော့် ပတ်ဝန်းကျင်က မိတ်ဆွေတွေရဲ့ ကာရိုက်တာတွေနဲ့ ဖန်တီးထားတာပါ။ ဒါပေမဲ့ ပြေတီဦး သရုပ်ဆောင်တဲ့ ဆရာဝန်ကြီးရဲ့ ကာရိုက်တာကတော့ ကျွန်တော် မဟုတ်ပါဘူး' လို့ ဖြေဆိုသွားတဲ့အတွက် စကားဝိုင်းမှာ ရယ်သံတွေ ပေါ်ထွက်ခဲ့ပါတယ်။

ဆက်လက်ပြီး ဦးဝင်းငြိမ်းက 'ဆရာ အခု ရုပ်ရှင်ကို ကြည့်ပြီးသွားတဲ့အချိန်မှာ ကျေနပ်မှုရှိပါသလား' လို့ မေးတဲ့ အချိန်မှာတော့ 'ကျွန်တော် ကျေနပ်ပါတယ်' လို့ ဖြေကြား သွားခဲ့ပါတယ်။ စကားဝိုင်းမှာရှိနေတဲ့ ဆရာမ ဂျူးကို ဦးဝင်းငြိမ်းက 'ဆရာမရော ဆရာမဝတ္ထုတွေ ရုပ်ရှင်အဖြစ် ဖန်တီးတာတွေကို ကြည့်ပြီးတဲ့အခါမှာ ကျေနပ်မှု ရခဲ့ပါသလား' လို့ ဆက်မေးတဲ့အခါ ဆရာမက 'ကျေနပ်တဲ့ကားတွေလည်း ရှိပါတယ်။ တစ်ခါတလေမှာတော့ အထူးပွဲကြည့်ပြီးချိန် ရင်ထဲမှာ မကျေမနပ် ခံစားရတာကြောင့် အတူတူကြည့်တဲ့ ဧည့်သည်တွေ ပြန်ထွက်တဲ့အချိန်မှာ မထွက်ဘဲ ထိုင်နေခဲ့မိတယ်။ ဘာကြောင့်လဲ ဆိုတော့ အပြင်ထွက်တာနဲ့ တစ်ပြိုင်နက် စာနယ်ဇင်း

www.burmeseclassic.com

ဆရာတွေက ကျေနပ်ရဲ့လား၊ ကြိုက်ရဲ့လား ဆိုတဲ့ မေးခွန်းတွေ မေးကြတော့မယ်။ အဲဒီအခါမှာ ကျွန်မက ကြိုက်ပါတယ်လို့ ညာပြီး မဖြေချင်ဘူး၊ မကြိုက်ဘူးလို့ ပြောပြန်ရင်လည်း ရုပ်ရှင်အတွက် ထိခိုက်နိုင်တာကြောင့် မဖြေချင်လို့ ကိုတ်ကိုတ်ကလေးနေပြီး အားလုံးရှင်းတဲ့အခါမှ ထွက်ခဲ့ရတာတွေလည်း ရှိပါတယ်' လို့ ခဲဖြေသွားပါတယ်။


**နေဝင်းအိပ်တန်းတက်** ရုပ်ရှင်ဇာတ်ကားက ဂူနေ့ကြော်ငြာရှိပြီး လူအများ လေးစားခြင်းခံရတဲ့ ဆရာဝန်ကြီးတစ်ယောက်ရဲ့ အပေါ်ကို ရွှတ်အတင်းတိုးဝင်လာတဲ့ မိန်းကလေးတစ်ယောက် အကြောင်း ဖြစ်ပါတယ်။ ဆရာဝန်ကြီးမှာက ကင်ဆာရောဂါဖြစ်ပွားနေတဲ့ ဇနီးသည်လည်းရှိပါတယ်။ ယောကျ်ားတစ်ယောက်အနေနဲ့ မိန်းမချောကလေးတစ်ယောက် ရှုတ်ထဲ ဇွတ်အတင်းတိုးဝင်လာတဲ့အခါ သာယာမိတာလည်း ရှိတယ်။ သစ္စာစောင့်သိန်းရမှာဖြစ်လို့ ရုန်းထွက်တဲ့အခါလည်း ရှိတယ်။

ဒီကားမှာ ပြေတီဦးက ဆရာဝန်ကြီးနေရာက သရုပ်ဆောင်ပြီး ထွန်းအိန္ဒြာဗိုက ဆရာဝန်ကြီးကတော် ကင်ဆာရောဂါသည်အဖြစ် သရုပ်ဆောင်ပါတယ်။ ဆရာဝန်ကြီးဘဝထဲကို ဇွတ်အတင်း တိုးဝင်လာသူ အဖြစ် ပိုင်ဖြိုးသုက သရုပ်ဆောင်ထားပါတယ်။ ဒီကလေးမဘာကြောင့် သိသိကြီးနဲ့ တိုးဝင်လာသလဲဆိုတာကိုတော့ မကြာမီ ရုံတင်ပြသဖို့ စီစဉ်နေတဲ့ **နေဝင်းအိပ်တန်းတက်** ရုပ်ရှင်ကားမှာ ကြည့်ကြစေချင်ပါတယ်။ ကျွန်တော့် စိတ်ထင်ပြောရရင် ဒီရုပ်ရှင်ကားဟာ ၂၀၁၇ ခုနှစ်အတွက် ထူးချွန်ဆုဆန်ခါတင်စာရင်းမှာ ဝင်လာဦးမယ့် ရုပ်ရှင်ကားတစ်ကား ဖြစ်ပါလိမ့်မယ်။

■

**မိုးကျော်ထွန်း**







www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဟိန်းဝေယံက
သရုပ်ဆောင်အနေနှင့်ရော၊
ပထမဆုံး ဒါရိုက်တာအနေနှင့်ပါ
ရုပ်ရှင်ဇာတ်ကားကြီးတစ်ကားကို
ဖန်တီးပုံဖော်နေသည်။
သရုပ်ဆောင်အနေနှင့်
ဇာတ်ကားများစွာတွင်
ပါဝင်သရုပ်ဆောင်ခဲ့သော်လည်း
ဒါရိုက်တာအဖြစ် စတင်သည့်
ပထမဆုံး အတွေ့အကြုံအတွက်
စိတ်လှုပ်ရှားနေသည့်
ဟိန်းဝေယံနှင့်…။
**ဒါရိုက်တာ ဟိန်းဝေယံ၊**
**ဇာတ်လမ်းကလည်း**

**ဟိန်းဝေယံဆိုတော့…။**
အဓိကကတော့
ကျွန်တော်စိတ်ကူးထားတဲ့
ဇာတ်လမ်းတစ်ခုပါပဲ။
ကျွန်တော် ရိုက်ဖြစ်တာကတော့
ဒီဇာတ်လမ်းလေးကို ကျွန်တော်
ကိုယ်တိုင်ကလည်း သဘောကျလို့၊
ပုံဖော်ရိုက်ကူးကြည့်ချင်လို့
အကောင်အထည်ဖော်
ဖြစ်တဲ့သဘောပါ။ ဇာတ်လမ်း
စဉ်းစားထားတာက ၅ လ၊
၆ လလောက်ရှိပါပြီ။ ဒါရိုက်တာ
အဖြစ်လုပ်ဖို့ စိတ်ကူးမိတာကတော့
တစ်နှစ်လောက်ရှိပါပြီ။
**စိတ်ကူးထားတဲ့ ဇာတ်လမ်း ဆိုတော့**

# ကျွန်တော့်မှာလည်း အချစ်ရှိပါတယ်

မနှိုးသူ





www.burmeseclassic.com

www.burmeseclassic.com

**သားငယ်ရဲ့ ခံစားချက် အစစ်အမှန်တွေ ပါမှာပေါ့။ ကိုယ့်ရဲ့ ဘဝတချို့ရောပါဦးမလား။**

အဲဒီလိုတော့ မပါပါဘူးဗျ။ ဒီကားလေးက Entertainment တစ်ခုအနေနဲ့ပဲ။ ဇာတ်လမ်းသဘောပါပဲ။ ကျွန်တော့်ကိုယ်ပိုင် ခံစားချက် ဘာမှမပါပါဘူး။ အနုပညာလှုပ်ရှားမှုအနေနဲ့ပဲ ဖော်ပြတဲ့သဘောပါပဲ။

**ပထမဆုံး ဒါရိုက်တာအဖြစ် လုပ်မယ့်အတွက် ဘာတွေပြင်ဆင်ပြီးပြီလဲ။ ယုံကြည်မှုရှိပြီလား။**

အမှန်အတိုင်း ပြောရရင်တော့ . . . ကျွန်တော့်အနေနဲ့ ရုပ်ရှင်ကန်တော့ပွဲတွေ အများကြီးတက်ဖူးပါတယ်။ ဒါပေမဲ့ ဒီဇာတ်ကားကန်တော့ပွဲ တက်ရတာတော့ အရမ်းစိတ်လှုပ်ရှားပါတယ်။ ချွေးလည်း တော်တော်ပြန်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော် စီနီယာတွေနဲ့တွဲပြီး အလုပ်လုပ်ရတော့မယ်၊ ဒါရိုက်တာတစ်ယောက်အနေနဲ့ လုပ်ရတော့မယ်ဆိုတော့ တာဝန်တွေ အများကြီး ရှိလာပြီလို့ ခံစားရတယ်။ တာဝန်ကြီးတယ်လို့လည်း သိတယ်။ ဒီတော့ စိတ်လှုပ်ရှားမှုတွေ အများကြီးဖြစ်ပါတယ်။ ကျွန်တော် အများကြီးလေ့လာထားပါတယ်။ အများကြီးစဉ်းစားထားပါတယ်။ ပြင်ဆင်ထားပါတယ်။ ကျွန်တော် လေ့လာထားသလောက်၊ သိသလောက်၊ ဉာဏ်စွမ်းရှိသလောက်ကို ကြိုးစားပြီး အကောင်းဆုံးလုပ်သွားမှာပါ။

**ဒီဇာတ်ကားက နောက်ပိုင်းမှာ ဒါရိုက်တာ ဟိန်းဝေယံ ဖြစ်သွားနိုင်လား။**

ကျွန်တော့်အနေနဲ့ ဒီလိုမျိုးတော့ မရည်ရွယ်ထားပါဘူး။ ကိုယ်လုပ်ချင်တဲ့အရာလေးတစ်ခုကို လုပ်လိုက်တဲ့သဘောပါပဲ။ ကျွန်တော် ဆရာကြီးလည်း မဟုတ်ပါဘူး။ Professional Director လည်း မဟုတ်ပါဘူး။ စိတ်ကူးလေးကို ပုံဖော်ကြည့်တဲ့သဘောပါပဲ။

**သရုပ်ဆောင်အနေနဲ့ ဒါရိုက်တာ အများကြီးတွေ့ခဲ့ပြီ။ လူငယ်ရော၊ လူကြီးဒါရိုက်တာတွေရောပေါ့။ ကိုယ့်အတွေ့အကြုံအရ ဒါရိုက်တာတစ်ယောက်မှာ ရှိသင့်တာကို ပြင်ဆင်ထားပြီလား။ ကိုယ်တွေ့ကြုံခဲ့တဲ့ ဒါရိုက်တာတွေဆီက ဘယ်လိုအချက်ကို အခြေခံပြီး ပြင်ဆင်ထားလဲ။**


ကျွန်တော်ကတော့ ကားရိုက်တိုင်း ဒါတွေကို တွေ့နေရတာဖြစ်တဲ့အတွက် အစိမ်းသက်သက်ကြီးတော့ မဟုတ်တော့ဘူး။ သိပြီးသားတွေဖြစ်နေတယ်။ အားလုံးကို ကျွန်တော် လေ့လာတယ်။ ဒီလေ့လာထားတာ၊ တွေ့မြင်နေရတာကို အကောင်အထည်ဖော်ကြည့်မယ်။ ကျွန်တော် လက်လှမ်းမီသလောက် ဇာတ်ကားတွေကြည့်ပါတယ်။

**လူငယ်ဒါရိုက်တာအနေနဲ့ဆိုတော့ ဘယ်လို ထူးခြားမှုတွေပါဦးမလဲ။**

ဇာတ်လမ်းလေးကိုတော့ ကျွန်တော်ဆန်းထားပါတယ်။ ဇေရဲထက်ကို ဒီကားမှာ အရမ်းသိမ်မွေ့နူးညံ့သော မိန်းကလေးတစ်ယောက်ရဲ့ ကာရိုက်တာမျိုး ပြင်ဆင်ထားပါတယ်။ ဂေးပုံစံလည်း မဟုတ်ဘူး၊ နူးညံ့သိမ်မွေ့တဲ့ မိန်းမဆန်တဲ့ မိန်းမတစ်ယောက်ပေါ့။

**သူက မင်းသမီးနေ**

ဟုတ်ပါတယ် (ရယ်





www.burmeseclassic.com

www.burmeseclassic.com

ချက်)။ မင်းသမီးနှစ်လက် သဘောပေါ့။ သူနဲ့ ရတနာ ခိုင်နဲ့။ ဇေရဲထက်ကလည်း ဒီကားလေးကို သဘောကျပါ တယ်။ သူကလည်း ရိုက်ဖို့ အားသီသရှိတယ် ဆိုတော့ ဒီကားကို အကောင်အထည် ဖော်ဖြစ်သွားတာပါ။

**ယောကျ်ားမင်းသမီး ဆိုတာ ဒီဘက်ခေတ်မှာ ဘယ် သူမှ မလုပ်သေးတော့ အဲဒီ စိန်ခေါ်မှုရယ်၊ ပထမဆုံး ဒါရိုက်တာအဖြစ် စိန်ခေါ်မှု ရယ်က သားငယ်အတွက် ခြေငြင်းထန်ဘူးလား။**

ဘယ်လိုပြောရမလဲ။ ကျွန်တော်ကြိုးစားကြည့်ချင် တယ်ပေါ့နော်။ အဲဒါကြောင့် လည်း ကျွန်တော် စိတ်လှုပ် ရှားနေတာပါ။ ကျွန်တော်က ဒီလိုအနေနဲ့ဆိုလို့ ဇေရဲထက် နဲ့ ရတနာခိုင်တို့ပဲ ပါတယ်။ ကျန်တဲ့ သရုပ်ဆောင်တွေက ကျွန်တော့်ထက် ပိုစီနီယာကျ တဲ့သူတွေပါ။ ကျွန်တော့် အတွက် စိန်ခေါ်မှုဆိုတာထက် စိတ်လှုပ်ရှားမိနေတာပါ။ ကျွန်တော် အကောင်းဆုံးဖြစ် အောင် ကြိုးစားသွားမှာပါ။

**ဒီရုပ်ရှင် နာမည်ကို အစက 'နှလုံးသားရှိသူတိုင်း အချစ်ရှိသည်'လို့ ပေးခဲ့တာ နောက် 'မာယာကကြိုး'အဖြစ် ပြောင်းသွားတာက…။**

ပထမနာမည်က နည်း နည်းရှည်တယ်ဆိုတော့ နာမည်လေးကို ပြောင်းချင်တာ ဖြစ်ပါပြီ။ စဉ်းစားထားတာ လည်း ရှိပြီးသားပါ။ ဒီထဲမှာ အလုပ်တွေရှုပ်နေတာ နဲ့ ထိုအခါက ထုတ်မပြောဖြစ် ခဲ့ဘူး။ ဒါကြောင့် ကန် တော့ပွဲပေးမှာ ပထမနာမည်နဲ့ စာတန်းထိုးသလိုဖြစ်သွားတာ ပါ။ **မာယာကကြိုး**လို့ပဲ အတည်ဖြစ်သွားပါပြီ။

**ဒါပေမဲ့လည်း ပထမဆုံး နာမည်လေးကိုပဲ ဦးတည်မေးချင်မိတယ်။ 'နှလုံးသားရှိသူတိုင်း အချစ်ရှိသည်' ဆိုတော့ နှလုံးသားရှိတဲ့ ဟိန်းဝေယံကရော…။**

ဒါက ဒီလိုပါ (ရယ်လျက်)။ ကျွန်တော့်မှာလည်း လူငယ်ဖြစ်တဲ့အတွက် အချစ်ဆိုတာရှိပါတယ်။ နှလုံးသား ရှိတဲ့လူ ဖြစ်တဲ့အတွက် အချစ် ဆိုတာ ရှိပါတယ်။ ဒါရိုက်တာ ဟိန်းဝေယံ အနေနှင့် ပရိသတ်ကို နှုတ်ဆက်ရာတွင် 'ဒီကားလေးကို ပထမဆုံး ဒါရိုက်တာ အဖြစ် ရိုက်ကူးမှာပါ။ အကောင်းဆုံးဖြစ်အောင် ရိုက်ကူး သရုပ်ဆောင်သွားမှာပါ။ အဲဒီကားလေးကို အားပေးဝေဖန်အကြံ ပြုပေးကြပါ။ အားပေးတဲ့ ပရိသတ်အားလုံးလည်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့၊ အစစအရာရာ အဆင်ပြေ ချောမွေ့ကြပါစေလို့ အထူးပဲ အလေးအနက် ထားပြီး ဆုတောင်း ပေးချင်ပါတယ်'ဟု ပြောပေးခဲ့သည်။

■ **မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ဝင်ခန်းမှ

# သူငယ်

မိုးကျော်ထွန်း

'သူငယ်'ဆိုတဲ့ စကားလုံးက အသက်ကြီးကြီးမိန်းမများက အသက်ငယ်ငယ် ကောင်မလေးများကိုခေါ်ဆိုတဲ့ စကားလုံးဖြစ်သလို မိတ်ကပ်ပညာရှင်များကြားမှာလည်း သုံးစွဲတဲ့ စကားလုံး ဖြစ်ပါတယ်။ ရုပ်ရှင်လောကနဲ့ ရင်းနှီးသူ ဖြစ်တဲ့ ကိုစည်သူ နဲ့ ဒေါက်တာ ခင်သီတာရည်တို့ မောင်နှံက 'အောင်ခေတ်မင်း'ဆိုတဲ့ ရုပ်ရှင် ထုတ်လုပ်ရေးတစ်ခုကို ထူထောင်ပြီးတဲ့




အခါမှာ စိုးမြတ်သူဇာပေးတဲ့ ဇာတ်လမ်းကို မိုးနီလွင်က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ပွင့်သီဂီဇော် ရိုက်ကူးပေးတဲ့ **သူငယ်** ဇာတ်ကားကို မကြာမီကာလအတွင်း ရုံတင်ပြသနိုင်ဖို့ အဆင်သင့် ဖြစ်နေပါပြီ။ ကုမ္ပဏီသစ်ဖြစ်တဲ့ အောင်ခေတ်မင်းက သရုပ်ဆောင်သစ် တစ်ဦးအဖြစ် Myanmar Idol နဲ့ လူသိများ ထင်ရှားလာတဲ့ ကျော်ထက်အောင်ကို ပွဲထုတ် လိုက်ပါတယ်။ ကန်တော့ပွဲပေးစဉ် တုန်းကတော့ ကျော်ထက် လို့ပဲ နာမည်ပေးခဲ့ပြီး အခုအခါ မှာတော့ ကျော်ထက် နာမည်တူရှိနေတဲ့ အတွက် မူလ



www.burmeseclassic.com

www.burmeseclassic.com





နာမည်ဖြစ်တဲ့ ကျော်ထက်အောင်လို့ပဲ ခေါ်တွင်စေမှာဖြစ်ပါတယ်။

ကျော်ထက်အောင်ကို ပွဲထုတ်တဲ့နေရာမှာ ဝိုင်းဝန်းပေးတဲ့ ဝါရင့်သရုပ်ဆောင်တွေကအများကြီးပါပဲ။ ရန်အောင်၊ ရဲအောင်၊ မင်းဦး၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်တို့က အဓိက ပံ့ပိုးကြတာဖြစ်ပါတယ်။

ဝါရင့်သရုပ်ဆောင်ကြီးများမှာ ရန်အောင်နဲ့ ထွန်းအိန္ဒြာဗိုတို့က တစ်တွဲ၊ မင်းဦးနဲ့ စိုးမြတ်သူဇာတို့က တစ်တွဲ၊ ရဲအောင်နဲ့ ခိုင်သင်းကြည်တို့က တစ်တွဲဖြစ်ပါတယ်။ သူတို့သုံးတွဲစလုံးက ချစ်သူများအဖြစ်သာ ရှိနေကြဆဲဖြစ်ပြီး မကြာမီမှာ လက်ထပ်ကြဖို့အစီအစဉ်ရှိကြပါတယ်။ ဒါပေမဲ့ သူတို့သုံးတွဲစလုံးမှာ ပြဿနာကိုယ်စီရှိကြပါတယ်။

ရန်အောင်က အင်မတန်ကပ်စေးနဲတယ်။ ဒါကြောင့် ထွန်းအိန္ဒြာဗိုနဲ့ အချီအချ ဖြစ်ရတာချည်းပါပဲ။ မင်းဦးနဲ့ စိုးမြတ်သူဇာတို့ ကြားကပြဿနာကတော့ မင်းဦးရဲ့ မိခင် ဒေါ်နွဲ့နွဲ့စန်းက နေ[ပြ]တကာ ပါဝင်နေခြင်းကြောင့် ချစ်သူနှစ်ဦးမှာ [အ]မြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာဖြစ်ရပါတယ်။ သူတို့နှစ်ယောက်က တစ်ပတ်မှာ တစ်ကြိမ်သာ တွေ့ကြပြီး တွေ့တဲ့အချိန်တိုင်းမှာလည်း ...ခင်ဖြစ်သူက တယ်လီဖုန်း ဆက်သွယ်ပြီး အကြောင်း ...ပြကာ အိမ်ကို အမြန် ...ပြန်လာအောင် ဖန်တီးလေ့ရှိပါတယ်။

ရဲအောင်နဲ့ ခိုင်သင်းကြည်တို့ ကြားက ပြဿနာကတော့ ရဲအောင်က သူ့ချစ်သူကို သဝန်တိုတတ်ခြင်းပါ... ခိုင်သင်းကြည်က သတို့... သတို့သမီးများရဲ့ ဖက်...တတ်စုံများ ချုပ်လုပ်ဖန်တီးပေးတဲ့ ဒီဇိုင်နာအလုပ် လုပ်ပါတယ်။ ဒီဇိုင်နာတစ်ယောက်အနေနဲ့ အမျိုးသားတစ်ယောက်ကို ကိုယ်တိုင်းတိုင်းပေးတာကအစ ရဲအောင်က မကြည်ဖြူပါဘူး။

အမျိုးသမီးသုံးယောက်က တိုက်တစ်လုံးမှာ အတူတူနေကြပါတယ်။ ချစ်သူများနဲ့ မပြေလည်ကြတာကြောင့် တစ်ယောက်နဲ့တစ်ယောက် မြှောက်ထိုးပင့်ကော် ပြောကြရင်း ခိုင်သင်းကြည်ကို သူ့ချစ်သူအပေါ် စိန်ခေါ်ပြီး ဖြတ်ခိုင်းတယ်။ ကျန်နှစ်ယောက်ကလည်း သူတို့ချစ်သူများကို စိန်ခေါ်ပြီး ဖြတ်ကြပါတယ်။

သူတို့အသက်အရွယ်နဲ့ သူတို့ထက်ငယ်တဲ့၊ သူတို့ ရည်းစားတွေထက် ငယ်ရွယ်ချောမောတဲ့ သူငယ်ကလေးများကို ရအောင်ယူနိုင်တယ်ဆိုတဲ့ ခံယူချက်နဲ့ ရည်းစားရှာပုံတော်ဖွင့်ကြပါတယ်။

အပျိုကြီးသုံးယောက် သူငယ်အသီးသီးရကြပြီမို့ သူတို့သူငယ်တွေကို မိတ်ဆက်ပေးဖို့ အိမ်ကိုချိန်းလိုက်ကြပါတယ်။ ရောက်လာချိန်မှာတော့ သူတို့သုံးယောက်စလုံးရဲ့ သူငယ်များမှာ တစ်ယောက်တည်းဖြစ်နေပါတယ်။

အပျိုကြီးသုံးယောက်က ကက်ကက်လန် ရန်တွေ့တဲ့အခါမှာတော့ သူတို့သုံးယောက်စလုံးနဲ့ ပတ်သက်လိုက်တဲ့ သူငယ် ကျော်ထက်အောင်က သူဟာ မမကြီးများထင်သလို တကယ်ချစ်တာ မဟုတ်တဲ့အကြောင်း၊ ပိုက်ဆံချူဖို့အတွက် ဟန်ဆောင်ခြင်းသာဖြစ်ကြောင်း၊ ဒါကြောင့် အပျိုကြီးများထံမှ တစ်ယောက်ကို သိန်းတစ်ရာစီ သုံးရက်အတွင်း ပေးရမယ်။ မပေးနိုင်ဘူးဆိုရင် သူတို့နဲ့ တရင်းတနှီးရှိနေတဲ့ ဓာတ်ပုံများကို ဖွေ့စ်ဘွတ်ခ်ပေါ်...


www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



...ထိုက်မယ့်အကြောင်း ခြိမ်း ...ကတ်ပါတော့တယ်။ အဲဒီ ...မှာ အပျိုကြီးသုံးယောက် ...ကြပုံများကို ရိုက်ကူး ...ထားပါတယ်။

သရုပ်ဆောင်သစ်တစ် ...ဖြစ်တဲ့ ကျော်ထက်အောင် ...ရိုက်ကြမ်းကြမ်းနေရာ ...ပြီး ပွဲထုတ်မလား ဆိုတာကို စဉ်းစားစရာ ရှိပါတယ်။ ဒါကတော့ ပိတ်ကားပေါ်မှာ အဖြေဆက်ရှာကြစေချင်ပါတယ်။

ဒါရိုက်တာ ပွင့်သီဂီဇော် ဆိုတာက အကယ်ဒမီ ဒါရိုက်တာတစ်ဦးဖြစ်တဲ့ ကိုဇော်(အရဏ်ဦး)ရဲ့သမီး ဖြစ်ပါတယ်။ ဗီဒီယိုကားတော်တော်များများ ရိုက်ကူးခဲ့ပြီး ဖခင်ဖြစ်သူရဲ့ရုပ်ရှင်ရိုက်ကွင်းများမှာလည်း လက်ထောက်အဖြစ် ရိုက်ကူးနေသူဖြစ်ပါတယ်။ ငယ်ရွယ်နုပျိုတဲ့ မိန်းကလေးတစ်ဦးဖြစ်ပေမဲ့ သူမှာ အစွမ်းအစရှိတယ်ဆိုတာကို တွေ့ကြရမှာဖြစ်ပါတယ်။

အောင်ခေတ်မင်းကလည်း **သူငယ်**ကို ပွဲဦးထွက်ရိုက်ကူးပြီးချိန်မှာ နောက်ထပ်ရုပ်ရှင်ကားနှစ်ကားလည်း ရိုက်ကူးပြီးစီးပြီဖြစ်လို့ မကြာမီရုံတင်လာမယ့် **သူငယ်** ဟာ ပွဲဦးထွက် အောင်မြင်မယ့် ရုပ်ရှင်ကားတစ်ကား ဖြစ်ပါလိမ့်မယ်။ ■


**မိုးကျော်ထွန်း**





www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





# ဘယ်လို အခက်အခဲမဆို ကျော်ဖြတ်မယ်

**မနိုးသူ**

ဖြစ်ချင်သည်က သရုပ်ဆောင်၊ ဖြစ်အောင်လည်း ကြိုးစားနေသည့် သရုပ်ဆောင် ဖူးငုံပွင့်သစ်တစ်ဦးနှင့် ဒီလ တွေ့ဖြစ်သည်။ သူက ဓာတ်ကားမထွက်ခင်ကတည်းက ပရိသတ်စိတ်ဝင်စားမှုရရှိထားသူ ဆိုလျှင် မမှား။ ကိုယ့်ဝါသနာ၊ ကိုယ့်အိပ်မက်အတွက် သရုပ်ဆောင် ဆိုသည့် ဝေါဟာရနှင့် ကိုက်ညီစွာ ကျရာနေရာက သရုပ်ဆောင် ထားသည့် ထက်အောင်ရှိုင်းက **မကြီးစန်းနှင့် သူ၏ချစ်သူများ** ဓာတ်ကားနှင့် ပရိသတ် ကြို သိထားသည့်သူ။ သူနှင့် တွေ့ ဖြစ်ရာတွင်-

**အနုပညာအလုပ်တွေကို တကယ်စ,လုပ်ဖြစ်တဲ့အချိန်က...။**

ဆရာဂျွန်လွင်ဆီမှာ ၂၀၁၄ ခုနှစ်ကစပြီး မော်ဒယ်လ်သင်တန်းတက်တယ်။ ပြီးတော့ ဆရာနဲ့ စာချုပ်ချုပ်ဖြစ်တယ်။ Model Show တွေမှာ ဝင်လျှောက်ဖြစ်တယ်။ ပြီးတော့မှ စံကားဝါသရုပ်ဆောင်သင်တန်းတက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ စံကားဝါပြီးမှ ဆရာဦးမျိုးမင်း(ရင်တွင်းဖြစ်)ရဲ့ 3H သင်တန်း ထပ်တက်ဖြစ်တယ်။

**ထက်အောင်ရှိန်းတို့ ခေတ်က Model တွေ၊ Mister တွေခေတ် ဆိုတော့ အဲဒါတွေနဲ့ အစပြုခဲ့တာတော့ မှန်တယ်။ ဒါပေမဲ့ တကယ် ဖြစ်ချင်တဲ့ ပန်းတိုင်က…။**

သရုပ်ဆောင်ပါ။ တကယ့်တကယ် အရမ်း ဝါသနာပါတာက သရုပ်ဆောင်ပါ။

**ဒီမော်ဒယ်လ်ဘဝကရော ကိုယ့်ရဲ့ပန်းတိုင်အတွက် တကယ်အထောက်အကူ ကောင်း ဖြစ်ခဲ့ရဲ့လား။**

ကျွန်တော်ဆရာ့ဂျွန်ဆီမှာ သင်တန်းတက်နေတုန်းမှာပဲ သရုပ်ဆောင်ဖို့ စာချုပ်ချုပ် ဖြစ်ခဲ့တာလေ။ ဆရာ့ကို ကျွန်တော်က မော်ဒယ်လ် လည်း လုပ်ချင်တယ်၊ သရုပ်ဆောင်လည်း ဝါသနာပါတယ်လို့ ပြောလိုက်တော့ ဆရာက ကျွန်တော့်ကို စံကားဝါ သင်တန်းပို့ပေးတယ်။ ပြီးမှ ကျွန်တော်နဲ့ မင်းဘုန်းပြည့် နှစ်ယောက်ကို စာချုပ်အကြီး ထပ်ချုပ်တယ်။ ဦးမျိုးမင်း ဆီ ထပ်ပို့ပေးတာ။ အဲဒီသင်တန်းတွေကို သင်တန်းကြေးကအစ ဆရာဂျွန်က အကုန် တာဝန်ယူပြီးထားပေးတယ်။ ကျွန်တော်တို့ကို အဲဒီလို အထောက်အပံ့ကောင်းတွေ ပေးခဲ့တာပါ။

**မကြီးစန်းနဲ့ မရိုက်ခင် အရှေ့မှာရော ရိုက်ခဲ့ဖူးလား**

မကြီးစန်းရဲ့ ရှေ့မှာ တော့ ဆရာ ဦးမျိုးမင်း ဇာတ်လမ်းတွဲတစ်ခု ရိုက်ခဲ့ ပါတယ်။ အဲဒီမှာတော့ အခန်းသိပ်မများဘဲ ဧည့်သည် သရုပ်ဆောင်သဘောပေါ့ The Team Myanmar ဆိုတဲ့ ဇာတ်လမ်းတွဲပေါ့။

**ပထမဆုံး ခေါင်းဆောင် လုပ်ခွင့်ရတဲ့ 'မကြီးစန်းနှင့် သူ၏ချစ်သူများ' ဇာတ်ကား မှာ ထက်အောင်ရှိန်းကို ဆရာ တွေက အရည်အချင်းပြည့် လို့ သတ်မှတ်ခဲ့လား။ ကိုယ် တိုင်ရော ဘယ်လို အခက်အခဲ ကြုံရလဲ။**

ပထမဆုံး ခေါင်းဆောင် အနေနဲ့ဆိုတော့ အခက်အခဲ တော့ရှိတာပေါ့နော်။ ကိုယ့် ကိုယ်ကိုစိုးရိမ်တာပေါ့။ ကျ တာတော့မရှိပါဘူး။ ပြီးတဲ့ အထိတော့ အဆင်ပြေပြေ ပြီးသွားတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကို စိုးရိမ်တယ်။ ယုံကြည်မှု မရှိဘူးပေါ့။ ထ သလောက်ဖြစ်ပါ့မလားပေါ့။ အကောင်းဆုံးဖြစ်အောင် အတတ်နိုင်ဆုံးတော့ ကြိုးစား တယ်။ ဒါပေမဲ့ စိုးရိမ်မိတာ ပေါ့။ ဒီကားရိုက်ဖြစ်တာ လည်း ဆရာ ဦးမျိုးမင်း မှာ သင်တန်းဆင်းပြီးတော့ တစ်နှစ်လောက်ကြာမှ ရိုက် ဖြစ်တာ။ အဲဒီအတောအတွင်း ဆရာ့သင်တန်းတော့ အမြဲ ရောက်ဖြစ်တယ်။ ဆရာ့ရိုက် ကွင်းတွေရောက်ဖြစ်တယ် ဆရာ့ဆီက သင်တန်းပြီးသွား ပေမဲ့ သင်ကြားမှုတွေ အမြဲ တမ်းယူနေတုန်းပဲ။ ဆရာက လည်း အားပေးတယ်။ 'မင်း လုပ်မှာသာလုပ်ပေါ့'၊ 'မင်း



www.burmeseclassic.com

www.burmeseclassic.com

လုပ်နိုင်တယ်'ပေါ့နော်။ ဒီကားရိုက်ဖြစ်တာကလည်း ဆရာဂျွန်လွင်ကိုယ်တိုင် ရိုက်ပေးခဲ့တာပါ။ သူကိုယ်တိုင် ကျွန်တော့်ကို ဒီကားမှာ ပါအောင် ထည့်ပေးခဲ့တာပါ။ ကျွန်တော်တပည့်နဲ့ ရိုက်ပါ။ လိုအပ်တာလုပ်ပေးပါ့မယ်လို့ ဆရာဂျွန်လွင်က ထောက်ပံ့ကူညီပေးခဲ့တာပါ။

**ပထမဆုံးဇာတ်ကားကို လူတိုင်းက သတိထားလေ့ရှိတယ်။ ထက်အောင်ရှိန်းကရော ဒီလို ဇာတ်လမ်းဆန်းပြားနေပေမဲ့ ရိုက်ကူးဖြစ်တာက ဆရာနိုင်းလို့လား။ စိတ်ထဲမှာ တစ်ခုခုစိုးရိမ်မှုများ ရှိခဲ့နိုင်လား။**

ဆရာကတော့ ကျွန်တော့်ကို မနက်ဖြန် ဒီကားရိုက်မယ်ဆိုရင် ဒီလိုနေ့မှာ ဆုံးဖြတ်ချက်တောင်းတယ်။ 'မင်းလုပ်မှာလား၊ မလုပ်ဘူးလား။ မရိုက်ရင် ငါ့မှာတခြားလူတွေ အများကြီးရှိတယ်' ဆိုပြီး ကျွန်တော့်ကို အရင်ဆုံးမေးတယ်။ 'ခဏဆရာ၊ ကျွန်တော် စဉ်းစားလိုက်ဦးမယ်' ဆိုပြီး စဉ်းစားတယ်။ အနုပညာရှင်ဆိုတာ နည်းမျိုးစုံ စွန့်စားမှုတွေ ခံရမှာပဲလေ။ အနုပညာဆိုတာ အနုပညာပဲလို့ ကျွန်တော် သတ်မှတ်လိုက်တယ်။ ဒီကားက ဗီဒီယိုဆိုပေမဲ့ သူများစိတ်ဝင်စားတယ်။ အကုန်လူသိများမယ်ဆိုတာ တွေးလိုက်တယ်။ ဒါကြောင့် ကျွန်တော်ရိုက်မယ်။ ဘာပဲပြောခံရခံရဆိုပြီး ဆုံးဖြတ်လိုက်တာပါ။

**ဒီဇာတ်ကား မထွက်ခင် ဆုံးဖြတ်ချိန်မှာတင်၊ အင်တာနက်ဆိုတော့ လူသိများနေပြီ။ ပရိသတ်ဆီက တုံ့ပြန်မှု ဘယ်လိုတွေရခဲ့လဲ။**

တချို့က ကောလာဟလတွေ ပြောကြတာပေါ့။ ဒီကားရိုက်ရင်းနဲ့ပဲ မကြီးစန်းနဲ့ ကြိုက်သွားသလိုလိုပေါ့။ တကယ်တမ်း အားပေးသူတွေလည်း ရှိပါတယ်။ တချို့ဆိုရင် ဗီဒီယိုကားတောင် မထွက်သေးဘူး။ ကျွန်တော့်ကို အဲဒီကားထဲမှာပါတယ်ဆိုပြီး လူပိုသိတယ်။ ဓာတ်ပုံတွေ လာတွဲရိုက်ကြတယ်။ အရင်ကထက် လူပိုသိတဲ့အတွက် အလုပ်တွေလည်း ပိုလုပ်ရတယ်။ အခုနောက်ပိုင်း မော်ဒယ်လ်အလုပ်ထက် သရုပ်ဆောင်အလုပ် ပိုလုပ်လာရတယ်။

**သရုပ်ဆောင် ထက်အောင်ရှိန်း၊ မော်ဒယ်လ် ထက်အောင်ရှိန်း ဘယ်လိုရှေ့ခရီး ဆက်သွားမလဲ။ ကိုယ်ဖြစ်ချင်တဲ့ သရုပ်ဆောင်အတွက် ဘယ်လိုသင်ယူမှုတွေ လုပ်ဖြစ်မလဲ။**

ကျွန်တော်က သရုပ်ဆောင်ရော၊ မော်ဒယ်လ်ရော နှစ်ခုစလုံး ဆက်လုပ်သွားမှာပါ။ သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်အောင်၊ ဒီထက် ပိုပြီး သရုပ်ဆောင်နိုင်အောင် အများကြီးကြိုးစားသွားရဦးမှာပါ။ စီနီယာအစ်ကိုတွေ၊ အစ်မတွေဆီကနေ၊ ဆရာတွေဆီကနေ သင်ယူပြီး ကြိုးစားသွားဦးမှာပါ။

**သရုပ်ဆောင် ဘာကြောင့်ဖြစ်ချင်တယ်ဆိုတဲ့ အကြောင်းတော့ ရှိမှာပေါ့။**

ကျွန်တော်က ဟိုးငယ်ငယ်ကတည်းက ဝါသနာပါတာပါ။ ကျွန်တော့်အဘိုးက မင်းသားကြီး အောင်သူပါ။ မျိုးရိုး ရှိပါတယ်။ ကျွန်တော် ၆ တန်းလောက်ကပေါ့။ ကျွန်တော့်အဘိုးက လူကြီးခန်းတွေ ရိုက်နေရပြီ။ သူ့ရှုတင်တွေ ကျွန်တော် လိုက်ကြည့်တယ်။ **မိုးညအိပ်မက်မြူ** ရိုက်ကွင်းတုန်းက ကျွန်တော် ၇ တန်း၊ ၈ တန်း အရွယ်ပေါ့။ လိုက်ကြည့်တယ်။ ကျွန်တော့်ဇာတိက



ပုသိမ်ကပါ။ နွေရာသီဆို ရန်ကုန်မှာလာနေပြီး အဘိုးရိုက်ကွင်းတွေလိုက်ရင်း ဝါသနာပါတယ်။ ငါကြီးလာရင် သရုပ်ဆောင်ဖြစ်ရမယ်၊ ဖြစ်ချင်တယ်ပေါ့။ အဲဒီအရွယ်တုန်းက ဖြစ်ချင်တယ်။ ခုတော့ ဖြစ်ရမယ်ပေါ့။

ထက်အောင်ရှိန်းက သရုပ်ဆောင်ဖြစ်ချင်သည့် လမ်းကြောင်းတွင် စဝင်ကတည်းက အခက်အခဲများစွာ ရှိကြောင်း၊ အခက်အခဲ တစ်မျိုးပြီးတစ်မျိုး တွေ့ရကြောင်း၊ ထပ်ပြီးလည်း အခက်အခဲတွေရှိမည်ကို သိကြောင်း၊ ဘယ်လိုအခက်အခဲ အတားအဆီးပဲဖြစ်ဖြစ် မိမိရအောင် ကျော်ဖြတ်မည်ဖြစ်ကြောင်း၊ မိမိလိုချင်သည့် အောင်မြင်မှု ရသည်အထိ၊ မိမိမျှော်လင့်သည့် ပန်းတိုင်ရောက်သည်အထိ အကောင်းဆုံး ကြိုးစားလုပ်ဆောင်သွားမည်ဟုလည်း ပြောပြခဲ့သည်။ ထက်အောင်ရှိန်းက Star World ထုတ်လုပ်ရေးနှင့် လက်တွဲရိုက်ဖြစ်နေပြီး လက်ရှိ နေ့ခွဲနှင့် တွဲ၍ ဇာတ်ကားတစ်ကား ရိုက်ကူးထားပြီးဟု သိရသည်။ ■

မန်းသူ



www.burmeseclassic.com

www.burmeseclassic.com



# အနုပညာတိုင်းကို လက်မလွှတ်ချင်သူ ကြယ်စင်လှိုင်း

မနိုးသူ

'ညီမက သီချင်းကို ငယ်ငယ်ကတည်းက ရေးနေပြီ။ စလုပ်ဖြစ်တဲ့ အနုပညာကလည်း ဂီတပါ။ သီချင်းတွေ ဆိုရင်းနဲ့မှ Photo Model ဖြစ်လာတယ်။ ဒါရိုက်တာတွေက သရုပ်ဆောင်လုပ်ပါလား ဆိုတာနဲ့ ညီမက ဆရာ ဦးမျိုးမင်း(ရင်တွင်းဖြစ်)ဆီမှာ သရုပ်ဆောင်သင်တန်း တက်ရင်းနဲ့ အဲဒီကနေ အဆက်အသွယ်ရပြီး ဒါရိုက်တာ ကျော်ဇောလင်း၊ ဒါရိုက်တာ စတီးလ်၊ ပြီးတော့ ဆရာ့ရဲ့ ကားတွေမှာလည်း ပါဝင်ခွင့်၊ သရုပ်ဆောင်ခွင့် ရခဲ့ပါတယ်'ဟု ပြောကြားသူက အနုပညာ ဖူးငုံပွင့်သစ် ကြယ်စင်လှိုင်းဖြစ်သည်။ ကြယ်စင်လှိုင်းက သရုပ်ဆောင်၊ ဂီတအနုပညာအားလုံးကို စိတ်ပါဝင်စားသူ ဖြစ်ပြီး ပြီးခဲ့သည့် သင်္ကြန်ကာလက သင်္ကြန်တေးစီးရီးတစ်ခွေ ကိုပင် စီစဉ်သူအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။

**ဒါဆို ညီမက ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ရဲ့ သရုပ်ဆောင်သင်တန်း တက်ပြီးတာနဲ့ သရုပ်ဆောင် စ,လုပ်ခဲ့တာပေါ့။**

ဆရာ့ဆီမှာ မတက်ခင် ကတည်းက သရုပ်ဆောင် နေပြီရှင့်။ သရုပ်ဆောင် နေပေမဲ့ ဘယ်လောက်အထိ သရုပ်ဆောင်ရမယ်၊ စိတ်ခံစားချက်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုထည့်ရမယ် မသိဘူး။ ဒါပေမဲ့ ငိုတော့ငိုတတ်နေပြီ။ ဆရာက ငိုတာတောင် ရာခိုင်နှုန်းနဲ့ သင်တာလေ။ ၁၀၀ ရာခိုင်နှုန်းထိရောက်အောင် ငိုခိုင်းတယ်။ ပြီးတော့ ၅၀ ရာခိုင်နှုန်း မြန်ချခိုင်းတယ်။ ဆရာ့ဆီကျတော့ အသေးစိတ်၊ အနုစိတ် သိသွားတာပေါ့။ ကိုယ်ကလည်း အခြေခံရှိပြီးသားဆိုတော့ ပိုပြီး အဆင်ပြေသွားတယ်။

**ဆရာတွေနဲ့ သေချာ သင်ယူတယ်။ သရုပ်ဆောင်နေတယ်ဆိုပေမဲ့ နာမည်တစ်ခုရဖို့၊ အနုပညာလောကမှာ ရပ်တည်နိုင်ဖို့ ကြိုးစားရတယ်။ အခု ဘယ်လို ပြိုင်ဘက်တွေနဲ့ ရှေ့ဆက်နေရလဲ။**

ကိုယ်က ရိုးရိုးသားသား ရပ်တည်တဲ့သူ။ ပြီးတော့ ကြယ့်မှာက အနုပညာနောက်ခံ မရှိဘူး။ ကြယ်က မျိုးရိုးထဲမှာ အသန့်ဖောက်ထွက်သူ။ ပြီးတော့ ကြယ်က အရည်အချင်းတစ်ခုတည်းနဲ့ပဲ ရပ်တည်ရပါတယ်။ ပြီးတော့ ယုံကြည်စိတ်ချမှုပေါ့။ ကြယ်က အနုပညာကို အကောင်းဆောင်လုပ်ရင်းလည်း ပေးထားတဲ့ ရာခိုင်နှုန်းပြည့်အောင် လုပ်တယ်။ သီချင်းဆိုရင်လည်း အဲဒီလိုပဲ။ ပြီးတော့ အခုသကြန်မှာ ကြယ်ကိုယ်တိုင် စီစဉ်ပြီး ထွက်ခဲ့တဲ့ အခွေထဲမှာ ဆွေမျိုးတော့်အတွက်လည်း ကြယ်ကိုယ်တိုင် သီချင်းရေးပေးခဲ့ပါတယ်။

**ဆရာ ဦးမျိုးမင်း သင်တန်းမှာက သင်ခန်းစာတွေနဲ့ သင်တာဆိုတော့ ဘာတွေပိုရလိုက်လဲ။**

ဘာတွေပိုရလိုက်လဲ ဆိုတော့ စိတ်တွေပေါ့။ ကတ်ချိုးတာတွေ သင်ပေးတယ်။ ပြီးတော့ Eyeဆိုရင် မျက်လုံးနဲ့ စကားပြောသွားတဲ့ဟာမျိုး။ အဲဒါတွေက အရမ်းကောင်းတယ်။ ပြီးတော့ Minus Action ဆိုတာခက်တယ်။ ဒါပေမဲ့ အဲဒါကို ကြယ်လုပ်နိုင်တယ်။ မိုမို့မြင့်အောင် အိုက်တင်ပေါ့။ စိတ်ထဲက တကယ်တော့ မကောင်းဘူး။ ဒါပေမဲ့ အပြင်မှာ ကောင်းချင်ယောင်ဆောင်ချင်တာမျိုး Minus Action ဆိုတာတွေ သိလာရတယ်။ အရင်က သေချာ ကွဲကွဲပြားပြားမသိဘဲ လုပ်ဆို ဒီအတိုင်းလုပ်ပစ်ခဲ့တာလေ။

**သင်တန်းက အချိန် ဘယ်လောက်ယူတက်ခဲ့လဲ။**

ပုံမှန်ကတော့ ၄ လ ပေါ့။ ဒါပေမဲ့ ဆရာက အမြဲတမ်း ထပ်သွားလို့ရတယ်။ ကိုယ့်မှာ အိုက်တင်အသစ်တစ်ခုရလာရင် ဒါကြီးကို ဘယ်လိုလုပ်ရမလဲဆရာဆိုပြီးပေါ့။ ယောကျ်ားလျာအိုက်တင်တို့၊ သရဲအိုက်တင်တို့လိုမျိုး ပုံမှန်မဟုတ်တာတွေ သွားမေးတယ်။ ပြီးတော့ ဆရာကလည်း တပည့်အသစ်တွေလာရင် အဟောင်းတွေနဲ့ တွဲပြီး သင်ပေးတာပေါ့။

**အခု ညီမက သရုပ်ဆောင်၊ အဆိုတော်၊ တေးရေးဆိုတော့ အဓိကက ဘယ်ဟာလဲ။ ဘယ်အနုပညာကို ပို**

**လုပ်ချင်တာလဲ။**

ညီမကတော့ အကုန်လုံးကို လက်မလွှတ်ဘူး။ အားလုံးက ညီမသွေးသားတွေပဲ။ ဒီသုံးခုစလုံး မရှိဘဲ မရပ်တည်နိုင်ဘူး။ သီချင်းကလည်း ဆိုနေမှာပဲ၊ သရုပ်ဆောင်ကလည်း လုပ်နေမှာပဲ၊ ပရိသတ်တစ်ယောက်ရှိရှိ၊ ဆယ်ယောက်ရှိရှိ။ သီချင်းအသစ်တွေ၊ ဇာတ်လမ်းအသစ်တွေအတွက်လည်း အမြဲတွေးနေပြီး ရေးနေမှာပဲ။ ကံကြမ္မာက ပေးလာရင် လုပ်မှာပါ။

ကြယ်စင်လှိုင်းက ပရိသတ်ရဲ့မျက်နှာနဲ့ ကြယ်တို့က ရပ်တည်နေရတာဆိုတော့၊ ပရိသတ်သာလျှင် အရှင်သခင်ဆိုတော့ ပရိသတ်ရှေ့ ချပြတဲ့အချိန်မှာ ကြယ်တို့ဘက်က အကောင်းဆုံးဖြစ်နေရမယ်။ ပြီးတော့




ပရိသတ်ကြီးက ၅ မိနစ်စာဖြစ်ဖြစ်၊ မိနစ် ၅၀ စာပဲဖြစ်ဖြစ်၊ ဇာတ်ကားတစ်ကားစာဖြစ်ဖြစ် ကြည့်နေချိန်မှာ သူတို့အတွက် မက်ဆေ့ချ်တစ်ခုခုဆိုတာ ရှိသွားရမယ်။ အဲဒါမျိုးလေးတွေပဲ တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမှာပါ'ဟု ပြောပြခဲ့သည်။ ■

မန်းသ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ရှေးရေစက်

## (ထိုင်း–မြန်မာ လက်ထပ်ပွဲ)

**ကြည်ညိုစိုးညွှန်း**



ဩော်… အမိအဖတို့ကလည်း
ပြည့်ပြည့်ဝဝပေမို့
ရှိသမျှ ကုန်ချင်ကုန်ရော့လို့
မယုံရင် ကြုံလျှင် မေးပါတော့…
အလုံတစ်ခွင်မှာ ဂုဏ်အင်ကလည်း
မသေးပါဘူး…။

**အညာမင်္ဂလာဆောင်လေးချိုးကြီး**
**(ဆရာကြီး သခင်ကိုယ်တော်မှိုင်း)**

❑

သည်တစ်ခေါက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လာရခြင်း အကြောင်းရင်းကား အခါတိုင်းနှင့်မတူ ချေခြားလှပေ၏။ မောင်ကျောက်ခဲနှင့်တကွ သားသမီး မိသားစု တစ်ဖွဲ့ပြီးတစ်ဖွဲ့ တစ်ပြုံတစ်မကြီး အလုံးအရင်းဖြင့် ရောက်လာခဲ့ကြသည်မှာ ယခင်အခေါက်များနှင့် မတူညီပါချေ။ သားငယ်ဖြစ်သူက တစ်ဦးတည်း အစောဆုံးရောက်နှင့်သည်။ သမီးကြီး၊ သမီးလတ်၊ မြေးကြီး၊ မြေးငယ်နှင့် ချွေးစားသမီး နှစ်ယောက်က ဒုတိယ အသုတ်အဖြစ် ရောက်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



တတိယအသုတ်ကတော့ မောင်ကျောက်ခဲ၊ မဂ္ဂမ်းပုံနှင့် တူမ မသီတာတို့ဖြစ်ကြသည်။ နောက်ဆုံးအသုတ်အဖြစ် သားကြီးနှင့် သမက်ကြီး၊ သမက်ငယ်တို့ ဘန်ကောက်သို့ ရောက်ကြလေသည်။

မိသားစုချည်းပဲလားဆိုတော့ မဟုတ်ပါချေ။ မဂ္ဂမ်းပုံ၏ သူငယ်ချင်း ဒေါ်ဘိုမနှင့် မြေး၊ မောင်ကျောက်ခဲ၏ တပည့် မင်းရန်အောင်ထွန်း၊ သီတာလင်း မိသားစု၊ ကိုသန်းညွန့်နှင့် မျိုးသန္တာထွန်း ဇနီးမောင်နှံ၊ ဘန်ကောက်ဒေသခံ မနန်စီနှင့် အဆိုတော် ပန်းအိစံ၊ ဂျာမနီမှ ရော်နယ် ချစ်တင်တို့က တစ်ဖွဲ့…စသည် စသည် အဖွဲ့ဝင်ပေါင်းများစွာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ စုစည်းမိကြပါလေ၏။

မောင်ကျောက်ခဲတို့ အားလုံး ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ အဘယ်ကြောင့် စုစည်းရောက်လာကြပါသနည်း၊ မည်သည့်ပွဲတော်မျိုးများရှိ၍ ရောက်လာခြင်း ဖြစ်ပါသနည်းဟု မေးအံ့။ မကွယ်မဝှက် ဖြေကြားရပါလျှင် သားငယ်အတွက် မိန်းမတောင်းရန် အလုံးအရင်းဖြင့် ချီတက်လာခဲ့ခြင်း ဖြစ်ပါကြောင်း ဖြေရပေတော့မည်။

မိန်းမတောင်းတာများ ဒီလောက် အုပ်စုကြီးနဲ့ လာတောင်းရသလား၊ မိန်းကလေးက ဘာမို့လဲဟု ဆက်လက်





www.burmeseclassic.com

www.burmeseclassic.com



ပြန်းလာအုံ။

'မိန်းကလေးက လှပါပဲ'ဟု ကျောက်ခဲဖြေလျှင် စာရှုသူက ကြီး အသက်ကြီးခါမှ ခွတီးခွကျ ပြောတာပဲဟု မှတ်ချက်ချကောင်း လိမ့်မည်။ သို့သော်…။

'မိန်းကလေးက လှဆိုတော့ အသည်းနှလုံးနဲ့ပေါ့'ဟု ဆက် ပါမည်။ သည်တော့ ချစ်တတ်တာ ။ ချစ်သည်ဆိုတော့လည်း အတား အနှောင်အဖွဲ့ နယ်နိမိတ် ကင်း တော့၏။ မောင်ကျောက်ခဲသားက ' သူမက 'ယိုးဒယား'၊ ခေတ် ဆက် မကြာခဏထ၍ ရန်ဖြစ် သော အိမ်နီးချင်းများ ဖြစ်သော သူတို့နှစ်ဦး သဘောထားက နှစ်ဦး တစ်ဘဝဖြစ်လိုကြလေ …။

စင်စစ်…သည်ဇာတ်လမ်း၏ ခံမှာ 'မောင်ကျောက်ခဲ'ပင် ဖြစ် သည်။ မောင်ကျောက်ခဲသည် ရုပ်ရှင်လောကသားတစ်ဦး ဖြစ် အလျောက် မြန်မာ့ရုပ်ရှင်ကို ကမ္ဘာ့ တင်ပြလိုသော စိတ်ကြီးဝင်ခဲ့မိ အစပြုလေသည်။ သူ ရိုက်ကူးခဲ့ ရုပ်ရှင်များကို နိုင်ငံရပ်ခြားတွင်







www.burmeseclassic.com

www.burmeseclassic.com



အသံစနစ်ကောင်းအောင် ဖန်တီးခြင်း လုပ်ငန်းကို ခံ့ခံ့မင်မင် လုပ်တတ်သည်။ လွန်ခဲ့သော ၁၄ နှစ်လောက်က **ချစ်ခြင်းငယ်ဖြိုင်** အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတွင် ရိုက်ကူးပြီး အပြီးသတ်လုပ်ငန်း(Post-Production) များကို ဘန်ကောက်မြို့ ရောင်စုံဓာတ်ခွဲဌာန(Technicolor Lab) တွင် သားငယ်ဖြစ်သူနှင့်အတူ လုပ်ကိုင်ခဲ့ကြရာမှ အစ ထိုဓာတ်ခွဲခန်းတွင် အလုပ်လုပ်နေသော မိန်းကလေးနှင့် စ, တွေ့ကြသည်။ မိန်းကလေးအမည်က Kultida Pungsiripattana ဖြစ်လေသည်။ အလွန် အခေါ်ရခက်သော နာမည်ဖြစ်သောကြောင့် ချွေးမဘဝရောက်သည့်တိုင် မောင်ကျော်ခဲ မခေါ်တတ်။

သို့သော် ကံအားလျော်စွာ မိန်းကလေးအမည် Pungsiripattana ထဲမှ siri ကို ထုတ်နုတ်ပြီး စယ်ရီ- စရီ- ချယ်ရီ ဟု အတိုကောက် ခေါ်ကြလေရာ မောင်ကျော်ခဲအတွက် ချွေးမအမည်ကို အမောဖောက်အောင် မခေါ်ရတော့ဘဲ 'ချယ်ရီ' ဟုသာ အလွယ်တကူ ခေါ်နိုင်ခဲ့လေသည်။

ထိုချယ်ရီနှင့် သားငယ်သည် ရုပ်ရှင်အပြီးသတ်လုပ်ငန်း(Post-production)များကို အတူတကွ လုပ်ကိုင်လာကြရင်း သံယောဇဉ် တွယ်လာကြဟန် တူ၏။ နီးစပ် ချစ်ခင်လာကြသည်။ ယခုတော့ မည်သို့သော အတားအဆီး၊ မည်သို့သော တံတိုင်းများကို ကျော်လွှားကြသည်မသိ မိန်းမတောင်းရန်၊ လက်ထပ်ပွဲကျင်းပရန် အခြေအနေသို့ ရောက်လာခဲ့သည်။

မောင်ကျော်ခဲတို့ ဇနီးမောင်နှံသည် အမုန်းတရားထက် မေတ္တာတရားကို ပိုမိုနှစ်သက်တတ်ပါ၏။ သားငယ်ချစ်သော တစ်ပြည်သူ မိန်းကလေးအပေါ် သူစိမ်းဟု မထင်မိကြ။ သမီးတွေက ချစ်၍ သမက်ဖြစ်လာသူများကို သားအရင်းနှယ် မေတ္တာထားနိုင်ကြသလို သားတွေချစ်၍ ချွေးမတော်လာသည့် မိန်းကလေးတွေကိုလည်း သမီးနှယ် ချစ်နိုင်ကြပါ၏။ ဗုဒ္ဓတရားတော်များကို ကိုင်းရှိုင်းကြသော မြန်မာလူမျိုးတို့၏ စိတ်ထားဖြစ်ပါလိမ့်မည်။

သို့ဖြင့် မောင်ကျော်ခဲနှင့်တကွ ဆွေမျိုးတစ်သိုက်သည် သားငယ်ကို အကြောင်းပြုကာ ၂၀၁၇ မတ်လ တတိယပတ်၌ ဘန်ကောက်မြို့သို့ ချီတက်လာခဲ့ကြပါလေတော့သည်။ ဗမာတန်း၊ ဗမာလမ်းဟု ခေါ်ဆိုရမည့် ပတ်ချာဘူရီ ဆွိုင် ၁၉ လမ်း(Petchburi Soi 19)တွင် တပျော်တပါး အခြား ဗမာ များနှင့်အတူ တည်းခိုကြလေ၏။

အသက် ၇၀ ကျော်လာသည့်တိုင် တစ်ကြိမ်တစ်ခါမှ မတွေ့ကြုံဖူးသော ထိုင်းရိုးရာ မိန်းမတောင်းယူခန်းအကြောင်း



ပြောပြချင်ပါ၏။

*'မကြုံဖူးပေါင် ဂုဏ်ထူးဆောင် တဲ့ ××× တကကယ့်ကို စွမ်းရည် ××× အပုတ်ကို မကြုံဖူးပေါင် ဂုဏ်ထူး ဆောင်တဲ့ တကကယ့်ကို စွမ်းရည် ××× မဟာဇနက္ကသည်...'* ဆိုသော ခင်မောင် ရင်၏ မဟာဇနက္က သီချင်းကိုပင် အော် ဟစ် သီဆိုချင်လောက်အောင် ထူးဆန်း သော ချွေးမတို့ ထိုင်းရိုးရာ မိန်း တောင်းယူခန်း ဖြစ်ပါ၏။

ပထမဆုံး အထူးအဆန်းကတော့ မောင်ကျော်ခဲ၏သားငယ် သတို့သား ၏ဝတ်စုံ ဖြစ်ပါ၏။ ထိုင်း(ယိုးဒယား) သတို့သားဝတ်စုံကို ဝတ်ဆင်ထား သော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ဆွေမျိုးတွေက ပထမပိုင်းတွင် မှတ်မိကြ။ မှတ်မိသွားသောအခါမှ ဟောဟိုမှာ ဟိုမှာ သတို့သား လာပြီဟု ပိုင်းအော်ကြသည်။ သတို့သား၏ တူမဖြစ်သူတွေက သူ့ကို ပြေး၍ ကြိုဆို၏။ အဘိယ တူမ ပိုပိုချစ်က အနီးသို့ရောက်မှ ရုတ်တရက် ရပ်ကာ သေချာကြည့်ပြီး 'ဟင် ဦးချမ်းကလည်း ရက္ခစိုးဝတ်စုံကြီး ဝတ်ထားတာပဲ'ဟု အော်လိုက်လေသည်။ ဗမာဆွေမျိုးတစ်သိုက် တအုန်းအုန်း ရယ်မောလိုက်ကြပုံများ ဆူညံသွားသေတော့၏။

နှစ်ပေါင်း လေးဆယ်တိုင်တိုင် သရုပ်ဆောင်များအား ဘယ်လိုနေ၊ ဘယ်လိုသွား၊ ဘယ်လိုပြော၊ ဘယ်လို အနုအရာလုပ် စသည် ဒါရိုက်တာလုပ်အား ညွှန်ကြားခဲ့သော မောင်ကျော်ခဲတစ်ယောက် သည်မိန်းမတောင်းပွဲတွင် ထိုင်းလူမျိုး မင်္ဂလာဘိသိက်ဆရာ၏ ညွှန်ကြားမှုအောက်တွင် သရုပ်ဆောင် ပါဝင်ခဲ့ရလေပြီ။

ပထမဆုံး ဇာတ်လမ်းအဖွင့်ကတော့ ကြီးမားသော သစ်ပင်ကြီးတစ်ပင်အောက် လမ်းပေါ်မှာ သားငယ်သတို့သားနှင့်တကွ မြန်မာမိဘဆွေမျိုးသားချင်းများက ကွမ်းတောင်များ၊ အုပ်များ၊ ငှက်ပျောပင်ငယ်များကို ကိုင်ဆောင်ကာ သတို့သမီးအိမ်ရှိရာသို့ မျက်နှာမူကာ 'ဟိုဟီး…ဟို…ဟီး…ဟိုး…ယော်…' လူရိုင်းအော်သံဆန်ဆန် အသံမျိုးအော်ကြရလေသည်။ မောင်ကျော်ခဲတို့ ဇနီးမောင်နှံနှင့်တကွ တစ်ဆွေလုံး တစ်မျိုးလုံး ဘိသိက်ဆရာ အော်သည့်အတိုင်း အဓိပ္ပာယ် မသိသော်လည်း အော်ခဲ့ကြလေ၏။

ထိုထိုင်းရိုးရာ မိန်းမတောင်းယူခန်း ကျင်းပသည့်နေရာ Nai Lert Park Heritage Home(ခေါ်) ရှေးရိုးရာ အမွေအနှစ် ထိန်းသိမ်းရာ ပန်းခြံအိမ်ဖြစ်ပါ၏ (မြန်မာနိုင်ငံ တိုင်းရင်းသားကျေးရွာနှင့် ဆင်ဆင်တူပါ၏။ သို့သော် နှစ်ပေါင်းများစွာ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကြောင့် နှစ်ရှည်သစ်ပင်ကြီးများကို တွေ့မြင်ခဲ့ရသည်)။ ထိုပန်းခြံအတွင်း ဆောက်လုပ်ထားသော အိမ်များမှာလည်း ခြေတံရှည် ထိုင်းရိုးရာသစ်သားအိမ်များ ဖြစ်ကြသည်။

သတို့သား ဦးဆောင်၍ မောင်ကျော်ခဲတို့အဖွဲ့သည် ကွမ်းတောင်၊ အုပ် အမျိုးမျိုးကိုလည်းကောင်း၊ ငှက်ပျောပင်ငယ်များကိုလည်းကောင်း ကိုင်၍ ထိုင်းရိုးရာ သစ်သားအိမ်တစ်အိမ်ရှေ့သို့ လျှောက်လှမ်းလာခဲ့ကြသည်။ အိမ်ရှေ့လှေကားရင်းရောက်သည်နှင့်(သတို့သမီး၏ အစ်ကို)မိသားစုက ရွှေကြိုးတားထားကြလေသည်။ မောင်ကျော်ခဲတို့ သတို့သားဘက်မှ ထိုင်းဘာသာစကားပြောဆိုနိုင်သော မြန်မာအမျိုးသမီး(မနန်စီ)က ဘာကြောင့် ရွှေကြိုးတားပါသလဲဟု မေးမြန်းရာ တစ်ဖက်မှ ရွှေငွေခင်း၍ တက်စေလိုကြောင်းပြော(ဟန်တူ)၏။ သတို့သား၏ ဘဏ္ဍာထိန်း မနန်စီက ထိုင်းဘတ်ငွေ လက်ဆောင်ပေးရ၏။ မြန်မာနိုင်ငံ အညာဒေသအချို့တွင်လည်း ရွှေကြိုးတားသည့် ဓလေ့ထုံးစံရှိတတ်သည်ဟုကြားဖူးသည်။ ထိုင်းရိုးရာဓလေ့ ရွှေကြိုးတားပုံကတော့ တစ်နေရာမက သတို့သမီးမိဘအိမ်ခန်း မရောက်မီအချိန်အထိ သုံး၊လေးနေရာ ရွှေကြိုးတားသူများကို တွေ့ရသည်။

'ဘာကိစ္စ လာတာလဲ'

'ဘယ်သူနဲ့ တွေ့ချင်လို့လဲ'

'မင်းနဲ့ သူနဲ့သိတာ ဘယ်လောက်ကြာပြီလဲ'

'မင်းက တကယ်ချစ်လို့ လာတာဟုတ်ရဲ့လား'

'မင်း သူ့ကို ခေါ်ကြည့်ပါဦး၊ ပြန်ထူးရဲ့လား။ အထဲက ပြန်မထူးရင် ဝင်လို့မရဘူးနော်'

အစရှိသော မေးခွန်းများဖြစ်ပြီး သတို့သားက ဖြေရသည်။ သတို့သမီး





www.burmeseclassic.com

www.burmeseclassic.com





ကြားအောင် ခေါ်ကြည့်ရသည်။ သတို့သမီး၏ ထူးသံ မကြားရသောအခါ ရွှေကြိုးတားသူများက အသံကုန်အော်၍ အခေါ်ခိုင်းသည်။ သတို့သားက ခုနစ်သံချို၍ သတို့သမီးအမည်ကို ခေါ်ရသည်။ သတို့သမီးက ထူးသံပေးမှ ရွှေကြိုးအတား ဖွင့်လေသည်။ သတို့သား၏ ဘဏ္ဍာထိန်း မနန်စီက ရွှေကြိုးတန်ဖိုး ဈေးစကားပြောကာ ပေးခဲ့ရသည်။

နောက်ထပ် တားသည့် ရွှေကြိုး နေရာ ရောက်သောအခါ ယခင်အဆင့်တွေထက် ပိုလာသည်။

'မင်း သူ့ကို တကယ်ချစ်တာ ဟုတ်ရဲ့လား'

'သူနဲ့ ချစ်သူဘဝ ရောက်တော့ အချစ်သီချင်းတွေ ဘာတွေ ဆိုပြဖူးမှာပေါ့၊ ကဲ…ဆိုပြပါဦး'

သားငယ် မြန်မာသတို့သားသည် ဘယ်အချိန်က လေ့ကျက်ထားသည် မသိ ထိုင်းအချစ်သီချင်းတစ်ပုဒ်ကို အဆိုအတီးမပါဘဲ ဆိုပြရရှာ၏။ ကောင်းမကောင်းမသိ၊ အားလုံး ဝိုင်းရယ်ကြသည်။ ပျော်စရာတော့ အကောင်းသား။

(အချို့သော သတို့သားများကျတော့ ရွှေကြိုးတားသူက ကြံကြံဖန်ဖန် မေးတတ်၊ ခိုင်းတတ်ကြသည်ဆို၏။ ဥပမာ…'မင်းက မိန်းမယူမယ်ဆိုတော့ ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းရှိရဲ့လား'၊ 'ရှိပါတယ်၊ ကျန်းမာသန်စွမ်းပါတယ်'ဟု သတို့သားက ဖြေသောအခါ ရွှေကြိုးတားသူများက 'ကဲ ဒါဖြင့် မင်းကျန်းမာရေး ကောင်းကြောင်းပြတဲ့အနေနဲ့ ဒိုင်ဗင် အကြိမ် ၅၀ ထိုးပြ'ဟု ခိုင်းစေတတ်ကြသည်။ သတို့သားခမျာ မတတ်သာ၊ ကြမ်းပြင်မှာ ဝမ်းလျားမှောက်၍ ဒိုင်ဗင်(Dive)ထိုးပြကြရသည်ဆို၏)

ရွှေကြိုးတားသော နေရာတိုင်းတွင် သတို့သားဘက်က ရွှေကြိုးတန်ဖိုး ဈေးညှိ၍ ပေးရသည်။ ဤသို့ဖြင့် မောင်ကျောက်ခဲတို့ အုပ်စုသည် သတို့သမီးမိဘများရှိရာ ဧည့်ခန်းသို့ ရောက်လာခဲ့ကြသည်။ ထိုဧည့်ခန်း အဝင်ဝတံခါးတွင် ငှက်ပျောပင်ငယ်များကို ထောင်ထားခဲ့ပြီး မောင်ကျောက်ခဲတို့ သယ်ဆောင်လာခဲ့သော ပန်းတောင်း၊ အုပ်များကို သတို့သမီး မိဘနှင့် ဆွေမျိုးစုံတွဲရှေ့တွင် ချထားပေးရသည်။ မောင်ကျောက်ခဲနှင့် မဂ္ဂမ်းပုံက သတို့သမီး၏ မိဘများနှင့် မျက်နှာချင်းဆိုင် ထိုင်ရသည်။

သတို့သား မိဘနှစ်ဦးနှင့် သတို့သမီး မိဘနှစ်ဦးကြား ထိုင်ခုံများတွင် သတို့သားဘက်မှ ဆွေမျိုးစုံတွဲ(ခွန်အုဒုံ ဘော+ မနန်စီ)နှင့် သတို့သမီးဘက်မှ ဆွေမျိုးစုံတွဲ(သတို့သမီး ဦးလေး ဇနီးမောင်နှံ)တို့ ထိုင်ကြရသည်။ ဘိသိက်ဆရာ၏ ဦးဆောင်မှုဖြင့် သတို့သမီးဘက်မှ 'ဘာကြောင့် ဤနေရာသို့ ရောက်လာပါသလဲ'ဆိုသည့် မေးခွန်းကို မောင်ကျောက်ခဲနှင့် မဂ္ဂမ်းပုံတို့အား မေးမြန်းသဖြင့် မောင်ကျောက်ခဲတို့ ဇနီးမောင်နှံက 'ချွေးမလောင်းလေးကို တွေ့ဖို့ လာကြပါတယ်'ဟု (အင်္ဂလိပ် ဘာသာဖြင့်)ပြောကြရသည်။

'မင်္ဂလာတောင်းရမ်း လက်ဆောင် များနှင့် အတူလာသည်ဆိုသောကြောင့် မိသားဖသားပီပီ လက်ခံရမှာပေါ့။ ကဲ ကဲ ကွမ်းတောင်တွေ အုပ်တွေရဲ့ အဖုံးကို ဖွင့်ပြီး ကြည့်ကြရအောင်။ သတို့သမီး အတွက် ဘယ်လို ရွှေတွေ၊ ငွေတွေ ဘယ်လိုပစ္စည်းတွေနဲ့ တင်တောင်းပါ သလဲ။ ကဲ ဖွင့်ကြည့်ကြစို့'(ဘိသိက် ဆရာ၏ လက်ထောက်က ကွမ်းတောင် များ၊ အုပ်များ၏ အဖုံးကို ဖွင့်ကြည့်လိုက် သောအခါ အကြွေစေ့ သုံးလေးစေ့ သာပါလာသည်ကိုတွေ့ကြရလေသည်။

မောင်ကျောက်ခဲနှင့် မဂ္ဂမ်းပုံ သတို့သား မိဘနှစ်ဦးခမျာ မျက်စိ ငယ်၊ နားသူငယ်ဖြင့် ဟိုကြည့်သည် ကြည့် ငေးကြောင်ကြောင် ငေးကြည့် ကြရှာ၏။ မောင်ကျောက်ခဲကတော့ သားငယ်ဖြစ်သူကို စူးစူးကြည့်ရင်း ' ကောင် ငါ့ကို ဘာမှ ကြိုပြောမထား ဘူး၊ ကောင်းကောင်းကြီး အရှက် ရပြီ'ဟု တွေးနေမိ၏။

နှစ်ဖက်သော ပရိသတ်၏ နေမှုကို ဘိသိက်ဆရာက ဟ



www.burmeseclassic.com

www.burmeseclassic.com

ကာ ဘာတွေ ပြောသည်မသိ။ ထိုင်းလူမျိုး သတို့သမီးအုပ်စု ရယ်ကြမောကြလေရာ မြန်မာအုပ်စုသည်လည်း ယောင်တိယောင်ကမ်း ရောတိရောရာ ရယ်ကြကုန်၏။

မကြာမီ နှစ်ဖက်သော ထိုင်း-မြန်မာ မိသားစုများ ကြိုတင်ညှိနှိုင်းဆောင်း ပူးပေါင်းမှုဖြင့် မောင်ကျောက်ခဲတို့ သယ်ဆောင်လာသော 'ကွမ်းတောင်'၊ 'အုပ်'များအတွင်း ရွှေထည်ပစ္စည်းများ၊ အမေရိကန်ဒေါ်လာငွေများ၊ ထိုင်းဘတ်ငွေများ အပြည့်ရောက်လာလေ၏။

'အထင်မသေးကြပါနဲ့၊ ကျုပ်တို့သတို့သားဘက်ကလည်း အခြေအနေမဲ့မဟုတ်၊ ရွှေနဲ့ ငွေနဲ့'

ဟု ဆိုသည့်ပမာပင်။

သတို့သားက ထိုရွှေငွေများကို စုပေါင်းကာ ပဝါတစ်ထည်တွင် စုထုပ်ပြီး သတို့သမီး၏ မိဘများကို ကန်တော့ကာ သတို့သမီးနှင့် တွေ့ဆုံလိုပါကြောင်း ခွင့်တောင်းရသည်။ ဤတွင် သတို့သမီး၏ မိခင်ဖြစ်သူက သတို့သားကို သမီးဖြစ်သူထံ ခေါ်ဆောင်သွားလေ၏။ သတို့သားသည် မြန်မာ အဖေ၊ အမေ၊ ဆွေမျိုးသားချင်းများကို(လှည့်ကောင်း မကြည့်၊ ငုံ့စောင်း၍ပင် မလှည့်) ထားရစ်ကာ အမျိုးသမီး အခန်းဆီသို့ မိခင်ကြီးနှင့်အတူ ပါသွားလေ၏။

သတို့သမီး အခန်းတွင် မည်သို့မည်နှယ် ဆောင်ရွက်ကြသည်ကို မောင်ကျောက်ခဲတို့ မမြင်ရ၊ မသိရချေ။ ဓာတ်ပုံမှတ်တမ်းတင်ရန် ပါသွားသော သူမှ သိတာ မကြာမီ ခပ်သုတ်သုတ် ထွက်ခေါက်ပြန်ရောက်လာသဖြင့် လှမ်းပြီး စပ်စုကြည့်ရာ စက္ကူတစ်ရှူးထုပ် တစ်ထုပ် ယူသွားသည်ကို တွေ့လိုက်ရသည်(နောက်မှ သိရသည်မှာ ဘိသိက်ဆရာ၏ အလွမ်းစကားတွင် သတို့သမီးနှင့်သား ရက်ပေါင်း ၇၀၀ ငိုပွဲဆင်ကြည့်နယ် ငိုနေကြသောကြောင့် စက္ကူကူ လာယူရခြင်းဖြစ်သည်ဟု ဆို၏)။

များမကြာမီမှာတော့ သတို့သားသည် သတို့သမီးကိုတွဲကာ မောင်ကျောက်ခဲတို့ရှိရာ ဧည့်ခန်းဆောင်သို့ ပြန်ရောက်လာလေသည်။ နှစ်ဖက်သော ဆွေမျိုးသားချင်းများက လက်ခုပ်လက်ဝါး တီးကာ ပျော်ရွှင်စွာ ကြိုဆိုကြလေသည်။ သို့သော်…

သို့သော်… သတို့သမီးက ထိုင်းဘာသာစကားဖြင့် 'သူသည် သတို့သမီး မဟုတ်ကြောင်း၊ သတို့သားနှင့် လက်ထပ်မည့်သူ မဟုတ်ကြောင်း' ဘိသိက်ဆရာကို ပြောလေသည်။ အားလုံး အံ့အားသင့်သွားကြ၏။ 'ဟေ့… ဘယ်လိုတွေ ဖြစ်ကုန်တာလဲ လုပ်ကြပါဦး။ ရွှေတွေ၊ ငွေတွေ လက်ခံပြီးမှ ဘယ်လို ဖြစ်ကုန်ကြတာပါလိမ့်'ဟု မြန်မာအဖွဲ့ မိသားစု မျက်နှာထားတွေ တင်းသွားကြလေပြီ။

'ကျွန်မက သူ့ရဲ့ သတို့သမီး မဟုတ်ပါဘူး။ သူ့ရဲ့ သတို့သမီးက ကျွန်မရဲ့ အမြွာအစ်မပါရှင့်'ဟု ကြေညာလိုက်သောအခါမှ အားလုံး ပို၍ အံ့သြကြရပြန်သည်။

ဟုတ်ပေသားပဲ၊ တို့ ချွေးမလောင်းမှာ အမြွာညီမတစ်ယောက် ရှိနေတာပဲဟု မောင်ကျောက်ခဲတို့ အမှတ်ရလာသည်။ တကယ်တော့ အမြွာညီအစ်မ နှစ်ယောက်ကို အသုံးချကာ ထိုင်းဘိသိက်ဆရာက မင်္ဂလာပရိသတ် ပျော်ရွှင်ကြစေရန် သူ၏ ပညာကို ပြသလိုက်ခြင်း ဖြစ်ပေ၏(ကိုယ် ရုပ်ရှင်ရိုက်တုန်းက အမြွာဇာတ်လမ်းများဖြင့် ရုပ်ရှင်ကြည့် ပရိသတ်ကို လှည့်စားလာခဲ့သမျှသည်ကျမှ ကိုယ်ခံအလှည့်ပေတည်းဟု မောင်ကျောက်ခဲ အောက်မေ့ရလေပြီ)။


သည့်နောက်မှာတော့ ဇမာသတို့သားသည် ထိုင်းသတို့သမီးအစစ်ကို ခေါ်ဆောင်လာကာ နှစ်ဖက်မိဘများ၊ ဆွေမျိုးများရှေ့သို့ ရောက်လာခဲ့ကြပြီး သတို့သားက သူ၏ မိဘများကို ကန်တော့သလို သတို့သမီးကလည်း သူမ၏ မိဘများကို ကန်တော့လေ၏။ မိဘများက အသီးသီး ပွေ့ဖက်၍ ဆုမွန်ကောင်းများ ပေးကြရာ ကြည့်နေသော ဧည့်သည် ဆွေမျိုးများ ကြည်နူးမျက်ရည် ဝဲကြရလေပြီ။

ထို့နောက် ရေခွက်ကြီးတစ်ခွက်တွင် ရေများနှင့် ပန်းပွင့်များ ထည့်ထားပြီး သတို့သားနှင့် သတို့သမီးတို့က မောင်ကျောက်ခဲတို့ထံ ဒူးတုပ်လျှောက်လာရင်း ကမ်းပေး၏။ ထိုရေခွက်ကြီးနှင့်အတူ လင်ပန်းတစ်ချပ်အတွင်း ရွှေငွေ ပစ္စည်းများထည့်ကာ ယူလာ၏။ မောင်ကျောက်ခဲနှင့် မဥ္စမ်းပုံတို့က ပန်း





www.burmeseclassic.com



ပွဲ့မျ်ားနှင့် ရေကို လက်ယာရစ် အတူ တကွ လက်ဖြင့် မွေ့ပေးကြရ၏။ သတို့သမီး မိဘများရော၊ ဆွေမျိုးစုံတွဲနှစ်တွဲကပါ ထိုပန်းနှင့်ရေကို လက်ယာရစ် လှည့်ပေးကြလေ၏။ ရေကိုသား၍ အကြားမထင်၊ ပန်းလိုမွှေး၍ စမ်းနှယ် အေးပါစေဆိုသော နိမိတ်သဘောပေလော မဆိုတတ်ပြီ။ ထို့နောက် ရွှေနှင့်ငွေများကို ပဝါဖြူတစ်ထည်တွင် ထုပ်ကာ သတို့သမီး မိခင်ကို အပ်နှံကြလေသည်။

ထိုငွေထုပ်ကို သတို့သမီးမိခင်က ပခုံးပေါ်တွင် ထမ်း၍ သိမ်းဆည်းရန် အတွက် ဧည့်ခန်းမှ ထွက်သွားလေသည်။ ထိုသို့ ထွက်သွားရာတွင်(မင်္ဂလာဘိသိက်ဆရာ၏ ညွှန်ကြားချက်အရ)ရွှေထည် ငွေထည်များ အလွန်လေးလံလှသောကြောင့် ကြိုးစားထ,ကာ မနိုင်မနင်း သယ်ဆောင်သွားပုံကို သရုပ်ဆောင်ပြလေရာ နှစ်ဖက်သော ထိုင်းမြန်မာ ဧည့်ပရိသတ်ကြီး တဝါးဝါး ပွဲကျခဲ့ရလေတော့သည်။

သတို့သမီး၏ မိခင် ရွှေထုပ်ငွေထုပ်များကို ဆွေမျိုးများထံတွင် အပ်နှံပြီး၍ ဧည့်ခန်းဆောင်နေရာသို့ ပြန်လည်ရောက်ရှိလာသောအခါ သတို့သားဖြစ်သူသည် မိဘများထိုင်နေရာသို့ ဝပ်တွားသွားရောက်ပြီး မင်္ဂလာလက်စွပ် နှစ်ကွင်းကို ပြသလေသည်။ ထို့နောက် သတို့သား သတို့သမီးတို့သည် မင်္ဂလာလက်စွပ်များကို ဝတ်ဆင်ပြီး ဆွေမျိုးဧည့်ပရိသတ်များကို ပြသကြရာ အားလုံးက အားရဝမ်းသာ ချီးကျူးထောမနာ လက်ခုပ်သြဘာပေးကြလေတော့သည်။ ဤတွင် စေ့စပ်ကြောင်းလမ်းသည့် အခန်းကဏ္ဍ ပြီးမြောက်ဟန် တူလေသည်။

နောက်အစီအစဉ်မှာ သတို့သား သတို့သမီး နှစ်ဦးက ၄င်းတို့ လေးစားမြတ်နိုးရသူတို့ကို ဖိတ်ကြားပြီး ရေနွေးဖြင့် ဧည့်ခံခြင်း၊ မင်္ဂလာလက်ဖွဲ့များကို လက်ခံခြင်း အစီအစဉ်ဖြစ်လေသည်။

သတို့သားနှင့် သတို့သမီးက ကော်ဇောပေါ်တွင် ထိုင်ကာ ၄င်းတို့ လေးစားမြတ်နိုးရသူများက ဆက်တီခုံပေါ်တွင် ထိုင်၍ ရေနွေးကမ်းလှမ်းမှုကို လက်ခံသလို လက်ဖွဲ့ငွေများ၊ ပစ္စည်းများကို ပေးကြခြင်းဖြစ်လေသည်။ နှစ်ဖက်သော သက်ကြီးဆွေမျိုး မိတ်သင်္ဂဟများက တစ်ဦးပြီးတစ်ဦး၊ အချို့က ဇနီးမောင်နှံနှစ်ဦး ပူးတွဲ၍ ချီးမြှင့်ကြလေသည်။

ထိုင်းလူမျိုးထဲမှ ထူးထူးခြားခြား ချီးမြှင့်ပေးသူမှာ လွန်ခဲ့သော နှစ်ပေါင်း ၂၅ နှစ်နီးပါးက မောင်ကျော်ခဲနှင့် ခင်မင်ရင်းနှီးလာခဲ့သူ ထိုင်းအမျိုးသား ရုပ်ရှင်ပိဋကတ်တိုက် အကြီးအကဲ 'ခွန်ဒုံးဆပ်ဝေါင်'ဖြစ်လေသည်(၁၉၃၄ ခုနှစ် အေဝမ်းဖလင်းမှ ရောင်းချခဲ့သော 'ဖူး'ရုပ်ရှင်ကားကို သူ့ထံမှ မောင်ကျော်ခဲ ရရှိခဲ့ဖူးပါသည်)။ သားအငယ်မှာလည်း သူ့ရုပ်ရှင် ပိဋကတ်တိုက်တွင် ဖလင်ထိန်းသိမ်းနည်း သင်တန်း တက်ခဲ့ဖူးသူ ဖြစ်လေသည်။

ခင်မင်ခြင်း၊ ချစ်ခြင်းတို့သည် အတားအဆီးမရှိ၊ အကန့်အသတ်မရှိ၊ အရောင်မရှိ၊ လူမျိုးမရှိ ဆိုသည်ကို ခွန်ဒုံးတို့၊ ချယ်ရီတို့က ပြသနေသည့်နှယ် မောင်ကျော်ခဲ ခံစားရသည်။

နောက်ဆုံး အစီအစဉ်တွင်...။

ပထမပိုင်း ကျင်းပသောနေရာမှ ဆက်တီခုံကို ဖယ်ရှားပြီး တင့်တယ်သပ္ပာယ်သော ဘုရားရုပ်ပွားတော်နှင့် ဘုရားစင်ကိုလည်းကောင်း၊ သတို့သား သတို့သမီးနှစ်ဦး မင်္ဂလာရေဖြင့် သွန်းဖျန်းခံရန် ထိုင်ခုံနှစ်ခုံနှင့် ရေသွန်းကရား





www.burmeseclassic.com

www.burmeseclassic.com



ကိုလည်းကောင်း၊ ပန်းအိုးကြီးများ ကျက်သရေရှိအောင် ပြင်ဆင်ထား ၊ ပထမဦးစွာ သတို့သားနှင့် သမီးတို့က ဘုရားစင်မှ ဗုဒ္ဓရုပ်ပွား ရှေ့မှောက်တွင် ဆီမီးထွန်းညှိ ခြင်းများ ပြုလုပ်ကြရသည်။

နောက် မင်္ဂလာရေ သွန်းဖျန်းခံ နေသော သတို့သား၊ သတို့သမီး နှစ်ဖက်သောမိဘများ ရောက်လာ ကျက်ထောက်မင်္ဂလာ ဘိသိက်ဆရာ သော ဦးခေါင်းစွပ် ၂ ကွင်းကို ကြရသည်။ ထိုဦးခေါင်းစွပ်ကွင်း သားဓ၏ ဦးခေါင်း၊ သတို့သမီး ခေါင်းနှင့် အံဝင်ခွင်ကျ လုပ်ထား ထိုကွင်း ၂ ကွင်းကို သွယ်လျ ချည်ကြိုးဖြူတစ်ချောင်းနှင့် ဆက် ချည်နှောင်ထား၏။ သတို့သား၏ သတို့သား၏ ဦးခေါင်းပေါ် ထိုကွင်းကို စွပ်ပေးရသလို သတို့ မိဘများကလည်း သတို့သမီး ခေါင်းပေါ်တွင် ကွင်းကို စွပ်ပေး ထိုကွင်း ၂ ကွင်းကို ဆက်နွယ် ထားသော ချည်ကြိုးဖြူလေး သားနှင့် သတို့သမီး နှစ်ဦး၏ သွယ်တန်းလျက်ရှိ၏။ ခိုင်မာ သောစဉ်ကြိုးဟု တင်စားခေါ် ကောင်းပေ၏။

နောက် သတို့သားနှင့် သတို့ လက်များကို ထပ်ကာ ရေစင် င်းပေးရသည်။ ထို့နောက် ဘက်မှ ဆွေမျိုးဖြစ်သည့် ယ်ကြီးသော အမျိုးသမီးကြီးတစ်ဦးက သတို့သားနှင့် သတို့သမီး၏ နဖူးပေါ်သို့ အဖြူရောင် ထုံးကဲ့သို့သော ဆေးအဖြူ သုံးစက်စီကို မှတ်မှတ်သားသား တို့ပေး ချီးမြှင့်ပေးလေသည်။

ပြီးလျှင် မြန်မာ၊ ထိုင်း ဆွေမျိုးအားလုံးက သတို့သား၊ သတို့သမီး၏ လက်တို့ကို မင်္ဂလာရေချမ်း သွန်းဖျန်းပေးကြလေသည်။

အားလုံး ရေစင်သွန်းလောင်းပြီးသည့်နောက် မောင်ကျောက်ခဲတို့ နှစ်ဖက်သော မိဘများက သတို့သား၏ ဦးခေါင်းနှင့် သတို့သမီး၏ ဦးခေါင်းပေါ်တွင် စွပ်ထားသော ကွင်းများကို ဖြုတ်ပေးကြရသည်။ ချည်နှောင်ထားသော ကြိုးဖြူကို လက်ယာရစ် လိမ်ကာ ဘိသိက်ဆရာထံ အပ်ရလေ၏။

သည့်နောက်မှာတော့ နေ့လယ်စာကျွေး၏။ ထိုင်းအစားအစာလည်း မဟုတ်၊ မြန်မာအစားအစာလည်း မဟုတ်၊ တရုတ်အစားအစာဖြစ်လေသည်။

သတို့သား မိဘနှင့် သတို့သမီး မိဘတို့၏ တာဝန်ကား မပြီးသေး။ ဘိသိက်ဆရာ၏ ဦးဆောင်မှုဖြင့် ဟိုတယ်ခန်း တစ်ခန်းသို့ သွားကာ အိပ်ရာအခမ်းအနား အပ်နှံသော အစီအစဉ်ကို ပြုလုပ်ရသေးသည်။ ဤအစီအစဉ်မှာ ထိုင်းရိုးရာ ဟုတ်ဟန်မတူ၊ ဖြည့်စွက်အစီအစဉ် ထင်၏။ နှစ်ဖက်သော မိဘများက အိပ်ရာအခမ်းအနား သန့်ပြန့်မှု ရှိမရှိ၊ ခိုင်ခံ့မှု ရှိမရှိ စမ်းသပ်ပြီး သတို့သား၊ သတို့သမီးကို အိပ်ရာခုတင်ပေါ်သို့ ပို့ဆောင်ပေးခြင်းဖြင့် အခမ်းအနားကို နိဂုံးကမွတ် အဆုံးသတ်လေတော့သည်။

အတိုင်းအဆ ကြီးမားသလောက် အဆုံးအစမရှိသော အနန္တမေတ္တာတရား၏ စွမ်းအားသည်ကား လူသားတို့၏ ငြိမ်းချမ်းသာယာမှုကို အထောက်အပံ့ပေးနိုင်စွမ်းပေလိမ့်မည်ဟု မျှော်လင့်ရင်း မောင်ကျောက်ခဲ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ပါ၏။ ကိုယ့်နိုင်ငံ ပြန်ရောက်ခါနီး သီချင်းလေးတစ်ပိုဒ်တော့ ညည်းလိုက်မိပါသည်။


*'(ဝေဟင်×××လေယာဉ် အဝေးအနီး ပြန်လာရင်)' ကြည်နူးသဒ္ဒါ အမြဲသာ ကြည်ညိုစိတ်အပြည့် (လှမ်းကြည့်ပူဇော်)' သိဂ္ဂုတ္တရတောင်ပေါ်က လေးဆူလေးဓာတ်တော် ရွှေတိဂုံကို မြင်လျှင်×××ရွှေတိဂုံကို မြင်လျှင်××× ကိုယ့်ရေ×××ကိုယ့်မြေ ကိုယ့်ပြည်ကိုပင် ပြန်ရောက်ပြီမို့×××စိတ်အားလွှန်ပျော်ရွှင်×××)* ■

**ကြည်စိုးထွန်း**



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော် ဟီးသ်လယ်ဂျာပါ

**ရာပြည့်**

Heath Ledger ဟာ ကလေးဘဝအရွယ်ကတည်းက သူ့အိပ်ခန်းမျက်နှာကြက်မှာ ကပ်ထားတဲ့ မီးစုန်းအရောင် ကြယ်ပွင့်လေးတွေကို လက်ညှိုးညွှန်ပြရင်း 'အဲဒါ ကျွန်တော်သွားမယ့်နေရာပဲ။ ကျွန်တော် ကြီးလာရင် ရုပ်ရှင်မင်းသားလုပ်မှာ'လို့ သူ့အဖေကို ပြောပြတတ်သူပါ။ သူဟာ သူ ပြောခဲ့တဲ့စကားကို ဥက္ကာပျံတစ်ခုရဲ့ အမြန်နှုန်းမျိုးနဲ့ အကောင်အထည်ဖော်စေခဲ့တယ်။ အသက် ၁၉ နှစ်အရွယ်မှာပဲ ဩစတြေးလျနိုင်ငံ ပါ့သ်မြို့က ရေလှိုင်းစီးသမားလေးဟာ 10 Things I Hate About You လို့ အမည်ရတဲ့ အချစ်ဟာသဇာတ်ကား တစ်ကားမှာ ခေါင်းဆောင်မင်းသား အဖြစ် ပါဝင်သရုပ်ဆောင်ခွင့် ရခဲ့ပြီး ငွေကြယ်တစ်ပွင့် မွေးဖွားလာခဲ့ပါတော့တယ်။

'တစ်ခါတလေမှာ ရုပ်ချောလို့ပဲဖြစ်ဖြစ်၊ အရည်အချင်းရှိလို့ပဲဖြစ်ဖြစ်၊ အချိန်ကိုက် တိုက်ဆိုင်သွားလို့ပဲဖြစ်ဖြစ် လူတစ်ယောက်ဟာ အောင်မြင်ကျော်ကြား လာတတ်ပါတယ်'လို့ မင်းသမီး Naomi Watts က ဆိုပါတယ်။ Naomi ဟာ လော့စ်အိန်ဂျလိစ်ကို Heath Ledger ပြောင်းရွှေ့အခြေစိုက်ခါစမှာ လက်တွဲဖြစ်ခဲ့တဲ့ ချစ်သူဟောင်း ဖြစ်ပါတယ်။ 'ဒါပေမဲ့ သူ့လိုလူမျိုးအတွက်ကတော့ အားလုံး ဆုံပြီးကျလာတာပါပဲ'လို့လည်း Naomi Watts က ဆိုပါတယ်။ 'နာမည်ကျော်ကြားသူတွေရဲ့ ပုံစံခွက်ထဲကို မဝင်လိုဘဲ လွတ်လွတ်လပ်လပ်နဲ့ အိပ်မက်တွေကို မက်လိုသူ၊ Heath Ledger အတွက်ကတော့ နေ့ချင်းညချင်း အောင်မြင်ကျော်ကြားမှုက စိတ်မသက်မသာစရာတွေပါပဲ။ ငယ်သူငယ်ချင်း တစ်ယောက်ဖြစ်တဲ့ Kane Manera က 'သူဟာ တောမီးလိုပဲ။ သူ့ကို ပုံစံခွက် တစ်ခုတည်းမှာ ထည့်ထားလို့ရတာ မဟုတ်ဘူး'လို့ ပြောပြပါတယ်။

၂၀၀၅ ခုနှစ်ထုတ် **Brokeback Mountain** ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင် ခဲ့ပြီးနောက် သူ့ရဲ့တွဲဖက်သရုပ်ဆောင် မင်းသမီး Michelle Williams နဲ့ ချစ်ကြိုးသွယ်ခဲ့ပြီး သမီးလေး Matilda Rose ကို ၂၀၀၅ ခုနှစ်ထဲမှာပဲ ဖွားမြင်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့အကြောင်း ကောင်းကောင်း သိထားကြသူတွေက သူဟာ သူ့ကိုယ်သူ အစွန်းရောက်အောင် တွန်းပို့လွန်းတယ်လို့ ဆိုကြတယ်။ 'ကိုယ့်မှာ အချိန်တွေ အများကြီး ရှိသေးတယ်လို့ စိတ်ထဲမှာ မခံစားရဘူး။ အဲဒီလောက် အချိန်တွေ အကြာကြီး နေရဦးမယ်လို့ မထင်ဘူးလေ။ ဘာကြောင့်မှန်းလဲတော့ မသိဘူး။ 'လုပ်ချင်တာတွေကို အခုနေ လုပ်သွားရမှာ'လို့ Heath Ledger က ပြောခဲ့ဖူးကြောင်း သူ့ရဲ့ သူငယ်ချင်းတစ်ယောက်က ပြောပြပါတယ် သူ့စကား မှန်ခဲ့တာကလည်း စိတ်မကောင်းစရာ ပါ။ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့မှာ အသက် ၂၈ နှစ်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အရွယ်ပဲရှိသေးတဲ့ မင်းသား Heath Ledger ကို သူ့ရဲ့ မန်ဟက်တန်နေအိမ်မှာ တားမြစ်ဆေးဝါး အလွန်အကျွံ သုံးစွဲမှုကြောင့် သေဆုံးနေတာ တွေ့ခဲ့ကြရတာကြောင့်ပါ။ သူဟာ သေဆုံးမယ့်နေ့ မတိုင်ခင် သီတင်းပတ်တွေမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာတစ်ရပ်အပြင် ညဘက် အိပ်မပျော်တဲ့ ရောဂါတစ်မျိုးကိုပါ ခံစားနေခဲ့ရသူဖြစ်ပါတယ်။ အခုတော့ **I Am Heath Ledger** အမည်ရ မှတ်တမ်းရုပ်ရှင်ဇာတ်ကားမှာ သူ့ရဲ့ ကိုယ်ပိုင်ဘဝနဲ့ ဘယ်လိုရုန်းကန်ခဲ့တယ်ဆိုတာတွေကို သူ့ရဲ့မိသားစုဝင်တွေနဲ့ မိတ်ဆွေအပေါင်းအသင်းတွေကို တွေ့ဆုံမေးမြန်းထားတာတွေကတစ်ဆင့် ပရိသတ်တွေ စူးစမ်းလေ့လာနိုင်မှာ ဖြစ်သလို သူကိုယ်တိုင် ရိုက်ကူးထားပြီး ပရိသတ်တွေ တစ်ခါမှ ကြည့်ခွင့်မရသေးတဲ့ ဗီဒီယိုဖိုင်တချို့ကိုလည်း မြင်တွေ့ခွင့်ရရှိမှာ ဖြစ်ပါတယ်။(**I Am Heath Ledger** အမည်ရ မှတ်တမ်းရုပ်ရှင်ဇာတ်ကားကို Tribeca Film Festival ရုပ်ရှင်ပွဲတော်မှာ ဧပြီလ ၂၃ ရက်နေ့မှာ ရုံတင်ပြသပေးမှာဖြစ်ပြီး မေလ ၁၇ ရက်နေ့မှာတော့ Spike TV က ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်။) 'ဒီမှတ်တမ်းရုပ်ရှင်ဇာတ်ကားဟာ Heath Ledger ကိုယ်တိုင်က ကျွန်တော်တို့ကို သူ့ရဲ့ဘဝခရီးစဉ်ထဲ ခေါ်သွားသလိုပဲ' လို့ **I Am Heath Ledger** မှတ်တမ်းရုပ်ရှင်ရိုက်ကူးသူ ဒါရိုက်တာ Derik Murray က ပြောပြခဲ့ပါတယ်။ အခုအချိန်မှာ အသက် ၁၁ နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ သမီးလေး Matilda Rose အတွက်တော့ ဒီမှတ်တမ်းရုပ်ရှင်က စမ်းသပ်ချက်တစ်ခုလိုလည်း ဖြစ်ခဲ့ရပါတယ်။ 'ကျွန်မတို့က Matilda ကို သူ့အဖေအကြောင်းတွေ ပြောရုံပဲ ပြောပြနိုင်တာလေ' လို့ Heath Ledger ရဲ့ အစ်မဖြစ်သူ Kate Ledger က ပြောပြခဲ့ပါတယ်။ 'ဒါပေမဲ့ ဒီမှတ်တမ်းရုပ်ရှင်ဇာတ်ကားကျတော့ သူ့အဖေရဲ့ လှုပ်ရှားပြုမူပုံတွေ၊ ပြောပုံဆိုပုံတွေပါ။ သမီး Matilda မြင်




ဟီးသ်လယ်ဂျာ(ခ)နဲ့ အခင်ဆုံးသူငယ်ချင်း ထရီဖော်ဒီကလို(၁၉၈၃)




၁၉၈၉ ခုနှစ်က ကျောင်းသားဘဝ

3 အိမ်ကမထွက်ခွာခင် နှစ်နှစ်က ထရီဖော်ဒီကလိုနဲ့ ဟီးသ်လယ်ဂျာ



နှမဖြစ်သူ ကိတ်က ဟီးသ်နဲ့နေရတာ အမြဲပျော်စရာကောင်းပါတယ်လို့ ဆိုခဲ့ပါတယ်




www.burmeseclassic.com

www.burmeseclassic.com

…ရနိုင်တာပေါ့။ ဒီမှတ်တမ်းရုပ်ရှင် …ကူးနိုင်ဖို့အတွက် သူ့ဘဝမှတ်တမ်း …တစ်ခုစီ၊ တစ်ခုစီ မှတ်တမ်းပြုထားခဲ့ …တွေက သူ့သမီးလေးအတွက် ရည် …ပြီး လုပ်ပေးထားခဲ့သလိုပါပဲ'။ သူ့ … ချစ်မြတ်နိုးကြတဲ့ သူတွေကတော့ …တွေရဲ့ အမှတ်တရတွေကို မျှဝေ Grennell က ပြောပြခဲ့ပါတယ်။

သြစတြေးလျနိုင်ငံရဲ့ ပင်လယ်ကမ်းခြေ မြို့လေးတစ်မြို့ဖြစ်တဲ့ ပါ့သ်မြို့မှာ ကြီးပြင်းလာခဲ့သူ၊ သြစတြေးလျသားလေးဟာ သူ့ရဲ့စွမ်းအင်တွေနဲ့ လူချစ်လူခင်ပေါများမှုတွေကို ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ ဖော်ထုတ်ပြသလာခဲ့သူ ဘယ်အရာကမှ သူ့ကို မတားဆီးနိုင်ကြောင်းလည်း ပြောပြပါတယ်။

ငယ်သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ Kane Manera ကတော့ Heath နဲ့ ပတ်သက်တဲ့ အမှတ်တရစကားကို အခုလို ပြောပြပါတယ်။ 'ကျွန်တော်တို့ တက်တဲ့ ကျောင်းက ယောက်ျားလေး



…အားဖြင့် Heath Ledger ရဲ့ …တဲ့ အလင်းရောင်ဟာ ဆက် … ဒွန်းလင်းတောက်ပမြဲ …သိမ့်မယ်လို့ မျှော်လင့်ထား … ဖြစ်ပါတယ်။ 'Heath …ယ်တစ်ပွင့်ထက်မကတဲ့သူ … သူ့ရဲ့ သူငယ်ချင်းလည်း …သည်းပြလည်းဖြစ်တဲ့ Gerry ဖြစ်ပါတယ်။

အစ်မဖြစ်သူ Kate Ledger က ဆယ်ကျော်သက်အရွယ် Heath ကို ပြုပြင်ပြောင်းလဲဖို့ ကြိုးစားရတာဟာ မြင်းရိုင်းတစ်ကောင်ကို လေ့ကျင့်ပေးရသလိုပဲလို့ မိဘတွေက ပြောခဲ့ကြောင်း အမှတ်တရ ပြန်ပြောပြပါတယ်။ သူက သူလိုချင်တာကို သူသိတဲ့လူဖြစ်ပြီး ကျောင်း၊ လုံးဝကို ရှေးရိုးဆန်တဲ့ ကျောင်းပေါ့။ အနီးဝန်းကျင်မှာ မိန်းကလေး လုံးဝ မရှိဘူးလေ။ Heath က မိန်းကလေးတွေနဲ့ပဲ လုံးလားထွေးလား နေနိုင်မယ့် အခွင့်အရေးကိုပဲ ရှာနေတာ။ ကျွန်တော်တို့ အသက် ၁၆ နှစ်လောက် အရွယ်ရှိမယ် မှတ်တယ်။ Heath က အတန်းထဲမှာ သချ်ာ သိပ်မရဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com

ဆရာလုပ်တဲ့လူက ပြောတယ်။ 'သချိုာလေးမှ မရဘဲ မင်းကြီးလာရင် ဘာလုပ်မှာလဲ'တဲ့။ Heath က ပြန်ဖြေတယ်။ 'ကျွန်တော် ဒီကနေထွက်ပြီး ရုပ်ရှင်မင်းသား သွားလုပ်မှာ'လို့ဆိုတော့ ဆရာက 'ကောင်းပြီလေ၊ ဘာဖြစ်လာမလဲ ကြည့်ရသေးတာပေါ့'လို့ ဆိုခဲ့တယ်။

Heath ရဲ့အရင်းနှီးဆုံး သူငယ်ချင်း Trevor DiCarlo ကလည်း အခုလို ပြောပြပါတယ်။ 'ပါ့သ်မြို့မှာ စူးစမ်းလေ့လာစရာတွေ ကုန်ပြီလို့ ကျွန်တော်




တို့စိတ်ထဲ အထင်ရောက်လာခဲ့ချိန်မှာ နှစ်ယောက်လုံး အသက် ၁၇ နှစ်လောက်ပဲ ရှိကြပါသေးတယ်။ ဆစ်ဒနီမှာက စိတ်ဝင်စားစရာတွေ အများကြီး ပိုပြီး ရှိမယ်လို့ တွေးခဲ့ကြတယ်လေ။ ဆစ်ဒနီကို သွားချင်စိတ်တွေ တဖွားဖွား ဖြစ်လာခဲ့ရတယ်။ Mazda 626 ကားဟောင်းလေးတစ်စီးကို ကျွန်တော်တို့ မောင်းသွားကြတာ။ ခရီးစပြီး ပထမနာရီအတွင်းမှာပဲ ယာဉ်ထိန်းရဲ့ အတားခံရပြီး ချလန်နှစ်စောင်အဖြတ်ခံလိုက်ရတော့တယ်။

၁၉၉၈ ခုနှစ်မှာ ဟောလိဝုဒ်ကို Heath Ledger ခြေချမိခဲ့ပြီး သူ့ရဲ့ သရုပ်ဆောင်အလုပ်ဟာနေ့ချင်းညချင်းဆိုသလိုပဲ အရှိန်အဟုန်ကောင်းလာတော့တယ်။

Heath ရဲ့သူငယ်ချင်းတစ်ယောက်လည်းဖြစ်ပြီး ရုပ်ရှင်လုပ်ငန်းမှာလည်း တွဲဖြစ်ခဲ့သူတစ်ယောက်ဖြစ်တဲ့ Matt Amato ကလည်း အခုလို ပြောပြပါတယ်။ 'သူက ကျွန်တော့်အခန်းဖော်ပါ။ သူငယ်ချင်းလည်း သူငယ်ချင်းပေါ့။ **10 Things I Hate About You** ဇာတ်ညွှန်း ရေးထားပြီးခါစအချိန်ပေါ့။ အဲဒီဇာတ်လမ်းထဲမှာ ဇာတိမြို့ကနေ ထွက်လာခဲ့တဲ့ ကောင်လေးတစ်ယောက်အကြောင်းပါတယ်။ ကျွန်တော်က ပြောတယ်။ 'အဲဒီကောင်လေးက အခုဒီမှာ နေနေပြီး အလုပ်မရှိဘူး ဖြစ်နေတယ် မဟုတ်လား၊ ကြိုးစားကြည့်ပါလား'လို့ပေါ့။ Heath က ဇာတ်ညွှန်းကို ဖတ်ကြည့်ပြီးပြောတယ်။ 'ပက်ထရစ်က ခေါင်းဆောင်မင်းသားနေရာပဲ။ ဒီနေရာက ကိုယ်လိုချင်တဲ့နေရာပဲ'လို့ ဆိုတယ်။ သရုပ်ဆောင်ရွေးပွဲ ဝင်ပြီးတဲ့နောက်မှာ သူကပြောလာတယ်။ 'ပက်ထရစ်နေရာကို ရပြီထင်တာပဲ'တဲ့။

ပက်ထရစ်အဖြစ် ပါဝင်သရုပ်ဆောင်ခွင့် ရခဲ့တာက သူ့ရဲ့သရုပ်ဆောင်အလုပ်ကို ပွဲဦးထွက်ခွင့် ရခဲ့တာပါပဲ။ ဒါပေမဲ့ သူက ဆယ်ကျော်သက်တွေ စံထားတဲ့ ပုံစံခွက်ထဲက ဇာတ်ရုပ်တစ်ခုလိုမျိုး အတွေးကိုတော့ မုန်းတီးသူဖြစ်ပါတယ်။

Heath Ledger ရဲ့ ငယ်သူငယ်ချင်း N'fa Forster-Jones ကလည်း Heath နဲ့ ပတ်သက်တဲ့ အမှတ်တရတွေကို အခုလို ပြောပြပါတယ်။ 'သူက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဘဝကို တွန်းပို့ခံခဲ့ရတာ။ သူက စတူဒီယိုအကြီးအကဲတစ်ယောက်နဲ့ တွေ့ခဲ့ရတဲ့အကြောင်း ကျွန်တော့်ကို ပြန်ပြောပြခဲ့တယ်။ အဲဒီလို ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လိုလူမျိုး သူမလုပ်ချင်ဘူးလို့ ငြင်းခဲ့တာ။ အဲဒီလို ငြင်းတော့ သူရထားတဲ့ အရာရာကို ဆုံးရှုံးရတော့မလိုဖြစ်သွားခဲ့တယ်လို့ ပြောပြတယ်လေ။ အဲဒီနောက်မှာ **Monster's Ball** ဇာတ်ကားရိုက်ခဲ့တယ်။ သူက ပင်လယ်ကမ်းခြေမှာ နည်းနည်း တော့ ပျော်အောင်နေတတ်လာပြီလေ။ ကိုယ်ဂရုမစိုက်တဲ့ ငွေကြေးနဲ့ အောင်မြင်မှုအတွက် ကိုယ်မုန်းတီးတဲ့ အရာတစ်ခု ဘာကြောင့် အဖြစ်ခံရမှာလဲ'

လော့စ်အိန်ဂျလိစ်မြို့ အနီးက Los Feliz မြို့မှာရှိတဲ့ Heath ရဲ့ နေအိမ်ဟာ နောက်တော့ သူနဲ့ သူ့ရဲ့ချစ်သူဖြစ်လာမယ့် Naomi Watts အပါအဝင် သူငယ်ချင်းတွေ ဆုံစည်းကြတဲ့နေရာ ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com




ပါတယ်။ အဆိုတော် သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ Mia Doi Todd ကလည်း Heath အကြောင်း အခုလို အမှတ်တရ ပြောပြခဲ့ပါတယ်။ 'သူက အချက်အပြုတ် ကောင်းတဲ့ လူတစ်ယောက်ပဲ။ ... စားပွဲအရှည်ကြီး တစ်လုံးမှာ ... အများကြီးနဲ့ ထမင်းစားရတာကို ... တယ်လေ။ ဘိုလောဂ်နီးစ်လို့ခေါ် ... အီတလီအချဉ်တစ်မျိုးကို သူကောင်း ... ကောင်းလုပ်တတ်တယ်။ သူက တံခါး ... ကို ကျင့်သုံးသူလည်းဖြစ်တယ်' Heath ဟာ သူ့ရဲ့အရပ်အနားမရှိတဲ့ ဇွမ်း ... တွေနဲ့အတူ ပျော်စရာတွေ အမြဲရှာ ... ပါတီပွဲတွေ ကျင်းပတတ်သူပါ။

'လော့စ်အိန်ဂျလိစ်မြို့လယ်က La ... လို့ခေါ်တဲ့ နေရာလေးမှာ သောကြာ ... တိုင်း သွားကကြဖို့ သူက ခေါ်လေ့ ... ' လို့ သူငယ်ချင်းတစ်ယောက်ဖြစ် ... ကပြောပြပါတယ်။ 'အဲဒီမှာ ... ဂေးပါတီပွဲရှိတယ်လေ။ ဘာ ... နေနေ သောကြာနေ့တိုင်း သွား ... ၊ သွားရလေ ပျော်လေပါပဲ'

... မဖြစ်သူ Kate Ledger က ... ) Rose Byrne နဲ့အတူ Vegas ... သွားခဲ့ယ်ဆုံးဖြတ်ကြတယ်။ Vegas ... တော့ အထည်ဆိုင်တစ်ဆိုင်ဝင်ပြီး ... တွေဝယ်ကြတယ်။ နာမည်ကို ... အတိုင်း မပေးခဲ့ကြဘူးလေ။ ... ရဲ့နာမည်ကို Sonny Clay လို့ ... တာ' လို့ ပြန်ပြောပါတယ်။

... သမား သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ Ben Harper ကတော့ ... စားဖို့ရာ ဘာမှ ကြိုပြော ... ပေါက်ချလာတတ်တာ ... တစ်ယောက်ပဲရှိတယ်။ မနက် ... ရှစ်နာရီကြားထဲလောက်ကို ... ရောက်လာတတ်တာ။ သူ့မှာ ...ground.com ဆိုတဲ့ အီး ... စာမျိုး ရှိတယ်။ အဲဒီ အီး ... စာကို ကျွန်တော် တော်တော် ... ခဲ့ပါဘူး' လို့ပြောပြပါတယ်။

... ခုနှစ်မှာတော့ Heath က ... Mountain ဇာတ်ကားမှာ



၁၉၉၇ ခုနှစ်က တွေ့ရတဲ့ ဟီသ်လယ်ဂျာ 1

40 ၁4

ဂေးတစ်ယောက်အဖြစ် ပီပီပြင်ပြင် ပါဝင်သရုပ်ဆောင်ပြီး ပရိသတ်တွေကို အံ့အားသင့်စေခဲ့ပါတယ်။ ရိုက်ကွင်းပြင်ပမှာတော့ Heath ဟာ သူ့ရဲ့ တွဲဖက်သရုပ်ဆောင် Michelle Williams နဲ့ ချစ်သူတွေ ဖြစ်ခဲ့ကြပါတယ်။

'Heath က တစ်ခုခု လုပ်ချင်ပြီဆိုရင် အသေအချာ အာရုံစူးစိုက်လုပ်တတ်သူပါ' လို့ Manera က ထပ်ပြောပြပါ



နှမဖြစ်သူ မစ်ရှယ်လ်နဲ့ ၂၀၀၅ ခုနှစ်က တွေ့ရစဉ်





www.burmeseclassic.com

www.burmeseclassic.com

တယ်။ 'Michelle ကို မြင်မြင်ချင်းပဲ သူတကယ် လိုချင်တပ်မက်လာလိုက်တာ ကိုးကျော်တယ် ပြောရမှာပဲ'

Heath နဲ့ Michelle အကြောင်းကို Forster-Jones ကလည်း အခုလို ပြောပြပါတယ်။ 'အီတလီနိုင်ငံ ဗင်းနစ္စမြို့မှာ မဆုံခင်ကတည်းက Michelle အကြောင်းကို ကျွန်မကြားခဲ့ပြီးသားပါ။ Heath က ကျွန်မကို လေဆိပ်မှာ စပိဘုတ်နဲ့ လာကြိုသွားတာလေ။ စိတ်လှုပ်ရှားလွန်းလို့ ပေါက်ကွဲသွားတော့မယ့်အတိုင်းပဲ'

၂၀၀၅ ခုနှစ်မှာ Heath နဲ့ Michelle တို့က သမီးလေး Matilda ကို မွေးဖွားခဲ့ကြပါတယ်။

'Heath က ဘယ်လို စိတ်ကူးယဉ်ပုံမျိုးကိုမှ သမားရိုးကျအတိုင်း တွေးတတ်သူ မဟုတ်ပေမဲ့ တစ်နေ့မှာတော့ သူက 'ဖခင်တစ်ယောက်ဖြစ်ချင်ပြီ' လို့ ပြောလာခဲ့တယ်။ ချက်ချင်းလိုပဲ သမီးလေး Matilda ကို ယူခဲ့ကြတယ်။ သမီးလေးနဲ့အတူ ရှိနေချိန်တွေမှာဆိုရင် သူ့ခန္ဓာကိုယ်ပုံသဏ္ဌာန်တောင် ပြောင်းသွားသလိုပဲ။ သူတို့နှစ်ယောက်ဟာ ချိတ်ဆက်နေတာလေ' လို့ Manera က ထပ်ပြောပြခဲ့ပါတယ်။

Ben Harper ကလည်း Heath နဲ့ သမီးလေး Matilda အကြောင်း အမှတ်တရတွေကို အခုလို ပြောပြပြန်ပါတယ်။ 'Heath ရဲ့အိမ်မှာ သူ့ရဲ့စန္ဒရားဘေး ဝိုင်းထိုင်ပြီး တစ်ညလုံး သီချင်းတွေဆိုခဲ့ကြတဲ့ နောက်နေ့မနက်မှာ ကျွန်တော်နေတဲ့ လမ်းထဲမှာ အော်ပြောသံတွေ ကြားရတယ်။ 'Ben Harper အတွက် Mr. Heath Ledger ဆီက စန္ဒရားတစ်လုံး လာပို့ပါတယ်ခင်ဗျား' လို့ အော်လာတာ၊ ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ရတယ်လေ။ Heath က ပြောတယ်။ 'အဲဒါ မင်း စန္ဒရားပဲ' တဲ့။ အဲဒီနောက် သီတင်းနှစ်ပတ်လောက်နေတော့ ကျွန်တော့်ဆီ သူ ဖုန်းဆက်လာပြီး သူ့ရဲ့ သမီးလေးအတွက် ကလေးချော့ သီချင်းတစ်ပုဒ် ရေးပေးဖို့ ပြောလာခဲ့တယ်။ ကျွန်တော် ကြုံဖူးသမျှ သူတွေထဲမှာ သူက အခံစားတတ်ဆုံးပဲ'

ဒါပေမဲ့ ၂၀၀၇ ခုနှစ်မှာ Ledger နဲ့ Williams တို့ လမ်းခွဲခဲ့ကြတယ်။ အဲဒီနောက် သူက **The Dark Knight** ဇာတ်ကားထဲက ဇာတ်ရုပ် Joker နေရာမှာ သူ့ကိုယ်သူ မြှုပ်နှံထားလိုက်တယ်။ အဲဒီကားပြီးတော့ **The Imaginarium of Doctor Parnassus** ဇာတ်ကား ဆက်ရိုက်တယ်။ ရုပ်ရှင်ရိုက်ကူးရေးတွေ ဆက်နေတာက သမီးလေး Matilda ကို မေ့ထားစေဖို့ဖြစ်ခဲ့ပါတယ်။ ပြီးတော့ သူ့ရဲ့ပင်ပန်းနွမ်းနယ်မှုတွေကိုလည်း ပိုပြီးတိုးလာစေခဲ့တာပေါ့။

အဆိုတော် သူငယ်ချင်း Dio Todd က Michelle နဲ့ လမ်းခွဲပြီးကြတဲ့နောက်ပိုင်း Heath နဲ့ပတ်သက်တဲ့ အမှတ်တရတွေကို အခုလို ပြောပြပါတယ်။ 'Michelle နဲ့ လမ်းခွဲခဲ့ကြရတာက သူ့ကို အစွန်းတစ်ဖက်ရောက်အောင် တွန်းပို့လိုက်တာပဲလို့ ကျွန်တော့်စိတ်မှာ ထင်မိပါတယ်။ ဖခင်ကောင်းတစ်ယောက်၊ ကိုယ့်ရင်သွေးရဲ့မိခင်အတွက် လက်တွဲဖော်ကောင်းတစ်ယောက် မဖြစ်နိုင်တော့ဘူးဆိုတဲ့ အသိက သူ့ကို အထိနာစေခဲ့တယ်။ သူ့ပတ်ချာလည်မှာ သူကိုယ်တိုင် ဖန်တီးခဲ့တဲ့ ပြဿနာတွေ ဝိုင်းနေတာရဲ့အကြောင်းရင်းလည်း အဲဒါကြောင့်ပဲ ဖြစ်မှာပါ။ ရုပ်ရှင်တွေ အများကြီး ဖိရိုက်နေခဲ့ပြီး အချိန်နာရီတွေဟာ ရှုးချင်စရာချည်းပါပဲ'

သူ့ရဲ့အဆိုနည်းပြလည်းဖြစ်၊ သူငယ်ချင်းဆိုလည်းဟုတ်တဲ့ Gerry Grennell ကလည်း အခုလို ပြောပြပါတယ်။ 'သူက သူ့ကောင်မလေးကို လွမ်းနေတာ၊ သူ့မိသားစုကို သတိရနေတာပါ။ သူက ဘယ်လိုမှကို မပျော်ရွှင်နိုင်အောင် ဖြစ်ခဲ့ရတယ်။ Michelle နဲ့ လမ်းခွဲရတာဟာ လွယ်ကူတဲ့ကိစ္စ တစ်ခုမဟုတ်ခဲ့ပါဘူး။ နှစ်ယောက်လုံး ခံစားကြရတာပါပဲ။ သူက ညဘက်မှာ ကောင်းကောင်း အိပ်မပျော်ဖြစ်ရာကနေ ဆေးဝါးမှီဝဲလာရတယ်။ ဒါပေမဲ့ အဲဒီဆေးတွေကလည်း အလုပ်မဖြစ်ပါဘူး။ 'ဒါကို ရုပ်ပစ်နိုင်မှဖြစ်မယ်' လို့ သူက ပြောခဲ့သေးတယ်'

'သူ မဆုံးခင် နောက်ဆုံး ခရစ္စမတ် ပွဲတော်မှာ ကျွန်မအိမ်ကို သူ ရောက်လာ ခဲ့တယ်' လို့ အစ်မဖြစ်သူ Kate Ledge က ပြောပြပါတယ်။ 'ကျွန်မတို့ ရုပ်ရှင် တွေ အတူကြည့်ကြတယ်။ ချက်ပြုတ် စားကြတယ်။ သူက ပင်လယ်ပြင်မှာ နေ့တိုင်း ရေသွားကူးတတ်တာလေ (လန်ဒန်ကို)ရုပ်ရှင်ရိုက်ဖို့ သူ ထွက်သွား ပြီးတဲ့နောက်မှာ သူ အအေးမိလာတယ် ဆေးတွေ ဒီလောက်အစုံသောက်နေ တာ သတိထားဦးလို့တောင် သူ့ကို ကျွန်မ သတိပေးခဲ့ပါတယ်။ သူက 'ဟုတ်ကဲ့ပါ ကေတီ' လို့တောင် ပြန်ပြော ခဲ့တယ်။ သူ မဆုံးခင်တစ်ည အရင်မှာ ကျွန်မတို့ရဲ့ညီမလေး Ashleigh (အသက် ၂၇ နှစ်)က သူ့နှာခေါင်းကို အပေါက် လိုက်ဖောက်ပေးဖို့ သူ့ကို ခြိမ်းခြောက် ခေါ်ယူတဲ့အကြောင်းပြောရင်း ရယ်ပွဲဖွဲ့ ဖြစ်နေကြသေးတာ။ ပြီးတော့ သူက 'ကျွန်တော်သွားမှဖြစ်မယ်။ မနက် ရှစ်နာရီခွဲလောက် လာခေါ်မယ်' လို့ ပြော လာတယ်။ ကျွန်မကတောင် သူ့ကို ချစ်တဲ့အကြောင်း နှုတ်ဆက်စကား ပြော ပြောဖြစ်ခဲ့ပါတယ်'

၂၀၀၈ ခုနှစ် ဇန်နဝါရီလ ရက်နေ့မှာ ထွက်ပေါ်ခဲ့တဲ့ Heath Ledger သေဆုံးမှုသတင်းဟာ တစ်ကမ္ဘာလုံး အံ့အားသင့် တုန်လှုပ်သွားစေခဲ့ပြီး သူ့ မိသားစုနဲ့ သူ့မိတ်ဆွေတွေရဲ့ အသည်း နှလုံးတွေကို နင်းခြေပစ်ခဲ့ပါတော့တယ်။

'စိတ်ထဲမှာတော့ အခုထက် Heath နဲ့ အဆက်အသွယ်ရှိနေတုန်းပဲ ခံစားနေမိဆဲပါ' လို့ အစ်မဖြစ်သူ Kate Ledger က ပြောပါတယ်။ သူ့ရဲ့သမီး ချောလေး Matilda ဆီကနေတစ်ဆင့် ဆက်သွယ်နေမိတာလေ။ အနားမှာ Heath ရောက်နေတဲ့အခါမျိုးမှာ သမီး လေးက Heath နဲ့ အရမ်းကို တူ တတ်တာ။ 'ဆံပင်လေး နောက်တွဲချ ထားတဲ့ Heath' လို့ ကျွန်မတို့က သ လေးကို ခေါ်လေ့ ရှိပါတယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com




ခုနှစ်က ... ကူးခဲ့တဲ့ 10 Things I Hate ... You ဇာတ်ကားမှာ ... ယာစတိုင်လ်နဲ့ သရုပ်ဆောင်စဉ်



... ခုနှစ်က ရိုက်ကူးခဲ့တဲ့ ...keback Mountain ... ကားမှ...



... ခုနှစ်က ရိုက်ကူးခဲ့တဲ့ The Dark Knight ... ကားမှ...



၂၀၀၆ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Saying Goodbye ဇာတ်ကားမှ...

... ဘာပဲလုပ်လုပ် စကိတ်ဘုတ် ... Heath ကို အမှတ်ရစရာတွေ ...။ Heath ဆုံးပြီး ပထမ ငါးနှစ် ...အတွင်းမှာ သမီးလေးကိုမြင် ... ကျွန်မ မျက်ရည်ကျနေမိတယ်။ ... အခုတော့ သမီးလေးဆီကနေ ... စီးဆင်းလာနေတဲ့ သူ့ဖေဖေရဲ့ ...တွေကို ကူးစက်ခံစားမိရင်း ...ကို မြင်တဲ့အခါတိုင်း ကျွန်မ ...ကျတော့ဘဲ ပျော်တတ်နေပါ...

■

ရာပြည့်

*Reference: Heath Ledger*

*'He Was Like Wild fire'*

*... McNeil-People Magazine.*




သူကွယ်လွန်သွားစဉ် ပရိသတ်များက သူ့အခန်းရှေ့မှာ ချထားခဲ့ကြတဲ့ ပန်းစည်းများ



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားကလေးသည် ဆူးလေဘုရားဘက်မှ ဒါလဟိုဇီ လမ်းအတိုင်း အနောက်ဘက်သို့ မောင်းလာပြီး သိမ်ကြီးဈေး[illegible]
ဘုရားလမ်းသို့ရောက်သည်နှင့် လက်ယာဘက်သို့ ချိုးကွေ့ကာ သိမ်ကြီးဈေးဆင်ဝင်အောက် အထည်ဆိုင်များအနီးတွင် ရုတ်တ[illegible]
ထိုးရပ်လိုက်၏။

'အိုင်ဆေး… ရင်ရေ ဆိုင်တွေအားလုံး ပိတ်ထားပါကလား၊ ဘာဖြစ်လို့များပါလိမ့်'

ဂျစ်ကားကို ကိုယ်တိုင်မောင်းလာသူ မိန်းမပျိုသည် ကားပေါ်မှ မဆင်းဘဲ၊ အထည်တန်းဆီသို့ လှည့်ကြည့်ရင်း အ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၃၁၊ ဇွန် ၂၀၁၇

ရွှေအမြုတေ

ကျပ်စုံမဂ္ဂဇင်း

# သာဓု

# ဝန်ကြီးတစ်မတ်

ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

စာရေးဆရာ သာဓု ရေးသားပြီး ၁၉၄၇ ခုနှစ်၊ အမှတ် (၂၂)၊ စက်တင်ဘာလထုတ် သွေးသောက်မဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့် "ဝန်ကြီးတစ်မတ်" ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အား ပြောလိုက်ရာ-

'ဟင် ဟုတ်ပါရဲ့'

ဟု အဖော်မိန်းမပျိုက ပြန်ပြောပြီး ဆက်လက်၍-

'နေဦး… နေဦး၊ တစ်ယောက်ယောက် မေးကြည့်ရအောင်'

ဟု ပြောပြောဆိုဆို ကားအနီးမှ ဖြတ်လျှောက်သွားသူ သတင်းစာရောင်းသော သူငယ်တစ်ယောက်အား-

'ဟေ့သူငယ် ဈေးဘာဖြစ်လို့ ပိတ်တာလဲ'

'ဒီနေ့ ဈေးတိုက်ပွဲရှိတယ်လေ၊ ခု အစည်းအဝေးပြီးလို့ ဗိုလ်ချုပ်တို့ကို အလေးပြုဖို့ သွားကြပြီ၊ ဟိုရှေ့မှာ'

မိန်းမပျိုနှစ်ယောက်သည် သူငယ်လက်ညိုးညွှန်ရာသို့ ကြည့်လိုက်မှပင် ဂျူဗလီဟောဆီသို့ ဦးခိုက်ချီတက်သွားကြသော လူထုကြီးကို တွေ့ရလေ၏။

'ခက်တာပဲရင်ရယ်၊ ကိုယ့်ကို နက်ဖြန် ဆွမ်းကျွေးတစ်ခုက ဖိတ်ထားတာနဲ့ အဲဒီကို ဝတ်သွားဖို့ ပိတ်ဆန်းလာဝယ်တာ။ ခုတော့ အကြီးအကျယ် ဆောရီးဖြစ်တာပဲ'

'အို… တင်ကလည်း တင့်မှာ အဝတ်အစားတွေ ဒီလောက်ပေါလျက်သားနဲ့ ရှိတာတစ်ခုခုဝတ်သွားလည်း ပြီးတာပဲဟာ'

'နီး… နီး ကိုယ့်အကြောင်း ရင် သိတယ် မဟုတ်လား၊ ကိုယ်က ဒါဆို ဒါမှ…'

ဟု ပြောပြောဆိုဆို တင်သည် မော်တော်ကားလက်ကိုင်ကို လက်ဝဲလက်တစ်ဖက်တည်းဖြင့် ထိန်းကိုင်ကာ လျင်မြန်သော အဟုန်ဖြင့် မောင်းထွက်သွားလေ၏။

စားသည်မှာ ထင်ရှားလှတော့၏။

'ဟေ့ တင် ဘယ်သွားမှာလဲ'

ဟူသော ရင်၏အသံကြားမှ ရုတ်တရက် သတိရသလို လှုပ်ရှားလာပြီး-

'ဟင်… ကိုယ်ဖြင့် ပိတ်ဆန်းမရလို့ စိတ်အိုက်လာတာနဲ့ ဘယ်ရောက်လာမှန်းတောင် သတိမထားမိဘူး။ ဟိုဟာ ကျူးကူးကျောင်းမဟုတ်လား၊ ပြန်ကွေ့မှပဲ'

ဟု ပြောရင်း တင်သည် ကားကွေ့ရန် ဟန်ပြင်လိုက်သော်လည်း ထိုအချိန်၌ သူတို့ရောက်နေသောနေရာမှာ မော်တော်ကားကွေ့ရန် မဆိုထားဘိ၊ ဆိုက်ကားကလေးတစ်စင်းပင် ပြန်ကွေ့ရန် ခဲယဉ်းလောက်အောင် လူရော၊ ယာဉ်ရထားတွေပါ ရှုပ်ယှက်ခတ်နေသည့်အဖြစ်ကို တွေ့ရမှ-

'ကဲ… လူရှင်းမှပဲ ပြန်ကွေ့တော့မယ်၊ ကားကို ဘေးကပ် ရပ်ထားမှပဲ'

ဟု ပြောကာ တင်သည် ကားကလေးကို ဂျူဗလီဝင်းအဝ မရောက်တရောက်၊ ပလက်ဖောင်းဘေးတွင် ရပ်ထားလိုက်လေ၏။

'ကဲ… မထူးတော့ပါဘူး၊ ကားရပ်ထားရမယ့်အတူတူ ဂျူဗလီဟောထဲ ခဏဝင်ကြည့်ရအောင်'

တင်သည် ပြောပြောဆိုဆို ကားပေါ်မှ ဆင်းလိုက်၏။

ဘုရား… ဘုရား… သူမို့ ဤစကားပြောထွက်ပုံ ရင်း ကားလှတော့၏။ ရှိုင်းလေစွ၊ ရှိုင်းလေစွ…။

ဤမျှသော လူထုအုပ်ကြီးသည် ဗိုလ်ချုပ်၏အဖြစ်ကို အသည်းနင့်အောင် ပူဆွေးပြီး ရှိသေသမှု အလေးပြုလာကြချိန်ဝယ် သူမို့သာ ဤစကားမျိုး ပြောရက်တော့သည်။ မတော်တဆ သူ့စကားကိုသာ လူထုကြားရလျှင် ခဲတစ်လုံးစီနှင့် ဝိုင်းပေါက်တော့ သူ့ဂျစ်ကား ပျောက်ပြီးသွားစရာရှိ၏။

> တချို့မိန်းမတွေလည်း ရှိသေးတယ်။ ဗိုလ်ချုပ်တို့ကို အလေးပြုဖို့လာတာ အဝတ်အစားအကောင်းဆုံး အဖိုးတန်ဆုံးကိုမှ ဝတ်ပြီး၊ စိန်တွဲလဲ၊ ရွှေတွဲလဲနဲ့ နှုတ်ခမ်းနီ၊ ပါးနီ ဆိုးလာတယ်။ ပေါင်ဒါအဖွေးသား လိမ်းလာတယ်။ ဒါ ဝမ်းနည်းခြင်း အထိမ်းအမှတ်တဲ့လား။ အတော်ရိုင်းတဲ့ ဟာမတွေ

နိုင်ငံရေးကို သူနားလည်ပုံမပေါ်၊ စီးပွားရေးလည်း သူသိဟန်မရှိ၊ စီးပွားရေးသိလျှင် ဈေးတိုက်ပွဲအကြောင်းကို သိရမည်။ ဈေးတိုက်ပွဲသိလျှင် နိုင်ငံရေးလည်း သိရပေမည်။

သို့သော် တင်ကား ဘာကိုမျှမသိဟု ဆိုရန်မသင့်။ တစ်ခုတော့ သူသိသည်။ ထိုအသိမှာ ဝတ်မှု၊ စားမှု၊ ကြွားဝါမှုသာလျှင် ဖြစ်တန်ရာ၏။

ဤရွေ့ ဤမျှ မသိသားဆိုးဝါး၍ အလိမ္မာခေါင်းပါးသော တင်လို အထက်တန်းစား မိန်းမပျိုတစ်ယောက်၊ မြန်မာပြည်တွင် ရှိနေသေးသည်ဆိုလျှင် တိုင်းပြည်လူထုသည် ... တွေကြားထဲမှ အံ့အားသင့်သော်လည်း သင့်ရာ၏။ ဒေါသသော်လည်း ဖြစ်ရာ၏။

သို့သော် တင်လိုမိန်းမမျိုးထက် အဆပေါင်းများစွာ မိုက်

ကားကလေးမှာ နှေးချည်တစ်ခါ မြန်ချည်တစ်မှု၊ မြောက်တူရူသို့ လိမ့်နေ၏။

တင်ဆိုသူမှာ အသက်အားဖြင့် နှစ်ဆယ်ကျော်၊ အစိတ်ကြားတွင် ကြွားကြွားရွရွနှင့် လှချင်တိုင်းလှနေသူ ဖြစ်၏။

သူသည် ရှေ့တွင် ချီတက်နေသော လူထုကိုလည်းကောင်း၊ သူ့အား မျက်နှာပေးအမျိုးမျိုးဖြင့် ကြည့်နေကြသော ဘေးလူအပေါင်းကိုလည်းကောင်း ဂရုစိုက်ဟန်မတူ။

'ဆွမ်းကျွေးမှာဝတ်ဖို့ ပိတ်ဆန်းမရတာ ခုကျတာပဲ'

ဟု တစ်ခါတစ်ခါ ရေရွတ်လိုက်သည်။ ထိုအချက်ကို ထောက်သော် သူသည် ပိတ်ဆန်းကလွဲ၍ ဘာမျှ စိတ်မဝင်



www.burmeseclassic.com

www.burmeseclassic.com

သော ယောကျ်ားများလည်း ရှိသေး၏။ ရှည်ရှည်ဝေးဝေး ...နေ၊ ရှာနေစရာမလို။ ထိုယောကျ်ားများကား ဗိုလ်ချုပ်တို့ အား လုပ်ကြံကြသူ လူသတ်ကောင်များပင် ဖြစ်တော့သည်။

မကြာမီ တင်နှင့် ရင်သည် ဇရာမလူအုပ်ကြီးအား တိုးကာ ...ကာဖြင့် ဗိုလ်ချုပ်တို့၏ အလောင်းများထားရာ ဂျူဗလီဟော ...သို့ ရောက်ခဲ့ကြလေသည်။

'သူနာပြု... သူနာပြု'

ဟူသော အသံများနှင့်အတူ လူအုပ်ကြီးသည် ရုတ်ရုတ် ...ရက်ဖြစ်သွားလေ၏။

'ဘာမှမဖြစ်ပါဘူး၊ စည်းကမ်းသေဝပ်ကြပါ၊ အလေးပြု ...ကြပါ။ အဒေါ်ကြီးတစ်ယောက် ဝမ်းနည်းလုံးဆို့ပြီး တက် ...တာပါ ကိစ္စမရှိပါဘူး'

ထိုအသံပေါ်လာမှ လူထုလည်း ငြိမ်သွားသည်။

'လာဟေ့ ရင်ရေ ထွက်ကြစို့'

ဟု တင်ဆိုသူက ပြောကာ၊ တင်နှင့် ရင်သည် လူအုပ်ကြီး အား တိုးဝှေ့ကာ တိုးကာဖြင့်ပင် ထွက်လာခဲ့ကြလေ၏။

...တ်ဝန်းကျင်ဘေးပရိသတ်လူထုသည် သူတို့နှစ်ယောက် ... အများနည်းတူ ဗိုလ်ချုပ်တို့ကို အလေးပြုရန် လာသည်ဟု ...ထင်ပေမည်။ သို့သော် ထိုသို့သော ထင်ခြင်းကား ...တက်စင်လွဲတော့၏။

အမှန်စင်စစ် သူတို့နှစ်ယောက်သည် ဗိုလ်ချုပ်တို့ ...ောင်းများကို အလေးပြုခဲ့သူများမဟုတ်။ အထူးအဆန်း ...စ်မျိုးလို သဘောထား၍လားမသိ၊ ဝင်ကြည့်ရုံသာကြည့် ...ပြန်ထွက်ခဲ့သူများသာ ဖြစ်၏။

ထိုအမိုက်မနှစ်ယောက်သည် သူတို့ ဂျစ်ကားထားခဲ့သော ...ရာသို့ရောက်သော် မိမိတို့ ဂျစ်ကားကို မတွေ့ရတော့ဘဲ ...ကမ်းတွင်သာ အခြားဂျစ်ကားတစ်စီးကို တွေ့ရသဖြင့် ...နီး ဒီမေးရနိုးနှင့် အမျိုးမျိုး တွေးနေကြ၏။

'ကိုယ်တို့ဂျစ်ကားတော့ လူခိုးသွားပြီ ထင်တယ်'

တင်သည် ဤလိုပြောရင်း မျက်လုံးများကလည်း တောင် ...လေးထွေသို့ ရှာဖွေသလို ကြည့်နေပြန်၏။

၁၅ မိနစ်ခန့်ကြာသော် ကျီခနဲဘရိတ်ဖမ်း၍ ရပ်လိုက် ... ကားသံတစ်ခုကို ကြားရသဖြင့် လှည့်ကြည့်လိုက်ကြလေ ...

...း ရပ်လိုက်သောကားမှာ မိမိတို့ဂျစ်ကားဖြစ်နေပြီး ...သူမှာ အသက် ၃၅ နှစ်အတွင်းလောက်တွင်ရှိမည် ...ရသော ယောကျ်ားပျိုတစ်ယောက် ဖြစ်နေသည်ကို ...သော၏။

'...ခင်ဗျားတို့ကား ထင်တယ်၊ စိတ်မရှိနဲ့ဗျာ၊ ကျုပ် ... ခုန ဂျူဗလီဟောထဲမှာ ဗိုလ်ချုပ်ကို အလေးပြုရင်း ...သွားလို့ ကိစ္စတုံးပြီအောက်မေ့တာ ဆေးရုံအရောက် ...သာပေါ့'

...သူသည် တင်နှင့်ရင် ရပ်နေရာသို့လျှောက်လာပြီး မျက်နှာချင်းဆိုင်ရပ်ကာ ပြောဆိုတောင်းပန်နေလေ၏။ တင်နှင့် ရင်တို့မှာလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြောင်နေကြ၏။ ဘာမျှပြန်မပြောသဖြင့် ထိုလူက ဆက်လက်၍-

'ခင်ဗျားတို့ကားနောက်က ဂျစ်ဟာ ကျုပ်ကားပေါ့။ ကျုပ်အမေကို ဆေးရုံသွားပို့ဖို့ဟာ ရုတ်တရက် စက်နိုးမရတာနဲ့ တွေ့ကရာကားကို ဆွဲယူသွားရတာပဲ။ ဒီနားက ဈေးသည်တွေတောင် မှာထားခဲ့သေးတယ်။ မပြောကြဘူးလား'

ထိုလူလည်း ရုတ်တရက် စကားဖြတ်ပြီး ရှပ်အင်္ကျီအိတ်ကို နှိုက်နေလေ၏။

'ဒီမှာရှင့် ကျွန်မကားကို ကျွန်မ မသိဘဲ ယူသွားနိုင်သလား'

တင်သည် မျက်နှာထားနှင့် မေးလိုက်၏။

'အင်း... ခင်ဗျားမေးတာ လမ်းကျတယ်။ သူတစ်ထူးရဲ့ ပစ္စည်းကို ပိုင်ရှင်ခွင့်မပြုရင် ယူမသွားနိုင်ဘူး၊ မှန်တယ်။ ဒါပေမဲ့ ကျုပ်အမေကြီး ဗိုလ်ချုပ်တို့ကို အလေးပြုရင်း တက်သွားတာနဲ့...'

'ဒါ... ကျွန်မ နားမလည်ဘူး၊ ပိုင်ရှင်မသိဘဲ ယူတာဟာ ခိုးတာပဲ'

တင်သည် ငေါက်ဆတ်ဆတ် ရန်တွေ့နေ၏။

'စိတ်မဆိုးပါနဲ့လေ၊ ကျုပ်တောင်းပန်နေတာပါ။ ခင်ဗျာ့ကားမက,လို့ ဘုရင်ခံ့ကားဖြစ်ရင်လည်း အတင်းယူတန် ယူရလိမ့်မယ်။ ကျုပ်အမေတော့ အသေမခံနိုင်ဘူး'

ထိုသူသည် စကားကိုဖြတ်၍ အိတ်နှိုက်လိုက်ကာ-

'စိတ်မရှိနဲ့၊ ရော့ ရော့ ဓာတ်ဆီဖိုး ငွေနှစ်ကျပ်'

တင်သည် ထိုလူလှမ်းပေးနေသော ငွေနှစ်ကျပ်ကို မယူဘဲ ထိုလူ့မျက်နှာကို မော့ကြည့်လိုက်၏။ ထိုလူ့မျက်နှာထားမှာ ပြောင်ချော်ချော် မဟုတ်။ ခပ်တည်တည်နှင့် ရှိနေ၏။

'ဒါ ဘာလဲ၊ လူကို ပြောင်စရာလှောင်စရာမှတ်နေသလား။ ရှင် ကျွန်မကားကို ဘာလို့ ခိုးသွားရသလဲ၊ ရှင် မော်တော်ကားသူခိုး'

တင်သည် လက်ညှိုးငေါက်ငေါက်ထိုး၍ ရန်တွေ့လိုက်သဖြင့်-

'မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကားကြောင့် လူတစ်ယောက် အသက်ချမ်းသာရာရသွားတယ်ဆိုတော့ ခင်ဗျားတောင် ကုသိုလ်...'

'ဒါတွေ ကျွန်မ နားမလည်ဘူး၊ ရှင် ကားသူခိုး၊ ကားသူခိုး'

'ဘာ... နားမလည်ဘူး ဟုတ်စ၊ ဒါတွေနားမလည်ရင် လောကကြီးအပြင်ဘက်ကို သွားနေချည်၊ လူ့လောကကြီးထဲမှာနေရင် တစ်ယောက်နဲ့ တစ်ယောက် ရိုင်းပင်းကူညီရတယ်၊ နားလည်သလား'

ထိုလူ ဤသို့ပြောလိုက်သဖြင့် တင်မှာ ကြောင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

'အပျိုချောတိုင်း အပြောမချိုဘူးဆိုတာ ဒါမျိုးထင်ပါရဲ့။ ကျုပ် ကောင်းကောင်းတောင်းပန်နေတာ'

တင်သည် အံကလေးကြိတ်လိုက်၏။

'မတောင်းပန်လို့ ဘာများလုပ်ချင်သေးသဲ၊ ကားသူခိုးက...'

'တော်တော့ ကျုပ်ကို သူခိုးသူခိုးနဲ့ စော်ကားတာ သုံး၊ လေးခါရှိပြီ၊ နောက်ထပ်မပြောရင်ကောင်းမယ်'

ထိုလူ၏ မျက်နှာထားတည်သလောက် အသားတွေကလည်း နီလာ၏။

တင်ကလည်း အတော်မာ၏။ လာမည့်ဘေး ပြေးတွေ့ရန် ရှေ့တစ်လှမ်းတိုးတဲ့ကာ-

'ပြောတော့ ရှင်ဘာလုပ်မလဲ'

'ပါးချလိုက်မှာပေါ့'

ထိုလူ၏ အမူအရာသည် ကလီကမာမဟုတ်၊ ပြောသလို လုပ်မည့်အသွင်ကိုဆောင်နေသောကြောင့် တင်သည် ကြောက်သလို ရွံ့ကာ နောက်ကို တွန့်သွား၏။ ဘာပြော၍ ဘာလုပ်ရတော့မည်မသိတော့ဘဲ စစ်ကူခေါ်သလို မျက်နှာထားဖြင့် ရင်အား လှမ်းကြည့်လိုက်သည့် ခဏတွင်-

'ဘာလဲ... ဘာလို့ဝိုင်းကြည့်နေကြတာလဲ၊ ဒါ လင်မယား ရန်ဖြစ်တာ မဟုတ်ဘူး၊ မျောက်ပွဲလည်း မဟုတ်ဘူး'

ဟူသော ထိုလူ၏အသံကိုကြားမှ တင်ရော ရင်ပါ ဘေးတွင် ရပ်၍ ဝိုင်းအုံကြည့်နေကြသော လူများကို သတိထားမိတော့ကာ ရှက်သွေးတွေဖြာပြီး ဘာလုပ်၍ ဘာကိုင်ရမည်မသိဘဲ ရှိနေစဉ်-

'ကဲ... ကားပေါ်တက်ကြ'

ဟု ထိုလူက ဆိုမှ သတိရတော့ကာ တင်တို့သည် ကားပေါ်တက်၍ စက်နှိုးကွေ့မောင်းထွက်ခွာသွားလေ၏။

မောင်းမည့်သာ မောင်းသွားရသည်။ သတိမှ ရှိလေရဲ့လား မပြောတတ်။ ကားကလေး ယမ်းခါနေသလောက် တင့်စိတ်လည်း ပရမ်းပတာဖြစ်နေလေ၏။

'ဟော့ သတိထားပြီး ဖြည်းဖြည်းမောင်းမှပေါ့'

ထိုအသံကြားမှပင် စောစောက 'လူ့ခွစာ'သည် မိမိတို့ ကားနောက်ပိုင်းတွင် ပါလာကြောင်း သိရသဖြင့် တင်သည် ရုတ်တရက် ကားကို ထိုးရပ်လိုက်လေ၏။

'ရှင်... ရှင် ဘာလို့လိုက်လာရသလဲ'

တင်သည် နောက်ပြန်လှည့်ကြည့်ရင်း မေးလိုက်၏။

'ကျုပ်တောင်းပန်တာ ခင်ဗျား မကျေနပ်ဘူး၊ ဒါကြောင့် နောက်ထပ် တောင်းပန်ဖို့ လိုက်တာတာပဲ၊ ဒါမှမဟုတ် ကားခိုးမှုနဲ့ ဂါတ်တိုင်ချင်ရင်လည်း ဂါတ်ကိုမောင်း၊ ကျုပ်ပါလိုက်မယ်'

တင်၏ ညိုမည်းနေသော မျက်နှာမှာ အလင်းရောင်ဖြာလာ၏။ ပထမကမူ ပုလိပ်ကိုလည်း သတိမရ၊ ဂါတ်တ[illegible]ရုံးလည်း သတိမရဘဲ ယခု ထိုလူပြောမှ သတိရကာ ဂါတ်ရောက်မှ အကြောင်းပြလိုက်မည်ဟူသော အငြိုးကလေးဖြင့်-

'မကျေနပ်ဘူး၊ ဂါတ်သွားမယ်'

တင်က ငေါက်ဆတ်ဆတ်ပြောလိုက်သည်တွင်-

'ဒါဖြင့် ကောင်းပြီ၊ ဂါတ်ကိုမောင်း၊ နို့ နေပါဦး၊ ခင်ဗျားမှာ ကားမောင်းလိုင်စင်ရှိသလား၊ ဂါတ်ရောက်ရင် ပုလိပ်တွေက မေးလိမ့်မယ်'

ထိုလူက ဤသို့မေးလိုက်သည်နှင့် တစ်ပြိုင်နက် တင့်မျက်နှာ တစ်မျိုးတစ်မည်ပြောင်းလဲသွားကာ ရင်အား လှမ်းကြည့်လိုက်လေ၏။

'ဟဲ... ဟဲ ခင်ဗျားမှာ ကားမောင်းလိုင်စင် မရှိဘူး ကျုပ်သိတယ်၊ ပုလိပ်တွေ ဝတ္တရားပေါ့သလောက် ခင်ဗျားတို့ (မိန်းမ ကားမောင်းသူတွေ) အားကြီးအတင့်ရဲနေကြတာပဲ။ ကဲလေ... မောင်း... မောင်း... ဂါတ်တဲကို'

'ဟင့်အင်း... ဂါတ်ကိုမသွားတော့ဘူး၊ ရှင့်ကိုလည်း အမှုမလုပ်တော့ဘူး'

တင်သည် ပျာပျာသလဲ လက်လျှော့လိုက်၏။

'ဒါဖြင့် ခင်ဗျားနဲ့ ကျုပ် ရန်သူလား၊ မိတ်ဆွေလား'

'မိတ်ဆွေဆိုပါတော့...'

'ဒါနဲ့ နေပါဦး၊ ခင်ဗျားတို့ ဂျူဗလီဟောကို ဘာကိစ္စ လာကြသလဲ'

တင်သည် ရင်အား လှမ်းကြည့်လိုက်၏။

'သူများနည်းတူ ဗိုလ်ချုပ်တို့ကို အလေးပြုဖို့လာတယ်ဆိုရင် ဒီလိုပဲ ဝတ်စားလာရသလား'

တင်နှင့်ရင်သည် သူတို့ဝတ်လာသော အဖိုးတန် အဝတ်အစားများကို ငုံ့ကြည့်နေကြ၏။

'ခင်ဗျားတို့ ဝတ်စားလာတာ တန်ဖိုးမနည်းလှဘူး၊ မျက်နှာကြီး မင်္ဂလာဆောင်ကို လာသလို ဝတ်စားလာတယ်'

တင်နှင့်ရင်မှာ ထိုလူအား မော်မကြည့်ရဲဘဲ ရှိနေကြ၏။

'တချို့မိန်းမတွေလည်း ရှိသေးတယ်။ ဗိုလ်ချုပ်တို့ကို အလေးပြုဖို့လာတာ အဝတ်အစားအကောင်းဆုံး အဖိုးတန်ဆုံးကိုမှ ဝတ်ပြီး၊ စိန်တွဲလဲ၊ ရွှေတွဲလဲနဲ့ နှုတ်ခမ်းနီ၊ ပါးနီဆိုးလာ

လူထုရဲ့ အလေးပြုခံနေရတဲ့ ဗိုလ်ချုပ်ဟာ ကျုပ်တို့ရဲ့ ခေါင်းဆောင်၊ ကျုပ်တို့ရဲ့ ဖိဘဆိုလည်း မမှားဘူး။ အဲဒီတော့ ဗိုလ်ချုပ်ကို အလေးပြုဖို့လာရင် ကိုယ့်မိဘ မသာကို လာသလိုပဲ ဝတ်စားပါ၊ အခုလို အပြုအမူမျိုးတွေကို ရှောင်



www.burmeseclassic.com

www.burmeseclassic.com

…၊ ပေါင်ဒါအဖွေးသား လိမ်းလာတယ်။ ဒါ ဝမ်းနည်းခြင်း …မ်းအမှတ်တဲ့လား။ အတော်ရိုင်းတဲ့ ဟာမတွေ။ ထွီ… …များတို့နှစ်ယောက်လည်း အတူတူပဲ၊ ဘယ်လောက်ရက် … ကောင်းသလဲဟင်'

တင်နှင့်ရင်သည် မိမိတို့အဝတ်အစားကိုလည်းကောင်း၊ …တွင်ချထားသော ခေတ်သစ်ဖက်ရှင်(ပလတ်စတစ်မိုးကာ …)ဆင်တူနှစ်ထည်ကိုလည်းကောင်း ကြည့်ကာ ရှက်ကိုး …ကန်းဖြစ်နေကြ၏။

'ခင်ဗျားတို့ မိဘတွေသေရင် ဒီလိုပဲ ဝတ်စားလာမလား။ …ါင်ဒါအဖွေးသားရိုက်လာမလား၊ နှုတ်ခမ်းနီ၊ ပါးနီဆိုး …'

ထိုလူ၏အသံမှာ တဖြည်းဖြည်းတုန်လာ၏။

'အခု လူထုရဲ့ အလေးပြုခံနေရတဲ့ ဗိုလ်ချုပ်ဟာ ကျုပ်တို့ … ခေါင်းဆောင်၊ ကျုပ်တို့ရဲ့ မိဘဆိုလည်း မမှားဘူး။ အဲဒီ … ဗိုလ်ချုပ်ကို အလေးပြုဖို့လာရင် ကိုယ့်မိဘ မသာကို …လိုပဲ ဝတ်စားပါ၊ အခုလို အပြုအမူမျိုးတွေကိုရှောင်'

ထိုလူကား ထိုစကားမျှဖြင့် မရပ်သေးဘဲ ဗိုလ်ချုပ် အတ္ထု… နိုင်ငံရေး၊ ဈေးတိုက်ပွဲ၊ ဖ-ဆ-ပ-လ မကျန်၊ အဖြေအမေး …ဆွေးပွေလုံးကာ နောက်ဆုံး မည်သည့်အခြေရောက်သွား …သည်မသိ။

'ကောင်းတယ်၊ ကျုပ်သိပ်ဝမ်းသာတယ်။ ခင်ဗျား ကျုပ် …သလောက် နားမဝေးသေးဘူး။ ကဲ… ပြန်တော့၊ ကျုပ် … သွားမယ်'

ဟု ပြောပြောဆိုဆို ကားပေါ်မှ ဆင်းသွားသဖြင့် တင်နှင့် …ည် ထူးဆန်းသော ထိုလူအား တစ်ချက်လှည့်ကြည့်ပြီးမှ …က်နှိုး၍ မောင်းထွက်သွားလေ၏။

ထိုလူလည်း မိမိကားဆိုက်ထားရာ ဂျူဗလီဟောအနီးသို့ …က်လာပြီး သူ့ကားကို စက်နှိုးကြည့်၏။ မရ။ ပြုပြင်၏။ …က်ကား မနိုး။ ချွေးအထွက်သာတိုးလာသဖြင့် နီးရာ …က်ရည်ဆိုင်တွင် ဝင်ထိုင်ရင်း လက်ဖက်ရည်သောက် …၏၊

ထိုအချိန်တွင် လက်ဖက်ရည်ဆိုင်ထဲတွင် လူလေးငါး … ဝိုင်းဖွဲ့ထိုင်နေကြ၏။ တစ်ယောက်က စတင်၍-

'တနင်္ဂနွေနေ့မှာ ကျွန်တော်တို့အဖွဲ့က ဗိုလ်ချုပ်ကို …ပြုဖို့ အလှူငွေကောက်ခံတာ ၅၀၀ ကျပ်ကျော် ရတယ်။ …ထွေစရိတ် နုတ်လိုက်တာတောင် ၃၀၀ ကျပ်လောက် … အဲဒါ ဘာလုပ်ရင် ကောင်းမလဲ'

…ထမလူက မေးသည်ကို ဒုတိယလူက-

'၃၀၀ ကျပ်တန် ပန်းခွေလှလှကြီးလုပ်ပြီး အလေးပြုရင် …င်းဘူးလား'

ဟု အကြံပေးသည်တွင် တတိယလူက-

'အဲဒါ ကောင်းတယ်'

ဟု ဝမ်းသာအားရထောက်ခံလိုက်လေ၏။

ထိုစကားကြားလိုက်ရသော လူ့ခွစာသည် လက်ဖက်ရည်သောက်နေရာမှ ထ,လာပြီး-

'ခင်ဗျားတို့ပြောတာထက် ကောင်းတဲ့နည်းကတော့ အဲဒီ ပိုနေတဲ့ ငွေ ၃၀၀ ကျပ်ကို ဗိုလ်ချုပ်တို့ ရန်ပုံငွေထဲ ထည့်လိုက်တာ အကောင်းဆုံးပဲ။ သုံးရာတန် ပန်းခွေလုပ်လုပ်၊ သုံးထောင်တန်ပဲလုပ်လုပ် နောက်ဆုံး အမှိုက်ပုံးထဲ ရောက်မှာပဲ'

ဟု ခပ်တည်တည် ဝင်ပြောလိုက်သဖြင့် မူလဆွေးနွေးနေသော လူများလည်း ထိုလူအား ပြူးကျယ်သောမျက်လုံးများဖြင့် ကြည့်နေကြရာမှ-

'မင်းနဲ့ ဘာဆိုင်သလဲ'

ဟု တစ်ယောက်က မျက်နှာထားဖြင့် မေးလိုက်သောကြောင့်-

'မဆိုင်လည်း ပြီးရောပေါ့'

ဟု ပြောရင်း မိမိနေရာတွင် ပြန်ထိုင်လိုက်သည်တွင် ထိုလူများလည်း မကြာမီ ထွက်သွားကြလေ၏။

ထိုအချိန်၌ မိန်းမတစ်သိုက်မှာလည်း လက်ဖက်ရည်သောက်နေကြသည်။ ထိုအထဲမှ ခပ်ကြီးကြီးမိန်းမတစ်ယောက်က-

'ဟိုသူငယ်ပြောတာ မှန်တာပေါ့၊ ပန်းခွေလုပ်ပြီး အလေးပြုလည်း အမှိုက်ဖြစ်မှာပဲဥစ္စာ၊ ရန်ပုံငွေထဲ ထည့်လိုက်တာ ကောင်းဦးမယ်'

မိန်းမခပ်ငယ်ငယ်တစ်ယောက်က ထောက်ခံလိုက်၏။ ခပ်ရွယ်ရွယ်မိန်းမတစ်ယောက်ကမူ-

'ဗိုလ်ချုပ်မှမရှိတော့တာ ဒီရန်ပုံငွေ ဘယ်မှာသုံးမှာလဲ'

ထိုအသံကြားသည်နှင့် စောစောကလူ ထ,လာပြန်ကာ အဆိုပါမိန်းမများ ထိုင်နေသော စားပွဲတွင် ဝင်ထိုင်လိုက်၏။

'ခုဖွင့်ထားတဲ့ ရန်ပုံငွေဟာ ဗိုလ်ချုပ်မရှိတော့ပေမဲ့ ဗိုလ်ချုပ်တို့အပါအဝင် ကျဆုံးသွားတဲ့ ခေါင်းဆောင်ကြီးတွေရဲ့ သားသမီး၊ ဇနီးတွေကို ထောက်ပံ့ဖို့ ဖွင့်ထားတဲ့ ရန်ပုံငွေပေါ့။ ဝန်ကြီးတွေမရှိတော့ဘူးဆိုပြီး သူတို့ရဲ့ သားမယားတွေကို လျစ်လျူရှုထားလို့ ကောင်းပါမလား ဒေါ်ဒေါ်။ ခုနေခါမှာ အဲဒီ ကျဆုံးသွားတဲ့ ခေါင်းဆောင်ကြီးတွေရဲ့ သားသမီး၊ ဇနီးတွေကို အရင်ကထက် ပိုပြီး ဂရုစိုက်ရမယ်။ ဒါကြောင့် သူတို့အတွက် ဖွင့်ထားတဲ့ ရန်ပုံငွေဖြစ်ပါတယ်'

မိန်းမအားလုံး ထိုလူ့စကားကို နားစွင့်နေကြသည်။

'ဒါနဲ့ စကားမစပ် (ဝန်ကြီးတစ်မတ် ဝန်ကတော်တစ်ကျပ်)ဆိုတာ ကြားဖူးကြပါသလားခင်ဗျား'

ထိုလူသည် မိန်းမတစ်သိုက်လုံးကို သိမ်းကျုံးမေးလိုက်သဖြင့် အားလုံးခေါင်းခါပြကြ၏။

'မကြားဖူးဘူး၊ ဘယ်လိုပါလိမ့်'

'ရှေးမြန်မာဘုရင်များ လက်ထက်တော်က ဝန်ကြီးဆိုရင် သြဇာတန်ခိုးအင်မတန် လွှမ်းမိုးကြီးကျယ်တယ်ခင်ဗျ။ ခုရှိတဲ့ ဝန်ကြီးတွေလိုပေါ့ခင်ဗျာ'

မိန်းမတစ်သိုက်ကား ထိုလူ့စကားတွင် နားစွင့်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com

'အဲဒီ ရှေးတုန်းက ဝန်ကြီးတစ်ဦးဦးရဲ့ သားသမီးဖြစ်စေ၊ ဝန်ကြီးကတော်ဖြစ်စေ သေဆုံးတဲ့အခါမှာ ရိုင်းပင်းတဲ့အနေနဲ့ ကူငွေထည့်ကြတယ်။ ၅၀၀ ကျပ်၊ ၁၀၀၀ ကျပ် စသည်ဖြင့်ပေါ့ ခင်ဗျ။ ပြီးတော့လည်း အဲဒီအသုဘဟာလည်း ဝန်ကြီးမျက်နှာနဲ့ အင်မတန်စည်ကားတယ်။ ဒါပေမဲ့ ဝန်ကြီးသာ အရင်သေရင်တော့ ဝန်ကတော်သေသလောက်လည်း ကူငွေမရဘူး၊ စည်လည်း သိပ်မစည်ကားတော့ဘူး။ ဝန်ကတော်သေလို့ ကူငွေ ၁၀၀၀ ကျပ် ထည့်မယ်ဆိုရင် ဝန်ကြီးသေတဲ့ အခါ ၅၀၀ ကျပ်၊ ၃၀၀ ကျပ် စသဖြင့် လျော့သွားတယ်။ ဒါ ဘာဖြစ်လို့လဲဆိုတော့ ဝန်ကြီးသေတဲ့အခါမှာ ဝန်ကတော်ဟာ ဝန်ကြီးရာထူး မရှိတော့ဘဲကိုး'

'အဲ... အဲ... ပြောစမ်းပါဦးကွယ်'

'ခုခေတ်မှာလည်း ဒီအတိုင်းပေါ့။ ရာရှင်ကိုယ်စားလှယ် ရဖို့ကိစ္စ၊ ရာထူးရဖို့ကိစ္စ၊ နယ်မပြောင်းဖို့ကိစ္စနဲ့ အခြားကိုယ်ကျိုးကိစ္စတွေအတွက် ဝန်ကြီးတွေကို ဖော်လံဖားနေကြသလောက် ဝန်ကြီးကတော်တွေကိုလည်း မြှောက်စားကြတယ်။ အရေးပေးကြတယ်'

'ဟော့... ဝန်ကြီးတစ်မတ် ဝန်ကတော်တစ်ကျပ်ဆိုတာက ဘာကိုပြောတာလဲမောင်ရင်ရဲ့'

မိန်းမကြီးတစ်ယောက်က မေးလိုက်သည်။

'ဒီလိုလေ ဒေါ်ဒေါ်ရဲ့၊ ခုနက ကျွန်တော်ပြောသလို ရှေးမြန်မာဘုရင်လက်ထက်က ဝန်ကတော်သေရင် ဝန်ကြီးမျက်နှာနဲ့ ကူငွေ ၁၀၀၀ ကျပ် ထည့်တဲ့လူဟာ ဝန်ကြီးသေတော့ တစ်ရာ၊ နှစ်ရာလောက်ပဲ ထည့်ကြတော့တယ်။ ဝန်ကြီးဆိုတဲ့ မျက်နှာ မရှိကြတော့ဘဲကိုး။ ဒါကြောင့် ရှေးပညာရှိတွေက (ဝန်ကြီးသေရင် တစ်မတ်၊ ဝန်ကတော်သေရင် တစ်ကျပ်)ရယ်လို့ ဆိုစမှတ်ပြုခဲ့ကြတယ်'

'သြော်... သြော်'

'ခုခေတ်လည်း ဒီလိုပေါ့၊ ဝန်ကတော်သေသွားတဲ့ ဝန်ကြီးဆိုရင် သိပ်မျက်နှာရှိတယ်။ သမက်တော်ချင်တဲ့လူတွေကရော၊ ကိုယ်ကျိုးသမားတွေကရော၊ ဟိုက ဘာကူပါရစေ၊ ဒီက ဘာတာဝန်ယူပါရစေနဲ့ ဝန်ကြီးမျက်နှာက ရှိသေးသကိုး။ အဲဒီတော့ ဗိုလ်ချုပ် အစရှိတဲ့ ဝန်ကြီးတွေ ကျဆုံးသွားတဲ့အခါ ခုနပြောသလို(ဝန်ကြီးသေရင် တစ်မတ်) မဖြစ်ရအောင်၊ ဝန်ကတော်တွေ မျက်နှာမငယ်ရအောင်၊ ကူငွေလည်းလျော့မသွားအောင် ကိုကြီးနုတို့က သိပ်ဂရုစိုက်ပြီး ရန်ပုံငွေတွေဖွင့်၊ အစီအစဉ်တွေလုပ်နဲ့ အတော်ခေါင်းရှုပ်နေကြရတယ်'

'ဒီမှာ... ဒီမှာ'

ထိုလူစကားပြောနေခိုက် အထက်ပါအတိုင်း ခေါ်သံကြားရသဖြင့် လှည့်ကြည့်လိုက်ရာ အနက်ရောင်လုံချည်ဆင်တူဝတ်၍ ဝဲဘက်တွင်လည်း လက်ပတ်အနက်စည်းထားသော တင်နှင့်ရင်ကိုတွေ့ရသောကြောင့် ထိုလူမှာ အံ့အားသင့်စွာထ,သွားရင်း-

'ဟင်... ခင်ဗျားတို့ ပန်းခွေတွေနဲ့ပါလား'ဟု မေးပြီး ငေးကြည့်နေလေ၏။

'ဟုတ်တယ်၊ ကျွန်မတို့ လွန်သမျှ ဝန်ချုပ်င်း အလေးပြ[ု]ဖို့ ချက်ချင်းပြန်လာကြတယ်။ ရှင်နဲ့တွေ့မယ်တောင် မထင်ဘူး ကျွန်မတို့ကို လိုက်ပို့မလား'

'အေး... ကောင်းတယ်၊ ကောင်းတယ် ဒီလိုမှပေါ့'ဟု ပြောပြီး ထိုလူသည် တင်နှင့်ရင်ကို ခေါ်၍ ဂျူဗလီဟော[သို့] လျှောက်သွားကြလေ၏။

ကျားကူးကျောင်းနှင့် ကပ်လျက် ဂျူဗလီတံခါးဝသို့ ရောက်သော် တယောသံလိုလို ကြားရသဖြင့် ထိုလူသည် တယောသံကြားရာဆီသို့ လှမ်းကြည့်လိုက်၏။

တံခါးပေါက်နှင့် မလှမ်းမကမ်းတွင် လူတစ်ယောက်သည် တယောကို ချွဲချွဲပျစ်ပျစ်ထိုးနေလျက် အခြားနှစ်ယောက် သုံးယောက်က သီချင်းဆိုနေကြသည်ကို တွေ့ရသည်နှင့် ထိုလူသည် တယောသမားထံ လျှောက်သွားလေ၏။

'ဒါ ဘာသီချင်းလဲ'

ထိုလူက မေးလိုက်၏။

'ဒါဗိုလ်ချုပ်နဲ့တကွ ကျဆုံးသူခေါင်းဆောင်ကြီးများရဲ့ အထ္ထုပ္ပတ္တိသီချင်းစာလေ။ ဝယ်ပါလားဗျာ၊ တစ်ရွက်မှ တစ် မတ်ပါ'

လူတစ်ယောက်က အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြန်ပြော၏။ ထို လူ၏ မျက်နှာသည် ချက်ချင်း နီလာ၏။

'ခင်ဗျားတို့ စီးပွားရှာစရာ ဒီလောက်ပဲ ရှားသလား ဒီပြင်နည်း မရှိတော့ဘူးလား။ ခေါင်းဆောင်ကြီးတွေရဲ့ ဓာတ်ပုံ တို့၊ စာအုပ်တို့ရောင်းတာ ဖြေနိုင်စရာရှိသေးတယ်။ တော်သေး တယ်။ တော်သေးတယ်။ ခုတော့ တစ်တိုင်းပြည်လုံး ပူဆွေး နေရတဲ့ ဈာပနကို ခေါင်းတပ်ပြီး သီချင်းစပ်ရောင်းတာများ အံ့ပါရဲ့ဗျာ။ ခု ကျဆုံးတဲ့ ခေါင်းဆောင်တွေဟာ ကျုပ်တို့ ခေါင်းဆောင် မိဘဆိုလည်း ဟုတ်တယ်။ တကယ်လို့များ မိဘတွေသေရင် ဒီလိုပဲ တယောကလေးနဲ့...'

ထိုလူစကားမဆုံးမီ 'ခွပ်'ခနဲ အသံတစ်ခု ထွက်ပေါ်လာ ပြီး ထိုလူမှာ ပုံလျက်သားလဲကျသွားလေ၏။ လူတွေလည်း ရုတ်ရုတ်ရက်ရက်ဖြစ်သွားတော့၏။ ထိုလူ စကားစ,ပြော ကတည်းက လူအုပ်မှာ တဖြည်းဖြည်းများလာပြီး ထိုလူအား ထဲမှ မည်သူဝင်ရိုက်သွားသည်မသိလိုက်ရဘဲ ထိုလူသာလျှင် ခေါင်းကွဲ လဲကျသွားတော့ကာ နောက်ဆုံး၌ အမြင်မတော်သည် ကို တွေ့တိုင်း ဘွင်းဘွင်းရှင်းရှင်းပြောတတ်သော (ထိုလူ) အား တင်နှင့်ရင်တို့ ဂျစ်ကားနှင့်ပင် ဆေးရုံသို့ ပို့လိုက်ရ တော့သတည်း။

■

သာ

သွေးသောက်မဂ္ဂဇင်း
အမှတ် ၂၂၊ စက်တင်ဘာ၊ ၁၉၄
(ဆရာ သာဓု စာပေနယ်သို့ စတင်ခြေချခဲ့သော
ပထမဦးဆုံးလက်ရာဖြစ်ပါသည်)



www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင်စာပေ



၂၅၀၀ ကျပ်



၂၀၀၀ ကျပ်



၃၅၀၀ ကျပ်



၂၀၀၀ ကျပ်




၁၅၀၀ ကျပ်



၂၀၀၀ ကျပ်

ထွက်ပြီ

ရေး - လင်းလွန်းခင်စာပေ

-၀၉ ၂၂၀ ၁၇၃၀၊ ၀၉ ၂၅၄ ၅၅၀ ၈၆၃၊ ၀၉ ၂၅၀ ၁၇၄ ၈၈၃။

www.burmeseclassic.com

www.burmeseclassic.com



# ရသစိုက်ပျိုးရေး စာတမ်း

**ငြိမ်းမင်း**

*(ယခင်လမှအဆက်…)*

အခု ကျွန်တော်တို့ရဲ့ မြန်မာစာပြဋ္ဌာန်းချက်မှာ ဦးပုညရဲ့ ပြဇာတ်ကိုတော့ ထည့်သွင်းထားပါတယ်။ ဒါပေမဲ့ မေးတဲ့မေးခွန်းက စကားစပ်ဆိုတော့ Data ကို မေးတာ ဖြစ်နေတယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်နေရာမှာ ဘယ်အချိန်က ဘာကြောင့်ပြောခဲ့တဲ့ စကားမျိုးပေါ့။ နောက်တစ်ပုဒ် မေးတာက (၈)မှတ်ပေးထားတဲ့ စရိုက်မေးခွန်းတွေပါ။ ရေသည်ယောကျ်ားရဲ့ဆင်းရဲပုံတို့၊ ရေသည်မိန်းမရဲ့ အိမ်ရှေ့မိဖုရားဖြစ်ပြီး စိတ်ထားတို့ ဆိုတာမျိုးပါ။ အဲဒီမှာတောင် Data မေးတဲ့ မေးခွန်းတွေ ပြန်ပါတတ်ပါသေးတယ်။ ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမတို့ လက်ထပ်ရန် တိုင်ပင်ပြောဆိုပုံ ဆိုတာမျိုးပေါ့။ အချုပ်ပြောရရင်တော့ ဦးပုည ဘယ်လောက်တော်တယ် ဆိုတာကို ကျောင်းသားတွေ ယုံကြည်လက်ခံသွားအောင် လုပ်ပေးနိုင်တဲ့ အကြောင်းအရာမျိုး လုံးဝမပါတာကို တွေ့ရပါမယ်။ ဦးပုညစာ ပြဋ္ဌာန်းပြီး စာတန်ဖိုးပေါ်အောင် မေးခွန်း မထုတ်နိုင်ရင်၊ ပြီးတော့ မသင်ကြားနိုင်ရင် ကိုယ့်ရသစာပေကို ကိုယ်တိုင် အထင်သေးအောင် လေ့ကျင့်နေတာနဲ့ အတူတူပါပဲ။ မပြဋ္ဌာန်းထားတာက တန်ဖိုးရှိနေသေးသလိုလို ဖြစ်သွားပါတယ်။

စာမေးပွဲ မေးခွန်းမှာပါတာ၊ မပါတာ အပ,ထား၊ ဦးပုညရဲ့ တန်ဖိုးကိုတော့ မြှင့်တင်ပေးရပါမယ်။

ဒါ အမျိုးသားရေးပါ။

ဒါဟာ ကျောင်းသားရဲ့ နှလုံးသားထဲမှာ ထည့်ပေးရမယ့် ရသစာပေ ချစ်စိတ်ပါ။ မျိုးချစ်စိတ် အခြေခံပါ။

ဦးပုညဟာ မင်းတုန်းမင်းတရားကြီးကို ကပြဖို့အတွက် **ရေသည်** ပြဇာတ်ကို ရေးတယ်လို့ ဆိုပါတယ်။ ပြဇာတ် ဇာတ်လမ်းက သူ့မူပိုင်ဇာတ်လမ်းမဟုတ်ဘဲ ဘုရားဟောတဲ့ **ဂင်္ဂါမာလ**ဇာတ်ကို အခြေခံထားတာပါ။

ဒီနေရာကစပြီး ဦးပုညရဲ့ အနုပညာ၊ အတတ်ပညာတွေကို လေ့လာသုံးသပ်နိုင်ပါပြီ။ မြတ်စွာဘုရား ဟောကြားခဲ့တဲ့ **ဂင်္ဂါမာလ**ဇာတ်ကို ဖတ်ကြည့်မယ် ဆိုရင် ရေသည်ပြဇာတ်နဲ့ အလွန်ကွာခြားနေတာကို တွေ့ရပါတယ်။

ပထမ ကွာခြားနေတာက ဦးတည်ချက် (Theme)ပါ။ **ဂင်္ဂါမာလ**ဇာတ်မှာ မြတ်စွာဘုရား ဟောကြားရခြင်းအကြောင်းရင်းက– 'ဥပုသ်သီလ စောင့်ထိန်းတည်ဆောက်ခြင်းရဲ့ အကျိုး'ကို ပြချင်လို့ပါ။ အများသိကြတဲ့အတိုင်း ဦးပုညရဲ့ **ရေသည်** ပြဇာတ်ကတော့ 'အိမ်ရှေ့မင်းရဲ့ ဘုရင်မင်းမြတ်အပေါ် သစ္စာစောင့်သိခြင်း' ဆိုတာကို ဖော်ကျူးချင်လို့ပါ။ အခြေခံကတည်းက ကွာခြားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

နောက် ဦးပုညရဲ့ Presentation တင်ပြပုံ အနုပညာကို ဆက်ကြည့်ရအောင်ပါ။ **ဂင်္ဂါမာလ**ဇာတ်တော်ကြီးမှာ အပိုင်း ဆိုင်း ရှိတယ်ဆိုရင် ဦးပုညက အလယ်ပိုင်းတစ်ပိုင်းကိုသာ ယူပြီး ပြဇာတ်အဖြစ် ဖန်တီးခဲ့တာပါ။

ဦးပုညဟာ ဘာလို့ ဇာတ်ကို အပြည့်အစုံ မတင်ပြတာ လဲ၊

ဦးပုညမှာ အဖြေရှိပါတယ်။ ဒီပြဇာတ်က ဘုရင်မင်းမြတ် ရှေ့မှာ ကပြမှာပါ။

ဘုရင်မင်းမြတ်ဆိုတာ အချိန်အကြာကြီး ပွဲကြည့်နိုင်သူ မဟုတ်ပါ။ အလုပ်ကိစ္စများပြားမြောင်သူ ဖြစ်ပါတယ်။ ဒါကြောင့် ဘုရင်မင်းမြတ် ကြည့်နိုင်လောက်မယ့် ပွဲက,ချိန်၊ ပွဲပြချိန် (Duration)ကို နားလည်တဲ့အတွက် ချိန်ဆ,ဖြတ်တောက် တင်ပြတာပါ။ တည်းဖြတ်မှု(Editing)ပညာ ဖြစ်ပါတယ်။ ဒီ **ရေသည်**ပြဇာတ် အပိုင်းတစ်ပိုင်းလောက် ဆွေးနွေးရင်း ဦးပုညရဲ့ စာပေအနုပညာကို အကဲဖြတ်ကြည့်စေချင်ပါတယ်။

**ရေသည်**ပြဇာတ် အဓိကဇာတ်ဆောင် သုံးဦးသာ ပါဝင် ပါတယ်၊

ရေသည်ယောကျ်ား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီးတို့ ဖြစ်ပါတယ်။

ဒီမှာ သတိထားမိတာက ဇာတ်ဆောင်နှစ်ယောက်မှာ နာမည် မပါဘူး။

ဒါဖြင့် စလေဦးပုညက ဇာတ်ဆောင်တွေကို နာမည် မပေးတတ်လို့လား။ မဟုတ်ပါ။ ကုန်းဘောင်ခေတ်က မြန်မာ ဆင်းရဲသူအများစုရဲ့ အခြေအနေကို ဘုရင်မင်းမြတ်(မင်းတုန်း မင်း)သိအောင် အနုပညာမြောက်စွာ တင်ပြတာပါ။ နာမည် မပေးတဲ့အတွက် 'မည်သူမဆို ဖြစ်နိုင်သည်'လို့ အဓိပ္ပာယ်ထွက် ပါတယ် (Nameless means everybody)။ ဆိုလိုတာကတော့ ဆင်းရဲသူပြည်သူ လူအများဟာ ရေသည်တွေလို ဆင်းရဲနေပါ တယ်ဆိုတာပါ။ ဒါလည်း ဇာတ်ဆောင်တွေရဲ့ စကားကိုကြည့် ပြီး အကဲခတ်လို့ ရပါတယ်။

ဇာတ်လမ်းအဖွင့်မှာ 'ဇေယျတု သဗ္ဗမင်္ဂလံ'လို့ အစပြု ထားပါတယ်။ မြန်မာအဓိပ္ပာယ်ကတော့ 'အလုံးစုံသော မင်္ဂလာတရားတို့ဖြင့် ပြည့်စုံအောင်မြင်ပါစေသတည်း'လို့ ဖြစ် ပါတယ်၊

အဲသလို မင်္ဂလာတွေ ပြည့်ပါစေလို့ ဆုတောင်းပြီးတာနဲ့ ဘာတွေရေးသလဲ။ *'အမွဲတကာ့ ထွတ်ခေါင်၊ ဖွတ်မင်းနောင် ဖြစ်ပြုတောင်ကြီး ပေါက်ကရော၊ ပြောင်မြောက်အောင် မွဲနိုင် ပါကြိုယ်နော်'* လို့ ကြုံးဝါးတာ သရုပ်ဖော်ထားပါတယ်။ ဆိုတော့ မင်္ဂလာမရှိတဲ့ အကြောင်းအရာတွေချည်း ထိုးပြနေကြတာပါ။ ဘာကြောင့်လဲ။

'ဇေယျတု သဗ္ဗမင်္ဂလံ'ဆိုတာ သရော်တဲ့ စကားကြီးဖြစ် နေလို့ပါ။ ဘုရင်ကြီး နံဘေးမှာ 'မှန်လှပါ့ ဘုရား' ပြောနေကြတာလေ။ 'မှားလှပါ ဘုရား'ဆိုတာ ရှိမှ မရှိတာ၊ သုံးမှ မသုံးတာ။ တိုင်းပြည်အခြေအနေကို 'မဟာဗြဟ္မာတွေက လျှာကုဋေနဲ့' ဘယ်လိုပဲ ဖွဲ့ဆိုချီးကျူး ဘုံမြောက်နေကြပေမဲ့ တကယ့်အခြေအနေမှန်က 'အမွဲတကာ့ ထွတ်ခေါင်၊ ဖွတ်မင်းနောင်'တွေ ဖြစ်နေတယ်လို့ သတိပေး လိုက်တာ မဟုတ်ဘူးလား။ ဆင်းရဲကြောင်းစာတွေကို ဟာသ ရသမြောက်အောင် ဖွဲ့ထားတော့ ရယ်ရင်းမောရင်းနဲ့ တွေးစရာ တွေ ရသွားစေတာပေါ့။ အဲဒါ ဦးပုညရဲ့ အနုပညာပါ။

အချိန်အခက်အခဲကြောင့် ဦးပုညရဲ့ ဇာတ်သွန်းပညာတွေ ကို ထည့်ပြီး မဆွေးနွေးတော့ပါဘူး။ ဒါပေမဲ့ ဦးပုညရဲ့ စရိုက်ဖော်တဲ့ အဖွဲ့လေးကိုတော့ မချီးကျူးဘဲ မနေနိုင်လို့ တင်ပြပါဦးမယ်။

ဇာတ်လမ်းအရ ရေသည်ယောကျ်ားက ရေသည်မိန်းမနဲ့ တွေ့၊ လက်ထပ်ဖို့ သဘောတူပြီး ငွေလေးရွေး သွားယူဖို့ ဆုံးဖြတ်တယ်။ ရေသည်ယောကျ်ားက ခေါင်းပေါ်မှာ မွှန်း တည့်နေ၊ ခြေဖဝါးအောက်မှာ မီးတောက်ရဲ့တဲ့ သဲတွေ၊ အဲသလိုကြားမှာ ပြုံးပျော်ကခုန်ပြီး ပြေးတော့တာပဲ။ ဒီလို ချစ်ချစ်တောက် နေပူမှာ ဝမ်းမြောက်ပျော်ရွှင် ပြေးနေတာ မြင်တော့ ဥဒယမင်းကြီးက ထူးတယ်ဆိုပြီး ခေါ်မေးတော့ တာပေါ့။ ရေသည်ယောကျ်ားကလည်း မြောက်ဘက်မြို့ရိုးမှာ ဝှက်ထား တဲ့ ငွေလေးရွေးကို ချစ်ကြိုက်ကြေးအဖြစ် တင်ဖို့ သွားယူမယ့်အကြောင်း လျှောက်ထားတာပေါ့။ ဥဒယမင်းကြီး ကလည်း သနားပြီး အဲလောက်ဝေးတဲ့ ခရီး၊ အဲလောက် နည်းတဲ့ငွေ သွားယူမှာ မတန်ဘူးဆိုပြီး ငွေရှစ်ရွေးပေးပြီး တားတယ်။ အဲဒီတော့ ရေသည်ယောကျ်ားက ဖြေတယ်။

*'တင်ပါသည် ဘုရား၊ သနားတော်မူ တစ်ပဲဆိုတဲ့ ထိုငွေဖြူကိုလည်း ခံယူပါမည်၊ ရေကြည်ရောင်းခ၊ အဖိုးရတဲ့၊ ငွေစလေးရွေး၊ မြို့ရိုးကြားမှာ သူနေရှာတဲ့ ဟိုဟာလေးကိုလည်း၊ ပြေး၍ ယူချင်လှပါသေးသည်၊ အထည်အထုပ် ငွေစသာဟုတ်ပါစေ၊ ဖြတ်မျက်လုံး လောက် သေးလိုပင်ပျောက်ကတဲ့၊ မထောက်ရှု၊ အနည်း ငယ်မှုရယ်လို့ တယ်ကရ မပြုသင့်ဘူး၊ ဝတ္တုကာမဂုဏ်၊ ငွေစနှင့် ကြုံသောအခါ အာရုံကို ဖြတ်နိုင်ခဲလှပါသည် ဘုရား'* လို့ ဖြေတယ်။

အရှင်ပေးတဲ့ ငွေလည်း ယူပါမယ်။ သူသွားယူမယ် ဆိုတာလေးလည်း ယူပါရစေပေါ့။

ဥဒယမင်းက တွေးတယ်။ ဒီကောင် ငွေနည်းနည်းပေး လို့ ထင်တယ်။ ကဲ ရော့ ပိဿာချိန်တစ်ရာ ရှိတဲ့ ငွေဒင်္ဂါးတစ် သောင်း တိုးပေးတယ်။ လေးရွေးတော့ သွားမယူပါနဲ့ တား တယ်။ အဲဒီတော့ ရေသည်ယောကျ်ားက ဘာပြန်ပြောသလဲ။

*'တင်ပါသည် ဘုရား၊ သနားတော်မူ တစ်ရာဆိုတဲ့ ထိုငွေဖြူကိုလည်း ခံယူပါမည်၊ ရေကြည်ရောင်းခ၊ အဖိုးရတဲ့၊ ငွေစလေးရွေး၊ မြို့ရိုးကြားမှာ သူနေရှာတဲ့ ဟိုဟာလေးကိုလည်း၊ ပြေး၍ ယူချင်လှပါသေးသည်*



www.burmeseclassic.com

www.burmeseclassic.com

*အထည်အထုပ် ငွေစသာဟုတ်ပါစေ၊ ဖြုတ်မျက်လုံး လောက် သေးလိုပင်ပျောက်ကတဲ၊ မထောက်ရှ၊ အနည်း ငယ်မျှရယ်လို့ တယ်ကရ မပြုသင့်ဘူး၊ ဝတ္ထုကာမဂုဏ်၊ ငွေစနှင့် ကြုံသောအခါ အာရုံကို ဖြတ်နိုင်ခဲလှပါသည် ဘုရား' လို့ ဖြေတယ်။*

ငွေတစ်ပဲ(ရှစ်ရွေး)စ ,ပေးတုန်းက ပြောခဲ့တဲ့စကားပဲ သူ ပြန်ပြောတယ်။ ဥဒယမင်းကြီးက ထပ်တွေးတယ်။ ဒီကောင် ဘဝမပြောင်းရလောက်တဲ့ ငွေပေးလို့ စိတ်မပြောင်းတာ ဖြစ်မယ်။ ဘဝပြောင်းလောက်တဲ့ ငွေပေးရင် ပြောင်းမှာပါလို့ ဆင်ခြင်ပြီး ငွေတစ်ကုဋေတောင် ထပ်ပေးပြီး တားတယ်။ ဥဒယမင်းကြီးက-

*'ငါပေးတဲ့ ငွေကုဋေ၊ ဣန္ဒြေစောင့်ချုပ်၊ အသာယူပြီးလျှင် လှုလှုလှ လုပ်ပေတော့၊ ဟိုအုတ်ချပ်ကြား ငွေပဲဝက်သား ဟာ လူကြားလို့မကောင်းဘူး၊ မျက်စောင်းမျှမထိုးတော့နဲ့ အရုပ်သား'လို့ မိန့်တယ်။*

အဲဒီတော့ ရေသည်ယောက်ျားက ဘယ်လိုတုံ့ပြန်သလဲ။

*'တင်ပါသည် ဘုရား၊ သနားတော်မူ တကုဋေဆိုတဲ့ ထိုငွေဖြူကိုလည်း ခံယူပါမည်၊ ရေကြည်ရောင်းခ၊ အဖိုးရတဲ့၊ ငွေစလေးရွေး၊ မြို့ရိုးကြားမှာ သူနေရာတဲ့ ဟိုဟာလေးကိုလည်း၊ ပြေး၍ ယူချင်လှပါသေးသည်၊ အထည်အထုပ် ငွေစသာဟုတ်ပါစေ၊ ဖြုတ်မျက်လုံး လောက် သေးလိုပင်ပျောက်ကတဲ၊ မထောက်ရှ၊ အနည်း ငယ်မျှရယ်လို့ တယ်ကရ မပြုသင့်ဘူး၊ ဝတ္ထုကာမဂုဏ်၊ ငွေစနှင့် ကြုံသောအခါ အာရုံကို ဖြတ်နိုင်ခဲလှပါသည် ဘုရား' လို့ ဖြေတယ်။*

ရေသည်ယောက်ျားရဲ့ အဖြေကတော့ အပြောင်းအလဲ မရှိပါဘူး။ ဥဒယဘုရင်က ငွေတိုးပြီးပေးတိုင်း ရေသည် ယောက်ျားက ဒီအဖြေပဲပေးနေတယ်။ ကြည့်ရှုသူ ပရိသတ်ရဲ့ စိတ်ထဲမှာ ရေသည်ယောက်ျားရဲ့ စကားကို အလွတ်ရနေ လောက်ပြီ။ ဒီလိုသာ ဖြေနေရင်တော့ ဘုရင်မင်းမြတ်က ဒေါသထွက်ပြီး ဘာမှမပေးဘဲနေတော့မှာပဲ စတဲ့ မချင့်မရဲ စိတ်(Suspense)တွေလည်း ဖြစ်နိုင်တာပေါ့။ ဒါပေမဲ့ ရေသည် ယောက်ျားကတော့ မပြောင်းပါဘူး။

**'ဇေယျာတု သဗ္ဗမင်္ဂလံ'ဆိုတာ သရော်တဲ့ စကားကြီး ဖြစ်နေအောင်လို့ပါ။ ဘုရင်ကြီး နံဘေးမှာ 'မှန်လှပ့ါ ဘုရား' လို့ချည်း ပြောနေကြတာလေ။ 'မှားလှပါဘုရား'ဆိုတာ ရှိမှ မရှိတာ၊ သုံးမှ မသုံးတာ။ တိုင်းပြည်အခြေအနေကို 'မဟာမြဟ္မေတွေက လျှာကုဋေနဲ့' ဘယ်လိုပဲ ဖွဲ့ဆိုချီးကျူး ဘုံမြောက်နေကြပေမဲ့ တကယ့်အခြေအနေမှန်က 'အမွဲတကာ့ ထွတ်ခေါင်၊ ဖွတ်မင်းနောင်'တွေ ဖြစ်နေတယ်လို့ သတိပေး လိုက်တာ မဟုတ်ဘူးလား**

ငွေနဲ့ခြောက်လို့ မကြောက်တဲ့ ရေသည်ယောက်ျားကို ဘုရင်မင်းမြတ်က အာဏာပေးပြီး မြှောက်ပြန်တယ်။ အိမ်ရှေ့ မင်းဘဝ ချက်ချင်းရမှာနော်။ အဲဒါတောင် ရေသည်ယောက်ျား က ပြောင်းသလား။ မပြောင်းပါဘူး။

*တင်ပါသည် ဘုရား၊ သနားတော်မူ၊ အိမ်ရှေ့အရာ မင်းချမ်းသာကိုလည်း ဝမ်းမြောက်စွာ ခံယူပါမည်...*

က စပြီး အရင်အတိုင်း ပြန်ပြောတာပါပဲ။

ဘုရင်မင်းမြတ် ဘာတွေပေးပေး ကျွန်တော်မျိုးကတော့ မပြောင်းပါ ဆိုတဲ့ သဘောကို ပီပီပြင်ပြင် ပြတ်ပြတ်သားသား သရုပ်ဖော်ပြတယ်။

ရေသည်ယောက်ျားဟာ အလကားရမယ့် ဘယ်အရာ ထက်မဆို သူ့လုပ်အားနဲ့ ရထားတဲ့ ငွေလေးရွေးကို တန်ဖိုး ထားတဲ့သဘော ပေါ်လွင်တယ်။ သူလုပ်မယ်လို့ ဆုံးဖြတ်ချက် ချထားတဲ့ 'ယုံကြည်ချက်'ကို ဘာနဲ့မှ မလဲဘူး။ ငွေနဲ့လည်း မရောင်းဘူး။ ရာထူးနဲ့လည်း မလဲဘူး။ အဲဒါ ယောက်ျား ကောင်းပါပဲ။

ရေသည်ယောက်ျားဟာ အလွန်ဆင်းရဲတယ်။ ဒါပေမဲ့ သူ့မှာရှိတာ ကိုယ်ကျင့်တရားတစ်ခုပဲ။ ယုံကြည်ချက်တစ်ခုပဲ။ သူ မညာဘူး။ ဘုရင်မင်းမြတ်က ဘာပေးပေး သူ သွားယူမှာပဲ လို့ အမှန်အတိုင်းပြောတယ်။

ဘုရင် ကျေနပ်အောင်ပြောပြီး နောက်မှ လုပ်ချင်ရာလုပ်မှာ မဟုတ်ဘူး။ အဲဒါ ဘုရင်က သိသွားတယ်။

ဒီကောင် ငါ့ကို သတ်ဖို့ကြံရင်တောင် သတ်မလို့ကြံခဲ့ ပါတယ်လို့ အမှန်အတိုင်းပြောမယ့် သူ ဆိုတာ သိသွားတယ်။

ဒါကြောင့် သူတားတာ ကို ဆန့်ကျင်ပြီး ပြောနေတဲ့ ရေသည်ယောက်ျားကို အိမ်ရှေ့ မင်း ရာထူး ပေးလိုက်ပါတယ်။

ကဲ ဦးပုညရဲ့ စရိုက်ပုံဖော် မှုဟာ လူ့တန်ဖိုးကို မမြင့်မား စေဘူးလား။ လူတစ်ယောက် မှာ ယုံကြည်ချက်ဆိုတာ ရှိရ တယ်။ အဲဒီ ယုံကြည်ချက် အတွက်ဆိုရင် အသက်တောင် စွန့်ဖို့ ဝန်မလေးဘူးဆိုတဲ့ ခိုင်မြဲတဲ့ ဆုံးဖြတ်ချက်ကို ပြနေတယ်။

ပြီးတော့ 'ငွေလေးရွေး'ဆိုတဲ့ ရောင်းရငွေဟာ တကယ် တော့ Symbolic Image သင်္ကေတပြချက်တစ်ခုပါပဲ။ ယောက်ျားတစ်ယောက်ရဲ့ ရှုထောင့်က စိတ်ကူးကြည့်ပါ။ ငွေလေးရွေးဆိုတာ 'ငွေကြေးပညာ မပြည့်စုံတဲ့ ကိုယ့်ငယ် ချစ်ဦး' လို့ အစားထိုးကြည့်ပါ။ ငယ်ချစ်ဦးထက် ပိုလှတဲ့ ပိုချမ်းသာတဲ့ နောက်တစ်ယောက်ကို တွေ့ရင် လဲပစ်ရမှာလား အစားထိုး ပစ်လိုက်ရမှာလား။ ပိုကောင်းတာနဲ့ တွေ့တာနဲ့ အချစ်ဟောင်း ကို စွန့်ရမှာလားဆိုတဲ့ 'သစ္စာ'ဖော်ကျူးချက်ကို



www.burmeseclassic.com

www.burmeseclassic.com

…ရမယ်။

'သစ္စာ'ဆိုတာ ဘာနဲ့မှမလဲရဘူးလေ။ ခင်ဗျားကကုမ္ပဏီ …ခုမှာ လုပ်တယ်။ အဲဒီကုမ္ပဏီရဲ့ လျှို့ဝှက်ချက်များစွာကို …ထားတယ်။ အဲဒါကိုတစ်ဖက်က ငွေပေးပြီး မေးရင်၊ …ပေးပြီး ဖော်ခိုင်းရင် ခင်ဗျား ဖွင့်ပြောမှာလား။ ဦးပုည … စဉ်းစားစရာတွေ အများကြီးပေးထားခဲ့တာပါ။

ငွေတွေတိုးပေးနေတဲ့ ဘုရင်မင်းမြတ်ဟာ သစ်ခုတ် …ပုံပြင်ထဲက နတ်မင်းလိုပါပဲ။ ရွှေပုဆိန်၊ ငွေပုဆိန်တွေ …ပြီး ဒါ မင်း ပုဆိန်လား မေးတာမျိုးနဲ့ ဆင်ပါတယ်။ ငါ …ပေးတဲ့ငွေနဲ့ မင်းယုံကြည်ချက်ကို လဲမလား၊ မင်းရိုးသားမှု … လဲမလား ဆိုတာမျိုးပေါ့။

ဦးပုညဟာ အဲသလို တန်ဖိုးကြီးတဲ့ လူရဲ့ စရိုက်တွေကို … သရုပ်ဖော်တတ်တဲ့ အနုပညာရှင်ပါ။

ဒီလောက် အနုပညာမြောက်တဲ့ စာကို ပြဋ္ဌာန်းထားပြီး … မေးတဲ့ မေးခွန်းတွေ၊ သင်ကြားတဲ့ ပုံစံတွေကြောင့် …ရဲ့ တန်ဖိုးကို ကျောင်းသားလူငယ်တွေ ဘာမှမသိလိုက် …ဆိုရင် ကျွန်တော်တို့ ညံ့ရာမကျဘူးလား။

အဲဒီကျောင်းသားတွေကို ဦးပုညရဲ့ တန်ဖိုးသိအောင် …ပေါင်းစုံ'နဲ့ ဝန်းရံကြဖို့ လိုအပ်ပါတယ်။ လွန်ခဲ့တဲ့ လေး…လောက်က ဦးပုည နှစ် ၂၀၀ ပြည့်ပွဲ ကျင်းပဖို့ လှုံ့ဆော်…တယ်။ ဦးပုညစာအုပ်တွေ(ဈေးပေါပေါနဲ့ထုတ်) လက်…င်တွေပေးကြ၊ ဦးပုည ပြဇာတ်တွေ ကပြသရုပ်ဆောင် … ဦးပုညရဲ့ ကဗျာတွေ၊ စာတွေ ရွတ်ဖတ်ဟောပြောကြရင် …ရဲ့ တန်ဖိုးဟာ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ခမ်းနားမလာ…လား။ အဲဒီအတွေးတွေနဲ့ ဟောပြောခဲ့ပေမဲ့ တိုင်းပြည်မှာ …အရေးကြီးတာတွေက များနေတဲ့အချိန်ဆိုတော့ မအောင်…ပါဘူး။

ကျောင်းသားလူငယ်တွေအတွက်ကတော့ အဲ့သလို စာဆို…တာရပွဲတွေ လုပ်ပေးမှ ဂန္ထဝင်နဲ့ ရင်းနှီးမှုရှိလာမယ်လို့ …ပါတယ်။

မြန်မာစာသင်ကြားရေး ဆရာ၊ ဆရာမတွေမှာ တာဝန် …ပါတယ်။ သူတို့ဟာ ဘောလုံးစကားနဲ့ပြောရရင် Key …တွေ ဖြစ်ပါတယ်။ သူတို့ချည်း ဖိခိုင်းရမယ်လို့ မဆိုလို… သူတို့ကို သင့်တင့်သော အကူအညီ၊ လုံလောက်တဲ့ … ပေးဖို့ကတော့ အရေးကြီးပါတယ်။ သူတို့ဟာ ရသ …ရေးခေါင်းဆောင်တွေ ဖြစ်လာရပါမယ်။

သင်ကြားရေးရဲ့ အရန်အင်အားဖြစ်တဲ့ စာဖတ်ရေးကို … လမ်းညွှန်ရပါမယ်။

…ကျောင်းစာကြည့်တိုက်တွေ အသက်ဝင်ဖို့၊ စာကြည့်တိုက် …ခဲ့ပြီး စာပေလှုပ်ရှားမှုတွေ လုပ်ရမှာကိုး။ နံရံကပ် …ထုတ်ပေးတာမျိုးကတော့ ကျောင်းသားတွေအတွက် …င်းတဲ့ ရသမျိုးစေ့ကြဲချလိုက်တာနဲ့ တူပါတယ်။ …သနာ၊ ကာတွန်းဝါသနာ၊ ကဗျာဝါသနာ၊ စာစီစာကုံးဝါသနာ အားလုံး အားလုံး လေ့ကျင့်ကွင်းရသွားတာပါ။ ဒါဟာ သာမန်ကိစ္စလို့ သဘောမထားသင့်ပါဘူး။ နံရံကပ်စာစောင် ထုတ်ခိုင်းပြီး အကောင်းဆုံးတွေကို ရွေးချယ်ဆုချတာမျိုး လုပ်ပေးကောင်းပါတယ်။

စာကြည့်တိုက်တွေ အသက်ဝင်ဖို့ စာဖတ်ဝိုင်းတွေ လုပ်ပေးရပါမယ်။

ဒီနေရာမှာ အာဟာရမဖြစ်တဲ့ စာနဲ့ အာဟာရဖြစ်စေမယ့် စာကို ခွဲပေးရပါမယ်။ စာ ဖတ်,မဖတ်ဆိုတာ ဆွေးနွေးတဲ့ စာဖတ်ဝိုင်းလေးလုပ်ပြီး အသိဖလှယ်ပေးသင့်ပါတယ်။

ကြီးကြပ်တဲ့ ဆရာတွေ အမြင်ကျယ်ဖို့က အရေးအကြီးဆုံးပါ။

မြန်မာ့ရိုးရာ စာဖတ်နည်း (၃)နည်း ရှိတယ်လို့ ဆိုပါတယ်။

ကွမ်းစားသကဲ့သို့ စာဖတ်နည်း၊ ကြံစုပ်သကဲ့သို့ စာဖတ်နည်း၊ အုန်းသီးစားသကဲ့သို့ စာဖတ်နည်းတို့ ဖြစ်ပါတယ်။

အရည်မရ၊ အဖတ်မရ ဝါးရုံဝါးပြီး ထွေးပစ်ရသလို စိတ်အညောင်းပြေတာမျိုးကို ကွမ်းစားတာနဲ့ နှိုင်းပြပါတယ်။

ဖတ်ရုံဖတ်ပြီး မှတ်စရာမလိုတာမျိုးပေါ့။

ဘာမှ အာဟာရမဖြစ်တဲ့ စာမျိုးပေါ့။

Facebook မှာ မကြာခဏ တွေ့ရတဲ့ အနုပညာရှင်တွေရဲ့ ငယ်ကျိုးငယ်နာကို အလုပ်မရှိ အလုပ်ရှာပြီး ဟုတ်တာ၊ မဟုတ်တာ ရောမွှေအတင်းပြောနေတာမျိုးတွေပေါ့။

ကြံစုပ်သလို စာဖတ်တာကတော့ အရည်ယူမယ်၊ အဖတ်ကို ထွေးထုတ်လိုက်တဲ့ ပုံစံပါ။ အရေးပါတဲ့ မှတ်စရာကို စုထားပြီး မလိုတာ မေ့ပစ်လိုက်တာပါ။

အုန်းသီးစားသလို စာဖတ်တာကတော့ အုန်းဆန်လည်းစား၊ အုန်းရည်လည်းသောက်၊ အုန်းခွံလည်း မှုတ်(ခွက်)လုပ်ပြီးသုံး ဆိုတာမျိုးကို ပြောတာပါ။ တစ်သက်လုံး သိမ်းဆည်းမှတ်ပိုက်ထားရမယ့် စာမျိုး၊ Bacon ပြောခဲ့တဲ့ Some books are to be swallowed ဆိုတာမျိုးပေါ့။

ရသစာပေကို စိတ်ထဲမှာ စိုက်ပျိုးတယ်ဆိုတာမှာလည်း အထက်က စာဖတ်နည်းနဲ့ အဆင့်ဆင့် ဆင်ခြင်သွားရတာပါ။ နရာက ရင့်သွားရတာပါ။

ဆရာ မြသန်းတင့်ကတော့ ရေတိုခံတဲ့ စာနဲ့ ရေရှည်ခံတဲ့ စာ ဆိုပြီး နှစ်မျိုးခွဲခြားပြပါတယ်။ စာဖတ်နည်းတွေကိုလည်း တရုတ်ပညာရှိ ကျုန်းကျောက်ရဲ့ အဆိုနဲ့ တင်ပြထားပါတယ်။

*- ရှေးဟောင်းဂန္ထဝင်ကို ဖတ်ချင်ရင် ဆောင်းတွင်းမှာ ဖတ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆောင်းတွင်းမှာ စိတ်ဟာ ပျံ့လွင့်ခြင်းကင်းပြီး တည်ငြိမ်တဲ့အတွက် ဖြစ်တယ်။ သမိုင်းကို နွေရာသီမှာ ဖတ်ရမယ်။ ဘာဖြစ်လို့လဲဆိုရင် နွေရာသီမှာ နေ့ဟာ ရှည်လျားပြီး အချိန်များများရလို့ ဖြစ်တယ်။ ဒဿနကို ဆောင်းဦးပေါက်မှာ ဖတ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆောင်းဦးပေါက်ဟာ နှစ်သက်*



www.burmeseclassic.com

www.burmeseclassic.com

*စဖွယ် စိတ်ကူးတွေကို ပေါ်ပေါက်စေတယ်။ ခေတ်ပေါ် စာပေကို နွေဦးပေါက်မှာ ဖတ်ရမယ်။ ဘာဖြစ်လို့လဲဆို တော့ နွေဦးမှာ သဘာဝလောကကြီးဟာ အသက်ပြန်ဝင်လာလို့ ဖြစ်တယ်လို့ သူက ပြောတယ်။ သေသေချာချာ စဉ်းစားကြည့်ရင် ဒီအဆိုအမိန့်ဟာ တော်တော်မှတ်သားဖို့ ကောင်းပါတယ်။*

*- လူငယ်အရွယ်မှာ စာဖတ်ရတာဟာ လမင်းကို ထရံပေါက်ကြား၊ နံရံအက်ကြားက ချောင်းကြည့်ရတာနဲ့ တူတယ်။ လူငယ်ဆိုတာ အတွေ့အကြုံ မရင့်သန်သေးဘူး။ အတွေးအခေါ် မလေးနက်သေးဘူး။ ဒါကြောင့်မို့ ရိုးတိုးရိပ်တိပ်ပဲ မြင်လိုက်ရတယ်။ လူလတ်ပိုင်းအရွယ်မှာ စာဖတ်ရတာဟာ လမင်းကို အိမ်ရှေ့ တလင်းပြင်မှာ ရပ်ကြည့်ရတာနဲ့ တူတယ်။ ကိုယ့်ပတ်ဝန်းကျင်ကို မြင်နိုင်ပြီ။ လရောင် ဘယ်လောက်လင်းသလဲ။ ပတ်ဝန်းကျင်မှာ လရောင်ဖြာပုံဟာ ဘယ်လိုအနေအထားရှိသလဲဆိုတာ အကဲခတ်ခွင့်ရပြီ။ လူကြီးပိုင်းမှာ စာဖတ်ရတော့ လမင်းကို လသာဆောင် ဝရန်တာပေါ်က တက်ကြည့်ရတာနဲ့ တူတယ်။ ကိုယ့်နောက်မှာ အတွေ့အကြုံတွေ အများကြီး ကျန်ရစ်ခဲ့ပြီ။ ပတ်ဝန်းကျင်ကို ခြုံငုံသုံးသပ်နိုင်ပြီ။*[၁]

ဆရာ မြသန်းတင့်ရဲ့ တင်ပြချက်ထဲမှာ ထူးခြားတာ တစ်ခုကို တွေ့ရပါတယ်။ အင်္ဂလန်နိုင်ငံမျိုးမှာတောင် စာမဖတ်နိုင်တဲ့ကာလဆိုတာ ရှိတယ်တဲ့။ ဒါဆို ကျွန်တော် မြန်မာတွေ စာမဖတ်နိုင်တာ မဆန်းပါဘူး။ ဒါပေမဲ့ တစ်သက်လုံး မဖတ်ဘဲနေတော့မယ်ဆိုတာတော့ လုံးဝမဖြစ်သင့်ပါဘူး။ စာမဖတ်နိုင်ရင် တရားနာသင့်တယ်။ စာပေဟောပြောပွဲ နားထောင်သင့်တယ်။ အဆင့်အတန်းရှိတဲ့ ဇာတ်လမ်း၊ ဇာတ်ကားတွေကို ကြည့်သင့်တယ်။ ကျွန်တော်တို့ နိုင်ငံဟာ ပြန်လည်တည်ဆောက်နေချိန် ဖြစ်ပါတယ်။ ပြတ်ပြတ်သားသားပြောရရင် အာဏာရှင် လှိုင်းတံပိုးအောက်က လွတ်မြောက်တာ တစ်နှစ်တောင် မပြည့်သေးပါဘူး။ အားလုံး အရှိန်အဟုန်နဲ့ ထူထောင်ရမှာပါ။ အဲဒီအထဲမှာ 'ရသထူထောင်ရေး'ဟာ ပြည်သူတစ်ရပ်လုံး စိတ်ကျန်းမာရေးအတွက် အရေးသိပ်ကြီးပါတယ်။

အာဏာရှင် နာဂစ်မိပြီ။

ပျက်သွားတဲ့ ရသစိုက်ခင်းကြီးတွေကို လူငယ်တွေနဲ့ စာသင်ခန်းတွေကစပြီး ပြန်လည် စိုက်ပျိုးကြရအောင်ပါ။ ကလေးတွေရဲ့ ရသစာပေအသံကို တစ်မိသားစုလုံး နားထောင်ရင်း ရသတွေ ပွားများကြရအောင်ပါ။

ရသတွေ ပြည်သူ့ဘဝတွေထဲအထိ စိမ့်ဝင်သွားပြီး စိတ်လည်းကျန်းမာကိုယ်လည်းချမ်းသာ၊ စိတ်လည်းချမ်းသာ ကိုယ်လည်းကျန်းမာတဲ့ ပြည်သစ်ကြီး တည်ဆောက်ကြရအောင်ပါ။

**မြန်မာဖြစ်ရတာကို ဂုဏ်ယူတဲ့စိတ်**

ကမ္ဘာက လေးစားတဲ့ မြန်မာဖြစ်ချင်တဲ့ စိတ်တွေနဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုထဲမှာ ရှိနေတဲ့ ကိုယ်ပိုင်ရသတွေကို ရှာဖွေ မျိုးပွားနိုင်ကြဖို့ ပစ်မှတ်ထားကြိုးစားရမယ်။ ကြိုးစားတယ်ဆို တာ တကယ်အားထုတ်ရာရောက်အောင် အချိန်တွေကို ချဲ့ရ မယ်။ ချွေတာရမယ်။ အဲဒီအတွက် နည်းပညာတွေရဲ့ အကူ အညီရယူရပါမယ်။ Google မှာ ရှာလိုက်ရင် တွေ့နေရတဲ့ 'ရှေးခတ် မြန်မာကဗျာများ'ဆိုတဲ့ နေရာမှာ အခုထက်ပိုပြီး တိကျရှင်းလင်းပြည့်စုံအောင် အလုပ်လုပ်ပေးထားရမယ်။ အဲဒီ အတွက် သွေးသစ်လူငယ်တွေကို အားကိုးရပါမယ်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနအတွက် အားကိုးရမယ့် သွေးသစ်လူငယ်တွေကို ၂၀၁၃ ခုနှစ်ကစပြီး နိုင်ငံတော်စရိတ်နဲ့ လေ့ကျင့်သင်ကြားနေတာကို တွေ့နိုင်ပါတယ်။

အရင်တုန်းက မြန်မာစာအဓိကဆိုတာ အမှတ်နည်းတဲ့လူ တွေချည်း ရောက်လာတာဆိုတော့ IQ အားကောင်းတဲ့ လူငယ် တွေ မရှိသလောက်ဖြစ်နေတာပေါ့။ မြန်မာစာပေ ထွန်းသစ်ရေး အတွက် အားကိုးရမယ့် သွေးသစ်တွေက ချည့်နဲ့နေမှတော့ အနာဂတ်က မလှပနိုင်တော့ဘူး။

၂၀၁၃ မှာ **ဝိဇ္ဇာထူးချွန်ဆု၊ သိပ္ပံထူးချွန်ဆု** ဆိုတာ ပေးပြီး တော့ စာတော်တဲ့၊ ဆယ်တန်းအမှတ်ကောင်းတဲ့ ကျောင်းသား တွေကို စုစည်းခဲ့တယ်။ မြန်မာစာ အဓိကအနေနဲ့ ထူးချွန် ကျောင်းသားဖြစ်ဖို့ အနိမ့်ဆုံးအမှတ် ၄၀၀ သတ်မှတ်ပြီး ခေါ် တယ်။ ကံကောင်းချင်တော့ မြန်မာစာမိသားစုတွေ၊ မြန် စာပေ အဝန်းအဝိုင်းထဲမှာ မြန်မာစာချစ်စိတ်လက်ကျန်လေး ရှိနေတော့ ဆယ်တန်းရမှတ် ၄၉၈ ရတဲ့ ကျောင်းသားတောင် မြန်မာစာအထူးတန်းမှာ ရောက်လာတာကို တွေ့ရတယ်။ အံ့ဩ သုတပေါ့။ မြန်မာစာဂုဏ်ထူးလည်းရခဲ့တယ်။ အမှတ်လည်း ၄၇၀ အထက်ရှိမယ်ဆိုရင် နိုင်ငံတော်က အဲဒီကျောင်းသား တစ်လ ကျပ်တစ်သိန်းထောက်ပံ့ပေးပြီး မြန်မာစာအထူး ကျောင်းသားအဖြစ် သင်ကြားစေခဲ့တယ်။ အဲသလို ဝိဇ္ဇာထူးချွန် ဆုရ ကျောင်းသားတွေ၊ မြန်မာစာအဓိကကျောင်းသားတွေ ဖြစ်နေတာဟာ မင်္ဂလာပါပဲ။

အဲသလို ခေါ်ခဲ့တာ လေးနှစ်ရှိပြီဖြစ်တဲ့အတွက် ထူးချွန် ကျောင်းသားပေါင်း ၁၀၀ ကျော်လောက် မြန်မာစာပေအဝန်း အဝိုင်းထဲ ရောက်နေပါပြီ။ သူတို့ဟာ ရသသူရဲကောင်းတွေ ဖြစ်လာမှာ အသေအချာပါပဲ။ သူတို့ကို နည်းပညာတွေသင်ပေး ပြီး မြန်မာဂန္ထဝင်စာပေတွေကို အခုထက် စနစ်ကျအောင် ထုတ် သွားသင့်ပါတယ်။

နောက် ရသစာပေအတွက် အချိန်ခိုးနည်းတစ်ခုကတော့ 'အနှစ်ချုပ်'စာအုပ်တွေနဲ့ ကူညီပေးတာပါ။ Reader Digest လို စာကောင်းတွေ ရွေးပြီး အတိုချုပ်ပေးတာမျိုး၊ စာအုပ်ကမ္ဘာ ထဲမှာ ဆရာ ဖေမြင့် ညွှန်းထားတဲ့ **Books for you** ...

*၁။ မြသန်းတင့်- လမင်းကို ထရံပေါက်မှကြည့်ခြင်း စာမျက်နှာ(၁၃၄-၁၃၅)*



www.burmeseclassic.com

www.burmeseclassic.com

...ချိုး မြန်မာစာပေပညာရှင်တွေ စုပြီး လုပ်ပေးထား ...ပါတယ်။ ဒီထက်လုပ်နိုင်ဦးမယ်ဆိုရင်တော့ Ladder Series ... ဆိုတဲ့ 1000 Words Level လို အလွတ်ဖတ်နိုင်တဲ့ ...စာအုပ် အနှစ်ချုပ်တွေ လုပ်ပေးရပါမယ်။

...ပြီး၊ သန့်ပြီးတဲ့ စာတွေကို အနှစ်ချုပ်လုပ်ပေးလိုက် ... လူငယ်တွေကြားမှာ မြန်မာဂန္ထဝင်မျိုးစေ့တွေ ကြဲချလိုက် ... ဖြစ်သွားမှာပေါ့။

မြန်မာစာပေနယ်မှာ 'မလိခ' ဆိုတဲ့ အမည်ခံပြီး ဆရာ ...ကျော်နဲ့ ဆရာ နတ်နွယ်တို့က **မြန်မာဝတ္ထုအညွှန်း** ဆိုတဲ့ ... ကောင်းကောင်းကြီး အမွေပေးထားခဲ့ပါတယ်။

...စာအုပ်ကြီးဖတ်လိုက်တာနဲ့ အချိန်တိုတိုအတွင်းမှာ ...ဖတ်ပြီးသွားနိုင်ပါတယ်။ စာပေခရီးကို ဖြတ်လမ်း ...လိုက်သလို အမြန်ရောက်သွားတာပါ။ အဲဒီအပြင် ပျို့ ...တို့ မြန်မာပြဇာတ်အညွှန်းတို့၊ မြန်မာစာပေအဘိဓာန်တို့ ...ထားခဲ့ပါသေးတယ်။ အလွန်ကျေးဇူးကြီးပြီး မြန်မာ ...အတွက် အလုပ်တွေ အများကြီးလုပ်ပေးခဲ့တာပါ။

အဲဒီစာအုပ်မျိုးတွေဟာ စာကြည့်တိုက်တွေမှာ မရှိမဖြစ် ...ထားပေးရပါမယ်။ လူသိအောင်၊ လူတွေဖတ်မိအောင် ...ထားရပါမယ်။ ဂန္ထဝင်စာပေအတွက် လမ်းညွှန်မြေပုံ ... လူငယ်တွေအတွက် စာပေခရီးသွားဖို့ အထူး အဆင်ပြေ ...ပါတယ်။

'စာကြည့်တိုက်'တွေမှာ စံမီစာအုပ်တွေ ရောက်ရှိနေဖို့ ...ထောက်ပံ့ပေးဖို့လည်း သတိမမေ့စေချင်ပါဘူး။

စာပေလွတ်လပ်ခွင့် တကယ်ရရှိနေတဲ့အချိန်၊ ပညာရေး ...ကယ်ရစိုက်မယ့် အစိုးရတက်နေတဲ့အချိန်ဟာ ရသစိုက် ...အတွက် အကောင်းဆုံး အခွင့်အရေးဖြစ်ပါတယ်။

'...လော ဃသတိ ဘူတာနိ' အချိန်က လူတို့ကို ဝါးမျို ...နေ၏ တဲ့။

...ချိန်ကို ပြန်စားနိုင်တဲ့ လူတွေဖြစ်ဖို့ စေတနာအားကောင်း ...နဲ့ နိုင်သမျှ ပါဝင်လှုပ်ရှားဖို့ ရသစာပေနယ်က သင့်ကို ...လိုက်ပါတယ်။ ■

**ငြိမ်းမင်း**


**...သော စာအုပ်များစာရင်း**

(၁) ...င်းသုဝဏ်
**...စာဆိုကြီး၏ ကဗျာအဖွင့်လက်ရာများ**
(...Collection, ၂၀၁၇)

(၂) ...ဇော်ဂျီ
**...စာပေ၏သဘော** (ခုဝံစာအုပ်တိုက်၊ ၂၀၀၉)

(၃) ...ဇော်ဂျီ
**...စာပေအဖွင့်၊ ရသစာပေနိဒါန်း** (စိတ်ကူးချိုချို)

(၄) ...ဘုသိုလ်ဘုန်းနိုင်
**...နိုင်အတွေး၊ ဘုန်းနိုင်အမြင်**
(ကံ့ကော်ဝတ်ရည်၊ ၂၀၀၄)

(၅) တက္ကသိုလ်ဘုန်းနိုင်
**ခပ်သိမ်းကလျာ ရှုဖွယ်သာတည့်** (ကံ့ကော်ဝတ်ရည်)

(၆) ခင်မောင်ရင်၊ ဇော်ဇော်အောင်
**အနုပညာစံ** (မုံရွေးစာအုပ်တိုက်၊ ၁၉၉၇)

(၇) ဒေါက်တာကျော်စိန်
**စိတ်ပညာ အနုစာပေနှင့် ရသပညာ**
(စိတ်ကူးချိုချို၊ ၂၀၁၆)

(၈) မြသန်းတင့်
**လမင်းကို ထရံပေါက်မှ ကြည့်ခြင်း**
(လဝန်းရိပ်စာပေ၊ ၂၀၁၄)

(၉) မောင်ခင်မင်(ဓနုဖြူ)
**ဘာသာနှင့်စာပေ၊ စာပေနှင့်ဘာသာ**
(ကံ့ကော်ဝတ်ရည်၊ ၂၀၁၃)

(၁၀) ဇော်ဇော်အောင်
**ထင်မိထင်ရာ ရေးချလိုက်တဲ့ ဖြုတ်စဖျင်းတောင်း စာပေဆောင်းပါးများ။** (စိတ်ကူးချိုချို၊ ၂၀၁၆)

(၁၁) ဇော်ဇော်အောင်
**ရိုမန်တစ်အလွမ်း** (စိတ်ကူးချိုချို၊ ၂၀၁၆)

(၁၂) မြဝင်း(ဒဿန)
**ဓေယျ၏ ရသပညာ** (စိတ်ကူးချိုချို၊ ၂၀၁၄)

(၁၃) မြဝင်း(ဒဿန)
**ရသပညာနိဒါန်းနှင့် ဒဿနစာတမ်းများ**
(အလင်းသစ်စာပေ၊ ၂၀၀၈)

(၁၄) **ကဗျာလက်ရွေးစင်(ဒသမတန်း)**
(ကျောင်းသုံးစာအုပ်ကော်မတီ၊ ၂၀၀၁)

(၁၅) **အထက်တန်း ကဗျာလက်ရွေးစင်**
(ကျောင်းသုံးစာအုပ်ကော်မတီ၊ ၁၉၈၂)

(၁၆) ဗိုလ်မှူးဘသောင်း
**စာဆိုတော်များအတ္ထုပ္ပတ္တိ** (ရာပြည့်စာအုပ်တိုက်၊ ၂၀၀၁)

(၁၇) **မြန်မာသဒ္ဒါ**
(မြန်မာစာအဖွဲ့၊ ၂၀၀၅)

(၁၈) **မြန်မာစာညွှန့်ပေါင်းကျမ်း** (စာပေနှင့် စာနယ်ဇင်း)

(၁၉) ဦးပုည
**ရေသည်ပြဇာတ်**
(ဦးပုည၏ စာပန်းကုံးများ-တင်ထွေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)

(၂၀) သခင်ဘသောင်း
**တစ်ထောင့်တစ်ညပုံပြင်များ** (စာပေလောက)

(၂၁) ဖေမြင့်
**စာအုပ်ကမ္ဘာ** (ဖေမြင့်စာပေ၊ ၂၀၀၉)

(၂၂) **(အဝေးသင်) ဒဿနိကဗေဒ ပို့ချချက်များ**

(၂၃) **မြန်မာ့အလင်းသတင်းစာများ**

(၂၄) **ပြည်သူ့အရေးဂျာနယ်များ**




www.burmeseclassic.com

www.burmeseclassic.com

ရုတ်တရက် ကျွန်တော့်မျက်စိတွေ ပြာဝေမှောင်မိုက်
သွားသည်။ မြင်ကွင်းက ဘယ်လိုမှ မလှသော
မြင်ကွင်း။ အကျည်းတန်မြင်ကွင်း။ ခတ္တာ
ယောကျ်ားတစ်ယောက်နှင့် ယှဉ်
တွေ့လိုက်ရသောအခါ၊ ထို့အပြင် ထိုယောကျ်ား
ခတ္တာပခုံးကို ခပ်ဖွဖွဆုပ်ကိုင်ထားတာ
တွေ့လိုက်ရသောအခါ ကျွန်တော့်စိတ်
ကျွန်တော် ဘယ်လိုမှ ထိန်းချုပ်ထား
မရတော့



ကျွန်တော့်ခြေလှမ်းတွေ
ကျွန်တော့်ဒေါသတွေနှင့် အ
ခတ္တာတို့နှစ်ယောက်ရှေ့သို့ ရောက်သွား
ကျွန်တော့်လက်သီးချက်တွေက
ခတ္တာပခုံးကို ဆုပ်ကိုင်ထားသူ
မျက်နှာဆီသို့ တရစပ်ကျရောက်သွားသည်



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

'မောင် အခုရပ်စမ်း'

ခတ္တာက အသံကုန် အော်ဟစ်ရုံသာမက ကျွန်တော့်ကို ဆွဲလွဲကာတားသည်။ သို့သော် ကျွန်တော် ခတ္တာ စကားကို နားမထောင်နိုင်ပါ။

'မောင် တော်တော့လို့ ပြောနေတယ်'

ခတ္တာက ပြောမရမှန်း သိတော့ သူ့လက်ထဲက ပိုက်ဆံအိတ်နှင့် ကျွန်တော့်ကျောကို ရိုက်သည်။ အနည်းငယ် နာကျင်သွားတာကြောင့် ကျွန်တော့်ဒေါသတွေ ခတ္တာဘက်သို့ လှည့်သွားသည်။ ကျွန်တော့်လက်သီးချက်တွေကလည်း ထိုသူ့မျက်နှာပေါ် ဝဲနေရာမှ ရပ်သွားသည်။

'မင်းက သူ့အစားနာနေရအောင် သူက မင်းလင်မို့လား ခတ္တာ'

'မောင် မမိုက်ရိုင်းနဲ့'

ခတ္တာက မျက်ရည်တွေ တွေကျလျက် ရှက်ရွံ့စွာအော်သည်။ ကျွန်တော်သည် ဒီနေရာကနေ ချက်ချင်းလှည့်ထွက်သွားချင်စိတ်ပေါက်သွားသည်။ သို့သော် ခတ္တာမပါဘဲ ကျွန်တော်တစ်ယောက်တည်း ထွက်မသွားနိုင်ပါ။

'လာ ခတ္တာ၊ မင်းနဲ့ ကိုယ်နဲ့ စာရင်းရှင်းစရာရှိသေးတယ်'

ကျွန်တော်က ခတ္တာ လက်မောင်းကို ခပ်ကြမ်းကြမ်းဆွဲကိုင်ကာ ခေါ်တော့ ခတ္တာက ကျွန်တော့်လက်ထဲကနေ ရုန်းကာ'မလိုက်ဘူး'ဟု နာနာကြည်းကြည်းပင် ငြင်းသည်။ ကျွန်တော် ခတ္တာကို အံ့သြသွားသည်။ ကျွန်တော့်ဆန္ဒကို ဘယ်သောအခါမျှ ပစ်ပစ်ခါခါကြီး မငြင်းတတ်

**နှောင်ဖွဲ့တွယ်ငင် ချစ်ခင်သော စကားများ ပြောကြဆိုကြသော ညနေခင်း အချိန်တွေကို ကျွန်တော် လွမ်းသွားပါသည် ကားမှန်မှတစ်ဆင့် တစ်စတစ်စ မီးရောင် ထွန်းလက်လာသော လမ်းဘေးနေအိမ် မြင်ကွင်းတွေကို ငေးကြည့်နေရာမှ ကျွန်တော့် မျက်လုံးတွေ ဝေမှုန်သွားသည်**

သော ကျွန်တော့်ချစ်သူက ကျွန်တော့်ကို ငြင်းပယ်လိုက်သောအခါ ကျွန်တော့် ဒေါသတွေ ပိုပြီး ဆူဝေပွက်ထ,သွားသည်။

ထက်နေစိုးကို ဒါမျိုး လုပ်လို့ မရဘူးဆိုတာ ခတ္တာ ကောင်းကောင်းသိစေရမယ်။

'မလိုက်လို့ မရဘူး ခတ္တာ၊ လာလိုက်ခဲ့'

ကျွန်တော် ခတ္တာလက်ကို ခပ်ကြမ်းကြမ်းပင် ဆွဲခေါ်ကာ ကားထဲသို့ အတင်းအဓမ္မ ဝင်ခိုင်းလိုက်သည်။ ခတ္တာက ကျွန်တော့် လက်သီးချက်ကြောင့် နှုတ်ခမ်းတွင် သွေးတွေ လူးနေသော ထိုယောကျ်ားကို တောင်းပန် စကားတွင်တွင် ပြောနေလေသည်။ ကျွန်တော်သည် ကားပေါ်သို့ ခပ်သွက်သွက်ပင် တက်ကာ ကားကိုတရကြမ်း မောင်းလာခဲ့လေသည်။

သည် ညနေသည် ချစ်သူနှစ်ဦးအတွက် မလှပသော ညနေခင်းတစ်ခုဖြစ်သွားပြီ။ အခါတိုင်း ညနေခင်းများတွင် အလုပ်ဆင်းချိန် ချစ်သူကိုကြိုရင်း စကားတီတာဖွဲ့နွဲ့ဆိုရင်း လှသော ညနေခင်းများကို အတူတူဆေး ရောင်ခြယ်ခဲ့ကြသည်။ ကျွန်တော်က ခတ္တာနှင့် အတူတူ ရှိခွင့်ရသည့် ဒီညနေခင်း အချိန်တွေကို တန်ဖိုးထားသည်။ ထို့ကြောင့် ခတ္တာ အလုပ်ဆင်းချိန်တိုင်း ခတ္တာကို ကြိုသည့်အလုပ်ကို နေ့စဉ် မပျက်မကွက် လုပ်သည်။ သည်နေ့တော့ ခတ္တာကို ကြိုချိန် နည်းနည်းနောက်ကျသွားခဲ့သည်။ ရုံးရောက်တော့ ရုံးတံခါးတွေပင် ပိတ်နေပြီ။ ညစောင့်ပင် ရောက်နေပြီ။ ညစောင့်က ခတ္တာကို လာကြိုနေကျ ကျွန်တော့်ကို သိသည်။ ထို့ကြောင့် ကျွန်တော့်ကို မြင်တော့ ကုန်ပစ္စည်း စာရင်းဇယားတွေ ရှင်းစရာရှိသေးသဖြင့် သူဌေးအိမ်ကိုလိုက်သွားကြောင်း သတင်းပေးသဖြင့် ကျွန်တော် လိုက်လာခဲ့သည်။ သည်ရောက်တော့ သူဌေးက ခတ္တာပခုံးကို ခပ်ဖွဖွ ဆုပ်ကိုင်ရင်း အိမ်ထဲကနေ ထွက်လာတာမြင်တော့ ကျွန်တော့်စိတ်တွေ သည်သို့ ထိန်းမနိုင် သိမ်းမရ ဖြစ်သွားခြင်းဖြစ်သည်။ အခုတော့ ချစ်သူနှစ်ဦး၏ ညနေခင်းသည် အကျည်းတန်သွားပြီ။

ညနေခင်းသည် အကျည်းတန်ရုံမက ရင့်အိုရီဝေလာသည်။ ထို့နောက် တစ်စတစ်စ ချုပ်ငြိမ်းသွား[...]ကာ အမှောင်ရိပ်များ တရိပ်[...]ရိပ် ဖြန့်ဆင်းလာသည်။

ကျွန်တော်သည် ကား[...]ကို လမ်းဘေးတစ်နေရာတွင် ထိုးရပ်ပစ်လိုက်သည်။ ကား[...]ထဲတွင် တိတ်ဆိတ်ငြိမ်သက်[...]ခြင်းကသာ ကြီးစိုးမင်းမူနေ[...]သည်။ ကျွန်တော်သည် ကား[...]ကို ထိုးရပ်ပစ်ခဲ့သော်လည်း ခတ္တာကို မည်သည့်စကားစ[...]ရမှန်းပင်မသိတော့ချေ။ ခတ္တာကလည်း ကျွန်တော့်ကို မည်[...]သည့်စကားမျှ မပြောချင်[...]မဆိုချင်တော့ဟန် နှုတ်ဆိတ်[...]နေသည်။ နှောင်ဖွဲ့တွယ်ငင်[...]ချစ်ခင်သောစကားများ ပြော[...]ကြဆိုကြသော ညနေခင်း[...]အချိန်တွေကို ကျွန်တော်[...]လွမ်းသွားပါသည်။ ကားမှန်[...]တစ်ဆင့် တစ်စတစ်စ မီး[...]ရောင်ထွန်းလက်လာသော[...]လမ်းဘေးနေအိမ် မြင်ကွင်း[...]တွေကို ငေးကြည့်နေရာ[...]ကျွန်တော့်မျက်လုံးတွေ ဝေ[...]သွားသည်။ ထို့နောက် ရ[...]ထဲမှာ စစ်ခနဲ နာလာသော[...]နာကျင်မှုနှင့်အတူ ခတ္တာ[...]လှည့်ကြည့်ကာ ခပ်တိုးတိုး[...]ပြောမိသည်။

'မောင်တို့ လက်ထ[...]ကြရအောင် ခတ္တာ'

ကျွန်တော့်စကားကြ[...]တော့ ကားမှန်တံခါးမှတ[...]ဆင့် ယာဉ်အမျိုးမျိုး ဖြ[...]သန်းသွားလာနေသော လ[...]မဘက်ကိုငေးနေသော ခတ္တာ[...]က ဆတ်ခနဲ လှည့်ကြည့်[...]သည်။ ခတ္တာမျက်ဝန်းတွေ[...]နူးညံ့စူးရှသွားကာ ဝမ်းနည်း[...]ကြေကွဲသည့်အရိပ်တွေ [...]သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဘာဖြစ်လို့လဲ မောင်၊ မောင် ခတ္တာကို မယုံတော့လို့လား'

သည်အချိန်မှာ ဒီစကား ပြောသင့်မှန်း ကျွန်တော် နောက်ကျစွာသိလိုက်ရသည်။ ကျွန်တော် တော်တော်လေး မှောင်တရသွားသည်။ ခတ္တာကို လက်ထပ်ကြဖို့ ကျွန်တော် တောင်းဆိုသည်မှာ ဤ အကြိမ်သည် ပထမဆုံးအကြိမ် မဟုတ်ပါ။ အကြိမ်များစွာ ကျွန်တော် တောင်းဆိုခဲ့ဖူးပါ သည်။ ထိုစဉ်အခါက ခတ္တာ က 'ခတ္တာကို ဘာဖြစ်လို့ လက်ထပ်ချင်တာလဲ' ဟု မေး သည့်အခါတိုင်း ကျွန်တော် က 'ခတ္တာကို ပိုင်ဆိုင်ချင်လို့' ဟု ဖြေခဲ့တာချည်းပင်ဖြစ်သည်။ ထိုသည့်အချိန်တွေတုန်းက ခတ္တာ ကျွန်တော့်ကို သည်လို ... တနည်း မကြည့်ခဲ့ဖူး။ ... လက်ထပ်ခြင်းခေါင်းစဉ် အောက်မှာ နှစ်ယောက်သား ... ပြေပြေ ဆွေးနွေးညှိ နှိုင်းနိုင်ခဲ့ကြသည်။ အခု ... မလက်ထပ်ဖို့ တောင်း ဆိုခြင်းသည်လည်း ခတ္တာကို ပိုင်ဆိုင်ချင်ရုံကလွဲ၍ ကျွန်တော့် မှာ ထွေသည့်သံသယမှ မရှိ ကြောင်း ခတ္တာသိစေချင်သည်။

'မဟုတ်ဘူး ခတ္တာ၊ ခတ္တာကို မောင် ထာဝရယုံပါ တယ်။ ဒါပေမဲ့ ခတ္တာကို အခု ... ယောကျ်ားတစ်ယောက် ... တွဲပြီး တွေ့ရတော့ ... မောင် ခတ္တာကို ပိုင်ဆိုင်ချင်လာတယ်'

'မောင် အခုလုပ်ပုံက ... ကောက်တောင်မှားနေပြီ ... မောင်ကိုယ်တိုင် ... တစ်ဖက်လူကို ... စော်ကားရုံတင်မက ဘူး၊ ခတ္တာကိုလည်း အရှက်ခွဲ တယ်။ အကြောင်းရင်းမှန်ကို မောင် အရင်ဆုံး သိအောင် မေးမြန်းသင့်တယ်'

'အခု ဘာဖြစ်လို့လဲ'

'ဒီနေ့ ခတ္တာ မားကက် တင်းဆင်းရင်း လမ်းမှာ ချော် လဲလို့ ခြေခေါက်သွားတာ၊ လမ်းတောင်ကောင်းကောင်း မလျှောက်နိုင်ဘူး။ အဲဒါ သူ့ဌေးက သူ့အိမ်မှာ စာရင်း တွေရှင်းပြီးတာနဲ့ ကားနဲ့လိုက် ပို့မယ်ဆိုပြီး လိုက်ပို့တာ။ သူ က စိတ်ရင်းစေတနာမှန်မှန်နဲ့ ခတ္တာ လမ်းမလျှောက်နိုင်လို့ ခတ္တာကို ဖေးမ,ဖို့ ကြိုးစား တာကို မောင်က အထင်လွဲ တယ်။ မောင်လုပ်လိုက်ရင် ဒီလိုချည်းပဲ'

ခတ္တာ ပြောပြသည့် အဖြစ်အပျက်အမှန်တွေ ကြားပြီး ကျွန်တော် ခတ္တာကို သနားသွားသလို ခတ္တာတို့ သူ့ဌေးကိုလည်း အလွန်အမင်း အားနာသွားသည်။

'ဆောရီး ခတ္တာရယ်၊ ကိုယ်မွန်ထူသွားလို့ ဖြစ်ရတာ ပါ'

'ခတ္တာနဲ့ ပတ်သက်ရင် မောင် ဘယ်တုန်းကများ မှန် တာရှိခဲ့လို့လဲ'

ခတ္တာက ကျွန်တော့်ကို အပြစ်မတင်စဖူး အပြစ်တွေ တင်၊ ဒေါသတွေ မထွက်စဖူး ဒေါသတွေထွက်နေတော့ ကျွန်တော် ခတ္တာကို ပြုံး၍ သာ စိုက်ကြည့်မိသည်။ ဒါက တော့ မောင် ခတ္တာကို ချစ် တာကိုး။ ခတ္တာကို ချစ်လို့ ဒီလိုဖြစ်ရတာကိုး။ ကျွန်တော့် ဓာတ်ပြားဟောင်းကြီးကို ကျွန်တော် ပြန်မဖွင့်တော့ဘဲ ရင်ထဲမှာသာ တိတ်တိတ် ကလေး ပြောနေမိသည်။ သို့ သော် ကျွန်တော့်ရင်ထဲက စကားကိုပဲ ခတ္တာ အလိုလို သိရှိရိပ်မိနေလောက်ပြီ ဖြစ် သည်။

အမှန်တကယ်လည်း ကျွန်တော်သည် ခတ္တာနှင့် ပတ်သက်လာလျှင် ဘာကိုမှ ဂရုမထားဘဲ ကမူးရှူးထိုး လုပ်တတ်သူတစ်ယောက်ဖြစ် သည်။ နဂိုဗီဇက သွေးဆူ လွယ်သည့်သူတစ်ယောက် ဖြစ်သည့်အပြင် ကိုယ် အမြတ် တနိုး တန်ဖိုးထားရသော ချစ်သူနှင့် ပတ်သက်လာလျှင် ဘာကိုမှ အထိအခိုက်၊ အပွန်း အပဲ့မခံတတ်လေတော့ မကြာ ခဏ ရန်မီးပွားခဲ့ရလေသည်။ ကျွန်တော်က ကျွန်တော့် အသက်ထက်မက ချစ်ရသော ချစ်သူကို ဘယ်သူစိမ်း ယောကျ်ားသားကမှ စေ့စေ့ ကြည့်တာကို မခံနိုင်သူဖြစ်ရာ ယဉ်ကျေးသိမ်မွေ့ဖွယ်ရာ လှပသော မိန်းကလေး၏ မျက်နှာကို တစ်ချက်မှစောင်း လှည့်မကြည့်ဘဲ မနေနိုင် အောင် လှည့်ကြည့်သွားတတ် သော သူကောင်းသားများ နှင့် မကြာခဏ အချင်းများခဲ့ ရပါသည်။ သည်အခါတိုင်း ခတ္တာက ကျွန်တော့်ကိုမနည်း လိုက်ထိန်းကာ ရန်ပြေငြိမ်း အောင် ဖျောင်းဖျပေးခဲ့ရသည်။

'မောင်ရယ်၊ သူတို့ လည်း ယောကျ်ားလေးပဲ။ မိန်းကလေးတစ်ယောက် လှ တာတွေ့ရင် ငေးမိမှာပဲ။ ဒါ အပြစ်မှ မဟုတ်တာ'

'အပြစ်မဟုတ်ဘူးဆို တာ မှန်တယ်။ ဒါပေမဲ့ အဲဒီ မိန်းကလေးဘေးမှာ ရည်းစား တစ်ယောက်လုံး ငုတ်တုတ် ကြီးရှိနေတာကို မထီမဲ့မြင်နဲ့ ပါးစပ်သရမ်းသွားတာ၊ ဒါ သူတို့အပြစ်မဟုတ်ဘူးလား'

'သူတို့ဘာသာ သူတို့ သွားပြောပြောပေါ့၊ ကိုယ့် အသားပဲ့ ပါသွားတာမှ မဟုတ်တာ'

'သြော် ခတ္တာက အဲဒါ ကို သာယာနေတယ်ပေါ့ ဟုတ်လား၊ အဲဒါဆိုလည်း အဲဒီကောင်တွေနောက် လိုက် သွား၊ မောင့်နားမှာ မနေနဲ့'

ကျွန်တော်က စိတ်ဆိုး မာန်ဆိုးပြောကာ ခတ္တာကို မျက်နှာလွဲနေလိုက်တော့ ခတ္တာက ကျွန်တော့်မျက်နှာ ကို လိုက်ကြည့်ပြီး ပြုံးပါ သည်။ ပြီး 'မောင်ရယ်၊ ကလေးကျနေတာပဲ' ဟု ကျွန် တော့်ပါးကို ဖျစ်ညှစ်လိမ်ဆွဲ ကာ ချစ်စနိုး စ,နောက်သည်။ ကျွန်တော်က စိတ်ဆိုးမပြေ ချင်သလိုလိုနှင့် ခတ္တာကို စကားမပြောဘဲ နေလိုက် သည်။

'မောင် ကလေး၊ တကယ့်ကို ကလေးလိုပဲ။ ကလေးလေးတစ်ယောက်က သူ့လက်ထဲက ပစ္စည်းကို တခြားသူတစ်ယောက်က လု ယူသွားလို့ အော်ဟစ်ငိုယိုနေ သလိုပဲ'

'ကျုပ်က ငိုရုံတင်ငိုမှာ မဟုတ်ဘူး၊ အဲဒီလုယူတဲ့ ကောင်ကိုပါ လိုက်သတ်မှာ၊ သတိထား'

ကျွန်တော်က ခါးကြိမ်း ကြိမ်းတော့ ခတ္တာက သဘော ကျစွာ ဟက်ဟက်ပက်ပက် ရယ်ပါတော့သည်။ ခတ္တာ သည်လိုရယ်မောနေတာကို တွေ့ရတော့လည်း ကျွန်တော့် မှာ ကြည်နူးပျော်ရွှင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com

တာ။ ကျွန်တော် ခတ္တာ၏ အပြုံးတွေကို ထာဝရ မြင်တွေ့ချင်မိသည်။ ခတ္တာ၏ ရယ်သံတွေကို ထာဝရကြားချင်မိသည်။

'အဲဒါကြောင့်မို့ မောင်က ပြောတာ၊ မောင်တို့ လက်ထပ်ကြရအောင်ပါလို့'

'ပြောပြန်ပြီ ဒီစကား၊ ကဲ မောင်က ခတ္တာကို ဘာကြောင့်လက်ထပ်ချင်ရတာလဲ'

'မေးပြန်ပြီ ဒီစကား၊ မောင်လက်ထပ်ချင်တာက ခတ္တာကို ချစ်လို့၊ ခတ္တာနဲ့ အတူတူနေချင်လို့၊ ခတ္တာကို ပိုင်ဆိုင်ချင်လို့'

'ခတ္တာကို ပိုင်ဆိုင်ချင်လို့၊ ဟုတ်လား မောင်'

'ဟုတ်တယ်'

'ခတ္တာကို ပိုင်ဆိုင်ရရင် မောင် ပျော်မှာတဲ့လား'

အို… ဘယ်လိုစကားကြီးပါလိမ့်။ ခတ္တာမေးသည့် အမေးစကားထဲတွင် ကျွန်တော် ပြန်ဖြေနေစရာ မလိုလောက်အောင် အဖြေပါဝင်ပြီးသားမှန်း ခတ္တာသိပါသည်။

'ဘာကို မေးတာလဲ ခတ္တာရယ်၊ ကိုယ့်ချစ်သူကို ပိုင်ဆိုင်ခွင့်ရတဲ့သူ ဘယ်သူမဆို မပျော်ဘဲ နေမတဲ့လား၊ ကဲ ပြော၊ ခတ္တာကရော မောင့်ကို မပိုင်ဆိုင်ချင်ဘူးလား'

ကျွန်တော် မေးခွန်းပြန်ထုတ်ကာ မေးတော့ ခတ္တာ မျက်ဝန်းတွေ ငြိမ်သက်သွားကာ ကျွန်တော့်ကို ဖျော့ရီစွာကြည့်ပြီး နူးညံ့ညင်သာစွာ ဖြေပါသည်။

'မောင့်ကို ခတ္တာ ပိုင်ဆိုင်ချင်ပါတယ် မောင်ရယ်၊ ဒါပေမဲ့ မောင်ရယ်၊ လူတစ်ယောက်ကို ပိုင်ဆိုင်တယ်ဆိုတာ ရုပ်ဝတ္ထုကို ပိုင်ဆိုင်တာနဲ့ မတူဘူး။ ပြီးတော့ လူတစ်ယောက်က တခြားလူတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရတယ်ဆိုတာ သေချာပါ့မလား ခတ္တာ တွေးနေတာ'

ကျွန်တော်က ခတ္တာ အတွေးနက်နေပုံကိုကြည့်ကာ ရယ်ချင်စိတ်ဖြစ်လာသည်။ တစ်ခါတစ်ခါ ကျွန်တော့်ချစ်သူသည် ဒဿနိက ဘာသာရပ်နှင့် ဘွဲ့ယူထားတာမဟုတ်ဘဲ အတွေးနက်ချင်နက်နေတတ်သည်။ ကျွန်တော်ကတော့ ဒါကို အတွေးခေါင်တယ်ဟုပင် ယူဆကာ ရွတ်ချသည်။

အဲသည်လို သူများနှင့်မတူဘဲ လျှောက်ပြီး အတွေးခေါင်နေသောကြောင့် ခတ္တာနှင့် ကျွန်တော် လက်ထပ်သင့်ချိန်ရောက်နေပါလျက် အခုအချိန်ထိ လက်မထပ်ဖြစ်ကြခြင်းဖြစ်သည်။ ကျွန်တော်က လက်ထပ်ကြရအောင်ဟု ပြောတိုင်း သူမက အဖေ့ကို မကြာခဏ ပြန်ပြန်ငုံ့ကြည့်ပြီး အဖေကို အကြောင်းပြသည်။

အမှန်တကယ်ဆိုတော့ သူမအဖေလို အရက်သမားကြီးကို သူမအနေဖြင့် အဲဒီလောက်အထိ ပြန်ငုံ့ကြည့်နေစရာမလိုပေ။ သူမအဖေသည် အချိန်ရှိသရွေ့ မူးရူးနေသော အရက်သမားတစ်ယောက်ပင်ဖြစ်သည်။ သူမတို့ လူလားမြောက်အရွယ်ကတည်းက မိသားစုကို တစ်ချက် ပြန်ငုံ့မကြည့်တတ်သောသူတစ်ယောက် ဖြစ်သည်။ သူမအမေဆိုရင် ကလေးသုံးယောက်ရလာသည့်တိုင် လင့်ဝတ္တရား၊ ဖခင်ဝတ္တရားမကျေပွန်သော သူ့လင်ယောကျ်ားအရက်သမားကို ယနေ့ထိ စကားတစ်ခွန်းမှ မပြော၊ အဖက်မလုပ်ပေ။ သို့သော် ထိုအရက်သမားအဖေက သူ့သမီးသုံးယောက်စလုံးကို တုန်နေအောင်ချစ်တယ်ဟု ဆိုသောအခါ ကျွန်တော့်မှာ ယုံရခက်ခက်ပင် ဖြစ်ခဲ့ရသည်။

'ဟုတ်တယ် မောင်ရဲ့၊ အဖေက သူ့သမီးသုံးယောက်စလုံးကို မျက်စိအောက်က အပျောက်မခံနိုင်လောက်အောင်ကို ချစ်တာ၊ သမီးသုံးယောက်စလုံး အိမ်ထောင်ပြုသွားမှာကိုလည်း အလွန်ကြောက်တာ။ အဖေ အရက်သောက်ပြီး ပြန်လာပြီဆိုရင် ခတ္တာတို့ကို နင်တို့တွေ ယောကျ်ားမယူကြနဲ့နော်၊ ယောကျ်ားဆိုရင် ဘယ်ကောင်မှ ကောင်းတာမဟုတ်ဘူး၊ အဖေ့ကိုပဲကြည့်၊ အဖေ့လို အရက်သမားကိုယူမိလို့က တော့ ငါ့သမီးတွေ တစ်သက်လုံး ဒုက္ခနဲ့ မျက်ရည်သုတ်ရပြီသာမှတ်တဲ့။ အဲဒါ အမြဲပြောတာ၊ ပြီးတော့ အိမ်ရာထူထောင်ပြီး ပျက်စီးသွားကြတဲ့ သူတွေအကြောင်းကိုလည်း မကြာခဏ လက်ညှိုးထိုးထိုး ပြောပြီး သမီးတွေအိမ်ထောင်ရေးဘက် စိတ်မလည်အောင် ပြောတတ်သေးတာ'

ခတ္တာပြောသည့် သူမအဖေအကြောင်းတွေကို ကြားပြီး ထိုစဉ်ကတည်းက ကျွန်တော် ပြုံးနေခဲ့မိသည်။ တော်တော်လည်သည့် အဘိုးကြီး။ သို့သော် သဘာဝကို ဟန့်တားထား၍ မရနိုင်ကြောင်း ထိုအဘိုးကြီး မကြာခင် သဘောပေါက်သွားပါ[...] သည်။

'အစ်မ ယောကျ်ား[...] နောက် ခိုးရာလိုက်သွားရော[...] အဖေ စိတ်တွေကျသွားလိုက်[...] တာ လူတစ်ကိုယ်လုံး ချုံးချုံး[...] ကို ကျရော။ ဒီကြားထဲ[...] အရက်ကပိုသောက်လာတော့[...] ပိုဆိုးတော့တာပေါ့ မောင်[...] ရယ်။ အဖေ့ကို နေ့ပြုစုရ[...] ညပြုစုရနဲ့ ဂရုတစိုက် စောင့်[...] ရှောက်လိုက်ရတာ ခတ္တာတို့[...] ညီအစ်မနှစ်ယောက်မှာ မနား[...] ရပါဘူး။ အမေကတော့[...] မကြာခဏဆိုသလို ညည်း[...] တယ်။ ညည်းတို့အဖေကို လူ[...] ချည်းပဲ ပိုင်ဆိုင်ရပြီးတာက[...] လွဲလို့ ညည်းအဖေနဲ့ပတ်သက်[...] ပြီး ကျန်တာ ငါ ဘာမှ မပိုင်[...] ဆိုင်ခဲ့ရပါဘူးအေတဲ့'

ကျွန်တော်သည် ခတ္တာ[...] အမေကို မြင်ယောင်ကာ[...] သနားမိသလိုလို၊ ရယ်ချင်[...] သလိုလို ဖြစ်မိသည်။ ခတ္တာ[...] မိတ်ဆက်ပေးထားသဖြင့်[...] ခတ္တာ အဖေနှင့် အမေသည်[...] ကျွန်တော့်ကို သိဖူးမြင်ဖူး[...] ထားရုံမက ကျွန်တော့်ကို[...] ခတ္တာ့ ချစ်သူအဖြစ်ပါ သိနေ[...] ကြသည်။ ခတ္တာ့အဖေက[...] သိပ်ပြီးလိုလား ဟန်မပြသော်[...] လည်း ခတ္တာ့အမေကတော့[...] သဘောတူကြည်ဖြူပါသည်[...] သို့သော် ခက်တာက ခတ္တာ[...] ပင်။

ခတ္တာက အစ်မ[...] ယောကျ်ားယူတာပင် မကြာ[...] သေးဘူး၊ သူပါ ယောကျ်ား[...] ယူလိုက်ပါက အဖေ့အနေ[...] တွေးရဲစရာပင်မရှိဘူးဟု [...] လာသောအခါ ကျွန်တော်[...] ဘာပြောရမှန်းမသိအောင်[...] စိတ်ပျက်လက်ပျက်ဖြစ်သွား[...]



www.burmeseclassic.com

www.burmeseclassic.com

ည်၊

'ဘာဆိုင်လို့လဲ ခတ္တာ ... ခတ္တာလည်း အရွယ် ...ကနေပြီပဲ။ အိမ်ထောင်ပြု ...အချိန်မို့ အိမ်ထောင်ပြု ...ဆန်းသလား၊ အကယ်၍ ...နဲ့ ခတ္တာတို့ အိမ်ထောင် ...ကလို့ သူတို့မှာ အားကိုး ...မှာ စိုးရိမ်တယ်ဆိုရင် ... ကိုယ်တို့က သူတို့ကို ...ားမှာမှ မဟုတ်တာ။ ...ဆောက်ပံ့နေမှာပဲ'

'သားသမီးက အဝေး ... လစဉ်ငွေကြေးထောက် ...မိဘတွေ စိတ်ချမ်းသာ ...ရှင်နေနိုင်ပြီလို့ မောင် ...သလား။ မောင့်မိဘတွေ ...သာမှန်း သူတို့သိတယ်။ ... ဒီလိုထောက်ပံ့နိုင်မှန်း ... သူတို့သိမှာပဲ။ ဒါပေမဲ့ ...ပ်ချစ်တဲ့ သမီးတွေနဲ့ ...တစ်အိမ်တည်း အတူ ... ခွင့်မရရင် မောင်တို့ ...တို့ ထောက်ပံ့လည်း ...အတွက် အလကားပဲ ...'

သည်စကားကြားရ ... ခတ္တာက သူ့မိဘတွေ ...ဆုံးသဖြင့် သူ့အဖေကို) ...တော်ချစ်ပါလားဟု ...သလို ကျွန်တော့်ကို ...ဆက်ပင် ပိုနေမလား ...တ်ကာ ခတ္တာအဖေ ...ဆီကိုသွားလေသည်။

'အဲဒါဆို မောင်တို့က ...တော့ကျမှ အတူတူနေ ...လဲ'

'အဲဒါတော့ မောင်ရယ်၊ ...တော့ စောင့်ဦးပေါ့၊ ...တွေ သက်သာရာရ ... အဖေ့နားမှာ ခတ္တာ ...ဦး'

'ခတ္တာ မိဘတွေက သူတို့သားသမီးတွေကို ငယ်တုန်းရွယ်တုန်းအခါမှာပဲ ပိုင်ဆိုင်ရတာနော်။ လူလားမြောက်လို့ အတောင်အလက်စုံလာရင် သူတို့ပိုင်ဆိုင်ခွင့်မရတော့ဘူးဆိုတာကိုတော့ ခတ္တာအဖေ သိအောင်၊ နားလည်အောင်တော့ ပြောပြထားဦး'

'ခက်တယ် မောင်ရယ်'

ခတ္တာက သူ့အဖေနှင့် ကျွန်တော့်ကြားမှာ ဘေးကျပ်နံကျပ်ဖြစ်ကာ ခပ်တိုးတိုးနှင့် မသက်မသာ ညည်းညူတာကို သိပေမဲ့လည်း ကျွန်တော် ခတ္တာကို မပိုင်ဆိုင်ရလျှင် ရူးသွားမှာစိုးသောကြောင့် မသိချင်ယောင်ဆောင်ကာ မျက်ကွယ်ပြုနေမိသည်။

ဟုတ်သည်၊ ကျွန်တော် ခတ္တာကို အသေအလဲလိုချင်နေမိပြီ။

ကျွန်တော့်ဘဝမှာ ခတ္တာကို ပိုင်ဆိုင်ခွင့်ရရေးသည် ကျွန်တော့်အသက်တမျှ အရေးကြီးသည်။ ကျွန်တော် ခတ္တာကို တွေ့စကတည်းက မြင်မြင်ချင်း ချစ်ခင်မြတ်နိုးမိခဲ့သလို တန်ဖိုးကြီးသော ရတနာတစ်ပါးကို တွေ့လိုက်ရသကဲ့သို့ လိုချင်မက်မောတောင့်တမိခဲ့သည်။ သည့်အတွက်ကြောင့် ခတ္တာအချစ်ကို ရယူပိုင်ဆိုင်ရေးအတွက် အချိန်တွေသုံး၊ ငွေတွေသုံးကာ ကြိုးစားဖန်တီးယူခဲ့မိသည်။

ရူးနှမ်းသော လူတွေက အချစ်ဆိုတာ ပေးဆပ်ခြင်းပဲတဲ့။ တော်တော်ကြောင်သည့် အတွေးအခေါ်ဖြစ်သည်။ လောကကြီးမှာ မည်သူမဆို ကိုယ်ချစ်သည့်သူကို ကိုယ်ရယူပိုင်ဆိုင်ချင်ကြမည်မှာ မလွဲပေ။ ကျွန်တော်ကတော့ ကိုယ်ချစ်သည့်သူကို ကိုယ်တစ်ယောက်တည်း ပိုင်ဆိုင်ခွင့်ရဖို့အတွက် ဘယ်နည်းနှင့်မဆို ကြိုးစားမှာပဲ။ ကိုယ်က ပိုင်ဆိုင်ခွင့်ရဖို့ မြင်နေပါလျက် စွန့်လွှတ်အနစ်နာခံတာတွေ ဘာတွေလုပ်နေတာကို ကတော်တော်သူရဲဘောကြောင်သည့်အလုပ်၊ တော်တော်ရူးနှမ်းသည့် စိတ်ကူး ဟု ကျွန်တော် အောက်မေ့သည်။ ကိုယ်တိုင် အသည်းကွဲခံပြီး ကျိတ်ဆွေးရ၊ မျက်ရည်ဝှက်သုတ်ရသည့် အခြေအနေမျိုးကို တော့ ကျွန်တော် ဘယ်လိုနည်းနှင့်မျှ လက်မခံနိုင်ပါ။ ကျွန်တော့်ချစ်သူကို ကျွန်တော်သာလျှင် ပိုင်ဆိုင်စေရမည်။

ကျွန်တော် ခတ္တာကို ချစ်သူဖြစ်စကတည်းက တစ်ခါတည်းပြောထားသည်။ 'မောင် ခတ္တာစိတ်ကို ပိုင်ချင်တယ်၊ ခတ္တာနှလုံးသားကို ပိုင်ချင်တယ်။ ခတ္တာကို ပိုင်ချင်တယ်။ မောင်က လွှဲပြီး ခတ္တာကို ခတ္တာရဲ့ ဆံချည်တစ်မျှင်တောင် ဘယ်သူမှ မပိုင်ဆိုင်စေရဘူး' ဟု ပြောထားခဲ့သည်။

ထိုစဉ်အခါက ခတ္တာက ကျွန်တော့်ကို အထိတ်တလန့်ကြည့်ပြီး အံ့သြနားမလည်နိုင်စွာ အကြာကြီးငေးနေခဲ့သည်။ ကျွန်တော်က ခတ္တာ ကျွန်တော့်ကို အရူးတစ်ယောက်သဖွယ် ငေးမောနေတာကို စိတ်စနောင့်စနင်းဖြစ်ရင်း ခတ္တာနှာခေါင်းလေးကို ဖျစ်ညှစ်လိမ်ဆွဲပစ်လိုက်သည်။

'ခတ္တာကရော မောင့်ကို အဲဒီလို မပိုင်ဆိုင်ချင်ဘူးလား'

'မောင့်ကို ခတ္တာ ပိုင်ဆိုင်ချင်ပါတယ်။ ဒါပေမဲ့ မောင့်ကို ပိုင်ဆိုင်ခွင့်ရမှရပါ့မလားဆိုတာ မသေချာဘူးဖြစ်နေတယ် မောင်၊ တကယ်လို့ မောင့်ကို ပိုင်ဆိုင်ခွင့်မရဘဲ မောင်သာ ပျော်မယ်ဆိုရင် မောင့်ကို ဆုံးရှုံးစွန့်လွှတ်လိုက်ရလည်း ခတ္တာ ကျေနပ်နေမှာပါမောင်'

ခတ္တာက မျှော်လင့်ချက်မဲ့စွာ ပြောတော့ ကျွန်တော် ခတ္တာပခုံးကို ခပ်ဖွဖွဖက်ကာ သဘောကျစွာ ဟက်ဟက်ပက်ပက်ရယ်မိသည်။

'ဘာဖြစ်လို့ မသေချာရမှာလဲ ခတ္တာရယ်၊ မောင်က ခတ္တာကလွှဲပြီး မောင့်ကို ဘယ်သူမှ မပိုင်ဆိုင်စေရဘူးလို့ ကိုယ့်ကိုယ်ကို အာမဝန်ခံယူထားပြီးသားဗျ'

သို့သော် ကျွန်တော် သစ္စာဆိုပြတာတောင် ခတ္တာက စိတ်ချလက်ချယုံကြည်မှု ထားနိုင်ခဲ့တာမျိုး မဟုတ်ပါ။ ခတ္တာ ဘာတွေတွေးနေပါလိမ့်။ အတွေးခေါင်လှသော ကျွန်တော့်ချစ်သူသည် တစ်ခါတလေ ဘာတွေတွေးနေမှန်း ကျွန်တော်ပင် မသိနိုင်ပါ။

ကျွန်တော် ခတ္တာကို လက်ထပ်ကြဖို့ ပထမဆုံးအကြိမ် ခွင့်တောင်းစဉ်အခါက 'ပြော ခတ္တာ၊ ခတ္တာမိဘတွေဆီက ခတ္တာကို မောင် ဘယ်လောက်နဲ့ တင်တောင်းရမှာလဲ' ဟု မိဘအရိုန်အဝါကို သုံးပြီးပြောစဉ် ခတ္တာ ခါးခါးသီးသီး ဖြစ်သွားခဲ့သေးသည်။

'မောင်၊ လူတစ်ယောက်က လူတစ်ယောက်ကို ပိုင်ဆိုင်ဖို့ ငွေကြေးအင်



www.burmeseclassic.com

www.burmeseclassic.com

အားတွေ သုံးသင့်သလား။ မောင် ခတ္တာကို ငွေဝယ်ကျွန်တစ်ယောက်လို သဘောထားနေတာလား'

'မဟုတ်ဘူး ခတ္တာ၊ ကိုယ်က ခတ္တာကို တန်ဖိုးထားလွန်းလို့ ကိုယ့်ချစ်သူရဲ့ တန်ဖိုးကို မြှင့်တင်ပေးချင်တဲ့ သဘောနဲ့ ပြောတာပါ။ အထင်မလွဲစမ်းပါနဲ့'

'အဲဒါဆိုလည်း အဲဒီဘယ်လောက်တောင် တင်တောင်းရမှာလဲဆိုတဲ့ စကားကြီးမပြောစမ်းပါနဲ့။ ခတ္တာရှက်တယ်။ မောင့်မေတ္တာသာ စစ်ပါစေ၊ မောင့်သစ္စာသာ တည်မြဲပါစေ၊ အဝတ် တစ်ထည်၊ ကိုယ်တစ်ခုနဲ့လည်း မောင့်ကို ခတ္တာ လက်ထပ်နိုင်ပါတယ်'

ကျွန်တော် ခတ္တာကို တန်ဖိုးကြီးရတနာတစ်ပါးဟု ထင်ထားခဲ့တာ။ အခုတော့ ခတ္တာက တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးဖြစ်နေခဲ့သည်။ ကျွန်တော် ခတ္တာကို လက်လွှတ်ဆုံးရှုံးမခံနိုင်သည့်စိတ်၊ ခတ္တာကို ရယူပိုင်ဆိုင်ချင်သည့်စိတ်တွေ ပိုပြီး ပြင်းထန်လာလေသည်။

လက်ထပ်ဖို့ ပြောကြသည့်အခါတိုင်း ငွေစကားမပြောမိအောင် ထိန်းချုပ်ကြိုးစားခဲ့သည်။ သည်အတောအတွင်း လက်ထပ်မည့်ကိစ္စနှင့် ပတ်သက်၍ နေ့ရွှေ့ညရွှေ့နှင့် တစ်နှစ်ပြီးတစ်နှစ်ကူးလာခဲ့သည်။ ကျွန်တော်က ခတ္တာ၏ တိုက်တွန်းချက်ကြောင့် ဖေဖေ့စက်ရုံမှာ ဝင်ရောက်လုပ်ကိုင်ပေးနေပြီး ခတ္တာကတော့ စားသောက်ကုန် ကုမ္ပဏီတစ်ခုမှာ Marketing ဆင်းနေခဲ့သည်။ ကျွန်တော်က သည်အလုပ်ကို ပင်ပန်းသည့်အတွက် ခတ္တာကို မလုပ်စေချင်ပေ။ ခတ္တာကို အနားပေးချင်သဖြင့် လက်ထပ်ကြဖို့ မကြာခဏ ပူဆာမိသည်။ ခတ္တာက အဖေကို အကြောင်းပြပြီး လက်ထပ်ဖို့ ခဏခဏ ဆိုင်းထားခဲ့လေသည်။

> ဘဝသည်
> ရှည်လျား၊
> ကျယ်ပြောသည်
> ပင်လယ်သည်
> ကြီးမား
> ပြန့်ပြောသည်
> သို့သော်
> ဘဝထဲမှ
> ပင်လယ်ထဲမှ
> ကျွန်တော်တို့
> တကယ်တမ်း
> ရယူပိုင်ဆိုင်ခွင့်
> ရလိုက်သည်မှာ
> များများစားစား
> မဟုတ်ပါ

သည်အတောအတွင်း မျှော်လင့်မထားသော အခြေအနေတစ်ခုမှာ ကျွန်တော် ခတ္တာကို လက်လွှတ်ဆုံးရှုံးရမှာ ကြောက်တဲ့စိတ်နှင့် ခတ္တာနှင့်ပတ်သက်သည့်အရာမှန်သမျှ ဂရုတစိုက်စောင့်ကြည့်အကဲခတ်ရင်း အရာရာကို သံသယဝင်လာခဲ့သည်။ ထိုသို့သော သံသယစိတ်ကြောင့် ဤသို့သော ယုန်ထင်ကြောင်ထင် အဖြစ်အပျက်တွေနှင့် တွေ့သောအခါ ကျွန်တော့်စိတ်ကို ကျွန်တော် မထိန်းနိုင်ပါ။ ထပ်ကာထပ်ကာ အမှားတွေကျူးလွန်မိသည်။ အခုလည်း ကျွန်တော်သည် ခတ္တာ၏ အလုပ်ရှင်ကို မစော်ကားသင့်ဘဲ စော်ကားထိုးနှက်ခဲ့လေပြီ။ ကျွန်တော် မှားလေပြီ။

'ကိုယ် မှားသွားတယ် ခတ္တာရယ်၊ ကိုယ် နောက်ထပ် ဒီလိုမဖြစ်စေရဘူးလို့ ထပ်ပြီး ကတိပေးပါတယ်'

'မောင်ကသာ ထပ်ထပ်ပြီး ကတိတွေပေးနေ၊ ခတ္တာဖြင့် မနက်ဖြန် အလုပ်ဆင်းရင် သူဌေးမျက်နှာကို ဘယ်လိုကြည့်ရမလဲ တွေးနေတာ'

'ကိုယ်လိုက်တောင်းပန်ပါ့မယ်၊ သူကျေနပ်တဲ့အထိ သူ့ကို ကိုယ် ခယယတောင်းပန်မှာပါ'

ဘယ်သူ့ကိုမှ အောက်ကျနောက်ကျခံပြီး လွယ်လွယ်မတောင်းပန်ဖူးသော ကျွန်တော့်ကို ခတ္တာက မယုံကြည်နိုင်စွာ ကြည့်သည်။ ကျွန်တော် ခတ္တာ၏ လက်ကလေးတစ်ဖက်ကို ဆွဲယူဆုပ်ကိုင်လိုက်သည်။

'ကဲပါကွာ၊ မနက်ဖြန်ဆိုကြာသေးတယ်၊ အခုပဲ သွားတောင်းပန်ရအောင်၊ ချက်ချင်းကြီး လာတောင်းပန်တယ်ဆိုရင် သူလည်း ကျေအေးမယ် ထင်တယ်'

'မောင် တကယ်ပြောတာနော်'

ခတ္တာမျက်လုံးလေးတွေ တလက်လက်တောက်ပသွားကာ အံ့ဩစွာဆိုသည်။

ကျွန်တော် ခေါင်းညိတ်ပြ
လိုက်သည်။

ကျွန်တော်သည် ကား
ကို နောက်သို့ ပြန်လှည့်မော
လိုက်သည်။ ညသည် ပိုပြီး
ထင်ရှားမှောင်ရိပ်ကြီးသန်းလာ
လေသည်။ သို့သော် တလက်
လက် လင်းလက်တောက်
နေသော လျှပ်စစ်မီးရောင်
လေးတွေဖြင့် ညကို အန်တု
နေကြလေသည်။

❑

ရုတ်တရက် စီးဆင်း
လည်ပတ်နေသော ကျွန်တော့်
နှလုံးသွေးတွေ ရပ်တန့်အေး
စက်ကာ မာခဲသွားလေသည်။
'သမီးလေးရေ' ဆိုသော
ဆို့နင့်ကြေကွဲဖွယ် ရှိုက်ကြီး
တငင်အော်ငိုသံကြီးက ကျွန်
တော့်ရင်ကို ထိုးခွဲကာ ခြေ
ပစ်လိုက်သည်။

ခတ္တာအမေသည် ကျွန်
တော့်ကို မြင်လျှင် စော
ကထက် ပိုပြီး မျက်ရည်ဖြ
ဖြိုင်ရွှဲကျလာလေသည်။
ခတ္တာအဖေကတော့ သမီး
ခုတင်ခြေရင်းမှာ ငူငူကြီးထိုင်
လျက် သမီးကို တစိမ့်စိမ့်
ကြည့်ကာ ယူကျုံးမရ ဝမ်း
နည်းကြေကွဲနေဟန်ရှိသည်။

ကျွန်တော်သည် ဆေး
ခုတင်ပေါ်တွင် ဦးခေါင်း
ဒဏ်ရာကြီးနှင့် ငြိမ်သက်
လဲလျောင်းနေသော ခတ္တာ
ကြည့်ကာ ခတ္တာအိပ်ပျော်
သည်သို့ပင် စိတ်ထဲမှာ မှ
ထင်လျက်ရှိလေသည်။

'သမီးလေး အသ
မရှိတော့ဘူး မောင်ထက်
စိုးရဲ့၊ သမီးလေးကို ကယ်
ဦးကွယ်၊ အန်တီ့ရင်တွေ
ပြီ'

ခတ္တာအမေ၏ ခါး



www.burmeseclassic.com

www.burmeseclassic.com

…စက်သော အမှန်စကား …က ကျွန်တော့်ရင်ကို လာ …ကိရိက်ပုတ်ကာ ထိုးနှက် …လေသည်။ ကျွန်တော် …ကျင်ရင်နင့် သွားကာ …ရည်အသွယ်သွယ်ကျမိ …သည်။

လွှန်ခဲ့သော နာရီဝက် …က ရခဲ့သော ဖုန်းသတင်း …စ်ခုသည် ဤမျှအထိ ကြေ …ကျင်စရာကောင်းလောက် …င် ကြောက်စရာ ကောင်း …ည်မှန်း ကျွန်တော် မျှော် …ထားမိခဲ့ပါ။ ခတ္တာတို့ …ကတ်တင်းဆင်းရင်း ကား …ဆိုးဒင့်ဖြစ်လို့ ဆေးရုံ …ကြ်နေပြီဆိုသော သတင်း …အကြားတွင် ကျွန်တော် …ရုံသို့ စိုးရိမ်ထိတ်လန့်စွာ …လာခဲ့သည်။

ပြေးနိုင်သမျှ အမြန်ပြေး …ခဲ့သော်လည်း ဆေးရုံ …တော့ ခတ္တာသည် …တော့်ကို နှုတ်မဆက်ဘဲ …ခွာသွားနင့် လေပြီ။ …မဲ့ခန္ဓာကိုယ်ကသာ …တော့်ကို ဆီးကြိုစောင့် …နေသည်။ ခတ္တာ၏ …ဆုံးအချိန်မှာ ခတ္တာ …မှာ ကျွန်တော် ရှိမပေး …ည့်အတွက် ကျွန်တော့် …ကျွန်တော် ဘယ်လိုမှ …ည်၍ ရနိုင်တော့မည် …ပါ။

ခတ္တာကတော့ ကျွန် …ကို တမ်းတနေရှာမှာ … သူ့ရဲ့ နောက်ဆုံးအချိန် … သူသိသွားခဲ့လျှင် …ကျွန်တော့်ကို ဘာစကား … ပြောချင်ခဲ့ မှာပါလိမ့်။ … မှာကြားခဲ့ချင် …ိမ့်။ ကျွန်တော်က … ဖြစ်နိုင်လျှင် သူ၏ နောက်ဆုံး အသက်ရှူသံယဲ့ယဲ့လေးဖြစ်ဖြစ် ကြားခွင့်ရလျှင် ကြားချင်မိသည်။ သို့သော် ကျွန်တော် အဲသလောက်ထိ အောင် ကံမကောင်းခဲ့ပါ။

ခတ္တာကို အသက်ထင်ရှားရှိစဉ်က ပိုင်ဆိုင်ခွင့်ရချင်သည့် စိတ်သည် ခတ္တာ အသက်ထင်ရှားမရှိတော့သည့် အခါတွင်လည်း စွဲမြဲစွာ ကျန်ရစ်ဆဲပင်ဖြစ်သည်။ လောကတွင် ကိုယ်ချစ်သည့်သူကို ဆုံးရှုံးရတာလောက် နှမြောစရာကောင်းတာ ဘာမျှမရှိတော့ပေ။

သို့သော် ကျွန်တော် တစ်ခုတော့ ကံကောင်းသွားသည်။ ခတ္တာကို မီးသင်္ဂြိုဟ်ပြီး နောက်တစ်နေ့တွင် ခတ္တာအမေက ခတ္တာ၏ ရုပ်အစုအဝေး တည်ရာဖြစ်သော အရိုးပြာအိုးလေးကို ကျွန်တော့်ထံ လာပေးသည်။

'သမီး မသေခင်က အန်တီ့ကို တစ်ခုမှာသွားတယ်။ သူ့ရဲ့ အရိုးပြာတွေကို မောင်ထက်နေစိုးကိုပေးပြီး ပင်လယ်ထဲကို မျှောခိုင်းပါတဲ့'

'ပင်လယ်'

ကျွန်တော့်ရင်တွေ လှုပ်ခတ်သွားကာ ခပ်တိုးတိုး ခပ်ဖွဖွ ရေရွတ်မိသည်။

❑

ပင်လယ်…။

ပင်လယ်ထဲတွင် ထိုးထွက်နေသော ကျောက်ဆောင်ကမ်းပါးတစ်ခုပေါ်တွင် ရပ်ကာ ပင်လယ်ကြီးကို ကျွန်တော် ငေးကြည့်နေမိသည်။ အပြာရောင် ပင်လယ်ပြင်ကြီးသည် ဟိုးမိုးကုတ်စက်ဝိုင်းဆီထိ တပြန့်တပြောကျယ်ဝန်းကာ ရှုမဆုံးနိုင်အောင် လှပလေသည်။ ကမ်းစပ်ဆီသို့ တဝေါဝေါပြေးသွားနေသော ရေလှိုင်းသံတွေကို ကြားရသည်မှာ နားငြီးဖွယ်ရာ ကောင်းလှသည်။ ထိုရေလှိုင်းတွေက ကျောက်ဆောင်ကျောက်ကမ်းပါးကို ရိုက်ခတ်သည့် အခါမှာတော့ ကျွန်တော့်ကိုယ်ပေါ်ကို ရေမှုန် ရေမွှားလေးတွေ လာရောက် ရိုက်စဉ်လေသည်။

'မောင်တို့ လက်ထပ်ပြီးရင် ဟန်းနီးမွန်းကို ပင်လယ်တွေရှိတဲ့ နေရာဆီ သွားကြမယ်နော်။ မောင်က ပင်လယ်ကို သိပ်ချစ်တယ်'

တစ်ခါက စိတ်ကူးနှင့် ကြိုတင်ရေးဆွဲခဲ့သော အိပ်မက်တွေကို ညနေခင်းတိုင်း ခတ္တာကို ပြောဆိုရေရွတ်ပြခဲ့ဖူးသည်။ သည်တုန်းက တွေးရုံနှင့်ပင် ကြည်နူးလှိုက်ဖိုခဲ့ရသည်။

အခုတော့ ပင်လယ်ကြီးကို ကြည့်ရသည်မှာ ကျွန်တော့်အတွက် ကြည်နူးစရာမကောင်း။ ကြေကွဲစရာသာ ကောင်းတော့သည်။

ကျွန်တော်သည် လက်ထဲက ခတ္တာ၏ အသွေးအသားတွေ စုထားသော အရိုးပြာအိုးလေးကို ကြည့်ကာ တနင့်နင့်ကြေကွဲလာမိသည်။ ခိုင်မြဲလွန်းလှပါသည်ဟု ထင်ရသော ချစ်သူနှစ်ဦး၏ တွဲထားသောလက်တွေကို ကံကြမ္မာက ရက်ရက်စက်စက် ဖြုတ်ချပစ်လိုက်လေသည်။ လောကမှာ သေချာခြင်းဆိုတာ ဘာရှိပါသေးသနည်း။

ကျွန်တော်သည် အရိုးပြာအိုးကို ဖွင့်ကာ အိုးထဲက ပြာမှုန်တွေကို ညာလက်ဖြင့် နှိုက်ထုတ်ယူလိုက်သည်။ ထို့နောက် လက်ဖဝါးကို ဖြန့်ကာ ကြည့်မိလေသည်။ ထိုအခါ အတိတ်မှစကားသံတွေပဲ့တင်ရိုက်ကာ ကျွန်တော့်နားထဲမှာ ပြန်ကြားယောင်လာစဉ် ခဏ ကျွန်တော့်အသိဉာဏ်တွေ လင်းပွင့်လာခဲ့လေသည်။

'မောင် ခတ္တာစိတ်ကို ပိုင်ချင်တယ်၊ ခတ္တာနှလုံးသားကို ပိုင်ချင်တယ်၊ ခတ္တာကို ပိုင်ချင်တယ်'

တစ်ချိန်က ခတ္တာကို ပြောခဲ့ဖူးသော စကားတွေနှင့်အတူ ခတ္တာကို ပြင်းပြင်းပြပြ လွမ်းဆွတ်သတိရသွားသော အခါ ကျွန်တော့်မျက်ရည်တွေ တစိမ့်စိမ့် စီးဖြာကျလာလေသည်။

ကျွန်တော့်လက်ထဲက ပြာမှုန့်လေးတွေသည် ပင်လယ်ပြင်တွေင် ရိုက်ခတ်လာသောလေကြောင့် လေထဲတွင် ဝဲလွင့်သွားပြီးနောက် ပင်လယ်ထဲသို့ ပြန့်ကျဲလွင့်စဉ်သွားလေသည်။

ဘဝသည် ရှည်လျားကျယ်ပြောသည်။

ပင်လယ်သည် ကြီးမားပြန့်ပြောသည်။

သို့သော် ဘဝထဲမှ၊ ပင်လယ်ထဲမှ ကျွန်တော်တို့ တကယ်တမ်း ရယူပိုင်ဆိုင်ခွင့်ရလိုက်သည်မှာ များများစားစားမဟုတ်ပါ။

ဘာပဲဖြစ်ဖြစ် ကျွန်တော် ခတ္တာကို ဘယ်သောအခါမှ မေ့၍ရနိုင်လိမ့်မည် မဟုတ်တာ သေချာလေသည်။

■

ထန့်



www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၃၁၊ ဇွန်၊ ၂၀၁၇
ရေဒီယိုပြဇာတ်



*(ယခင်လမှ အဆက်…)*
**ငမိုး နဲ့ အိုး**
**(ရေဒီယိုပြဇာတ်)**
**တတိယပိုင်း(နောက်ဆုံးဇာတ်သိမ်းပိုင်း)**

# ငမိုးနဲ့အိုး
# ဒေရည် အင်းဝ

**ပါဝင်သူများ-** ၁။ ငမိုး၊ ၂။ မြမူ၊ ၃။ ဦးသာတင့်၊ ၄။ ဒေါ်တဆုပ် ၅။ ဒေါ်စိန်တုတ်၊ ၆။ ဖိုးထောင် ၇။ ငွေမှုဆိုး- ကိုလှအောင် -အသက် ၄၅ နှစ်ခန့်၊ ၈။ သံချောင်း-ဆယ်နှစ်သားကလေးငယ်၊ ၉။ ဒေါ်တင်နု၊ ၁၀။ ဦးဝိရိယ၊ ၁၁။ ရွာသူ မိန်းမ(၁)၊ ၁၂။ ရွာသူမိန်းမ(၂)၊ ၁၃။ ဒေါ်ဖူးညို- သံချောင်း၏အဘွား၊ ၁၄။ BBC သတင်းထောက် အမျိုးသမီးငယ်
အချိန်။ ။ ၂၀၁၀ ခုနှစ်၊ နေရာ။ ။ မြန်မာနိုင်ငံအလယ်ပိုင်း၊ ဧရာဝတီမြစ်ကမ်းနဖူးပေါ်မှ အလယ်စုရွာ။

**ငမိုး နဲ့ အိုး**
**ဇာတ်သိမ်းပိုင်း**

**အခန်း (၁)**

ငမိုး အိုးကိုမ,ရင်း ကမ်းပါးပေါ် ပြေးတက်လာ။

**ငမိုး။** ။ (စိတ်လှုပ်ရှားနေသော အသံတုန်ကြီးနှင့်အော်) အိုးကွ၊ အိုးကွ၊ ရွှေအိုးကွ။ ငမိုး ရွှေအိုးရပြီကွ။

(ခပ်လှမ်းလှမ်းမှ ရေချိုးပြီး ကမ်းပါးပေါ်တက်လာသော ဦးသာတင့်ကြား…)

**ဦးသာတင့်။** ။ ဟ…ငမိုး၊ အလန့်တကြားကွာ။ ဘာဖြစ်တာတုံးဟ။

**ငမိုး။** ။ (ဝမ်းသာတုန်ယင်လျက်) ဘကြီးသာတင့် လာပါဦးဗျ။ ဒီမှာ ရေထဲက အိုးရလို့။ ရွှေအိုး၊ ရွှေအိုး။

**ဦးသာတင့်။** ။ ဟေ၊ ဟုတ်လား။

(ပြေးလာသံ)

**ဦးသာတင့်။** ။ ဘယ်မှာလဲကွ၊ ပြစမ်း၊ ပြစမ်း။

**ဖိုးထောင်။** ။ ကိုငမိုး ဘာဖြစ်လို့တုံးဗျ။

**ငမိုး။** ။ ဖိုးထောင်ရေ၊ ဒီမှာ အိုးရလို့ကွ၊ ရေထဲက ရွှေအိုး၊ ရွှေအိုး။ (စိတ်လှုပ်ရှားလျက်)

**ဦးသာတင့်။** ။ ဟော့ကောင် မင်း ရွှေတွေက ဘယ်မှာလဲ။ ဟာ… အိုးကြီးကို ဘာလို့ ကိုင်ထားတာတုံး ငမိုး[illegible] မြေကြီးပေါ် သွန်ချလိုက်လေ။

**ငမိုး။** ။ ဗျာ…ဟုတ်၊ ဟုတ်ကဲ့ ဘကြီး။

(ရေနှင့်ရောနေသော ခပ်မာမာအချပ်များ သွန်ချသံ)

**ဖိုးထောင်။** ။ ဟာ…အများကြီးပဲဗျို့ ကိုငမိုး။

**ဦးသာတင့်။** ။ (ကောက်ယူကြည့်) ပြစမ်း၊ ပြစ[illegible] ဟ ငမိုး၊ သောက်အဓိပ္ပာယ်မရှိ၊ မင်းဥစ္စာ အိုးခြမ်းကွဲတွေ[illegible]

**ငမိုး။** ။ ဗျာ…၊ အိုးခြမ်းကွဲ။ ဟာ…သေချာ[illegible] ကြည့်ပါဦး ဘကြီးသာတင့်ရာ။

**ဖိုးထောင်။** ။ ပေး၊ ပေး၊ ကျွန်တော် ပွတ်ကြည့်[illegible] ရေညှိတွေ တက်နေတာဗျ။

**ငမိုး။** ။ (စိတ်လှုပ်ရှား) အေး…အေး။ လုပ်ပါ[illegible] ပွတ်ပါဟ ဖိုးထောင်ရ။ နာနာပွတ်၊ နာနာပွတ်။

**ဖိုးထောင်။** ။ (ပွတ်လျက်) အင်းပါဗျာ၊ အင်းပါ။

**ဦးသာတင့်။** ။ မင်းတို့ဟာမင်းတို့ ပွတ်ချင်သလော[illegible] ပွတ်၊ အသိအသာကြီးဟာကို။ ရွှေဆို နည်းနည်းလောက် [illegible] လိုက်တာနဲ့ ဝင်းတက်လာမှာပေါ့။ ဘယ်လောက် ရေညှိ[illegible] တက် အသိသာကြီး။ အိုးခြမ်းကွဲတွေပါဆိုမှကွာ။ [illegible] မင်းဟာတွေက မည်းမည်းသည်းသည်းနဲ့၊ [illegible]

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အချပ် တစ်ချပ်မှ မပါဘူး။

**ဖိုးထောင်**။ ။ ဟုတ်တယ်ဗျ ကိုငမိုး။ အချပ်ကြီးတွေက မညီမညာတွေချည်းပဲ။ တအားပွတ်တာတောင် ဝင်းလည်း မလာဘူး။ ဟိုတစ်လောက တံငါသည်တစ်ယောက်တွေ့တဲ့ အိုးဆို ငွေဒင်္ဂါး ဝိုင်းဝိုင်းလေးတွေဗျာ၊ သိသာတယ်လေ။

**ငမိုး**။ ။ (စိတ်ပျက်အားလျော့စွာဖြင့်) ဟင်း…ခေလိုက်တဲ့ ငမိုးတို့ကံ။ အိုးတော့ရပါရဲ့ သူများလို ရွှေဒင်္ဂါး မဟုတ်၊ ငွေဒင်္ဂါးလည်းမဟုတ်၊ အိုးခြမ်းကွဲတဲ့။

**ဦးသာတင့်**။ ။ (ပြက်ရယ်ပြုသံဖြင့်) အဲဒါ လူပေါ်မှုတည်တာပေါ့ကွာ။ ကြားဖူးတယ် မဟုတ်လား။ ပစ္စည်းဆိုတာ ကိုယ်နဲ့မထိုက်ရင် အိုးခြမ်းကွဲတွေ၊ မီးသွေးခဲတွေ ဖြစ်သွားတတ်တယ်ဆိုတာလေ။

**ဖိုးထောင်**။ ။ ကိုငမိုး၊ ခင်ဗျား ဥစ္စာတွေက လေးတော့လေးတယ်ဗျ။ အိုးခြမ်းကွဲတော့ မဟုတ်ဘူးထင်တယ်။ (ခေါက် ကြည့်ရင်း) လာခဲ့စမ်း၊ စမ်းကြည့်လိုက်မယ်။ လက်ဝါးစောင်းနဲ့…ယား…ဟာ… မကွဲဘူးဗျ။

**ငမိုး**။ ။ (အားတက်သံနှင့်) ဟာ…အေး၊ မကွဲဘူးနော်။

**ဦးသာတင့်**။ ။ ဟာ…ရှေးအိုးတွေက အထူကြီးတွေကွ၊ မာတယ်။

**ငမိုး**။ ။ ဟင်း…တော်ပါပြီဗျာ။ ဘာတွေပဲဖြစ်ဖြစ် ဖိုးထောင်ရေ အဲဒီဟာတွေ အိုးလေးထဲ ပြန်ထည့်စမ်းပါကွာ။ ငါ့ကလေးတွေ ကစားရတာပေါ့။

(ဒေါ်တဆုပ် ခပ်လှမ်းလှမ်းမှ အော်ခေါ်ရင်း အနားရောက်လာ)

**ဒေါ်တဆုပ်**။ ။ ကိုသာတင့်၊ အို ကိုသာတင့်။ တော်ရေနစ်သေနေပြီအောက်မေ့လို့ ကျုပ်မယ် ထမင်းပွဲကြီးနဲ့ တစောင့်စောင့်။ ဥပုသ်သည်ရှင့်၊ ဆာတယ်၊ တော်ဟာလေ။

**ဦးသာတင့်**။ ။ လာပါပြီဟာ၊ ဒီမှာ ဟိုကောင်ငမိုး ရွှေအိုးရတယ်ဆိုလို့။

**ဒေါ်တဆုပ်**။ ။ ဘာ…ရွှေအိုး၊ ဟုတ်လား။

**ဦးသာတင့်**။ ။ မဟုတ်ပါဘူး။ အိုးပေတဲ့ အထဲမှာ အိုးခြမ်းကွဲတွေပါဟာ။

**ဒေါ်တဆုပ်**။ ။ ဟယ်…ဟုတ်ရဲ့လား။ ဟဲ့ ငမိုး ပြစမ်း၊ ငါ့ပြစမ်း။

**ငမိုး**။ ။ (ဆောင့်ဆောင့်အောင့်အောင့်ဖြင့်) ရော့ ရော့၊ ကြည့်၊ ကြည့်၊ ဒီမှာ ဘွားတဆုပ်ရေ့။

**ဒေါ်တဆုပ်**။ ။ (တီးခေါက်ကြည့်လျက်) အင်း…အိုးကွဲလိုလို၊ စဥ့်ကွဲလိုလို မာတာတာနဲ့။ ရွှေငွေတော့ မဟုတ်ဘူး။ ဟဲ့…ငါ့ကို တစ်ချပ်ပေးခဲ့စမ်း၊ ငါ့မြေးလေး ထွေပစ်ရအောင်လို့။

**ငမိုး**။ ။ ယူ၊ ယူ။

**ဖိုးထောင်**။ ။ ကိုငမိုး၊ ကျုပ်လည်း တစ်ချပ်လောက် ဗဟုသုတအဖြစ်ပေါ့ဗျာ။

**ငမိုး**။ ။ ယူကွာ၊ ယူပေါ့။ (စိတ်ပျက်သံဖြင့်) သွားမယ်ကွာ…ဟင်း…သောက်ရေးထဲ ဗိုက်က ဆာလာပြီ… ဒီအိုးခြမ်းကွဲတွေပဲ ပြုတ်စားရတော့မလို ဖြစ်နေပြီ။

('ဒီအိုးခြမ်းကွဲတွေပဲ' နေရာမှစ၍ တီးလုံးဝင်)

(ငမိုး ရွာလယ်လမ်း ဆက်လျှောက်လာ၊ တီးလုံးနောက်ခံနှင့်)

**မိန်းမတစ်ဦး(၁)**။ ။ ဟဲ့၊ ငမိုး ရွှေအိုးရလို့တဲ့။

**မိန်းမတစ်ဦး(၂)**။ ။ အို…မဟုတ်ပါဘူးတဲ့၊ အိုးခြမ်းကွဲတွေ ပါတဲ့အေ။

**မိန်းမတစ်ဦး(၁)**။ ။ ဟော…ဟိုမှာ ငမိုး အိုးကြီးပိုက်… ရွာလယ်လမ်းမှာ။

**ဒေါ်စိန်တုတ်**။ ။ (အိမ်ရှေ့ထွက်လာရင်း) ဟဲ့ ငမိုး ရွှေအိုးရလို့ဆိုဟဲ့။

**ငမိုး**။ ။ ဟာ…မဟုတ်ပါဘူး အရီးလေး စိန်တုတ်ရာ၊ အိုးခြမ်းကွဲတွေပါဗျ။

**ဒေါ်စိန်တုတ်**။ ။ ဖြစ်မှဖြစ်ရလေဟယ်၊ ငါကတော့ ဟ… ကျပြီလို့၊ ငမိုးတော့ ကောင်းရောင်းကောင်းဝယ် လုပ်စားလို့ရ… လို့။

**ငမိုး**။ ။ ဗျာ…။

**ဒေါ်စိန်တုတ်**။ ။ ပြစမ်းပါဦးဟဲ့၊ ဘယ်လိုဟာတွေလဲ… မြင်ဖူးတယ်ရှိအောင်။ အမယ် တော်တော်မာမယ့်ပုံ။ ငါ့… တစ်ချပ်လောက်ပေးခဲ့စမ်း၊ ကြက်တွေ ထုရအောင်။ ဘေးအိမ်က ကြက်တွေ လာလာ သောင်းကျန်းလွန်းလို့။

**ငမိုး**။ ။ ယူဗျာ။ ယူ၊ ယူ။ သွားမယ်ဗျို့။

(ဆက်လျှောက်သွား။ နောက်မှ ပြေးလိုက်လာသံနှင့်အတူ…)

**သံချောင်း**။ ။ ဦးငမိုး၊ ဦးငမိုး။

**ငမိုး**။ ။ ဟေ၊ ဘာတုံးဟ သံချောင်းရ။

**သံချောင်း**။ ။ ကျွန်တော့်လည်း တစ်ချပ်လောက် ထွေပစ်ချင်လို့။

**ငမိုး**။ ။ ရော့၊ ရော့။ တော်ပြီလား တစ်ချပ်…

**သံချောင်း**။ ။ ဒါဆို နောက်တစ်ချပ်ပေး၊ ကျွန်တော့် သူငယ်ချင်းအတွက်။

**ငမိုး**။ ။ ရော့၊ ရော့။

(ရွာလယ်လက်ဖက်ရည်ဆိုင်မှ နှစ်လုံးထိုးပြန်လာသော ငမိုး ယောက္ခမ ဒေါ်တင်နု အနားရောက်လာ)

**ဒေါ်တင်နု**။ ။ (အမောတကောနှင့်) ဟဲ့ သားကြီး ငမိုး ရွှေအိုးရလို့ဆို၊ လက်ဖက်ရည်ဆိုင်မှာ လူတွေပြောနေလို့ အမေ ပြေးလာတာ။

**ငမိုး**။ ။ (စိတ်ပျက်သံဖြင့်) ဘယ်ကလာ အမေ ရာ၊ မဟုတ်ပါဘူး။ ဟောဒီမှာ ကြည့်၊ အိုးခြမ်းကွဲတွေ။

**ဒေါ်တင်နု**။ ။ (မချင့်မရဲသံနှင့်) အမယ်လေးဟယ် လွဲချက်ကတော့။ ဒါတွေအကုန်လုံးသာ ရွှေဖြစ်လိုက်ရင် တော့…။

**ငမိုး**။ ။ ဟာ…ဘာပြောကောင်းမလဲ အမေ…



www.burmeseclassic.com

www.burmeseclassic.com

[illegible]လည်း နေ့စဉ်နေ့တိုင်း ကြိုက်သလောက်ထိုးစမ်း။ နှစ်[illegible]ရော၊ လေးလုံးရော ထိုးစမ်း။

[illegible]တင်နု။ ။ အေးဟယ်၊ ဘယ်လောက်များ ကောင်း[illegible]မလဲ။

([illegible]ဝေးဝေးမှ မြမူ ခပ်သုတ်သုတ်ပြေးလာရင်းလှမ်းခေါ်)

[illegible] ။ (စိတ်တိုသံဖြင့် တစ်လုံးချင်းခေါ်) ကို…င…မိုး…။

[illegible]တင်နု။ ။ ဟော…ဒီမှာ မင်းမိန်းမ မစ္စာလန်က[illegible] သတင်းကြားလို့ လိုက်လာပြီ ထင်တယ်။

[illegible] ။ (အသက်မရှူနိုင်ဘဲ) ရွှေအိုးရတာဆို[illegible]မှာလဲ။ ဟုတ်လား၊ ပြစမ်း ကျုပ်ကို၊ ဘယ်မှာလဲ။

[illegible] ။ (စိတ်တိုလျက်) ဘာရွှေအိုးလဲဟာ၊ [illegible]ပါဘူးဆိုနေမှ။ ရော့၊ ရော့၊ ကြည့်။ ဒီမှာ အိုးခြမ်းကွဲ[illegible]ဖြစ်နေလို့ဟော့၊ တွေ့ပလား။

[illegible] ။ ဟင် ဟုတ်သားပဲ။ စိတ်ပျက်လိုက်[illegible](ခေါသကို ငမိုးပေါ် ပုံ၍) တော်ကလဲ တကယ်ပဲ မပြော[illegible]ချင်ဘူး။ ဘာအိုးပဲရရ ကိုယ့်အိမ်ကိုယ် အရင်ပြန်လာတာ[illegible]ဘူး။ မိန်းမက အရင်မသိရဘူး။ လူတကာသိပြီးမှ[illegible] ပေး အိုးကို။

[illegible] ။ ဟော်ဗျာ၊ ဒီအိုးကို မက်နေပြန်ပြီ။ နင်[illegible] ဘာလုပ်မှာတုံး။

[illegible] ။ ဘာလုပ်လုပ်၊ ဘာကွဲတွေပဲဖြစ်ဖြစ်[illegible]သိမ်းမယ်၊ ကျုပ်ပိုင်တယ်။

[illegible] ။ သိမ်းဟာ သိမ်း။ နင့်ဟာနင် သိမ်းစမ်း၊ [illegible] ယူ ယူ။ အိုးခြမ်းကွဲတွေ အိုးနဲ့အပြည့်အသိပ်ကြီးကို ရှိ[illegible]တယ်။

[illegible]တင်နု။ ။ ဟဲ့ နေဦး မြမူ။ အဲဒီထဲက အမေ့ကို[illegible]ကြီးကြီး နှစ်ချပ်လောက် ရွေးပေးစမ်း။ ကြီးကြီး၊ လေး[illegible] နှစ်ချပ်။

[illegible] ။ ဟင်း၊ အမေ့ကို လိုချင်မျက်စိရှိလိုက်[illegible]ပြောရင် အမေခံချင်မှာမဟုတ်ဘူး။ ဘာလုပ်ဖို့လဲ၊ ဒီအိုး[illegible]ကွဲတွေကို။

[illegible]တင်နု။ ။ ဟဲ့ကောင်မရဲ့၊ အိမ်ခေါင်မိုး ပလတ်[illegible] ဆလလန်ရင် ဖိဖို့ဟဲ့။ သားသမီးတွေ လိမ္မာတော့ မအေ[illegible]င်မိုး ပလတ်စတစ်အဖာနဲ့ နေရတာလေ။

[illegible] ။ ဟာဗျာ၊ တော်ကြစမ်းပါ။ လမ်းပေါ်မှာ[illegible]လား မြမူ နင့်ဘာနင်လိုက်ခဲ့တော့၊ ငါသွားနှင့်တော့မယ်။

[illegible] ။ သွား သွား၊ (အသံမြှင့်အော်) ပုဆိုးရေစို[illegible] သိုးမအိပ်နဲ့ဦးနော်။ မသာပေါ်သွားဦးမယ်။

(အခန်းပြောင်းတီးလုံး)

[illegible]

အခန်း(၂)

[illegible] ။ အိမ်ရှေ့ခန်းတွင် ထိုးအိပ်နေသော ငမိုး ဟောက်သံ။

(တခေါခေါအသံထွက်ဟောက်သံ)

ဦးပဋ္ဌင်း ဦးဝိရိယ အိမ်ရှေ့ရောက်လာ။

ဦးဝိရိယ။ ။ ဒကာ ငမိုး၊ ဒကာကြီး၊ မြမူ၊ ဘယ်သွားကုန်ကြတုံးဟ။

မြမူ။ ။ (နောက်ဖေး‌မှထွက်လာ) တင်ပါ့ ဘုရား၊ ရှိပါတယ် ဘုရား၊ ကြွဘုရား။

ဦးဝိရိယ။ ။ အေး၊ ဒကာ ငမိုးရော ဘယ်မလဲ။

မြမူ။ ။ ဒီမှာ ဘုရား၊ ဦးပဋ္ဌင်း ကြားတဲ့အတိုင်းပဲ ဟောက်နေတာ။ ဦးပဋ္ဌင်းလည်း ကိုငမိုး ရွှေအိုးရတယ်ကြားလို့ လာတာလား။

ဦးဝိရိယ။ ။ အေး ဟုတ်တယ်။ အိုးခြမ်းကွဲတွေ ဖြစ်နေတယ်ဆို၊ ငါ ကြည့်မလို့လာတာ။

မြမူ။ ။ ကြည့်လေ ဦးပဋ္ဌင်း။ အဲဒီရှေ့နားက အိုးပဲ။ ဟင်း၊ ကံများ မကောင်းချင်တော့ ဦးပဋ္ဌင်းရယ်။

ဦးဝိရိယ။ ။ အို…နင်ကလည်း ဒီတစ်ကြိမ်မရ နောက်တစ်ကြိမ်ရမှာပေါ့။ ကိုယ်ပြုထားတဲ့ ကုသိုလ်ကံ အကျိုးပေးတဲ့အချိန် မရောက်သေးလို့ပါ။ ကဲ…မှန်းစမ်းပါဦး(အိုးထဲမှ ယူ၍ တီးခေါက်ကြည့်)၊ မြမူရေ။

မြမူ။ ။ ဘုရား။

ဦးဝိရိယ။ ။ နင်တို့ဥစ္စာတွေ အိုးခြမ်းကွဲတော့ မဟုတ်ဘူးဟ။

မြမူ။ ။ အဲလိုဆို ဘာတွေတုံး ဘုရား။ (အား တက်သရောမေး)

ဦးဝိရိယ။ ။ ငါထင်တာတော့ 'ခဲ'တွေလို့ ထင်တာပဲ။

မြမူ။ ။ (စိတ်ပျက်သံဖြင့်) တော်ပါပြီ ဘုရား၊ ခဲဈေးက ဘယ်လောက်ရှိမှာလဲ။ ရွှေမဟုတ်၊ ငွေမဟုတ်လို့က တော့ အလကားပဲဘုရား။

ဦးဝိရိယ။ ။ (အချပ်တစ်ချပ်ကို လှည့်ပတ်ကြည့်လျက်) ဒီမှာကြည့်လေ။ အချပ်ကြီးတွေက မာလည်းမာတယ်၊ လေးလည်းလေးတယ်၊ အရောင်ကလည်း ခဲရောင်ဆိုတော့ ခဲပဲဖြစ်မယ်။

မြမူ။ ။ (စိတ်ပျက်လက်ပျက်ဖြင့်) မသိပါဘူး ဘုရား၊ တပည့်တော်တော့ မပြောတတ်ပါဘူး။

ဦးဝိရိယ။ ။ အေး…အေး၊ ငါ ကြွတော့မယ်။ ဒီတစ်ချပ် ငါယူသွားတယ်လို့ ငမိုးပြောလိုက်ဟေ့။ ရေဒီယိုတွေ ဘာတွေ ပြင်တဲ့အခါကျ ခဲဂဟေဆော်ရအောင်လို့။

မြမူ။ ။ တင်ပါ့ဘုရား၊ ကိုငမိုး နှိုးလိုက်ရဦး မလား ဘုရား။

ဦးဝိရိယ။ ။ နေ၊ နေ၊ မနှိုးနဲ့။ အိပ်ပစေ၊ အိပ်ပစေ။

မြမူ။ ။ တင်ပါ့ဘုရား၊ တင်ပါ့။

(ငမိုးဆီမှ ဟောက်သံပြန်ပေါ်လာ)



www.burmeseclassic.com

www.burmeseclassic.com

**မြမူ။** ။ (စိတ်တိုသံဖြင့်) ဟောဒီလူကတော့ သေနာကတော့ ပေါ်တော့မှာပဲ။ ပုဆိုးရေစိုကြီးနဲ့ မအိပ်ပါနဲ့ဆို တာကို မိန်းမစကားများ နားထောင်ရင် ကင်းကိုက်တော့မယ့် အတိုင်း၊ တစ်ခါတည်း။ ကိုငမိုး၊ ကိုငမိုး။ ထ၊ ထ၊ ပုဆိုး ရေစိုကြီးလဲဦး။

**ငမိုး။** ။ (အိပ်ချင်မှုးတူးဖြင့်) အင်…အင်၊ ဘာ လဲကွာ။

**မြမူ။** ။ ထ,ပါလို့ဆို။ ပုဆိုးလဲ၊ သေနာပေါ်မစိုး လို့ ပြောနေတာ။

(ထိုစဉ် အိမ်ရှေ့မှ ဆိုက်ကယ်ဟွန်းသံနှင့် ဆိုင်ကယ်စက် ရပ်သံ)

**ကိုလှအောင်။** ။ ကိုငမိုး ရှိလားဗျို့၊ ကိုငမိုး။

**မြမူ။** ။ (ရုတ်တရက် လန့်သွားလျက်) အမယ် လေး၊ ဆားပုလင်း ဦးသန်းကြီးလားလို့ လန့်သွားတာပဲ။

**ကိုလှအောင်။** ။ (အိမ်ထဲဝင်လာရင်း)ဗျို့ကိုငမိုး၊ ခင်ဗျား အိုးတစ်လုံးရတယ်ဆိုလို့ လာတာဗျ။ ငွေမှုဆိုး လှအောင်ပါဗျ။

**မြမူ။** ။ ကိုငမိုး ထလေ။ ဧည့်သည်လာနေ တယ်။ ဟို…ငွေပြားတွေ၊ ရှေးဟောင်းပစ္စည်းတွေ အရောင်း အဝယ်လုပ်တဲ့လူကြီးတော့။

**ငမိုး။** ။ (လူးလဲထလျက်) အင်း…လာဗျာ ငွေမှုဆိုးကြီး။ (အားရပါးရသမ်းလျက်၊ စိတ်မပါ လက်မပါ ဖြင့်) ဝါး…အလကားပါဗျာ၊ ကျုပ်အိုးက အိုးခြမ်းကွဲတွေပါ။ ခင်ဗျား ကြည့်ချင်လည်းကြည့်။ အဲဒီမှာ ဒီတိုင်း ပစ်ထားတာ၊ မြမူ ပြလိုက်စမ်း။

**ကိုလှအောင်။** ။ ကျွန်တော် ကြားပါတယ်။ ဒါပေမဲ့ ခင်ဗျား အိုးခြမ်းကွဲတွေက လက်ဝါးစောင်းနဲ့ ခုတ်တာတောင် မကွဲဘူးဆိုလို့ စိတ်ဝင်စားလို့ဗျ။ ပြပါဦး၊ ကြည့်ရအောင်။

**မြမူ။** ။ ရော့ ရော့၊ ဒီမှာ။ တစ်အိုးလုံး စေ့စေ့စပ် စပ်သာ ကြည့်ပေးပါတော်။

**ကိုလှအောင်။** ။ အင်း…(တီးခေါက်လျက်) ခင်ဗျား အချပ်တွေက အချပ်ကြီးတွေနော်။ ညီညီညာညာလည်းမဟုတ်၊ အင်း…။

**ငမိုး။** ။ (စိတ်ပျက်သံဖြင့်)ဟုတ်ပါတယ်ဆိုမှဗျာ။

**ကိုလှအောင်။** ။ နေဦးဗျ၊ ကိုငမိုး။ ခင်ဗျားဟာ အိုးခြမ်း ကွဲတော့ လုံးဝ မဟုတ်ဘူး။

**ငမိုး။** ။ ဗျာ…။

**မြမူ။** ။ ဟင်…ဒါဖြင့် ခုန ဦးပဥ္စင်းပြောသွား တဲ့ 'ခဲ'တွေလား။

**ကိုလှအောင်။** ။ (သေချာပွတ်တိုက်၊ တီးခေါက်ရင်း) နေဦး၊ နေဦး။ ခဏလေး၊ ခဏလေး။ 'ခဲ'မဟုတ်ဘူး၊ 'ခဲ' လည်းမဟုတ်ဘူး။

**ငမိုး။** ။ (စိတ်လှုပ်ရှားလျက်) ဒါ… ဒါဖြင့် ဘာလဲ ငွေမှုဆိုးကြီးရယ်၊ လုပ်ပါဦး။

**ကိုလှအောင်။** ။ (ဝမ်းသာသံဖြင့်) ဟာ ကိုငမိုး ခင်ဗျား တော့ ပွပြီဗျို့၊ ထောပြီဗျ။

**ငမိုး။** ။ (အံ့ဩစွာ) ဗျာ။

**ကိုလှအောင်။** ။ ခင်ဗျားဥစ္စာတွေက ငွေပြားတွေ ငွေပြားတွေဗျ။ အိုးခြမ်းကွဲ မဟုတ်ဘူး။

**ငမိုး။** ။ ဗျာ…ငွေပြားတွေ။

**မြမူ။** ။ (စိတ်လှုပ်ရှားစွာ) ငွေပြားတွေ၊ ငွေပြား တွေ ဟုတ်လား။

**(အခန်းပြောင်း တီးလုံး)**

❑

**အခန်း(၃)**

**ငမိုးအိမ်။** ။ ငွေထုပ်ကြီးနှင့် ငမိုး၊ မြမူတို့ ပျော်ရွှ နေ။

**ငမိုး။** ။ (အူမြူးစွာဖြင့်) ဟားဟား၊ ဟားဟား မြမူ မိန်းမ၊ ဒါ ဘာလဲ၊ ငွေထုပ်၊ ငွေထုပ်။ နှစ်ဆယ့်ခြောက် သိန်းကျော်တဲ့ ငွေထုပ်ကြီးဟ။ ရော့ ယူဟ၊ ငါ့မိန်းမ ဟား ဟား။

**မြမူ။** ။ (ဝမ်းသာတုန်ယင်လျက်) ကိုငမိုး အမယ်လေး ကျုပ်တို့ အိပ်မက် မက်နေတာ မဟုတ်ပါဘူးနော် ဟီဟီ။

**ငမိုး။** ။ တကယ်ဟ တကယ်။ ဒါ နင့် ယောက်ျား ငမိုး မဟုတ်တာလုပ်ပြီး ရလာတဲ့ငွေတွေ မဟုတ် ဘူး။ မောင်ငမိုးရဲ့ ရှေးဘဝကုသိုလ်ကံကြောင့် ရတဲ့ငွေတွေဟ ဟဲဟဲ။

**မြမူ။** ။ ကျုပ်တို့ ကလေးတွေကို ရှင်ပြုမယ်

**ငမိုး။** ။ ပြုမှာပေါ့ဟ။

**မြမူ။** ။ ပြီးတော့ ကျုပ်ကို တီဗွီနဲ့ အောက်စက် ဝယ်ပေး၊ မြန်မာကားတွေ ကြည့်ရအောင်လို့။

**ငမိုး။** ။ ဝယ်ပေးမှာပေါ့ဟ။

**မြမူ။** ။ အဲဒါကိုများ ရှင်က ငွေမှုဆိုးဆီက ကက်ဆက်ကြီးကို ဘာကိစ္စ ဝယ်လိုက်ရတာလဲ။

**ငမိုး။** ။ ဟ၊ ရေဒီယိုပါလို့ဟ။ အဲဒါကြီး ရေဒီယိုကက်ဆက်ကြီး။ ငါ ရေဒီယိုကြိုက်တာ နင်သိသားနဲ့ ပိုက်ဆံပြတ်တိုင်း ရောင်းစားရတာနဲ့၊ ငါနဲ့ ရေဒီယိုကက်ဆက် ဘယ်မှာမြဲလို့လဲ။ ငွေမှုဆိုးကလည်း လျှော့ဈေးနဲ့ပေးတာပါဟ

**မြမူ။** ။ (မယုံနိုင်စွာဖြင့်) ကိုငမိုး၊ ပိုက်ဆံ ရှင်ပြောတာ နှစ်ဆယ့်ခြောက်သိန်းကို ကျော်သေးတာ ဟုတ်ရဲ့ လားတော့။

**ငမိုး။** ။ ဟုတ်တာပေါ့ဟ။ ငါတို့ ငွေပြားအချို့ က သုံးပိဿာနဲ့ ရှစ်ဆယ်သားတောင်ရှိတာဟ။

**မြမူ။** ။ အိုးသေးပေမဲ့ အချိန်တော်တော် တယ်နော်။

**ငမိုး။** ။ စီးတာပေါ့။ ငါတို့ဥစ္စာတွေက တစ်ချ



www.burmeseclassic.com

ချပ်ကို တစ်ဆယ်သားလောက်ချည်းပဲ။ အဲတော့ နင် …သား။ ငွေမှုဆိုးပေးတဲ့ဈေးက တစ်ကျပ်သားကို ခုနစ် …င် ပေါက်ဈေးဟာ၊ တွက်သာကြည့်တော့။

။ တစ်ကျပ်သားကို ခုနစ်ထောင် ဟုတ် …။ အင်း…ဒီတော့ တစ်ဆယ်သားဆိုရင် ခုနစ်သောင်း …။ ကိုငမိုး ဟုတ်လား။

။ အေးလေ။ ဒါလေးတောင် နင် မတွက် …တော့ဘူးလား။

။ ဒီလိုဆို ကျုပ်တို့ဥစ္စာတွေက တစ်ချပ် …ချပ်ကို တစ်ဆယ်သားလောက်စီးတယ်ဆိုတော့ တစ်ချပ် … ခုနစ်သောင်းလောက် တန်နေတာပေါ့၊ ဟုတ်လား။

။ ဟုတ်ပ၊ ဟုတ်ပ။ တချို့အချပ်ဆို တစ် …သားတောင်ကျော်သေး။ သေးတဲ့အချပ်တောင် ငါးကျပ် …ကျော်တယ် နင့်နှယ်။

။ (ဒေါသသံဖြင့်) သိပြီ၊ သိပြီ။ ကျုပ်ကို …မပြောနဲ့။ ဟင်း…၊ အချပ်သေးသေးလေး တစ်ချပ်တောင် …သောင်းကျော် တန်ဖိုးရှိတာပေါ့ ဟုတ်လား။

။ အေးလေ၊ နင်က ဘာဖြစ်ရတာလဲ။

။ (စိတ်တိုသံနှင့်) ဒီမှာ ကိုငမိုး။

။ (အူကြောင်ကြောင်နှင့်) ဘာလဲဟ။

။ (ဒေါသဖြင့်) တော့်ကို ကျုပ် မေးစရာရှိ … မှန်မှန်ဖြေနော်။

။ ဘာ…။

။ (စိတ်မရှည်သံဖြင့်) တော့်ကို ကျုပ် …ရာရှိတယ်လို့ ပြောနေတာ၊ နားကန်းနေလား။

။ ဟာ…ဒုက္ခပဲ၊ ဘာတုံးဟ။

။ (စိတ်တိုသံဖြင့်) ဒီမှာ ကျုပ်မေးတာ … တစ်လုံးမကျန် မှန်မှန်ဖြေနော်။ တော် မှန်မှန်ဖြေ။

**(ဗိန်းဗောင်း တီးလုံး)**

❑

**အခန်း(၄)**

**…စောစောကြက်သွန်သံ။ ငမိုးတို့အိမ်။ ရေဒီယိုလိုင်း … ကွီကွီကွာကွာသံများ။** ။ မြန်မာ့အသံ မနက်ပိုင်း …တီးလုံး၊ ပြီးခါနီး စက္ကန့်ပိုင်းနှင့်အတူ…

"သောတရှင်များ ကျန်းမာတော်မူကြပါစေရှင်…။ မြန်မာ့အသံက အသံလွှင့်နေပါတယ်။ ခုချိန်ကစပြီး …ခါ တေးသံသာများကို နားဆင်ကြရပါတော့မယ်ရှင်"

(ဗိန်းဗောင်းသံ တီးလုံးဝင်လာ)

(မြမူ၏ ခုနစ်သံချီ လွှင့်တင်လိုက်သော ရန်ဖြစ်သံ)

။ အမေ မတရားမလုပ်နဲ့နော်၊ လူကြီးဖြစ် … ဓိတ်ရင်းမယုတ်နဲ့။ ပေး၊ ကျုပ်ငွေပြားကို ခုပြန်ပေး။

**…တင်နု။** ။ အောင်မယ်၊ မိမြမူ၊ ငါမွေးထုတ်လိုက် …ကောင်မကများ ငါ့ကိုစော်ကားလိုက်တာ။ ဟဲ့…မပေးဘူး၊ မပေးဘူး။

**မြမူ။** ။ ဘာ…မပေးဘူး၊ ဟုတ်လား။

**ဒေါ်တင်နု။** ။ အေး မပေးဘူး၊ မပေးတော့ နင်က ဘာလုပ်ချင်လဲ ဟေ…။ လာခဲ့၊ လာခဲ့ပါ ကောင်မရဲ့၊ ရှေ့တိုးစမ်းပါ။

**မြမူ။** ။ မတိုးရဲလို့တော့ မထင်နဲ့ဟင်း…၊ မအေမို့၊ မအေမို့လို့ နားလည်လား။ ဘယ့်နှယ်တော် မတရားသဖြင့် သူယူတာက အကြီးကြီး နှစ်ပြားတောင်။ ဒီက တစ်ပြားပဲ ပြန်တောင်းတာပါ။ ဒါကို ဒေါ်လောဘကြီးက ပြန်မပေးဘူးတဲ့။ အရပ်ကတို့ရေ…ကြည့်မနေကြပါနဲ့…။

**ဒေါ်တင်နု။** ။ ဟဲ့…ကောင်မရဲ့၊ နင့်အပြားကို ငါယူတာ ငွေပြားမှန်းသိလို့ ငါယူတာလား၊ အိမ်ခေါင်မိုး လေလန်ရင် ဖိရအောင်လို့ ကြီးတာ လေးတာဆိုပြီး ငါယူတာ။ အဲဒီတုန်းကတော့ နင်ဘာပြောလဲ ဟဲ့ကောင်မ…ဟင်…။ အိုးခြမ်းကွဲတွေဆိုပြီး လမ်းတွေ့သမျှလူ နင့်လင် အကုန်ဝေဖန်တိကလုပ်လာတာကျတော့ရော နင် လိုက်တောင်းပါလား။

**မြမူ။** ။ တောင်းမှာ၊ တောင်းမှာ၊ စိတ်ချ၊ အကုန်တောင်းမှာ။ ဘုန်းကြီးတောင်မရှောင်ဘူး လိုက်တောင်းမှာ။ ဘာမှ နားလည်မှုမရှိတဲ့ ငမိုးကိုလည်း သတ်ချင်တယ်။ ဝေ ခြမ်းရေးကောင်းကြီး…ဟင်း…။ ငါ့ငွေပြားတွေ အကုန်ပြန်ပေးရင်ပေး မပေးလို့ကတော့ အကုန် ရဲတိုင်မယ်။ မအေလည်း မရှောင်ဘူးမှတ်ပါ။

**(ဗိန်းဗောင်းတီးလုံး)**

❑

**အခန်း (၅)**

**မြမူ။** ။ (ဒေါသသံဖြင့်အော်) အရီးလေးစိန်တုတ် လည်ပင်းမှာ စိပ်ပုတီးကြီးနဲ့ မညာနဲ့။ ကြက်ထုရအောင်ဆိုပြီး အရီးလေးတောင်းလိုက်တာတဲ့၊ ပေးပါ ကျုပ်ငွေပြား။

**ဒေါ်စိန်တုတ်။** ။ အမယ်လေး…စောစောစီးစီး ကျက်သရေမရှိ၊ သူများအိမ်ကောင်းယာကောင်းရှေ့မှာ လာပြီးတော့တော်။ ဟဲ့၊ နင့်လင်ဆီက ငါက ကြက်ထုဖို့တောင်းမှတော့ ကြက်ကို ထုပစ်လိုက်ပြီဟေ့၊ မရှိတော့ဘူး။

**မြမူ။** ။ ဘာပြောတယ်။ အမယ်လေး ယုံပေါင်နှစ်ကျပ်ခွဲ။ ဒီလိုဆိုလည်း(ထေ့ငေါ့သံနှင့်) အဲဒီကြက်ထုလိုက်တဲ့နေရာလေးသာပြောပါ။ ကျွန်တော်မျိုးမ သွားရှာပါ့မယ်၊ သွားရှာပါ့မယ်။

**ဒေါ်စိန်တုတ်။** ။ ရှာ…ရှာ…၊ နင့်ဟာနင် သွားရှာ။

**မြမူ။** ။ စားရလေလေ ငတ်လေလေ၊ ချမ်းသာလေလေ လောဘကြီးလေဆိုတာ မှန်လိုက်တာတော့ အရပ်ကတို့ရေ…။

**(ဗိန်းဗောင်းတီးလုံး)**

❑

www.burmeseclassic.com

အခန်း (၆)

**မြမူ။** ။ (ခုနစ်သံချီနှင့်အော်) ဟဲ့ သံချောင်း၊ သံချောင်း သေနာလေး ထွက်ခဲ့စမ်း၊ ပုန်းမနေနဲ့။ ငါ့ငွေပြား ပြန်ပေး။

**ဒေါ်ဖူးညို။** ။ (အိမ်ထဲမှပြန်အော်) သံချောင်း မရှိဘူး ဟေ့၊ ရှုပ်ရှုပ်ယှက်ယှက် ဘာငွေပြားလဲ။

**မြမူ။** ။ ကိုယ့်မြေးကိုမေး ကြီးဒေါ်ဖူးညိုရေ၊ လမ်းမှာ သံချောင်းလိုက်တောင်းလို့ ကိုငမိုးက တစ်ချပ်ပေးခဲ့ တယ်တဲ့။ ပေးပါ၊ ကျွန်မငွေပြား။

**ဒေါ်ဖူးညို။** ။ အိုး…ခုမှ သောက်ဖွယားလာမရှုပ်နဲ့၊ ညည်းလင် ပေးတုန်းကပေးပြီးတော့။

**မြမူ။** ။ ငွေပြားမှန်းမသိလို့ ပေးတာပေါ့။ သိရင် ဘယ်သူက ပေးမှာတုံး၊ ပြောပါဦး။ တစ်ကျပ်သား ခုနစ် ထောင်တောင်တန်တာ။ ဘယ်သူ့မှ မပေးနိုင်ဘူး။ ကိုယ်နဲ့ထိုက် လို့ ကိုယ်ရတာ၊ ကြားက အချောင်မကြိတ်ချင်ကြနဲ့ဟေ့။

**(မီးမှောင်းတီးလုံး)**

အခန်း (၇)

**မြမူ။** ။ စားနိုင်ကြပါစေတော်၊ မျိုနိုင်ကြပါစေ တော်။ သူများ မသထာရေစာကို စားနိုင်ကြပါစေ။ တစ်ချပ် ကို သောင်းကျော်ရတော့ ဟန်ကိုကျလို့ပေါ့။ တစ်သက်လုံး တစ်သောင်းပြည့်အောင် မကိုင်နိုင်တဲ့ဟာတွေ။ ကိုင်ကြပါစေ၊ ကိုင်နိုင်ကြပါစေတော်။

**ဒေါ်တဆုပ်။** ။ ဟဲ့ကောင်မ၊ ကြီးကြီးကျယ်ကျယ်နဲ့။ ညည်းက ဘယ်ဘဝက လာတာမို့လို့တုံး ဟ။ လူကြီးတန်မယ့် ငါပြောလိုက်ရလို့။

**မြမူ။** ။ အမယ်လေး၊ ဒီလိုဆိုလည်း ဘွား တဆုပ်လက်နဲ့ ယူလိုက်တဲ့ ကျွန်မငွေပြား ပြန်ပေးပါ့။ ငါ့မြေး ကစားဖို့ဆိုပြီးလေ။

**ဒေါ်တဆုပ်။** ။ ဟဲ့…ငါယူတာ အိုးခြမ်းကွဲမှတ်လို့ဟဲ့။

**ဦးသာတင့်။** ။ ဟေ့…စကားရှည်တယ်ကွာ၊ ပြန်ပေး လိုက်စမ်း မတဆုပ်။ လူကြီးသူမတွေ လာစော်ကားနေတယ်၊ ငါ့ချိုးတဲ့မှ။ ငွေပြားတစ်ပြား သောက်ဖိုးထိုက်လွန်းလို့။

**ဒေါ်တဆုပ်။** ။ အလို…ကိုသာတင့် ဘုရားဒကာကြီး ရဲ့။ ထိုက်တယ်တော့ ထိုက်တယ်။ သောက်ဖိုးထိုက်တယ် တော်သိရဲ့လား။ တော်သာ အားအားရှိ ရေထဲသွားပြီး ရေ သတ္တဝါတွေ မေတ္တာပို့၊ တပို့တည်းပို့။ ရေထဲရပ်နေတုန်း တော့် ခြေထောက်တွေက ဘာလုပ်နေလဲဟင်။ ဟိုထိုး၊ ဒီထိုး ထိုးကြည့်ပါတော့လား။ စမ်းကြည့်ပါတော့လား။

**ဦးသာတင့်။** ။ (ဒေါသနှင့်) နင့်အမေလွှားတဲ့မှကွာ။ အသာနေစမ်း ဘယ့်နှယ်များ။ ကံတရားများကလဲ အခါကြီး ရက်ကြီး သတ္တဝါသတ်မလို့ ကြံတဲ့ကောင်ဘက်ကျ လိုက် တယ်။ သတ္တဝါ မေတ္တာပို့နေတဲ့ လူဘက်ကျတော့ ငါ့ချိုးတဲ့မှ။ (လန့်အော်) အောင်မယ်လေးဗျ။

**ဒေါ်တဆုပ်။** ။ ဘာဖြစ်တာတုံး ကိုသာတင့်။

**ဦးသာတင့်။** ။ (စိတ်ကိုစွာအော်) ခလုတ်တိုက်တာ ဟေ့၊ ခလုတ်တိုက်တာဟ။ အောင်မာ အိုးခြမ်းကွဲပါလား အိုးခြမ်းကွဲမှ အစစ်ဟေ့၊ လာခဲ့စမ်း၊ သွားလေရော့ဟာ…

(အိုးခြမ်းကွဲကို လွှင့်ပစ်လိုက်)

(BBC သတင်းထောက်မကို ဝင်မှန်)

**BBC။** ။ အောင်မလေးတော့။ အမယ်လေး … ကောင်းလို့ နဖူးမကွဲတယ် သောတရှင်တို့ရေ။ ဘကြီးသာတင့် လွှင့်ပစ်လိုက်တဲ့ အိုးခြမ်းကွဲမှန်တာ မြမူမဟုတ်ဘူးနော်၊ ကျွန်… ကျွန်မ။ အိုးခြမ်းကွဲက BBC သတင်းထောက် ကျွန်မ ခင်စ… ထွေး…အဲ…အဲ…ခင်မြတ်စုထွေးလေးရဲ့ နဖူးတည့်တည့် ပိတ်မှန်တာ။ အား…နာလိုက်တာ။ အဲဒါ စပ်စုချင်ဦးလေ… မဖြစ်ဘူး၊ မဖြစ်ဘူး။ နံနက်ချိန်ခါ တေးသံသာတွေနဲ့ဝေးရာ… ကျွန်မ ပြေးမှဖြစ်တော့မယ် ပြေးမှ။ မြစ်ဆိပ်က ငှက်ကလေး… ဆိုက်ထားတဲ့ နေရာကို ပြေးမှ။

**(တီးလုံးဝင်)**

အလို…နေပါဦး၊ မြစ်ဆိပ်မှာ လူတွေ စုရုံး စုရုံးနဲ့… ဟောတော့…(အသံကျယ်ကျယ် လန့်အော်)။ ရေထဲမှာ ရေ… မှာ သောတရှင်တို့ရေ ကံထူးရှင် ငမိုး ငွေအိုးရတဲ့နားတစ်ဝို… က ရေထဲမှာ ငုပ်လိုက်ဖော်လိုက်နဲ့ အလယ်စုရွာထဲ… ယောက်ျားဘသားတွေ ငွေအိုးရှာနေကြတာ။

(ကက်ဆက်သီချင်းသံ လွှင့်ပျံလာ)

*'×××လောဘ××××မောဟဆိုတာ×××လောင်မီး… လေသာ×××တဟုန်းဟုန်းတောက်လို့သာ×××တဖြုန်း… မောက်မို့စွာ×××'*

ဟော…ဘာပါလိမ့်၊ ကိုငမိုးပါလား။ ကြည့်ကြစမ်း… သောတရှင်တို့ရေ၊ သူ့ ရေဒီယိုကက်ဆက်အနီကြီးကို ပွေ့… ရွာထိပ်ရေဆိပ် မြစ်ကမ်းပါးမှာ ပြုံးဖြဲဖြဲကြီးရပ်လို့။

အို…ဒုက္ခပါပဲ။ ကိုငမိုးများ ကျွန်မကို မြင်သွားမလား… ရေစပ်စပ်ကသဲထဲမှာ BBC သတင်းထောက် ကျွန်မတစ်ယောက်… လည်း ခြေထောက်လေး ဟိုထိုး ဒီထိုးနဲ့ ငွေအိုးရှာနေတာ…

ဟော…ကိုငမိုး ကျွန်မကိုမြင်သွားပြီ။ မျက်လုံးအပြူး… သားနဲ့ ကြည့်နေတယ်။ ရှက်လိုက်တာ၊ ဒုက္ခပါပဲ သောတရှင် တို့ရေ၊ ကျွန်မ ငှက်ကလေးဆိုက်ထားတဲ့နေရာကို ကူရှာပေး… ဦး၊ လုပ်ပါဦး။

(ကက်ဆက်သီချင်းသံ)

*'×××ကိုယ့်ကိုယ်ကိုသာ သနားပါ×××များသတ္တဝါ… ကိုယ့်ကိုယ်ကိုသာ×××သနားပါ များသတ္တဝါ×××လောဘ… ဒေါသဆိုတာ×××လောင်မီးကိုလေသာ×××'*

*(တဖြည်းဖြည်းချင်း အသံမှိန်သွား)*

(ပြီး)

**နနရည်အင်း…**



www.burmeseclassic.com


www.burmeseclassic.com





တန်ဖိုး–၃၀၀၀ ကျပ်




တန်ဖိုး–၄၀၀၀ ကျပ်




တန်ဖိုး–၄၀၀၀ ကျပ်




တန်ဖိုး–၂၅၀၀ ကျပ်

ထုတ်လုပ်ဖြန့်ချိရေး

**အလင်းသစ်စာပေတိုက်**

၁/၁၉၊ အခန်း ၆၀၁၊ ၅၂ လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ပိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း–၀၉ ၈၇ ၀၃၈၄၈၊ ၀၉ ၅၄ ၀၀၃၀၂

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဘီးနံပါတ် OK01 22 L ကို တစ်ပန်စီးနင်းခြင်း

*အို ထာဝရဘုရား ထ, တော်မူပါ၊ အကျွန်ုပ်၏ ဘုရားသခင်၊ အကျွန်ုပ်ကို ကယ်မတော်မူပါ။*
*ကိုယ်တော်သည် အကျွန်ုပ်၏ ရန်သူတို့၏ ပါးရိုးကို ရိုက်၍ မတရားသောသူတို့၏ သွားကို ချိုးတော်မူ၏။*

**(ဆာလံကျမ်း ၃း၇)**

စာရေးဆရာ ကွန်ပျူတာ မျက်နှာပြင်ကို ငေးစိုက်ကြည့်နေတယ်။ သူ့ခေါင်းထဲမှာ ဇာတ်ကောင်တစ်ကောင် ဖန်တီးထားပြီးပြီ။ အဲဒီဇာတ်ကောင်ကို ဝတ္ထုထဲသွတ်သွင်းဖို့ပဲ လိုတော့တယ်။ သူ့လက်ချောင်းတွေ ကီးဘုတ်ပေါ် ပြေးလွှားသွားတယ်။ သူ့ဇာတ်ကောင်က သင်းအုပ်ဆရာတစ်ယောက်။ ဒီ့အတွက် သူ သမ္မာကျမ်းစာကို အတော်အတန် လေ့လာထားပြီးပြီ။ တစ်အုပ်လုံးကို အာဂုံဆောင်စရာတော့ မလိုဘူး ထင်တာပဲ။ သူရေးမှာက သင်းအုပ်ဆရာ တရားဟောတဲ့အကြောင်းမှ မဟုတ်တာလေ။

သူ့ဝတ္ထုထဲမှာ သင်းအုပ်ဆရာက ရှိုက်ကြီးတငင် ငိုကြွေးနေတယ်။ အလာကောင်းပေမဲ့ အခါနှောင်းခဲ့ပြီ။ သတင်းရရချင်း အမြန်ပြေးလာခဲ့ပေမဲ့ သင်းအုပ်ဆရာကို ညီမဖြစ်သူရဲ့ အသက်မဲ့ ခန္ဓာကိုယ်ကြီးကပဲ စောင့်ကြိုနေခဲ့တယ်။ ရွာသူ ရွာသားတွေက သင်းအုပ်ဆရာကို ဝိုင်းနှစ်သိမ့်နေကြတယ်။ သင်းဆရာဝန်တစ်ယောက်က ဓာတ်ပုံတွေ ရိုက်ယူနေတယ်။ သင်းအုပ်ဆရာကတော့ ဆရာဝန်ကို အမှုမှန်မြန်မြန်ပေါ်အောင် ကြိုးစားထုတ်ဖော်ပေးဖို့ တတွတ်တွတ်ပြောနေတယ်။

'ဒီဆရာမက ခွင့်ယူဖို့ကို အတော်ဝန်လေးတာ။ အပင်ပန်းလည်း အတော်ခံနိုင်တယ်'

အနီဝတ်ဆရာမတွေက ညီမရဲ့လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်မယ်ထင်တယ်။ သူတို့စကားတွေလည်း



www.burmeseclassic.com

www.burmeseclassic.com

သင်းအုပ်ဆရာရဲ့ နားထဲဝင်တစ်ချက် မဝင်တစ်ချက်ပဲ။ ညီမဖြစ်သူ တစ်ဖက်ရှာကို ကာကွယ်ဆေးထိုးပေးဖို့ အသွားလမ်းမှာ မုဒိမ်းကျင့်ခံရ၊ အသတ်ခံရတယ်ဆိုတဲ့ သတင်းက သင်းအုပ်ဆရာအနားမှာ ငှက်ဆိုးထိုးသံတစ်ခုလို အော်မြည်နေတယ်။ ဆရာမတစ်ယောက် ကိုင်ထားတဲ့၊ ကာကွယ်ဆေးတွေထည့်ထားတဲ့ ရေခဲဘူးကြီးကို သင်းအုပ်ဆရာ ဖောက်ခွဲပစ်ချင်နေတယ်။

အသက် နှစ်ဆယ့်ခြောက်နှစ်အရွယ် အပျိုမလေးတစ်ယောက် ခရစ်တော်မှာ အိပ်ပျော်ခဲ့ပြီ။ ညီမဖြစ်သူမှာ ချစ်သူ ရှိမရှိတော့ သင်းအုပ်ဆရာ မသိပါဘူး။ ရှိခဲ့မယ်ဆိုရင် အဲဒီချစ်သူခမျာ ဘယ်လောက် ကြေကွဲရမလဲ။ သင်းအုပ်ဆရာရဲ့ ခန္ဓာကိုယ်ဟာ ဒေါသကြောင့် တဆတ်ဆတ် တုန်လာတယ်။

'မင်းတို့ အမှုကို ချောင်ထိုးထားမယ်ဆိုရင် ရန်ကုန်ကငါ့အသိတွေကို အကူအညီလှမ်းတောင်းရလိမ့်မယ်'

သင်းအုပ်ဆရာက ဆရာဝန်ရော၊ ရဲမှူးပါ ကြားအောင် ခပ်ကျယ်ကျယ်ပြောလိုက်တယ်။ သင်းအုပ်ဆရာမှာ တကယ်ပဲ အဆက်အသွယ်ရှိတာ ဖြစ်နိုင်သလို သူ့ဘာသာ အားယူနေတာလည်း ဖြစ်နိုင်တယ်။ ညီမဖြစ်သူအတွက် တရားမျှတမှု ရစေရမယ်လို့ သင်းအုပ်ဆရာ သန္နိဋ္ဌာန်ချလိုက်တယ်။ သူ့ညီမဟာ အမေ့လျှော့ခံ မြေမြှုပ်ဗုံးနင်းမိတဲ့ ခြေထောက်တွေလို မဖြစ်စေရဘူး။ ပေါ်တာအဆွဲခံရတဲ့ ကောင်လေးတွေလို မေ့မေ့ပျောက်ပျောက် ဖြစ်မသွားစေရဘူး။ တရားရုံးမှာ တရားခံကို စစ်ဆေးပြီး ထိုက်သင့်တဲ့ အပြစ်ဒဏ် ချခံစေရမယ်။ ဒီနယ်သားတွေပဲသိတဲ့ ပုံပြင်တစ်ပုဒ် မဖြစ်စေရဘူး။ တစ်မြို့လုံး တရားခံကို ရှုံ့ရှာစက်ဆုပ်ပြီး တရားမျှတမှု ရရှိရေး တောင်းဆိုပေးတာမျိုး ဖြစ်စေရမယ်။

သင်းအုပ်ဆရာရဲ့ နှလုံးသားထဲမှာ ချစ်ခြင်းမေတ္တာ၊ ခွင့်လွှတ်တတ်ခြင်း၊ အကြင်နာတရားတို့ မရှိတော့ဘူး။ ဝမ်းနည်းမှု၊ နာကြည်းစိတ်၊ လက်စားချေလိုစိတ်တို့ပဲ ကြီးစိုးနေတယ်။ သင်းအုပ်ဆရာ ရောက်နေတာ ဘုရားကျောင်းတော်မှမဟုတ်ဘဲ။ ညီမဖြစ်သူရဲ့ အလောင်းနံဘေးမှာ ရောက်နေတာလေ။ သွေးရိုးသားရိုး သေသွားတာ မဟုတ်တဲ့ ညီမရဲ့ အလောင်းနံဘေးမှာလေ။ သင်းအုပ်ဆရာ ဘဝကို ဆက်လက် ဆုပ်ကိုင်ထားဖို့ရာ တွန်းအားဟာ အမုန်းတရားသာဖြစ်ပါလိမ့်မယ်။

❑

စာရေးဆရာရဲ့ လက်တွေ ရပ်သွားတယ်။ နှုတ်ခမ်းကို ကိုက်တယ်။ ဝတ္ထုကို ဘယ်လိုဆက်ရမလဲ စဉ်းစားတယ်။ ယေဘုယျ သတ်မှတ်ချက်တွေအရ ဝတ္ထုတစ်ပုဒ်ဟာ ဇာတ်လမ်းဇာတ်ကွက် အတက်အကျ ရှိရမယ်။ ခုသူချရေးထားသမျှမှာ အချိုးအကွေ့လည်း မပါသေးဘူး။

သင်းအုပ်ဆရာက ညီမဖြစ်သူရဲ့ နာရေးသတင်းကြားလို့ ရောက်လာတယ်။ ညီမဖြစ်သူက လူသတ် မုဒိမ်းကျင့်ခံရတာမို့ အမှုမှန်ပေါ်ပေါက်ဖို့ အရေး သင်းအုပ်ဆရာ အားသန်နေတယ်။ နေဦး… အမှုက လူသတ်မုဒိမ်းမှုပဲ။ ပြစ်မှုကြီးတယ်။ တရားခံမိဖို့လိုတယ်။ သင်းအုပ်ဆရာခေါင်းထဲ ရှိနေမှာလည်း တရားခံအမြန်မိရေးပဲဖြစ်မှာ။ တရားခံကို ဘယ်ကနေ သိနိုင်မလဲ။

သင်းအုပ်ဆရာ ရွာသူရွာသားတွေကို မေးတယ်။ အခင်းဖြစ်တဲ့နေရာက ရွာနဲ့ အတော်ဝေးတယ်လို့ဆိုတယ်။ မျက်မြင်သက်သေ ရှိသလိုလို မရှိသလိုလို ဝါးတားတားဖြေကြတယ်။ ရွာသားတွေရဲ့ မျက်လုံးတွေထဲမှာ အကြောက်တရား ဖုံးလွှမ်းနေသလိုပဲ။ ဒေါသမီးတောက်နေတဲ့ သူစိမ်းယောက်ျားတစ်ယောက်ကို ကြောက်ရွံ့နေတာ ဖြစ်နိုင်သလို အဖြစ်မှန်ကို ပြောပြဖို့ မဝံ့မရဲဖြစ်နေတာလည်း ဖြစ်နိုင်ပါတယ်။ ဘယ်တစ်ခုလဲ ရယ်တော့ သင်းအုပ်ဆရာ သိမှာ မဟုတ်ပါဘူး။ ဒါဆို စာရေးဆရာရော…။ စာရေးဆရာက အဖြေကို သိမှာလား။ အဖြေသိမသိ စဉ်းစားနေတုန်း အကြောက်တရား ဖုံးလွှမ်းနေကြောင်း သိသာဖို့ စကားအချို့အချပြောခန်း ထည့်ဦးမှပဲလို့ စာရေးဆရာ တေးထားလိုက်တယ်။ ဝတ္ထုတစ်ပုဒ်မှာ အပြောတွေ၊ အပြတွေလိုတယ်လို့ တချို့က ဆိုကြတယ် မဟုတ်လား။

စာရေးဆရာ ငေးငိုင်နေတုန်းမှာ သင်းအုပ်ဆရာက စာရေးဆရာကို မေးလာ
တယ်။ အဖြေကို စာရေးဆရာ
သိသလား။ သင်းအုပ်ဆရာ
မှုခင်းဆရာဝန်၊ ရဲမှူး၊ ညီ
ဖြစ်သူ၊ ရွာသူရွာသားတွေ
အားလုံးကို စာရေးဆရာ
မွေးဖွားခဲ့တာပဲဟာ၊ ရွာသား
တွေ ဘာကိုကြောက်နေသလဲ
လည်း စာရေးဆရာ သေချာ
ပေါက် သိမှာပေါ့။ တရားခံ
ကိုလည်း သိမှာပေါ့။

ဟူး…။ စာရေးဆရာ
တွေးရင်း မောသွားတယ်
ဖြစ်နိုင်ရင် စာရေးဆရာ
သင်းအုပ်ဆရာကို တရားခံ
အကြောင်း ပြောမပြချင်ဘူး
အချိန်ကာလက တိုက်စား
သွားတဲ့အခါ သင်းအုပ်ဆရာ
အမှုအကြောင်း မေ့မေ့ပျော
ပျောက် ဖြစ်သွားတယ်ဆိုပြီ
ဇာတ်သိမ်းချင်တာပေါ့။ ဒါ
ပေမဲ့ တချို့ ဇာတ်ကြောင်း
တွေဟာ အဲဒီလောက် မရိုး
ရှင်းခဲ့ဘူးလေ။

စာရေးဆရာ လမ်းခ
ထွက်လျှောက်ပြီး စာရေးစား
ပွဲမှာ ပြန်ထိုင်တယ်။ အိ
ပျော်သွားတဲ့ ကွန်ပျူတာ
ပြန်နှိုးတယ်။ တရားခံ
ဝတ္ထုထဲ ထည့်ပေးရတော့မယ်
စာရေးဆရာ သက်ပြင်းတ
ချက်ရှိုက်ပြီး စာပြန်ရိုက်တော့
တယ်။

နေရာက ဘုန်းကြီး
ကျောင်းတစ်ကျောင်းမှာ
ဘုန်းကြီး တရားဟောပလ္လင်
ကအဆင်း ကပ္ပိယကြီး
ဉီသည်ရောက်နေတဲ့
အကြောင်း လာလျှောက်တယ်
ဧည့်သည်က တစ်ယောက်
တည်းပဲ။ သင်းအုပ်ဆရာ
သူ့ကိုယ်သူ မိတ်ဆက်တယ်
ပြီးတော့ နာမည်တစ်ခု ရွ



www.burmeseclassic.com

www.burmeseclassic.com

ပြတယ်။ အဲဒီနာမည်နဲ့ ချာတိတ် ဒီဘုန်းကြီးကျောင်းမှာ နေရှောင်နေတာ ဟုတ်တော့တ် မေးပြန်တယ်။ ဘုန်းကြီး မျက်လုံးမျက်ဆန် ပြူးသွားတယ်။ အာဏာပိုင်တွေလား၊ ထောက်လှမ်းရေးတွေလား။ စစ်ကြောရေးခင်လို့လား။

ချာတိတ်ကို သွားခေါ်ဖို့ ကပ္ပိယကြီးကို ဘုန်းကြီးက လက်ဟန်ခြေဟန်ပြတယ်။ သင်းအုပ်ဆရာ ဘုန်းတော်ကြီးကို ရှင်းပြတဲ့အထဲမှာ သူ ......ခံကို ဘယ်ကနေဘယ် ......သိလာခဲ့သလဲ ထည့်ဖို့လို ......သလား စာရေးဆရာ ......ခန်းဝင်တယ်။

အဲဒီအကြောင်း ထည့် ......ဖို့ စာရေးဆရာ ဆုံး ......လိုက်တယ်။ ရွာသား ......ဆီကနေ နည်းမျိုးစုံနဲ့ ......အောက်မေးတာလည်း ......င်သလို သင်းအုပ်ဆရာ ...... ထင်ကြေးသက်သက် ...... ဖြစ်နိုင်တာပဲ။ စာဖတ် ...... လိုရာတွေးဖို့ ချန်ထားခဲ့ ......တော့မယ်။

ချာတိတ်ရောက်လာ ......တော့ သင်းအုပ်ဆရာ ......ကြီးကို ရှင်းပြလို့ပြီးနေ ...... ချာတိတ် ဒီဘုန်းကြီး ......ကျောင်းကို ရောက်နေတာ ......ကျော်ကျော်ရှိပြီဆိုတော့ ......အိမ်ကိုယ့်ရာလို ဖြစ်နေ ......ဘုန်းကြီးနားမှာ ခပ်ရို့ရို့ ......ယ်၊ သင်းအုပ်ဆရာက ...... ချာတိတ်ရှိရာဆီ ဒေါ ......တွေ မှုတ်ထုတ်တော့ ......။

သင်းအုပ်ဆရာဆီက ......လာတဲ့ စကားလုံး ...... ချရေးဆဲလုပ်လုပ်မှာ စာရေးဆရာ စာဖတ်သူတွေကို ချာတိတ်အကြောင်း မိတ်ဆက်မပြုရသေးတာ သတိရသွားတယ်။ ချာတိတ် ဘုန်းကြီးကျောင်းကို ညကြီးမင်းကြီးမှာ ရောက်ချလာတာ။ ကျောင်းပေါ် ခြေချချချင်း စစ်သားမှန်း ဘုန်းကြီး တန်းရိပ်မိတယ်။ အဝတ်အစားတွေကလည်း စုတ်ပြတ်လို့။ ဒီကတည်းက ချာတိတ် တပ်က ထွက်ပြေးလာတယ်ဆိုတာ ကပ္ပိယကြီး တန်းသိသွားတယ်။ ကပ္ပိယကြီးက အမှုပတ်မှာစိုးလို့ လက်မခံချင်ပေမဲ့ ဘုန်းကြီးကြောက်ရလို့ ရှိသမျှ ချကျွေးရတယ်။

ဧည့်သည်က စစ်သားမဟုတ်လို့ ချာတိတ် စိတ်သက်သာရသွားပုံပဲ။ သင်းအုပ်ဆရာရဲ့ ခပ်ဝဲဝဲလေသံကို တပ်ပြေးချာတိတ် သိပ်နားလည်ပုံမပေါ်ဘူး။ ဒါမှမဟုတ် နားမလည်ချင်ယောင်ဆောင်နေတယ်။ ချာတိတ်က သင်းအုပ်ဆရာရဲ့ ပစ်ချက်တွေကို ငူငူကြီးပဲ ထိုင်ကြည့်နေတယ်။ ဘုန်းကြီးနဲ့ ကပ္ပိယကြီးတို့ကတော့ ပွဲကြည့်ပရိသတ်ပါပဲ။

သင်းအုပ်ဆရာရဲ့ ဒေါသမီးစက တောက်သထက် တောက်လာတယ်။ တပ်ပြေး ချာတိတ်လည်း ချွေးစေးတွေ ပြန်လာတယ်။ ခေါင်းကိုတော့ ခါယမ်းနေတုန်းပဲ။ ဘုန်းကြီး ဝင်ပေါက်ရင်တော့ ချာတိတ်က ဝန်ခံမလားပဲ။ ဒါပေမဲ့ ဘုန်းကြီးက ပရိသတ်အနေနဲ့ ဘေးထွက် ထိုင်နေတုန်းပဲ။ သင်းအုပ်ဆရာကိုပဲ အကဲခတ်နေတာလား၊ ချာတိတ် လူသတ်မှုဒိမ်းမှု ကျူးလွန်ခဲ့တာ ဖြစ်နိုင်မဖြစ်နိုင် ဆန်းစစ်နေတာလား ကပ္ပိယကြီး မခွဲခြားတတ်ဘူး။ ကျောင်းရောက်ကတည်းက ဘာမှမမေးဘဲ လက်ခံထားတာက ချာတိတ်ကို ယုံလို့လား၊ လောကီအရေးမှာ ဝင်မစွက်ဖက်ဖို့ ခံယူထားလို့လား စာရေးဆရာလည်း မသိဘူး။

သင်းအုပ်ဆရာ ဗျူဟာပြောင်းတယ်။ ချာတိတ်ကို ချော့မေးတယ်။ ဓာတ်ပုံတွေ ထုတ်ပြတယ်။ မှူခင်းဆရာဝန်ပဲ ကြည့်ခွင့်ရတဲ့ ဓာတ်ပုံတွေလည်း ပါတယ်။(ရန်ကုန်က သူ့အသိတွေရဲ့ အကူအညီနဲ့ ယူထားတာဖြစ်နိုင်တယ်လို့ စာရေးဆရာကယူဆတယ်)

'ကျွန်တော် မလုပ်ဘူး။ ကျွန်တော် သူ့ကို လုံးဝမသိဘူး'

ချာတိတ်က အကြောက်အကန် ငြင်းတယ်။ သူ့အကြည့်တွေထဲမှာ အဖြေက ပေါ်နေပြီ။ ဘုန်းကြီးက သင်းအုပ်ဆရာကို ဟန့်ပါပါ ခေါင်းညိတ်ပြတယ်။

'ဒကာလေး အမှန်တိုင်း ဖြေနော်။ ဘုန်းကြီး မနက်တိုင်း ငါးပါးသီလပေးတဲ့ထဲမှာ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ ဆိုတာ မှတ်မိတယ်မဟုတ်လား'

ချာတိတ်က တင်းခံထားလေလေ၊ သင်းအုပ်ဆရာရဲ့ ဒေါသအရှိန်က မြင့်တက်လာလေလေပါပဲ။ လေသံပျော့ပျော့နဲ့ ချော့မော့မေးနေရာကနေ ဒေါသသံပြန်ပါလာတယ်။ အမုန်းတရားတွေ အားကောင်းလာတယ်။ သင်းအုပ်ဆရာရဲ့ စကားထဲမှာ ဗမာ၊ ဗမာ ဆိုတာတွေ ပါလာတယ်။ သူ့ညီမက တခြားတိုင်းရင်းသူဖြစ်နေလို့ မုဒိမ်းကျင့်ခံခဲ့ရသလိုပါ စွပ်စွဲလာတယ်။ စာရေးဆရာ တောင် လန့်သွားတယ်။

စာရေးဆရာ သူ့ဇာတ်ကောင်သူ မနိုင်တော့ဘူး။ ဒါ အထူးအဆန်းတော့ မဟုတ်ပါဘူး။ ဇာတ်ကောင်တွေဟာ စာရေးဆရာကို ကလန်ကဆန် လုပ်နေကျပဲဟာ။ ဇာတ်ကောင်တွေဟာ ကြိုးကောင်ဝင်ခါစ ဆယ်ကျော်သက်လေးတွေလိုပဲ။ စာရေးဆရာက အရှေ့ဆိုရင် ဇာတ်ကောင်တွေက အရှေ့မြောက်လောက်တော့ သွားလိုက်ရမှ စားဝင်အိပ်ပျော်ပုံပေါ်တယ်။ စာရေးဆရာနဲ့ ဇာတ်ကောင်တွေဟာ စစ်တုရင်ထိုးဖော်ထိုးဖက်တွေလိုပဲ။ အရှုံးအနိုင်မရှိတဲ့ စစ်တုရင်ပြိုင်ပွဲတစ်ခုပေါ့။ အဆော့မက်တဲ့ ကလေးတွေကို လိုက်ထိန်းရသလိုပဲ ဇာတ်ကောင်တွေကို ထိန်းရတာ ဝတ္ထုရေးရတဲ့ အရသာတစ်ခုပဲလို့ စာရေးဆရာတွေးနေမိတယ်။

သင်းအုပ်ဆရာပြောတာ အမှန်ပဲလား။ စစ်သားချာတိတ်ဟာ သင်းအုပ်ဆရာ၏ ညီမကို ဗမာမဟုတ်တဲ့ တိုင်းရင်းသူဖြစ်နေလို့ မုဒိမ်းကျင့်ခဲ့တာလား။ ဒါမှမဟုတ် ချာတိတ်ရဲ့ မျက်လုံးထဲမှာ ညီမဖြစ်သူဟာ မိန်းမတစ်ယောက် သက်သက်ပဲလား။ ချာတိတ်ရဲ့စိတ်ထဲ ဘယ်လိုရှိခဲ့တယ်ဆိုတာ စာရေးဆရာ မသိဘူး။ စာရေးဆရာရဲ့ ပုဂ္ဂလိကဘဝထဲက မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

တွေထဲမှာ စစ်သားတစ်ယောက်မှ မရှိဘူးကိုး။ ဘုန်းကြီးကတော့ ခေါင်းကို အသာယမ်းတယ်။

စာရေးဆရာ ဘာဆက်လုပ်ရမလဲ မသိတော့ဘူး။ ဝတ္ထုကို ဆက်ရေးမယ်ဆိုရင် သင်းအုပ်ဆရာက ဘုန်းကြီးကိုပါ လူမျိုးကြီးဝါဒီလို့ စွပ်စွဲတော့မှာ။ တပ်ပြေးချာတိတ်လည်း စစ်ခုံရုံးမရောက်ဘဲ သင်းအုပ်ဆရာရဲ့ လက်ထဲမှာပဲ အသက်ထွက်သွားလောက်တယ်။ ဒီ့ထက် အခြေအနေဆိုးရင် သင်းအုပ်ဆရာက စာရေးဆရာကိုတောင် လာသတ်ချင်သတ်နေမှာ။ စာရေးဆရာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတယ်။

စာရေးဆရာ ကွန်ပျူတာ နားကနေ ထွက်လာခဲ့လိုက်တယ်။ ကိုယ်မွေးတဲ့ မျောက်က ကိုယ့်ပြန်ခြောက်နေတာမျိုး အဖြစ်မခံနိုင်ဘူး။ အခန်းထဲ သုံးလေးပတ်လောက် ပတ်လျှောက်တယ်။ စာရေးဆရာ သင်းအုပ်ဆရာကို နားချမှဖြစ်တော့မယ်။ မုဒိမ်းကောင်ဘက်က သက်သေလိုက်မှာ မဟုတ်ပေမဲ့ ဘုန်းကြီးက ခိုကိုးရာမဲ့ လူတစ်ယောက်ကို ကျောင်းမှာ လက်ခံထားရုံသက်သက်ဆိုတာ ရှင်းပြဖို့လိုတယ်။

သင်းအုပ်ဆရာကို တစ်နေရာရာ ခေါ်သွားမှဖြစ်မယ်လို့ စာရေးဆရာ တွေးမိတယ်။ စာရေးဆရာ ခေါင်းကို တဖြင်းဖြင်းကုတ်တယ်။ လေအေးပေးစက်က လေတိုးသံကလွဲလို့ အခန်းထဲမှာ တိတ်ဆိတ်နေတယ်။ စာရေးဆရာရဲ့ မျက်လုံးတွေ စာအုပ်စင်ပေါ် ရောက်သွားတယ်။ နိုင်ငံရေးသမိုင်း စာအုပ်တစ်အုပ်က ထိုးထွက်နေတယ်။ ကာတွန်း သရုပ်ဖော်တွေထဲကအတိုင်းဆို စာရေးဆရာရဲ့ ခေါင်းပေါ်မှာ ဖန်သီးလေး လင်းသွားတယ်။

စာရေးဆရာ စာရေးစားပွဲမှာ ပြန်ထိုင်တယ်။ ကီးဘုတ်ပေါ် လက်တင်တယ်။ ဒီအချိန်မှာ ဝတ္ထုပျက်သွားမလား တွေးမနေနိုင်တော့ဘူး။ သင်းအုပ်ဆရာကို ဆွဲခေါ်ထုတ်သွားဖို့က အဓိကဖြစ်နေတယ်။ စာရေးဆရာ သင်းအုပ်ဆရာကို အချိန်ကာလယန္တရား နောက်ပြန်သွား ယာဉ်ကြီးပေါ် ပစ်တင်ပေးလိုက်တော့တယ်။

သင်းအုပ်ဆရာ မျက်လုံးတွေကို ပွတ်သပ်တယ်။ ဘယ်မြို့ကို ရောက်နေသလဲ သူ မသိဘူး။ ကားလမ်းဘေး တစ်နေရာဆိုတာကလွဲလို့ ဘာမှ မသိရဘူး။ နာရီကို ကြည့်တော့ မေလ ၃၀ ရက်နေ့တဲ့။

ကုက္ကိုပင်တွေတောင် အိပ်ကုန်ပြီ။ ကတ္တရာလမ်းပေါ်မှာတော့ ကားတန်းအရှည်ကြီးတစ်ခု။ လော်စပီကာက အသံတချို့ ထွက်နေပေမဲ့ သင်းအုပ်ဆရာ သဲသဲကွဲကွဲ မကြားရဘူး။ သင်းအုပ်ဆရာ လူအုပ်ကြီးရှိရာဆီ လျှောက်သွားတယ်။

သင်းအုပ်ဆရာ ရောက်နေတာ နယ်စပ်ဒေသမဟုတ်ဘူး။ အညာဒေသကြီးမှာ။ ဗုဒ္ဓဘာသာဝင် အများစုရှိတဲ့ ဒေသဆီ သင်းအုပ်ဆရာကို လွှတ်လိုက်မိတာ ယုတ္တိမဲ့သွားသလား။ အို… အလည်လာတယ်လို့ လုပ်လိုက်ရင်ရတာပဲ။ သာသနာပြုစေလွှတ်တာလည်း ဖြစ်နိုင်တာပဲ။ အဲဒီနောက် ဝတ္ထုတစ်ပုဒ်ဟာ ယုတ္တိရှိဖို့ လိုမလိုဆိုတဲ့ အတွေးက စာရေးဆရာကို ဆယ့်ငါးမိနစ်ကျော်လောက် ခေါင်းစားစေတယ်။

စာရေးဆရာ ခေါင်းစားနေတုန်းမှာ သင်းအုပ်ဆရာက လူအုပ်ကြီးနား ရောက်နေပြီ။ လူတွေက နံပါတ်တုတ်တွေ ကိုင်ထားတယ်။ အို…ဘုရားသခင်။ လူမိုက်ဂိုဏ်းလား။ ကားပေါ်က လူတွေကရော ဘယ်သူတွေလဲ။

မှောင်ရီပျိုးစမို့ မျက်နှာတွေက မသဲမကွဲပဲ။ လူအုပ်ကြီးထဲက အော်သံတွေကလည်း လုံးထွေးနေတယ်။

'အသက်ရှည်ပါစေ'

'ကျန်းမာပါစေ'

ဆိုတာတော့ တစ်စွန်းတစ်စကြားတယ်။ ဝိုး… ဘုန်းကြီးတွေရောပဲဟ။ ဝါးရင်းတုတ်တွေလည်း ကိုင်ထားတယ်။ အို …အဖဘုရားသခင်။ သင်းအုပ်ဆရာ သူ့မျက်လုံးသူ မယုံနိုင်ဖြစ်သွားတယ်။ ဘုန်းကြီးတွေရဲ့ မျက်လုံးတွေကလည်း ရဲရဲနီလို့။ သင်းအုပ်ဆရာ နောက်ပြန်လှည့်ဖို့ ကြိုတယ်။

အဲဒီအချိန်မှာ ဘုန်းကြီးတွေက ကားမှန်တွေကို စ,ခွဲတော့တယ်။ ကားတန်းကြီး ရုန်းရင်းဆန်ခတ် ဖြစ်သွားတယ်။ နံပါတ်တုတ်ကိုင်ထားတဲ့သူတွေက လမ်းပေါ်က လူတွေကို အားရပါးရ ရို
ကြတော့တယ်။ တချို့တွေ
ခေါင်းပေါက်သွားကြတယ်
တချို့လည်း မြေပြင်ပေါ်
ကျသွားကြတယ်။ သင်းအု
ဆရာ ကြောက်လို့ တုန်
နေရှာပြီ။ ဒါပေမဲ့ စာရေးဆ
သင်းအုပ်ဆရာကို ပြန်ခေါ်
မဖြစ်သေးဘူး။ ဒီလော
သင်းအုပ်ဆရာ စာရေးဆ
ရှင်းပြချင်တာကို နားလည်
မဟုတ်သေးဘူး။ မိုး
ထောင်မပစ်ဘူးဆိုတဲ့
တစ်ယောက်ရဲ့ အမိန့်အော
မှာ ဗမာအပါအဝင် တိုင်းရ
သား လူမျိုးပေါင်းစုံ သေခြ
ဆိုးနဲ့ သေခဲ့ရတဲ့အကြော
သင်းအုပ်ဆရာကို တိုက်ရို
ပြောပြလိုက်ရမလား စာ
ဆရာ တွေးမိသေးတယ်။

စာရေးဆရာ ခေါင်း
ခါယမ်းတယ်။ သမိုင်းဝင်ဖြ
ရပ်တစ်ခုကို သူ ပြင်
ပြောင်းလဲခွင့်မရှိဘူး။ စာ
ဆရာ လုပ်ပိုင်ခွင့်အရ ဒီအ
အပျက်အတွင်း ဖြစ်နိုင်
အမျိုးမျိုးကို ကွန့်မြူးနိုင်
မတူညီတဲ့ သမိုင်းဖြစ်ရပ်
ကို ရောထွေးပစ်ခွင့် မရှိ
သူ လက်ခံထားတယ်။
တော့ ဒီနေရာမှာ 'အပြ'
'အပြော'ထက် ပိုတာ
မယ်လို့ သူ ထင်တယ်
သင်းအုပ်ဆရာကို'ပြ'ရမ

ငရဲခန်းထဲ ရောက်နေ
သလိုပဲ။ ပတ်ဝန်းကျင်
မှောင်စပြုပေမဲ့ လ
ထွက်မလာဘူး။ လမိုက်
တစ်ညပါပဲ။ လစန္ဒာ
ဒီမိဇ္ဈာညဆိုးမှာ သက်သေ
မဖြစ်ရအောင် ပုန်းအောင်
ခဲ့တာများလားလို့
စာရေးဆရာ တွေးမိတယ်

www.burmeseclassic.com

www.burmeseclassic.com

သင်းအုပ်ဆရာ သူမှန်း လူမျိုးတွေ သွေးအလိမ်း နဲ့ လဲကျသေဆုံးနေတာ တွေ့ရပေမဲ့ မပျော်ဘူး။ သင်းအုပ်ဆရာရဲ့ သဏ္ဍာန်မှာ တရားသာ စိုးမိုးနေ ။ သေဆုံးနေတဲ့ထဲမှာ ကြီးတွေ ပါတယ်၊ ချိုလေးတွေပါတယ်။ တွေ အဝတ်ကင်းမဲ့လို့။ သင်းအုပ်ဆရာ သစ်ကိုင်းတွေ ပြီး အရှက်လုံအောင် လိုက်တယ်။ ဘယ်သူ သူညီမလို အဖြစ်ဆိုးမျိုး ရတော့ဘူးလို့ သင်း ဆရာ စိတ်ပိုင်းဖြတ်ထား လေ။

စာရေးဆရာ သင်းအုပ် ကို ပြန်ခေါ်ထုတ်မလို့ ဘုန်းမှာ အနားကို ကြီးသုံးပါး ရောက်လာ တယ်၊ စာရေးဆရာ ကို မရလိုက်ဘူး။ သင်းအုပ်ဆရာက ဘုန်းကြီး ဝင်ဆွဲတယ်။ လမ်း လူတွေကို မရိုက်ဖို့ ဝင်ဟောတယ်။ သုံး တစ်ယောက်နဲ့ ဘုတ်တွေကို ဝင်လု ။ စာရေးဆရာဟာ ဒီ မှာ ပွဲကြည့်ပရိသတ် ဖြစ်ရရှာတယ်။

ရန်းရင်းကန်ရင်း ကြီးတစ်ပါး သင်္ကန်း သွားတယ်။ ခါးမှာ ဘောင်းဘီတို ည် ပေါ်လာတယ်။ အောက်မှာ ထပ်ဝတ် သင်းပိုင်မဟုတ်ပဲ့ စာရေးဆရာ မျက်လုံး တယ်။ ဘုန်းကြီးက ဟုတ် ဘုန်းကြီးလို့ တဲ့ ပုဂ္ဂိုလ်က သင်္ကန်းကို ပြန်မရုံတော့ဘဲ ပုဆိုးလို ခါးပုံစံထိုးတယ်။ ဝါးရင်းတုတ်ကို ပြန်ကောက်ပြီး လူတွေကို ဆက်ရိုက်တော့တယ်။

သင်းအုပ်ဆရာ သေလို့ မဖြစ်ဘူး။ သူ့ညီမအတွက် တရားမျှတမှု ရရှိသွားတာကို မြင်သွားဖို့လိုတယ်။ စာရေးဆရာ သင်းအုပ်ဆရာကို လူအုပ်ကြီးနဲ့ ခပ်လှမ်းလှမ်းဆီ ခေါ်လာခဲ့တယ်။ သင်းအုပ်ဆရာကတော့ သူ့မျက်လုံးသူ မယုံနိုင် ဖြစ်နေဆဲပဲ။

ငိုညည်းသံတွေ၊ အော်ညည်းသံတွေ တဖြည်းဖြည်း ဝေးသွားတယ်။ ခပ်လှမ်းလှမ်းဆီက ခွေးအူသံတစ်ခု ထွက်လာတယ်။ စာရေးဆရာ စာရေးစားပွဲကနေ ထ,တယ်။ ခြင်ရိုက်တံနဲ့ လေထဲကို ယမ်းတယ်။ ခု မြင်ခဲ့ရသလောက်က သင်းအုပ်ဆရာအတွက် အမှန်တရားကို ချေဖျက်ဖို့ လုံလောက်ရဲ့လား စာရေးဆရာ စဉ်းစားတယ်။ သူ သင်းအုပ်ဆရာအပေါ်မှာ မတရားသလိုများ ဖြစ်နေလား စိတ်ထင့်သွားတယ်။ တစ်ဦးတည်းသော ညီမဖြစ်သူကို ဆုံးရှုံးခဲ့ရတဲ့အတွက် သင်းအုပ်ဆရာမှာ အမှန်းတရားပွားများခွင့် ရှိတာပဲ မဟုတ်လား။

စာရေးဆရာနဲ့ သင်းအုပ်ဆရာ ထွက်သွားပြီး သိပ်မကြာခင်မှာပဲ ကားလမ်းပေါ် မီးသတ်ကားတွေ ရောက်လာကြတယ်။ ကတ္တရာလမ်းပေါ် စွန်းထင်းနေတဲ့ သွေးကွက်တွေကို ဖျက်ဖို့ ကြိုးစားကြတယ်။ ပြန့်ကျဲနေတဲ့ အလောင်းတွေကို ကောက်တယ်။ အဲဒီနောက် အလောင်းတွေကို မြို့သူမြို့သားတွေ ဘယ်တော့မှ မမြင်ရတော့ဘူး။ အဲဒီနောက် မြို့သူမြို့သားတွေ အလောင်းမပါတဲ့ ရျာပနပွဲတွေ ကျင်းပကြရတယ်။ လမိုက်ညမှာ ဖြစ်ပျက်ခဲ့သမျှကို မျိုသိပ်ထားလိုက်ရတော့တယ်။ သရဏဂုံ တည်ခွင့်မရလိုက်တဲ့ အလောင်းတွေမှာ ကားလမ်းပေါ်မှာ မကျွတ်မလွတ်ရှိဆဲ။ ကတ္တရာလမ်းပေါ်မှာ သွေးကွက်တွေလည်း စွန်းထင်းနေဆဲ။

အဲဒီနောက် စာရေးဆရာ မှေးခနဲ အိပ်ပျော်သွားတယ်။ သင်းအုပ်ဆရာလည်း နောက်ရက်ထုတ် အစိုးရထုတ် သတင်းစာကို ဖတ်ခွင့်မရလိုက်တော့ဘူး။

မနက်မှာ စာရေးဆရာ နိုးလာတော့ ကွန်ပျူတာက မိတ်တုတ်မိတ်တုတ်ဖြစ်နေပြီ။ ညက ရေးခဲ့သမျှ ပျက်သွားပြီလားဆိုတဲ့ စိုးရိမ်စိတ်နဲ့ ကွန်ပျူတာကို နှိုးတယ်။ ဟူး···တော်ပါသေးရဲ့။ စာသားတွေ အကောင်းပကတိ ကျန်နေသေးတယ်။

ဝတ္ထုကို အစအဆုံး ပြန်ဖတ်ကြည့်တယ်။ စာလုံးအကျအပေါက်တွေ ပြင်တယ်။ စာမချောတဲ့ စာသားတွေကို ပြန်ပြင်ရေးတယ်။ သင်းအုပ်ဆရာကို ဘုန်းကြီးကျောင်းဆီ ပြန်ပို့ရတော့မယ်။ စာရေးဆရာ သက်ပြင်းနောက်တစ်ချက်ချတယ်။

ကီးဘုတ်ပေါ် လက်တင်ပြီး စာလုံး သုံး,လေးလုံး ရေးအပြီးမှာ စာရေးဆရာ ခေါင်းပေါ် နောက်ထပ် ဖန်သီးတစ်လုံး လင်းလာတယ်။ သင်းအုပ်ဆရာကို နောက်တစ်နေရာခေါ်သွားဖို့ အကြံရတယ်။

သင်းအုပ်ဆရာ ရောက်သွားတဲ့ နောက်တစ်နေရာက ဘုန်းကြီးကျောင်းတစ်ကျောင်းပဲ။ ဒါပေမဲ့ ဒီတစ်ခါ ဧည့်သည်က ဗိုလ်မှူးနဲ့အဖွဲ့ ဖြစ်သွားတယ်။ ဘုန်းကြီးကို စစ်ကြောရေးဝင်နေတယ်။ နေဦး၊ ထောက်လှမ်းရေးအရာရှိကို တပ်ပြေးချာတိတ်လုပ်လိုက်ရင် ကောင်းမလား။ ရေးလက်စဝတ္ထုရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်သွားနိုင်တယ်။ ဒါမှမဟုတ် နောက်ထပ်ဝတ္ထု အသစ်တစ်ပုဒ်လည်း ဖြစ်သွားနိုင်တယ်လေ။ ဒါပေမဲ့ ချာတိတ်ရဲ့ အသက်အရွယ်က အဟန့်အတားတစ်ခု ဖြစ်နေတယ်။ တပ်ပြေးချာတိတ်ရဲ့ အရွယ်နဲ့ ဗိုလ်မှူးရာထူး မရနိုင်သေးဘူး ဖြစ်နေတယ်။

'ကိုယ်တော် မနေ့ညနေက ဘယ်မှာရှိနေခဲ့သလဲ'

မေးခွန်းက ငေါက်ငမ်းသံပေါက်နေပေမဲ့ ဘုန်းကြီးက လုံးဝမဖြုံဘူး။ တစ်ဖက်အဆောက်အအုံမှာ စာအံနေတဲ့ ကျောင်းသားတွေရဲ့ အသံတော့ တိတ်သွားတယ်။ ဘုန်းကြီး လည်ချောင်းရှင်းတယ်။ အဲဒီနောက် ဓာတ်စုံစ,ခင်းတော့တယ်။

စာရေးဆရာရဲ့ လက်တွေ ရပ်သွားပြန်တယ်။ က, ခုန်ခြင်းဟာ ရှစ်ပါးသီလထဲမှာပါတယ်။ ဗုဒ္ဓဘာသာ ဘုန်းကြီးတစ်ပါးကို 'ဓာတ်စုံခင်း' ဆိုတဲ့ ကြိယာနဲ့ တွဲသုံးကောင်းလားဆိုတဲ့ အတွေးက စာရေးဆရာကို ခေါင်းစားပြန်တယ်။ နောက်တော့မှ 'ဓာတ်



www.burmeseclassic.com

www.burmeseclassic.com

ပွဲခင်းကျင်းက,ပြ' ဆိုတဲ့အနက်နဲ့ သုံးတာမဟုတ်ဘဲ 'အစအဆုံးရှင်းပြ' ဆိုတဲ့အနက်ဆောင်တယ်လို့ ကိုယ့်မေးခွန်းကိုယ် ပြန်ဖြေလိုက်တယ်။ အဲဒီနောက် စာရေးဆရာရဲ့လက်တွေ ကီးဘုတ်ပေါ် ပြေးသွားပြန်တယ်။

ဘုန်းကြီးကယပ်တောင်ကိုအောက်ချတယ်။ အဲဒီနောက် တရစပ် ရှင်းပြတော့တယ်။ ဒကာတစ်ယောက်လာလျှောက်လို့ ရွာထဲမှာ လူမိုက်တွေကို စုပြီး သင်တန်းပေးနေတာကို ဘုန်းကြီးသိသွားတယ်။ ဆက်စုံစမ်းတဲ့အခါ သင်တန်းပေးရတဲ့ ရည်ရွယ်ချက်ကိုပါသိလာရတယ်။ ဦးနောက်ရဲ့အကန့်တိုင်းမှာ လောကုတ္တရာအရေးပဲ ထည့်ထားဖို့ သန္နိဋ္ဌာန်ချထားတဲ့ ဘုန်းကြီးရဲ့စိတ် ပြောင်းသွားတယ်။ ရွာထဲကဒကာ၊ ဒကာမတွေကို စည်းရုံးရတယ်။ ဒါပေမဲ့ ဘုန်းကြီးရဲ့မေတ္တာတရားကဝါးရင်းတုတ်တွေကိုမတားနိုင်ခဲ့ဘူး။ ဘုန်းကြီးပဲ စွမ်းအားရှင်တစ်ယောက်ရဲ့ လက်စာမိပြီး ခေါင်းသုံးချက်ချုပ်လိုက်ရတယ်။ ဘုန်းကြီးက ဗိုလ်မှူးကို ခေါင်းကချုပ်ရိုးရာတွေ ပြနေတယ်။ ဗိုလ်မှူးကတော့ ဘုန်းကြီးနိုင်ငံရေး လုပ်မလုပ်ပဲ စိတ်ဝင်စားနေတယ်။

အဲဒီနောက် စာသင်ကျောင်းမှာ ကျောင်းသားကျောင်းသူ ဘယ်နှယောက်ရှိလဲ ဆက်မေးတယ်။ ဘုန်းကြီးက စာရင်းဇယားတွေချပြတယ်။ ဘုန်းကြီးကျောင်းထဲ ပတ်ရှာချင်ပေမဲ့ ဘာပုဒ်မတပ်ရမလဲ မသိဖြစ်နေတယ်။

စာရေးဆရာ ရေးပြီးသား စာကြောင်းတွေကို ဖျက်ပစ်တယ်။ သူတို့တွေ ဘာပုဒ်မမှန်း မပြောဘဲ ဘုန်းကြီးကျောင်းထဲ ဟိုလှန်သည်လှော ရှာကြတယ်။ တရားစာအုပ်တွေ ဘွတ်ဖိနပ် အနင်းခံကြရတယ်။ အဲဒီကတည်းက ဘုန်းကြီး စစ်သားတွေရဲ့ ခြေသံကို မှတ်ဉာဏ်ထဲစွဲသွားတယ်။

'ဒိုင်း…ဒိုင်း…'

ချက်ကော့ဗ်ရဲ့သေနတ်သူ့အလိုလို ပစ်ဖောက်သွားတယ်။ ဘုန်းကြီး တပ်ပြေးချာတိတ်ကို စစ်သားမှန်းတန်းသိတယ်ဆိုတဲ့ အချက်ကို နံရံပေါ်မှာ ချိတ်ထားတယ်။ ဘာကြောင့် တန်းသိနေရသလဲဆိုတဲ့ အကြောင်းရင်းကခုပေါ်လာတယ်။ စာရေးဆရာ မချိန်ရွယ်ဘဲ ကျည်ကသူ့အလိုလို ထွက်သွားတယ်ဆိုပါတော့။

ဗိုလ်မှူးရဲ့ သေနတ်ကသူ့ခါးမှာပဲ ရှိနေသေးတဲ့အတွက် ဘုန်းကြီး စိတ်အေးရတယ်။ ဘုန်းကြီးလည်း ပုထုဇဉ်ပဲ၊ သေရမှာ ကြောက်တာပေါ့။ ဒါပေမဲ့ ကြောက်စိတ် မျက်နှာမှာ ပေါ်မနေအောင် သမာဓိကို ဆောက်တည်ထားလိုက်တယ်။ ထောက်လှမ်းရေးက ဘုန်းကြီးရဲ့ ဆွေခုနစ်ဆက်မျိုးခုနစ်ဆက်ထိအောင် လိုက်မေးနေတယ်။

'မင်းတို့တွေ ကားတစ်စီးနဲ့ အလောင်းလိုက်ကောက်တာ ငါ မြင်လိုက်တယ်။ ဘုန်းကြီးတုတွေ ပေါ်လာတာမင်းတို့စနက်မှန်းလည်း ငါသိတယ်'

ဗိုလ်မှူးရဲ့မျက်နှာ ချက်ချင်း တင်းမာသွားတယ်။ သူ့လူတွေကို အချက်ပြတယ်။ သူ့လူတွေက ဘုန်းကြီးရဲ့သင်္ကန်းကို ဝိုင်းချွတ်ကြတယ်။ အတင်းအဓမ္မ လူဝတ် လဲပေးလိုက်ကြတယ်။ အဲဒီနောက် လက်ထိတ်ခတ်ပြီး ဖမ်းသွားကြတော့တယ်။ ပြီးတော့ ထောင်ဒဏ် နှစ်ရှည်လများ ချလိုက်ကြတယ်။

နေပါဦး၊ ဇာတ်ကွက်တွေက သိပ်ကို ဝတ္တုဆန်လွန်းသွားသလား။ ဗမာအချင်းချင်းလည်း မညှာကြောင်းပြဖို့ ဒီလောက်ဆို လုံလောက်ပြီလား။ သင်းအုပ်ဆရာနားလည်လောက်ပြီလား။ ဘုန်းကြီးအပေါ်ရော မတရားရက်စက်သလိုများ ဖြစ်သွားပြီလား။ လူကောင်းတွေချည်း ခံနေရတဲ့ 'တိမ်မည်းမည်း' ဇာတ်ကွက်တွေပဲ ခင်းလာခဲ့တာ၊ 'ငွေရောင်အနားကွပ်' အချိုးအကွေ့တစ်ခုတော့ ထည့်ဦးမှပါ။

ထောက်လှမ်းရေးအဖွဲ့ဘယ်လောက် မေးမေး၊ ဘုန်းကြီးကို အရေးယူစရာပုဒ်မ ရှာမရဖြစ်နေတယ်။ နောက်ဆုံးတော့ သူတို့တွေလက်လျှော့ပြန်သွားကြတယ်။ ဒါပေမဲ့ မကြာခင်မှာ ပြန်လာဦးမှာ ဘုန်းကြီး သိနေတယ်။ ဘုန်းကြီး အဆက်အသွယ်ရှာပြီး နယ်စပ်ထွက်ပြေးတယ်။ လွတ်မြောက်သွားတယ်။ ဘ·က ကျောင်းလေးကိုတော့ ထားရစ်ခဲ့ရတယ်။

စာရေးဆရာ ခံနိုင်ရည်မရှိတော့ဘူး။ သင်းအုပ်ဆရာကိုလည်း သတိမရအားတော့ဘူး။ မိုက်ခရိုဆော့ဖ်စာစု

လေးကို ပိတ်ချလိုက်တယ
အမောဖြေဖို့ သီချင်း
ပေါ် ကလစ်တစ်ချက်
လိုက်တယ်။ 'စိတ်မှာ တ
*နွေးနွေး×××အဆုံးမခံ*
*သေး×××မင်းသခင်မလေး*
*လေ×××စောင့်မျှော်မြဲစောင့်*
*တယ်×××သခင်သစ်ဆီ*
*တောင်းကာ×××သခင်ဟော*
*ဆီ လိုက်ခဲ့ပါလား×××*
သီချင်းသံက နားစည်ထဲ
မက သွေးကြောတွေထဲထိ
ပျံ့နှံ့စီးဆင်းသွားတယ
စာရေးဆရာရဲ့ နှုတ်ခမ်း
ပြုံးသွားတယ်။
သူ ဒီဝတ္ထုကို
တော်နဲ့ အဆုံးသတ်နိုင်ဦး
မဟုတ်တာ စာရေးဆရာ
နားလည်သွားတယ်။ ကြ
က အချောင် အမုန်းခံရ
ဘုန်းကြီးလိုလူမျိုး၊ ကြ
အချောင် မုဒိမ်းအကျင့်ခံရ
သင်းအုပ်ဆရာရဲ့ ညီ
အတွက် အားတော့်အား
ဖြစ်ရတယ်။ သင်းအုပ်ဆ
နားလည်လာဖို့ စာရေးဆ
တို့ အများကြီး ကြိုးစား
မယ်ဆိုတာ သိသွားတယ
ဖန်သီး တစ်လုံးပြီးတစ်
လင်းသွားတယ်။ အဲဒီနော
ကွန်ပျူတာကိုပိတ်ပြီး မျက်
သွားသစ်တယ်။
မနက်ခင်းက အား
အပြည့်နဲ့ ဆီးကြိုတ
စာရေးဆရာ ဆိုင်ကယ်
ကို နှိုးတယ်။ က·ည·န
ထုတ်ပေးတဲ့ နံပါတ်က
ယ/၁၃၀၂၁ ဖြစ်နေ
စာရေးဆရာရဲ့ အတွင်းသ
မှာ OK 0122L ဖြစ်နေမှ
တော့ ပြောစရာလိုမယ်
တော့ပါဘူးလေ။

နေသ



www.burmeseclassic.com

www.burmeseclassic.com





ဆရာမ ယဉ်ယဉ်နု (မန္တလေး) ၏ အမှာစာနှင့်အတူ

ထွက်ပြီ

# နိုင်ငံခြားပြန်

ဖြန့်ချိရေး ● ရန်ကုန်–ဂုဂုဂု စာပေ။ မန္တလေး–ထွန်းဦးစာပေ၊ နဂါးစာပေ၊ ညီစာပေ၊ စိတ်ကူးချိုချိုစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



၁။

'အနန္တငါးပါးကို
ရှိခိုးပါ၏ ဘုရား၊
အနန္တငါးပါးကို
ရှိခိုးပါ၏ ဘုရား၊
အနန္တငါးပါးကို
ရှိခိုးပါ၏ ဘုရား'

# သက်ပြင်း

မိုးကျော်ရင်

'ကဲ… တရားနာပရိ
သတ်ကြီးရေ ဒီကနေ့
ဘုန်းကြီးဟောမယ့် တရားက…'
ကြာနီကန်ဆရာတော် တရားသံက
ရပ်ကွက်တစ်ခုလုံး သိမ်းပိုက်ထားသည်။
အချင်းချင်း စကားပြောလျှင်
အသံကို ကီးအမြင့်ဆုံးညှိထားရသည်။
အဝေးပြေးကား လမ်းမကြီးနံဘေးမှ
အကိုင်းကလေးတစ်ခက်ဆိုသော်လည်း
ရပ်ကွက်၏ မူလဖွဲ့စည်းပုံကို





www.burmeseclassic.com

www.burmeseclassic.com

က ကျဉ်းကျဉ်းကျုတ်ကျုတ်။ ဖွဲ့ခွဲတွေဖို့ထားသည့် ရပ်ကွက်အလယ် အဓိကလမ်းမကြီးပင် ဆိုက်ကားတစ်ခွင်သာသာ။ သည်ကြားထဲ '၇' ဂဏန်းလို ကွေ့ကောက်နေသေးသည်။ နောက်ဖေးလမ်းတွေ၊ အိမ်ကြို အိမ်ကြားလမ်းတွေဆိုလျှင် ခြေသွားလမ်းသာသာမျှ။ သည်လိုရပ်ကွက်လေး၏ အုန်းပင်ထိပ်ဖျားမှာမှ အသံချဲ့စက်က တက်ချိတ်ထားသည်မို့ မူရင်း အသံတော် အောင်မြင်လှသည့် ဆရာတော့်တရားသံ ရပ်ကွက်ထဲ ဟိန်း ဟိန်းထွက်နေသည်က အပြစ်မပြောသာ။

ထိုသို့ဆိုလျှင် တစ်ရပ်ကွက်လုံး တရားသံမှာ အာရုံနစ်မျောနေလိမ့်မည်ဟု ထင်စရာရှိသည်။ သည်လိုလည်း မဟုတ်ပြန်။ အခါကြီးရက်ကြီး ဥပုသ်နေ့ကလေးတွေပင် ဘုန်းကြီးကျောင်း မှန်မှန်သွားနိုင်ကြသည် မဟုတ်။ အခု သည်တရားသံသည် သက်ကြီးပိုင်းတချို့သာ မြေးထိန်း ရင်း၊ အိမ်စောင့်ရင်း နားစွင့်မိကြရုံ။ တကယ်ဆို သည်တရားတိပ်ခွေ ဖွင့်ထားသည့် အသံချဲ့စက်ကိုက တရားနာ ကြပါစေတော့ဟူသည့် ရည်ရွယ်ချက်မျိုး ပါချင်မှပါမည်။

ကာလံဒေသံအလိုက် သည်ရပ်ကွက်ကလေးတွင်လည်း ထုံးစံတစ်ခု ရှိသည်။ ရပ်ကွက်ထဲ အလှူ၊ မင်္ဂလာဆောင် စသည့် သာရေးကိစ္စဆိုလျှင် ဧရာမဆောင်းဘောက်စ်ကြီးတွေ ငှားပြီး စိုင်းစိုင်းတို့၊ အေသင်ချိုဆွေတို့ကို နားကွဲမတတ် ဖွင့်ကြ

> နာမည်က
> သက်ပြင်း -
> မှတ်ပုံတင်နာမည်
> မဟုတ်
> ဇာတာထဲက
> နာမည်
> မဟုတ်သလို
> မိဘပေးသည့်
> နာမည်လည်း
> မဟုတ်
> သူ့
> အသက်မွေးလုပ်ငန်းမှ
> ပေးသော
> နာမည်ဖြစ်သည်

သည်။ အသုဘကိစ္စဖြစ်သည့် နာရေးဆိုလျှင်တော့ ရိုးရိုးအသံချဲ့စက် ဟွန်းကြီးတွေကို အုန်းပင်ပေါ် တက်ချိတ်၍ တရားခွေတွေ လိုမ့်ဖွင့်တော့သည်။ ထုံးစံဆိုသည်က ဥပဒေထက် ပိုနိုင်မာပိုစွဲမြဲ၏။

အခုလည်း နာရေးကိစ္စဖြစ်သောကြောင့် ကြာနီကန်ဆရာတော်တရားကို ဖွင့်နေခြင်းပင်။

❑

၂။

နာရေးက တခြားသူနာရေးတော့ မဟုတ်။ သည်ရပ်ကွက်နယ်နိမိတ်ကို ကျော်၍ သည်မြို့မှာပင် သတင်းကြီးသူ။ နာမည်ကသက်ပြင်း။ မှတ်ပုံတင်နာမည်မဟုတ်။ ဇာတာထဲက နာမည်မဟုတ်သလို မိဘပေးသည့် နာမည်လည်း မဟုတ်။ သူ့အသက်မွေးလုပ်ငန်းမှပေးသော နာမည်ဖြစ်သည်။ လူနှင့်နာမည် ဆက်စပ်ကြည့်လျှင်တော့ မည်သည့်နည်းနှင့်မျှ တွဲဖက်၍ မရ။ ပုပုသေးသေး။ အမြဲတစေ မို့အစ်နေသည့် မျက်နှာလုံးလုံးသည် မြစိန်ဆိုင်၏ အမာခံ ဖောက်သည်ကြီးဖြစ်ကြောင်း သက်သေထွက်ဆိုချက်ဖြစ်သည်။ အသက်ပြင်းနိုင်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုမှ မတွေ့ရ။ သူ့မိန်းမက သူ့ကို ကျိန်ဆဲနေကျ 'မသေနိုင်' ဆိုသည့် နာမ်စားကပင် ဆန့်ကျင်ဘက် အကျိုးပေးသွားသည် ထင်၏။ အခုသေသွားသည့် ၅၂ နှစ်အရွယ်အထိ သံချောင်းတစ်ချောင်းလို ပေပေတေတေ နေသွားခဲ့သည်။

အရက်ကို ခုံမင်သည့်နေရာမှာတော့ နှစ်ယောက်မရှိ။ ဗိုလ်မထား။ အရက်နှင့်မျက်နှာသစ်သူ ဆိုသည်မှာ သက်ပြင်းမှအစစ်။ မနက် မိုးလင်းသည်နှင့် မြစိန်အိမ်ရှေ့ မိုးတိုးမတ်တတ် ရောက်နေပြီ။ သက်ပြင်းအိမ်က မြစိန်အိမ် သွားသည့်လမ်းသည် သက်ပြင်း တစ်ဦးတည်းအတွက် ဖောက်ထားသလို ဖြစ်နေ၏။ မြစိန်အိမ်သည် ရပ်ကွက်ထဲက သူလိုငါလို အိမ်ပင်။ သုံးပင်နှစ်ခန်း ခြေတံရှည်ကလေး။ အိမ်တိုင်တွေက ယိုင်နေကြပြီ။ ထို

ခြေတံရှည်အိမ်ယိုင်ကလေး၏ အောက်မှာ ဝါးကပ်ကြမ်း... တွေ၊ ပီနန်အိတ်ခွဲတွေ ကာ... အရက်ဆိုင်ဖွင့်ထားသည်... မြို့ကြီးပြကြီးတွေလို အရောင်... မြှင့်တင်ရေး စကတ်တို... လေးတွေ မလို။ ဆံပင်... ကြောင်ကြောင် ဖရိုဖရဲ ထ... ရင်ရှားထားသည့်အချိန်... ခပ်များများ။ ဝယ်တာခြ... တာ၊ ကြော်တာချက်တာ... အရက်စပ်ပေးတာ၊ နော... ဆုံး စားပွဲထိုးလည်း သူ... လိုင်းကြေးသွားပေးသည်... အစ မြစိန်ကိုယ်တိုင်။

သက်ပြင်းက သူ့အိ... နှင့် မြစိန်ဆိုင်ကို နေ့စဉ်ခြ... တစ်လှည့်စီ စံစားသ... နေထိုင်၏။ သက်ပြင်းဘဝ... အရက်မူး၍ ရန်ဖြစ်သည်... သမိုင်းမရှိ။ သို့သော် မူး... လျှင် သွေးတော့ဆိုးသည်... သူ့ သွေးဆိုးပုံကတစ်မျိုး... ကတည်းက ဆိုက်ကား... တစ်ခွင်စာ ရပ်ကွက်လမ်း... လမ်းပြည့်အောင် သိုင်းကွ... နင်းသည်။ ပြီးလျှင် သူ့အိ... မရောက်မချင်း လမ်းတ... လျှောက်လုံး အော်ဟစ်... ရေးတော့၏။ အိမ်ရောက်လျှ... ခေါင်းရွက်ဈေးရောင်းတွေ... နေသည့် မိန်းမကို ရိုက်မော... ပုတ်မောင်းလုပ်ချင်သေးသ... လူ။ အစကတော့ ရပ်ကွ... က သက်ပြင်းအပြုအမူ... တင်းသည်။ နောက်ပိုင်း... အရက်တန်ခိုးနှင့် အသံကျ... သလောက် လက်တွေ့... လက်သီးပင် ကောင်းကော... မဆုပ်တတ်သည့် သက်ပြ... ကို နားလည်သွားကြ... သက်ပြင်းကလည်း အ... နားလည်မှုကို မ...



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းအသုံးချ သွား
သည်။

ဤသို့ဆိုလျှင် သက်
ပြင်း ဘယ်အချိန်၊ ဘယ်နေရာ
ဘာအလုပ်လုပ်သလဲဟု
မေးရာရှိသည်။ သက်ပြင်း
အလုပ်က အင်တာဗျူးတွေ၊
လက်ဆောင်ခြင်းတွေကြောင့်
ရသွားသည့်အလုပ် မဟုတ်။
ပညာအရည်အချင်းကလည်း
သေစာရင်စာ ဖတ်တတ်ရုံမို့
မနက် ၉ နာရီ ရုံးတက်၊ ၁၀
နာရီ နေ့လယ်စာစား၊ ၁ နာရီ
လက်ဖက်ရည်သောက်၊ ၃
နာရီ ရုံးဆင်းရသည့် အလုပ်
မဟုတ်။ သို့သော် သက်
ပြင်းက မိသားစုကို အသက်
မွေးရင်း၍ လုပ်ကျွေးသွားသူ
ဖြစ်သည်။ ကြီးကြီးကျယ်
ကျယ်ပြောရလျှင် သူ့အလုပ်
က တိုင်းရေးပြည်ရေးပေါ် မူ
တည်၏။

သက်ပြင်းအတွက်
ဤအလုပ်ကို မတော်တဆ
ရလိုက်ခြင်းသာ ဖြစ်သည်။
ထိုစဉ်က ဒေါတိုက်ပွဲက နာမည်
ကြီးနေချိန်။ တပ်မတော်က
ပေါ်တာ အလိုရှိနေချိန်။
လူတွေမရှိလျှင် ရေသောက်
ကျော်ကျော်ဖောက်၍ ရနိုင်သော်
လည်း ချောကြေး၊ ကင်း
ကြီးတွေကို တော့ ရေ
ဖောက်၍ မရနိုင်။ ချော
ရသည်မှာ စစ်တပ်ချီ
ရသို့ အထုပ်အပိုးတွေ
ကို လိုက်ပါလာသည့်
ခါ အထမ်းသမား
ဝင် ငှားထည့်ပေးရသည့်
မာဏ။ ရုပ်ကွက်
ကျေးရွာဥက္ကဋ္ဌတွေ
စလတစ်ကြိမ် မှန်မှန်
တတ်သည်။ သို့သော်
ဆကလေးတွေက

သက်ပြင်း
အလုပ်က
အင်တာဗျူးတွေ
လက်ဆောင်ခြင်း
တွေကြောင့်
ရသွားသည့်
အလုပ်မဟုတ်
ပညာအရည်အချင်း
ကလည်း
သေစာရင်စာ
ဖတ်တတ်ရုံမို့
မနက်
၉ နာရီ ရုံးတက်
၁၀ နာရီ
နေ့လယ်စာစား
၁ နာရီ
လက်ဖက်ရည်
သောက်
၃ နာရီ
ရုံးဆင်းရသည့်
အလုပ်မျိုးမဟုတ်

မချော်လင့်ဘဲ ဖြစ်တတ်
သည်။ တစ်ခါတစ်ရံ ရပ်ရွာမှ
ငှားထည့်ပေးနိုင်သည်ထက်
စစ်တပ်လိုအပ်သည့် ချော
သမားအရေအတွက်က ပိုနေ
လျှင်တော့ ရပ်ရွာထဲ အလစ်
ဝင် ချောဆွဲတော့သည်။
ယောကျ်ားမှန်သမျှ သေပြေး
ရှင်ပြေး စွတ်ပြေးကြရသည်။
ကောက်ရိုးပုံတွေ တိုးဝင်ကြ၊
သစ်ပင်တွေ တက်ပုန်းကြနှင့်။
ထင်းချောင်းနှင့် ရမ်းပစ်ထည့်
လိုက်သည့် ဘဲခြံတစ်ခြံလို
ရပ်ထဲရွာထဲ ဖရိုဖရဲ ဖြစ်သွား
ကြ၏။ အမိခံလိုက်ရလျှင်
မိသားစုက ရှိစုမဲ့စု ခြစ်ခြုတ်

ပြီး သွားရွေးကြရသည်။
မရွေးနိုင်လျှင် လိုက်သွားပေ
တော့။ အိမ်ပြန် ရောက်ချင်မှ
ရောက်လာပေတော့မည်။
ရောက်လာလျှင်လည်း
ခြေထောက်အစုံ အလင်
ပြန်ပါလာနိုင်ရန် မသေချာ။

တစ်ညနေ။ ထိုညက မီး
ပျက်နေသည်။ သက်ပြင်းက
ဗီဒီယိုကြည့်ပြီး ပြန်လာ၏။
ဗီဒီယိုရုံမှ ထွက်စဉ် လူတွေ
များလှသော်လည်း သူ့
ရပ်ကွက်ကို အပြန်မှာတော့
တစ်ယောက်တည်း သင်းကွဲ
သွားသည်။ ဘုတာမှဖြတ်၍
သံလမ်းကို ကျော်သည်။
မီးပျက်နေသော်လည်း အိမ်
တချို့မှ လျှံကျလာသည့် မီး
ရောင်တွေကြောင့် လမ်းကို
တော့ မြင်နေရသည်။ ကား
ဂိတ်မှဖြတ်ပြီး ကားလမ်းမ
ကြီးဘက်ကို ကူးလာသည်
အထိ ဘာပြဿနာမှ မရှိ
သေး။ ကားလမ်းဘေးကပ်
လျက် သူတို့ရပ်ကွက်၏
လမ်းကျဉ်းကလေးထဲ ဝင်မိ
ကာမှ တဖြောင်းဖြောင်းပြေး
လာသည့် ဖိနပ်သံတွေကို
ကြားရသည်။

'ချောဟေ့ ချော ချော'

မနီးမဝေးက ခပ်အုပ်
အုပ်အော်သံကြားလိုက်ရ၏။
ဝရုန်းသုန်းကား ခြေသံတွေပါ
ကြားလိုက်ရသည်။

အလန့်တကြား လှည့်
ပြေးရန် အားထုတ်စဉ်မှာပင်
စနစ်တကျ ဖမ်းချုပ်ခံလိုက်ရ
၏။ တစ်ဆက်တည်း မေးရိုး
ဆီ လက်သီးတစ်လုံး ပြေးဝင်
လာသည်။ မျက်လုံးထဲ
ဝင်းခနဲ။

'ထွက်ပြေးတာနဲ့ အပစ်
ပဲနော်'

အမိန့်သံလား၊ သတိ
ပေးသံလား။ မည်သို့ပင်ဖြစ်
စေ နာခံရုံမှတစ်ပါး အခြား
ရွေးစရာမရှိ၊ နွားတစ်ကောင်
ကို နဖားကြိုးမှ ဆောင့်ဆွဲ
လိုက်သကဲ့သို့ သက်ပြင်းပါ
သွားသည်။

❑

၃။

မိသားစုလည်း လိုက်
မရွေးနိုင်။ မိန်းမလည်း
ကလေးနှစ်ယောက်နှင့် ကျန်
ရစ်ခဲ့သည်မှအပ သက်ပြင်းရှိ
စဉ်ကနှင့် ဘာမှမထူး။ သက်
ပြင်းလည်း စစ်တပ်ချီရာလမ်း
တစ်လျှောက်ပါသွားသည်။
အထုပ်အပိုး ထမ်းရတာတွေ၊
မြေမြုပ်မိုင်း မသက်သည့်
နေရာတွေကို ရှေ့က သွား
ပေးရတာတွေ၊ မြစိမ်းဆိုင်
မသွားရတော့သည့် နစ်နာ
ချက်တွေက လွဲ၍ အမြတ်
ထွက်ခဲ့သည်ဟု ဆိုနိုင်၏။
လမ်းတွင် ဘဝတူ ချော
သမားတွေနှင့် ဆုံကြရင်း
ပညာတချို့ရလိုက်သည်။
မကြာခင် ထိုပညာတွေကို
အသုံးချ ထွက်ပြေးပြီး
သက်ပြင်း အိမ်ပြန်ရောက်
လာ၏။

နောက်အခေါက် ချော
ဟေ့ဆိုလျှင် သွေးရူးသွေး
တန်းပြေးသူတွေထဲ သက်
ပြင်းမပါတော့။ ရပ်ကွက်
ဥက္ကဋ္ဌဆီ စာရင်းသွားပေး
ထားလိုက်သည်။ ရသည့်
ပိုက်ဆံ မိန်းမကိုလည်း အပ်
သလို မြစိမ်းကို အကြွေးဆပ်
၍ ချောသမားအဖြစ် တက်
တက်ကြွကြွ လိုက်သွား
သည်။ သတင်းရော၊ လူရော
ပျောက်သွားပြီး လအနည်း
ငယ်ကြာလျှင် ပြန်ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com

ပြန်၏။ တစ်နှစ်သား၊ သက်ပြင်းလိုက်သွားသည့် စစ်ကြောင်း၏ အထိအခိုက် သတင်းတွေ သဲ့သဲ့လွင့်လာသည်။ တစ်နှစ်နီးနီးကြာသည်အထိ သူ ပြန်ရောက်မလာ။ အိမ်မှာ ဘုန်းကြီးသုံးပါးပင့်ပြီး သပိတ်သွတ်လိုက်ရသည်။ သပိတ်သွတ်သည့်နေ့ တရားနာ သာဓုခေါ်ပြီးမှ တရားနာ ပရိသတ်နောက်ဆုံးမှာ လက်အုပ်ချီထိုင်နေသည့် သူ့ကို တွေ့လိုက်ကြရ၏။ ထိုအချိန်ကစ၍ သူ့နာမည် သက်ပြင်းဟု တွင်သွားခြင်းပင်။

❑

၄။

ခေတ်က စနစ်ကို တောင်းဆိုသည်။ စနစ်က ခေတ်ကို ပြန်ဖန်တီးသည်။ တချို့သော သက္ကရာဇ်တွေ၌ ခေတ်နှင့်စနစ်က ပဋိပက္ခဖြစ်တတ်သည်။

၈၈ အရေးတော်ပုံကို စစ်ဖိနပ်ဖြင့် ဖိနင်းခဲ့သည်။ 'နဝတ' ဟု တံဆိပ်သစ် တပ်၏။ ထို့နောက် 'နအဖ'။

သက်ပြင်းကတော့ ချောသမားဘဝ၊ မြစ်နံဆိုင်နှင့် သူ့အိမ်ကိုသာ အလှည့်ကျ ရှင်သန်လာခဲ့သည်။

ထိုအချိန်တွေမှာပင် ကလေးစစ်သားတွေ၊ ချောဆွဲခြင်းတွေနှင့် ပတ်သက်၍ ပြည်ပမီဒီယာတွေအသံက ပိုကျယ်လောင်လာ၏။ စူပါပါဝါနိုင်ငံတွေက ဖိအားတွေ ပေးလာသည်။ သည်လိုနှင့် သက်ပြင်းတို့ ရပ်ကွက်ထဲ ချောကြေး၊ ကင်းကြေးတွေ ပျောက်သွားသည်။ သက်ပြင်းလည်း အလိုလို အလုပ်

အလန့်တကြား
လှည့်ပြေးရန်
အားထုတ်စဉ်မှာပင်
စနစ်တကျ
ဖမ်းချုပ်
ခံလိုက်ရ၏
တစ်ဆက်တည်း
မေးရိုးဆီ
လက်သီးတစ်လုံး
ပြေးဝင်လာသည်
မျက်လုံးထဲ
ဝင်းခနဲ
ထွက်ပြေးတာနဲ့
အပစ်ပဲနော်

လက်မဲ့ဖြစ်သွား၏။ သို့သော် သိပ်မကြာလိုက်။

တစ်နေ့ ဆိုက်ကားတစ်ခွင်စာသာသာ ဖွဲ့ခွဲ လမ်းကလေးထဲ ဆိုင်ကယ် ၅ စီးခန့် တစ်ပြိုင်တည်း မောင်းဝင်လာကြသည်။ ပြီးတော့ လူမရှိသည့် ကွမ်းယာဆိုင်ကလေးရှေ့ ထိုးရပ်လိုက်၏။ ကွမ်းယာဆိုင်နောက်မှ ခေါင်းတစ်လုံး ပြူထွက်လာသည်။

'အမယ်လေး ပြေး ပြေး ပြေး'

လူမရှိဟု ထင်ရသော ကွမ်းယာဆိုင်နောက်မှ လူအုပ်ကြီး ဝုန်းခနဲ ထ,ပေါက်ကွဲသည်။ ခြေဦးတည့်ရာ အော်ပြေးကြသည်။ အိမ်နောက်ကို ပြေးသူပြေးသည်။ အိမ်ဘေး ခြံစည်းရိုးကို ကျော်ပြေးသူပြေးသည်။ တခြား ထိုးသားတွေ လွတ်သွားကြသော်လည်း ပိုက်ဆံတွေ သိမ်းကျုံးနေသော နွယ်နွယ်ဝင်းကို ဖမ်းမိသွားသည်။ သူတို့ အဓိက လာဖမ်းသည်ကလည်း နွယ်နွယ်ဝင်း။ လိုင်းကြေးယူနေကျ နယ်မြေခံတွေ ပါလာသည့်တိုင် တာဝန်ဝတ္တရားကို အတိအကျ ဆောင်ရွက်သူတွေအဖြစ် မြင်ရသည်။

လိုင်းကြေးပုံမှန်ပေးနေရသော်လည်း အထက်က လာဖမ်းသည့်အခါ အဆွဲခံလိုက်ရ၏။ နေရာအတိအကျ ပါသော တိုင်စာအရဟု ပြောကြသည်။ ကျော်စောသတင်းကြောင့်ဟုလည်း ပြောသူက ပြောကြသည်။ ရပ်ကွက်ထဲ တချို့က ဝမ်းသာကြသည်။ တချို့ကတော့ စိတ်မကောင်း။ မြို့လယ်ကောင်မှာ လက်ဖက်ရည်ဆိုင်ကြီးတွေ ဟည်းနေအောင်ဖွင့်ပြီး အချီကြီး ရောင်းသူတွေက မကျော်စောရပါပဲ ဆင်းရဲသားရပ်ကွက်ကလေးထဲမှ သူ့မိန်းမ ကွမ်းယာဆိုင်ကလေးကို ရွေးပြီး ကျော်စောရသည့် ကံကြမ္မာကို ကျော်လွင်ဦး ဆဲရေးပြစ်တင်၏။

စီးပွားက တက်ခါစ။ အလုပ်အကိုင်ကလေးက အရှိန်ကောင်းခါစ။ ရပ်ထဲရွာထဲ လယ်ပြုတ်၊ နွားပြုတ်သည်အထိ ပွဲကြမ်းနေကြသည့်အချိန်။ အကျဉ်းထောင်ထဲမှာ အချိန်ဖြုန်းရန် [illegible] သည့်နည်းနှင့်မျှ စိတ်ကူး[illegible] ၍မရ။

နောက်ဆုံး၊ ကျော်လွ[illegible] ဦးလည်း သတင်းထောက်[illegible] လို၊ အမှုပွဲစားလိုလို ပုဂ္ဂိုလ်[illegible] ရောက်သွားသည်။ ချိန်းသ[illegible] နေရာက ဘီယာဆိုင်။ ကျော်[illegible] လွင်ဦးရောက်သွားတော့ သ[illegible] က ပွဲစနေနှင့်ပြီ။ ဝတ်နေ[illegible] တိုက်ပုံအင်္ကျီနှင့်၊ တပ်နေ[illegible] မျက်မှန်ထူထူနှင့်။ အေးဆေး[illegible] တည်ငြိမ်သည့် အမူအရာ[illegible] တမင်လုပ်ယူထားမှန်း [illegible] သာသည်။

သူ့ အတွေ့အကြ[illegible] ဟောင်းတွေကို ပထမဆုံး[illegible] ပြောသည်။ ထို့နောက် သူ[illegible] အဆက်အသွယ်တွေ၊ ပေါ[illegible] ရောက်မှုတွေကို ရေတွက်[illegible] သည်။ ထိုမှဆက်၍ ဥ[illegible] စာအုပ်ထဲမှ ရွေးကျက်လာ[illegible] ရသည့် ဝါကျတွေကို [illegible] နိုင်အောင် ရွတ်ပြပြန်[illegible] ကျော်လွင်ဦး ဆက်သည်[illegible] နိုင်တော့။

'ဦး ကျွန်တော်သိ[illegible] တာက နွယ်နွယ် ဘ[illegible] လောက်အထိ ဖြစ်သွား[illegible] လဲ။ ဦးအနေနဲ့ ဘ[illegible] လောက်ထိ လုပ်ပေးနိုင်[illegible] ဆိုတာ'

ကျော်လွင်ဦး စ[illegible] မဆုံးလိုက်။ သူက လက်[illegible] ပြထားသည်။ လမ်းပေါ်[illegible] ကြည့်ရင်း စီးကရက် [illegible] လိုက်သေး၏။ ပြီးမှ [illegible] လွင်ဦးဆီ မျက်နှာပြန်[illegible] လာသည်။

'ရုပ်ရှင်ရိုက်တဲ့ အ[illegible] ကိုယ်တိုင်မလုပ်ရဲတဲ့ [illegible] ဝင်ခန်းတွေကို စတန့်[illegible] ဆောင်တွေ ထည့်သုံး[illegible]



www.burmeseclassic.com

www.burmeseclassic.com

အခုလည်း မင်းတို့ကိုယ် မလုပ်ရဲတဲ့ ဇာတ်ဝင်ခန်း တော့ စတန့်တစ်ယောက် ည့်ရမှာပဲ'

သည်လိုနှင့် သက်ပြင်း အလုပ်လက်မဲ့နေ့ရက် တွေကို အသက်ပြန်သွင်းရန် ကြောင်းဖန်လာတော့သည်။

သူတို့အဖွဲ့ရောက်လာ သည့် မနက်က သက်ပြင်း အိပ်ရာက မထ,သေး။ လာနှိုး၍သာ ထ,လာရ သည်။ ခေါင်းက သိပ် ကြည်။ မျက်နှာ ကမန်း တန်းသစ်ပြီး အိမ်ရှေ့ပြန် ထွက်လာတော့ မျှော်လင့် ကြီးမျက်နှာတွေ သူ့ဆီ ပြုံ ကြည့်နေကြသည်။ ထူးတော့ ဆန်းသည်။ ညက ဘာ အိပ်မက်မှလည်း နိမိတ်မပြ။ အမှုပွဲစားက အခု သောက် န်းလား၊ လျှော့ပေါ့ကွာ ညာနှင့် လမ်းခင်းသည်။

'မင်း အခု ဘာလုပ်နေ လဲ'

သက်ပြင်းက ချွဲသံ တရှဲ နှင့်ပင် ရယ်ပြလိုက်သည်။ ယ်သင်းနံ့ဖြစ်နေသည့် ရက်နဲ့က ထောင်းခနဲ။

'အစ်ကို ကြီးလည်း ပါတယ်ဗျာ၊ ခုတော့ မြင် အတိုင်းပါပဲ'

'အေး… ငါ အခုလာ မင်းအလုပ်ကိစ္စကြောင့် ကွာ။ အခု ဒီက နွယ်နွယ် တို့ကိစ္စကို မင်းလည်း ပြီးမှာပါ။ အဲ့ဒါကွာ…'

အမှုပွဲစားက သက်ပြင်း အတွက် သက်သက်အလုပ် ပေးသည့် သဘောဖြစ် ဖောင်းပေးပြောသည်။ ရင်းကတော့ နွယ်နွယ်ဝင်း ယ်စားဝင်ပေးရမည်။ ကံကောင်းလျှင် လုံးဝလွတ် မည်။ အထဲဝင်သွားရသည့် တိုင်အောင် ပြစ်ဒဏ်ကာလ အနည်းဆုံးဖြစ်အောင် ကြိုးစား ပေးမည်။ လောလောဆယ် ပေးမည့် သိန်းဂဏန်းအပြင် သက်ပြင်း အထဲမှာရှိနေသေး သမျှ နောက်ပိုင်း မိသားစုကို လစဉ်ထောက်ပံ့ဦးမည်။ အထဲမှာ အဆင်ပြေအောင် လည်း စီစဉ်ပေးမည်။

သက်ပြင်းစိတ်ထဲ ကျိတ်ပြုံးသည်။ မြေမြှုပ်မိုင်း နယ်မြေတွေကိုလည်း ရှေ့မှ ချီတက်ပေးစရာမလို။ ကျည် ဆန်မှန်မည်လည်း မကြောက် ရ။ သို့သော် သူတတ်ပြီးသား ပညာတွေဖြင့် ထွက်ပြေးရန် တော့ မလွယ်ကူ။ အလုပ် ဟောင်းထက် ပိုသက်သာ သည်ကတော့ သေချာသည်။ ဤသို့ဖြင့် ငွေကြေး အတင်း အလျှော့ညှိကြပြီး နောက်ဆုံး သက်ပြင်း ခေါင်းညိတ်လိုက် သည်။ မိန်းမလည်း တိုင်ပင် နေစရာမလို။ ချောလိုက်ကြေး ကိုပင် ရှာရှာရှုရှု မျိုကျ ခဲ့သည်ပဲ။ အရင်က အသက် စွန့်ပြီး ငွေရှာခဲ့သည်။ အခု တော့ ဘဝကို စွန့်စားရန် ဆုံး ဖြတ်လိုက်ပြီ။

❑

၅။

နောက် ၂ နှစ်ကြာတော့ သက်ပြင်း ပြန်ရောက်လာ သည်။ အကြောင်းသိ ရပ် ကွက်က ပထမတော့ ထူးထူး ဆန်းဆန်း စပ်စုကြသည်။ မေးမြန်းကြသည်။ သက် ပြင်းက ပြုံးပြုံး ပြုံးပြုံး။ နောက်တော့ မြစ်နံဆိုင်ရောက် သည့်လမ်းကို အပိုင်စီးထား မြဲ။ ရေချိန်လွန်သွားသည့် ညနေတွေဆို လမ်းပေါ်သိုင်း ကွက်နင်းပြီး အော်ဟစ်ဆဲဆို မြဲ။ အိမ်ပြန်ရောက်လျှင် မြစ်နံ လို အရက်မစပ်တတ်သည့် မိန်းမကို ရန်ရှာမြဲ။ သားနှစ် ကောင်ကို လက်သီးထိုးတမ်း ကစားရန် အတင်းအဓမ္မ ခိုင်း စေမြဲ။

မကြာခင် အမှုပွဲစားကြီး ရောက်လာပြန်သည်။ ရိုက်မှု တဲ့။ သက်ပြင်း ဟတ်ခနဲ ပြုံး လိုက်ပြီး လက်ညှိုးနှင့် လက်မကို ဝိုင်းပြလိုက်၏။ သက်ပြင်း ကြေးစား၊ ကြေး စား သက်ပြင်း။

နောက်…။

နောက်…။

သက်ပြင်းအတွက် ဖားကန့် ကျောက်သွားတူး သလောက်၊ ယိုးဒယား အောက်လမ်းက သွား သလောက်သာ သဘောထား ပုံရသည်။ ထွက်သွားတော့ လည်း ပုံမှန်၊ ပြန်ရောက်လာ တော့လည်း ပုံမှန်။

အရပ်ထဲက သက်ပြင်း ကို ဘွဲ့တစ်ခု ထပ်ပေးကြ သည်။ ထောင်မင်းသား သက်ပြင်းတဲ့။ သည်ဘွဲ့က လည်း သူ့အသက်မွေးမှု အလုပ်မှ ပေးလိုက်သည့်ဘွဲ့။

❑

၆။

လွန်ခဲ့သည့် ရက် အနည်းငယ်က သက်ပြင်း သေသည်။ ရောဂါကို မည် မည်ရရပြစရာတော့ မရှိ။ အချို့အရက်သမားတွေ ဖြစ် လေ့ဖြစ်ထရှိသော မတော် တဆမှုကြောင့် သေလေ့သေ ထရှိသည့်အတိုင်း သေသွား ခဲ့ခြင်း ဖြစ်၏။

❑

၇။

အခုတော့ သက်ပြင်း အိမ်မှာ အသံချဲ့စက်သံ တဆူ ဆူ၊ ဖဲဝိုင်းက တပူပူ၊ လူတွေ က ထူထူနှင့် မနက်ဖြန် ရက် လည်ဆွမ်းသွတ်အတွက် ချက်ရေးပြုတ်ရေးတွေဘက် မှလည်း မီးခိုးတွေက တအူ အူ။ သက်ပြင်းအိမ်ဆိုသော် လည်း သက်ပြင်းဟု ညွှန်ပြ စရာဆို၍ ပုဆိုးခေါက်လေး ပေါ်က သစ်ခက်ကလေး တစ်ခက်သာ ရှိသည်။ သက် ပြင်း အသုဘချစဉ် ထုံးစံအရ သက်ပြင်းဝိညာဉ်ကို ခေါ် ဆောင်လာခဲ့သော သစ်ခက် ကလေး။ သစ်ခက်ကလေး အနားမှာ နီရဲမို့အစ်သော မျက်လုံးတွေနှင့် သက်ပြင်း မိန်းမ။

ခပ်နောက်နောက် လူငယ်တချို့က သက်ပြင်း မိန်းမကို ဖျောင်းဖျကြသည်။

'မငိုပါနဲ့ အရီးရာ၊ ဦးလေး သက်ပြင်းကြီး တကယ်သေတာ ဟုတ်ချင်မှ ဟုတ်မှာပါ။ တစ်ယောက် ယောက်အစား အငှားသွား သေတာဖြစ်မှာပါ'တဲ့။

မည်သို့ပင်ဖြစ်စေ သက် ပြင်းသေသွားသည်မှာ သေချာပါသည်။ မနေ့ကပင် သက်ပြင်းအလောင်းကောင်ကို သူတို့ပင် သုသာန်သို့ ထမ်းပို့ ခဲ့ကြသည်။ သူတို့ပင် ကျင်း တူး၍ သူတို့ပင် မြေဖို့မြှုပ်နှံခဲ့ ကြ၏။ သို့သော် သက်ပြင်း ၏ အသက်မွေးလုပ်ငန်းကိုပါ မြေမြှုပ်သင်္ဂြိုဟ်ရန်ကိုတော့ သူတို့ မေ့လျော့သွားကြလေ သည်။ ။

■

မိုးကျော်ဇော်



www.burmeseclassic.com

www.burmeseclassic.com



၁၀၈ ရွှေအမြုတေ ရုပ်ပုံလွှာစင်၊ နှစ် ၂၀၀၇

www.burmeseclassic.com


www.burmeseclassic.com

သည်တစ်နှစ်နွေက
တော်တော့်ကို ပူသည်။
လှုပ်လိုက်တိုင်း ချွေး
ထွက်ချင်သည်။ ချွေးထွက်
များလွန်းသောကြောင့်
ရေဓာတ် ခန်းခြောက်ကာ
ခန္ဓာကိုယ်တစ်ခုလုံး
မလှုပ်ချင်၊ မသယ်ချင်
ဖြစ်နေသည်။
တစ်ခါတစ်ခါ ခေါင်းဆီက
ရိပ်ခနဲမူးသည်။
ခပ်ဝေးဝေးသို့
လှမ်းကြည့်လိုက်လျှင်
တံလျှပ်တို့
တရိပ်ရိပ်ထ,နေပြီး

အမြင်အာရုံတွေ
မှုန်မှုန် မှိုင်းမှိုင်း
ဖြစ်နေသည်။ ထုံးစံအတိုင်း
မကြာခဏ
ရေငတ်နေသဖြင့် ခဏခဏ
သောက်နေရသည်။
ထို့ကြောင့် ဗိုက်က
ကယ်လာပြီး
ထမင်းစားချိန်တန်လျှင်
မစားနိုင်တော့။
စားပြန်လျှင်လည်း
ရေကိုသာ
သောက်နေရပြန်သဖြင့်
အစာအိမ်ထဲတွင်
ရေတွေဘောင်ဘင်ခတ်နေ

# မေတ္တာ ပ၇၀ဏ်

## မောင်နှင်းပျိုး






www.burmeseclassic.com

www.burmeseclassic.com

သံကိုပင် တစ်ခါတစ်ခါ ကြားနေရသေးသည်။

လမ်းမသို့ မျှော်ကြည့်လိုက်လျှင် ဟိုဟိုဒီဒီ သွားလာသူတွေ နည်းလွန်းလှပြီး မဖြစ်မနေ သွားလာနေရသူတွေက နေပူဒဏ်ကို ကာကွယ်နိုင်ရန် ထီး၊ ဦးထုပ်တွေ ကိုယ်စီ ဆောင်းကာ စိတ်မပါ လက်မပါ ရွေ့လျားနေကြသည်။ ကျွန်တော်သည်လည်း ထိုလူတွေနည်းတူ လမ်းပေါ်ထွက်ရမှာ အလွန်ဝန်လေးနေမိသည်။ သားငယ်နှင့် သမီးငယ်ကတော့ အိမ်ရှေ့ သစ်ပင်ရိပ်အောက်တွင် ငြိမ်ငြိမ်သက်သက်ကစားနေကြသည်။ ဇနီးသည်ကတော့ နေပူထဲ မထွက်စေရန် ကလေးတွေကို သတိပေးနေရင်း ကျွန်တော့်အနားတွင် လာထိုင်သည်။ သူ့လက်ထဲမှ ယပ်တောင်တဖျပ်ဖျပ်ကြောင့် အေးမြမြ ဖြစ်သွားသော်လည်း ယပ်တောင်ရပ်သွားလျှင် သိသိသာသာ ပြန်အိုက်လာတာပဲ ဖြစ်သည်။ ကျွန်တော့်အနေနှင့် ပန်ကာလေကိုလည်း မခံနိုင်။ ပန်ကာလေ ကြာကြာခံမိလျှင် တစ်ကိုယ်လုံး ကိုက်ခဲလာတတ်ပြီး ဖျားချင်သလိုလို၊ နာချင်သလိုလို ဖြစ်တတ်သဖြင့် ပန်ကာကိုလည်း မဖွင့်ရဲ။

'မိုးကလည်း မရွာနိုင်သေးဘူး နော်'

ဇနီးသည်က ကျွန်တော့်ကို ပြောသလိုလို၊ သူတစ်ယောက်တည်း ရေရွတ်သလိုလိုနှင့် ဆိုလိုက်သဖြင့် ကျွန်တော် ငယ်စဉ်က အဘိုးပြောခဲ့ဖူးသော စကားတချို့ကို သတိရမိလိုက်သည်။ ထို့ကြောင့်…

'တို့ငယ်ငယ်ကတော့ အဘိုးပြောဖူးတယ်၊ သင်္ကြန်ကျပြီး လေးဆယ့်ငါးရက်ကြာမှ မိုးရွာတာ တဲ့'

ကျွန်တော့်စကားကြောင့် ဇနီးသည်က…

'အခုမှ မေလဆန်းပဲ ရှိသေးတော့ လိုသေးတာပေါ့ နော်'

ဆိုသောစကားကို ခေါင်းညိတ် ထောက်ခံလိုက်မိသည်။ ဇနီးသည်က ကျွန်တော့်ကို တစ်ခုခုပြောချင်နေပုံရသဖြင့် သူ့မျက်နှာကို လှမ်းကြည့်လိုက်တော့ သူက သက်ပြင်းကို ခပ်သာသာချရင်း…

'နေပူလွန်းလို့လား မသိဘူး၊ ကလေးတွေ ထမင်းသိပ်မစားနိုင်ကြဘူး'

သူ့စကားအဆုံးတွင် ကျွန်တော်က လှစ်ခနဲ ပြုံးလိုက်မိ၍ သူက အိုးတိုးအမ်းတမ်း ဖြစ်သွားပြီး ကျွန်တော့်ကို…

'ဘာ ပြုံးတာလဲ'ဟု မေးလာသည်။

'ဘာမှ မဟုတ်ပါဘူးကွာ။ မင်းချက်တဲ့ဟင်းတွေကို ခံတွင်းမတွေ့ကြလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့'

ကျွန်တော်စကားအဆုံးတွင် ဇနီးသည်က နှုတ်ခမ်းကိုမဲ့ကာ ရေးတေးတေးပြုံးရင်း တစ်ဖက်လှည့်သွားသည်။ အားမနာတမ်း ဆိုရလျှင် ကျွန်တော့်ဇနီးသည်က ဟင်းချက်သိပ်မကောင်း။ ဟင်းအတွဲအစပ်က ပို၍ ညံ့သည်။ ကျွန်တော် ကြားဖူးသည်က 'ဟင်းချက်တာက အတတ်ပညာ၊ ဟင်းစပ်တာက အနုပညာ'ဟူ၍ ဖြစ်သည်။ ထိုသို့ဆိုလျှင် သူက နှစ်မျိုးစလုံးတွင် ပြိုင်ဘက်ရှားသူဟု ဆိုရပါလိမ့်မည်။ 'ငါးကြော်နှင့် ကြက်သားကြော်'၊ 'ခရမ်းချဉ်သီးသုပ်နှင့် ချဉ်ပေါင်ဟင်း'၊ 'ပဲဟင်းနှင့် အချဉ်ရည်ဟင်း'လို ဟင်းမျိုးတွေကို မကြာခဏ တွဲစပ်၍ ကျွေးဖူးသည်။ ကျွန်တော်သည်လည်း မြိန်ရာဟင်းကောင်းဟု သဘောထားကာ ကျေနပ်အောင် စားပြခဲ့ရသည်။

တစ်ခါတစ်ရံ မီးမလာ၍ဖြစ်စေ၊ ချက်ပြုတ်ချိန်နောက်ကျသွား၍ဖြစ်စေ လမ်းထိပ် ဟင်းဆိုင်က ပြေး၍ ဝယ်ကျွေးတတ်တာမျိုးလည်း ကြုံဖူးသည်။ ထိုအခါ ကျွန်တော်က 'အမောပြေ'ဟူသော သီချင်းကို ဖျက်၍ ဆိုပြဖြစ်သည်။

*'မောင်ပြန်လာရင်×××*
*အဆင်သင့်စားဖို့ရယ်×××*
*ပြေးဝယ်ရတာ ကပျာ*
*ကယာ×××မောလှပါတယ်'*

သည်လိုအခါမျိုးတွင် သူက နှုတ်ခမ်းကိုစူကာ စိတ်ကောက်သွားတတ်သည်။

သည်လိုအခါမျိုးတွင် ကျွန်တော်ကတော့ အမေချက်ကျွေးသော ငါးနီုင်းချင်းနှင့် ချက်ထားသည့် ချဉ်ပေါင်ဟင်း ပျစ်ပျစ်ကို ငရုတ်သီးမှုန့်ဖြူးကာ အားရပါးရ လွေးလိုက်ချင်သည်။ ယခုလို ပူပြင်းလွန်းသည့် နွေလများတွင် အမေချက်ကျွေးသည့် ထိုဟင်းတွေက ခံတွင်း… ဖူးသည်မှာ အမှန်ဖြစ်သ… အခုတော့ အမေ့အိမ်ကို … တိုင်း မရောက်ဖြစ်တော့… သော် နှစ်ရက်ခြားတစ်ခေါ… သုံးရက်ခြားတစ်ခေါက်… မရောက် ရောက်အောင် … ဖြစ်သည်။ အမေကလ… ကျွန်တော် မလာလျှင် … နေတတ်သည်။

'အဲဒါ တိုက်… ကောင်းမလားဟင်'

ကျွန်တော့် လက်… ကို ကိုင်ကာ ရုတ်တ… ပြောလာသော ဇနီးသ… လည်ပြန်ကြည့်ရင်း 'ဘာ… တာလဲ'ဟူသော သဘော… မေးဆတ်၍ မေးလို… သည်။ ထိုအခါ ဇနီးသ… က…

'ကလေးတွေ ထမ… မစားတာ အားဆေးတိုက်… ကောင်းမလားလို့ မေးနေ… လေ'

သည်တော့မှ အတွေး… လွန်သွားသော ကျွန်… အတွေးစကို ပြန်လည်… ကာ သူ့ကို ခေါင်းညိတ်… လိုက်ရသည်။

❑

'ကဲ… မထူး… ဘူးကွာ၊ မနက်ဖြန် … စာကို ဆိုင်မှာ သွား… မယ်'

ကျွန်တော့် စကား… ကြောင့် ဇနီးသည်၏မျက်… တစ်ချက် လင်းလက်သွ… ကလေးတွေကို ချက်… အကြောင်းကြားလိုက်သ… ကလေးတွေကလည်း … မဆုံး၊ မော်မဆုံး။ ဝင်ငွေ… ထွက်ငွေ မျှအောင်သုံး… တွင် အပိုထွက်ငွေ…

www.burmeseclassic.com

နေရသော်လည်း ကလေး ထမင်းမစားနိုင်သဖြင့် ပြောင်းအလဲတစ်ခု ဖြစ်လို ငြား စွန့်စားလိုက်ရခြင်း သည်။ သို့သော် ကျွန် အသုံးစရိတ်ကို ချွေတာ လျှင် မိသားစုစရိတ် ပြဿနာသိပ်မရှိလှ။

ဆိုင်မှာ ထမင်းသွားစား အရေး ပျော်ပျော်ရွှင်ရွှင် နေသော ကလေးတွေကို ပြီး ကျွန်တော်ရော ဇနီး ပါ ပြုံးမိသည်။ ထို့ ဇနီးသည်က အိမ်ရှင်မ ထို့နေ့သနေ့စာကို လုံးဝ တော့။ အဓိပ္ပာယ်က တော့်ကို ကတိမဖျက်နဲ့ သော သဘော။ ကျွန်တော် လျှင် ကလေးတွေ ကုန်မည်ဟု ပညာသား သတိပေးလိုက်ခြင်းဖြစ် ၊ ထို့နောက် သားနှင့် ကိုခေါ်ကာ ကျွန်တော် ထင်မယား မညားခင်က စားလေ့ရှိသော ဆိုင်သို့ မိသားစုအလိုက် လာကြသည်။

ဆိုင်နေရာက ကျွန်တော် ရပ်ကွက်နှင့် အနည်းငယ် ဝေးသဖြင့် ကားငှားမှ နိုင်သဖြင့် ကားငှား အပိုထပ်ထွက်ရပြန် ၊ သို့သော် တစ်ခါ မှ သာရသော သား တို့၏ အခွင့်အရေး ကျွန်တော့်အတွေးကို မြန် ဖျောက်ပစ်ရ ကလေးတွေကတော့ ထင့်မထားဘဲ အပြင် ရပြန်သဖြင့် ပျော်ရွှင် သည်။ သမီးငယ်က တွေ ဖောင်ဖွဲ့အောင် သည်။ သားကြီးက တော့ သီချင်းတအေးအေး ဖြင့် လိုက်ပါလာသည်။

ဆိုင်ကိုရောက်တော့ ထမင်းလေးပွဲ၊ ကုန်းဘောင် ကြီးကြော်၊ ကြက်ချိုချဉ်နှင့် တန်ယမ်းဟင်းချိုတို့ကို အရင် မှာလိုက်သည်။ ထို့နောက် အမျိုးသမီး၏ တောင်းဆိုမှု ကြောင့် မှိုကန်စွန်းတစ်ပွဲပါ ထပ်မှာလိုက်သည်။ ဟင်းပွဲ တွေ ရောက်မလာခင်ကတည်း က ပါးစပ်တပြင်ပြင်ဖြစ်နေ သော သားနှင့်သမီးက စိတ် မရှည်သလိုနှင့် ကျွန်တော့်ကို လှမ်းလှမ်းကြည့်နေကြသည်။ မကြာမီမှာပင် ဟင်းပွဲတွေ ရောက်လာသဖြင့် မိသား တစ်စုလုံး ခေါင်းမဖော်တမ်း အားရပါးရ လွေးကြတော့ သည်။

အပြောင်းအလဲဖြစ် သွားသောကြောင့်လားမသိ စားရသည်မှာ အတော် အရ သာရှိပြီး ထမင်းစား အတော် ဝင်ကြသည်။ ကျွန်တော် သည်ပင်လျှင် ဝမ်းဗိုက်တစ်ခု လုံး ပြည့်ကျပ်နေပြီး တနင့် တပိုးဖြစ်နေခဲ့သည်။ စား သောက်၍ ပြီးစီးသွားသော အခါ ကျသင့်ငွေကိုရှင်းပြီး ပြန်မည်ပြင်တော့ ဇနီးသည် က 'အိမ်မှာဆိုရင် နှစ်ရက်စာ ဈေးဖိုးလောက်ရှိတယ်နော်' ဟု နှမြောတသစွာဆိုသည်။ ကျွန်တော်က သူ့ကို ဆက် မပြောစေချင်၍ ခေါင်းခါပြ လိုက်ပြီး အပြန်အတွက် ကား ငှားရန် ပြင်ဆင်ရပြန်သည်။

အပြန်တွင်တော့ ကျွန်တော့်ကလေးတွေလည်း အလာတုန်းကလို မသွက်လက် တော့။ ငြိမ်၍ လိုက်ပါလာ ကြသည်။ တဖြည်းဖြည်းနှင့် အမေ့အိမ်နား နီးလာတော့ ဇနီးသည်နှင့် မိသားစုအား ဆက်သွားစေပြီး ကျွန်တော် က ဆင်းနေခဲ့လိုက်သည်။ သမီးငယ်ကပါ လိုက်မည်ဆို သဖြင့် အပြန်တွင် လမ်း အဝေးကြီး လျှောက်ရမည်စိုး သဖြင့် သူ့အမေနှင့် ဆက် လိုက်သွားစေရသည်။

လမ်းထိပ်ဆီမှ အမေ့ အိမ်ကို မျှော်ကြည့်တော့ အရင်လိုပဲ တိတ်ဆိတ်ငြိမ် သက်နေသည်။ အေးချမ်းနေ သည်။ ထိုအိမ်ကလေးသည် ကျွန်တော်၏ ချက်မြှုပ်ရာ ဒေသဖြစ်သောကြောင့် အချိန် တိုင်း လွမ်းနေ၊ သတိရနေရ သော အိမ်ကလေးလည်း ဖြစ်နေပါသေးသည်။

ကျွန်တော် ခြံဝရောက် တော့ 'ထင်သားပဲ'ဟူသော အမေ့အသံကို ဦးစွာ ကြား လိုက်ရသည်။ အိမ်ထဲရောက် တော့ ခေါင်းရင်းတွင် ကုလား ထိုင်တစ်လုံးနှင့် ထိုင်နေသော အမေက နောက်ဖေးသို့ လှမ်း မျှော်ကာ···

'သမီးရေ၊ ဒီမှာ နင့် အစ်ကိုကြီး ရောက်လာပြီ ဟေ့'

ဟု လှမ်းအော်လိုက် သည်။ သိပ်မကြာခင်မှာပင် ကျွန်တော့်ညီမ အလတ်မ က···

'မနက်ကတည်းက ကိုကြီးလာမှာပဲဆိုပြီး ဟင်း တွေကို အမေက ကိုယ်တိုင် ဝင်ချက်နေတာ'

ဆိုရင်း အိမ်နောက်ဖေး မှ ထွက်လာခဲ့သည်။ လက် ထဲတွင်လည်း ထမင်းပန်းကန် နှင့် ဟင်းပန်းကန်တို့ကို ယူ လာသည်။

ကျွန်တော့်ရင်ထဲတွင် လှပ်ခနဲဖြစ်သွားသည်။ အမေ့ ကို လှမ်းကြည့်လိုက်တော့ အမေက ပုတီးတစ်ကုံးနှင့် တရားမှတ်နေသည်။ ကျွန် တော်သည် ညီမလေးကို ကြည့်လိုက်၊ သူပြင်ပေးထား သော ထမင်းပွဲကိုကြည့် လိုက်၊ အမေ့ကို ကြည့်လိုက် နှင့် ရုတ်တရက် ဘာပြောရ မှန်းမသိ ဖြစ်နေသည်။ ထို့ နောက် အမေက ပုတီးတန်း လန်းနှင့်···

'သွား သား။ ထမင်း သွားစားလိုက်။ နင် လာ မယ်ထင်လို့ နင့်အကြိုက် ချဉ်ပေါင်ဟင်း ချက်ထား တယ်။ ရာသီဥတုက သိပ်ပူ တော့ နင်တို့အိမ်မှာ ထမင်း စားကောင်းမှာ မဟုတ်ဘူး၊ သွားစားချေ'

အမေ့ကို ကျွန်တော် ကြောင်ငေးကြည့်နေမိသည်။ ပြောရမည့် စကားတွေက လည်ချောင်းဝတွင် တစ်ဆို့ နေသည်။ 'ကျွန်တော် ထမင်း စားပြီးပြီ အမေ'ဟု မည်သို့ ဆိုရမည်မသိ။ သားသမီး အတွက် အစစအရာရာ သိနေသောအမေ။ အသက် အရွယ် ကြီးရင့်နေသော် လည်း ကျွန်တော်လာမည် အထင်နှင့် ကျွန်တော့်အကြိုက် ကို ချွေးတလုံးလုံးနှင့် ချက်ခဲ့ သည့်အမေ။ အလွယ်က လေး လက်ဆေးစားရမည့် ကျွန်တော်က မစားနိုင် လောက်အောင် ဗိုက်ပြည့်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com

အမေ့ စေတနာအတွက် ကျွန်တော် ဝမ်းနည်းနေမိသည်။ ရင်ထဲတွင် တင်းကျပ်လာသည်။ ရုတ်တရက် အပြောရခက်နေသော ကျွန်တော့်ကို အမေက တစ်ချက် အကဲခတ်၍…

'အင်း…မျိုမကျဘူး ထင်ပါရဲ့။ သမီးရေ၊ နင့်ကိုကြီးအတွက် ဟင်းကို ချိုင့်လေးတစ်ခုနဲ့ ထည့်ပေးလိုက်။ အိမ်မှာ ကလေးတွေပါ စားရတာပေါ့'

ညီမလေးကတော့ အမေ့အမိန့်အတိုင်း ကျွန်တော့်မိသားစုစားရန်အတွက် ချိုင့်တစ်လုံးထဲသို့ ပြောင်းထည့်နေသည်။ ပြီးနောက် ကျွန်တော့်ရှေ့ စားပွဲပေါ်တွင် လာတင်ပေးထားသည်။ အမေကတော့ ကျွန်တော့် အလုပ်အကိုင်၊ စားဝတ်နေရေး၊ ကလေးတွေ၏ ကျန်းမာရေး၊ ပညာရေး တစ်ခုမကျန် အောင် မေးနေသည်။ အမေနှင့် ကျွန်တော် မတွေ့ရသည်မှာ သုံးရက်မျှသာ ရှိသေးသည်။ သို့သော် အမေ မေးမြန်းနေပုံက နှစ်ရှည်လများ ဝေးကွာနေသော သားသမီးကို မေးပုံမျိုးဖြစ်နေသည်။ ကျွန်တော်လည်း အမေမေးသမျှကို သတိထား ဖြေနေရင်း အိမ်ပြန်ဖို့ကိုပဲ စဉ်းစားနေမိသည်။

ဤသည်ကို ရိပ်မိပုံရသော အမေက…

'ကဲ…ကဲ…ပြန်။ ချိုင့်ယူသွား'ဟု ဆိုနေပြန်သည်။

ကျွန်တော်လည်း အိပ်မက်နေသူတစ်ယောက်လို အမေပေးသော ချိုင့်ကလေးကို ဆွဲကာ အပြန်လမ်းကို စတင်မိသည်။ အပြန်လမ်းတွင် လက်ထဲတွင် ဆွဲထားသော ချိုင့်ကလေးမှာ ကျွန်တော်နှင့် မိသားစုအတွက် အဓိပ္ပာယ်လုံးလုံး မရှိမှန်း ကျွန်တော်သိပါသည်။ သို့သော် ကျွန်တော် ယူမလာမိလျှင် အမေ စိတ်ကောင်းမည်မဟုတ်။ ယူလာမိသည့် ကျွန်တော်လည်း လုံးလုံး စိတ်မချမ်းသာနိုင်။

❑

လက်ထဲက ချိုင့်ကလေးကို ကျွန်တော် ငုံ့ကြည့်မိသည်။ ကျွန်တော့် မျက်နှာတစ်ပြင်လုံး ရှက်စိတ်ကြောင့် နီမြန်းနေလိမ့်မည်ထင်သည်။ သို့သော် ထိုချိုင့်ကလေးထဲတွင် အမေ၏ မေတ္တာ၊ ကရုဏာတွေကတော့ ပြည့်ပြည့်သိပ်သိပ် ပါဝင်နေမည်ဟု ယုံမှားစရာမရှိပါ။

အာရုံတစ်ခုလုံးက ကျွန်တော်တို့ မိသားစုတစ်စုလုံး အားပါးတရ စားသောက်ခဲ့သော စားသော[…] ဆိုင်မှ ထမင်းဝိုင်းကို ပြ[…] ပြက်ထင်ထင် ပြန်လည် မြ[…] ယောင်နေခဲ့သည်။ ကျွန်[…] သည် အလွန်ညံ့ဖျင်းခဲ့[…] ဖြစ်သည်။ အတ္တကြီးခဲ့[…] ဖြစ်သည်။ ကိုယ်ချင်း[…] တရား ခေါင်းပါးခဲ့သူ[…] သည်။ ထိုသို့ မိသားတစ်[…] လုံး အားပါးတရ စားသော[…] ခဲ့ကြစဉ်က အမေ့ကို ရိုး[…] ရိပ်တိပ်မျှ သတိမရခဲ့[…] ဝန်ခံရပါလိမ့်မည်။ ထို[…] စားသောက်နေကြချိန်တွ[…] အမေက ကျွန်တော့် [...] မျှော်နေပေလိမ့်မည်။

သည်တစ်နှစ်နေ[…] တော်တော့်ကို ပူသည်။

ရင်ထဲတွင်တော့ ရှ[…] စိတ်ကြောင့် ပို၍ ပူနေခဲ့သ[…] ထင်သည်။

■

မောင်နှင်း[…]


သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ[…]



ကွန်ပျူတာဗေဒသုခုမ[…]

မှာ

အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ[…]

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကော[…] တိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှ[…] ဤစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၇ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏများယှဉ်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၂၈၆၆၅၊ ၀၉-၇၃၀၇၇၇၃၀၊ ၀၉-၅၁၇၄၂၂၆
Website: www.baydathukhuma.com





www.burmeseclassic.com

www.burmeseclassic.com

လမင်းစာအုပ်တိုက်

လမင်းစာအုပ်တိုက်၏ နဝမမြောက်လုံးချင်းဝတ္ထု




# လမင်းမောင်မောင်

တန်ဖိုး - ၃၀၀၀ ကျပ်

ကောင်းဆုသာစာပေ (ဖုန်း - ၀၉၄၅၂၀၀၈၃၄၈၂)မှ ဖြန့်ချိသည်။

လမင်းစာအုပ်တိုက် မှ မကြာမီ ဆက်လက် ထွက်ရှိမည့် စာအုပ်

# လမင်းမောင်မောင်

# The Tajmahal, The Everest and Me

# တပ်ချ်မဟာ၊ ဧဝရက်နဲ့ ကျွန်တော်

(ပင်ကိုရေး အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ)

မကြာမီ ထွက်

လမင်းစာအုပ်တိုက် ဖုန်း - ၀၉ ၇၇၇၆ ၈၀၅၈၈၊ ၀၉ ၃၃၀၁ ၆၆၉၀

www.burmeseclassic.com

ညသည် တိတ်ဆိတ်
ခြောက်ကပ်နေသည်။
တိုင်ကပ် နာရီမှ
နာရီလက်တံ
ချက်ချက်သံသည်
မွဲခြောက်သော
ဆိတ်ငြိမ်ညတစ်ည၌
ချောက်ချားဖွယ် ထွက်ပေါ်
လျက်ရှိသည်။
ဒီအိမ်ကြီးထဲတွင်
မေတစ်ယောက်တည်း
ရှိသည်။ မေ့အပြင် အခြား
ဘယ်သူရှိလိမ့်မည်ကိုမှ
မေ မစဉ်းစားချင်တော့ပါ။
အခုချိန်တွင် မေ
တစ်ယောက်တည်းဖြစ်ပြီး
နောက်ခဏကြာတွင်မှ
မေ့အပြင် တခြားသော
တစ်ယောက်ယောက်
ရှိကောင်း
ရှိနေပါလိမ့်မည်။
မည်သို့ပင် ဖြစ်စေကာမူ
ယခုအချိန်တွင်တော့
မေတစ်ယောက်တည်းသာ
ဖြစ်ပါသည်။
မေ့ ခန္ဓာကိုယ်ကို
စောင်ထူ သုံး၊လေး
ထပ်ဖြင့် ဖုံးအုပ်ထား
သည်။ နံရံသို့ ကိုယ်ကို
တွန်းကန်တိုးသည်။
မေက တွန်းလျှင်
နံရံက ပြန်ခုခံနေသည်။
သို့သော် မေကတော့
အားသွန်ခွန်စိုက် အဆုံးထိ
တိုးကပ်သည်။
နောက်တွင်
အပူစုပ်ထားသောကြောင့်
အုတ်နံရံသည် အေးမြခြင်း
အတိ ကင်းမဲ့နေသည်။ ည
သည် ပကတိအိုက်စပ်နေခဲ့
၏။ မေ သိပါသည်။
မေ့ခန္ဓာ တစ်ခုလုံး
ပူလောင်အိုက်စပ်
နေသည်ကို မေ
ကောင်းကောင်းကြီး
ခံစားရပါသည်။ သို့သော်
ထိုအပူတို့သည် မေ့
ရင်ထဲလောင်မြိုက်နေသော
အပူလောက်တော့ မဆိုးရွားး
သေးပါ။ ယခုအချိန်တွင်
မေသည် လုံခြုံမှုတစ်ခုကို
လိုလားသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ထိုလုံခြုံမှုအတွက် မေ့ခန္ဓာကိုယ်၌ ချွေးတို့ ရွှဲရွှဲစိုပါစေ မေကတော့ အတတ်နိုင်ဆုံး ကြိတ်မှိတ်သည်းခံကာ နေ,နေမိသည်။ မေ့ ဆံပင်တို့သည် စွတ်စိုလျက်ရှိသည်။ မေ့မျက်နှာပေါ်တွင် ချွေးသီးတို့ ပေါက်ပေါက်ကျလျက်ရှိသည်။ ထို့ကြောင့် မေသည် နံရံဘက်သို့သာ တိုးနိုင်သမျှ တိုးကပ်နေမိပါသည်။

လေးခန်းပတ်လည် အခန်းလုံအတွင်း၌ တစ်ယောက်တည်း လှောင်ပိတ်ခံထားရလိမ့်မည်ဟု မေ ဘယ်တုန်းကမှ မတွေးခဲ့မိဖူးပါ။ သို့သော် မေ ထင်မထားခဲ့သော အရာသည် ယခု၌ မေ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ပြီဖြစ်သည်။ မေ ဘာလုပ်ရမည်နည်း။ အခန်းကို သော့ခတ်ထားသည်။ မေ့တွင် ရုန်းထွက်နိုင်ခွင့်မရှိ၊ ခုခံနိုင်ခွင့်မရှိ။ မေ့မျက်ဝန်းအိမ်မှ ပူနွေးနွေးမျက်ရည်တစ်စက်သည် ပါးပြင်ပေါ်သို့ စီးကျလာသည်။ သို့သော် ချွေးစိုစိုတို့နှင့် ရောနှောသွားသောအခါ ထိုမျက်ရည်စက်သည် မျက်ရည်အဖြစ် အရာမထင်တော့ဘဲ ချွေးစေးအဖြစ်ဖြင့် မေ့ပါးပြင်ထက်ဝယ် ပျောက်ကွယ်သွားခဲ့သည်။ သို့သော် ထိုမျက်ရည်စက်သည် မျက်ရည်တစ်စက်ဖြစ်ကြောင်းကို မေ၏ ငိုကြွေးနေသော နှလုံးသားက သိနေပါသည်။ အများလူတို့၏ အမြင်တွင်မူ မေ့ကို ချွေးထွက်နေသူဟုသာ မြင်တွေ့ရမည်ဟု မေ သိရှိပြီးလည်း ဖြစ်ပါသည်။

တိုင်ကပ်နာရီသည် ည ၁၁ နာရီထိုးသည်ကို သက်သေပြရန် ၁၁ ချက်သော စည်းချက်သံနှင့်အတူ သံစဉ်တေးသွားတစ်ခုကို ထွက်ပေါ်စေလျက်ရှိသည်။ စင်စစ် ထိုသံစဉ်သည် ငြိမ့်ညောင်းသာယာနာပျော်ဖွယ်အတိနှင့် ဖြစ်သည်။ သို့သော် မေ၏ လက်ရှိအခြေအနေအတွက်မူ ထိုသံစဉ်သည် ကံဆိုးခြင်းနှင့် နီးကပ်လာပြီဟု တမြည့်မြည့် ခြိမ်းခြောက်လျက်ရှိသော မရဏ သံစဉ်တစ်ခုအလား ကြောက်မက်ဖွယ် အတိနှင့်သာ ပြည့်နှက်နေသည်။ မေ့နှုတ်မှ 'ဟင့်'တစ်ချက် ရှိုက်မိသည်။ သို့သော် ထိုရှိုက်သံသည် တိုင်ကပ်နာရီ၏ မရဏ သံစဉ်ကို ကျော်လွှားနိုင်စွမ်း မရှိခဲ့ပါ။

၁၁ နာရီတိတိ ထိုးပြီးဖြစ်သောကြောင့် မေ့ထံတွင် အချိန်တစ်နာရီခန့်ရှိသေးကြောင်း မေ သတိရလိုက်သည်။ စောင်ထူကိုခြုံ၊ နံရံဘက်သို့ကပ်သည်နှင့် မေ့ကို လုံခြုံမှုဟူသော အကာအကွယ်က အမှန်တကယ် ကာကွယ်ပေးနိုင်မည် မဟုတ်ကြောင်း မေ သိပါသည်။ သို့သော် မတတ်သာသည့်အဆုံးဖြစ်နေ၍သာ သိသိလျက်နှင့် မေလုပ်မိလုပ်ရာ လုပ်နေမိခြင်း ဖြစ်သည်။ မေ့အတွေးထဲသို့ အကြံထူးတစ်ခုသည် ဖျတ်ခနဲဝင်ရောက်လာ၏။ ကိုယ်ကို ကျုပ်ထုပ်စွာ ခြုံပတ်ထားသည်ကြားမှပင် ငေါက်ခနဲ မေ ထ,ထိုင်မိသည်။

'ဟုတ်တယ်၊ ငါ့မှာ အချိန်ရှိသေးတာပဲ'

တိုးညင်းသောအသံဖြစ်လင့်ကစား ညသည် ပကတိ တိတ်ဆိတ်နေခြင်းဖြစ်ရာ မေ့ နှုတ်မှအသံသည် လေးထောင့်ခန်း အတွင်း၌ လျှံထွက်သွား၏။ မေ စိတ်ကို ပျော့ညံ့သည့်ဘက်မှ မာထန်သည့်ဘက်သို့ ခေတ္တ ပြောင်းရွှေ့လိုက်မိသည်။ ထိုသို့ ပြုလုပ်ကြည့်လိုက်သောအခါ မေသည် သတ္တိရှိသော လူသားတစ်ယောက် ဖြစ်လာသည်ဟု ကိုယ့်ကိုယ်ကို ခံစားလိုက်ရသည်။ မျက်ရည်ရွဲနေသော မေ့မျက်ဝန်းနှစ်ခုကို မေ့လက်ချောင်းနုနုလေးတို့ဖြင့် ခပ်ကြမ်းကြမ်း သုတ်လိုက်သည်။ စောင်များ ခွာလိုက်သောကြောင့် ချွေးတို့သည် အေးမြလာသည်။ မေသည် ယခုအခါ လန်းဆန်းသော ခံစားမှုတစ်ခုကို ရရှိထားပြီးဖြစ်ပါသည်။ ခုတင်ပေါ်မှဆင်းလိုက်ပြီး အခန်းထဲရှိ နေရာအချို့ကို စစ်ဆေးလိုက်သည်။ အရာအားလုံးသည် သူ့နေရာနှင့်သူ စီစီရီရီရှိနေ၏။ မှန်စီရွှေချထားသော မှန်တင်ခုံသည် အခန်းထောင့်တွင် သေသေသပ်သပ်ဖြစ်နေလျက် ငွေရောင်မီးဆိုင်းသည် မျက်နှာကြက်အလယ်တည့်တည့်တွင် ခံ့ညားစွာတည်ရှိနေသည်။ အခန်းထဲရှိ ပစ္စည်းများအားလုံးသည် သစ်လွင်သည်၊ ခမ်းနားသည်၊ တစ်ချက် ကြည့်လိုက်သည်နှင့် အဆင့်အတန်းမြင့် အရည်အသွေးကောင်းသော ပစ္စည်းများ၊ ပရိဘောဂများဖြစ်ကြောင်း သိသာစေသည်။ မှန်တင်ခုံဘက်သို့ မေ သွားသည်။ အံဆွဲတို့ကို တစ်ထ
ချင်းစီ ဖွင့်ကြည့်သည်
ပစ္စည်းတစ်ခုကို မေရှာသည
မတွေ့မိ။ မှန်တင်ခုံပေါ်တွ
မေ မလိုအပ်သော ပစ္စည
များသာ အစုလိုက် အ
လိုက်ဖြစ်နေသည်။ မိန်း
လေး တစ်ယောက်အတွ
ထိုပစ္စည်းတို့သည် သည်း
ကြိုက်ဖွယ်ချည်းသာဖြ
သည်။ သို့သော် ယင်းတို့
ယခုအချိန်၌ မေ မမက်
ပါ။ အောက်ဆုံးထပ်ရှိ အံ
ထိ မေ ရှာဖွေစစ်ဆေးမိသည
မေ အလိုရှိသည်ကို မ
မိပါ။ စိတ်ပျက်ပျက်ဖြ
မှန်တင်ခုံရှေ့၌ ခေတ္တ ထို
သည်။ ထိုအခါ မှန်ထဲ
မေသည်လည်း စိတ်ပျ
လက်ပျက်ပုံစံဖြင့် ထိုင်
ကြောင်း မေ သတိထား
လိုက်သည်။ မှန်ထဲသို့
သေသေချာချာ စူးစိုက်ကြ
သည်။ မေ့မျက်နှာသ
မာထန်နေပါသော်လည်း
စိတ်ပျက်သည့် ဟန်
တစ်ဝက်ခန့် သန်းနေ၏။
ခပ်တည်တည်နေလိုက်သ
မေ့မျက်နှာကို မေ စူးစိုက်
ထပ်မံကြည့်ရှုသည်။ ဖြ
စင်းသော နှာတံ၊ မည်း
သော ဆံပင်ထု၊ ကြေ
သောမျက်ခုံး၊ မေ့မျက်
သည် အလှတရား တ
ချင်းစီဖြင့် ဖွဲ့စည်းထား
ချစ်စဖွယ်သဏ္ဌာန်တစ်ခု
နေသေးသည်။ မေ တစ်
ပြုံးမိသည်။ ထို့နော
လစ်ဟာနေသော ကွက်
တစ်ခုကို မေ ထပ်မံ
သွားသည်။ မေ့ဆံပင်
တွင်ဖြစ်သည်။ မှန်
ရှိ များပြားလှသော မေ



www.burmeseclassic.com

www.burmeseclassic.com

ရှိသည့် ပစ္စည်းများထံ မျက်စိ ကစားလိုက်သည်။ ယခုအခါ မေ အလိုမရှိသော ပစ္စည်းများ ထဲမှ တစ်ခုသည် မေ အလိုရှိ လွန်းသော ပစ္စည်းတစ်ခု အဖြစ် မေ၏ ထုံးထားသော ဆံပင်ထက်ဝယ် လှလှပပ နေရာယူထားခဲ့ပြီ ဖြစ်ပါ သည်။

အေးစက်စက်ဖြစ်နေ သော မေ့မျက်နှာပေါ်မှ ချွေး ...တို့ကို တစ်ရှူးဖြင့် အသာ အယာ သုတ်လိုက်သည်။ ထို့ နောက် မေ အလိုမရှိသော ပစ္စည်းများအားလုံးကို အချိုး ...ကျအသုံးချ၍ မေ့မျက်နှာ ပေါ်တွင် ဝမ်းနည်းမှုအရိပ် အယောင် စိုးစဉ်းမျှမကျန်ရစ် အောင် ဖန်တီးလိုက်သည်။ ...အခါ ပန်းနုရောင်ပါးပြင်၊ ...နှုတ်ခမ်းသား၊ စူးရှကော့ ...ကော်သည့် မျက်တောင်တို့ ...လှပသော မင်းသမီးတစ် ...ကို မေကိုယ်တိုင် မြင်တွေ့ ...ဖြစ်သည်။ ထိုအလှတို့ကို ...ငှဆသည်မှာ မေ့ဆံနွယ် ...ရှိ အလှတရားတစ်ခုပင် ...သည်။

အချိန်သည် နာရီဝက်ခန့် ...ဆုံးသွားခဲ့ပြီဖြစ်သည်။ ...တွင် နာရီဝက်ခန့်သာ ...ရှိသည်။ ခုတင်ပေါ်သို့ ...ပြန်သွားလိုက်သည်။ ...ထုထုတို့ကို ခေါက်သိမ်း ...ရာ ဇာပဝါခပ်ပါးပါးကို ...ဆိုးလိုက်သည်။ ကိုယ့် ...ကို ယုံကြည်မှုရှိသော ...သားတစ်ယောက်အဖြစ် ...ကိုက်သောအခါ မေ့ ...တွင်းမှ သတ္တိတို့သည် ...များ မြင့်တက်လာ ...ခန်းနုရောင်ခေါင်းအုံး ...တွင် အသာမှေး၍ မေ့

မျက်လုံးတို့ကို မှိတ်ကာ စိတ်ကို တည်ငြိမ်အောင်ထား လိုက်သည်။ သို့သော် ချုပ်ထိန်းမရသော အတွေးတို့သည် မေ့အတွေးထဲသို့ ထိုးနက်ဝင်ရောက်လာသည်။

'ငါလုပ်တာ မှန်ပါ့မလား'

တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကို မယုံသင်္ကာမကင်း ဖြစ်မိရပြန်သည်။ မြန်မာမိန်းကလေးတစ်ယောက် အနေဖြင့် စဉ်းစားချင့်ချိန်ရသော် မေ့လုပ်ရပ်တို့သည် မှန်ကန်သည့်ဘက်သို့ ကူးပြောင်း၍ တာဝန်သိတတ်သော သမီးတစ်ယောက်အဖြစ် တွေးကြည့်မိလေသောအခါ မေသည် မိုက်မဲသောသူတစ်ယောက် ဖြစ်နေရသည်။ မေ၏ ဆုံးဖြတ်ဝေခွဲနိုင်စွမ်းသည် မေ့ဘဝတစ်ခုလုံးကို ပြောင်းလဲလိမ့်မည် ဆိုသည်ကို မေ သိပါသည်။ နှစ်မျိုးသာရှိသည်။ အကောင်း သို့မဟုတ် အဆိုးဘက်။ ယခုအချိန်တွင် မေသည် ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို မလွဲမသွေ ချမှတ်ရတော့မည်သာ ဖြစ်သည်။

❑

ဖခင်မရှိသော၊ ဆင်းရဲသော ရပ်ကွက်တစ်ခုမှ မုဆိုးမတစ်ယောက်၏ သမီး သို့မဟုတ် ချမ်းသာသော သူဌေးမိသားစုမှ တစ်ဦးတည်းသော သမီး။ ဘဝနှစ်ခုသည် မိုးနှင့်မြေပမာ ကွာခြားသည်။ ဗွက်များဖြင့် ပြည့်နက်နေသော ချိုင့်ခွက်ဗရပွ လမ်းလေးထဲတွင် နေရသော ဘဝကို မေ မုန်းတီးမိသည်ကို တော့ မေ ဝန်ခံပါသည်။ ချိုင့်ခွက်ထူသော မြေနီလမ်းမညီမညာတွင် ပါးလျသော သည်းကြိုးဖိနပ်ကို ဝတ်ဆင်၍ ရွှံ့များ ပေကျံနေအောင် လမ်းလျှောက်ရသော ဘဝကို တော့ မေ မနှစ်သက်လှပါ။ လစဉ် အလိုရှိသော ကျောင်းလခကို မုဆိုးမအမေ့ထံ လက်ဖြန့်တောင်းရသည်ကိုလည်း မေ ရှက်မိသည်။ ထိုဘဝမှ ကျွတ်လွတ်ချင်လွန်းသဖြင့် မေ နေ့စဉ် ဆုတောင်းခဲ့မိသည်။ မေ ဆုတောင်းပြည့်ပါက မေသည် ကမ္ဘာပေါ်တွင် အပျော်ဆုံး လူသားတစ်ယောက် ဖြစ်လာလိမ့်မည်ဟုလည်း မေ တွေးထင်ခဲ့ဖူးသည်။ သို့သော် ယခုအခါ ခဲရောင်ပြောင်ပြောင် ဇိမ်ခံကားပေါ်မှ ဒေါက်မြင့်ဖိနပ် ကြော့ကြော့ကို စီး၍ မြေကြီးနှင့်ပင် ထိစရာမလိုသော ဘဝကို မေ ပိုင်ဆိုင်နေရပြီဖြစ်သည်။ မေ ပျော်ရွှင်ခဲ့ဖူးပါသည်။ သို့သော် ထိုပျော်ရွှင်မှုသည် ကြာရှည်မခံခဲ့သည်က ခက်လှ၏။

တစ်ခါမှ မမြင်ဖူးသော လူရည်သန့်တစ်ဦးသည် မေ့ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲပေးခဲ့သော ကယ်တင်ရှင် ဖြစ်လိမ့်မည်ဟု သူ့ကို စ၊ တွေ့ကတည်းက မေ အနည်းငယ်တော့ ရိပ်စားမိသည်။ အမေ့မျက်နှာသည် ထိုနေ့က လွှမ်းယောင်သန်းကာ မေ့ကို ပြုံးပြနေခဲ့ပါသည်။ အမေ ပျော်လျှင် မေလည်း ပျော်ပါသည်။ ဆယ်စုနှစ်နီးပါး တစ်ခုထိ တစ်ယောက်တည်း ရုန်းကန်နေသော အမေ့ကို မကြည့်ရက်နိုင်ဆုံးမှာလည်း မေပင်ဖြစ်ပါသည်။ ထို့ကြောင့် အမေ့ဆုံးဖြတ်ချက်သည် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ မေ ကျေကျေနပ်နပ် သဘောတူခဲ့သည်။ အသက်အရွယ် အနည်းငယ်ရလာလင့်ကစား ရုပ်ရည်ပျိုနုစွာ တင့်တယ်နေသော ပညာမတတ်သည့် အမေ့အနေဖြင့် သမီးတစ်ယောက်အပေါ် ပြုလုပ်ပေးနိုင်သည်က သည်နည်းလမ်းတစ်မျိုးတည်းသာ ရှိလိမ့်မည်ကို မိန်းမသားချင်း ကိုယ်ချင်းစာမိသောကြောင့် မေ့စိတ်ထဲ ထွေထွေထူးထူး မခံစားလိုက်ရပါ။ သူစိမ်းတစ်ယောက်ကို 'အဖေ'ဟု ခေါ်နေသည်က ဆယ်စုနှစ်နီးပါး အဖေငတ်နေသူ မေ့အတွက် ဝန်လေးစရာ အလုပ်တစ်ခု မဟုတ်ခဲ့ပါ။

အဆင့်မြင့်သော လုံးချင်းတိုက်၊ ခြံဝန်း၊ ဇိမ်ခံကား စသဖြင့် အိပ်မက်ထဲတွင် တစ်ခါမှပင် စွဲမမက်ဖူးသော အရာများသည် မေနှင့်အမေ့ထံ နေ့ချင်းညချင်း ရောက်ရှိလာခဲ့သည်။ မေသည် သူ့ကို စိတ်ထဲမှ အကြိမ်ကြိမ် ကန်တော့ခဲ့ရသည်။ လေးစားခဲ့ရသည်။ လူကြီးလူကောင်းတစ်ယောက်အဖြစ် စီးပွားရေးလောကတွင် အောင်မြင်နေသလို အိမ်ထောင်ရေးတွင်လည်း စံပြပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်ဟု မေ့စိတ်ထဲမှ ချီးကျူးခဲ့ရသည်။ သို့သော် မေ့ထံမှ ထိုအတွေးတို့သည် လွန်ကဲစွာ မှားယွင်းကြောင်း နှစ်ပတ်ကြာသော



www.burmeseclassic.com

www.burmeseclassic.com

အချိန်တွင် မေ သိရှိခဲ့ရသည်။

တက္ကသိုလ် မဟာတန်းစ,တက်တော့မည့် မေသည် သွားရေးလာရေး နီးစပ်လွယ်ကူရန်ဟူသော ရည်ရွယ်ချက်ဖြင့် တက္ကသိုလ်နားရှိ လုံးချင်းအိမ်ကြီးတစ်အိမ်ကို လက်ဆောင်အဖြစ် မေ ရရှိခဲ့သည်။ လက်ရှိ အမေနှင့်နေသော အိမ်သည် တက္ကသိုလ်နှင့် တောင်မြောက်နီးပါး တခြားစီ ဖြစ်နေခြင်းကလည်း ထိုလက်ဆောင်ကို ရရှိရန် အကြောင်းပြချက်ကောင်းတစ်ခု ဖြစ်ခဲ့သည်။ မေသည် ထိုလက်ဆောင်ကို ရရှိစဉ်က ကိုယ့်ကိုယ်ကိုပင် မယုံနိုင်လောက်အောင် ကြက်သီးထ,မိသည်။ သို့သော် ထိုလက်ဆောင်သည် မေတကယ်ရရှိသည့် လက်ဆောင်တစ်ခုဖြစ်ကြောင်း ထိုအိမ်ကြီးဆီသို့ မေတစ်ယောက်တည်း ပြောင်းရွှေ့ရသည့်နေ့က စတင် သိရှိခဲ့ပါသည်။ အဖေဟု မခေါ်ရသော ကယ်တင်ရှင်၏ မျက်နှာသည် ထိုနေ့ကခါတိုင်းလို ပြုံးရွှင်မှု မရှိခဲ့ပါ။ သူ့ကားနှင့် မေ့ကို အိမ်ကြီးဆီ ခေါ်ဆောင်လာသည်။ သူ့မျက်နှာသည် ထိုနေ့က အနည်းငယ် မာကျောခက်ထန်နေခဲ့သည်။ အိမ်ထဲသို့ရောက်သော် သူသည် မေကို ခပ်တည်တည် ကြည့်သည်။ အိပ်ခန်းကို လိုက်လံပြသသည်။ ထို့နောက် နှစ်ယောက်တည်းသာရှိသော အိမ်ထဲတွင် မေ မမျှော်လင့်ခဲ့ဖူးသော စကားလုံးအချို့ကို သူ ပြောခဲ့သည်။ သူ့ စကားလုံးတို့သည် မားသွားပမာထက်ရှ၍ မေ့နှလုံးသည်းပွတ်ကို တစ်စစီ ဖြတ်တောက်ခဲ့သည်။ မေသည် အံ့ဩလွန်းသောကြောင့် စကားတစ်ခွန်းဖြင့်ပင် ခွန်းတုံ့မပြန်နိုင်ခဲ့ပါ။ မေ့ စိတ်ထဲတွင် ကိန်းအောင်းခဲ့သော သူ့အပေါ် လေးစားမှု၊ အထင်ကြီးမှုတို့သည် ထိုနေ့က တစ်စစီ လွင့်စဉ်ပျောက်ကွယ်ခဲ့ပါသည်။

❑

နာရီဝက်ဟူသော အချိန်သည် လှုးလာလှုပ်ရှားနေသော မေ့အတွေးစတို့ကြားဝယ် တစ်စတစ်စ ကုန်လွန်ခဲ့သည်။ တိုင်ကပ်နာရီမှ ၁၂ နာရီ ထိုးပြီဟူသော အချက်ပြ သံစဉ်ကို မေ့နားနှင့် ရှုံ့မှန်းစွာ ဆတ်ဆတ်ကြားလိုက်ရသည်။ မေ အံကို တစ်ချက်ကြိတ်လိုက်သည်။ စိတ်ကို ခပ်တင်းတင်းထားပြီး မျက်နှာကို ပြုံးပြထားသည်။ တိုင်ကပ်နာရီမှ အသံရပ်စဲသွားသောအခါ အောက်ထပ်မှ တံခါးဖွင့်သံတစ်ခုကို ရှုံ့ရှာမှန်းတီးစွာ ကြားလိုက်ရသည်။ ထို့နောက် ခပ်ဖွဖွ ခြေသံတစ်ခု၊ ခြေသံ၌ ယုတ်မာမှု၊ စဉ်းလဲမှု၊ ကောက်ကျစ်မှုတို့ ရောပြွမ်းလျက်ရှိသည်။ မြန်မာမိန်းကလေး(သို့မဟုတ်) မိခင်ကို ငဲ့ညှာသော သမီးတစ်ယောက်။ ယခုအချိန်တွင် မေသည် နောက်ဆုံး ဆုံးဖြတ်ချက်ကို ချသင့်ပြီဟု ခိုင်မာစွာ တွေးတောသည်။ ခြေသံသည် အောက်မှတစ်ဆင့် အပေါ်ထပ်သို့ တဖြည်းဖြည်း ရွေ့လျားလာသည်။ မေ၏ ကြောက်ရွံ့မှုတို့ ပိုလာ၍ ရင်ထိတ်သံများ ကျယ်လောင်လာသည်။

မေ့အခန်းတံခါးဝတွင် ခြေသံသည် တုံ့ခနဲ ရပ်ဆိုင်း၏။ ထို့နောက် အခန်းတံခါးသည် ချောက်ချားစွာ ပွင့်ဟလာသည်။ မှိတ်ထားသော မေ့မျက်လုံးတို့ကို ဖြည်းညင်းစွာ ဖွင့်ဟလိုက်သည်။ ကုတ်အင်္ကျီအနက်ရောင် ဝတ်ထားသော သူ့ထံမှ အရက်နံ့လိုလို၊ ဘီယာနံ့လိုလို အနံ့တစ်ခုကို ထောင်းခနဲ ရလိုက်သည်။ အော်ကလီဆန်သောစိတ်သည် မေ့ကိုယ်ထဲမှ တဖွားဖွား ထွက်ပေါ်လာသည်။ အဆီတဝင်းဝင်း သူ့မျက်နှာကို မေ စေ့စေ့ကြည့်ပြီး ခပ်ချေချေ ပြုံးပြလိုက်သည်။ ကုတ်အင်္ကျီကို ချွတ်ပြီး မေ့နားတွင် သူ လာထိုင်သည်။

'စနေ တစ်ရက်တည်းပါကွာ'

ကွဲအက်သော လေသံဖြင့် အရက်မဲ့သော စကားကို သူ ထွက်နိုင်ရဲသည်ဟု မေ ရှုတ်ချမိသည်။ သူသည် စနေနေ့တိုင်းတွင် အလုပ်ကိစ္စဖြင့် ခရီးထွက်မည်ဖြစ်သောကြောင့် အဖော်လာအိပ်ရန် ညနေက မေ့ထံ အမေ ဖုန်းဆက်သေးသည်။ မေ အမေ့ကို သနားသည်။ မေ့ကိုယ်မေလည်း သနားသည်။ မေ့ကိုယ်မေ ပို၍ သနားပါက မေ စီစဉ်ထားသော အကြံအတိုင်း မကြာခင်အချိန်တွင် အကောင် အထည်ဖော်ရမည်ဖြစ်သည်။ ဤစနေနေ့ညကို မကျော်ဖြတ်နိုင်ပါက မေ၏ အမေသည် တစ်ခုသော အကြောင်းဖြင့် ယခုလက်ရှိ ဘဝကို စွန့်လွှတ်ရမည်ဖြစ်သည်။ ထို့ကြောင့် တစ်သက်လုံး ရုန်းကန်ခဲ့ရသမျှ ယ အဆင်ပြေချော မွေ့စပြု သော အမေ့ကို ပို၍ သ ပါက မေသည် စနေနေ့ သန်းခေါင်ယံတိုင်းကို ဖြ ကျော်ရမည်ဖြစ်သည်။

ယမကာနံ့ တလှုလှု သူ့ခန္ဓာကိုယ်သည် မေ့နား ဖြည်းဖြည်းတိုးကပ်လာသ မေသည် လက်နှစ်ဖက် ဦးခေါင်းဘက်သို့ ပစ် ခန္ဓာကိုယ်ကို ခပ်ကော့ အနေ အထားဖြင့်နေပြီး သော မျက်ဝန်းတစ်စုံဖြ သူ့ကို ပြုစားလိုက်သ သူသည် မေ့ကို မျက်လုံး ဖြင့် ကြည့်သည်။ ထို့နော မေ့ခန္ဓာကိုယ်လေးကို သ ကျုံးကာ ဖက်ထားသ မေ့ လက်တစ်ဖက်သည် ဆံထုံးထက်တွင် လု နေရာယူထားသော ပုလဲ လေးများ သီဆွဲထားသ ချွန်ထက်ထက် ဆံထိုး တွင် နီးကပ်စွာ တည်ရှိ သည်။ မေ့မျက်လုံးကို ခ ပြန်မှိတ်ထားလိုက်သ ထိုအခါ မေ့အတွေးထဲ ပေါ်လာသော ပုံရိပ်များ အဆီတဝင်းဝင်း သူ့မျက် ချိုင့်ခွက်များဖြင့် ပြည့်နှ သော ဗွက်ထနေသည့် လမ်း၊ ခဲရောင်ပြောင်ပြေ ဖိမ်ခံကား၊ လွမ်းရောင်သ သော အမေ့အပြုံးနှင့် ပြ ပေါ်ရှိ စနေဟူသော နေ့ ဖြစ်သည်။ မေ့စိတ်များ ဆွဲလျက်ရှိသည်။ မေ့ လ တစ်ဖက်သည် ယခုအချိ ဆံထိုးကို မိမိရရ မကိုင်တ မိသေးပါ။

■

**အေထူးအောင်အဖွ**



www.burmeseclassic.com

www.burmeseclassic.com

# ဝါသရုပ်ဆောင်သင်တန်းရဲ့
# က်သစ်လေး
# ရွှေမှုန်ရတီ
**Days Interview မှ**



**ရွှေမှုန်ရဲ့အနုပညာမျိုးခင်းအကြောင်း ပြောပါဦး။**
အနုပညာမျိုးခင်းက ပြိုင်ရတာ မဟုတ်ပါဘူး။ ဆရာဂျွန်လွင့်သင်တန်းမှာ သင်တန်းတက်နေတုန်း လာပြီးရွေးချယ်သွားတာပါ။ ဒါရိုက်တာဝိုင်းက လာရွေးသွားတာပါ။ မော်ဒယ်လ်တွေအကုန်လုံးကို သင်တန်းမှာ လာကြည့်ပြီး ရွေးသွားတာပါ။

**ဘယ်လို talent တွေ ပြရသေးလဲ။**
ဘာမှ မလုပ်ပြရပါဘူး။ ဆရာဝိုင်းက စံကားဝါသရုပ်ဆောင်သင်တန်းမှာ ရွှေမှုန်တက်တုန်းက ကိုယ့်ဆရာလည်းဖြစ်နေတယ်။ သရုပ်ဆောင်သင်တန်းလည်း တက်ထားတယ်ဆိုတော့ ရွေးလိုက်တာပါ။

**သင်တန်းကရော ဘယ်လိုတက်ဖြစ်တာလဲ။**
ပထမက ဆယ်တန်းလောက်မှ တက်မယ်လို့ ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ ခုနစ်တန်းလောက်က စတက်ဖြစ်ခဲ့တာ။ သင်တန်းတက်တာက သုံးလ၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်းထဲမှာက ငါးလ။ ရှိုးလျှောက်တာလည်း ရှိသေးတယ်။

**တက်ကားရိုက်မယ်ဆိုတော့ သရုပ်ဆောင်သင်တန်းတက်ခဲ့တာနဲ့ ကွက်တိပဲပေါ့ဟုတ်လား။**
ဟုတ်ကဲ့ ရိုက်ကွင်းက ရွှေမှုန့်အတွက် စိမ်းမနေဘူး။ အနုပညာအခြေခံရှိထားတော့ လုပ်ရတာအဆင်ပြေတယ်။ သင်စရာလည်း မလိုဘူး။ သင်တန်းမှာကတည်းက ခေါင်းစခြေအဆုံး ဆရာတွေက သင်ပေးတာဆိုတော့ သင်စရာမလိုတော့ဘူး။ အနုပညာမျိုးခင်းထဲဝင်ပြီး ရိုက်ကွင်းတွေ လိုက်ကြည့်ဖြစ်တယ်။ အဲဒီအတွက် ရိုက်ကွင်းတွေကို ရွှေမှုန်ကြုံဖူးတော့ မစိမ်းတော့ဘူး။ ကြောက်လန့်နေတာလည်း မရှိဘူး။


ဦးအထူးပညာဒါန
ဆောင်(အခြေခံ)
သင်တန်းသို့
ရောက်လိုသူများ
သွယ်တက်ရောက်
နိုင်ပါပြီ။

**ရွှေပုပ္ပါးဦးအုံးရိုင်(တာဝန်ခံ)**
**စံကားဝါသရုပ်ဆောင်သုတေသနသင်တန်း**
အမှတ် ၂၊ မိုးကောင်းလမ်း၊ စံကားဝါအိမ်ရာ၊ စံကားဝါခန်းမ၊ ရန်ကင်း
ဖုန်း – ၅၄၃၁၀၀၂ (ရွေးချယ်လက်ခံပါမည်)
လိုက်လံသော စေတနာဖြင့် နွေးထွေးစွာ ကြိုဆိုလျက်။
(မည်သည့်ငွေကြေး တစ်စုံတစ်ရာမျှ ကောက်ခံမည် မဟုတ်ပါ)
Browser ထဲက facebook.com မှာ
http://www.facebook.com/zagawaractorclass ကို ဝင်ပြီး Like လုပ်နိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


မင်းတုန်းမင်းတရားကြီးနှင့်
ခုနစ်ရွာမိဖုရားကြီးတို့၏ သားတော်၊
သမီးတော်များတွင် အငယ်ဆုံး
သမီးတော်မှာ
မင်းတပ်ထိပ်ခေါင်တင်မင်းသမီး
သုသီရိစန္ဒာဒေဝီဖြစ်သည်။ မင်းတုန်း
မင်းတရားကြီး နတ်ပြည်
စံတော်မူစဉ်က အသက် ၁၂ နှစ်
အရွယ်သာရှိသေးသည် ဆို၏။
နောင်တော် သုံးဆယ်မင်းသားကြီး၏
သားတော်အငယ်ဆုံး သုံးဆယ်
ထိပ်တင်ကလေးနှင့် မြန်၍
လက်ဆက်တော်မူသည်။ သမီးတော်
မင်းတပ်ခေါင် ဘုရားနှင့် သားတော်
မင်းတပ်ကိုယ်တော် ဆိုသူတို့
ထွန်းကားသည်။
သုံးဆယ်ထိပ်တင်ကလေးသည်
အင်္ဂလိပ်အစိုးရလက်ထက်တွင်
မြို့ပိုင်အဖြစ် အမှုထမ်းသည်။
အင်္ဂလိပ်အစိုးရက
သုံးဆယ်ထိပ်တင်ကလေးကို
ရန်ကုန်မြို့ ရှမ်းလမ်း(ယခု
ဗဟိုလမ်း)နှင့် ဟုမ်းလမ်းထောင့်တွင်
မြေကွက်ပေးသည်။ မြေနံပါတ် ၁၅
ဖြစ်၏။ ၎င်းမြေပေါ်တွင် နှစ်ထပ်
သစ်သားအိမ်ကြီး ဆောက်၍
မင်းတပ်ထိပ်ခေါင်တင်နှင့်
မြောက်သားတော် သုံးဆယ်ထိပ်တင်
ကလေးတို့ တစ်သက်တာ
စံမြန်းသွားကြသည်။
သုံးဆယ်ထိပ်တင်ကလေးက
၅-၂-၁၉၅၀ နေ့၊ သက်တော် ၇၅
နှစ် တွင် ကံတော်ကုန်သည်။
မင်းတပ်ထိပ်ခေါင်တင်
မင်းသမီးကြီးကမူ ၁၉၆၆ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

# မောင်သန်းဆွေ(ထားဝယ်)
# ဖက်ခွက်စားရှင်းတမ်း



www.burmeseclassic.com

www.burmeseclassic.com

ရောက်မှ ကံကုန်တော်မူပါသည်။

ရှမ်းလမ်းနှင့် ဟုမ်းလမ်းထောင့်၊ ခြံနံပါတ် ၁၅ ရှိ မင်းတပ်အိမ်တော်တွင် မင်းတပ်ထိပ်ခေါင်တင်မင်းသမီးကြီးနှင့် အတူ မယ်တော် ခုနစ်ရွာမိဖုရားမှ ဆင်းသက်သော အနွယ်တော်တစ်စု နေထိုင်ကြသည်။ စောင်းဦးဘသန်းနှင့် အိမ်ထောင်ကျသော ကျောက်ပန်းတောင်းတင်တင်မကြီးမိသားစုလည်း အိမ်တော်အောက်ထပ် တစ်ခြမ်းတွင် လာရောက်နေထိုင်ခဲ့ပါသည်။ ထိုသို့ လာရောက်နေထိုင်သည်မှာ အကြောင်းရှိ၏။

အိမ်ရှေ့စံ ကနောင်မင်းနှင့် ကျောက်ပန်းတောင်းမြို့ သူကြီး ဦးကြာရိုး၏ သမီး ဆောင်ရသခင်ကြီး ခင်မြင့်တို့တွင် ထိပ်ခေါင်တင်အုံကြီး ဟူသော သမီးတော် တစ်ပါးရှိ၏။ ထိုထိပ်ခေါင်တင်အုံကြီးတွင် ကျောက်ပန်းတောင်းထိပ်တင်မကြီးခေါ်သော သမီးတော် တစ်ပါး ထွန်းကားသည်။ ကျောက်ပန်းတောင်းထိပ်တင်မကြီးသည် မောင်မောင်တုတ်ဆိုသူနှင့် စုံဖက်သည်။ မောင်မောင်တုတ်နှင့် ကျောက်ပန်းတောင်းထိပ်တင်မကြီးတို့မှ သားတော် တင်တင်လွင်နှင့် သမီးတော် တင်တင်မကြီးတို့ ဖွားမြင်သည်။ တင်တင်မကြီးသည် စောင်းဦးဘသန်းနှင့် စန္ဒရားအတီးသင်ရင်းနီးစပ်၍ မေတ္တာရှိသွားကြသည်။ သို့ဖြင့် စောင်းဦးဘသန်းနှင့် အိမ်ထောင်ကျသည်။ အစ်ကိုဖြစ်သူ တင်တင်လွင်က အိမ်ရှေ့မင်းမြစ်တော်နှင့် စောင်းသမားတို့၏ မေတ္တာဇာတ်လမ်းကို မည်သို့မျှ သဘောမတူနိုင်၍ ထွက်ပြေးကြသော ချစ်သူနှစ်ဦးကို သေနတ်ကိုင်၍ လိုက်ရှာသည်။ မင်းတပ်ထိပ်ခေါင်တင်၏ သားတော် မင်းတပ်ကိုယ်တော်နှင့် တင်တင်လွင်တို့မှာ ဆွေတော်မျိုးတော်ဖြစ်သော်လည်း ညီနောင်ရင်းပမာ ချစ်ခင်ကြ၍ တင်တင်လွင်၏ နှမရှာပုံတော်တွင် မင်းတပ်ကိုယ်တော်မှာ တစ်နွယ်ငင် တစ်စင်ပါရရှာသည်။ တင်တင်လွင်မှာ နှမတော်ကလေးကို ချစ်ရှာလွန်း၍ အိမ်ထောင်ပင်မပြုရှာပေ။ ယခုတော့ ရှက်

သဘင်
ပညာသည်တွေနဲ့
ဂီတ
အနုပညာသည်တွေဟာ
ဖက်ခွက်စားဆိုတဲ့
သဘော
အဓိပ္ပာယ်ကို
မသိကြဘူး
တချို့
သာမန်
အရပ်သားတွေ
ဂုဏ်သရေရှိ
လူကြီးလူကောင်း
အရာရှိတွေတောင်
နားမလည်ကြဘူး

လွန်း၍ သူ့ကိုယ်သူ သတ်သေမည်လုပ်သဖြင့် မင်းတပ်ကိုယ်တော်က တင်တင်လွင်နှင့် တစ်လခန့် အတူသွားနေပေးခဲ့သည်။

သားတော် မင်းတပ်ကိုယ်တော် ပြောပြသဖြင့် မင်းတပ်ထိပ်ခေါင်တင်မင်းသမီးကြီးမှာ စောင်းဦးဘသန်းနှင့် တင်တင်မကြီးတို့အကြောင်းကို သိသင့်သလောက်သိထားတော်မူသည်။ တင်တင်မကြီး၏ နောင်တော်က ဓားကြိမ်းကြိမ်းနေသောရန်မှ အေးစေရန် မင်းတပ်ထိပ်ခေါင်တင်က သူ့စံအိမ်တော်ကြီး အောက်ထပ် တစ်ခြမ်းတွင် စောင်းဦးဘသန်းနှင့် တင်တင်မကြီးတို့ကို လာရောက်နေစေသည်။ မင်းတပ်ထိပ်ခေါင်တင်၏ မြေးတော်နှစ်ပါးဖြစ်သော ထိပ်တင်မကြီးနှင့် ထိပ်တင်မလေးတို့ကို စောင်းဦးဘသန်းက စန္ဒရားသင်ပေးရသည်။

တစ်နေ့သောအခါ စာပေ၊ ဂီတ၊ ဗဟုသုတနှင့် ပြည့်စုံသော မင်းတပ်ထိပ်ခေါင်တင်မင်းသမီးကြီးက စောင်းဦးဘသန်းကို ခေါ်တော်မူ၍-

*'စိမ်းစိမ်းညက်ညက်၊ မြရည်လိမ်းတဲ့၊ ယိမ်းနွဲ့ဟန်ချီ၊ ရွှေကိန္နရီလို၊ နေခြည်တကယ်မရောက်၊ နှင်းရည် ... သောက်သည့်၊ အုံ့ဖွယ်ပေါ်တဲ့ ငှက်ပျော ... ဖက်ကို၊ လှပတင့်တယ်၊ ရှုဖွယ်မငြီး ... အပြီးလုပ်ရပေသည်။ အလွန်နှစ်သ ... တဲ့...'*

ဟု ရေးသားထားသည့် ကဗျာပါ ... ပါသည့်လက်ရေးစာသားကို ဦးဘသန်း ... အား အသံထွက်၍ ဖတ်ပြစေသည်။

*'ဒီစာသားကို ဘယ်လိုသဘော ... ပေါက်သလဲ မောင်ဘသန်း'*

*'စိမ်းပေ့၊ ညက်ပေ့ဆိုတဲ့ ငှက်ပျော ... ဖက်အညွန့်ကလေးကို ခူးယူပြီး လှ ... ပစ္စည်းတစ်ခုခုပြုလုပ်ထားကြောင်း ... စားဖွဲ့ဆိုထားတာ ဖြစ်နိုင်ပါတယ် ... ဘုရား။ ဆိုလိုတာကတော့ ကျွန်တော် ... မျိုးတို့ ဘိုးဘွားမိဘများလက်ထက် ... ဘုရားဆွမ်းတော်တင် ဆွမ်းတော် ... စတဲ့ ဘုရားကိုးဆူ ပူဇော်ပွဲကျင်း ... တဲ့အခါ ငှက်ပျောရွက်အကြားက ... ပြီးထွက်လာတဲ့ ငှက်ပျောညွန့်ကို ... ပန်းကန်လုံး၊ ပန်းကန်ပြားသဏ္ဌာန် ... ကလေးတွေလုပ်ကြတာ တွေ့ဖူးပါတယ် ... ဘုရား။ သန့်ရှင်းစင်ကြယ်တယ် ... ယူဆကြပါတယ်ဘုရား'*

*'မှန်တယ်ကွယ်၊ မောင်ဘသန်း ... တွေးခေါ်တဲ့အတိုင်းပါပဲ။ ဒီစာကို ... ဖတ်ရင် အဓိပ္ပာယ်ပိုရှင်းလာပါလိမ့် ... ဒါပေမဲ့ ထားထားဘုရား အကြောင်း ... ပြောပြပါ့မယ်။ ရှေးအခါက တော ... ဘုရင် မင်းတရားရွှေထီးဟာ စလင် ... ကို သူ့ရဲကောင်း ရဲမက် ဗိုလ်ပါအပေါ ... နဲ့ ပိတ်ဆို့ဝိုင်းဝန်းထားပါသတဲ့။ အဲ ... အချိန် ညတစ်ညမှာ စလင်းမြို့ ... မလှမ်းမကမ်းကနေ မြောက်လေပြ ... အတူ ရောနှောလွင့်ပျံလာတဲ့ သာ ... ကြည်နူးဖွယ် အသံတစ်သံကို ... တရား ရွှေထီး ကြားနေရတဲ့အ ... သဘောကျ နှစ်သက်တော်မူ ... အလျောက် ဘာသံလဲလို့ မေးတော် ... အခါ ဘုရားပွဲကျင်းပနေတဲ့အတွက် ... နေတဲ့ ပတ်ဆိုင်းသံပါဘုရားလို့ လျှော ... တင်ကြသတဲ့။ အဲဒီတော့ တော ... က 'အို ရဲမက်တို့ နံနက်မိုးသော ...*



www.burmeseclassic.com

www.burmeseclassic.com

လင်းရောက်သည်နှင့် တစ်ပြိုင်နက် စလင်းမြို့ကို သိမ်းပိုက်တဲ့အခါ အဲဒီ ပတ်ဆိုင်းတီးသူများနှင့်အတူ သူတို့ရဲ့ ပစ္စည်းတွေ မပျောက်မပျက်၊ အထိအခိုက်မရှိ ရွှေတော်မှောက် အရောက် သွင်းကြရမယ်'လို့ အမိန့်တော်ချမှတ်လိုက်တယ်။ တောင်ငူတပ်တွေက မိုးလင်းတဲ့အခါမှာ စလင်းမြို့ကိုဝင်ရောက် တိုက်ခိုက်လိုက်တာ စလင်းမြို့စား သည်သူကျော်ထင် အရေးနိမ့်ပြီး ပတ်ဆိုင်းတီးသမားတွေနဲ့ သံ့ပန်းများစွာကို ဖမ်းဆီး ရွှေတော်မှောက်သွင်းခဲ့တယ်။ အောင်ပွဲရ တောင်ငူမင်း တရားရွှေထီးဟာ ဝမ်းသာမဆုံး ရွှင်မြူးလို့ ပတ်ဆိုင်းသမားတွေကို ကလို တီးကြစမ်းလို့ အမိန့်တော် တ် နားဆင်သပါလေရော။ 'အလွန် မြေ့ကြည်နူးစရာပါတကား'လို့ တော်မူတယ်။

'တစ်နေ့သောအခါ အဲဒီပတ်ဆိုင်း သမားတွေခေါ်ပြီး ဥယျာဉ်တော်ကို တော်မူသတဲ့။ 'မောင်မင်းတို့ တီးကြစမ်း၊ အားလုံး ပျော်စေပြက်စေ လက်စေ'လို့ မိန့်တော်မူလိုက်တယ်ဆို ပတ်ဆိုင်းသမားတွေက တီးကြ ကြတော့တာပေါ့။ လူပျိုတော်များ လည်း ပျော်မြူး ကခုန်ကြသလို များ သေသောက်ကြူးသူတို့ကလည်း သေး အသံကြောင်များနဲ့ အော်ဟစ် ဖက်ရွက်တွေခူး၊ အစားအသောက် ထည့်စားနေကြတဲ့အပြင် စစ်သည် တိုလ်ပါ သူရဲကောင်းတွေကလည်း ဉ်တွင်းက ဖက်တွေခူးပြီး မြိန်ရေ ရေ လိုက်ပြီး စားသောက်ကြသတဲ့။ င်ငူမင်းဟာ ဒီလို စားသောက်နေ တာတွေကို တွေ့တော်မူတဲ့အခါ ပွဲ ဆက်ကို ခေါ်ပြီး 'ငါ့ကို ဆက်မြဲ တဲ့ ပွဲတော်အုပ်မှာ ရွှေပန်းကန်၊ တို့နဲ့ မဆက်သနဲ့။ ဟိုမှာ သူတို့ ည်းတူ ခူးယူစားတဲ့ ဖက်များနဲ့ ပွဲတော်တည်လိုတယ်'လို့ မိန့်တော် တယ်။ ပွဲတော်ဆက်ကလည်း ညက်ပေ့၊ နုပေ့လှပေ့ ဆိုတဲ့ ဖက်ပျော့ဖက် အဖူးအညွန့်ကို ခူးယူတယ်။ နှင်းရည်နဲ့ စွတ်စိုလို့ မြရည် လိမ်းသလို စိမ်းနေပြီး ရွှေကြန့်ရီလို လှတဲ့ ဖက်ပျော့ရွက်၊ ဖက်ပျော့ညွန့်တို့ ကိုလည်း ရွှေပန်းကန်၊ ရွှေနှန်းသဏ္ဍာန် အပြီးဖန်တီးလုပ်ဆောင်ရပါတယ်။ ပြီးတော့ ဘုရင့်ရွှေတော်မှောက် ဆက်သရတယ်။ ဆက်သတဲ့အခါမှာ 'မှန်လှပါ၊ မြစိမ်းခွက်နဲ့ ပွဲတော်တည်တော်မူပါ ဘုရား'လို့ ဆိုပြီး ပွဲတော်ဆက်ရပါတယ်။

တောင်ငူမင်းဟာ ပတ်ဆိုင်းသမားတွေကို သနားချစ်ခင်ကြင်နာသည်ကတစ်ကြောင်း၊ သူတို့တစ်တွေသာလျှင် သူ့ရဲ့ စိတ်ကို စိတ်ချမ်းသာမှု အပေးဆုံးလို့ မှတ်ထင်ယုံကြည်နေသည်ကတစ်ကြောင်း၊ အဲဒီအကြောင်းတွေကြောင့် ပွဲတော်တည်အပြီးမှ ပတ်ဆိုင်းသမားတွေကို အခေါ်တော်လွှတ်တယ်။ ရောက်လာကြတဲ့အခါမှာ 'ကဲ... လာကြ လာကြ၊ မင်းတို့လည်း စားကြစမ်း'လို့ ကိုယ်တော်တိုင် ပွဲတော်အုပ်ကျကို ပေးသနားစားသောက်စေခဲ့ပါတယ်။ ပွဲတော်အုပ်ကျကို စားရတဲ့ ဂုဏ်အရည်အသွေးဟာ နည်းတာမှ မဟုတ်တာ။ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး။ ပတ်ဆိုင်းသမားတွေကို အချိန်နဲ့ တီးခိုင်းတယ်။ ကိုယ်တော်တိုင် မြတ်နိုးစွာ နားဆင်တော်မူတယ်။ မြို့စားရွာစားတွေအဖြစ် ချီးမြှင့်ပေးသနား မြှောက်စားတော်မူတဲ့အထိပါပဲ။

'မြို့စား၊ ရွာစားတွေအဖြစ်နဲ့ လည်းနေရ၊ ဘုရင်ကိုယ်တော်တိုင်က လည်း မြှောက်စားထားဆိုတော့ ပတ်ဆိုင်းသမားတွေဟာ ဘဝင်မြင့်ပြီး အပြောအဆို၊ အနေအထိုင်ကအစ မဆင်ခြင်လို့ လူပြောစရာတွေ ဖြစ်လာပါရော။ အလကား ဖက်ခွက်စားတွေလို့ မေးငေါ့ပြောဆိုလာကြတဲ့အထိ နန်းတွင်း၊ နန်းပြင် ချဉ်ဖတ်တွေ ဖြစ်မှန်းမသိဖြစ်နေတာကို သူတို့တစ်တွေ မသိတာ ဝမ်းနည်းဖို့ကောင်းပါတယ်'

မင်းတပ်ထိပ်ခေါင်တင်ဘုရားသည် အမျှင်မပြတ် မိန့်တော်မူသည်ကို နားလိုက်ပြီး ဦးဘသန်းကို ကြားဖြတ်၍ မေးလိုက်ပြန်သည်။

'ဘုရင်ကိုယ်တိုင် အဲဒီဖက်ခွက်နဲ့ ပွဲတော်တည်ခဲ့တာ မဟုတ်လား မောင်ဘသန်း'

'မှန်ပါ၊ လူတွေက ဆိုင်းသမားတွေကို အမြင်ကတ်လာကြပြီး ခေါ်မနေသနဲ့ ပြောလိုက်တဲ့သဘောပါ ဘုရား'

'မောင်ဘသန်းကို ခေါ်ဆွေးနွေးတဲ့အကြောင်းက ဒီအကြောင်းပါပဲ။ သဘင်ပညာသည်တွေနဲ့ ဂီတအနုပညာသည်တွေဟာ ဖက်ခွက်စားဆိုတဲ့ သဘော အဓိပ္ပာယ်ကို မသိကြဘူး။ တချို့သာမန်အရပ်သားတွေ၊ ဂုဏ်သရေရှိ လူကြီးလူကောင်း အရာရှိတွေတောင် နားမလည်ကြဘူး။ မင်းရဲ့ ယောက်ဖတော် လိုမျိုးတွေပါ့ကွယ်။ ထားထားဘုရားရဲ့ သဘောကို ပြောရရင် ဖက်ခွက်စား ဆိုတဲ့ ရှင်းတမ်းကို သီချင်းရေး စပ်သီကုံးပြီး တိုင်းပြည်ကို တင်ပြပေး စေချင်တယ်။ ဒါမှ အများသူငှာ သဘောပေါက်ကြမှာ'

စေတနာရှင် မင်းတပ်ထိပ်ခေါင်တင်၏ လိုအင်ဆန္ဒကို လေးစားသည့်အလျောက် စောင်းဦးဘသန်းသည် 'ဖက်ခွက်စားရှင်းတမ်း' သီချင်းကို ရေးစပ်၍ အငြိမ့်လောက၊ ဆိုင်းလောက အသီးသီးသို့ ဖြန့်ဝေပေးလိုက်ပါသည်။

စောင်းဦးဘသန်း၏ 'ဖက်ခွက်စားရှင်းတမ်း'ကို အမွေခံသားများဖြစ်သော စန္ဒရား ထိပ်တင်ဝင်းနှင့် ထိပ်တင်သင်း (ကြည်သာ-ပွဲကြိုက်ခင်)တို့က အခါအားလျော်စွာ ဆက်လက်ရှင်းပြခြင်းဖြင့် အနုပညာရှင်၊ ဂီတပညာရှင်များ၏ ဂုဏ်ကို မြှင့်တင်ဖော်ထုတ်ခဲ့ကြပါသည်။ ■

**မောင်သန်းဆွေ(ထားဝယ်)**

**ကိုးကားချက်။ ။**

၁။ အလင်္ကာကျော်စွာ စောင်းဦးဘသန်း **'ဂီတနှင့် ဘဝအတွေ့အကြုံ'**

၂။ မောင်သန်းဆွေ(ထားဝယ်) **'ကုန်းဘောင်အလွန်(ပထမအုပ်)၊ (ဒုတိယအုပ်)။**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်
နေ့လယ်ခင်းရဲ့ အလုံးလုံး
အချိန်ဗိုလ်လား မသိဘူး။
ဆိုင်အပြင်ဘက် လမ်းမမှာ
လည်း လမ်းသွား
လမ်းလာက အတော်လေး
ကျဲပါးနေတယ်။ အပြင်
ဘက်ကို လှမ်းကြည့်လိုက်
တဲ့ ခဏမှာကို မျက်လုံးက
ရာသီရဲ့သဘောကို သတိ
ထားမိသလို မျက်မှောင်
ကျုံ့မိလျက်သားပဲ။
တကယ်ဆို မြမြတို့
ဆိုင်ထဲက အဲယားကွန်း
ဖွင့်ထားလို့ အေးမြနေ
တာပါ။ အပြင်ကအပူ
အထဲကို ရောက်စရာ
အကြောင်းကို မရှိတာ။
ကိုယ့်ဘာသာ အကဲ
ပိုနေတာကို သိလိုက်ရင်း
ပြုံးမိပါသေးရဲ့။ ဆိုင်
ထဲမှာတော့ ဝယ်သူ သုံး,
လေးယောက်လောက်ပဲမို့
သိပ်အတူးအထွေ ကြည့်နေ
စရာ မလိုသလို
ဆိုင်ကဝန်ထမ်း
တွေလည်း
အေးအေးဆေးဆေး
ရှိနေကြတယ်။ ရှိနေတဲ့
ဝယ်သူ သုံး,လေး
ယောက်ကလည်း အလှကုန်
ပစ္စည်းတွေထားတဲ့
ရှိုးကေ့စ်နားမှာပဲ လိုချင်တဲ့
ပစ္စည်း မေးစမ်း
ရှာနေကြတဲ့ပုံပဲမို့



www.burmeseclassic.com

www.burmeseclassic.com

အလှကုန်ကောင်တာ တာဝန်ယူတဲ့ အိဖြိုးလေးတစ်ယောက်ပဲ လူမနား ပါးစပ်မနား ပြနေပြောနေရရှာတယ်။ လူလေးပါးတုန်း စတိုခန်းထဲက ပစ္စည်းစာရင်းတွေ လက်ကျန်ဖြတ်စရာရှိတာ ဖြတ်ရင်ကောင်းမလားဆိုတဲ့ အတွေးက ဝင်လာတော့ ဖြတ်မှပါပဲဆိုပြီး စိတ်နောက်ကို လူထ,ပြီးသား။

နောက်ဘက် ပစ္စည်းတွေထားရာ စတိုဆိုလည်းဟုတ်၊ မြမြတို့ ရုံးခန်းဆိုလည်းမှန်တဲ့ အခန်းထဲမှာတော့ သက်ဝေနဲ့ မောင်ဇော်အထုပ်တွေ၊ အရှုပ်တွေကြားရောက်နေတာ တွေ့လိုက်ရတယ်။ သက်ဝေနဲ့မောင်ဇော်ကို မြမြ ချစ်တယ်ဆိုတာအဲ့ဒါတွေပဲ။ သူတို့ လုပ်စရာရှိတဲ့ အလုပ်ဆို မအားလို့ သာချက်ချင်း မလုပ်တာ ရှိမယ်။ သူတို့ နည်းနည်းအလုပ်ပါးတာနဲ့ လက်ကျန်ဖြတ်ရမယ့်အလုပ်ကို ပြေးလုပ်ပြီးသားပဲ။ သတိပေးရတာတို့၊ လုပ်ပေးပါဦးတို့ဆိုတာ မြမြနဲ့သူတို့ကြား ရာဇဝင်ရှိကို မရှိခဲ့ဖူးတာ။ 'ငါလည်း ကူပါမယ်ဟယ်'လို့ ရယ်ရယ်မောမောပြောရင်း အနားကပ်တော့ 'အစ်မ မလာပါနဲ့၊ အစ်မလာရင် ပိုရှုပ်သွားမယ်'ဆိုတဲ့ နောက်သလိုလိုနဲ့ မေတ္တာစကားကို သက်ဝေက ဆိုတယ်။ မောင်ဇော်ကလည်း 'အစ်မ ဝင်မပါတာ ကူညီသလိုပါပဲ အစ်မရယ်'လို့ ထပ်နောက်တယ်။ သိတာပေါ့။ သူတို့အစ်မကို သူတို့ မပင်ပန်းစေချင်လို့ တားတဲ့သဘောဆိုတာ။ ဒါနဲ့ပဲအလုပ်ပြီးရင် အတူတူသောက်ကြရအောင်ဆိုပြီး ကော်ဖီဖျော်တဲ့ အခန်းဘက် ကိုယ့်မြားဦးက လှည့်သွားပြန်တယ်။ အဲဒီအချိန်မှာပဲ အလှမီနီယံ လျှောတံခါးကို တွန်းဖွင့်ဝင်လိုက်သံနဲ့အတူ 'အစ်မ ဧည့်သည်' ဆိုတဲ့အသံကို ကြားလိုက်ရတာပါပဲ။

လှမ်းကြည့်လိုက်တော့ ဆိုင်က အရောင်းဝန်ထမ်းကောင်လေးက ဧည့်သည်ဆိုသူကို အပါခေါ်လာတာ တွေ့လိုက်ရတယ်။ ဧည့်သည်ဆိုသူကို လှမ်းကြည့်လိုက်တဲ့ခဏမှာပဲ ဒါ မြမြဧည့်သည်မဟုတ်လောက်ဘူးလို့ တွေးဖြစ်အောင် တွေးလိုက်မိသေးတယ်။ သေချာအောင်မျက်နှာအမူအရာ၊ မျက်လုံးအကြည့်နဲ့ 'ငါ့ဧည့်သည်နော်'ဆိုတာမျိုး ကောင်လေးကို အသံတိတ်မေးမိသေးတယ်။ ဆိုင်ကကောင်လေးကလည်း မြမြမေးချင်တဲ့ မေးခွန်းကို သဘောပေါက်တဲ့ဟန်နဲ့ သေချာပုံ ခေါင်းညိတ်ပြပြီး 'ဦးလေး လွှတ်လိုက်တာ'လို့ အတည်ပြုပေးနေသေးတယ်။

ဦးလေးဆိုတာက ဒီမီနီမားကက်ပိုင်ရှင် မြမြရဲ့ ဦးလေး လေးလေးထွန်းကို ဆိုလိုလိုက်တာမို့ မြမြ ဧည့်မခံလို့ မရတော့ဘူး။ စိတ်ထဲ သိချင်စိတ်ကလည်း ပြင်းပြသွားတယ်။ လေးလေးထွန်းဟာ ဒီပုံစံ ဒီလိုလူမျိုးကို ဧည့်သည်ဆိုသော စကားနဲ့ မြမြဆီ ဘာလို့များ လွှတ်လိုက်ပါသလဲ။ သက်ဝေနဲ့ မောင်ဇော်လည်း စိတ်ဝင်စားတဲ့ပုံနဲ့ လှမ်းကြည့်နေလေရဲ့။ 'လာပါ၊ ဒီဘက်ကို လာပါရှင့်'လို့ လက်ညှန်ပြရင်း မြမြလည်း စားပွဲရှိရာ လျှောက်လာတော့ ဧည့်သည်ဆိုသူလည်း နောက်ကပါလာတော့တယ်။ 'ထိုင်ပါ'လို့ ပြောတော့ နာခံစွာနဲ့ပဲ ထိုင်တယ်။ မြမြက သူ့ဘာများ ပြောလာမလဲ ကြည့်လိုက်တော့ မြမြမှ စ,မပြောရင် ဘာတစ်ခွန်းမှ စ,မပြောမယ့်ပုံနဲ့ မျက်လုံးကြီး ပြူးပြီး ကြည့်နေတယ်။ အဲ မဟုတ်သေးဘူး၊ မျက်လုံးကြီး ပြူးကြည့်တာ မဟုတ်ဘူး။ သူ့မျက်လုံးက မျက်လုံးမပြူးရပါဘဲ အလိုလို ပြူးတဲ့ပုံဖြစ်နေတာ။ အနီးစပ်ဆုံးပြောရရင် စိတ်ခွန်အား၊ ကိုယ်ခွန်အား ယုတ်လျော့နေသူ၊ ကျန်းမာရေး ချို့တဲ့နေသူတွေမှာ တွေ့ရတတ်တဲ့ ပြူးကြောင်ကြောင် မျက်လုံးမျိုးပဲ။ ကိုယ်မှ မစ,ရင် စ,မယ့်သဘော မရှိတာမို့ 'အဟမ်း' ဆိုပြီး ချောင်းမဟန့်ချင်ဘဲ ဟန့်လိုက်ရင်း 'လာရင်းကိစ္စက ဘာလဲရှင်၊ ဦးလေးက ဘာလို့ လွှတ်လိုက်တာလဲ'လို့ ဖွင့်မေးယူရတော့တယ်။

မြမြ ဒီလိုမေးလိုက်တော့ ကိုင်ထားတဲ့ ဖိုင်တစ်ခုကို ကိုဧည့်သည်က ချက်ချင်းပဲ ရှေ့ကို ထိုးပေးတယ်။ ပါးစပ်ကတော့ တစ်လုံးမှ ထွက်မလာဘူးရယ်။ မြမြလည်း စိတ်ရှည်ရှည်ထားပြီး ဖိုင်ကို ဖွင့်ကြည့်ရတော့တာပေါ့။ စိတ်ထဲကလည်း ဦးလေးက ကိစ္စတစ်ခုခုရှိရင်လည်း ဖုန်းလေးဘာလေး

အရင် ကြိုဆက်ထား
မဟုတ်ဘူးလို့ အပြစ်တင်
ရယ်ပေါ့။ ဖိုင်ထဲက စာရွ
တွေကို ထုတ်ကြည့်ကြ
ချင်းမှာပဲ မြမြ ပါးစပ်ဖျ
'ဟင်'ဆိုတဲ့ မတိုးမကျယ်
တစ်ခု ထွက်သွားမိတ
တစ်ရွက်ပြီးတစ်ရွက် ကြ
ရင်းက မြမြတို့ သာ
လောကမှာ မြင်ဖူးနေ
မဟုတ်တဲ့ ဘွဲ့ထူးဂုဏ်
အောင်လက်မှတ်တစ်ခု
ဓာတ်ပုံဟာ အရှေ့က
ဟုတ်ရဲ့လားဆိုတာလ
မျက်လုံးပင့် ကြည့်မိ
တယ်။ မြမြ ကြည့်ကာမှ
ကြည့်နေတဲ့ သူ့မျက်လုံး
အတွက် ကိုယ်အကဲခတ်
မိတာကိုပဲ အားနာသလို
သွားပြီး လက်ထဲက စာရွ
တွေဆီ အကြည့်ပြန်စိုက်
ပြန်တယ်။ သေချာပါတ
သူ့အပြင်က ဆံပင်ကလ
အခုမှ ဦးပြည်းထွက်
ဆံပင်ပဲဟာကို။ သေ
အောင်တော့ ထပ်မေး
ဦးမှပါ။ 'နာမည်အရင်း
လို့ စကားတောက်လိုက်
'ပြည့်စုံအောင်'လို့ ခပ်သွ
သွက် ပြန်ဖြေလေတ
ဟုတ်ပါတယ် မလွဲပါ
သူက အလုပ်လျှောက်ပုံ
ကို လေ့လာထားတယ်ထ
ရဲ့။ ကိုယ်ရေးအကျဉ်းနဲ့
ပုံကိုလည်း သေချာရိုက်
တာမို့ အင်း…တစ်ခုခု
လွဲနေလေရော့သလား၊
တော့ ထပ်မေးကြည့်
မြမြ ဆုံးဖြတ်လိုက်ရင်း
မေးရပြန်တော့တယ်။

'ဦးလေးက ဒီကို
အတွက် လွှတ်လိုက်
လဲ'



www.burmeseclassic.com

www.burmeseclassic.com

'အလုပ်လေ အလုပ်၊ ...မှာလေ'

'ရှင်'

'အဲ့မှာ ကျုပ် လိုအပ် ...တွေ အကုန်ယူလာတယ် ...၊ အလုပ် လာလုပ်တာ ...၊ ဦးလေးကြီးက ဒီကို ...သွားဆိုလို့လေ။ ပြည့်စုံတယ် ...ဟုတ်လား'

မြမြ မျက်လုံးပြူးမိရ ...လို 'ကျုပ်'ဆိုတဲ့ နာမ်စား ...စ်ခုနဲ့တင် သက်ဝေနဲ့ ...မောင်ဇော်လည်း သိချင်စိတ် ... ဘယ်လိုမှ မအောင့်နိုင် ...တော့တဲ့ပုံနဲ့ အနား ကပ်လာ ...ပါတယ်။ သက်ဝေက ...ပွဲပေါ်က ဖိုင်ကို ကြည့် ...နော်ဆိုတဲ့ မျက်လုံးနဲ့ ...တိတ် ခွင့်တောင်းရင်း ...ကြည့်တယ်။ မောင်ဇော်က ...ည်း သက်ဝေနားကပ်ပြီး ...ာင်း စပ်စုနေတယ်။ အဲဒီ ...မှာပဲ ဖုန်းကောလ်တစ်ခု ...ဘာတော့ နာမည်ကြည့် ...က်ချိန်မှာ ဦးလေးဆီက ...နှုန်းသိလိုက်တော့ တော် ...လေး ဝမ်းသာသွားမိပါ ... 'ခဏနော်'လို့ အားလုံး ... ခွဲပြောရင် မြမြ ဟိုးဆိုင် ...ဘက်ထိ စကား ထွက် ...ဖြစ်တယ်။ ဦးလေးနဲ့ ...အလှန် ပြောကြဆိုကြ ...ချိန်မှာတော့ သူတစ်ပါး ... သနားညှာတာတတ် ... ကိုယ်ချင်းစာတရားရှိတဲ့၊ ...သာရေးလိုက်စားတဲ့ ...ရဲ့သဘော ဘယ်လိုရှိ ...ဆိုတာ မြမြ ကောင်း ...င်း သိလိုက်ပါပြီ။ တိုက် ...တစ်တိုက်လုံး အားနေ ... တစ်ခုခုလုပ်ရင်ကောင်း ... ကိုယ်တိုင်လည်း မလုပ် ...ဆိုတဲ့ ဦးလေးအလိုကျ ဒီမိနီမားကက်ကြီးကို ဖွင့်ပြီး လာဦးစီးပေးနေရတဲ့ တူမဖြစ်သူ မြမြက ဦးလေးဒီလိုဆိုရင် ကိုယ်က ဟိုလိုလုပ်လို့ကောင်းပါတော့မတဲ့လား။ သူ ကူညီချင်နေတာ ကိုယ်ကဖြစ်အောင် ကူညီရတော့မပေါ့။

မြမြ ကိုယ့်စားပွဲကိုယ် ပြန်သွားရင်း ပြောသင့် ပြောထိုက်တာလေးတွေ၊ မေးသင့် မေးထိုက်တာလေးတွေတော့ မေးဖြစ် ပြောဖြစ်တယ်။

'လဲလိုက်တာ မကြာသေးဘူးနော်'

မြမြစကားက ဟိုလိုလို၊ ဒီလိုလို။ တတ်နိုင်ဘူး။ ပီပီ ပြင်ပြင် မေးချ၊ ပြောချလိုက်ရမှာ အားနာသလိုဖြစ်နေတော့ သူ့ ဘွဲ့ထူးဂုဏ်ထူး လက်မှတ်ကို လက်က အသာလေး ကိုင်ပြီး မေးသာသလို မေးလိုက်တာကို သူကလည်း သဘောပေါက်ပုံရပါတယ်။

'ဟုတ်တယ်၊ နှစ်လပဲ ရှိသေးတာ'

'ဩော် ဩော်၊ နှမြောစရာကြီးပဲ။ ပညာတွေ သင်ထားပြီးမှ နှစ်လအတွင်း ဘာအလုပ် လုပ်ဖြစ်သေးလဲ'

'မီးသွေးဆိုင်မှာ လုပ်သေးတယ်၊ ပင်ပန်းတယ်။ ကားပေါ်ကချတဲ့ မီးသွေးအိတ် ခေါင်းပေါ်ပြုတ်ကျလို့ ခေါင်းက အတော်ထိသွားသေးတာ'

'ဟယ် ဖြစ်ရလေ။ အင်းပေါ့၊ ဘယ်လုပ်နိုင်မလဲ။ အခု ဒီမှာကတော့ အေးအေးဆေးဆေးပါ။ ဒါပေမဲ့ ဦးလေးက သူပေးနိုင်တဲ့လခ တစ်ခါတည်း ပြောလိုက်တယ်မဟုတ်လား။ ထမင်းကျွေးမယ်၊ ခြောက်သောင်းပေးမယ်။ နည်းတော့နည်းတယ်။ ဒါအမှန်ပြောတာ ဖြစ်ရဲ့လား'

'ဖြစ်ပါတယ်။ ကျုပ် အကဲခတ်တတ်ပါတယ်။ ဦးလေးကြီးက သူတော်ကောင်းဗျ။ ဦးလေးကြီးနဲ့က လက်ဖက်ရည်ဆိုင်မှာ ဆုံတာလေ။ သူက ကျုပ်ကို ကူညီချင်တဲ့သဘောပဲ၊ ဒီမှာ လူမလိုဘဲ ခန့်လိုက်တာ။ နည်းတဲ့ မေတ္တာမှ မဟုတ်တာ'

'ဟုတ်တယ်၊ လူမလိုတာတော့ အမှန်ပဲ။ ဒါနဲ့ ကျန်းမာရေးမကောင်းလို့ အခုလို ဆုံးဖြတ်လိုက်တာလား'

'အင်း၊ ဒါလည်း ပါတာပေါ့'

မြမြ ဆက်မေးလို့ မကောင်းတော့ဘူးထင်တယ်။ ခေါင်းပဲ အသာညိတ်ပြလိုက်ရင်း မနက်ဖြန် အလုပ်စ,ဝင်ပါဆိုပြီး လာရမယ့်အချိန်၊ ပြန်ရမယ့်အချိန်တွေ ပြောဖြစ်တယ်။ သူကတော့ ခေါင်းတညိတ်ညိတ်၊ မျက်လုံးတပြူးပြူးနဲ့ပဲ နားထောင်ရင်း မြမြ မှာကြားလို့ အဆုံးမှာတော့ 'ကျုပ် ပြန်လိုက်ဦးမယ်နော်'ဆိုပြီး ထ,ပြန်သွားတဲ့ သူ့နောက်ကျောကိုကြည့်ရင်း သေချာတာကတော့ ဝတ်ပုံစားပုံကအစ ဒီလူ နေသားတကျ မဖြစ်သေးဘူးလို့ စိတ်ထဲတွေးမိတယ်။ ပြောချင်ဆိုချင်စိတ်တွေ အောင့်ထားပုံရတဲ့ မောင်ဇော်နဲ့ သက်ဝေကတော့ သူ ထွက်သွားတာနဲ့ တစ်ယောက်တစ်ခွန်း စ,တော့တာပဲ။

'အစ်မရေ အင်္ကျီကော်လံကို ထောင်ဝတ်ထားတယ်ဗျ၊ ကြည့်ရတာ ကော်လံကို လှန်ခေါက်ရမှန်း မသိဘူးထင်တယ်'

'နင်ကလည်း စတစ်ကော်လံနဲ့ ရိုးရိုးကော်လံ မကွဲတာနေမှာပေါ့။ သူက အခုမှ ဝတ်စကိုဟဲ့။ အစ်မ နှစ်လပဲ ရှိသေးတာနော်၊ ဟုတ်တယ်မလား'

'ပုဆိုးဝတ်တာလည်း ပွရောင်းရောင်းနဲ့၊ ပြီးတော့ တိုတက်နေသေးတယ် ဟားဟား'

'အေး ဟုတ်တယ်၊ ဟုတ်တယ်။ လမ်းလျှောက်တာကလည်း အရှင်စတိုင်လ် မပျောက်သေးဘူးဟဲ့'

မြမြကတော့ ကိုယ်တစ်ခါမှ မအုပ်ချုပ်ဖူးတဲ့ ပုံစံအနေအထားနဲ့ လူတစ်ယောက်ကို မနက်ဖြန် ဘယ်လိုတွေ စ,သင်ရမလဲဆိုတာကိုပဲ တွေးလိုက်ရင်း သက်ပြင်းသာချလိုက်မိတော့တယ်။

❑

မြမြအသက်က သုံးဆယ့်ရှစ်ပါ။ ဒီအလုပ်ထဲမှာ အသက်အားဖြင့်လည်း မြမြက အကြီးဆုံးဖြစ်တဲ့အပြင် မန်နေဂျာဆိုတဲ့ ရာထူးအမည်သဟဲက ရှိနေသေး။ လုပ်ပိုင်ခွင့်ကလည်း အမြင့်ဆုံး အနေအထားပေါ့။ မြမြပြီးရင်တော့ မြမြရဲ့ လက်ရုံးတွေဖြစ်တဲ့ မောင်ဇော်နဲ့ သက်ဝေကတော့ ဒီမှာ စီနီယာချည်းတွေပဲ။ ကျန်တဲ့ အရောင်းဝန်ထမ်းက အားလုံး ဆယ်ယောက်။ မြမြတို့ သုံးယောက်နဲ့ဆို ပေါင်းဆယ့်သုံးယောက်။ အခု ပြည့်စုံအောင် တိုးလာပြီဆိုတော့ ဆယ့်လေးယောက်



www.burmeseclassic.com

www.burmeseclassic.com

တိတိ ဖြစ်သွားခဲ့ပြီပေါ့။ ပြည့်စုံအောင် ရောက်မလာခင် ကာလများထိ မြမြတို့ လုပ်ငန်းခွင်လေးက တကယ့် မိသားစုစတိုင်လ် လုပ်ငန်းခွင်လေးလို့ ပြောရမှာပါ။ မြမြ ကိုယ်တိုင်ကလည်း နေရာတကာ ပါဝါအာဏာ ပြမနေတတ်ဘူး။ ဝိုင်းလုပ်ဝိုင်းစား ပျော်ပျော်နေတတ်သူရယ်ပါ။ ဒီတော့လည်း ကျန်တဲ့ဝန်ထမ်းကလေးတွေအားလုံးက ဘာစိတ်ကျဉ်းကျပ်မှုမှမရှိဘဲ လုပ်ငန်းခွင်ဟာ ကိုယ့်အိမ်လိုကို ဖြစ်နေကြတာ။ ဒါပေမဲ့ ပြည့်စုံအောင် ရောက်လာတဲ့ နေ့ကစပြီး ဒီဖြစ်စဉ်လေးဟာ မသိမသာကနေ သိသိသာသာ တစ်စတစ်စ ပြောင်းလဲလာတော့တယ်။

ပြည့်စုံအောင် လူသစ်အဖြစ် ရောက်လာတဲ့နေ့ကပဲ အိမ်အပြန် ထမင်းဝိုင်းမှာ မြမြ အမေ့ကို သတင်းထူးအဖြစ် ပြောပြဖြစ်သေးတယ်။ အမေက သူ့မောင်ရဲ့ သဘောမနော ကို နောကျေနေသူဆိုတော့ 'နင့်ဦးလေးက သနားနေတာ၊ စိတ်မကောင်းဖြစ်နေတာ နေမှာပေါ့'တဲ့လေ။ အောင်လက်မှတ်ကြီးအကြောင်း ပြောပြတော့ အမေ့မှာ စုတ်တသပ်သပ်နဲ့။ အမေ့ ဆွမ်းခံကိုယ်တော်လေးဆို ဒီစာမေးပွဲကို ဖြေနေတာ အောင်မှ မအောင်နိုင်သေးဘဲ ကိုး။ မြမြကို လည်း သေချာမှာသေးတယ်။ 'ကံစီမံရာပေါ့လေ၊ အစစ ကူညီလိုက်ပါ သမီးရယ်'တဲ့။ မြမြလည်း တွေးကြည့်ရင် ကိုယ်ချင်းစာလို့ ရပါတယ်။ အသက်သုံးဆယ့်တစ်နှစ်ရောက်မှ

ဘဝရဲ့ အပြောင်းအလဲတစ်ခုကို ရဲရဲကြီး လုပ်ပစ်လိုက်ရအောင် ဘယ်လို အဆင်မပြေမှုများ ဖြစ်လို့ပါလိမ့်လို့ တွေးမိတယ်။ သူ့မှာ အခက်အခဲ တစ်စုံတစ်ရာ မရှိဘဲနဲ့တော့ သူ ဒီလိုလုပ်ရဲလိမ့်မယ် မထင်ဘူးလေ။ မြမြ ခံယူချက်ကတော့ ဘဝကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းတတ်ဖို့ပဲ။ ဟုတ်တယ်။ ကိုယ့်နီးရာ အသိုင်းအဝိုင်းကသူတွေအားလုံးကို ပျော်ပျော်နေဖို့ မြမြ အမြဲ တိုက်တွန်းအားပေးတတ်တယ်။ ပျော်ရမယ့်အနေအထားဖြစ်မှ ပျော်မယ်မလုပ်နဲ့၊ ဖြစ်နေတဲ့ အနေအထားမှာ ပျော်အောင်နေဆိုတာ မြမြ လက်သုံးစကား။ ဘဝက တိုတိုလေးရယ်။ တန်အောင် နေသွားမှ ဖြစ်တော့မပေါ့။ ဒီလိုခံယူသူမို့လား မသိဘူး၊ ကိုယ့်မျက်နှာပေး ကိုယ်ယုံတယ်၊ ကိုယ့်အပြုံး ကိုယ်ယုံတယ်။ ပတ်ဝန်းကျင်ကသူတွေကလည်း ထပ်တူကျအောင် ပြောတတ်ကြတာက 'မြမြမြတ်က အမြဲတမ်း ရယ်မော ပျော်ရွှင်နေတာပဲနော်'တဲ့။ ကျေနပ်တယ်၊ ဝမ်းမြောက်တယ်။ အဲလိုအပြောခံရတာကိုလေ။

ဒီလိုခံယူချက်ပိုင်ရှင် မြမြက မှတ်မှတ်ရရပဲ ပြည့်စုံအောင် အလုပ်စ,ဝင်တဲ့နေ့မှာ ဆရာကြီးအထာနဲ့ စကားတွေ အများကြီးပြောရင်း အားပေးစကားတွေဆိုလို့ပေါ့။

'ပြည့်စုံအောင် မင်းကို ကြည့်ရတာ မပျော်သလိုပဲ သိလား၊ ကျန်းမာရေးလည်း ကောင်းပုံမရဘူး။ မင်း ဘာရောဂါရှိလဲ'

'ဘီပိုးရှိတယ် ပြောတာပဲ။ ခဏ ခဏလည်း ဖျားတယ်။ ကျုပ်တော့ မထင်ပါဘူး။ စိတ်ပါဗျာ၊ စိတ်မချမ်းသာလို့ ဖြစ်တာနေမှာပါ'

'အိုကေ၊ ထားလိုက်တော့။ တကယ် ဘီပိုးရှိတယ်ဆိုလည်း ဘာမှ ကြောက်စရာ မရှိဘူး၊ သိလား။ ဆရာဝန်နဲ့ သေချာပြ၊ ဆေးမှန်မှန်သောက်၊ အာဟာရဖြစ်အောင်စား။ နေ့ချင်းညချင်း ဗုန်းခနဲလဲမယ့် ရောဂါမဟုတ်ဘူး၊ မကြောက်နဲ့။ အေး မင်းပြောသလို စိတ်မချမ်းသာလို့ ဖြစ်တယ်ဆိုရင်လည်း ဒီနေ့ကစပြီး စိတ်ချမ်းသာအောင်နေစမ်းပါ။ ဒီမှာ အားလုံး ညီအစ်ကို မောင်နှမ တွေလိုပဲ သိလား။ မင်းကို စိတ်ဆင်းရဲအောင်လုပ်မယ့်သူ တစ်ယောက်မှမရှိဘူး။ အားလုံး ပွင့်ပွင့်လင်းလင်း တွေချည်းပဲ။ နောက်တစ်ခု ပြောဦးမယ်၊ အခုတို့တွေ ဝန်းကျင်မှာလေ ကျုပ် ကျုပ် ဆိုတဲ့ နာမ်စားက ဘယ်သူမှ မသုံးဘူး။ မင်း အဲဒါကြီးကို ဖျောက်လိုက်တော့။ ကျွန်တော်လို့ သုံးနော်'

'အင်း ဟုတ်တယ်၊ ဟုတ်တယ်။ အဲ့လိုသုံးရမယ်'

'အိုကေ။ နောက်တစ်ချက် မင်း အခုဝတ်ထားတာ ရှပ်အင်္ကျီလေ၊ ဒါကိုရောသိလား'

သူ အူကြောင်ကြောင်နဲ့ မြမြကို ပြန်ကြည့်တယ်။ မြမြ မျက်လုံးရှင်ရှင်နဲ့ပဲ ဆိုင်ထဲကို ဝေ့အကြည့် ကလေးတစ်

ယောက် တီရှပ်ဝတ်ထား…
ကိုမြင်တော့ လက်ညှိုးထိုး…
လိုက်ပြီး…

'ဟိုမှာ ဟိုမှာ …
လား၊ အမည်းရောင်ဝ…
ထားတဲ့ကလေး။ အေး အဲ…
သူဝတ်ထားတာ တီရှပ်…
ခေါ်တယ်၊ ကော်လံမပါဘူ…
နောက် နောက် ဟိုမှာ ဟို…
အဖြူနဲ့ ဈေးဝယ်သူ…
အေး သူဝတ်ထားတာ ကော်…
ကတုံး ရှပ်အင်္ကျီ။ ဒါမျိုး…
လည်း ကော်လံမပါဘူ…
အဲလိုဟာ တွေဝတ်ရင် သူ…
အတိုင်း စွပ်ချလိုက်ရုံ…
ပြဿနာမရှိဘူး။ အခု မ…
ဝတ်တဲ့ ရှပ်အင်္ကျီလိုမျိုး…
ကော်လံကို ပြန်ချိုးရတ…
လေ။ ကော်လံကြီး ထော…
ထားတော့ ဘယ်အချိုး…
မလဲ။ မင်းလှချင်လို့ ထော…
ထားတာ မဟုတ်ပါဘူးနော်…

'အာ အစ်မက…
မဟုတ်ပါဘူးဗျ၊ ကျုပ် …
ကျွန်တော်က မသိလို့ပါ'

'အေး ဒါဆိုလည်း …
လိုက်တော့ အခုချိုးကြ…
အင်း ဟုတ်ပြီ'

တကယ်ဆို မောင်…
တို့လို အနေအထား ရင်းနှီး…
သာ ရှိ၊ ဒီလို ဒီလိုဟဲ့ဆို…
မြမြ လုပ်ပေးလိုက်ပြီ။ …
တော့ ကိုယ်လည်း ပါးစပ်…
ပြောရုံအပြင် လုပ်ပေးချင်…
လည်း မရှိသေး။ မကော…
တတ်ဘူးဆိုတာလည်း …
မိမို့ ပါးစပ်ကပဲ ညွှန်ကြ…
ချက်တွေ တရစပ် ပြော…
တယ်။ ခဏချင်းပဲ မြ…
သဘောမနောကို အကဲခတ်…
သွားပုံရတဲ့ ပြည့်စုံအောင်…
လည်း ရင်းနှီးအားကိုး…
တော့ ပြလာပါတယ် ဒါ…



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ သူ့ရဲ့ ပါးစပ်က ထွက်လာတဲ့ အသံထွက်တွေကို 'ဘာဘာ' လို့ နားမရှင်းဘဲ ပြန် ပြန်မေးနေရတာ တစ်ဒုက္ခ။ စကားလုံးက စကားလုံးအဖြစ် ပီပီသသမရှိဘဲ ဂုဏ်တော် ါထာတွေရွတ်နေသလိုမျိုး တစ်တန်းတည်း တစ်သီတည်း လုံးလုံးထွေးထွေး ထွက်နေတာ အင်း ဒီလိုပဲရှိဦးမှာပေါ့ သလို့သာ စိတ်ဖြေဖြစ်တယ်။

အဲဒီနေ့ကတည်းကပဲ မြမြ သူ့ကို အကူအညီ တော် တော်လေး ပေးဖြစ်ခဲ့တာပါ။ အဆောင်မှာ ငါးသောင်းပေး နေရတယ်ဆိုတဲ့ စကားကို ကြားမှာ သူရမယ့် လခလေး နဲ့ တွက်ချက်ကြည့်ပြီး အပေါ် ဆုံးထပ် ဝန်ထမ်းကောင်လေး တွေစုနေတဲ့ နေရာမှာနေဖြစ်ဖို့ စီစဉ်ပေးဖြစ်တယ်။ ချက်စား ကြတဲ့ ကလေးတွေကို သူ့ အတွက်ပါ ပိုချက်ပေးဖို့မှာ တာ ကြားတာလည်း ထောင့် အောင် ပြောဖြစ်ခဲ့တာပါပဲ။ နောက်ဆုံး သူ့အဆောင်က ပစ္စည်းတွေ သွားသယ်ရင် ကားခ ကုန်နေရှာမယ်လို့ တွေးပြီး အလုပ်ကပစ္စည်း သယ်တဲ့ ကားလမ်းကြုံနဲ့ ဝင် သယ်ဖြစ်အောင် ကားခ ထပ် ကုန်အောင်ပါ လုပ်ပေးလိုက် သေး၊ လုပ်ပေးပြီးတော့ လည်း စိတ်ချမ်းသာပါတယ်။ ကိုယ့်ကိုယ်ကို သူတစ်ပါးကို တော် ဆော် အဆင်ပြေအောင် လုပ်ပေးနိုင်လိုက်ပါလားဆို တဲ့ ဝမ်းသာစိတ်နဲ့ပေါ့။ ဒါပေ မဲ့ ကြောဘူး၊ တကယ့်ကို ကြာဘူး။ အဲ့လို ဝမ်းသာပြီး ... နောက်ရက် နောက်ရက် ... မှာပေါ့။

■

စ,တာက ဆိုင်က ကလေးတွေ ရုပ်ရှင်သွားကြည့်ဖြစ်တဲ့ ပြဿနာက စ,တာလို့ ထင်တာပဲ။ ဆိုင်မှာပဲ နေကြတဲ့ ကလေးတွေက ဆိုင်ပိတ်ချိန်ဆို တစ်ခါတလေ ညပွဲ ရုပ်ရှင်သွားကြည့်တတ်ကြတယ်။ တစ်ခါမှ မပြေမလည်ဖြစ်တာ မကြားဖူးဘူး။ အခု ပြည့်စုံအောင် ရောက်ပြီး သကာလမှာတော့ နောက်တစ်နေ့ ဆိုင်ဖွင့်ချိန်မှာ မြမြနား လာပြီး ပြည့်စုံအောင်တစ်ယောက် ဗလုံးဗထွေး မသဲမကွဲတွေ ရေရွတ်နေတော့တာပဲ။ 'တကယ်ဆို လိုက်မလား လောက်တော့ ခေါ်သင့်တာပေါ့'…ဒါက အစပျိုးလိုက်တဲ့ စကားတစ်ခွန်း။ မြမြမှာ အလုပ်တွေရှုပ်နေရင်းမို့ သူ ဘာပြောလဲ ဂရုမစိုက်နိုင်ခဲ့။ ကြားတော့ ကြားတယ်၊ ဂရုစိုက်ဖို့ မအားဆိုတာမျိုးပေပေါ့။ ဒါနဲ့ပဲ နည်းနည်းလေး ခြားသွားတော့ 'သေချာစဉ်းစားလိုက်တော့ ခေါ်မလား မျှော်လင့်မိတာ ကျွန်တော် လွန်တာပါလေ' ဆိုတာ ဖြစ်လာပြန်တယ်။ ဒီတစ်ခါတော့ ဘာပြောချင်နေတာလဲဟေ့ဆိုတဲ့ပုံနဲ့ မြမြ သူ့ကို ရင်ဆိုင်ကြည့်ဖြစ်တယ်။ အဲ့လိုကျပြန်တော့လည်း ဟိုလိုလို ဒီလိုလို အလုပ်တွေ လုပ်နေပြန်ပြီး ဆက်မပြောလာပြန်ဘူး။ ဩော် သူ မပြောတော့ဘူးဟဲ့ ဆိုပြီး မြမြ အလုပ်ဆက်လုပ်ပြန်တော့ 'ကျွန်တော် ရောက်လာတာ သူတို့ အနေကျပ်သလိုများ ဖြစ်နေလား မသိဘူး၊ တွေးကြည့်တာပါ။ ကံမကောင်းဘူး။ ဘယ်ဘဝရောက်ရောက် ဒါမျိုးနဲ့ချည်း ကြုံနေရတယ်' လို့ ပြောပြီး ထွက်သွားပါလေရောတော်။ မြမြ မနေနိုင်ပါဘူး။ ဆိုင်က ကလေးတစ်ယောက်ခေါ်ပြီး မနေ့ညက ဘာထူးခြားဖြစ်စဉ်ရှိလဲ မေးတော့မှ အဖြေထွက်တော့တာ။ ကလေးတွေ ပြောတာလည်း မများဘူး။ သူတို့ သွားမယ်၊ ပြင်ဆင်နေကြတယ်။ လိုက်မယ်ဆို ပြောစရာတောင်မလိုဘူး၊ အန်ဒါစ တွတ်ပဲတဲ့။ ဒါကို ခပ်လှမ်းလှမ်းက ကြည့်ပဲ ကြည့်နေတော့ မလိုက်ချင်ဘူးထင်ပြီး မခေါ်တာဆိုပဲ။ ကလေးတွေ ပြောတာ ရှင်းပါတယ်။ မရှင်းတာက ပြည့်စုံအောင်။ မြမြမှာ တစ်နေကုန် ပြည့်စုံအောင် နှိပ်စက်တာကို ခံရတော့တာပါပဲ။ လူလစ်ရင် မလှမ်းမကမ်းမှာလာလိုက်၊ အလုပ်တစ်ခုခု လက်က အကြောင်းပြလုပ်နေပြီး ပါးစပ်ကတော့ ရုပ်ရှင်ကို လိုက်ဖို့ မခေါ်တဲ့ကိစ္စ မပြီးဆုံးနိုင်သောဇာတ်လမ်း လုပ်နေတော့တာပါ။ တကယ်တော့ ဆိုင်က ကလေးတွေက ပြည့်စုံအောင်ထက်စာရင် အပုံကြီးငယ်ကြတဲ့သူတွေ။ သူတို့လေးတွေနဲ့ ယှဉ်ပြီး သူတင်ကိုယ်တင် စိတ်လုပ်နေတာ ဘယ်လိုသဘောပါလိမ့်။ တစ်မျိုးတော့ တစ်မျိုးပဲလို့ ဦးဆုံး အတွေး စ,ဝင်မိပါတော့တယ်။

နောက်ဖြစ်ရပ်တွေက တဖြည်းဖြည်း စိပ်လာသလို ရယ်လည်းရယ်ချင်၊ ငိုလည်း ငိုချင်လို့ ပြောရမှာပါ။ 'ဘာအလုပ်မှ ပင်ပင်ပန်းပန်း မလုပ်နိုင်ဘူးဗျာ၊ ရှုံ့မဲ့နေတာပဲ' ဆိုတဲ့ အသံတွေက ဝန်ထမ်းကောင်လေးတွေထံမှ။ 'ဘယ်လိုကြီးလဲ မသိဘူး၊ အကာန်တွေ သိပ်ပြောတာပဲ၊ စကားကောင်းကို ပြောလို့မရဘူး' ဆိုတဲ့ အသံတွေက ဝန်ထမ်းမိန်းကလေးတွေထံမှ။ မြမြမှာ 'သည်းခံလိုက်ပါဟယ်၊ နေသား မကျသေးလို့ပါ' ဆိုတာကို တွင်တွင်ဆိုရင်း နေသားကလည်း တစ်နေ့ထက် တစ်နေ့ကို ပိုပို မကျလာတော့တာပါ။ သို့သော်လည်း ငါနဲ့တော့ သိပ်မဆိုးလှပါဘူးလို့ ဖြေတွေးပေးနေဆဲပါပဲ။ 'အစ်မ ကျွန်တော် ဆံပင်သွားတိလိုက်ပြီဗျ' ဆိုပြီး လာပြရင် 'အေး အေး လိုက်တယ်ဟဲ့၊ ရုပ်လေး ပေါ်သွားတယ်' လို့ စိတ်ချမ်းသာအောင် ပြန်ပြောပေးဖို့လည်း မမေ့မလျော့ပေါ့။ တစ်နေ့ထက် တစ်နေ့ ပိုပိုပြူးလာသလို ထင်ရတဲ့ မျက်လုံး ပြူးပြူး ကြီးတွေကို ကြည့်ပြီး လူက သိပ်ပိန်နေလို့ အာဟာရမပြည့်လို့ ဖြစ်လိမ့်မယ်လို့တွေးပြီး ကိုယ်ချင်းစာနာမှုတွေနဲ့ မနက်ခင်း အလုပ်လာချိန်မှာ ပေါင်မုန့်တစ်တုံး ကိတ်မုန့်တစ်ဖဲ့က အစ ယူလာပေးမိခဲ့တာတွေလည်း အကြိမ်ကြိမ်ပါပဲ။ ဒီလို ဆက်ဆံရေး အနေအထား ကောင်းလို့လည်း သူနဲ့ကိုယ်ကြား တခြားသူတွေ ပြောသလို အကာန်တွေ ဖြစ်မနေတာလည်း ဖြစ်မှာပါ။

ဒီလိုနဲ့ သူ့ကိုဟဲ့လိုက်၊ ကိုယ့်ဝန်ထမ်းတွေကို ဟဲ့လိုက်နဲ့ ဟန်ချက်ညီအောင်



www.burmeseclassic.com

www.burmeseclassic.com

ထိန်းနေရင်းက တစ်နေ့သား မှာတော့ သက်ဝေတစ်ယောက် မြမြကို ဒေါ်ကြီးမောကြီးနဲ့ ရင်ဖွင့်လာပါတယ်။ သက်ဝေက သူ့ကိုယ်သူ နာမ်စားသုံးရင် သက်ဝေက၊ သက်ဝေက ဆိုတာကို အမြန်သုံးတတ်တော့ စကားပြောရင် သွေ့က၊ သွေ့ကနဲ့ ဖြစ်နေတတ်ပါတယ်။

'အစ်မ၊ သွေ့ လုံးဝ သည်းမခံနိုင်တော့ဘူးနော်၊ သွေ့ သူ့မျက်နှာကို လုံးဝ မကြည့်ချင်တော့ဘူး'

'ဟေ…ဘယ်လိုဖြစ်ရတာလဲ သက်ဝေရယ်၊ စိတ်လျှော့ ဖြည်းဖြည်းပြော၊ ဘယ်သူ့ကို သည်းမခံနိုင်တာလဲ။ ဘယ်သူ့မျက်နှာကို မကြည့်ချင်တာလဲ'

'ပြည့်စုံအောင်ပေါ့၊ မနေ့က ဒီစတိုခန်းထဲ သူဝင်လာတယ်လေ။ ပြီးတော့ သွေ့ကို စာတစ်စောင် လာပေးတယ်။ အိမ်ရောက်မှ ဖတ်ပါဆိုတာက ပါသေးတယ်။ သွေ့ ဒေါသတွေ အရမ်းထွက်ပြီး ဘာလဲ ဘာစာလဲ၊ ခင်ဗျားနဲ့ သွေ့နဲ့ကြားမှာ ဘာစာမှ တကူးတက ဖတ်နေစရာ ပေးနေစရာ အကြောင်းမရှိဘူးဆိုပြီး စာကို ပုတ်ချပစ်လိုက်တယ်။ သူလည်း ယောင်ပေပေနဲ့ ပြန်ထွက်သွားတာပဲ'

မြမြမှာ အံ့ဩလွန်းလို့ စကားတောင် ချက်ချင်း မပြန်နိုင်ဘူး။ သက်ဝေကို သက်ဝေရယ် ဘာရယ် ညာရယ် ဆိုပြီးလည်း ချက်ချင်း ပြန်မနှစ်သိမ့်နိုင်ပါဘူး။ ဒါကြောင့်လည်း စကားကို ထိန်းပြီး ပြန်ပြောဖြစ်တယ်။

'အစ်မ ကြားရတာ အံ့ဩလိုက်တာ သက်ဝေရယ်'

'အစ်မကလည်း သွေ့က ကာယကံရှင် ပိုအံ့ဩတာပေါ့။ ဒေါကန်လိုက်တာမှ မပြောပါနဲ့တော့။ သွေ့ လုပ်တာ မမှားဘူးမလား'

'စာကို ပုတ်ချလိုက်တာကို ပြောတာလား'

'ဟုတ်'

'မမှားပါဘူး၊ သက်ဝေမှာ လုပ်ပိုင်ခွင့်ရှိတာပဲ၊ ဒေါသလည်း ထွက်ခွင့်ရှိတာပဲ။ နေပါဦး၊ သူက မောင်ဇော်နဲ့ သက်ဝေ ချစ်သူတွေဆိုတာကို မသိဘူးလား'

'မသိလို့ နေမှာပေါ့ အစ်မရဲ့၊ သူ့ပုံစံက အကဲခတ်တတ်မယ့်ပုံလည်း မဟုတ်ဘူး'

ဒါလည်း ဟုတ်တာပဲလို့ မြမြ တွေးမိပါတယ်။ မောင်ဇော်နဲ့ သက်ဝေက ချစ်သူတွေမှန်းသာသိရင် သူ ဒီလောက်ထိ လက်ရဲဇက်ရဲ လုပ်မှာ မဟုတ်လောက်ဘူး ထင်ပါရဲ့။ မြမြ စိတ်ထဲက ပြောချင်လွန်းနေတာကိုလည်း လူရင်းချင်းမို့ အားမနာစတမ်း ပြောဖြစ်လိုက်သေးတယ်။

'သက်ဝေ ဟိုလေ အဲဒီစာက ရည်းစားစာ မဟုတ်ဘဲ တခြားစာဖြစ်နေရင်ရော။ သိတယ်မလား၊ သူက လူတစ်မျိုးလေ။ အလုပ်ကိစ္စတစ်ခုခုပဲဖြစ်ဖြစ်၊ တခြား မပြေလည်တာတစ်ခုပဲဖြစ်ဖြစ် သူ အကူအညီတောင်းချင်တာ တစ်ခုခု စာရေးပြောတာများ ဖြစ်နေမလားလို့ပါ'

မြမြ စကားအဆုံးမှာတော့ 'ဟယ်'ဆိုတဲ့ အသံနဲ့အတူ သက်ဝေရဲ့ အိုးတိုးအမ်းတမ်း ရယ်ချင်ပက်ကျိဖြစ်သွားတဲ့ မျက်နှာလေးကို မြင်လိုက်ရတော့တယ်။ 'အမယ်လေး ဖြစ်နိုင်တာပေါ့ အစ်မရယ်'ဆိုတဲ့ စကားကို ရယ်လည်းရယ်၊ ပြောလည်းပြောရင်း လက်ခုပ်လက်ဝါးများတောင် တီးလိုက်သေးရဲ့။ စကားဝိုင်းရဲ့ အဆုံးသတ်ကတော့ ဒီလူ အူကြောင်ကြောင်နဲ့ဆိုတဲ့ စကားနဲ့ အဆုံးသတ်ဖြစ်ရင်း ပြည့်စုံအောင်အပေါ် စွပ်စွဲတဲ့ ပြစ်မှုကြီးက ပြစ်မှုသေးအဖြစ် ပြောင်းသွားခဲ့ပါတယ်။ ဒီလောက်ဆို မြမြ သဘောပေါက်ပါရဲ့။ နဂိုတည်းက စိတ်ရင်းကောင်းတဲ့၊ ဖြူစင်ရိုးသားတဲ့ သက်ဝေတစ်ယောက် သူ့အားနာစိတ်နဲ့ သူ ပြည့်စုံအောင်ကို အဆင်ပြေအောင် ပြန်ဆက်ဆံတော့မယ်။ အရင်ကထက်တောင် ပိုအဆင်ချောသွားနိုင်တယ်လို့လေ၊ ဒါပေမဲ့ ဒါလည်း အထင်ပါပဲ။ သက်ဝေက ပထမပိုင်း လိုက်လိုက်လျောလျော ပြန်ဆက်ဆံပေမဲ့ ရက်လေး နည်းနည်း ကြာလာတော့ ခေါင်းတခါခါ လည်တခါခါနဲ့ 'တော်ပြီ အစ်မ၊ ဝေးဝေးနေတာကောင်းတယ်'ဆိုတဲ့ စကားကိုပဲ တိုတိုတုတ်တုတ်ပြောရင်း ပြည့်စုံအောင်ဘက်မှာ မရှိတော့ပြန်ပါဘူး။

ဒီနောက်ပိုင်း ဖြစ်ရပ်တွေကတော့ အများနဲ့တစ်ယောက် အဆင်မပြေဖြစ်မှုတွေက ထင်းထင်းကြီး

သိသာနေပါတယ်။ အများအ
ပျော်ရွှင်စကားတွေ ဝိုင်းဖွဲ့
ချိန် ပြည့်စုံအောင်က သိ
သာသာခွဲထွက်ပြီး ငေါင်နေ
တာပါပဲ။ စည်းစည်းရုံးရုံး
စားသောက်နေကြချိန်ဆိုလည်း
သူက ဝင်မဆံ့ပြန်ဘဲ သီးခြား
ကြီး ဖြစ်နေတာပါပဲ။ နော
ဆုံး မြမြ တွေးနိုင်သလော
တွေးကြည့်တာကတော့ ဒီ
ဟာ အများမေတ္တာ ခံရဖို့
နည်းတယ် ထင်ပါရဲ့လို့
တွေးဖြစ်ရုံကလွဲပြီး ကိုယ်တို
ဘာမှ မတတ်နိုင်ခဲ့ပါဘူး
ဒီဝန်းကျင်နဲ့ သဟဇာတ
နိုင်တာကိုပဲ စာနာစိတ်ထ
ရင်း အားတဲ့အချိန်ဆို သူ့
စိတ်ခွန်အားတွေတောင်
ဖြစ်နေပါသေးတယ်။ အလု
ဆို ဒီအလုပ်တစ်ခုတည်း
မထင်ဖို့၊ မြင်သမျှ တွေ့သ
မျက်စိဖွင့် နားစွင့်ပြီး အလု
သစ်ကို ရှာဖွေတတ်ဖို့တွေ
လေ။ သဘောကတော့
အလုပ်ကထွက်ပြီး နောက်
အလုပ်ကောင်းတစ်ခု ရှာ
သွားစေချင်တာပါ။ မြ
ဆိုလိုရင်းကို နားရော နား
ရဲ့လားတော့ မသိပါ။
သမျှတော့ မျက်လုံးတ
ပြူးနဲ့ နားထောင်နေတတ်
ခဏ ခဏ ဖျားတတ်တဲ့
အဖျားရောဂါကလည်း
သထက် စိပ်လာပါတ
မနက်မိုးလင်း အလုပ်
ရောက်တာနဲ့ သူ့ပုံစံအတိ
ခြေဖျားလေးထောက်
ပြီး ပိန်လှပ်လှပ်ကိုယ်လုံး
သာသာလေးလုပ်လျှောက်
မျက်နှာတရှုံ့မဲ့မဲ့နဲ့ 'ခတ်
တယ်ဗျာ၊ ယာဂုပဲသော
တာ ကောင်းမယ်'ဆိုတဲ့
ခဏ ကြားနေကျ



www.burmeseclassic.com

www.burmeseclassic.com

ည်း ရယ်တောင် မရယ် ရက်တော့ပါဘူး။ မရယ်ရက် တဲ့ အတူတူတော့ သူ့ဘက် ည်း ကိုယ့်တစ်ယောက်ပဲ ျတော့တဲ့အတူတူ ခတ်မချုပ် ယ့် မန်ကျည်းဖျော်ရည် လေး လက်ဆောင် ဝယ်ပေး ပြန်တာပေါ့။ ဒီလိုနဲ့ပဲ မြမြ ဘယ်လိုမှ မမျှော်လင့်ထားတဲ့ နေ့တစ်နေ့ကို ရောက်ခဲ့တော့ တာပါပဲ။

❑

ကုန် အဝင်အထွက် စာရင်းဇယားတွေနဲ့ ကွန်ပျူ တာရှေ့ထိုင်ပြီး အလုပ်ရှုပ်နေ တဲ့ နေ့တစ်နေ့မှာပေါ့။ မျက်လုံးက ကွန်ပျူတာမှာ ိုက်ထားမိတော့ ခြေလှမ်း တစ်စုံ ခဏခဏ ဖြတ်နေတာ သတိတော့ထားမိသား။ အောက်ပိုင်းပဲမြင်ပြီး ဘယ်သူ ပဲဆိုတာ မျက်နှာကိုတောင် ော့မကြည့်နိုင်ခဲ့ပါဘူး။ အလုပ်တွေပြီးလို့ အကြော ခြင်ဆန့်လိုက်တော့မှ သူကောင်းသားက မြမြဘေး ထိုင်ခုံလေးမှာ အဆင်သင့် စောင့်စားလို့ရယ်။

'ဟယ် မင်း အစ်မကို စောင့်နေတာလား'

'ဟုတ်၊ ကျွန်တော် ပြော စရာလေးရှိလို့'

'သြော် အေး အေး ပြောလေ၊ ပြော။ အစ်မ အခု အားပါပြီ၊ ပြော ဘာလဲ'

'ကျွန်တော် စဉ်းစား တယ်၊ အစ်မလည်း သိမှာပါ၊ ကျွန်တော်နဲ့ တခြားသူတွေ ကြား ဆက်ဆံရေး မပြေ လည်မှုတွေကိုပေါ့'

မြမြ ပြောချင်နေတုန်း တွေ့ဆိုသလို သူ့ကို နေပါဦး၊ အစ်မ အရင်ပြော ပါရစေ'ဆိုပြီး စကားတွေ တရစပ်ပြောမိတော့တယ်။ လူ့လောကထဲမှာ ရှင်သန်နေ ထိုင်ဖို့ဆိုရင် ဆက်ဆံရေးက အရေးကြီးကြောင်း၊ အများနဲ့ ပြေပြေလည်လည် ဆက်ဆံ တတ်ဖို့လိုကြောင်း၊ အများနဲ့ မပြေလည်ဘူးဆိုကတည်းက ငါ ဘာမှားနေလဲ ဆင်ခြင်ဖို့ ကြောင်းတွေပေါ့လေ။

'ပြည့်စုံအောင်က အစ်မ နဲ့တော့ အဆင်ပြေတယ်။ ဘာ လို့ သူတို့နဲ့ အဆင်မပြေရတာ လဲ။ ဒီဘက်က ကလေးတွေ အားလုံးကလည်း တကယ့် သဘောဖြူ အူစင်းလေးတွေ နော်၊ အစ်မဝန်ထမ်းတွေ အကြောင်း အစ်မအသိဆုံး။ သူတို့က မင်းကျမှ လက် တခါခါဖြစ်နေတာ အစ်မ လည်း စိတ်မကောင်းဘူး။ မိန်းကလေး ဝန်ထမ်းတွေက ပိုဆိုးတယ်။ အဲ့ဒါ ဘာတွေ ဖြစ်နေတာလဲ'

သူက မြမြပြောသမျှ မျက်လုံးပြူးပြီး ကြည့်နေ တယ်။ ပြီးတော့ ပါးစပ် တလှုပ်လှုပ်နဲ့ တစ်စုံတစ်ခုကို ဖွင့်အန် ပြောချလိုက်ချင်ပုံပဲ။ မြမြလည်း သူပြူးရင်ပြူး၊ သူလှုပ်ရင်လှုပ်နဲ့ သူဘာများ ပြောလာမလဲ သိချင်လိုက် တာမှလေ။ တော်တော်လေး စိတ်ရှည်လက်ရှည် စောင့် လိုက်ရပြီးတဲ့အချိန်မှာတော့ သူက မထင်မှတ်ထားတဲ့ အပြုအမူတစ်ခုကို လုပ်လိုက် တယ်။ အဲ့ဒါကတော့ လက် အုပ်ချီလိုက်တာပါပဲ။ မြမြ ပါးစပ်က 'ဟဲ့' ဆိုပြီး ယောင် ယမ်းတောင် ထွက်သွားတယ်။ လက်အုပ်ချီပြီး ဘာလုပ်မလို့ ပါလိမ့်ပေါ့။ ပြီးတော့မှ အခု ပဲ ငိုချတော့မလိုပုံနဲ့ စကား တွေ တလိမ့်လိမ့်ထွက်ကျလာ တော့တယ်။

'အစ်မ…ကျွန်တော် ဒီကိုလာတုန်းက ကောင်း သောလာခြင်းနဲ့ လာတာပါ။ အခု ဒီမှာ ဆက်နေလို့ မဖြစ် တော့လည်း ကောင်းသော ပြန်ခြင်းနဲ့ပဲ ပြန်ချင်တယ်။ အစ်မကို ကျွန်တော် လက် အုပ်ချီ ကန်တော့တောင်းပန် ပါတယ်။ ကျွန်တော် အမှန် အတိုင်း ဝန်ခံပါရစေ'

'သြော် အေး အေး ပြောလေ၊ ပြောပါ။ သိပ်ဝမ်း မနည်းပါနဲ့၊ ပြည့်စုံအောင် ရယ် ဘာဝဆိုတာ ဒီလိုပါပဲ။ ပြောပြော၊ ဘာပြောချင်လဲ'

'ဟုတ်၊ ကျွန်တော် ပြော မှာပါ။ ကျွန်တော် အပြောင်း အလဲတစ်ခုမှာ သတိကို ကြီး ကြီးထားပါတယ် အစ်မ။ ပြည့်စုံအောင် ဘဝမှာ ပြော စရာ မဖြစ်အောင် နေမယ်လို့ လည်း ဆုံးဖြတ်ထားပါတယ်။ ကျွန်တော် ဒီကိုရောက်ရောက် ချင်းနေ့မှာပဲ ကျွန်တော် သေသေချာချာ သတိထားမိ လိုက်တာရှိပါတယ်'

'ဟုတ်လား၊ အင်း ပြော ပါဦး'

'ဟုတ် အစ်မ၊ အစ်မ ကျွန်တော့်အပေါ် မရိုးသား ဘူးဆိုတာ ကျွန်တော် သတိ ထားမိတာပါ။ အစ်မ ကျေးဇူး ကျွန်တော့်အပေါ်မှာ တော် တော်လေး ကြီးပါတယ်။ ဒါ ပေမဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး လေ အစ်မ။ အစ်မကို ကျွန် တော် ဘယ်လိုမှ စိတ်မဝင် စားဘူးဆိုတာ ပြောမထွက်ပါ ဘူး။ ဒါကြောင့် သက်ဝေကို စိတ်ဝင်စားတဲ့ပုံလည်း ဟန် ဆောင် ကြိုးစားကြည့်ပါသေး တယ်။ အစ်မ ကျွန်တော့်ကို စိတ်လျှော့သွားအောင်ပါ၊ အဆင်မပြေဘူးဗျာ။ နောက် ဆုံးတော့ ပွင့်ပွင့်လင်းလင်း ပြောပြပြီး ကျွန်တော် ဒီက ခွာသွားတာပဲ အကောင်းဆုံး ဖြစ်မှာလို့ ကျွန်တော် ဆုံးဖြတ် လိုက်ပါတယ်။ ကျွန်တော် ကန်တော့ တောင်းပန်ပါတယ် အစ်မရယ်၊ ကျွန်တော့်ကို ခွင့် လွှတ်ပါ'

❑

အဲဒီနေ့ကစပြီး ပြည့်စုံ အောင် ဘယ်သို့ဘယ်ပုံ အလုပ် ထွက်သွားတယ်ဆိုတာကို မြမြကလွဲလို့ ဘယ်သူမှ မသိ လိုက်ကြပါဘူး။ တကယ် တမ်းတော့ ရုတ်တရက်ကြီး မှင်တက် အငိုက်မိ သတိလစ် မတတ် အံ့ဩလန့်ဖျပ်သွားတဲ့ မြမြဟာ သူမကိုယ်တိုင် လည်း ပြည့်စုံအောင် သူ့ရှေ့ က ဘာတွေဆက်ပြော၊ ဘယ် လိုထွက်သွားတာဆိုတာကို ဘယ်လိုပြန်တွေးတွေး မမှတ် မိခဲ့တာပါ။ ဝန်ထမ်းကလေး တွေ ပြည့်စုံအောင်အကြောင်း ပြောနေရင်လည်း မြမြက ယောင်လို့တောင် မဆွေးနွေး တော့ပါဘူး။ ဒါပေမဲ့ နွေရာ သီရဲ့ နေ့လယ်ခင်း အပူ လောင်ဆုံး အချိန်ကာလတွေ မှာ 'အစ်မ ညည့်သည်' ဆိုတဲ့ အသံနဲ့အတူ အလှူမီနီယံ လျှောတံခါး ပွင့်လာတတ် တဲ့အခါတွေမှာတော့ မြမြ တစ်ယောက် တုန်တက်သွား အောင် လန့်တတ်ခဲ့တာ အဲဒီ အချိန် ကာလများက စ,ခဲ့ တယ်လို့ ပြောရမှာ ဖြစ်ပါ တော့တယ်။ ■

မီမိုး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁။

ဇာတ်လမ်းကို ဘယ်ကစပြီးပြောလို့ ဘယ်မှာအဆုံးသတ်ရမယ်ဆိုတာ တိတိကျကျသိနေခြင်းကိုက ကျွန်မအတွက် နာကျင်ဖွယ် တစ်ခုပါပဲ။

ပထမဆုံး မိုးရွာပြီးစ တစ်မနက်ခင်းမှာ သစ်ပင် ကြီးတွေ အုပ်ဆိုင်းနေတဲ့ လမ်းကလေးရဲ့ အဆုံးနားက အိမ်ဆီကိုရောက်ဖို့ လမ်းထိပ်ကနေစပြီး လမ်းလျှောက်ဝင်ရတဲ့ အခန်းက စပြောရလိမ့်မယ်။ ပြီးတော့ ကျွန်မရဲ့အတွေးအခေါ် အယူအဆ၊ 'နင်ဟာ ကျန့်တဲ့နေရာတွေမှာ တည်တည်ကြည်ကြည်ရှိသလောက် အချစ်၊ လက်ထပ်ခြင်း အဲဒါတွေနဲ့ ပတ်သက်လာရင် တကယ်အူတယ်'ဆိုတဲ့ ကျွန်မ သူငယ်ချင်းရဲ့ ကောက်ချက်ချမှု။




နောက်ဆုံးမှာတော့ ကျွန်မတွေ့ခဲ့ဖူးတဲ့ အရွက်ပွင့်ကလေးတွေ…။ ပြီးတော့ ကျွန်မကိုယ်တိုင်…။

ပြီးတော့ ကျွန်မရဲ့ တိတ်တဆိတ် ကျရှုံးမှု…။

အဲသလို စပြီး၊ အဲသလို ဆုံးရမှာဖြစ်တယ်။ အစီအစဉ်တကျပါပဲ…။

❑

၂။

မိုးရွာပြီးစမို့ ထင်ပါရဲ့၊ လမ်းကလေးက သိပ်သိပ် သည်းသည်းရှိလှတယ်။ မိုးငွေ့မိုးရိပ် လုံးဝကင်းစင် မသွားသေးဘူးဆိုတော့ လမ်းလျှောက်လာရတာ အေးအေးချမ်းချမ်း သက်သာလို့နေတယ်။ ချွေးကလေးတောင်မှ မစို့ဘူး။ စီးလာတဲ့ ယင်းမာဖိနပ် အဖြူအပါးကလေးကို ငုံ့ကြည့်မိတော့ ပြုံးရတယ်။ ကတ္တီပါဖိနပ်လေးသာ ချစီးလာမိရင်…။

ဒီမိုးစိုလိုက်လို့ကတော့ ခြေထောက်အေးစက်ကြီးနဲ့ တစ်နေကုန် ချမ်းနေဦးတော့မှာ။ ကျွန်မခြေထောက်တွေဆီ တစ်ဆက်တည်းအကြည့်ရောက်တဲ့အခါမှာတော့ ဒုတိယအကြိမ် ပြုံးမိရပြန်တယ်။ ဘယ်လောက်များ ယောကျ်ားဆန်တဲ့ ခြေထောက်တွေပါလိမ့်။ ခြေသည်းတုံးတိတွေ၊ ခြေသည်းဆိုးဆေးရယ်လို့ လှလှပပ သ,မထားတဲ့ တိတိရိရိ ခြေသည်းနဲ့ ခြေချောင်းတွေ။

နိုင်ငံခြားဖိနပ် အကောင်းစားလေးထဲက ဒီဇိုင်းဆန်းဆန်းဆေးဆိုးထားတဲ့ ခြေချောင်းကလေးတစ်စုံကို သတိရမိတဲ့အခါ မမလတ်မျက်နှာကို မြင်မိတော့တာ။ မိန်းကလေးတွေကို ပန်းနဲ့တင်စားကြေးသာဆို ကျွန်မရဲ့ မမလတ်ဟာ တော်ဝင် သဇင်

ပန်းကလေးတစ်ပွင့်ပဲ ဖြစ်
မယ်။

❑

၃။

'အချစ်ဆိုတာ လ
ထပ်ခြင်းမှာဆုံးသလား
တကယ့်အချစ်ဟာ အဲဒီကျ
စ,တာလား။ ဒါမှမဟု
အဲဒီကျတော့ လက်တွေ့
ကျ ဘဝဖြစ်သွားပြီလား န
ဘယ်လိုဖြေမလဲ'

'နေစမ်းပါဦး၊ နင်ပြော
တဲ့အချစ်ဆိုတာ တကယ်
ရှိလို့လား'

'မိန်းမရယ် ဒါဆို န
နင့်မောင်က မချစ်ကြဘူး
အဲလိုလား'

'နင် လက်ခံနိုင်မ
မသိဘူး၊ လူတွေသတ်မှ
ထားကြတာက ချစ်သူ
ဟာ တစ်နေ့မှာ လက်ထပ်
ရမယ်။ အိမ်ထောင်သား
အလုပ်ကိုလုပ်ကြရမယ်၊
အဖွဲ့အစည်းထဲ ရှင်သန်
ထိုင်ရင်း လူသားတွေအတွ
ကိုယ့်ပတ်ဝန်းကျင်အတွ
နိုင်သလောက် အကျိုးပြု
မယ်။ ကိုယ့်မျိုးဆက်
အကောင်းဆုံး ပျိုးထော
ချန်ရစ်ခဲ့ရမယ်။ ဒါပဲမဟု
လား။ သမားရိုးကျ သိ
တယ် မထင်ဘူးလား၊
တွေလုပ်သွားတဲ့အတိုင်း
မလုပ်တော့ရော ဘာဖြ
လူတွေက မိန်းမတစ်ယော
အသက်လေးရလာတာ
ယောကျ်ားမယူ သေး
လား မေးကြ၊ ယူပြီးပြ
လည်း ကလေးလေးဘာ
ယူကြလေ ပြောပြန်
တစ်ယောက်ချင်းစီရဲ့
လပ်ခွင့်ဆိုတာ ဘယ်
ငါက လူတွေစိ



www.burmeseclassic.com

www.burmeseclassic.com

အောင် လိုက်လုပ်နေရမှာ ား၊ ငါက ငါ့ဘဝနဲ့ ငါ လေ'

သူငယ်ချင်းက မျက်ခုံး တွေကိုတွန့်ချိုးရင်း ကျွန်မ ကားကို စိတ်ဝင်တစား းထောင်ပုံပြတယ်။

'ငါနဲ့မောင်က အဲ့ထက် များကြီးလွတ်လပ်တယ်၊ မှာ ငါတို့ တစ်ယောက် တစ်ယောက် လိုအပ် ယ်။ တစ်နေ့နေ့မှာတော့ မောင်လည်း သူ့လမ်းသူ ျောက်မယ်၊ ငါလည်း ငါ့ ချယ်ခွင့်နဲ့ ငါ ရှိရမယ်။ ကယ်လို့များ မောင် သူ့ မ်းမှာ လက်တွဲချင်တဲ့သူက ဖြစ်နေမယ်ဆိုရင်၊ ငါ့ရွေး ယ်မှုက မောင်ဖြစ်နေမယ် ိုရင် ငါတို့ လက်ထပ်ဖြစ် မလား မပြောတတ်ဘူး။ ောက်ျားတစ်ယောက်နဲ့ မိန်းမ စ်ယောက် တစ်ယောက်ကို စ်ယောက်လိုအပ်လို့ အတူ နေကြဖို့၊ လူ့အဖွဲ့အစည်းက ရားဝင် အသိအမှတ်ပြုခံရ ့ လက်ထပ်မှဖြစ်မယ်ဆို ည်း ငါတို့ လက်ထပ်ဖြစ် မှာပေါ့။

'ဒါပေမဲ့ဟာ လက်ထပ် စာချုပ်စာတမ်းတွေပေါ် က်မှတ်ထိုးထားကြမှ ခိုင် မှာလား။ တစ်ခုခုဖြစ်ရင် ချုပ်စာတမ်းလေးရှိနေမှ ာမျိုးကို ငါ လက်မခံချင် ူး၊ ပိုင်ဆိုင်သမျှ တစ် ောက်တစ်ဝက်စီ ခွဲခြမ်း တို့၊ ကလေးစရိတ်တို့ တို့ ဥပဒေအရ ဖြေရှင်းတဲ့ ါ စာချုပ်စာတမ်းဆိုတဲ့ ာတဲ့ကြိုးနဲ့ တုပ်နှောင် ဆိုတာမျိုး ရုပ်ဝါဒီဆန် ဘာတွေ ငါ မကြိုက် ဘူး။

'အားလုံးဟာ ကိုယ်ချင်းစာနာမှု၊ နားလည်မှု၊ နှလုံးသား၊ အဲဒါတွေနဲ့သာ ပိုင်းဖြတ်ရမယ့်အရာတွေ မဟုတ်ဘူးလား။ ပစ္စည်းခန်းဆိုလို့ မောင်လိုချင်ရင် ပိုင်ဆိုင်သမျှ ငါစေတနာ ရှိသမျှ ပေးလိုက်မိမှာပဲ။ လူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက်က လိုအပ်လို့ အတူတူနေကြပြီးခါမှ တစ်နေ့ လမ်းခွဲကြဖို့ ဖြစ်လာတဲ့အခါ စာချုပ်စာတမ်းဆိုတာကြီးက ဘာလုပ်ရမှာလဲ။ မောင့်စိတ်တွေကို ချည်မြဲတဲ့ ကြိုးတစ်ချောင်းဟာ အချစ်ဆိုတာကလွဲလို့ ဘာမှ မဖြစ်စေချင်ဘူး။ နင်ရှင်းလား'

သူငယ်ချင်းက ခေါင်းခါတယ်။ မရှင်းလို့ မဟုတ်ဘူး။ စိတ်ပျက် လက်ပျက်ဆိုတဲ့ပုံနဲ့ ခေါင်းခါတာ။

'ငါတို့ အဘိုးအဘေး လက်ထက်တုန်းက အရှေ့ ၇ အိမ်၊ အနောက် ၇ အိမ် လက်ဖက်ရည်လေးခေါ်တိုက်ပြီး အတူနေခဲ့ကြတာပဲ။ ကလေးတွေ ၈ယောက်၊ ၉ ယောက် မွေးတဲ့အထိ၊ အို၊ သေတဲ့အထိ ဒီလိုပဲပေါင်းသွားခဲ့ကြတာ။ ဘာစာချုပ်မှ မလိုဘူး။ ပြီးတော့ ငါ အာရှနိုင်ငံတစ်ခုကို သွားခဲ့တုန်းက ရွာတွေမှာ အိမ်တံခါးတွေ မရှိဘူး။ တစ်ရွာလုံး ပစ္စည်းပျောက်တာဘာညာလည်း မရှိဘူး။ ငတ်နေရင် ရွာထဲမှာ တောင်းစားချင်စားမယ်၊ သူများအိမ်က ပစ္စည်း ခိုးမစားဘူး။ သူများအိမ်က ပစ္စည်းဟာ ကိုယ့်ဟာ မဟုတ်ဘူး၊ ကိုယ်နဲ့ မပတ်သက်တဲ့အရာဆိုတာကို မယူသင့်ဘူးလို့ စိတ်ထဲသွေးထဲကကို လုံးဝ နားလည်ထားတာ။ ဘယ်လောက်လှတဲ့ စိတ်တွေလဲ'

'နင်က သိပ်အဖြောင့်တွေးတာကိုး။ ခုခေတ်က ရိုးမြေကျဆိုတာမျိုး စာလုံးပေါင်းတောင် မှန်ချင်တော့တဲ့ ခေတ် မဟုတ်ဘူး။ တစ်ယောက်ရဲ့ သစ္စာတရားကို တစ်ယောက်က ယုံကြည်ဖို့ထက် စာချုပ်ပေါ်ချရေး လက်မှတ်ထိုးထားမှ ဖြစ်လာမယ့် နောက်ပြဿနာတွေကို ဥပဒေအရ ဖြေရှင်းနိုင်မယ်လို့ ယုံကြည်ကြရတဲ့ ခေတ်လေ၊ နင်ပြောသလို လမ်းခွဲကြတဲ့အခါ မောင်လိုချင်သမျှ အကုန်ပေးလိုက်မယ်ဆိုရအောင် နင်က ဘာနဲ့လုပ်စားမှာလဲ၊ နင်ဟာ စိတ်ကူးသိပ်ယဉ်တာပဲ။ မယားစရိတ်တို့၊ နစ်နာကြေးတို့ဆိုတာကို ပိုပိုသာသာ တောင်းယူနေကြတဲ့ ခေတ်၊ ဟိုက ယောက်ျား၊ ဘယ်လို ရှာစားစားရတယ်။ နင်က မိန်းမလေ၊ အဲဒါကိုလည်း ထည့်စဉ်းစားဦး'

'အဲဒါကိုက နင်မှားပြီ၊ ငါက မိန်းမတွေ၊ ယောက်ျားတွေ သိပ်ခွဲမြင်နေတာ မဟုတ်ဘူး။ မောင် ဘဝကြီးထဲ စားဝတ်နေအတွက် ရုန်းကန်ရသလို၊ ငါလည်း ရုန်းကန်နိုင်ရမယ် ဒါပဲ။ မိန်းမမို့လို့ အခွင့်အရေးပိုလိုအပ်တယ်၊ အရင်းအနှီး ပိုလိုအပ်တယ်လို့ ငါတော့ မထင်ပါဘူး'

'ဒါဆို နင်ကရော ဘာကြောင့် မောင့်ကို မောင်လိုချင်သမျှ ပေးလိုက်ချင်ရတာလဲ၊ ပိုင်ဆိုင်သမျှ တစ်ယောက် တစ်ဝက်စီဆိုတာက ပိုပြီး တရားမမျှတဘူးလား'

'အဲဒါလား၊ အဲဒါက ငါ မောင့်ကိုချစ်လို့လေ' (အနည်းငယ်ညစ်ကျယ်ကျယ် ရယ်လျက်)

အဲဒီနေ့က သူငယ်ချင်းရဲ့ နင်ရူးနေပြီ ဆိုတဲ့ အကြည့်ကို ကျွန်မ မမေ့ခဲ့ဘူး။

'တော်ပါဟာ ငါ မကြိုက်ပါဘူး၊ အဲဒါကြောင့် ငါ လူတွေနဲ့ မရတာ'

'သေလေဟာ၊ လူတွေနဲ့ မရရအောင် နင်က နတ်လား'

သူငယ်ချင်းက မျက်စောင်းလှမ်းထိုးတယ်။

'နင်သိလား၊ စာချုပ်စာတမ်းတွေဆိုတာ ကျောမလုံမှုက စ,တာ၊ စိုးရိမ်ကြောင့်ကြမှုက စ,တာ၊ အကြောက်တရားကနေ စ,တာ။ ငါနဲ့ မောင့်ကြားမှာ ချစ်ခြင်းတရားကလွဲလို့ ကျန်တာတွေနဲ့ ချည်နှောင်မထားချင်ဘူးဟာ။ ငါ သေချာတယ်'

ကျွန်မက အဆုံးသတ်စကားကို ထပ်ပြောဖြစ်အောင် ပြောခဲ့လိုက်သေးတယ်။ ပြောခဲ့ပြီးပြီလေ။ အချစ်၊ အိမ်ထောင်ရေး ဒါတွေနဲ့ ပတ်သက်လာရင် ကျွန်မက အူတိအူကြောင်ပါဆို။

'နင်က သိပ်စိတ်ကူးယဉ်တာပဲ၊ ထ, ထတော့'

သူငယ်ချင်းက ကျွန်မကို သိပ်စိတ်ကူးယဉ်တယ်တဲ့၊ အိပ်မက်တွေထဲက ထ, တော့တဲ့လေ။

❑

၄။

'မအားသေးဘူး၊ နောက်မှပြန်ခေါ်'



www.burmeseclassic.com

www.burmeseclassic.com

ဖုန်းကိုပိတ် ဘေးချထားပြီး ဖတ်လက်စ၊ စာအုပ်ကို ပြန်ကောက်ဖတ်နေတဲ့ မမလတ်ကို မျက်မှောင်ကုတ်ကြည့်မိတော့ မမလတ်က ရယ်တယ်။

'ယောက်ျားတွေကို သူတို့စကားပြောချင်တိုင်း အချိန်ပေးပြီး ပြောနေစရာ မလိုဘူး။ သူတို့ ဆယ်ခါလောက် ဖုန်းခေါ်မှ သုံးခါလောက်ပြန်ဖြေ၊ ပြောပြီးရင်လည်း ကိုယ်ကပဲ အရင်ဦးအောင်ဖုန်းချပစ်၊ ကိုယ်ဟာ အမြဲ အလုပ်များနေတဲ့သူ၊ သူတို့အတွက် အန်တာတိန်း လုပ်နေရလောက်အောင် မအားဘူး။ အဲသလို နေပြရတယ်'

ဖေဖေ့ညီမ၊ ကျွန်မ အဒေါ်ရဲ့သမီး၊ ကျွန်မနဲ့ ညီအစ်မဝမ်းကွဲတော်တဲ့ မမလတ်ဟာ အဲသလို မိန်းမမျိုး။ ကိုယ့်ကိုယ်ကို သိပ်ရှားပါးသလို နေပြတတ်တယ်။ နေတတ်တာလည်း ဖြစ်မယ်။ မမလတ် နိုင်ငံခြားက ဘွဲ့လွန်ယူပြီးပြန်လာတော့ စပ်ကြဟပ်ကြသူတွေနဲ့ အိမ်မှာ လူစည်နေခဲ့တာ။ မမလတ်ကတော့ အကုန်ငြင်းလွှတ်တာလည်းမဟုတ်ဘဲ စဉ်းစားပါရစေဦးဆိုတဲ့ ကြိုးကလေးတစ်ချောင်းနဲ့ နှောင်တယ်။

'ငါက လက်ထဲမှာ ကြိုးတွေကို ဒီလိုကိုင်ထားတာ၊ လိုချင်တဲ့ ကြိုးကျမှ ရွေးပြီး တို့ခနဲ ဆွဲလိုက်ရုံပဲ။ လူဆိုတာ ဘဝမှာ ကိုယ် ဘာကိုလိုချင်တယ်၊ ဘာဖြစ်ချင်တယ်ဆိုတာ တိတိကျကျ သိရမယ် အထွေးရဲ့၊ သိပြီးရင် ကိုယ် တစ်ဝက်အောင်မြင်ပြီလို့ မှတ်၊ ပြီးတော့ နည်းလမ်းရှာ၊ ရအောင်ယူ ဒါပဲ'

> အချစ်ဆိုတာ
> လက်ထပ်ခြင်းမှာ
> ဆုံးသလား
> တကယ့်
> အချစ်ဟာ
> အဲဒီကျမှ
> စ,တာလား
> ဒါမှမဟုတ်
> အဲဒီကျတော့
> လက်တွေ့ကျကျ
> ဘဝ
> ဖြစ်သွားပြီလား
> နှင့်
> ဘယ်လိုဖြေမလဲ

မမလတ်ဟာ သိပ်တော်၊ သိပ်ထက်မြက်တာပဲ။ ခပ်ငယ်ငယ်ကတည်းက အိမ်ကို ဧည့်သည်တွေ လာလည်တိုင်းလည်း မမလတ်ကို ရတနာတစ်ပါးလို ထုတ်ကြွားလေ့ရှိတယ်။ ကလေးဘဝမှာ ကျွန်မဟာ မမလတ်ကို မနာလိုဖြစ်ခဲ့သလားပဲ။ အားကျအထင်ကြီးစိတ်ကတစ်ပိုင်း၊ မနာလိုတာကတစ်ပိုင်း ထင်ပါရဲ့။ ဆရာဝန်အမှတ် မီပါလျက်နဲ့ ဝါသနာမပါလို့ Marine Biology ယူခဲ့တဲ့ မမလတ်။ ရနိုင်သားပဲ၊ မလိုချင်လို့ မယူတာ ဆိုတဲ့ ဂုဏ်ကိုက နည်းတာမှတ်လို့၊ မမလတ်က အဲသလို ပြောလေ့ရှိတာ။

ကျွန်မကတော့ မြန်မာစာ အဓိကနဲ့ ကျောင်းပြီးတယ်။ ကဗျာတွေစာတွေလည်း သိပ်ရူးတာကို မောင်က လှောင်ပြောင်တယ်။ ကျွန်မရေးတဲ့ ကဗျာတွေ ပုံနှိပ်ဖော်ပြခံရတဲ့အခါ ကျွန်မက တခုန်ခုန်နဲ့ ပျော်နေသလောက် မောင်က စာဆိုရှင် ဒေါ်မယ်တွေးခင်ဗျားလို့ သရော်တော်တော် ခေါ်တတ်သေးတာ။

တန်ဖိုးဆိုတာ တစ်ဦးတစ်ယောက်ချင်းစီရဲ့ စိတ်အစာပါ မောင်ရဲ့။ ကဗျာတွေ၊ စာတွေရေးနေရမှ ပြည့်ဝတဲ့ ကျွန်မရဲ့ စိတ်ဆာလောင်မှုဟာ စာတွေ၊ ကဗျာတွေအပေါ် ထားတဲ့ ကျွန်မရဲ့ တန်ဖိုးပါပဲ။ မောင်ထားတဲ့ တန်ဖိုးကကျတော့ ရေတွက်လို့ရနိုင်တဲ့ ထင်သာမြင်သာမှုတွေအပေါ်မှာသာ အလေးထား မှုတည်တတ်တာမျိုး။ အသေးအဖွဲကလေး ထင်ရပေမဲ့ မောင်နဲ့ ကျွန်မ တန်ဖိုးထားပုံချင်း၊ ဘဝအပေါ် အမြင်ချင်းကအစ မတူညီမှုဟာ တကယ်တော့ ကျွန်မတို့ကြားမှာ သိပ်ကိုကြီးမားခဲ့တာပဲ။

မမလတ် ဘွဲ့လွန်သွားတက်တော့ မမလတ်အမေ အန်တီလေးက လုပ်ငန်းထဲ ထည့်ထားတဲ့ ကားတစ်စီး ပြန်ရောင်းဖို့ ဖေဖေ့ကို လာတိုင်ပင်တာ၊ ဖေဖေက အဲဒီကားကို လုပ်ငန်းထဲက မထုတ်စေဘဲ သူပဲ ပြန်ဝ
ယူထားလိုက်ပြီး အဆင်
တော့မှ သူ့ဆီက ပြန်ယူ
တာတွေ၊ မမလတ်က
ဒါတွေဘယ်သိမလဲ၊ ပ
သင်နေတဲ့ မမလတ် စိ
မကောင်းဖြစ်သွားမှာစိုး
အန်တီလေးရဲ့ မိခင်မေ
ပေါ့။ မမလတ်က အိ
ငွေရေးကြေးရေး အ
အတည်းကအစ လုပ်င
လည်ပတ်မှုတွေအဆုံး အ
ရာမှာ ခရေစေ့တွင်းကျ
ဘဲ အားလုံးအဆင်ပြေ
မွေ့နေတယ် ထင်ရတ
ကျွန်မကတော့ ဖေဖေ့လု
ငန်းတွေလည်း ကုမ္ပ
အန်တီလေးအနားလည်
တစ်ခါတလေ နေပေးရတ
အလုံးစုံနီးပါး သိနေမြင်
တာပဲ။ အန်တီလေးက မု
လည်းဖြစ်၊ ကိုယ့်အဒေါ်လ
ဖြစ်တဲ့အပြင် ကျွန်မ
အင်မတန် အားလည်းကို
တယ်။ သူ့အနားမှာ ကျွ
ရှိတာ သားတစ်ယောက်
ထားသလိုပဲတဲ့။

ဖေဖေ့နောက်ကွယ်
နေ ဖေဖေ့ဟိုတယ်လုပ်င
တွေ ကုတာကအစ၊ ဟိုတ
မှာ ထည့်ထားတဲ့ ကားပိုင်
တွေနဲ့ လစဉ် စာရင်း
အထိ ကျွန်မပဲ လုပ်ကိုင်
ပတ်ပေးနေရတာဖြစ်
မမလတ်ပြောပုံအရဆို ကျွ
ဟာ မြန်မာစာဘွဲ့ရ က
ယောင်ယောင် စာယော
ယောင် ခပ်အအ မိန်း
ပေါက်သတဲ့။ ဖေဖေ့
ဂျာဆိုတာထက် ဖေ
အလုပ်က ခိုင်းဖတ်ပုံ
ပေါက်နေသလား မ
တတ်ပါဘူး။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com

…တဲ့ ချည်ထည်လေးတွေ …မမလတ် အိမ်နေအဝတ် …ောက်သာ ပြောင်ရောင် …။ ကျွန်မအတွက် ဖေဖေ …ထားတဲ့ မန်နေဂျာလစာ …ဝတ်ဟယ်စားဟယ်ရယ် … သုံးစွဲပစ်လိုက်တာမျိုး …တဲ့ ဘယ်လက်က လျှ… ညာဘက်လက်က …ကြားသိစေနဲ့ ဆိုတာလို …ကယ်လိုအပ်နေတဲ့ နေရာ …မှာ လစဉ် လှူပစ်လိုက် …တာရယ်။ ဘဏ်မှာ …သလောက် စုထား …ရယ်၊ စာအုပ်တွေ ဝယ် …ရယ်၊ ဒါတွေအတွက်ပဲ …ကျကုန်ရတာ။

Research အတွက်ဆို …မလတ် ဖတ်ဖတ်နေတဲ့ …လိပ်စာအုပ်အထူကြီး …ဆို နည်းတဲ့ ပိုက်ဆံလား …ယ်ရတာ၊ နိုင်ငံခြားက …ောင် လှမ်းမှာ ယူရတာ … ခုထိတော့ မမလတ် … အိမ်ဝင်ငွေရယ်လို့ …ပြား တစ်ချပ် မရှာနိုင် …ပေမဲ့ တစ်နေ့နေ့မှာတော့ …အကျယ် တစ်ခုခုဖြစ် …မှာ။ အန်တီလေးကရော၊ …ကရော၊ ကျွန်မပါ …လို မျှော်လင့်ကြတာပဲ။ … အားလုံးက မျှော်လင့် …သားကြတာပါလေ။

❑

၅။

…ိုးရွာပြီးစ မနက်ရဲ့ …ကလေးထဲ အဝင်ကို …ောက်ရင် အဲဒီနေ့က …အဆုံးကို မျှော်လို့မှ …ား တစ်ဖက်တစ် … အပင်အုပ်အုပ်ကြီး …ငံချင်းနွယ်ယှက် အုပ် …ကလွဲရင် အဆုံးကို လှမ်းမမြင်ရတဲ့ လမ်းကို ကျွန်မက သဘောကျနေခဲ့တာ။ ပြီးတော့ အပွင့်ကလေးတွေ၊ အပင်ကြီးတွေပေါ်က ဝါရွှေသွေး အပွင့်ကလေးတွေ၊ ခရမ်းပြာရောင် အပွင့်ကလေးတွေ၊ ပန်းရင့်ရောင် အသွေးအပွင့်ကလေးတွေ၊ သိပ်လှတာပဲ။ အပွင့်ကလေးတွေရဲ့အလှကို အားပါးတရ သဘောကျလို့ပြီးမှ တဖြည်းဖြည်းချင်း အကြည့်တွေက အောက်ဘက်ရောက်လာတဲ့ အခါ စိမ်းရွှက်ဖားဖား ဝေနေတဲ့ အရွက်ကလေးတွေရဲ့ အလှသဘာဝကို သတိထားမိသွားတော့တာ။

အိုး… မိုးရေစက်တွေ တင်ကျန်နေတဲ့ အရွက်တောင့်တောင့်ကြီးတွေဟာ စိမ်းညို့လန်းဆန်းလို့၊ သူ့အလှက အလှထက် အားမာန်က ပိုတယ်လို့ ထင်မိတယ်။ ကြည့်ပါ၊ အရွက်စိမ်းတွေက နောက်ခံမှာ ပိုးထားတော့ အပွင့်တွေဟာ ပိုလို့ ရုပ်လုံးကြွလာတော့တာ ဘယ်သူမြင်နိုင်မှာလဲ။ ဒါကို ကျွန်မ မြင်ခဲ့ပြီ။ အရွက်ကလေးတွေရဲ့အလှကို။ တကယ်က ပန်းကလေးတွေတင် ပွင့်တာ မဟုတ်ဘူး၊ အရွက်ကလေးတွေကပါ သူ့အားမာန်နဲ့သူ ပွင့်နေကြတာ။

ကျွန်မအမြင်မှာ သူတို့ ကိုယ်တိုင် သူတို့ ဘယ်လောက်လှတယ် မသိတာကိုက အလှတရားတစ်ခု ဖြစ်လို့နေတာ။

အဲဒီနောက်မှာ ကျွန်မ သိခဲ့ဖူးတဲ့ လူတချို့ကို ကျွန်မစိတ်က မှတ်မှတ်ထင်ထင် သတိရမိသွားတော့တယ်။

လူ့အဖွဲ့အစည်းကြီး တစ်ခုလုံးရဲ့ အကျိုးကို သယ်ပိုးဖို့ဆိုတာ ကိုယ့်မိသားစုအတွင်းကနေ ဖြည်းဖြည်းချင်း စ,ကြရမယ် မဟုတ်လား။ ကျွန်မ တွေ့ခဲ့ဖူးတဲ့ အဖေအိုကြီးကို လုပ်ကျွေးစောင့်ရှောက်နေတဲ့ တက္ကစီဒရိုင်ဘာအမျိုးသားလေး၊ စာတော်တဲ့ ညီမကလေး ကျောင်းဆက်နေနိုင်ဖို့အတွက် ကျောင်းထွက်ပေးလိုက်ရတဲ့ မပြည့်စုံတဲ့ ဘဝတွေထဲက အလယ်တန်းကျောင်းသားကလေး၊ ပတ်ဝန်းကျင်ကဘယ်လောက်ပဲ ရယ်သွမ်းနေပါစေ တစ်မိသားစုလုံးတာဝန်ကို ပခုံးထမ်း လုပ်ကျွေးနေတဲ့ အလှဖန်တီးရှင် မိန်းမလျာကလေး၊ မသန်သော်လည်း စွမ်းရမည်ဆိုတာကို ယုံကြည်ချက်အပြည့်နဲ့ ပုံဖော်ကြိုးစားနေတဲ့ အရိုးပျော့ရောဂါသည်ကလေး။

သူတို့အားလုံးဟာ ကျွန်မအတွက်တော့ ရဲရင့်သန်စွမ်းပြီး လူမသိသူမသိ လှနေကြတဲ့ အရွက်ပွင့်ကလေးတွေပါပဲ။ ဘဝကြီးရဲ့ နေဒဏ်၊ လေမိုးဒဏ်အောက်မှာ ကြံ့ကြံ့ခံရင်း အစွမ်းကုန် စိမ်းလန်းတောက်ပနေကြလေရဲ့…။

သူတို့ ဘယ်လောက်လှတယ် သူတို့ကိုယ်တိုင် မသိကြတဲ့ မသိခြင်းအလှတရားထဲက အရွက်ပွင့်ကလေးတွေ၊ သိပ်လှတာပဲ…။

❑

၆။

ကျွန်မ ပြောသားပဲ။ ကျွန်မက အူတိအူကြောင်ပါဆို။ မောင့်နာမည်ကို နားနဲ့ဆတ်ဆတ်ကြားတာတောင် နာမည်တူများဖြစ်မလားတွေးမိသေးတာ။ မမလတ် ချီးမွမ်းခန်းဖွင့်ရလောက်အောင် တော်တဲ့ အမျိုးသားလည်း လောကမှာ ရှိသေးတာကိုးလို့ ကျွန်မက ရိုးရိုးကလေး တွေးမိတယ်။

အဲဒီအမျိုးသားဟာ ကျွန်မရဲ့မောင်နဲ့ အတူတူပဲ၊ မမလတ် အသေအချာရှေးပြီး တို့ခနဲ ဆွဲလိုက်တဲ့ ကြိုးတစ်ချောင်းဟာ မောင်ပဲလို့ သိလိုက်ရတဲ့ အခါမှာတော့ ကျွန်မ ကြိုးစားပြီး ရယ်မောရတယ်။ ကျွန်မတို့နှစ်ဦး သဘောတူထားခဲ့ကြတဲ့ လွတ်လပ်စွာချစ်ပိုင်ခွင့်၊ လွတ်လပ်စွာလမ်းခွဲနိုင်ခွင့်၊ လွတ်လပ်စွာရွေးချယ်ခွင့်…။ မောင်ဟာ ဒါတွေကို ကောင်းကောင်းကြီးနားလည်ခဲ့သားပဲ။

ကျွန်မက လွတ်လပ်စွာလမ်းခွဲနိုင်ခွင့်မှာတင် သက်သောင့်သက်သာ ရပ်တန့်လို့ထားခဲ့မိတာ။ လွတ်လပ်စွာလမ်းခွဲပြီးတဲ့နောက် မောင် တခြားမိန်းမကို လွတ်လပ်စွာရွေးချယ်သွားခဲ့ရင်ဆိုတာကို ကျွန်မမှ ဆက်တွေးမထားခဲ့မိတာ။ အခု ကျွန်မ ဆက်တွေးမထားခဲ့မိတာကို မောင်က ရွေးချယ်ပြသွားခဲ့ပြီ။

မောင် ဘယ်အချိန်မှာ ဘယ်ကိုရောက်နေတယ်၊ မောင် အခု ဘာစားနေတယ်၊ မောင် ညစာ ဘာဟင်းချက်ထားတယ်။ အဲဒီလို မောင်ကိုယ်တိုင်ပြောပြနေကျ မောင့်နေမှုထိုင်မှုဘဝလေးကို ကျွန်မ သိခွင့်ရှိမယ် မဟုတ်တော့ဘူး။ တစ်နေ့တာ ကုန်ဆုံးလို့



www.burmeseclassic.com

www.burmeseclassic.com

လမ်းခွဲကြရတဲ့ ချစ်သူနှစ်ယောက်ရဲ့ အိမ်ပြန်ချိန်ခွဲခွာပုံမျိုး မဟုတ်ဘူး။ မောင်နဲ့နောက်ထပ် ဘယ်တော့မှ… ဆိုတဲ့ နာကျင်မှုမျိုး…။

အတူတကွဆိုတဲ့ ပတ်သက်မှုတစ်ခု အဆုံးသတ်ခဲ့ပြီလို့ တိအကျသိလိုက်ရတဲ့ ကြေကွဲမှုမျိုး။ အဲဒီ နာကျင်ကြေကွဲမှုမျိုးတွေနဲ့ ကျွန်မ ခံစားတတ်စပြုပြီ။ ကျွန်မ ရှုံးတော့မလိုပဲ။

ဒီထက် ရှုံးနိမ့်တာက မောင်နဲ့ အတူသွားကြမယ်လို့ ပြောခဲ့ဖူးတဲ့နေရာလေးတစ်ခုကို ကျွန်မတစ်ယောက်တည်း လေလေလွင့်လွင့် ခရီးထွက်ခဲ့မိခြင်းပါပဲ။

လွယ်လာတဲ့ ကင်မရာရယ်၊ သုံးချောင်းထောက်ရယ်ကို ပခုံးပေါ်က ချပြီး အဝေးကမြင်နေရတဲ့ တောင်တန်းကြီးကို မြစ်တစ်ဖက်ကမ်းက မျှော်ကြည့်စဉ်မှာပဲ ကျွန်မခြေထောက်တွေ ကွေးညွှတ်နေခဲ့ပြီ။

'မင်း သိပ်ရောက်ဖူးချင်တယ်ဆို'

မောင့်စကားကို စိတ်နဲ့ပြန်အကြားမှာတော့ မြေအပြန့်ပေါ် ညီအောင် ထိန်းညှိနေဆဲ သုံးချောင်းထောက်ထိပ်က ရေပြင်ညီပြ အစိမ်းရောင်အစက်ကလေး ဟန်ချက်ပျက်သွားခဲ့တယ်။ အစိမ်းရောင်ကလေး စက်ဝိုင်းအလယ်ဗဟိုရောက်မှ ကင်မရာကို သုံးချောင်းထောက်တိုင်ကလေး ထိပ်မှာတပ်လိုက်တယ်။

အဝေးက တောင်တန်းကြီးကို တစ်ပုံပြီးတစ်ပုံ ရိုက်တယ်။ လက်က တစ်ပုံပြီး

မိန်းမတစ်ယောက်
အသက်လေး
ရလာတာနဲ့
ယောကျ်ား
မယူသေးဘူးလား
မေးကြ
ယူပြီးပြန်တော့လည်း
ကလေးလေးတာလေး
ယူကြလေ
ပြောပြန်ရော
တစ်ယောက်ချင်းစီ
ရဲ့
လွတ်လပ်ခွင့်ဆိုတာ
ဘယ်မှာလဲ

တစ်ပုံ နှိပ်နေချိန် ကင်မရာဝင်းဒိုးပေါ်က ကျွန်မမြင်နေရတဲ့ မြင်ကွင်းကဖြင့် ဝိုးဝါးလို့ လာခဲ့ပြီ။ ထရိုင်ပေ့ဒ်ဘေးနား ဖြေလျှော့ထိုင်ချလိုက်မိတယ်။ အပေါယံကြော အင်မတန်တင်းတဲ့ ယောကျ်ားဆန်ဆန် မိန်းမဟာ ငိုတတ်သေးသတဲ့။

ဂျင်းန်ဘောင်းဘီဝတ် ဒူးနှစ်ချောင်းပေါ် မျက်နှာအပ်လို့ တင်းထားတဲ့ ကျွန်မစိတ်တွေကို လွှတ်ချလိုက်မိတော့တယ်။ မောင့်အပေါ် ချစ်တဲ့ ချစ်ခြင်းတွေကိုဖြင့် အကုန်အစင် လွှတ်ချနိုင်ခဲ့ပါရဲ့လား။ ကျွန်မ မသေချာ။ ကျွန်မဟာ အပေါ်ယံ အခွံမာသစ်သီး တစ်လုံးရယ်လေ။

❑

၇။

ရန်ကုန်ကို ပြန်ရောက်ရောက်ချင်းပဲ မမလတ်ဆီက ဖုန်းခေါ်ထားတာတွေ တွေ့ရတယ်။ အထုပ်မဖြေနိုင်သေးဘဲ မမလတ်တို့အိမ်ကို အရင်သွားလိုက်ရတာပေါ့။ မျှော်လင့်ထားတယ်လည်း မဟုတ်ပါဘဲ မောင့်ကိုတွေ့ရတဲ့အခါ ကျွန်မ အတော်လေး တည်ငြိမ်နေခဲ့တာ။ မောင့်မျက်နှာက အနည်းငယ်အံ့သြဟန်၊ ဒါကျွန်မပဲ သိလိုက်တာပါ။ မောင်ဟာ ဟန်ဆောင်ကောင်းသူလေ။ မမလတ်နဲ့ ကျွန်မ ညီအစ်မဝမ်းကွဲတွေလို့ မောင်မသိခဲ့သလို၊ မမလတ် ခင်ပွန်းလောင်းဟာ မောင်ဖြစ်နေလိမ့်မယ်လို့ (မမလတ် မပြောခင်အထိ) ကျွန်မ ထင်မထားခဲ့တာ။ သိစရာမလို၊ ထင်ထားစရာလည်း မလိုတဲ့ ကိစ္စတွေ မဟုတ်လား။ တစ်နေ့ကျရင် မောင်က ကျွန်မတို့ရဲ့ ဆက်နွယ်ခဲ့မှုဟာ ညီလို၊ အစ်ကိုလို၊ သွေးသောက်ရဲဘော်လို တစ်ယောက်ဘေးနား တစ်ယောက်က ရှိနေခဲ့ရုံဆိုတာမျိုးလောက်သာ မမလတ်ကို ပြောချင်ပြောပြလိမ့်မယ်။ တကယ်လည်း ကျွန်မတို့နှစ်ယောက်မှာ ချစ်သူတွေရယ်လို့ ကယုကယင်ဆန်ဆန်တွေ ရှိမှရှိမနေခဲ့ဘဲ။

သတို့သမီးအရံ ဝတ်ဖို့တဲ့၊ မမလတ် စီစဉ်ထားတဲ့ အဝတ်အစားတွေ နောက်တစ်နေ့ကျရင် ဒီဇိုင်နာဆီ အတူသွားပြီး ဖစ်တင်ချရမှာ

တဲ့၊ ဖိတ်စာနမူနာကို ကြည့်
ရင်း စကားတွေပြောနေကြ
မှာ ကျွန်မမျက်နှာ တစ်ချ
ကလေးမှ မပျက်ဘဲ အလို
တသင့်နေနိုင်ခဲ့သားပဲ။
နဲ့ ကျွန်မသာ လက်ထပ်
ရင် အဲသလို မင်္ဂလာပွဲ
လုပ်နေမှာ မဟုတ်ဘူး
ကျွန်မစိတ်ထဲက ပြော
တာ၊ အမှတ်မရှိ အနာအ
မရှိတဲ့ မိန်းမ။

မမလတ်က ထမင်း
ပြီးမှ ပြန်ဆိုတာကိုတော့
ပန်းလို့ နားချင်တယ်
အကြောင်းပြချက်နဲ့ ကျွ
ငြင်းလိုက်ပြီး အိမ်ပြန်
လိုက်တယ်။ ကိုယ့်
ဟောင်းရယ်၊ လက်ရှိ
လောင်းရယ်နဲ့ ထမင်း
ဝိုင်းတည်း အတူစား
တော့ ခုလောလောဆယ်
ကျွန်မ အသည်းမာနိုင်
မဟုတ်ဘူး။ မမလ
မောင့်ပန်းကန်ထဲ
ဟင်းတွေ၊ မေတ္တာထမင်း
အလျှံပယ် ခူးခပ်ထည့်
တာကိုမြင်ရရင် မျက်ရည်
ပါဘူးလို့ ကျွန်မမှ
မပေးနိုင်တာဘဲ။

မမလတ်တို့အိမ်
အထွက် လမ်းဘေး
လျှောက်က အပင်ကြီး
မြင်တော့ အရွက်ပွင့်က
တွေကို ကြည့်ပြီးရော
ကျွန်မကိုယ်တိုင်က
အရွက်ပွင့်ကလေးတစ်ပွင့်
ဖြစ်မလား။

အရွက်ပွင့်က
တန်ဖိုးကို မောင် သတိ
ခဲ့၊ မမြင်ခဲ့ဘူးလေ။

❑

၈။

ကျွန်မသူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

ဘာပြောလဲ သိလား၊ လွတ်လပ်စွာ ချစ်ခွင့်၊ ရွေးချယ်ခွင့် ရှိချင်ဦးလေ၊ လက်ထပ်ဖို့ မလိုအပ်ချင်ဦးလေ။ ဟိုကောင်က နင်ဟာ သူထားခဲ့ရင်တောင် အခြေပျက်အနေပျက်ဖြစ်မယ့် မိန်းမ မဟုတ်ဘူး၊ သိပ်ကို လွတ်လပ်စွာ ထားရစ်ခဲ့နိုင်တဲ့အထိ နင်က အတွေးကြောင်၊ အခေါ်ကြောင်နဲ့ ရဲရင့်ပြချင်တဲ့ မိန်းမတိုး၊ နောက်မှ ငါ့ဆီ လာမငိုနဲ့ ငါ မသနားဘူးတဲ့လေ။ အင်မတန် ရက်စက်တဲ့ သူငယ်ချင်း။

ဘာမှတော့ မထူးဆန်းပါဘူး။ လွတ်လပ်စွာ လမ်းခွဲခွင့်နဲ့ ရွေးချယ်ခွင့်တွေအရ အောင် ကျွန်မကိုထားခဲ့တယ်။ ကျွန်မထက် သူ ပိုလိုအပ်တယ်ထင်တဲ့ မိန်းမတစ်ယောက်ကို၊ ကျွန်မထက် ပိုမိုသာလွန်တဲ့ မိန်းမတစ်ယောက်ကို ရွေးချယ်သွားခဲ့တယ်။

ကျွန်မထက် ပိုလိုအပ်သလား၊ ကျွန်မထက် တကယ်ပဲ သာလွန်သလား၊ ကျွန်မဟာ မောင့်စံနှုန်းနဲ့ တိုင်းတာလို့မှ အရည်မမီတဲ့ အညံ့ပန်းတစ်ပွင့်လား။

လားပေါင်းများစွာဟာ ကျွန်မအရှုတ္တထဲမှာ ပူလောင်ထောင်လွှားနေရင်းက အပြင်ပန်းမှာတော့ ဒဏ်ရာမဲ့ပုံ တည်ငြိမ်ပြနေရတာ ဘယ်လောက်ပင်ပန်းဆင်းရဲလိုက်တဲ့ အဖြစ်ပါလဲ။

ချစ်ခြင်းတရားမှာ ဒါ ကျွန်မရဲ့ ကျဆုံးခန်းရယ်လို့ ရှုံးနိမ့်နာကျင်နေရင်းကပဲ မောင်ဟာ ကျွန်မတန်ဖိုးကို မသိလေခြင်းလို့ ဝမ်းနည်းမာန ဖြစ်ရသေးတယ်။ ကျွန်မရဲ့ ကျဆုံးခန်းမှာ ကြေကွဲလူးနစ်လို့ မွန်းကျပ်ခဲ့ချိန်တွေထဲ ကျွန်မကိုယ်ကျွန်မ အရွက်ပွင့် ကလေးတစ်ပွင့်လို့ သတ်မှတ်မိခဲ့တဲ့အထိ ကျစိတ်ကို ပြန်ဆယ်ရတယ်။

အဲဒီ သတ်မှတ်ချက်မှာပဲ ကျွန်မ မလုံမလဲဖြစ်ရတယ်။

တကယ်တော့ . . . ကျွန်မရဲ့ကျဆုံးခန်းက အဲဒီကျမှ စ,တာ။ မသိခြင်းမှာ တန်ဖိုးတစ်ခုရှိနေရာက သိမှုအဖြစ် ကူးပြောင်းသွားတဲ့အခါ သူ့အလှတရားဟာ တင်းပြည့်ကျပ်ပြည့်ရှိရာက လျော့ကျသွားရတော့တယ်။

ကျွန်မဟာ အရွက်ပွင့်ကလေးဖြစ်စေ၊ ပန်းကလေးတစ်ပွင့်ပဲဖြစ်ပါစေ မသိလို။ သိခြင်းရဲ့ နောက်က ကပ်ပါလာတဲ့ မာနနဲ့ လှရမှာထက်စာရင် မသိခြင်းရဲ့ ရိုးသားတဲ့ အလှတရားထဲမှာသာ တင်းပြည့်ကျပ်ပြည့် ရှင်သန်လိုတယ်။ အသက်ရှူဝလင်တယ် ထင်မိတယ်။

မမလတ်ဟာလည်း အဖိုးတန် ပန်းကလေးတစ်ပွင့်မှ မဟုတ်လား။

မောင် ကျေနပ်မှာပါ။ မမလတ်ကတော့ သူမကိုယ်တိုင် ပန်းကလေးတစ်ပွင့်ဖြစ်တယ်ဆိုတာ မသိဘူးထင်ပါရဲ့။ အို… မမလတ်ဟာ မိန်းမတုံး၊ မိန်းမအမှု မဟုတ်ဘဲ၊ သူမမှာရှိတဲ့ ပကတိ တန်ဖိုးထက် ပိုလှတယ်တောင် ထင်ချင်ထင်နေဦးမှာ။ သိခြင်းနဲ့ တစ်ထပ်တည်းကျတဲ့ မာနတွေနဲ့ မမလတ် တစ်ဘဝလုံး မွန်းပိတ်ရှင်သန်နေဦးမှာ။ သေချာပါတယ်။

အဲဒီ အသေအချာသိမှုမှာ ကျွန်မ ပျော်တယ်။

■

**ချစ်ကြည်အေး**

Dictionary for All
သာလွန်
အင်္ဂလိပ် - မြန်မာ
အဘိဓာန်
THALUN Bookstore Yangon
သာလွန်စာအုပ်တိုက်
၁၆၉၊ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဗိုလ်ဆွန်ပက်လမ်းထောင့်၊ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၃၀၈၊ ၂၄၉၂၀၈
အမှတ်(၃၇၇/၃၇၉)ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၂၄၀၁၅၃၊၂၄၂၀၃၇၊၃၇၂၂၆၆
၁၆၅/၂ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်၄၅လမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၇

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




အမှတ် ၃၃၁၊ ဇွန်၊ ၂၀၁၇
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည် ၈/ဆုံး

ထိန်တိုင်၊ လဲတော၊
စမ်းပေါက်နဲ့
ညောင်တစ်ပင် ရွာတန်း
မြောက်ဘက်
တစ်ဖာလုံလောက်
အကွာက
ကွင်းတောကြီးကို
မြို့ပေါ်က
စက်ယန္တရားကြီးတွေ
ရောက်လာပြီး ထိုးကော်
ရှင်းလင်းနေတာမြင်တော့
တောသူတောင်သားတွေ
ခမျာ ထုံးစံအတိုင်း
အထိတ်တလန့်
ဖြစ်ကုန်ကြတာပေါ့။
ရွာတန်း
အနောက်တောင်ဘက်ကနေ
အဲဒီကွင်းတောကြီးကို
ပတ်စီးနေ့



www.burmeseclassic.com

www.burmeseclassic.com

ရိုးချောင်းကြီးများ ပျက်စီးပျောက်ကွယ်သွားလေမလား၊ ငါတို့ရွာတွေနဲ့ ငါတို့လယ်ယာတွေ လွတ်လွတ်ကင်းကင်းမှ ရှိပါ့မလား။ စက်ရုံက ဘာစီမံကိန်းလဲ၊ ဆိုင်းသံမကြား ဗုံသံမကြား ဗြုန်းစားကြီး ရောက်လာတာမို့ အမျိုးမျိုး တွေးပူနေကြတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကတော့ အာပေါက်အောင် ရှင်းပြနေကြလေရဲ့။

'အားလုံး လွတ်လွတ်ကင်းကင်းပါ၊ စိတ်မပူကြပါနဲ့။ ဒီလို စက်ရုံစီမံကိန်းမျိုးတွေ ရောက်လာတာ ကောင်းပါတယ်။ ကျွန်တော်တို့ရွာတွေ ဖွံ့ဖြိုးတာပေါ့။ လမ်းတံတားတွေ ပိုကောင်းလာမယ်၊ အလုပ်အကိုင် အခွင့်အလမ်းတွေရလာမယ်၊ ဈေးသည်တွေ ဈေးကွက်ရလာမယ်။ အားလုံး အေးအေးဆေးဆေးပါ'

အရင်ဆုံး အလုပ်ဖြစ်နေသူကတော့ လဲတောသူနဲ့ အိမ်ထောင်ကျနေတဲ့ ထိန်တိုင်သား ကိုအုံးမောင်ပါပဲ။ သူက နှုတ်သွက် ခြေသွက် လူပေါင်းညက်တဲ့သူ။ တစ်ပတ်နှစ်ပတ်အတွင်း ယန္တရားဆရာတွေ၊ အင်ဂျင်နီယာတွေ၊ တာဝန်ခံလူကြီးပိုင်းတွေနဲ့ ဖက်လှဲတကင်းဖြစ်နေပြီ။ မြေတူးမြေပေါက်၊ မြေသယ် အလုပ်ကြမ်းသမား ရှာပေးတာ၊ စက်ပစ္စည်းတွေထားဖို့ ယာယီဂိုဒေါင်တွေ၊ လူနေဆောင်တွေအတွက် သစ်ဝါးအစ လက်သမားအဆုံး ကိုအုံးမောင်ကပဲ ဆက်သွယ်ရှာဖွေပေးရတယ်။ အမဲရှာ၊ ကြက်ရှာ စားသောက်ကုန်တွေ

> ကျုပ်တို့သားလေး
> တက္ကသိုလ်
> ကျောင်းသားကြီး
> ဖြစ်ပြီး
> ဘွဲ့တွေဘာတွေ
> ရလာတဲ့အခါ
> ကျုပ်
> မြင်ချင်စမ်းပါဘိတော်
> လူပျိုကြီးဖားဖား
> တကယ့်ယောကျ်ား
> တစ်သွေး
> တစ်မွေးကြီးနဲ့
> မြို့ပေါ်က
> သူဌေးသမီးတွေ
> နန့်နန့်လူး
> ဝိုင်းဝိုင်း
> လည်နေကြမှာ
> မြင်ယောင်မိသေး

အတွက်လည်း သူ့ခြေသူ့လက်ပဲ။

တစ်ရက်တော့ စက်ရုံစီမံကိန်းက တာဝန်ခံလူကြီးဆိုလား ကားတစ်စီးနဲ့ ထိန်တိုင်ကို စ,ရောက်လာတယ်။ ရွာက ဆင်းရဲနွမ်းပါးသူတွေကို စာရင်းကောက်ပြီး အဝတ်အထည်နဲ့ ဆန်ထုပ်တွေဝေတယ်။ အုပ်ချုပ်ရေးမှူးအဖွဲ့နဲ့ အတူ အလုပ်အရှုပ်ဆုံးလူလို့ ပြောရမယ့် ကိုအုံးမောင်လည်း အပါအဝင်ပေါ့။ ထိန်တိုင်က နွမ်းပါးသူစာရင်းထဲမှာ ကိုသာဆောင်နဲ့ မခင်အိတို့ လင်မယား ထိပ်ဆုံးကပါတယ်။ ကိုသာဆောင်က လယ်မရှိ၊ ယာမရှိ၊ အတတ်ပညာမရှိလေတော့ ကြုံရာကျရာ အကုန်လုပ်တယ်။ မခင်အိက အရင်ဈေးရောင်းခဲ့ဖူးပေမဲ့ နောက်ပိုင်းမှာ အရင်းပြုတ်လို့ မှီခိုသူလုပ်လာတာ ကြာပြီ။ မွေးထားတဲ့ ကလေးကသားယောကျ်ားလေးတွေချည်း ငါးယောက်။ တစ်ယောက်ကိုမှ ကျောင်းမထားနိုင်ဘူး။ လက်ရှိ ရင်ခွင်ပိုက်ကလေးက ရှစ်လထဲဝင်စရှိသေးတယ်။ ဆိုပါတော့၊ သူတို့မိသားစု ဝေစုရကြတယ်။ မခင်အိက သူ့ရင်ခွင်ပိုက် သားလေးအတွက် အဝတ်အထည်စာရင်း မပါလို့ မကျေနပ်ဘူး။ အုပ်ချုပ်ရေးမှူး ကိုကျော်တင့်နဲ့ စကားအချေအတင်ဖြစ်ကြတယ်။

'ဒီလသားအရွယ်လေးတွေအတွက် ဘာမှ မပါဘူး။ မကျေနပ်ရင် ဟောဟိုမှာ သူဌေးရှိတယ်၊ ကိုယ်တိုင်သွားပြော'

မခင်မိကလည်း ကားလှလှကြီး ဘေးမှာ ရပ်နေတဲ့ သူဌေးဆီ ရုတ်ခနဲ ရောက်ချသွားတယ်။ သူဌေးက လူလတ်ပိုင်းအရွယ်ပဲရှိသေးတယ်။

'ဒီမယ် သူဌေးမင်း၊ ဟောဒီ ကျုပ်သားလေးကျ ဝေစုစာရင်း မပါဘူးပြောတယ်။ ကျုပ်သားလေးကို လူစာရင်း မသွင်းတဲ့သဘောလား။ ကျုပ်တို့မှာ သူ့အတွက် အဝတ်အစား မတတ်နိုင်လို့ ပုဆိုးစုတ်အပိုင်းအစလေးတွေပဲ ပတ်ပေးထားရတယ်'

'ဟင်'

သူဌေးလည်း ရုတ်တရက် ကြောင်သွားတယ်။ ပြီးတော့မှ ပုဆိုးစုတ်ကလေး နဲ့ ပတ်ထားတဲ့ ဝဝတစ်တစ် ဖြူဖြူဖွေးဖွေး ကလေးလေး ကို သေချာကြည့်ပြီး တ တသြဖြစ်သွားတယ်။ လှ ယမ်းကန်ကြောက်နေတဲ့ ကလေးရဲ့ လက်သီးဆု ကလေးကို သေသေချာချ ကိုင်ကြည့်တယ်။

'ကလေးက ချစ်စရ လေးပါလား။ ကျန်းမာလို တာ လက်ကလေးတွေ မာကျစ်နေတာပဲ။ ဘယ်နှ ရှိပြီလဲ၊ သူ့ကို ဘာကျွေး

ဒေါပွနေတဲ့ မခင်အိ မျက်နှာ ချက်ချင်း ပြေလျှော့ သွားတယ်။

'ရှစ်လထဲဝင်ပေါ့ တနင်္ဂနွေသားလေ။ အရင် ကလေးတွေတုန်းကလည်း သူ့အတိုင်းပါပဲ။ ကျုပ်တို့ ဆင်းရဲသလောက် ကလေး တွေကတော့ ကျန်းမာလို သမှ ဒေါင်းဒေါင်းပြေးချည်း ပဲ။ ဒီကလေးကျမှ နို့အ သိပ်မကောင်းလို့ ထမင်းရည် ကို ထန်းလျက်နဲ့ ပြန်ကျို အခုသဘောမျိုး တိုက် တယ်။ ငှက်ပျောသီးဖီးကြမ်း ပျော့ပျော့လေးခြေပြီး ခွံ့တယ် ကျုပ်သားလေးက ဘယ်အ ကလာသလဲ မသိပါဘူး၊ ပါးစပ်ထဲထည့်ပေးသမျှ အကု မျိုချပစ်တာပဲ'

'ဒီအရွယ်ကလေး အတွက် အဝတ်အထည် မလာဘူး။ ပါလာတဲ့ထဲ အသေးဆုံးဆိုဒ်တွေ ရွေး ရင်ဖြစ်မလား။ ကလေးကြီး ရတာ အထွားမြန်လောက် တယ်။ ဒါမှမဟုတ်ရင် ရက်နှစ်ရက်လောက် ပေးပါ၊ ကိုအုံးမောင့်



www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်ပါ့မယ်'

'ရပါတယ် သူဌေးရယ်၊ အလကားရတဲ့နွား သွားဖြဲကြည့်နေသလိုဖြစ်နေပါ့မယ်။ ခုပါလာတဲ့အထဲကပဲ သင့်တော်တာလေး တစ်ထည် နှစ်ထည်လောက် ရရင် ဖြစ်ပါတယ်။ သူဌေးမင်းလည်း ခုလိုမျိုး အမြဲ လှူနိုင်တန်းနိုင် ပေးကမ်းနိုင်ပါစေ၊ ခုထက်ပိုပြီး ချမ်းသာပါစေ၊ ကျန်းမာပါစေတော်'

အဲဒီနေ့က သူဌေးကိုယ်တိုင် ကလေးဝတ်အင်္ကျီနဲ့ ဘောင်းဘီနှစ်စုံ လိုက်ရွေးပေးတယ်။ ပြီးတော့ ကလေးရဲ့ လက်နှစ်ဖက်လုံးကို ဆုပ်ကိုင်နှုတ်ဆက်လိုက်သေးတယ်။ ခင်အိ ပျော်မဆုံးကိုဖြစ်လို့။

နောက်တစ်ရက်ခြား ညနေပိုင်းအချိန်မှာ ကြွပ်ကြွပ်အိတ်ကြီးတစ်လုံးနဲ့ ကိုအုံးမောင် ရောက်လာတယ်။ တဲထဲမှာ ကိုသာဆောင်တို့ လင်မယားနဲ့ အိပ်ပျော်နေတဲ့ ကလေးပဲရှိတယ်။

'ကိစ္စရှိလို့လား ကိုအုံးမောင်၊ လာထိုင်ဗျာ ရေနွေးရှိတယ်။ စီမံကိန်းဆိုက်ထဲ အလုပ်ပေါ်ရင် ကျုပ်ကို မမေ့ကြနော်၊ ဘာအလုပ်ဖြစ်ဖြစ်ပေါ့'

'ဒါတော့ စိတ်ချ၊ ကိုသာဆောင်ကို ထိပ်ဆုံးက စာရင်းတို့ထားပါ့မယ်။ ရှေ့လျှောက် ခင်ဗျားတို့လင်မယား အဆင်ကောင်းဖို့ရှိတယ်ဗျ။ ဒါနဲ့ ကလေးတွေ မမြင်ပါလား'

'ရွာလယ်ပိုင်းသွားပြီး ဆော့နေကြမှာပေါ့'

'ကလေးဝတ်အထည်တွေ သူဌေးက ရှာဝယ်ပေးလိုက်တယ်။ ဟောဒီမှာ မုန့်ဘူးတွေရော၊ ဒီဘူးက ကလေးအာဟာရမှုန့်။ ရေနွေးလေးနဲ့ ဖျော်တိုက်ရုံပဲ။ ခင်ဗျားတို့သားလေးကို သူဌေးက တော်တော် သဘောကျနေတာ။ မျက်စိထဲကကို မထွက်တော့ဘူးဆိုပဲဗျ၊ ဟားဟား'

'အားနာစရာဗျာ၊ အဲဒီနေ့ကပဲ ကလေးအတွက် သင့်မယ်ထင်တာလေးတွေ သူဌေးကိုယ်တိုင် ရွေးပေးခဲ့တာပဲဟာ။ ဟောဒီက မခင်အိလေ၊ သူဌေးကို အားမနာ လျှာမကျိုး သွားပြောတာ၊ တားလို့ကို မရဘူး'

'ကျုပ်က ဘာပြောလို့တုံးတော့။ ကျုပ်တို့သားလေး ဝတ်စရာမရှိလို့ မရှိတဲ့အကြောင်း ပြောတာပဲ။ အုပ်ချုပ်ရေးမှူး ကိုကျော်တင့်က ကျုပ်သားကို လူစာရင်းမသွင်းဘူးထင်လို့။ သူဌေးက သားလေးလက်ကို ကိုင်ကြည့်ပြီး သိပ်သဘောကျနေတာ အဟင်း ဟင်း'

'အဲဒါပဲ၊ ကလေးကိစ္စက အထူး အရေးပါနေတယ်။ ကျွန်တော်ကတော့ ဒီကလေးဟာ သူဌေးဇာတာပါနေတယ်ထင်တာပဲ။ ခင်ဗျားတို့လင်မယား ဒီကလေး နောင်ရေးအတွက် အထူးအလေးပေးပြီး စဉ်းစားဆုံးဖြတ်စေချင်တယ်။ သူ့အထက်က အကြီးကောင်လေးတွေကြည့်ဗျာ၊ မိဘတွေ နွမ်းပါးကြလေတော့ အများနည်းတူ ကျောင်းတောင် မနေကြရရှာဘူး။ ဆိတ်ကျောင်း၊ နွားကျောင်း လိုက်ဆိုလိုက်ရ၊ သစ်ထမ်းဝါးထမ်း လိုက်ဆိုလိုက်ရ၊ လယ်ထဲချောင်းထဲငါးရှာဖားရှာလုပ်ရ၊ သူများခိုင်းသမျှ အရွယ်နဲ့ မလိုက်အောင် ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရရှာ မဟုတ်လား။ ဒီကလေးတွေ သေစာရှင်စာလေးတောင် မတတ်ကြဘဲ ဆင်းဆင်းရဲရဲ ကြီးပြင်းလာကြရမှာ တွေးကြည့်ရင် သိပ်သနားစရာကောင်းလှပါတယ်ဗျာ။ အဲ- အဲဒီအထဲမှာ ဒီအငယ်ဆုံးကလေး ပါမပါဆိုတာတော့ ခင်ဗျားတို့ လင်မယားအပေါ်မှာ လုံးဝ တည်နေတယ်'

ကိုသာဆောင်နဲ့ မခင်အိတို့ အူကြောင်ကြောင်နဲ့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ ကိုအုံးမောင် မျက်နှာက ပြုံးဖြဲဖြဲနဲ့။

'ကိုအုံးမောင်ပြောတာ ကျွန်တော် နားမလည်ဘူးဗျ၊ တည့်တည့်ပြော'

'ဟုတ်ပါ့၊ ကျုပ်လည်း အူလည်လည်ပဲ'

'အဟား ဟား၊ ပြောပါ့မယ်ဗျာ။ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းပါ။ ခင်ဗျားတို့ သားလေးကို သူဌေးက အမွေစားအမွေခံ သားအဖြစ် မွေးစားချင်သတဲ့ဗျ။ ကဲ ဘယ်လောက် ကံထူးလိုက်တဲ့ ကလေးလဲ။ အင်မတန် ကြုံတောင့်ကြုံခဲအဖြစ်နော်။ ခင်ဗျားတို့ ဝမ်းမသာကြဘူးလား'

ကိုသာဆောင်ရော မခင်အိပါ အထိတ်တလန့်နဲ့ အံ့သြငေးမောသွားကြတယ်။ ပြီးတော့မှ ဘေးနားချသိပ်ထားတဲ့ သားတော်မောင် ပိစိလေးကို ပြိုင်တူ ငုံ့ကြည့်လိုက်ကြရဲ့။

'သူဌေးက သားအရင်းအဖြစ် စာချုပ်စာတမ်းနဲ့ သေသေချာချာ မွေးစားမှာနော်။ သူမွေးစားလိုက်တာနဲ့ ဒီကလေးဟာ နေ့ချင်းညချင်း သူဌေးသားဖြစ်သွားပြီ။ မြို့ပေါ်မှာ တိုက်ကြီးတာကြီးနဲ့ နေရမယ်။ အစားကောင်း အသောက်ကောင်းတွေ စားရသောက်ရမယ်။ ပညာကောင်းကောင်း သင်ရမယ်။ သူတို့ လုပ်လိုက်ရင် ဆရာဝန်လား၊ အင်ဂျင်နီယာလား တစ်ခုခုတော့ သေချာပေါက်ပဲ။ နယ်နယ်ရရ မမှတ်လိုက်ကြနဲ့နော်။ နိုင်ငံခြားကိုတောင် လွှတ်ပြီး ပညာသင်ပေးမှာဗျား'

ကျောက်ရုပ်တွေ ဖြစ်သွားကြတဲ့ နှစ်ယောက်သားမှာ ကိုသာဆောင်က အရင်အသက်ပြန်ဝင်လာတယ်။

'အင်း စဉ်းစားရတာ တစ်မျိုးကြီးပဲဗျာ။ ကျွန်တော်တို့က ကိုယ့်သားသမီးကို တစ်သက်လုံး စွန့်လွှတ်လိုက်ရမှာ ကိုအုံးမောင်ရ။ ကိုယ့်သွေး ကိုယ့်သားကို အရုပ်တစ်ရုပ်လို သဘောထားပြီး ပေးပစ်ရမှာ မဖြစ်နိုင်ပါဘူးဗျာ'

'ဒါကြောင့် ကလေးနောင်ရေးကို အထူးအလေးပေး စဉ်းစားဖို့ စကားပလ္လင်ခံထားတာပေါ့။ ကိုယ့်ဘက်ထက် ကလေးဘက်ကို ဦးစားပေး စဉ်းစားရမှာ ကိုသာဆောင်ရဲ့၊ မိဘဆိုတာ စွန့်ရေမဟုတ်ဘူးလားဗျာ'

'ဟုတ်တယ် ကိုသာဆောင်၊ စကားကို အပြတ်ကြီး မပြောလိုက်နဲ့ဦး။ အေးအေးဆေးဆေး စဉ်းစားကြတာပေါ့။ ကျုပ်က ဟောဒီ

www.burmeseclassic.com

ဗိုက်ကြီးနဲ့လွယ်ပြီး မွေးခဲ့ရတဲ့ မအေပါ။ သားလေးဘက်ကို ကြည့်ပြန်တော့ ကိုအုံးမောင် ပြောသလို ငရဲတွင်း၊ ဆင်းရဲတွင်းထဲကနေ နတ်ဘုံနတ်နန်းပေါ် ရောက်သွားသလို သားလေးဘဝ ကြီးပွားချမ်းသာသွားမှာ သေချာတယ်။ သားလေး ဒီဘဝမျိုးကို ရောက်သွားရင် ကျုပ်တို့ရင်တွေ ဖြန်းဖြန်းကွဲပါစေတော့ ကျုပ် ကျေနပ်တယ်'

လွန်ပွဲက သူတို့ လင်မယားနဲ့ ကိုအုံးမောင် မဟုတ်တော့ဘဲ လင်မယားချင်း ပြန်ဆွဲတဲ့ပွဲ ဖြစ်လာတယ်။ ကိုအုံးမောင်ကလည်း ဒီပွဲအောင်လိုက်ရင် သူဌေးဘက်က ကျလာမယ့် လာဘ်လာဘ မြိုးမြိုးမြက်မြက်ကို မြင်ထားလေတော့ သူ့ဘက်ယိမ်းမယောင်ရှိနေတဲ့ မခင်အိကို ဖိဆွယ်တော့တာပေါ့။

'သူဌေးနာမည်က ဦးမျိုးထွဋ်ကျော်၊ သူဌေးကတော်က ဒေါ်သီရိအောင်တဲ့။ သူတို့မှာ သမီးလေးတစ်ယောက်တည်းရှိတာ။ အဲဒီသမီးလေးကိုတောင် သူတို့ အိမ်ထောင်သက် ဆယ်နှစ်လောက်ရှိမှ ဆေးပညာပါရဂူကြီးတွေ အကူအညီနဲ့ ယူခဲ့ကြရတာဆိုပဲ။ ဒေါ်သီရိအောင်က မွေးရာပါ နှလုံးရောဂါဆိုလား၊ ရှော့ဆိုလား မသိပါဘူး အဲဒီရောဂါရှိသတဲ့။ ကလေးယူရင် အသက်အန္တရာယ် သိပ်ကြီးသတဲ့ဗျာ။ သားရူး ရူးနေကြတဲ့ သူတို့လင်မယားအတွက်ရော၊ သမီးလေး အဖော်အဖြစ်ရော ကလေးမွေးစားဖို့ ရှာခဲ့ကြတာ အတော်ကြာပြီ။

အမယ်လေး
မြို့ကြီးသား -
လူပျိုထွား
ကျုပ်သားကို
အားရပါးရကြီး
ဖက်တဲ့ပြီး
အမေ့ကို
မှတ်မိသေးရဲ့လား
သားရဲ့
ဟောဒီမှာ
မင်းရဲ့
အဖေအရင်းဟဲ့
ဟောဒါ
မင်းရဲ့
အစ်ကိုကြီး
ခင်ဆောင်ဟဲ့
ဟောဒါက
မင်းရဲ့
အစ်ကိုလတ်
တင်ဆောင်ဟဲ့

စိတ်တိုင်းကျ မတွေ့ခဲ့ဘူး။ ဟော- ဒီကလေးကျမှ တစ်ခါမြင်လိုက်ရုံနဲ့ အကြိုက်တွေ့ သွားတော့တာပဲ။ ကလေးရဲ့ အတိတ်ဘဝ ကုသိုလ်ကံကိုက သိပ်ကြီးလို့နေမှာ'

'ကလေးအတွက်က ပြောနေစရာတောင် မလိုပါဘူး ကိုအုံးမောင်ရယ်၊ ကျုပ်တို့ မိဘတွေအဖို့သာပါ။ ဒါမျိုးလည်း ကြုံကြိုက်ဖူးကြတာမှ မဟုတ်ဘဲ'

'ဟိုနေ့က သူဌေးကားနဲ့ လဲတော့ဘက်ကို သွားဝေတော့ ကျွန်တော့်သားလေးကိုတောင် ပြလိုက်သေးတယ်။ ခုမှ အခါလည်ကျော်ရုံ ရှိသေးတာ။ သူဌေးက စိတ်မဝင်စားလို့ဗျနော်။ သူသာ သဘောကျရင် ကျွန်တော်ကတော့ ပျော်ပျော်ကြီး ပေးပစ်လိုက်ဖို့ ဝန်မလေးဘူး။ ကိုယ့်သားသမီးပဲဗျာ၊ ဘယ်ခွဲနိုင်ပါ့မလဲ။ ဒါပေမဲ့ ကိုယ့်သားသမီးကို ချစ်တဲ့စိတ်နဲ့ ဖက်တွယ်ထားတာဟာ ကိုယ့်ရဲ့အတ္တစိတ်သက်သက်ဗျ။ သားသမီးကောင်းစားရေးအတွက် စွန့်လွှတ်ပေးနိုင်တာမှ မိဘမေတ္တာ အစစ်အမှန်လို့ ကျွန်တော် ခံယူတယ်'

'မှန်ပါတယ် ကိုအုံးမောင်၊ ကျွန်တော် မငြင်းပါဘူး။ ဒါပေမဲ့ ခုကိစ္စက တစ်မျိုးဗျ၊ စဉ်းစားရ တော်တော်ခက်တယ်'

'ကဲပါလေ၊ ဖုတ်ပူမီးတိုက်ကြီးလည်း မဟုတ်ပါဘူး။ အေးအေးဆေးဆေး ဆွေးနွေးတိုင်ပင်ကြဦးပေါ့။ ညော်၊ မခင်အိကို ပြောရဦးမယ်၊ ကလေးကိစ္စ အဆင်ပြေရင် မခင်အိတို့ မိသားစုကို သူဌေးက ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှောက်ဦးမှာနော်'

အဲဒီညက သူတို့ လင်မယားနှစ်ယောက်လုံး အိပ်မပျော်ကြတော့ဘူး။ အတွေးနယ်ကိုယ်စီနဲ့ သားလေးရဲ့ အနာဂတ်ပုံရိပ်ကို မှန်းဆမြင်ယောင်နေမိကြတယ်။ မခင်အိကတော့ သားလေး မျက်နှာကို အကြိမ်ကြိမ် ပြန်ပြန်ကြည့်နေမိရဲ့။

'ယောကျ်ား'

'အင်း'

'ကျုပ်တို့သားလေး တက္ကသိုလ်ကျောင်းသားကြီး ဖြစ်ပြီး ဘွဲ့တွေဘာတွေရလာတဲ့အခါ ကျုပ်မြင်ချင်စမ်းပါ ဘိတော်။ လူပျိုကြီးဖားဖား တကယ့်ယောကျ်ားတစ်ယောက် တစ်မွေးကြီးနဲ့ မြို့ပေါ်က သူဌေးသမီးတွေ နန့်နန့်လူ ဝိုင်းဝိုင်းလည်နေကြမှာ မြင်ယောင်မိသေး။ သားလေးက ကျုပ်တို့ကို မမှတ်မိ လောက်ဘူးနော်။ ဒါပေမဲ့ ရုပ်ရှင်တွေဘာတွေထဲကလို တစ်နည်းနည်းနဲ့ မွေးစားမိဘတွေမှန်း သိသွားတဲ့အခါ မိရင်းဖရင်းတွေကို ရအောင် စုံစမ်းပြီး လာတွေ့မှာသေချာတယ်။ သားလေးက ပညာဉာဏ်တွေ ကြီးနေပြီလေ ... သွေးကလည်း စကားပြောဦးမှာကိုး။ အမယ်လေး မြို့ကြီးသား လူပျိုထွား ကျုပ်သားကို အားရပါးရကြီး ဖက်တဲ့ပြီး အမေ့ကို မှတ်မိသေးရဲ့လားသားရဲ့၊ ဟောဒီမှာ မင်းရဲ့ အဖေအရင်းဟဲ့၊ ဟောဒါ မင်းရဲ့ အစ်ကိုကြီး ခင်ဆောင်ဟဲ့၊ ဟောဒါက မင်းရဲ့ အစ်ကိုလတ် တင်ဆောင်ဟဲ့ ဟောဒါ - ဟောဒါက - အဟင့် အီး ဟီး ဟီး'

'ဟာ ဒီအရူးမ ဘာ... ယောက်ရူးထ ငိုရပြန်တာ... အိပ်မပျော်ရတဲ့အထဲ ကွာ... ကလေးက မင်းဘေးမှာ...'

'ကျုပ် တွေးရင်း... ရင်း ငိုချင်လာတာကို... ကျုပ်တို့ ဘယ်လိုလုပ်ကြ... ဟင်။ ကျုပ်ကတော့ ... သားလေး ကောင်းစားစေ... လိုက်တာတော်။ ဒီသူဌေး... ဒီကလေး ရှေးကရေစက်... လာကြလို့နေမှာ။ ကိုအုံး... ပြောသလို ကိုယ့်သား...



www.burmeseclassic.com

www.burmeseclassic.com

ကို ချစ်တဲ့စိတ်နဲ့ ဖက်တွယ်ထားရင် အကြီးကောင်တွေလိုပဲ ဖွတ်မွဲတစ်ကောင်ထပ်တိုးလာရုံအပြင် ဘာမှဖြစ်လာစရာ မရှိဘူး။ တော်ရော ဘယ်လိုစဉ်းစားမိလဲ ဟင်'

'ဘယ်လိုမှ မစဉ်းစားတတ်ဘူး။ ရွှေပင်မှာနား ရွှေကျေး၊ ငွေပင်မှာနား ငွေကျေးဆိုတဲ့ စကားအတိုင်း ဲ ဖွတ်ပင်မှာနားတော့ ဖွတ်ကျေးပေါ့ကွာ။ မင်းသဘော ဲ ခင်အိ။ မင်းသားကို တစ်သက်လုံး ခွဲနိုင်လား၊ ခွဲနိုင်လား။ ကိစ္စပြီးတော့မှ မျက်ရည် တလည်လည် အပူသည်ဓာတ် မခင်းလေနဲ့။ မင်းစိတ်ကူးယဉ်တဲ့ ရုပ်ရှင်တွေ ာတွေထဲကလိုလည်း ဖြစ်ာမယ် မထင်လေနဲ့၊ ငါ ပြောလိုက်ပါရဲ့'

'အိုတော်၊ ကိုယ်မနေနိုင် အခါ အလွန်းပြေ သွား ည့်လိုက်ရုံပေါ့၊ ကိုယ့်သား း ပဲဟာ'

'နားမလည် တော င် ည့် ပြောပြန်ပြီ၊ သူတို့က ပ်စာတမ်းနဲ့ အပိုင်မွေး ာ။ စာချုပ် ချုပ်ပြီးရင် ့သား ဖြစ်သွားပြီ။ မင်း ချင်တိုင်း တွေ့လို့မရ ဘူး။ ဒါမှ ကလေးက ကို အဖေရင်း အမေရင်း ာပေါ့။ အဲဒီလိုမဟုတ် ဘယ်မွေးစားလိမ့်မလဲ'

'ဒါဖြင့် တော်က တူတယ်ပေါ့'

'ခင်းသဘောအတိုင်း ပြောပြီးပြီလေ။ ငါ့မှာ န် မျောက်လောင်း ောင်တောင် ကျန် ပဲ၊ မင်းဗိုက်ကရော

နောက်တစ်ကောင် ထွက်မလာတော့ဘူး ပြောနိုင်လို့လား'

'အောင်မယ်၊ အဲဒါက ကျုပ်တစ်ယောက်တည်းနဲ့ ဆိုင်သလား ဟင်'

မခင်အိက ကိုသာဆောင့်လက်မောင်းကို ရှက်မျက်နှာနဲ့ လှမ်းထုတယ်။

❑

ခြံဝင်းကြီးထဲ လှမ်းဝင်ဝင်ချင်း ကြီးမားခမ်းနားလှတဲ့ တိုက်ကြီးကို မြင်ပြီး မခင်အိ အံ့သြငေးမောသွားမိတယ်။ ရင်ခွင်ထဲက သားလေးကို တင်းတင်းဖက်ပွေ့ရင်း ကံကောင်းလိုက်တဲ့ ငါ့သားလေးလို့လည်း ရေရွတ်လိုက်မိရဲ့။ သူတို့နှစ်ယောက် ကိုအုံးမောင်နောက်ကနေ တွန့်ဆုတ်ဆုတ် ခြေလှမ်းတွေနဲ့ လိုက်ပါခဲ့ကြတယ်။

'ကြည့်ပါဦး ယောကျ်ားရယ်၊ တိုက်ကြီးက ကျုပ်တို့တစ်ရွာလုံးတောင် နေလို့ရတယ်နော်'

'စိတ်ကူးယဉ်မနေနဲ့၊ တစ်ရွာလုံးကို မွေးစားမှာမဟုတ်ဘူး'

သူတို့နှစ်ယောက် စကားကြောင့် ကိုအုံးမောင်က တဟားဟားရယ်တယ်။ ပထမဆုံးတွေ့တဲ့ စင်တင်ပန်းရုံကြီးအောက်က ခုံတန်းပေါ် ခဏထိုင်ခိုင်းတယ်။

'ညှော်သည်တွေ ရောက်နေတယ်ထင်တယ်၊ ကားတွေတန်းစီလို့။ ကျွန်တော် အရင်ဝင်ကြည့်လိုက်ဦးမယ်'

ကိုအုံးမောင် ထွက်သွားပြီး ချက်ချင်း ပြန်ရောက်လာတယ်။ သူတို့ကို တိုက်ကြီးမြောက်ဘက်ထောင့်နားက

အုတ်ခံပျဉ်ထောင်အခန်းတွဲဆီ ခေါ်သွားတယ်။ ထိပ်ဆုံးက လွတ်နေတဲ့ အခန်းထဲမှာ နေရာချပေးတယ်။

'ဒီအခန်းက ဒရိုင်ဘာကိုခင်ထွန်းနေတဲ့အခန်း၊ ဟိုဘက်ခန်းက ခြံစောင့်ကြီးအခန်း၊ ဟိုဘက်ဆုံးက စတိုခန်းပေါ့။ ကျွန်တော် ဒီခြံထဲရောက်တာ အခု လေးကြိမ်မြောက်ပေါ့။ ဒီအခန်းမှာ တစ်ညအိပ်ဖူးတယ်'

'ခင်ဗျားလည်း သူဌေးလက်စွဲတော် ဖြစ်နေပြီနော်'

'သူ့ပီအေက သတ်သတ်ရှိတယ်ဗျ၊ ကျွန်တော်က ကြုံရာကျရာ တန်သလောက်ကလေး ဝင်ဆုံတာပါ'

သူတို့ စကားပြောနေကြတုန်း မြီးကောင်ပေါက်အရွယ်ကောင်မလေး ရောက်လာတယ်။ ကော်ဖီအိုးကြီးနဲ့ ကိတ်မုန့်တွေချပေးတယ်။

'ကော်ဖီသောက်၊ မုန့်စားကြပါဦး။ ဧည့်သည်တွေပြန်တော့ သမီး လာခေါ်ပါ့မယ်'

'ကျေးဇူးပဲ သမီးရေ၊ ကဲ ကိုသာဆောင်နဲ့ မခင်အိတို့ကြုံကြိုက်တုန်း အပြတ်သာတွယ်ကြပေတော့။ ဒါက ခင်ဗျားတို့သားလေးရဲ့ ဘုန်းတန်ခိုးဗျနော်။ ကျွန်တော်လည်း ဆင်ဖြူတော်မှီပြီး ကြံစုပ်နေရတာပေါ့၊ ဟား ဟား ဟား'

မခင်အိက ကော်ဖီနဲ့ ကိတ်မုန့်ကို တို့တို့ပြီး ကလေးကိုလည်းခွံ့. သူလည်းစားပေါ့။ အနံ့အရသာထူးလှတဲ့ ကော်ဖီကို သုံးခွက်တိတိသောက်တယ်။ ကိတ်မုန့်ဆို ဘယ်နှချပ်မှန်းတောင် မမှတ်မိဘူး။

'ရွာမှာ ကျန်ခဲ့တဲ့ ကလေးတွေကို ကျွေးချင်လိုက်တာတော်'

'ဟား ဟား၊ ဒါကြောင့် ကျွန်တော်ပြောတာပေါ့၊ ဒီကလေး သူဌေးသားဖြစ်သွားရင် ကောင်းပေ့ညွန့်ပေ့ဆိုတာတွေ စားရမယ်။ ဟောဒီခြံကြီးနဲ့ တိုက်အပြင် အတွင်းပစ္စည်းတွေ၊ ကားတွေ၊ စီးပွားရေးလုပ်ငန်းတွေ အားလုံးကို ဒီကလေးနဲ့ သူ့အစ်မ နှစ်ယောက်တည်း အမွေဆက်ခံရမှာ။ ကျွန်တော်တော့ အိပ်မက် မက်နေသလားတောင် ထင်မိတယ်။ ကုသိုလ်ထူးတဲ့ ကလေးဗျာ'

'နေပါဦး ကိုအုံးမောင်ရဲ့၊ သူ့အစ်မဆိုတာက'

'ဟောဗျာ၊ မခင်အိတို့သားလေးက ဒီနေ့ပဲ သူဌေးသားဖြစ်တော့မယ်လေဗျာ၊ အဲဒီတော့ သူတို့သမီးလေးသီရိထွဋ်ကျော်ဟာ သူ့အစ်မဖြစ်သွားပြီပေါ့ဗျ၊ အဟား ဟား'

'အမယ်လေး ကျုပ်တော့ ကြက်သီးတောင် ထ,လာပြီ။ ကျုပ်သားလေး ဟောဒီ ကျုပ်သားလေး ကံထူးချက်တော့၊ ကိုသာဆောင်တော်လည်း တော့်သားကို တဝကြီး ကြည့်ထားဦး၊ နောင်ဆို မြင်ရတွေ့ရဖို့ မလွယ်တော့ဘူးဆို ရော့'

ပြောပြောဆိုဆို ကလေးကို ကိုသာဆောင့်လက်ထဲ ထည့်ပေးလိုက်တယ်။ လူရိုးကြီး ကိုသာဆောင်က ကလေးကို သူ့ရင်ခွင်ပေါ်တင်ပြီး ငူငူကြီးကြည့်နေတယ်။ ကလေးက သူ့မျက်နှာကို

www.burmeseclassic.com

လက်ကလေးနှစ်ဖက်နဲ့ ဆုပ်ကိုင် ဆော့ကစားရင်း ဝူးဝူး ဝါးဝါး အသံပေးနေတယ်။ မခင်အိ မနေနိုင်ပြန်ဘူး။ ကလေးကို ပြန်ဆွဲယူပြန်တယ်။

'သားလေးက သူဌေးသား ဖြစ်တော့မယ်ဆိုပြီး ပျော်နေတာပေါ့၊ ဟုတ်လား။ အမေတို့ကို မေ့သွားမှာလားဟင်၊ ရော့ အမေ့နို့ကို နောက်ဆုံးအနေနဲ့ အဝစို့ထား။ နောင်ဆို- နောင်ဆို အမေတို့ မတွေ့ရတော့ဘူးသားရဲ့။ အမေတို့ကို အပြစ်မတင်ပါနဲ့ သားလေးရယ်။ သားလေး ဘဝ ပင်ပန်းဆင်းရဲမှာစိုးလို့၊ မင်းအစ်ကိုတွေလို ပညာမတတ်မှာစိုးလို့ ဒါတွေကို သားလေး ဘာမှ မသိရှာဘူးနော်၊ အဟီး ဟီး ဟီး'

မခင်အိက ဗြုန်းစားကြီး ငိုချလိုက်တယ်။ ကိုသာဆောင်နဲ့ ကိုအုံးမောင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ဘာလုပ်ကြရမှန်း မသိဘူး။ ကိုအုံးမောင်က တံခါးပေါက်ဆီ ထ,သွားလိုက်ပြီးမှ ကပျာကသီ ပြန်လှည့်လာတယ်။

'မခင်အိ မခင်အိ မငိုနဲ့တော့။ ဟိုချာတိတ်မလေး ပြန်လာနေပြီ၊ အထဲကို ဝင်ကြရတော့မယ် ထင်တယ်။ မျက်ရည်သုတ်ပါဗျာ'

မခင်အိလည်း သူ့စိတ်သူ ပြန်ချုပ်ပြီး မျက်ရည်သုတ်တယ်။ ကလေးနဲ့ သူ့ခန္ဓာ ထိတွေ့ထားသရွေ့ ရင်ထဲက ဝေဒနာကို လွန်ဆန်နိုင်ပုံ မရတော့သလို ကိုသာဆောင့်လက်ထဲ လွှဲပေးလိုက်ပြန်တယ်။

အမယ်လေး
ကျုပ်တော့
ကြက်သီးတောင်
ထ,လာပြီ
ကျုပ်သားလေး
ဟောဒီ
ကျုပ်သားလေး
ကံထူးချက်တော့
ကိုသာဆောင်
တော်လည်း
တော့်သားကို
တဝကြီး
ကြည့်ထားဦး
နောင်ဆို
မြင်ရတွေ့ရဖို့
မလွယ်တော့ဘူး

'အန်ကယ်တို့က အထဲကို လာခဲ့ကြပါတဲ့'

'ဟုတ်ပြီ သမီး၊ ဟုတ်ပြီ'

ကိုအုံးမောင် ဦးဆောင်ရာ လိုက်သွားကြတယ်။ ဧည့်ခန်းကျယ်ကြီးထဲ ဝင်လိုက်တော့ စိမ့်ခနဲအေးမြသွားတယ်။

'ဧည့်သည်တွေ အားနာစရာဖြစ်နေပြီ၊ အလုပ်ကိစ္စတွေ ဆွေးနွေးနေတာကြာသွားတယ်။ ကဲ ထိုင်ကြပါ၊ ထိုင်ကြပါ။ အေးအေးဆေးဆေးပေါ့'

ဦးမျိုးထွန်းကျော်က ခရီးဦးကြိုပြုလိုက်ပြီး ဧည့်ခန်းထဲကလူတွေနဲ့ မိတ်ဆက်ပေးတယ်။ ဒေါ်သီရိအောင်နဲ့ သူတို့သမီးလေးအပြင် ရှေ့နေတစ်ယောက်၊ ရပ်ကွက်လူကြီး နှစ်ယောက်လည်း ပါတယ်။ ကလေးကိစ္စ စပြီး စကားပြောကြတော့ သီရိထွဋ်ကျော်လေးက ဝမ်းသာအားရ ထ,လာတယ်။ ရဲရဲတင်းတင်းပဲ ကိုသာဆောင် ရင်ခွင်ထဲက ကလေးရဲ့ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး သေချာကြည့်တယ်။ ကလေးက ဝူးဝူးဝါးဝါး စကားတွေပြောနေတယ်။

'ဟယ် ချစ်စရာလေး မေမေရေ၊ ဝဝကစ်ကစ်နဲ့ အသားလေးကလည်း ဝင်းလို့။ အဟေး ဟေး မောင်လေးရပြီကွ'

ကလေးမက နှုတ်သွက်ခြေသွက်နဲ့ ကလေးကို ရုတ်ခနဲ ပွေ့ချီပြီး သူ့အမေဆီ သွားပြတယ်။ ဒေါ်သီရိအောင်ကလည်း ကလေးကို ဆီးယူလိုက်ပြီး တအံ့တသြကြီး သဘောကျနေပုံရတယ်။

'မောင်ခင်ထွန်းကို ကလေးထိန်းနာနီ သွားခေါ်ခိုင်းလိုက်ပြီ သမီး၊ စပါယ်ရှယ် Nurse တစ်ယောက်ပါ အချိန်ပြည့် ထားပေးရမယ်။ ကလေးကျန်းမာရေးက သိပ်အရေးကြီးတယ်။ တနင်္ဂနွေသားလေးဆိုတော့ အောင်မျိုးထွဋ်ကျော်လို့ နာမည်ပေးမယ်၊ သမီးလေး ကြိုက်ရဲ့လား'

'ဟာ ကြိုက်တယ် မေမေ၊ အရမ်းမိုက်တယ်'

ရှေ့နေကြီးက သူရေးထားတဲ့ စာချုပ်ကို အားလုံးကြားအောင် ပီပီသသကြီး ဖတ်ပြတယ်။ မခင်အိခမျာ
သားလေးနေရာမှာ အစားထိုး
ဝင်လာတဲ့ ဟာလာဟင်း
လင်း ဝေဒနာကြောင့် ...
မဆည်နိုင်ဘဲ မျက်ရည်ဖြိုင်
ဖြိုင် ကျနေပြီ။ ရှေ့နေကြီး
ဖတ်ပြနေတာကို ဘာတစ်လုံး
မှ ကြားရတယ် မထင်ဘူး။
ကိုသာဆောင်ကတော့ အ...
မတိုင်မီ သူ့လက်ထဲက လ...
ခံလိုက်ရတဲ့ သားလေး...
တွေတွေကြီး ငေးကြည့်...
လေရဲ့။ ကလေးကလည်...
အမျိုးမျိုး ချော့မြှူနေကြ...
ဒေါ်သီရိအောင်တို့ သား...
နှစ်ယောက်ကြားမှာ တ...
ခစ်ရယ်လို့။ ဒီမြင်ကွင်း...
ကြည့်ပြီး ဦးမျိုးထွန်းကျော...
လူကြီးမင်းတို့ ပြုံးပြုံး...
တွေ ဖြစ်နေကြတယ်။

'သိပ်သန္ဓေကောင်း...
ကလေး၊ ကိုသာဆော...
မခင်အိတို့ကို ကျေးဇူးအ...
တင်ပါတယ်။ ဘယ်တော့...
မမေ့ထားပါဘူး။ တစ်ခု...
စာချုပ်ပါ သတ်မှတ်ချက်...
အပေါ် သစ္စာရှိရှိ ကတိ...
တည် စောင့်ထိန်းပေးဖို့...
သိပ်အရေးကြီးပါတ...
ကလေးတစ်ဘဝလုံးအ...
ဘာမှ ပူပင်သောက မ...
ပါနဲ့။ ကိုယ်တိုင် မွေးထု...
သားအရင်းလို ပြုစုပျိုး...
သွားမှာပါ'

နောက်ဆုံး စာချုပ်...
မှာ လက်မှတ်ရေးထိုး...
တယ်။ ကိုသာဆော...
ဘုန်းကြီးကျောင်းထွက်...
နာမည်ကို တုန်တုန်ခ...
ရေးနိုင်တယ်။ မခင်အိ...
တစ်လုံးမှ မတတ်လို့...
နိုင်ဘူး။ ကိုသာဆော...
ကိုယ်စား ရေး...



www.burmeseclassic.com

www.burmeseclassic.com

'ကိုသာဆောင်နဲ့ မခင်အိတို့ကို မိဘချင်း ကိုယ်ချင်းစာပါတယ်။ ကလေးဘဝ ကောင်းစားရေးအတွက် မုဒိတာပွား မေတ္တာထားနိုင်ရင် အကောင်းဆုံးပါပဲ။ ဟောဒါက ကျွန်တော်တို့ မိသားစုရဲ့ ငှက်ပြုလက်ဆောင် ငွေငါးသိန်းပါ။ နောက်နောင်လည်း အခက်အခဲရှိရင် ကိုအုံးမောင်ကတစ်ဆင့် ဆက်သွယ်ပါ၊ ကူညီပါ့မယ်။ ကွင်းတောစက်ရုံပြီးလို့ လည်ပတ်တဲ့အခါလည်း ကိုသာဆောင်နဲ့ မခင်အိတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးပါဦးမယ်။ ကလေးကိစ္စကိုသာ နှုတ်လုံအောင် စောင့်ထိန်းပေးဖို့ မေတ္တာရပ်ခံပါတယ်'

ကလေးထိန်းနာနီ သွားခေါ်တဲ့ ကိုခင်ထွန်း ပြန်ရောက်လာတယ်။ ချက်ချင်းပဲ အဲဒီကားနဲ့ ကိုသာဆောင်တို့ လင်မယားကို ရွာပြန်ပို့ခိုင်းတယ်။ ကိုအုံးမောင်က ပြန်မလိုက်သေးဘဲ နေခဲ့ဦးတော့။ သူက သူ့ဒွေးမိသားစုနဲ့ အလွမ်းသင့်နေတဲ့အပြင် ကလေးကိစ္စ အောင်မြင်ရေးအတွက် လုံးပန်းခဲ့သူအဖြစ် ဂုဏ်ပြုခံဖို့ ရှိနေသေးတယ်။ ဒီလိုနဲ့ အားလုံးကို နှုတ်ဆက်ပြီး ဧည့်ခန်းကြီးထဲက ထွက်လာခဲ့ကြတယ်။

ကိုခင်ထွန်းက ကားနောက်ခန်းတံခါးဖွင့်ပြီး စောင့်နေတယ်။ ကားပေါ်ကို ကိုသာဆောင် အရင်တက်ထိုင်လိုက်တယ်။ မခင်အိကတော့ မတက်နိုင်သေးဘူး။ ထုပ်ပတ်ထားတဲ့ ငွေထုပ်ကို ရင်ဘတ်မှာ ကပ်ထားရင်း မျက်ရည်ဖုံး မျက်လုံးတွေနဲ့ တိုက်ထဲကို လည်ပြန် ကြည့်နေတယ်။ ကိုခင်ထွန်းက ကားကို စက်နှိုးထားလိုက်တယ်။

'ခင်အိ လာတက်လေ၊ ငါကြိုပြောခဲ့ပြီးသား၊ နောက်တော့မှ မျက်ရည်တလည်လည် အပူသည်ဇာတ်မခင်းနဲ့လို့။ ကဲ လာစမ်းပါဟာ၊ ကိုခင်ထွန်းကို အားနာဖို့ကောင်းတယ်'

ကိုသာဆောင် စကားမဆုံးမီ တိုက်ထဲက ကလေးငိုသံ ကြားလိုက်ရတယ်။ 'ဒီကောင်က ငိုခဲတယ်။ ငိုမိရင်လည်း အသံပြကြီးနဲ့ အတော်ဖွဲ့ကောင်းတဲ့ကောင်' လို့ ကိုသာဆောင် တွေးနေတုန်း မခင်အိတစ်ယောက် ရုတ်ခနဲ ဧည့်ခန်းကြီးထဲ ပြန်ရောက်သွားတယ်။ ချိပိုးချောမော့နေတဲ့ နာနီလက်ထဲက ကလေးကို ဆွဲယူလိုက်ပြီး လှည့်ပတ်ချော့တယ်။ ကလေးက အငိုမတိတ်ဘူး။ နီးရာ ဆက်တီပေါ် ထိုင်ချလိုက်ပြီး နို့လှန်တိုက်တော့မှ ငြိမ်ကျသွားတယ်။ စောစောက ဟာလာဟင်းလင်းဖြစ်ခဲ့တဲ့သူ့ရင်ထဲ နွေးထွေးပြည့်ဝသွားသလို ခံစားလိုက်ရတယ်။ ဧည့်ခန်းထဲမှာ အစုမကွဲသေးတဲ့ လူကြီးတွေ စကားမပြောနိုင်ကြဘဲ အခြေအနေကို စောင့်ကြည့်နေကြတယ်။

ကလေးငြိမ်ကျသွားတော့ ဒေါ်သီရိအောင်က မျက်ရိပ်ပြလိုက်တယ်။ အကင်းပါးတဲ့ နာနီက ကလေးကို ပြန်ဆွဲယူလိုက်တယ်။ မခင်အိကလည်း ဆွဲဆွဲငင်ငင် လွှတ်ပေးလိုက်ပြီး လေးတွဲ့တွဲ့ကြီး ပြန်ထွက်လာတယ်။ အပြင်မှာ လာစောင့်နေတဲ့ ကိုသာဆောင်က ကားပေါ်ရောက်တဲ့အထိ ဆွဲခေါ်သွားတယ်။ ကိုခင်ထွန်းကလည်း ကားကို အမြန်မောင်းထွက်လိုက်တယ်။ ခြံဝနား ရောက်လုနီးနီးမှာ မခင်အိက ရုတ်တရက် ကျုံးအော်လိုက်တယ်။

'ကားဆရာ ရပ် ရပ်၊ ကလေးက ငိုပြန်ပြီ၊ မြန်မြန်ရပ်'

'ဟင် ဟုတ်ရဲ့လား ခင်အိရာ'

'ကျုပ် သေသေချာချာ ကြားရတယ်တော့'

ကားရပ်လိုက်တော့မှ ကလေးငိုသံကို သူတို့ ကြားလာရတာကြောင့် မခင်အိကို တအံ့တသြ ကြည့်လိုက်ကြတယ်။ ကိုခင်ထွန်းက စိတ်ပျက်လက်ပျက်ပုံစံနဲ့ တံခါးလာဖွင့်ပေးတယ်။ မခင်အိက တစ်ချက်မဆိုင်းဘူး၊ ကားပေါ်ကနေ ခုန်ဆင်းပြီး တစ်ဟုန်ထိုး ပြေးတော့တာပဲ။ တိုက်ထဲကို ဝုန်းခနဲ ပြန်ရောက်လာပြန်တဲ့ သူ့ကို မြင်လိုက်တော့ အားလုံး အေးစက်တောင့်ခဲသွားကြသလိုပဲ။ သူကတော့ ဘယ်သူ့ကိုမှ ဂရုစိုက်မနေဘဲ နာနီ့လက်ထဲက ကော့လန်အော်ဟစ်နေတဲ့ ကလေးကို ခပ်မြန်မြန် ဆွဲယူလိုက်တယ်။ ဦးမျိုးထွဋ်ကျော်နဲ့ ဒေါ်သီရိအောင်တို့ မျက်စိမျက်နှာပျက်နေကြပြီ။ ဒေါ်သီရိအောင်က ချုပ်တည်းထားတဲ့ ဒေါသမျက်နှာနဲ့ ထ,လာတယ်။

'ကလေးဆိုတာ ငိုမှာပဲ မခင်အိရဲ့၊ ပြဿနာမဟုတ်တာ။ တဖြည်းဖြည်း လက်သင့်သွားတဲ့အခါ နေသားကျလာမှာပေါ့။ ဒီလောက်ကြီး အမျှင်တန်းတန်း မဖြစ်သင့်ဘူးထင်တယ်'

'ဟုတ်ပါတယ် မခင်အိ၊ ခုအချိန်ကစပြီး ဒီကလေးနဲ့ မခင်အိတို့ မသက်ဆိုင်တော့ဘူးဆိုတာ သတိထားသင့်ပါတယ်။ ကလေးကို ပြန်ပေးပြီး အေးအေးဆေးဆေး ပြန်ပါလို့ တောင်းပန်ပါတယ်'

တစ်ဖက်က ရှေ့နေကြီးပါ စစ်ကူဝင်လာတာကြောင့် မခင်အိ ရင်ထဲမှာ ဆို့တက်လာပြီး မျက်လုံးတွေပါ ပြာဝေသွားတယ်။

'ဘာလို့ မဆိုင်ရမှာလဲ၊ ဟောဒါ ကျုပ်ရဲ့သား။ ဟောဒီဗိုက်နဲ့ လွယ်မွေးထားတာ။ မဆိုင်တာက တော်တို့၊ သိရဲ့လား။ မိရင်းဖရင်းတွေကို ဖျောက်၊ မိဘအတုတွေနဲ့ အစားထိုးပြီး ဘာမှ မသိနားမလည်တဲ့ကလေးကို တစ်သက်လုံး လိမ်ညာလှည့်စားဖို့ ကြိုးစားနေတာ ဘုရားကြိုက်တဲ့အလုပ် မှတ်နေကြလား။ ကျုပ်တို့မှာ ဒီသားလေး တစ်ယောက် ထပ်တိုးလာလို့ ပိုပြီး မွဲမသွားဘူး။ တော်တို့သာ ပိုပြီး ချမ်းသာရင် ချမ်းသာလာကြမှာပေါ့။ ရော့၊ တော်တို့ပေးတဲ့ငွေထုပ်။ ကျုပ်တို့ကို တောသူတောသားတွေဆိုပြီး ရှေ့နေတွေ၊ စာချုပ်တွေနဲ့ ဖြဲခြောက်လို့ ကြောက်လိမ့်မယ်ထင်သလား။ ကျုပ်လိုကောင်မက ဘယ်သူ့မှ ဂရုမစိုက်ဘူး။ တော်တို့ ကြိုက်သလို ရှင်းနိုင်တယ်'


www.burmeseclassic.com

www.burmeseclassic.com

ကလေးကို ခပ်တင်းတင်း ပွေ့ပိုက်ပြီး တိုက်ကြီးထဲက အပြေးတစ်ပိုင်း ထွက်လာခဲ့တယ်။ နောက်ကလိုက်လာတဲ့ ကိုသာဆောင်လည်း ခေါင်းရှုပ်သွားတယ်။

'ဘာတွေ လျှောက်လုပ်လာပြန်တာလဲ ခင်အိရာ'

'ဘာလဲ၊ တော်က ဒီကလေး ပြန်ပါလာမှာကို ကြောက်နေသလား၊ ကြောက်ရင် တော်နေခဲ့'

'ဟာ မဟုတ်ပါဘူး မိန်းမရာ'

'မဟုတ်ရင် မြန်မြန်လာ'

မခင်အိက ခြံဝနားမှာရှိနေတဲ့ ကားကို ရောင်ကွင်းပြီး ခြံအပြင်ဘက်ကို အရှိန်နဲ့ ထွက်တယ်။

'ဟင် ခင်ဗျားတို့ ဘာဖြစ်လာကြတာလဲ'

'ဘာဖြစ်ဖြစ် ခင်ဗျားအပူ မပါဘူး၊ ဒီမယ် ကားနဲ့လိုက်လာမယ် မကြံနဲ့နော်၊ ပြဿနာ အကြီးအကျယ်တက်သွားမယ်'

ကျားသစ်မတစ်ကောင်လို လှည့်မာန်ဖီလိုက်တာကြောင့် ကိုခင်ထွန်း မျက်လုံးပြူး မျက်ဆန်ပြူးကျန်ရစ်ခဲ့တယ်။ မခင်အိက လမ်းမကြီးအတိုင်း အပြင်းချီတက်နေတယ်။ တဝေါဝေါပြေးလွှားနေကြတဲ့ ကားတွေ၊ ဆိုင်ကယ်တွေက သူ့ကို ကွင်းရှောင်သွားနေရတယ်။ ကိုသာဆောင်က မခင်အိနောက်ကို အမီလိုက်ပြီး လမ်းဘေးဆွဲချလိုက်ရတယ်။

'နင့်ကြည့်ရတာ မောလိုက်တာ ခင်အိရာ၊ ပေးကလေး ငါ့ကိုပေး'

'နေဦး၊ ဒီနေရာ စိတ်မချရသေးဘူး။ လိုက်လာဝံ့ရင် လိုက်လာကြပေါ့၊ ခင်အိအကြောင်း ကောင်းကောင်းသိသွားမယ်၊ ဟွန်း။ အရေးထဲ ရှေ့နေစုတ်က ဝင်ရှုပ်နေသေးတယ်။ ကျုပ်ဖြင့် သားလေးကို သနားလိုက်တာတော်၊ ရင်ပွင့်မတတ်ပဲ။ အရေးအကြောင်းဆို တော်ကလည်း သုံးစားမရဘူး။ သားလေးသိတယ်၊ ငါ့ကို အမေတို့က သူစိမ်းတွေလက်ထဲ ပစ်ထားခဲ့ပြီဆိုပြီး အော်ငိုတာ ဒီလောက်တောင် တော်နားမလည်ဘူးလား'

'အေး အေးပါကွာ၊ နားလည်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စက မင်းပဲ…'

'တော်ပြီ ကိုသာဆောင်၊ တော်ပြောခဲ့သလို ကျုပ်သားလေးက ရွှေပင်မှာနားမှ ရွှေကျေးဖြစ်ရမှာလား။ ကျုပ် အရင်လို ဈေးပြန်ရောင်းမယ်၊ တော်လည်း ဘာအလုပ်ဖြစ်ဖြစ် ဖင်ပြဲအောင်လုပ်ပေတော့။ ကျုပ်တို့ သား လေးကို ကျုပ်တို့ကိုယ်တို ရွှေကျေးဖြစ်အောင် မွေး မယ်။ မယုံရင် စောင့်ကြ ကြပေါ့'

'နေဦး ခင်အိ၊ ငါတို့ အထိ လမ်းလျှောက်သွား ဖို့လား'

'ဘာမှ မကြံရင် လ လျှောက်သွားမှာပေါ့၊ ယောကျာ်းမဟုတ်ဘူးလား'

ကိုသာဆောင် နှုတ်ပိ သွားတယ်။ မြို့နဲ့ရွာက နှစ်ဆယ်ကျော်ဝေးတယ် နေက မွန်းတည့်ချိန်ရောက် ပြီ။ သူတို့မှာ သုံးစရာ ပိုက် ဆံလည်း တစ်ပြားတစ်ချပ် ပါမလာကြဘူး။ မြို့အပြင် ရောက်လာတဲ့အထိ မခင် ခြေလှမ်းတွေကို ကိုသာဆော အမီလိုက်နေရတုန်း။ ။

■

ဖူးသစ်ဆေ

ကိုယ်စိတ်ချမ်းသာ၊ လိမ္မာယဉ်ကျေး၊ အတွေးထက်မြက်၊
တိုးတက်ကြီးပွားစေဖို့၊ မဖတ်မဖြစ်ဖတ်ရမည့်

# အနန္တဂုဏ်ရည်

## ဘာသာရေးမဂ္ဂဇင်း

ဗုဒ္ဓ၏အဆုံးအမကို လိုက်နာကျင့်သုံးခြင်းဖြင့် လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ၊
နှစ်ဖြာသောချမ်းသာ တို့ပြည့်ဝစေမှာအမှန်မလွဲပဲနော် ........................

**လစဉ်ထွက်ပါပြီ**

မြင်းခြံစာပေ
အမှတ် (၂၅၆)၊ ၃၉ လမ်းအထက်၊ ရန်ကုန်မြို့၊ ဖုန်း ၂၅၃၅၈၇



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မောင်ရင်မြ | ကျောင်းခုန်း

# ဇာတ်ခုံပေါ်ကကြွတဲ့အခါ

သည့်နှစ်နွေ တော်တော်ပူသည်။ ယခင်နှစ်များကထက် ပို၍ ပူပြင်းမည်ဖြစ်ကြောင်းကို မိုးဇလပုရောဟိတ်ကြီးက ဟောကိန်း ထုတ်ထားသည့်အတိုင်းပဲ ဖြစ်သည်။ မိုးဦးလေဦး ရောက်ပြီဆိုလျှင် တစ်ခုခု ဟောလိုက်လေမည်လားဆိုပြီး သူ့ကိုကြောက်နေရသည်။ မှန်တိုင်းတွေ တစ်ခုပြီးတစ်ခု သူ့ကိုယ်တိုင် စီမံဖန်တီးပြီး လျှောင်အိမ်မှလွှတ်သလို လွှတ်နေသလား ထင်ရအောင်ပဲ ဖြစ်သည်။ မနှစ်ကများဆိုလျှင် သူက မုန်တိုင်းကို ကမ်းရိုးတန်းမရောက်မီ ရုတ်တရက်ချိုးကွေ့၍ ပြန်လှည့်ခိုင်းလိုက်ရာ မုန်တိုင်းက သူမွေးထားသည့် သိမ်းစွန်ငှက် တစ်ကောင်နှယ် နာခံသေဝပ်လျက် ချာခနဲ ပြန်လှည့်သွားခဲ့သည်။

အာဂအဖိုးအိုပါတည်း။



www.burmeseclassic.com

www.burmeseclassic.com

အမှတ် ၃၃၁၊ ဇွန်၊ ၂၀၁၇

ရုပ်စုံမဂ္ဂဇင်း

# အက်ဆေးအကြောင်း အက်ဆေး

သူ အငြိမ်းစားယူခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပါပြီ။ မည်သူကမျှ တာဝန်ပေးအပ်ထားခဲ့သည်လည်း မဟုတ်ပါဘဲလျက် သူပိုင်နိုင်ကျွမ်းကျင်သည့် အတတ် ပညာဖြင့် ချပြည်သူကို အလုပ်အကျွေးပြုနေဆဲဖြစ်သည်။ ကောင်းမြတ်သော စိတ်စေတနာဖြင့် နှိုးတိုင်းသတိပေးချက်တွေကို အခါမလင့် ထုတ်ပြန်နေဆဲဖြစ်သည်။

ပြေ ၁၅ ရက်၊ သင်္ကြန်အကြတ်နေ့က သူ၏ လူမှုကွန်ရက်စာမျက်နှာမှာ ပို့(စ်) တစ်ခု တက်လာသည်။

*ဝတ္တရားမကင်းတဲ့ ဖွတ်ကျားမင်းဆိုတော့*
*အသံကုန် အော်ရတာ အသံတွေတောင်*
*ပြာနေပြီ၊ မုန်တိုင်းဗျို့ . . . မုန်တိုင်း။*
*(မောင်ထွန်းလွင်၊မိုးလေဝသ)ဟူလို။*

www.burmeseclassic.com

www.burmeseclassic.com

သူ အိပ်မှအိပ်ပါရဲ့လားမသိ။ ဧပြီ-၁၆ ရက်၊ သင်္ကြန်အတက်နေ့၊ ညဉ့်သန်းခေါင်ယံ(၀၀၁၄)နာရီ၊ နံနက် လင်းအားကြီး (၀၃၄၀)နာရီတို့တွင်လည်း မှန်တိုင်းသတိပေးချက်တွေ တောက်လျှောက်တက်နေသည်။ ဆိုင်ကလုန်းမုန်တိုင်း 'မာရုသာ'(Maarutha)သည် ဧပြီ ၁၇ ရက် နံနက်တွင် ကမ်းရိုးတန်းကို ကျော်ဖြတ် ဝင်ရောက်မည့်အကြောင်း။

Professional ဆိုတာ ဘာလဲဟု ကျွန်တော့်ကိုမေးလျှင် ပြန်ပြောပြဖို့ တော်တော့်ကို မလွယ်ဟုထင်ပါသည်။လွယ်ကူသည့် နည်းလမ်းတစ်ခုကတော့ဖြင့် မိုးဇလ ပုရောဟိတ်ဆရာကြီး ဦးထွန်းလွင်ကို ညွှန်ပြလိုက်ခြင်း ဖြစ်သည်။

သူ့ facebook မှ comments တွေကို ဝင်ကြည့်လျှင် မိုးလေဝသ သတိပေးချက်များ၊ သူ့ပြည်သူက သူ့ကို ချစ်ခင်လေးစား တန်ဖိုးထားမှုများကို တအံ့တဩ တွေ့မြင်နိုင်ပါသည်။

❑

ဆရာဒီနိုဗိုက **'တံခါးစောင့်တွေရဲ့ ရှိမှုဗေဒ'** ဆိုသော အက်ဆေးတစ်ပုဒ်ရေးပါသည်။

အတွေ့အကြုံတို့က တံခါးမှူး ဒဏ္ဍတို့ကို စ၍ အမှတ်သုတိ ပြုမိခဲ့ပုံရပါသည်။

*'ဘယ်သွားသွား ဘယ်လာလာ အစောင့်တွေ ဒင်းကြမ်း၊ စာကြည့် တိုက်ထဲ၊ တက္ကသိုလ်ထဲ၊ ရုံးအဆောက်အဦတွေထဲ၊ ပြလိုက်ရတဲ့ ကတ်ပြားတွေ၊ ရေးလိုက်ရတဲ့ လူဝင်လူထွက် စာရင်းတွေ၊ ဖြေလိုက်ရတဲ့ မေးခွန်းတွေ။ တစ်ခါတစ်ခါ အဟောက်အဟမ်းတောင် ခံရသေး'* စိတ်ငြိုငြင်ဖွယ်ရာ ထိုအတွေ့အကြုံက သူ၏ အတွေးအိမ်ကို စတင် လှုပ်လိုက်ပုံရပါသည်။

သူဆရာဝန်ဖြစ်ပြီး အလုပ်ရှာစဉ်က အဖွဲ့အစည်း၏ အရိုန်အဝါဖြင့် မောက်မာဝင့်ကြွားခဲ့သော တံခါးမှူးတို့သည် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုတွင် သူ အရာရှိဖြစ်လာသောအခါ အမြင်တစ်မျိုးပြောင်းသွားခဲ့သည်။ သူ မနက်ရုံးတက်လျှင် မောနင်းဟုလည်းကောင်း၊ ညနေ ရုံးဆင်းလျှင် ဂွတ်နိုက်ဟုလည်းကောင်း ရိုရိုသေသေ နှုတ်ဆက်သူများ ဖြစ်လာသည်။ ထိုသူတို့သည် မနက်မှ ညနေအထိ တစ်ချိန်လုံး ဘာအလုပ်မှုမလုပ်ဘဲ ဘယ်လိုများ နေ့နေ့ပါလိမ့်ဟု သူက

*တာပဲ မဟုတ်လား'*

အက်ဆေးဆရာက စတင် ဆွဲထုတ်လိုက်သော အတွေးတစ်စ ဖြစ်ပါသည်။

ရုံး၊ ဌာန၊ အဆောက်အဦ တစ်ခုတွင် ဝတ်စုံတစ်မျိုးမျိုးကို ဝတ်ဆင်လျက် တစ်နေ့ကုန်တစ်နေခန်း မည်မည်ရရ အလုပ်တစ်ခုတလေမျှရှိသည် မထင်ရဘဲ စောင့်၍သာ နေရသည့် ထိုသူများသည် အမြဲလိုလို ဂရုစိုက်ခြင်း မခံရသူများဖြစ်ကြောင်း၊ သို့သော် သူတို့သည် မရှိမဖြစ် ဝန်ထမ်းများဖြစ်ကြောင်း၊ သူတို့ရှိလျှင် ဘာမှုမထူးပေမဲ့ သူတို့မရှိလျှင် သူခိုး၊ ကြမ်းပိုးတွေ အတင့်ရဲလာမည်ဖြစ်ကြောင်း၊ တကယ်မှ ထိုသူတို့ ရှိနေရုံဖြင့် အလုပ်ဖြစ်နေသည့် သဘောဖြစ်ကြောင်း။

လုံခြုံရေး ဝန်ထမ်းများ၏ တည်ရှိနေမှုနှင့် သီးခြားတန်ဖိုးကို သူက အသိအမှတ်ပြုသည်။ လူအတော်များများက သူတို့ကို အားနေသည်ထင်ပြီး ပန်းချီ ရွှေ၊ မြက်ရိတ်၊ ကား ရေဆေးခိုင်းတတ်သည်ကို ဘဝင်မကျနိုင်သည်အထိ အသိအမှတ်ပြုခဲ့ပါသည်။

ဟိုအနား၊ ဒီအနား၊ မိုးတိုးမတ်တတ်ဖြင့် မြင်မြင်နေရတတ်သည့် လုံခြုံရေး ဝန်ထမ်းများသည် အားအားလျားလျား 'အချိန်ကုန်ရောင်းချနေသူများ' ဖြစ်သည်ဟုဆိုလျှင် သူတို့မှာ အချင်းတစ်ခုခုရှိဖို့ မလိုဘူးလား - ဟု တွေးစရာဖြစ်ပါသည်။ ယူနီဖောင်း သပ်သပ်ရပ်ရပ်ဝတ် ကျန်းကျန်းမာမာနှင့် မိုးတိုး မတ်တတ်နေနိုင်လျှင် တံခါးမှူး၊ သို့မဟုတ် လုံခြုံရေး ဝန်ထမ်းလုပ်လို့ ရပြီလားဟု တွေးကြစရာ ဖြစ်ပါသည်။

မိမိသည် အများတကာကို ကယ်တင်ခဲ့သည့် ကျေးဇူးရှင် သခင်ကြီး ဖြစ်သည်ဟု ကြွေးကြော်ဝါကြွားပြီး လူအများ ကြည်ညိုစေဖို့ ကြိုးပမ်းခြင်းမှာ ဘယ်ခေတ်တွင်မှ အရာမထင်ခဲ့ပါ မိမိပုံကို ရုပ်တုထုပြီး ကျောက်ထက် အက္ခရာတင်ခဲ့စေကာမူ နှောင်းလူတို့က ဘူဒိုဇာဖြင့် ထိုးကော် ဖျက်ဖြိုခြင်း ခံရသည့် ဖြစ်စဉ် ဖြစ်ရပ်များကို သမိုင်းတွင် မျက်ဝါးထင်ထင် မြင်ခဲ့ကြပြီး ဖြစ်ပါသည်

'လုံခြုံရေးဝန်ထမ်း' ဟူ၍လည်း ခေါ်သော တံခါးစောင့်ဝန်ထမ်းများကို ကျွန်တော်တို့လည်း နေ့စဉ်နေ့စဉ် တွေ့မြင်နေခဲ့ပါသည်။ သူတို့အလုပ်နှင့် သူတို့တန်ဖိုးကို ကျွန်တော် တစ်ခါမျှ စဉ်းစားမကြည့်ဖူးပါ။ ဒီနိုဗိုကတော့ဖြင့် စဉ်းစားကြည့်ခဲ့ပါသည်။

၉၀ ပြည့်နှစ်ကျော် ကာလများ၏ တွေးမိသွားသည်။

*'တစ်နေ့တစ်နေ့ သူတို့မှာ နာရီတမော့မော့နဲ့ ဂျူတီချိန်ပြီးဖို့ ဘယ်လောက်လိုသေးလဲ ရေတွက်လို့နေကြတယ်။ တစ်ခါတစ်ခါ တွေးမိတယ်။ သူတို့ဟာ အချိန်ကို လာရောင်းချနေကြတာပဲ။ တစ်ရက်ကို ဘယ်နှနာရီ၊ တစ်လကို ဘယ်နှရက် ပုတ်ပြတ်နဲ့ ရောင်းချနေကြ*

သို့သော် အက်ဆေးဆရာက သို့တွေးပြီး ဖြစ်ပါသည်။ ဖားကန့် တောင်ဘက်မှာ တာဝန်ထမ်းစဉ်က တို့ အသေအချာ ရွေးချယ်၍ ခန့်ထားသည့် လုံခြုံရေးဝန်ထမ်းသည် တရားခံပြေးဖြစ်နေသည်။ ရဲလ



www.burmeseclassic.com

www.burmeseclassic.com

တော့မှ သူတို့လည်း သိရသည်။ သင် န်းစာအဖြစ် *'အစောင့်တစ်ယောက်၏ အကြီးမားဆုံး အရည်အချင်းမှာ အကျင့် စာရိတ္တ ကောင်းဖို့ဖြစ်ပြီး ထိုသို့ မဟုတ် က သူခိုးဓားပြကမ်းသလို ဖြစ်နိုင် ကြောင်း'* သူက ဆိုပါသည်။

သည်လိုဖြင့်ဟုတ်ပေသားပဲ။ 'ယုန် ကို မုန်လာဥဂိုဒေါင်စောင့်ခိုင်းလို့ ဘယ် ဖြစ်ပါ့မလဲ' ဟုသဘောညီရပြန်ပါသည်။

လူမိုက်ကို ပွဲကြပ်ခိုင်းလို့ရသော် လည်း သူခိုးကို ကင်းစောင့်ခိုင်း၍တော့ မဖြစ်နိုင်ပါ။ တောကျေးလက်များ တစ်ချိန်က ကျေးရွာ ကာကွယ်ရေး အဖွဲ့အချို့သည် လူထုကို ခြိမ်းခြောက်၊ ပြတိုက်သည့် ဖြစ်စဉ်တို့ ရှိခဲ့ဖူးသည် သတိရမိပါသည်။

ဝန်ခံရမည်ဆိုလျှင် သူဆွဲထုတ်လာ ည့် အတွေးစနောက်ကို လိုက်ပါ၍ ကြည့်တော့မှပဲ 'လုံခြုံရေးဝန်ထမ်း' သူတို့၏ အရေးပါမှုနှင့် ရှိရမည့် ည်အချင်းကို သတိပြုမိလာသည်ဟု မည်။ အကျင့်စာရိတ္တကောင်းရှိဖို့ သည်မှာလည်း ဝန်ကြီးချုပ်တစ်ဦးနှင့် အခြေခံအကျဆုံး အရည်အချင်း သည်ကို ယုံမှားဖွယ် မရှိတန်ရာပါ။

ကျွန်တော်တို့ အလေးမမူ၊ ဂရုမပြု ည့် လုံခြုံရေးဝန်ထမ်းတို့အပေါ် ဆေးဆရာက စာနာခံစားခဲ့ပါ ။ သို့သော် စိတ်ခံစားမှုနောက်သို့ ကောက်ပါအောင်လိုက်၍ အက် စာစုပုဒ်ကို 'ဖန်ဖွဲ့' နေခဲ့သည် မဟုတ် အက်ဆေးသည် ခံစားမှု၊ အတွေး အမှတ်ရချက် တစ်ခုခုတို့မှ အစ လာသည့် အတွေးစဉ်နောက်သို့ ၍ လိုက်ရတတ်ပါသည်။

အခြားတစ်ဖက်မှ ဆင်ခြင်၍ မိမိ ရာသို့ 'ရောက်' အောင် 'တည် ' ရသည်မျိုးလည်း ရှိတတ်ပါ

အခြေခံဥပဒေများတွင် အခွင့် တာဝန်ဟူ၍ ရှိသည်။ အခွင့် တာဝန်သည် မည်သည့်အခါ အဖက်၊ သို့မဟုတ် တစ်ဆက် တစ်စပ်တည်းဖြစ်နေသည်ကို အက်ဆေး ဆရာကလည်း သတိချပ်ပုံရပါသည်။

*'နေပူပူ၊ မိုးရွာရွာ၊ တမေ့တမော ရပ်စောင့်နေရတတ်သော လုံခြုံရေး ဝန်ထမ်းများက မိုးလုံလေလုံ၊ ပန်ကာ အောက်ထိုင်၍ အလုပ်လုပ်နေကြသော မိသားစုဝန်ထမ်းများကို မနာလိုမရှုဆိတ် မဖြစ်သင့်ကြောင်း၊ သူတို့ အသက်အိုး အိမ်စည်းစိမ် လုံခြုံရေးအတွက် ငါတို့ ကာကွယ်စောင့်ရှောက်နေရတာ၊ ခုလို အေးအေးလူလူ နေနိုင်တာ ငါတို့ကြောင့် ပဲဆိုပြီး ဂုဏ်ယူဝင့်ကြွား အမှတ်ယူနေလို့ မရကြောင်း၊ မတူညီတဲ့ အလုပ်သဘာဝ ကို အသိအမှတ်ပြုဖို့လိုကြောင်း'* သတိ ပြုစေလိုက်ပါသည်။

မကြာသေးမီက အင်တာဗျူး တစ်ခုကို ဖတ်လိုက်ရသည်။ စစ်သားအို ကြီးတစ်ဦးက သူတို့အင်္ဂလန်နိုင်ငံတွင် ကောက်ယူခဲ့သော စစ်တမ်းများအရ စစ်သည်တော်များသည် ကျောင်းဆရာ များထက်ပင် လူထု၏ ချစ်ခင်ကြည်ညို မှုကို ရရှိနေကြောင်း ပြောဆိုခဲ့ပါသည်။ လေးစားချစ်ခင်စရာ၊ ကြည်နူးကျေနပ် စရာ ဖြစ်ပါသည်။

'ဒီနေရာမှာ လုံခြုံမှုနဲ့ လွတ်လပ်မှု ဟာ အင်မတန် သိမ်မွေ့တဲ့ အတွဲအစပ် တစ်ခုအနေနဲ့ ရှိနေခဲ့ပါတယ်။ လူ့အဖွဲ့ အစည်းတစ်ခုဟာ လုံခြုံမှုရှိနေမှသာ လွတ်လွတ်လပ်လပ် နေထိုင်လှုပ်ရှားနိုင် ပါလိမ့်မယ်။ ဒါပေမဲ့လည်း လွတ်လပ်မှု ကို ထိန်းချုပ်ဖို့အတွက်လည်း လုံခြုံရေး ဟာ အကြောင်းပြချက်ကောင်းတစ်ခုလို ဖြစ်နေတတ်ပြန်ပါသေးတယ်'

အကန့်အသတ် ရှိပါသည်။ စည်း၊ ဘောင် ရှိပါသည်။ စောင့်ရှောက်ထိန်း သိမ်းခြင်းနှင့် စောင့်ကြပ်ထိန်းချုပ်ခြင်း အကြားတွင် အကြားအလပ် ရှိပါသည်။ ဤသည်ကို ဆင်ခြင်ရပါသည်။ ဒါက တော့ဖြင့် စိတ်ခံစားမှုသက်သက်နှင့် မည်သို့မျှ မရနိုင်သည့် အတွေးအမြင်နှင့် ဆင်ခြင်မှုဖြစ်ပါသည်။ အက်ဆေးဆရာ ၏ ဆင်ခြင် ဝင်စားမှုမှာ တဖြည်းဖြည်း ပို၍ နက်နက်နဲနဲ ရှိလာသည်ထင်ပါ၏။

*'လုံခြုံရေးသမားတစ်ယောက်ရဲ့ မာနကတော့ သူရှိနေလို့ လုံခြုံတာလို့ အမြဲထင်တတ်ကြတာပဲ။ သူတို့သဘာဝ ကိုက မမြင်ရတဲ့ အန္တရာယ်တွေကို အမြဲ တွေးပူနေတတ်တယ်။ လုံခြုံရေးသာ ပဓာန၊ အဓိက ဦးစားပေးလို့ ယူဆတတ် တယ်။ ဒါလည်း အမှန်ပါပဲ။ ဒါပေမဲ့ ဒီအတွက်တော့ လုံခြုံရေးသမားက ရုံး အကြီးအကဲလုပ်လို့တော့ မရ။ လုံခြုံရေး သမားပြောသမျှ တစ်ဝင်းလုံး လိုက်နာ ကြတော့ လုပ်လို့မရ။ လုံခြုံရေးဆိုတာ မရှိမဖြစ်တဲ့ အခြေခံလိုအပ်ချက်ပေမဲ့ သူ့ချည်းပဲတော့လည်းမပြီး'*

အက်ဆေးဆရာက သူ၏ ဆင်ခြင် မှုကို တစ်ဆင့်ပြီးတစ်ဆင့် ပြဆိုလာခဲ့ပါ သည်။ 'ခင်ဗျားတို့လည်း စဉ်းစား ကြည့်ပေါ့' ဟု မပြောလိုက်စေကာမူ စာဖတ်သူက မိမိအတွေ့အကြုံနှင့် ဉာဏ် အကျယ်အဝန်းအလျောက် ဆင်ခြင် ကြည့်ရန်ဖြစ်ပါသည်။

ဒါက အက်ဆေးဆရာနှင့် အက်ဆေးဖတ်သူအကြားက သံခင်း တမန်ခင်း ဆက်ဆံရေးဖြစ်သည်။

ဆရာ ဒီနိုဗိုက 'လုံခြုံရေးအရေး ကြီးသည်' ဆိုခြင်းကို မခြွင်းမချန် လက်ခံခဲ့ပါသည်။ သို့သော် လုံခြုံရေး သည် 'အခရာ' ဖြစ်စေကာမူ လုံခြုံရေး သည် 'အရာရာ' မဖြစ်နိုင်ပါ။ မည်သည့် တာဝန်တာထမ်း မဆို၊ စည်း၊ ဘောင် တစ်ခုကို လွန်သွားသည့်အခါ ကသောင်း ကနင်း ဖြစ်တတ်ပါသည်။ ဆုတ်ယုတ် ယိုယွင်းတတ်ပါသည်။လိုလားအပ် သည့် အခြေအနေတစ်ခုမှ မလိုလားအပ် သည့် အခြေအနေတစ်ခုဆီသို့ ပြောင်းလဲ ရွေ့လျောသွားတတ်ပါသည်။

*'ဒီနေရာမှာ လုံခြုံရေးဆိုတာကို အသေအချာ အဓိပ္ပာယ်ဖွင့်ကြဖို့တော့ လိုပါတယ်။ လုံခြုံရေးဆိုတာ ကျရောက် လာနိုင်တဲ့ ဘေးအန္တရာယ်များကို ကာကွယ်*



www.burmeseclassic.com

www.burmeseclassic.com

*စောင့်ရှောက်ပေးတာလို့ပဲ နားလည်ထားပါတယ်။ အဲဒီလိုမဟုတ်ဘဲ ကိုယ်စောင့်ရှောက်ပေးနေတဲ့ သူတွေကို လုံခြုံရေးအကြောင်းပြပြီး ပြန်လည် စောင့်ကြည့်ခြေရာခံမှုတွေ လုပ်လာခဲ့မယ်၊ ဒုက္ခပေးလာခဲ့မယ် ဆိုရင်တော့ ဒါဟာ ကိုယ့်အလုပ်ကိုယ် သစ္စာဖောက်တဲ့ professional misconduct လို့ပဲ သတ်မှတ်ရပါမယ်။ လုံခြုံရေးဝန်ထမ်းဟာ လုံခြုံရေးကိုပဲ အာရုံစိုက်ဖို့ လိုပါတယ်။ ဒါဆိုရင် သူ့ရဲ့ အသက်မွေးဝမ်းကျောင်းကို လူတိုင်း မလေးစားဘဲ မနေပါဘူး'*

ဒီနိုဗိုက တံခါးမှူးတို့၏ ခန္ဓာဗေဒကို ခွဲခြမ်းစိတ်ဖြာခဲ့ပါသည်။

ကျွန်တော်တို့သည် ကျောင်းဆရာက ပါတီယူနစ်ကော်မတီလုပ်၍ ဆရာဝန်ကို စပါးဝယ်ခိုင်းသော ခေတ်တစ်ခေတ်ကို အသေအချာ ဖြတ်သန်းခဲ့ရပါသည်။ သေကောင်ပေါင်းလဲ လူနာတွေက ဆေးရုံမှာ ကုသမှုခံယူဖို့ စောင့်နေသည်။ လက်ထိတ် တန်းလန်းနှင့် အမှုသည်တွေက တရားရုံးမှာ စစ်ဆေးစီရင်မှု ခံယူဖို့ စောင့်နေသည်။ ဆရာဝန်၊ တရားသူကြီး၊ ဥပဒေအရာရှိတို့က 'မိန့်-သူ့ကြွေးရှိရင် ဆပ်ရလိမ့်မယ်'ဟု မသိမသာ ခြိမ်းခြောက်ရင်း ပူးတွဲ-၄၊စာတိုင်-၂၀ ပါ အတိုင်း'တာဝန်ကျေစပါးချဖို့'လယ်သမားတွေကို ဟောနေရသည်။ နယ်ပယ်များစွာ၌ ယူနစ်များ ပျောက်ဆုံးပြီး ယိမ်းကသည့်ခေတ်သည် တကယ်ပဲ တွင်ကျယ်ခဲ့ပါသည်။

*'လုံခြုံရေးသမားဟာ လုံခြုံရေးသက်သက် မလုပ်ဘဲ ကိုယ့်အလုပ်မဟုတ်တာတွေ အကုန်လုပ်လာခဲ့မယ်ဆိုရင်တော့ ဘယ်အဖွဲ့အစည်းမဆို ပျက်စီးခြင်းဆီပဲ ဆိုက်ဖို့ရှိပါတယ်။ လူတွေရဲ့ လေးစားမှုလည်း ဘယ်တော့မှ ခံရဖို့မရှိပါဘူး'*

မိတ်ဆွေကြီး ကိုအော်ပီကျယ်၏ ကာတွန်းတစ်ပုဒ် ရှိပါသည်။

နွားက ကြွက်ခုတ်ဖို့ ကျပ်ခိုးစင်ပေါ် တက်ရာမှ ပြုတ်ကျပြီး လက်ကျိုးသွားသည်။ နွားသည် တိရစ္ဆာန်ဆေးကုဆရာဝန်၏ ဆေးခန်းသို့ ပတ်တီးစည်းပြီး ရောက်လာသည်။ ဆေးခန်းမှာ ဆရာဝန်မရှိ။ တိရစ္ဆာန်ဆရာဝန်က တံတားဖွင့်ပွဲသို့ သွားနေသည်။

ကျွန်တော် ဆက်၍ စဉ်းစားကြည့်သည်။ အဆိုပါ ဆရာဝန်သည် တံတားဖွင့်ပွဲသို့သွား၍ ဖဲကြိုးဖြတ်၊ ပူစီဖောင်းလွှတ်နေသည်ကို နိုင်ငံ၏ ကြီးလေးသည့်တာဝန်ကို ထမ်းဆောင်နေရဘိသကဲ့သို့ စိတ်ကြီးဝင်နေမည်ဆိုပါက တကယ့်အနုတ်လက္ခဏာပဲ ဖြစ်ပါသည်။ မိမိကျွမ်းကျင်၍ တာဝန်ယူရသည့်အလုပ်ကို ကောင်းကောင်း မလုပ်သော်လည်း မိမိတကယ် မကျွမ်းကျင်သည့် ကိစ္စများနှင့် အချိန်ကုန်နေသူတွေကို မကြာမကြာ တွေ့ရတတ်ပါသည်။ မိမိလုပ်ရမည့် အလုပ်ကလွဲလျှင် ကျန်တာ အကုန်လုပ်၍ စိတ်ကြီးဝင်နေသူ အတော်များများကို တွေ့ရတတ်ပါသည်။

*အခုတော့ ဗမာပြည်မှာ လုံခြုံရေးဝန်ဆောင်မှုဆိုပြီး ကုမ္ပဏီတွေတောင် ရှိနေခဲ့ပါပြီ(ဒါကိုတော့ ကျွန်တော်လည်း မသိ၊ ဆရာ ဒီနိုဗိုပြောမှ သိရခြင်းဖြစ်ပါသည်)။ အဲဒီအဖွဲ့တွေအနေနဲ့ ဒီအလုပ်ကို တခြားဝန်ဆောင်မှု အလုပ်တွေလိုပဲ အခကြေးငွေယူပြီး လုပ်ကိုင်ဆောင်ရွက်နေကြပါပြီ။ ဒီအတွက် သူတို့ကို ခေါ်ယူငှားရမ်းကြတဲ့ ဘယ် customer မှ ငါတို့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးနေတဲ့ ကျေးဇူးရှင်ကြီးတွေလို့ မသတ်မှတ်သလို သူတို့အနေနဲ့လည်း ငါ့ကြောင့် သူတို့တွေ အေးအေးဆေးဆေး နေနိုင်တာဆိုပြီး မာန်တက်မနေကြပါ။ လုံခြုံရေးဆိုတာ တခြားအလုပ်တွေလိုပဲ အသက်မွေးဝမ်းကျောင်း professional တစ်ခုပါပဲ။*

မိမိသည် အများ၊တကာကို ကယ်တင်ခဲ့သည့် ကျေးဇူးရှင်သခင်ကြီးဖြစ်သည်ဟု ကြေညာမောင်းခတ်ပြီး လူ

အများ ကြည်ညိုစေဖို့ ကြိုးပမ်းခြင်း
ဘယ်ခေတ်တွင်မှ အရာမထင်ခဲ့ပါ။
ပုံကို ရုပ်တုထုပြီး ကျောက်ထက်အက္ခ
တင်ခဲ့စေကာမူ နောင်းလူတို့က ဘု
ဖြင့် ထိုးကော်ဖျက်ဖြိုခြင်းခံရသည့် ဖြ
ဖြစ်ရပ်များကို သမိုင်းတွင် မျက်ဝါး
ထင် မြင်ခဲ့ကြပြီး ဖြစ်ပါသည်။

လူတို့၏ သဘောမှာ ကျေး
အတင်ခံချင်လွန်းသူကို ကျေးဇူးတ
ဝန်လေးကြစမြဲဖြစ်ပါသည်။

*တခြားအလုပ်တွေထက် မနိ
သလို တခြားအလုပ်တွေထက် ထူ
သာလွန်နေတဲ့၊ ကိုယ်ကျိုးစွန့် အန
ရတဲ့ အလုပ်မျိုးလည်းမဟုတ် ဆို
နိုင်ငံတကာမှာတော့ လက်ခံထား
ပါပြီ။ ဒီတော့ လုံခြုံရေးသမား
ယောက်ရဲ့ ပုံရိပ်ဟာ ဘယ်လို
ဖြစ်မလဲဆိုတာတော့ သူကိုယ်တို
ခံယူကျင့်သုံးပုံနဲ့ပဲ ဆိုင်ပါလိမ့်
သူဟာ လေးစားအားကိုးစရာကောင်း
လူလား၊ အမြင်ကတ်စရာ ဟိတ်ဟ
နေတဲ့ လူလားဆိုတာတော့ သူ့အပြု
ပေါ်မှာပဲ မူတည်ပါတော့မယ်။*

*ကျွန်တော်တို့အနေနဲ့ ဘယ်လုံ
ရေးဝန်ထမ်းကိုမဆို လေးစားချစ်ခင်
ကြပါတယ်။*

ကျွန်တော်တို့သည် ကိုယ်ပဲ ကျွမ်း
ကျင်၍ ကိုယ့်လုပ်နိုင်သည့် အလုပ်
တန်ဖိုးထားလုပ်နေသူများကို လေး
ချစ်ခင်ကြမြဲ ဖြစ်ပါသည်။ မည်သူ့
ဆုတံဆိပ်မျှ မရခဲ့စေကာမူ သူ့အလု
လုပ်ပြီး လေးစားချစ်ခင်မှုများကို ရ
သော မိုးဇလ အဘိုးအိုသည် အကော
ဆုံး ဥဒါဟရဏ်တစ်ခု ဖြစ်ပါသည်
❑

*ကျွန်တော်တို့အနေနဲ့ ဘယ်လုံ
ရေး ဝန်ထမ်းကိုမဆို လေးစားချ
ချင်ကြပါတယ်။*

တော်တော်ကောင်းသည့် ဆ
ချက် ဖြစ်ပါသည်။

ပုံပြင်လေးတစ်ပုဒ် ရှိသ
တစ်နေ့တွင် မြို့ဝန်ကတော်နှင့်
ကြီးတို့နှစ်ပါး ကြည်နေသည်ကို

www.burmeseclassic.com


ဗူးလက်ကြပ် မိသွားသော မြို့ဝန်က ရသေ့၏ ဒေါက်ချာကိုဆောင်း၍ သပိတ်ဆွဲ၍ ထွက်မည်ပြင်သတဲ့၊ 'မြို့ဝန်မင်း အခု ဘာလုပ်တာလဲ' ဟု ရသေ့ကမေးရာ 'ကျုပ်အလုပ်ကို ရသေ့ကလုပ်နေတော့ ရသေ့အလုပ်ကို မြို့ဝန်က လုပ်ရတော့မှာပေါ့' ဟု ဆိုသတဲ့။

ကမ္ဘာလောကသည် ကျွန်တော်တို့အား မည်သည့်ဇာတ်ရုပ်မှာ ကပြမည်လဲဆိုသည်ကို ရွေးချယ်ဖို့ အခွင့်အရေးပေးခဲ့ပါသည်။ ကျွန်တော်တို့ကလည်း စိတ်ကြိုက်ရွေးချယ်ခဲ့ပါသည်။ အသက်မွေးမှု ပြုခဲ့ပါသည်။ လူသူတကာတို့၏ လေးစားရှင်ကြီး ဖြစ်လို၍လည်းကောင်း၊ ကမ္ဘာလောကကို ချောက်ကမ်းပါးထဲမှ ဆွဲတင်လို၍လည်းကောင်း၊ မိမိတို့၏ အသက်မွေးမှု ဘဝဇာတ်ရုပ်ကို ရွေးချယ်ခဲ့သည် မဟုတ်ပါ။ လူသည် မိမိရွေးချယ်ထားသည့် ဇာတ်ရုပ်ကို ပီပြင်အောင် က,ကြရပါသည်။ မိမိရွေးချယ်သည့် ဇာတ်ရုပ်ကို ပီပီပြင်ပြင်မကသော၊ ကိုယ့်အလုပ်ကိုယ် မလုပ်သော၊ သို့ မဟုတ် မိမိလုပ်ရမည့် အလုပ်မှ အစ်ပါး တစ်မိုးလုံး ဖျောက်ဆိပ်လုပ်ချင်သော တစ်နည်းအားဖြင့် professional မဖြစ်သော သူများသည် မည်သူ၏ ယုံသည်းပွတ်တွင်မှ လေးစားချစ်ခင်ခြင်းရာ တစ်နေရာရာ ရခဲ့ကြသည် မဟုတ်ပါ။ ဇာတ်ခုံပေါ်ကကြသည့်အခါ ဇာတ်ကောင်တို့သည် စရိုက်တစ်မျိုးမျိုးဖြင့် က,ပြရပါသည်။ အက်ဆေးဆရာသည် တံခါးမှူးတို့၏ ခန္ဓာဗေဒကို မြင်စိတ်ဖြာလျက် လောကဇာတ်ခုံပေါ်၌ မိမိဇာတ်ရုပ်ကို မိမိပီပြင်အောင် က,ခြင်းသည်သာ အစစ်အမှန် တန်ဖိုးဖြစ်သည်ဟု ဆိုလိုက်ချင်ပုံရပါသည်။

စရိုက်ပျက်နေသည့် ဇာတ်ရုပ်သည် အမှိုက်ဒိုက်သရောမျှသာ ဖြစ်ပါသည်။ ■

**မောင်ရင့်မာ၊ကျောင်းကုန်း၊ ဧည့်သွန်း။** ။

ဒီနိုဗို၏ ဗီလိန်အက်ဆေးစုစည်းမှု (...entum publishing house)·

The Fall of the Royal Family of Burma

SUDHA SHAH

ဤစာအုပ်ကို ရေးသားရသည့်
ရည်ရွယ်ချက်မှာ
ပထမရည်ရွယ်ချက်အနေဖြင့်
မည်မျှပင် ဩဇာအာဏာရှိပြီး
ချမ်းသာသူပင်ဖြစ်စေကာမူ
တစ်ခဏအတွင်း၌ ဆင်းရဲသွားပြီး
အထီးကျန်ဖြစ်သွားသည်ကို
သိစေချင်လို့၍ဖြစ်သည်။
ဒုတိယရည်ရွယ်ချက်မှာ
ဘုရင်၏မိသားစုအနေဖြင့်
နန်းချခံရပြီး တစ်ပြည်တစ်ရွာတွင် မည်ကဲ့သို့
နေထိုင်ခဲ့ကြရသည်ကိုသိစေလို၍ဖြစ်သည်။
■

ဆုဒါရှား(မူရင်းစာရေးသူ)

NDSP

Yangon Book Plaza,
၅လွှာ၊ သံဈေး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
E-mail : www.ndspbook.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပုဂံ မိုးကောင်းကင်၏
တိမ်သား မျက်နှာကြက်သည်
အရောင်အသွေး စုံလင်သော်လည်း
အုံ့ဆိုင်း မှိုင်းပျနေဆဲပင်။
သည်တစ်ခေါက်တွင်လည်း
ကျွန်တော်တို့သည်
ဆည်းရီပျယ်စ
နေဝင်ရီတရော အချိန်တွင်မှ
ဓမ္မရံကြီးသို့ ရောက်ခဲ့ရပြန်ပါသည်။
ကျွန်တော်သည် ပုဂံသို့ရောက်သည့်
ပထမဆုံးတစ်ခေါက်သာပဲ
လင်းလင်းကျင်းကျင်း
နေ့လယ်ခင်းမှာ
သည်နေရာသို့ ရောက်ဖူးသည်။
နောင်အခါခါတို့၌မူ
ယခုလို မှိုင်းညို့ညှို့ရိပ်၊
လူခြေတိတ်လုနီးအချိန်မှ
ရောက်ခဲ့ရသည်ချည်း ဖြစ်ပါသည်။
ပြောရဦးမည်။ ကျွန်တော်တို့
ငယ်စဉ်က ပုဂံသူရဲကောင်း
လေးဦးကို ရင်ခုန်ခဲ့ရသည်။
ကွမ်းဆော်၊ ကြောင်းဖြူ၊
တောင်သူကြီးမင်းတို့ကို
စိတ်ကူးယဉ်ခဲ့ရသည်။

# ဓမ္မရံတည်သူ
# မောင်ရင့်မာ
## (ကျောင်းကုန်း)



ရုပ်စုံမဂ္ဂဇင်း
ရသစာတမ်း
အမှတ် ၃၃၃၊ ဇွန်၊ ၂၀၁၇

www.burmeseclassic.com

www.burmeseclassic.com

ငယ်ကတည်းက စွဲခဲ့ရသော သမိုင်းဇာတ်ကောင်များနှင့် သူတို့ ရှင်သန်နေထိုင်ခဲ့သောပုဂံမြေကို ကျွန်တော်တို့ မွေးဖွားခဲ့ရာ ဇာတိရွာလေးသဖွယ် စိတ်ကူးထဲမှာ နွေးဝေနေခဲ့သည်။ သို့သော် ထိုအရပ်သို့မရောက်ခဲ့။

တစ်နေ့သောအခါ သီချင်းတစ်ပုဒ်က ကျွန်တော့်ကို သည်းသည်းထန်ထန် လှုပ်နှိုးလိုက်သည်။

*(မိုးသောက်ယံ ပင်လယ်××× အရုဏ်ပြတင်း×××အဖွင့်၊ လေသင့်ရာ လွင့်ပါ×××မျှော်တော်ဆီမှ တမာရနံ့ ဆွတ်ပျံ့ဖွယ်သာ)*

ခံစားချက်ပြင်းပြင်းနှင့် သီဆိုလိုက်သော ခင်ညွန့်ရည်၏ ပြေလွင်သော အသံက ကျွန်တော့်ရင်ကို ဒိုင်းခနဲ ပြေးဆောင့်သည်။ တမာရနံ့လေးတွေ ထုံဝေ့လာသည်။ သီချင်းသံက တိခနဲရပ်သွားပြီး ရုတ်တရက် စကားသံ (monologue) ဝင်လာသည်။

*'နေရောင်ဟာ တစ်စတစ်စ ရင့်လာတာနဲ့အမျှ တောက်ပ ပူနွေးလာနေပါတယ်။ တောတွေမှာ မြရောင်ငွေရောင်၊ နေရောင်မှာ တောင်ရဲ့အရိပ် တဖိတ်ဖိတ် တဝင်းဝင်း၊ ရွှေအဆင်းနဲ့ မြင်ကွင်းကြည့်လေရာရာ၊ ဘုရားပုထိုးဂူတွေကျောင်းတွေနဲ့ ပြည့်နှက်နေတဲ့ ပုဂံမြေ ပုဂံမြို့ဟောင်း၊ အားတက်ဖွယ်လည်း ကောင်း၊ ကြည်နူးဖွယ်လည်းကောင်း၊ လွမ်းဆွတ်ဖွယ်လည်းကောင်း။ အဲဒီပုဂံမြို့ဟောင်းက'*

လွန်ခဲ့သော အနှစ်-၂၀ ကျော်က ဖြစ်ပါသည်။ ပုဂံမြို့သူ သီချင်းကို ခံစားနားဆင်ပြီးသောအခါ ကျွန်တော်တို့ သူငယ်ချင်း နှစ်ယောက်သည် အိပ်မက်တွေ ဝေ့ပျံ့နေသော ပုဂံမြေသို့ ခုန်ခုန်ပေါက်ပေါက် ရောက်သွားခဲ့ပါလေတော့သည်။

❑

ထိုစဉ်က ပုဂံသို့ အတူသွားခဲ့သည့် ခရီးဖော်မှာ တရားလွှတ်တော်ရှေ့နေ ကိုလှိုင်ဘွားဖြစ်သည်။ သူက ဥပဒေကို စိတ်မဝင်စား၊ သမိုင်းပဲ စိတ်ဝင်စား

> ပုဂံတစ်ခေတ်တွင် မုဆိုးမပင် ဘုရား တည်သည်-ဟု ဆိုကြသည် သို့ဆိုလျှင် ပုဂံပြည်ကြီးသည် တင့်တယ်သာယာပြီး သိုက်မြိုက် စည်ကားပေလိမ့်မည် သို့ဆိုလျှင် ပုဂံသည် မင်းဆက် ၅၅ ဆက်မျှဖြင့် အဘယ်ကြောင့် ပျက်သုဉ်းခဲ့ရလေသနည်း

သည်။ အငြင်းသန်၊ အရယ်သန်၍ ဟာသနှင့် စိုပြေနေတတ်သော ခရီးဖော်ကောင်း တစ်ဦးဖြစ်ပါသည်။

သမိုင်းဝိညာဉ် ပူးနေသူနှင့် အတူသွားခဲ့သည့် ထိုတစ်ခေါက် ပုဂံခရီးမှာ ဘုရားဖူးခရီးနှင့်မတူ။ သမိုင်းပညာသင်ကျောင်းသား၏ လေ့လာရေးခရီးနှင့် တူနေသည်။ သူက ဘုရားသမိုင်း၊ ဒဏ္ဍာရီတွေကို ပို့ချဖို့ အစဉ်အားသန်နေသည်။ အာနန္ဒာဘုရားရှေ့မှ ရုပ်တုနှစ်ခုကိုပါ ရှိခိုးနေသော ကျွန်တော့်အား အသေအချာ စောင့်ကြည့်နေခဲ့သည်။ ပြန်ထွက်လာသောအခါ-

'ခင်ဗျား ရှိခိုးနေတဲ့ ရုပ်တုတွေကို ဘာထင်နေလို့လဲ' ဟု သူက စစ်မေးသည်။

'ရေးထားတယ်လေ၊ တစ်ခုက ရှင်အရဟံ၊ တစ်ခုက ကျန်စစ်သားမင်းကြီး'

ကျွန်တော်သည် ဆရာကြီး ဦးရွှေအောင်၏ **ဗုဒ္ဓ-လောကသားတို့၏ အနိူင်းမဲ့ကျေးဇူးရှင်(ကိုယ်ကျင့်ဗုဒ္ဓဝင်)**
စာအုပ်ကြီးကို ဖတ်ထားပြီး စဖြစ်သ
ပုဂံပြည်သို့ ထေရဝါဒ ဗုဒ္ဓသာသနာ
ဆောင်ယူလာသော အနော်ရထာမင်း
နှင့်တကွ ရှင်အရဟံနှင့် ကျန်စစ်မင်း
တို့၏ ကျေးဇူးဂုဏ်ကို တကယ်ပဲ ရို
ညွတ်နူးစွာ ဦးခိုက်ရှိခိုးခဲ့ခြင်းဖြစ်ပါသည်
သို့သော် သူက မကျေနပ်နိုင်ခဲ့ပါ။

'ခက်တာပဲဗျ၊ ဒီရုပ်တုနှစ်ခု
နောင်းလူတွေက မံပြီးပြင်ထားတာ
အစက ရှင်အရဟံနဲ့ ကျန်စစ်သား
မဟုတ်ဘူး'

'ဥဒ္ဒိသ- ရည်မှတ်၍ဆို
ခင်ဗျားကြားဖူးလား။ ကျွန်တော့်စိတ်
က ရည်ရွယ်ဦးခိုက်တာပဲဗျာ၊ မရ
လား'

ပုဂံသို့ စိတ်ဝမ်းလက်ညီ အ
သွားခဲ့သော်လည်း ကျွန်တော်တို့
သန်ပုံ မတူကြ။ သူက သမိုင်းကို
ခံ၍ ဆင်ခြင်ရန်ဖြစ်ပြီး၊ ကျွန်တော်
ပုဂံရနံ့နှင့် အငွေ့အသက်ကို လွမ်း
ဖြစ်သည်။ သူက အာနန္ဒာ၏ အနု
ရာကို စိတ်ဝင်စားသည်။ ကျွန်တော်
တန်ဆောင်မုန်းပွဲပြီးစ၊ ဘုရားရှေ့
မီးဖိုဟောင်းနှင့် လှည်းဘီးရာလေး
ကို ရင်ခုန်ကြည်မွေ့သည်။ သို့
ကျွန်တော်တို့သည် ငြင်းခုံရင်း၊ ရယ်
ရင်း၊ ဘုရားကြိုဘုရားကြား သွား
ပုဂံရက်များကို ချိုမြိန်စွာ ဖြတ်သန်းခဲ့
ပါသည်။

'မမွှရုံကြီးက ထုထည်အကြီး
ဆုံးပဲ။ အုတ်စီလက်ရာတွေက သိ
သပ်တာဗျ။ မသေသပ်လို့လည်း
ဘူးလေ။ အုတ်စီထဲ အပ်ထိုးကြည့်
ဝင်သွားရင်ကိုပဲ ဘုရင်က ပန်းရန်တွေ
ရက်ရက်စက်စက် ကွပ်မျက်ပစ်တော့
'ဟုတ်လား၊ အသက်တွေ
ကျေပျက်စီးပြီးမှ ဘုရားတည်တာ
ကုသိုလ်ပြုတယ် ခေါ်သလားဗျာ'

ထိုအခါမှစ၍ ဓမ္မရံကြီးသည်
တော့်ကို ညှို့ငင်ခဲ့ပါသည်။ ကျွန်
သည် ပုဂံသို့ ရောက်သည့်အခါ
ဓမ္မရံကြီးသို့ သွားလေ့ရှိပြီး ရောက်



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကလည်း ယခုလို နေဝင်ရီတရော အချိန်မျိုး ဖြစ်နေတတ်ပါသည်

❑

နေရောင်သည် တောက်ပပူနွေး နေရာမှ တဖြည်းဖြည်း မှိန်ဖျော့၍လာပါပြီ။

ကျွန်တော်တို့သည် အာနန္ဒာဘုရား အနောက်မုခ်ဝမှနေ၍ မင်းနန်သူရွာသွား သည့်လမ်းသို့ တက်လိုက်သည်။ တစ်နေရာတွင် လက်ယာဘက် မြေလမ်းဖုံဖုံ လေးပေါ်သို့ ချိုးကွေ့လိုက်သည်။ အုတ်စီ မုခ်ဦးနှင့် ကွင်းပြင်ကျယ်ကြီးတွင် ခပ်ဝပ်ဝပ်ဟု ထင်ရသော်လည်း အနားရောက်ခါမှ မိုးယံသို့ ထိုးစွင့်နေသည့်နှယ် မြင့်မားလှသော ဓမ္မရံကြီးဘုရားကို ဘွားခနဲ ဖူးမြင်ရလေသည်။

မုခ်ဦးအပြင်၌ ပြန်ထွက်ဖို့ ပြင်နေသော ကားနှစ်စီးနှင့် ခရီးသည်တစ်သိုက်ကို တွေ့ရသည်။ ဘုရားပရဝဏ်ထဲရှိ အရပ်ဆိုင်လေးများပင် ဖြုတ်သိမ်းနေချေပြီ။ ဆရာ ဂျိုဇော်တို့စုံတွဲကို ဆရာနတ်မျှုးက အလုအယက် ဓာတ်ပုံရိုက်နေလေရာ အလင်းရောင် မလုံလောက်တော့သဖြင့် ဆိုင်သိမ်းနေသူတွေက မီးဆလိုက်ကြီးယူလာပြီး ဂျိုစုံတွဲကို ထိုးပြပေးနေသည်။

ထိုစဉ် သံဃာတော်တစ်ပါးနှင့် တပည့်ဒါယကာတစ်ဦးကို မုခ်ဦး လျှောက်လမ်းပေါ်မှာ တွေ့လိုက်ရပါသည်။

ကျွန်တော်သည် မိုးယံဝဆီသို့ ထိုးစွင့် မြင့်မားနေသော ဂူဘုရားကြီးကို ငေးမောနေမိပါသည်။ အောက်ခြေဆုထည်ကြီးမားပြီး အပေါ်ပိုင်းတွင် အဖျားရှူးသွားသော ဂူဘုရားကြီးကို နရသူမင်းက အပြီးမသတ်နိုင်ခဲ့ဟု ဆိုပါသည်။

'ဓမ္မရံကြီးရောက်တိုင်း စိတ်ထဲ တစ်မျိုးကြီး ဖြစ်ဖြစ်သွားတယ်'

ဓာတ်ပုံရိုက်ပြီးသွားသော ဆရာဂျိုဇော်ကို ပြောလိုက်မိသည်။ သူတစ်ပါးတို့ လွယ်လင့်တကူ ဆန့်ကျင်လေ့မရှိသော ဆရာဂျိုက 'အဲဒါ ဟုတ်သလိုလိုပဲ' ဟုဆိုပါသည်။

'ဆရာပါရဂူလည်း အဲဒီလို ခံစားမိတဲ့အကြောင်း ရေးဖူးတယ်ဗျ။ အဲဒါ ဘုရားတည်တဲ့ ရှင်ဘုရင်ရဲ့ စိတ်နဲ့လည်း ဆိုင်တယ်ထင်တယ်' ဟုပြောမိရာ လျှောက်လမ်းပေါ်ရှိ ဘုန်းတော်ကြီးက…

'လုပ်စမ်းပါဦး ဒကာရဲ့၊ ရှင်ဘုရင့်စိတ်က ဘယ်လိုဖြစ်နေလို့လဲ' ဟု မေးပါသည်။ အဲဒါက ပြဿနာဖြစ်သည်။ ကျွန်တော်က ကိုလှိုင်ဘွားလို ပုဂံရာဇဝင်ကို ကျေညက်သူမဟုတ်။

'ဒီလို အရှင်ဘုရား။ ဘုရင်က သိပ်မလွယ်ဘူး။ သူ့ဘေးတော်၊ ဘိုးတော်တွေထက် သာရမယ်ဆိုတဲ့ စိတ်နဲ့ ဂုဏ်တုဂုဏ်ပြိုင် ဒီဘုရားကြီးကို တည်ခဲ့တာ။ အုတ်စီတဲ့ကြားထဲကို အပ်ထိုးကြည့်လို့ရရင်ပဲ ပန်းရန်ဆရာတွေကို သူက သတ်ပစ်လိုက်တာ'

'အဲဒါ ဘယ်ရှင်ဘုရင်လဲ ဒကာကြီး'

ဘုန်းတော်ကြီးက မေးသောအခါ ကျွန်တော့်စိတ်ထဲ နရသူလား၊ နရပတိစည်သူမင်းလား ဇဝေဇဝါ ဖြစ်သွားခဲ့ပါသည်။ သို့သော် ကံကောင်းထောက်မစွာပဲ ကျွန်တော့်အခက်အခဲကို ဆရာနတ်မျှုးက ဝင်ရောက် ဖြေရှင်းပေးလိုက်ပါသည်။

'နရသူမင်းပါ အရှင်ဘုရား။ ကုလားကျမင်းလို့လည်း ခေါ်ပါတယ်။ နရသူက တော်တော့်ကို ရက်စက်တဲ့ ဘုရင်ပါ'

'ရက်စက်တဲ့ဘုရင်၊ ဟုတ်လား ဒကာကြီး'

'ဟုတ်တယ်ဘုရာ့။ဘုရင်လုပ်ချင်လို့ သူ့အဖေ အလောင်းစည်သူမင်းကြီးနဲ့ သူ့အစ်ကို မင်းရှင်စောကို သတ်ခဲ့တာ။ ဒေါသလည်း သိပ်ကြီးတယ်။ ပဋိက္ခရားမင်းရဲ့ သမီးကို သန်လျက်နဲ့ ခုတ်သတ်ပစ်တယ်၊ ရဟန်းပျိုတွေဆိုရင် အတင်း လူထွက်ခိုင်းတယ်'

ဘုန်းတော်ကြီး မျက်လုံးပြူးသွားသည်။ ဆရာ နတ်မျှုးကို မည်သူမြှောက်ပေးသည်မသိ၊ မကြာသေးမီကမှ ပုဂံနောက်ခံ '**မရွံ့သောမြေ၊ မသေသောမြစ်**' ဝတ္ထုကြီးကို ရေးဖြစ်ခဲ့လေရာ စာရလာသည့် ကျောင်းသားက ဆရာ့ရှေ့မှာ တက်တက်ကြွကြွ စာပြန်နေသလို နရသူမင်း၏ ရှက်စက်ပုံတွေကို ဘုန်းတော်ကြီးအား ကရားရေလွှတ် တတွတ်တွတ် ပြောနေလေတော့သည်။

ကျွန်တော်သည် ဆရာနတ်၏ စာပြန်သံကို နားစွင့်ရင်း ဓမ္မရံကြီး၏ ကျယ်လွင့်သော ဝန်းကျင်ကို ငေးမောနေမိပါသည်။

ဟို့ဝေးပျပျမှာ မြေသားနီနီနှင့် ကုန်းကမူလေးတွေကို တွေ့ရသည်။ ကန္တာရပင်ပျပ်ပျပ်နှင့် ထနောင်းပင်ပုလေးများသည် ကွင်းပြင်ကျယ်ကြီးထဲမှာ ထိုးစိုက်ခံထားရသလို ငေါင်းစင်းစင်းကြီး ဖြစ်နေသည်။ မြူမှုန်ဝေ့ပျံ၍ မှိန်ဖျော့လာသော ဆည်းဆာရီက ဝန်းကျင်တစ်ခိုကို ပို၍ အုံ့ပျစေလေသည်။ ပုဂံမြေ၏ နွေညချမ်းမှာ လွမ်းမောဖွယ်ကောင်းနေပြန်တော့သည်။

ကျွန်တော် စဉ်းစားကြည့်မိသည်။ ပုဂံတစ်ခေတ်တွင် မုဆိုးမပင် ဘုရားတည်သည်-ဟု ဆိုကြသည်။ သို့ဆိုလျှင် ပုဂံပြည်ကြီးသည် တင့်တယ်သာယာပြီး သိုက်မြိုက်စည်ကားပေလိမ့်မည်။သို့ဆိုလျှင် ပုဂံသည် မင်းဆက်- ၅၅ ဆက်မျှဖြင့် အဘယ်ကြောင့် ပျက်သုဉ်းခဲ့ရလေသနည်း။

တိုင်းသားပြည်သူတို့ နုံချာသောကြောင့်လော။ ဘုရင်ဧကရာဇ်တို့ မလိမ္မာမိုက်မဲသောကြောင့်လော။

နရသူသည် အလောင်းစည်သူမင်း၏ သားအလတ်ဖြစ်သည်။ နောင်တော်မင်းရှင်စောကို မင်းကြီးမျက်၍ တစ်နယ်ကျေးသို့ နှင်ထားစဉ် မင်းကြီး နာမကျန်းဖြစ်သဖြင့် ရွှေဂူကြီးသို့ သူက ပို့လိုက်သည်။ မင်းကြီး သတိပြန်လည်သောအခါ အဝတ်ပုဆိုးတို့ ဖိ၍ အနိစ္စရောက်စေသည်။ နောင်တော်မင်းရှင်စောကို ဥပါယ်တံမျဉ်နှင့် ပြန်ခေါ်ပြီးမှ အဆိပ်ခတ်၍ လုပ်ကြံသတ်ဖြတ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပုံသကူမထေရ် ကြားသော် 'နင်ကား သံသရာဝယ်ခံရအံ့သော မကောင်းမှုကိုမကြောက်၊ လောကတွင် သင့်ထက်ပျက်သောမင်း မည်သည်ကား မရှိ' ဟုဆိုကာ သိန်းခိုပြည်သို့ ကြွသွားလေတော့သည်။

ပုဂံမင်းဆက်တွင် တော်တော်ညံ့ဖျင်းသော မင်းတစ်ပါးနှင့် တော်တော်စဉ်းလဲရက်စက်သော မင်းတစ်ပါး ရှိခဲ့ဖူးသည်။

ညံ့ဖျင်းသောမင်းမှာ မင်းခွေးချေး (ခ)နရသီဟပတေ့ဖြစ်သည်။ ရာဇသင်္ကြန် အမတ်ကြီးကိုမှီ၍ မင်းဖြစ်ခဲ့ပြီး ကိုယ်ရည်ကိုယ်သွေး ညံ့ဖျင်း၍ ရမ္မက်အာသာကြီးသည်။ 'တရုတ်ပြေးမင်း'ဟု တွင်သည်။ (ဖျင်းသော်လည်းသူ၏ နန်းစံသက်မှာ-၃၄နှစ်ဖြစ်သည်)

စဉ်းလဲ၍ ရက်စက်သော မင်းမှာ နရသူဖြစ်သည်။ ခမည်းတော်နှင့် နောင်တော်ကို လုပ်ကြံ၍ သွေးစွန်းသည့် နန်းပလ္လင်၌ မင်းစည်းစိမ်ကို ခံစားခဲ့သည်။ နရသူမင်းနှင့်စပ်လျဉ်း၍ မဟာရာဇဝင်ကြီး(ပထမအုပ်)တွင် ဤသို့ မှတ်တမ်းတင်ခဲ့သည်။

*'အမျက်စောင်မာန်ပြင်း၏။ မင်းဖြစ်လျှင် ခမည်းတော် အလောင်းစည်သူပေးသော ကြာဘန်အမည်ရှိ သတို့သမီးကိုလည်း ကွပ်လေ၏။ ကြာဘန် သားဥတ္တရသူနှင့် ဘထွေးစစ်ချီ မဟာဗိုလ်ကိုလည်း ကွပ်လေ၏။ စွမ်းသန်သော ရဟန်းတို့ကိုလည်း လူချည်း ထွက်ရကုန်၏။ မင်းကြီးကား ရက်ရောကြမ်းကြုတ်၏။ မိဖုရား ကိုယ်လုပ်မောင်းမတို့လည်း ကြောက်ရွံ့ခန့်သား ကုန်သည်ဖြစ်၍ မချစ်မကြည်ကြကုန်။ တိုင်းကားနိုင်ငံ၌ နေသူအပေါင်းတို့သည် ပူဆာကုန်သည်ဖြစ်၍ ရွာ၊ ပြည်၊ မြို့ပြ၊ ပျက်စီးကုန်သည်များ၏'*

ခမည်းတော်လက်ထက် ဆက်သလာသည့် ပဋိက္ခရားမင်းကြီး၏ သမီးတော်က နရသူမင်းကို မပြတ်လုပ်ကျွေးရသည်တွင် တစ်ခါသော် နရသူမင်း ရေအိမ်ဝင်ရာ သန့်သက်ရေမဆောင်

ရည်မှတ်
ကိုးကွယ်အပ်သော
ပုထိုးစေတီတို့ကို
ဖူးမြင်လျှင်
ကြည်သာရွှင်ပြုံးရမြဲ
ဖြစ်ပါလျက်
ဓမ္မရံကြီးကို
ဖူးမြင်ရသည့်အခါ
အုံ့ဆိုင်း
ညှိုးမှိုင်းသော
စိတ်ခံစားမှုတို့
ဖြစ်ပေါ်ခဲ့ခြင်းမှာ
ဓမ္မရံတည်သူ
ဘုရင်၏ ရက်စက်
ကြမ်းကြုတ်မှုများနှင့်
ဆေးကြော၍
မစင်နိုင်တော့သည့်
အပြစ်များစွာကြောင့်ပဲ
ဖြစ်လိမ့်မည်

သည်ကို ထိုမင်းသမီးမြင်ပြီး ရွံရှာသောအားဖြင့် မချဉ်းမကပ် နေလေသည်။ မင်းကြီးက သန်လျက်ဖြင့် ခုတ်၍ သတ်ပြန်လေသည်။ ထိုသို့ အမျက်စောင်မာန်ကြီး၍ ဉာဏ်နည်းသောအကြောင်းကြောင့်ပင်လျှင် ပဋိက္ခရားမင်းကြီးက သူရဲကောင်းရှစ်ယောက်ကို စေလွှတ်၍ လုပ်ကြံသဖြင့် အနိစ္စရောက်ပြီး 'ကုလားကျမင်း' အမည်တွင်ခဲ့သူ ဖြစ်ပါသည်။ (စဉ်းလဲရက်စက်အမျက်ကြီးသောမင်း၏ နန်းစံသက်မှာ-၃နှစ်ဖြစ်သည်)

ကျွန်တော်သည် ပုဂံရာဇဝင်ကို ဖတ်မိသည့်အခါတိုင်း ထိုမင်းနှစ်ပါးကို သတိပြု ဆင်ခြင်မိစမြဲ ဖြစ်ပါသည်။

နရသူသည် ရက်စက်သည်နှင့်အမျှ တိုင်းသားပြည်သူတို့ကို နှိမ်နင်းညှဉ်းဆဲ၍ ဆင်းရဲပင်ပန်းစေခဲ့သူ ဖြစ်ပါသည်။ သူ၏ ခမည်းတော်၊ နောင်တော်တို့၏ အသက်သွေးများ စွန်းပေသော နန်းပလ္လင်ကို မတရားသောနည်းဖြင့် သိမ်းပိုက်ခဲ့သူ ဖြစ်ပါသည်။ သူ၏ မင်းစည်းစိမ်သည် တိုင်းကားပြည်သူတို့၏ အသက်၊ သွေး၊ ချွေး၊ မျက်ရည်များဖြင့် ပြည့်နှက်နေခဲ့ပါသည်။

သူသည် ပူပြင်းလောင်မြိုက်သော မင်းစည်းစိမ်၌ မည်သို့နှစ်မြိုက်၍ ပျော်ပိုက် စံစားနိုင်ခဲ့ပါသနည်း။

ဓမ္မရံတည်သူသည် သူ၏ အဘေးတော်၊ ဘိုးတော်တို့အပေါ် ဂုဏ်တုဖက်ပြိုင်လိုသည့်သဘောဖြင့် တည်သည်- ဟု ရာဇဝင်ဆရာက ဆိုသည်။ ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သို့ရာတွင် ကျေးဇူးရှင် ဖခင်နှင့် အခြားသူတစ်ပါးတို့အပေါ် ပြုလုပ်ကျူးလွန်ခဲ့သည့် အပြစ်ကြီးများကို ဆေးကြောလိုသည့် သဘောလည်း ရှိခဲ့မည်ထင်ပါသည်။

တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့သူတို့သည် ဘုရားတည်၊ ကျောင်းဆောက် စသည့် ကောင်းမှုတို့ကို ပြုကြပါသည်။ သူ့ကြွေးမြီကို ပြေကျေအောင် ပေးဆပ်၍ ရသကဲ့သို့ မကောင်းမှုကို ကောင်းမှုဖြင့် ဆေးကြောလိုပုံ ရပါသည်။

သူတစ်ပါးတို့၏ အသက်၊ သွေး ချွေး မျက်ရည်များကို အလှူဒါနကြီးများဖြင့် ပေးဆပ်ပြေကျေနိုင်စရာ အကြောင်းမရှိပါ။

ရည်မှတ် ကိုးကွယ်အပ်သော ပုထိုးစေတီတို့ကို ဖူးမြင်လျှင် ကြည်သာရွှင်ပြုံးရမြဲဖြစ်ပါလျက် ဓမ္မရံကြီးကို ဖူးမြင်ရသည့်အခါ အုံ့ဆိုင်း ညှိုးမှိုင်းသော စိတ်ခံစားမှုတို့ ဖြစ်ပေါ်ခဲ့ခြင်းမှာ ဓမ္မရံတည်သူ ဘုရင်၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆေးကြော၍ မစင်နိုင်တော့သည့် အပြစ်များစွာကြောင့်ပဲ ဖြစ်လိမ့်မည်- ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော်တို့ ပြန်ထွက်လာသောအခါ ဓမ္မရံကြီးသည် ညဦးအမှောင်ထဲတွင် ကျန်ရစ်သည်။ ကားမီးရောင်ထဲသို့ ဖုန်မှုန်တွေ အလုံးလိုက် ပြေးဝင်လာသည်။ ဓမ္မရံတည်သူသည် ခုအခါ ဘယ်ဘုံဘဝများ ရောက်နေမည်လဲ- ဟု တွေးနေမိပါသည်။ ■

**မောင်ရင့်မာ၊ ကျောင်းကုန်း**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ဘချစ်စပ်ကလေးအလှူမှာ ကျွန်းစေရဲ့ရွှေစတော

ဆရာ အောင်ခက် ကျွန်းစဥ်ဒေသ နာနတ်တောင်ရွာသို့ ရောက်လာခဲ့တာ ဘာကြာသေးလို့တုံး။ သက္ကရာဇ်တစ်ခုရဲ့ နှစ်ပိုင်းတစ်ပိုင်းကာလ ကျိုးရုံလေးပဲ ရှိသေးတာလေ။ ရာထူးကတော့ ကျေးလက်ဒေသရဲ့ သဟာဇာတကျလှတဲ့ မူလတန်းပြ ကျောင်းဆရာလေးပါပဲ။ သူ့ဇာတိကတော့ ဘင်္ဂလားပင်လယ်ထဲ ပေါလောပေါ်နေတဲ့ မာန်အောင်ကျွန်းဆိုတာပါပဲ။ ဆရာ အောင်ခက်မှာ စာသင် စာပြလည်းကောင်း၊ ဆက်ဆံရေးလည်း အဆင်ပြေတာမို့ ရပ်ရွာက လေးစားကြသပေါ့။ ဥပမိရုပ်ကလေး တစ်ခါမြင်ဖူး တစ်သက်လုံး အမှတ်ရစေတဲ့ရုပ်မျိုး။ ရှည်သောအရပ်မှာ ခေါင်းကကြီးပြီး ဆံပင်က ပါးပါးမျှင်မျှင်လေး။ ကုန်းဘောင်မင်းဆက်ထဲက မင်းတုန်းမင်းကြီးလို နဖူးက နောက်သို့ ခပ်လန်လန်။ ဒါပေမဲ့ သူ့ကို လူတွေက မင်းမျိုးမင်းဆွေလို့တော့ မပြောကြ။ မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဖူးနဲ့ တူတယ်လို့တော့ ချီးကျူးကြသဗျ။ သည်လို ထောမနာပြုပလားဆို သူ အလွန်ပျော်တယ်။ ဒါဆို သူ တစ်ခုခုတော့

အမှတ် ၃၃၀၊ ဇွန်၊ ၂၀၁၇

ရုပ်စုံမဂ္ဂဇင်း

ဝတ္ထုရှည် ၈/ဆုံး



www.burmeseclassic.com

www.burmeseclassic.com

တိုက်တော့တာ။ လက်ဖက်ရည်၊ ဒါမှမဟုတ် ဆန်အရက်။ တစ်ခါတလေ ရမ်းဖြကျွန်းဘက်ကလာတဲ့ ဓနိရည်အရက်ပေါ့။ သည်လို ယမကာဝိုင်းတွေ ဖြစ်ပလားဆို သူချည်းပဲ ဒိုင်ခံစကား ပြောတော့တာလေ။ အာဝဇ္ဇန်းရွှင်တာမို့ လူချစ်လူခင်လည်း များတယ်လေ။

သည်ဆရာ အသားအရေကတော့ တော်တော်မည်းသဗျ။ မာန်အောင်ကျွန်းသူ ကျွန်းသားတွေဟာ အများအားဖြင့်တော့ ချောကြလှကြတာလေ။ အကယ်ဒမီ နေတိုးတို့ကို ကြည့်ပါလား။ သည်အထဲ ဆရာ အောင်ခက် မည်းနေပုံက အတော့်ကို အံ့သြစရာ ဖြစ်နေတော့တာကလား။

သည်လို သူ့အသားအရေ မည်းနေတာကိုပဲ သူက ဂုဏ်ယူနေလိုက်သေးသဗျ။ မည်းတာ တာရှည်ခံတယ်၊ မပျက်လွယ်ဘူးဆိုပါလား၊ သူက ပြောလိုက်သေးတယ်။ ကျောင်းအားကစားပြိုင်ပွဲတစ်ခုမှာ သူ အပြေးဝင်ပြိုင်တာ ရှေ့ဆုံးက ပန်းဝင်လာတာတဲ့။ သူ့နောက်ဘက်လှည့်ကြည့်လိုက်တော့ အခြားပြိုင်ပွဲဝင်တွေကို သူ အတော်ဖြတ်ထားနိုင်ခဲ့တယ်ဆိုပဲ။ အဲဒါနဲ့ သူ အားရပါးရ ရယ်လိုက်တဲ့အချိန်မှာ အားပေးနေကြတဲ့ မိန်းကလေးအုပ်ထဲက အားပေးသံလေးတွေ ထွက်လာတယ်တဲ့။

'ဟေး စွပ်ကျယ်တစ်ထည်နဲ့ သွား တစ်တန်း ပန်းဝင်လာပြီကွ'

မောမောပန်းပန်း ဟောဟဲ၊ ဟောဟဲဖြစ်နေတဲ့ကြားက ကိုယ့်ကိုယ်ကို သတိထားမိတဲ့အချိန်မှာ အနက်ရောင်ဘောင်းဘီတိုနဲ့ အပေါ်က စွပ်ကျယ်အင်္ကျီအဖြူရောင်ကို ဝတ်ထားတယ်ဆိုပဲ။

'ဒီမှာ တွေ့တယ်နော် ငါ့နောက်မလိုက်ရင် ဒီခါးမြှောင်နဲ့ နင့် အသည်းနှလုံး ဖောက်ထွက်သွားအောင် ထိုးသတ်ပစ်မှာ ဘာမှတ်လဲ' ဆရာ အောင်ခက်နဲ့ မဦးမြနုတို့ရဲ့ အချစ်စစ်ပွဲကား မလွယ် ပွဲကြမ်းနေခဲ့လေပြီ ပေါ့

ခု ဆရာအောင်ခက် ကျွန်းစဉ်ဒေသ နာနတ်တောင်ရွာသို့ အရောက်မှာတော့ ကျောင်းပိတ်လို့တောင် မိဘရပ်ထံ မပြန်နိုင်တော့ပြီ။ သည်ရွာမှာ ပျော်သည်တဲ့။ တခြား ဟုတ်ပါရှေ့လား ဟရို့။ သူက နာနတ်တောင်ရွာသူ မဦးမြနုကို အရမ်းကြိုက်နေပေသကိုး။ (ရခိုင်ဒေသမှာ သားဦး၊ သမီးဦးဆိုလျှင် မိန်းကလေးပင်ဖြစ်သော်လည်း ဦး,ကို အမည်ရှေ့သို့မဟုတ် နောက်ကထည့်ပြီး မှည့်ခေါ်လေ့ရှိကြသည်။)

မဦးမြနုမှာ လုံးကြီးပေါက်လှ ကိုယ်လုံးပိုင်ရှင်။ အသားက ညိုသြယောင်ရှိသော်လည်း မျက်နှာသွယ်သွယ်လေးနဲ့ နန်းဆန်တယ်။ အလှူမင်္ဂလာလုပ်ရင်လည်း သူပါတယ်။ သင်္ကြန်ကာလ အပျိုလူပျို ဘုရားရေသပ္ပာယ်ရင်လည်း ရှေ့ဆုံးက။ မဦးမြနုမှာ ရွာကွမ်းတောင်ကိုင်ဖြစ်သည့်အပြင် အနုပညာဝါသနာကလည်း ခပ်ကဲကဲမို့ ရွာဇာတ်ပွဲက,ရင်လည်း ပြဇာတ်မင်းသမီး လုပ်ရတယ်လေ။

ဆရာ အောင်ခက်မှာ အားအားရှိတိုင်း မဦးမြနုတို့အိမ်သို့ ရောက်လာတတ်တယ်။ ကျောင်းဆရာတစ်ဦးမို့ မိဘတွေက ရိုသေသမှုပြုပြီး ဖျာခင်းပေးကြ၊ ရေနွေးချပေးကြနဲ့ပေါ့။ ဒါပေမဲ့ မဦးမြနုမှာ ဆရာ အောင်ခက် အိမ်ခြံဝင်းထဲ ဝင်လာတယ်ဆိုရင်ပဲ တစ်ခုမဟုတ်တစ်ခု အကြောင်းပြုပြီး အိမ်ပြင်ထွက်သွားတတ်တယ်။ အဆုံးမှာ ဘာမျှအကြောင်းရှာမရရင် ဆန်ပုတ်ထဲက ဆန်ကို ဆန်ဖွတ်တောင်းကလေးနဲ့ ကျုံးကော်ယူပြီး ဆန်မောင်းနင်းဖို့ဆင်းပြီ။

ဆရာ အောင်ခက်မှာ ရွာကွမ်းတောင်ကိုင် မဦးမြနုအပေါ် သမုဒယကြောင့် ဖြစ်တည်တဲ့ နှလုံးသားခံစားချက်ဟာ ရင်ထဲမှာ နေ့စဉ် ကြီးထွားနေတယ်။ ဆရာ အောင်ခက်မှာ မဦးမြနုကို မမြင်ရမနေနိုင်တဲ့ အခြေအနေမျိုးထိ ဖြစ်လာခဲ့ပြီ။ သည်တစ်ခါတော့ ဆရာ အောင်ခက် ဘာစိတ်ကူးရသွားလဲ မသိဘူး။ ဆရာကြီး ဦးသာထွန်းဆီမှာ မယ်ဒလင် အတီးသင်နေတာတွေ့လိုက်ရတယ်။ ဆရာ အောင်ခက်အတွက် အရမ်းခက်ခဲပင်ပန်းပါတယ်။ အနုပညာဆိုတာ အလွယ်တကူ သင်ယူလို့ရတဲ့အရာမှ မဟုတ်တာ။

'ဆရာကြီးရေ ကျွန်တော့်ကို ပန်းစိုက်သမား သီချင်းတစ်ပုဒ်လောက်တော့ တီးတတ်အောင် သင်ပေးပါဗျာ'

'ဟေ့ ကောင် အောင်ခက်၊ မင်းကို ငါသင်နေတာပဲ။ မင်းကိုယ်တိုင် ကြိုးစားဖို့ပဲ လိုတာလေ'

ဆရာ အောင်ခက်ခမျာ ရည်မှန်းချက်ကြီးကြီးနဲ့ ကြိုး စားတယ်။ တီးခတ်တယ်။ နောက်တော့ မတော် တခေါက်လေး ဖြစ်လာတာ ပေါ့။ ဆရာ အောင်ခက် အရမ်းပျော်သွားပြီ။ အိပ်ရင် တောင် မယ်ဒလင်ကို ဖက်ပြီး အိပ်တယ်။ တစ်ရေးနိုးလာ ရင် မယ်ဒလင်လေးကို ချစ် တဲ့စိတ်နဲ့ နမ်းလည်းနမ်း တယ်။ သည်မယ်ဒလင်လေး က သူ့ရဲ့ နှလုံးသား အသွား လမ်းမှာ သမုဒယတံတား လေး ဖြစ်ကောင်းဖြစ်နိုင်လာ နိုင်တယ်လေ။

လူတွေဟာ အချစ်နဲ့ ပတ်သက်လာရင် ရူးကြ တွေ များသတဲ့လား။

❑

နွေညမို့ ငွေလ ... မြမြသာနေတယ်။ ဆရာ ...



www.burmeseclassic.com

www.burmeseclassic.com

အောင်ခက်မှာ လူပျို့ကာလသား လှစိန်နဲ့အတူ လမ်းလျှောက်လာခဲ့တယ်။ မဦးမြနုတို့ အိမ်ရှေ့အရောက်မှာတော့ မယ်ဒလင်ကို တီးခတ်ရန် အသင့်အနေအထား ပြင်လိုက်ကြပေါ့။ မဦးမြနုတို့ အိမ်ကြီးဆီသို့ စူးစူးစိုက်စိုက် တစ်ချက် ကြည့်ပစ်လိုက်တယ်။ မယ်ဒလင်လက်ကွက်ကလေးကို စ,ဖော်လိုက်ပေပြီ။

'ကိုလှစိန် ဆိုတော့လေ ဗျာ'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့'

*'မေတ္တာဥယျာဉ်နန်းမှာ×××ပန်းကလေးများ ပွင့်လန်းဝေစီ×××*

ဆရာ အောင်ခက်မှာ သီချင်းနဲ့ တီးကွက်ကလေး သွင်းပြီး တီးလိုက်တယ်။

*တစ်ဖက်သတ် အချစ်မျိုးဟူသည်××× ရင်မှာတိတ်တခိုးနဲ့×××မျှော်ကိုးရတာ ကြာတောင့် ကြာရှည်×××*

အဆိုနဲ့တွဲလျက် တီးကွက်ကလေးက သာယာနေတယ်။

*တွေ့ပါမြင်ပါ များတော့××× သမုဒယ ပိုးကြိုးလေးတွေ××× သူ့အပေါ် ရစ်တော်ဖွဲ့နှောင်××× မေတ္တာ မိုးခေါင် သဲသောင် ကန္တာရမှာ×××ပန်းမျိုးစေ့ကို ပျိုးရသလိုနှယ်×××သို့သော် ဘယ်နေ့မှန်းမသိ××× စောင့်သည့်ရက်သာ ကြာခဲ့ပါပြီ×××။*

သီချင်းဆိုသူ လှစိန်မှာ ကိုယ့်သီချင်း ဘယ်ရောက်လို့ ရောက်မှန်းမသိ။ တီးသူကလည်း တဒုံဒုံ တဒင်ဒင်နဲ့ ထွက်ချင်တဲ့အသံ ထွက်နေတော့တယ်။ ဆရာ အောင်ခက်မှာ သီချင်းနဲ့ တီးကွက်ဆုံးလျှင် စစ်ပွဲကြီးတစ်ပွဲကို အောင်နိုင်ခဲ့တဲ့ စစ်သူကြီးနှယ် ရင်ကလေးကော့ကော့ အိမ်ပြန်မော့မော့ ဖြစ်ခဲ့ပြီပေါ့။

'ကိုလှစိန်ရယ် ကျွန်တော် ဒီည အားရလိုက်တာဗျာ။ မဦးမြနုတော့ အရမ်းသဘောကျနေရှာမယ် နော်'

လှစိန်ဆီက ဘာသံမျှ ထွက်မလာ။

'ဒါ အကွက် ပဲ အောင်ခက်တဲ့ကွ'

ဆရာ အောင်ခက် ကိုယ့်ကိုယ်ကို အကျေနပ်ကြီး ကျေနပ်နေမိတယ်။

'ကျွန်တော့် လက်သံလေးကို မဦးမြနု တော့ နားထောင်နေမှာပဲ၊ သိလား'

'ဆရာက စိတ်ကောင်းရှိတယ်၊ အောင်မြင်မှာပါ'

'ကျွန်တော် ဘုရားမှာ ဆုတောင်းလိုက်မယ်နော်'

'ဒါ လုပ်သင့်တယ် ဆရာ'

ဆရာ အောင်ခက် ဘုရားကို ဦးသုံးကြိမ်ချ ရှိခိုးလိုက်တယ်။

'ဘုရား တပည့်တော်သည် မဦးမြနုအပေါ် နှလုံးသား ခံစားချက် အစစ်အမှန်နဲ့ စွဲစွဲလမ်းလမ်း ချစ်နေမိပါပြီ အရှင်ဘုရား။ ဤမှန်သော သစ္စာစကားကြောင့် မဦးမြနုသည် တပည့်တော်တို့ရဲ့ ဂီတသံကို သစ္စာစကားသံဟု အာရုံရပြီး တပည့်တော် အောင်ခက်အား မေတ္တာသက်ဝင်ပါစေ ဘုရား'

ဆရာ အောင်ခက်မှာ ဆုတောင်းအပြီးတွင် ဦးသုံးကြိမ် ချလိုက်ပြန်တယ်။

ဆရာ အောင်ခက်တစ်ယောက် နှလုံးသား အချစ်လှေကလေး လှူးရုံနဲ့ မူးပြီပေါ့။

❑

'သမီး ညတုန်းက ဆရာ အောင်ခက်တို့ မယ်ဒလင်လေးတီးပြီး အိမ်ရှေ့မှာ သီချင်းလာဆိုတာ သမီး မကြားလိုက်ဘူးလား'

'ကြားတာပေါ့၊ သူ့ မယ်ဒလင်လက်သံကလည်း ဘာမှန်းမသိဘူး။ ဖွတ်ဒုံဒုံ၊ ဖွတ်ဒုံဒုံနဲ့ နားငြီးလိုက်တာ'

'အို သမီးကလည်း ကိုယ့်ကို မေတ္တာရှိလို့ ဆိုပြ၊ တီးပြနေတာကို အဲသလို မပြောရဘူးလေ'

'သမီးမှ သူ့ကို ကြည့်မရတာ'

မဦးမြနုတို့ သားအမိနှစ်ယောက် ဆရာ အောင်ခက်ရဲ့ ချစ်သူရှာ ဇာတ်ဝင်ခန်းအတွက် ဆွေးနွေးနေကြတဲ့ မင်္ဂလာနံနက်ခင်းရဲ့ သုတိမင်္ဂလာ စကားသံများရယ်လေ။

ဆရာ အောင်ခက်မှာ နေ့လယ်လောက်တွင် မဦးမြနုသို့ အိမ်သို့ ရောက်လာပြန်တယ်။ မျက်နှာလေးက အပြုံးမျက်နှာလေးပါပဲ။ ညတုန်းက မယ်ဒလင် သီချင်းသံလေးနဲ့ ကြိုးစားမှု အောင်မြင်သလားပေါ့။ မဦးမြနုမှာ ဆရာ အောင်ခက်ရဲ့ အပြုံးမျက်နှာလေး မြင်လိုက်တာနဲ့ အိမ်ထဲသို့ ပြေးဝင်ပြီး အိပ်ရာပေါ် ဝမ်းလျားမှောက်နေခဲ့လေပြီကော။ ဆရာ အောင်ခက် ပြန်သွားမှ အိမ်ထဲမှ ထွက်လာခဲ့လေရဲ့။

'ဒီလူတစ်ယောက်နဲ့လည်း သမီး စိတ်ညစ်တယ်'

'ဘာလို့လဲ သမီးရယ်၊ ဆရာ အောင်ခက်က ကြည့်ကောင်းပါတယ်'

'ဘယ်ကနေ ကြည့်ကောင်းမှာလဲ အမေရယ်။ အသွားကလည်းမည်း၊ သွားကလည်းကျဲနဲ့ ကပ္ပလီကြီး ကျနေတာပဲ'

'အောင်မယ်လေး သမီးရယ်။ လင်ဆိုတာ ကျောက်ပျဉ်မှာ သွေးသောက်ဖို့ ယူတာမှ မဟုတ်တာ။ ကောင်းဖို့ပဲ လိုတာလေ'

'အမေကလည်း အဲသလောက် မည်းနက်နေမှတော့ ဘယ်လိုလုပ်ကောင်းမှာလဲ'

'ဟာ၊ သမီးကလည်း မည်းတာနဲ့ မဆိုင်ဘူးလေ။ ကောင်းတယ်ဆိုတာ ကျန်းမာဖို့ရယ်၊ စိတ်ကောင်းရှိဖို့ရယ်ပဲ အဓိကပါ'

'အမေ သူ့ ကောင်းကြောင်း ဘာနဲ့ သက်သေပြမှာလဲ'

'သြော် သမီးကလည်း ရွာမြောက်ပိုင်းက လှမေရဲ့ ယောကျ်ား မြောက်ဦးသားလည်း ဒီလိုပဲလေ။ အသားမည်းတယ်၊ နှာခေါင်းချွန်တယ်၊ နဖူးပြောင်တယ်။ ကလေးတွေ မွေးသလား မမေးနဲ့။ အမြွှာတောင် ပါလိုက်သေးတယ်။ ဆိတ်မတွေ ချေးယိုတာကျနေတာပဲ'

'အမေ ဘာတွေ လျှောက်ပြောနေတာလဲ။ သမီး စိတ်ညစ်တယ်။ တော်တော် တော် သမီး အဲဒီလူကို စိတ်လည်းမဝင်စားဘူး။ ဆိတ်ချေးလည်း မယိုချင်ဘူး'

မဦးမြနုတစ်ယောက် ဆရာ အောင်ခက်ရဲ့ အချစ်ကို လက်ခံဖို့အတွက် သူ့အမေ



www.burmeseclassic.com

www.burmeseclassic.com

'ခင်မိုး
မင်း
ကိုယ့်နောက်ကို
လိုက်ကို
လိုက်ရမှာနော်
ဒီမှာတွေ့လား'
ဆရာ
အောင်ခက်မှာ
မဦးမြနုလက်ကို
ကိုင်ဆွဲပြီး
ဓားမြှောင်ကြီးကို
မဦးမြနုရဲ့
မျက်နှာနားတွင်
တဆဆ
လှုပ်ယမ်းပြနေပြန်
တယ်

ဝင်ပြီး နားချတာတောင် နားမဝင်ပါလား။

ကြိုးစားလိုက်ဦးပေါ့ ဆရာ အောင်ခက်ရယ်။ ကြိုးစားသူအတွက် အောင်ပွဲဆိုတာ လက်တစ်ကမ်းမှာတဲ့လေ။

❑

'ကိုလှစိန်'

'ဗျာ ဆရာ'

'ကျွန်တော် မဦးမြနုကို အပေါက်နှိုက်ချင်တယ်'

'ဘယ်လို ဆရာ ဘယ်လို'

'မဦးမြနုကို အပေါက်နှိုက်ချင်တယ်ဗျာ'

'ဟာ ဆရာကလည်း မဟုတ်တာ'

'ဘာလို့ မဟုတ်ရမှာလဲ၊ ခင်ဗျားတို့ပဲ ညတိုင်း ခင်ဗျားတို့ ရည်းစားကို သွားနှိုက်နေကြတာ မဟုတ်ဘူးလား'

'သြော် ဆရာကလည်း အဲဒါ အပေါက်နှိုက်တာမှ မဟုတ်တာ၊ ရှာလည်တာဗျ'

ရခိုင်ကျွန်းဒေသမှာ လူပျိုကာလသားတွေဟာ ညညအချိန်များဆို သူတို့ကြိုက်တဲ့ ကောင်မလေးတွေရဲ့ အိပ်ခန်း ထရံပေါက်က တုတ်ကလေး ထိုးသွင်းကာ လှုပ်နှိုးရတယ်။ ကောင်မလေးက နိုးလာရင်တော့ ထရံတစ်ချပ်ကို ကြားခံထားပြီး ချစ်စကားကြိုက်စကား ပြောကြရတယ်။ အဲဒါ အရပ်အခေါ် ရှာလည်တယ် ဆိုတာပါပဲ။

'ဒါမျိုး ရှာလည်ချင်လို့ဗျာ'

'ရတယ်လေ၊ ကျွန်တော် စီစဉ်ပေးမယ်'

'ကျေးဇူးပဲဗျာ၊ ကူညီစမ်းပါဦး'

'ဟုတ်ပြီ၊ ဟုတ်ပြီ။ တော်ကြာ ညဥ့်နက်တော့မယ်၊ သွားကြတာပေါ့ဗျာ'

ည ၁၂ နာရီလောက်တွင်တော့ ဆရာ အောင်ခက်နဲ့ လှစိန်တို့ ရှာလမ်းအတိုင်း လျှောက်လာကြတယ်။ လှစိန်ဟာ အိမ်တစ်အိမ်က သစ်သားလှေကား ခပ်ရှည်ရှည်တစ်ချောင်းကို ဖြုတ်ယူပြီး မဦးမြနုအိပ်တဲ့ အိပ်ခန်းရဲ့ ခေါင်းရင်းဘက်က ထောင်လိုက်တယ်။ လှေကား မြဲ မမြဲ ကိုင်လှုပ်ကြည့်လိုက်တယ်။ လှေကားက မြဲနေတာမို့ လှစိန်ကျေနပ်သွားတယ်။

'ကဲ ဆရာ ရပြီ၊ လှေကားပေါ်တက်တော့'

'ဖြစ်ပါ့မလား'

'ဆရာလည်း အချစ်အတွက်ပဲ နည်းနည်းပါးပါးတော့ စွန့်စားရမှာပေါ့'

'ဟုတ်သားပဲနော်'

ဆရာ အောင်ခက် လှေကားကို တွယ်ချိတ်တက်လိုက်ပေပြီ။ ဆရာ အောင်ခက်မှာ လှေကားကို တက်သာ တက်နေရတယ် လိမ့်ဆင်းမှာကိုတွေးပြီး ရင်ထဲတော့ အထိတ်သား။ ဆရာ အောင်ခက် လှေကားထိပ်ပေါ် ရောက်သွားပေပြီ။ လှစိန်က အောက်ကနေ တုတ်ချောင်း လုံးလုံးသေးသေးလေးကို ထိုးကမ်းပေးလိုက်တယ်။ လှစိန်မှာ ဆရာ အောင်ခက်ကိစ္စကို ဆောင်ရွက်ပြီးတာနဲ့ မိမိကိစ္စအတွက် သူ့ရည်းစားအိမ်ဘက်သို့ ထွက်လာခဲ့ပြီပေါ့။ ဆရာ အောင်ခက်လည်း ခေသူမဟုတ်။ တုတ်ချောင်းလေးကို ထရံပေါက်ကနေ ချက်ချင်း ထိုးသွင်းလိုက်တယ်။ အချစ်အတွက် သတ္တိမွေးလိုက်ခြင်းပေလား။ အိပ်ခန်းထဲက လှုပ်လှုပ်ရှားရှား ဖြစ်သွားသံတော့ ကြားလိုက်ရတယ်။

'မဦးမြနု နိုးပြီလား'

'နိုးလို့ပဲ လှုပ်နေတာပေါ့'

အထဲမှ ထွက်ပေါ်လာတဲ့ အသံက အရှိုက်ကို အထိုးခံလိုက်သလိုမျိုး ဖြစ်သွားတာမို့ ဆရာ အောင်ခက် ဆက်ပြောရမှာတောင် ခပ်လန့်လန့်ဖြစ်သွားတယ်။

'ယော် မဦးမြနုက
လည်း ကျွန်တော် ဆရာ
အောင်ခက်ပါ၊ ကျွန်တော့်ကို
မသိလို့လား'

ဆရာ အောင်ခက်မှာ
အသနားခံ လေသံလေးနဲ့
ကွန့်လိုက်တယ်။

'ဘာလို့ မသိရမှာလဲ
မနေ့ညက မယ်ဒလင် မတီး
တတ်ဘဲနဲ့ အိမ်ရှေ့မှာ လာ
ခေါက်တာ ကြားသား
နားငြီးလိုက်တာ'

ဆရာ အောင်ခက်က
လေပြည်သွေးသလော
မဦးမြနုရဲ့ အသံက မာ
ကျောရေ ရှိလှတယ်။ ထိုး
က ကျည်ထိုးမည်မှ မ
သေး၊ ခံစစ်က ချပြီ။

'မဦးမြနုကို ကျွန်တော်
အရမ်း စိတ်ဝင်စားတယ်
မဦးမြနုကို ကျွန်တော် ချ
တယ်ဗျာ။ ကျွန်တော့်အချစ်
လက်ခံပေးပါလားဗျာ'

'အဲဒီ ရုပ်ကြီး ကျွ
စိတ်မဝင်စားဘူး၊ ပြန်တော့'

'ဂလွမ်း ဗိုင်း'

'အောင်မယ်လေး'

မဦးမြနုထံမှ လေ
အဆုံးတွင် ဆရာ အောင်ခ
မှာ လန့်ဖျပ်ပြီး လှုပ်ရှာ
လိုက်ရာ လှေကားမှာ
လုံးလုံးလေးမို့ မြေပြင်သို့
ဆင်းခဲ့ရလေပြီကော။
မကြာ လှစိန် အမောတ
ရောက်လာခဲ့တယ်။

'ဟင် ဆရာ၊ ဘာ
သွားတာလဲဟင်'

'ဘာမှတော့ မဖြ
ဘူးဗျာ၊ မြီးညောင်းရိုး
နည်း အောင့်သွားတယ်'

မြေကြီးပေါ်
မျက်နှာကလေး
လဲကျနေတဲ့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကို လှစိန် လက်ဆွဲထူပေး လိုက်ရတာပေါ့။

'လာ လာ လာ'

လှစိန်မှာ လဲကျနေတဲ့ လှေကားကို ပြန်ကောက်ပြီး ခုံးပေါ်တင် ထမ်းထွက်လာခဲ့တယ်။ ဆရာ အောင်ခက်ကတော့ မချိတဲ့ရင်၊ မရွှင်တဲ့ မျက်နှာနဲ့ နောက်က ခပ်ညှိုးညှိုး လိုက်လာခဲ့တယ်။ မြီးညှောင်းရိုးကိုလည်း ပွတ်ကာ ပွတ်ကာနဲ့။

❑

နာနတ်တောင်ရွာသား တို့မှာ နွေရာသီ စပါးပေါ်ချိန်၊ ငွေပေါ်ချိန်ရောက်တိုင်း ရွာ ဇာတ်ကလေးဖွဲ့ပြီး ပျော်ပွဲ သဘင် ဆင်ယင်ကျင်းပမြဲ။ သည်ညတော့ ဇာတ်ပွဲ က,ပြ ကြတော့မည်လေ။ ရွာသား တွေ ပွဲခင်းထဲသို့ လှုပ်လှုပ်ရွ ရွ ဝင်လာကြပြီ။ အချို့က ပွဲ ဈေးတန်းလျှောက်ကြတယ်။ အချို့ကလေးတွေက ပွဲခင်း ထဲမှာ ပြေးလွှား ဆော့ကစား ကြတယ်။ ဒါက ရွာသဘာဝ ပဲလေ။ သန်းမောင်တို့ ဆိုင်း အဖွဲ့ကလည်း ဆိုင်းသံ၊ ဗုံသံ သောသောညံအောင် ဗိန်း ဗောင်းမြှောက်ပြီး တီးမှုတ် ပေးနေကြပေပြီ။

ရွာဇာတ်မို့ အချိန်သိပ် ဆွဲမနေ။ မိုးချုပ်တာနဲ့ ဇာတ်ခုံ က,ကပြီ။ အပျိုတော်၊ ယိမ်း၊ အော်ပရာတို့ တစ်ခုပြီးတစ်ခု ဆင်ဆက် က,ပြကြသပေါ့။ ရွာသားတွေမှာ ကိုယ့်ရွာသား တွေမို့ ရယ်ရယ်မောမော ကျေ ကျေနပ်နပ်။

သည်တစ်ခါတော့ ပရိ သတ် အသည်းစွဲ ပြဇာတ်ခန်း ပေါ်ပါပြီ။ ပြဇာတ်မင်းသမီး ခင်မြနုမှာ မျက်နှာပြင် ဝင်းပ ပလေးကို အလှပဆုံး ခြယ်သ ပြီး ကိုယ်လုံးလှလှလေးကို လှုပ်ကာ ယမ်းကာ ရေခပ် ထွက်လာတယ်။ ရွာအဝင် လမ်း ခရေတန်းသို့ ရောက် လာခဲ့ပြီပေါ့။

'အောင်မယ်လေး ခင်မိုး ရယ် လာမှ လာပါ့မလားလို့ ကိုယ်မျှော်လိုက်ရတာ။

'ခင်မိုးကို ချစ်လို့ နည်း မျိုးစုံနဲ့ ကြိုးစားခဲ့တာလေ။ ဒီတစ်ခါတော့ ကိုယ့်အချစ်ကို လက်ခံပေးပါတော့လားဗျာ'

'ရှင့်ကို စိတ်မဝင်စား ဘူး၊ ရှင့်အချစ်ကိုလည်း လက်မခံနိုင်ဘူး'

'ဟာ ခင်မိုးကလဲဗျာ၊ ကိုယ် ခင်မိုးကို တကယ် စွဲစွဲ လမ်းလမ်း ချစ်နေတာပါ'

ခင်မိုးကတော့ လူကြမ်း ကြီးကို မျက်နှာထားတင်းတင်း နဲ့ ကြည့်လိုက်တယ်။

'ခင်မိုးကလေ ဟို မိုးကောင်းကင်ပေါ်က ကြယ် ကလေးတွေကို ပုလဲကုံးလို ဆွဲဆင်ချင်တယ်ဆိုရင်လည်း အဲဒီကြယ်ပန်းလေးကို တစ် ပွင့်စီ တစ်ပွင့်စီ ဆွတ်ချူပြီး ကိုယ်ပန်ဆင်ပေးနိုင်ပါတယ် ကွယ်'

လူကြမ်းကြီးအပြော ကြောင့် ပရိသတ်ထဲမှလက် ခုပ်သံများ ညံသွားတယ်။

'ရှင့်ဟာရှင် ဘာကြီးပဲ ယူပေး ယူပေး၊ ကျွန်မ ရှင့်ကို မချစ်နိုင်ဘူး'

'ဒီမှာ ခင်မိုး၊ မင်းကို အနုနည်းနဲ့မရရင်တော့ ကိုယ် အကြမ်းနည်းသုံးရမှာပဲ။ ကျားကြီးတဲ့ကွ၊ လာစမ်း'

လူကြမ်းကျားကြီးက ခင်မိုးလက်ကို ဆတ်ခနဲ ဖမ်း ကိုင်ပြီး လှမ်းဆွဲလိုက်ပေပြီ။ ခင်မိုးကလည်း အားကောင်း မောင်းသန်မို့ လူကြမ်းကြီး ဆွဲ တိုင်း မပါ။ ခင်မိုး ဆောင့် ရုန်းလိုက်တိုင်း လူကြမ်းကြီး မှာ ပုံပျက်ပန်းပျက် ဖြစ်သွား တာလေ။ ဒါပေမဲ့ ခင်မိုးရဲ့ သွယ်သွယ်လျလျ လက်ကို တော့ လူကြမ်းကြီး အမိအရ ဆုပ်ကိုင်ထားတယ်။ ပရိ သတ်တွေမှာ ပြဇာတ်ရဲ့ ဇာတ် ဝင်ခန်းမို့ အသည်းတထိတ် ထိတ်နဲ့ ကြည့်နေကြတာပေါ့။ မျက်တောင်တောင် မခတ်ကြ ပါဘူး။

'ကဲ ကွာ'

'ခွပ်'

ပြဇာတ်မင်းသား ပြေး ထွက်လာပြီး လက်သီးတစ် ချက် ပစ်ထိုးလိုက်ရာ လူ ကြမ်းမှာ မြေပြင်ပေါ်သို့ ပုံလဲ ကျသွားတော့တယ်။ လူ ကြမ်း ကျားကြီး အစွယ်ထုတ် မပြနိုင်တော့ဘဲ အမြီးကုပ်ရ လေပြီပေါ့။ ဒါပေမဲ့ သိပ် မကြာပါဘူး၊ လူကြမ်းကျား ကြီး ကျားမာန်ပြပြီး ရုန်းထ, လိုက်တယ်။ ပြဇာတ်မင်း သားဆီသို့ လက်သီးတန်းပြီး ပြေးဝင်လာခဲ့ပြီ။ အားရ အောင် ပြန်တွယ်မယ်ပေါ့။

'ရှောကွာ၊ နှမသားချင်း မစာနာတဲ့ အကောင်'

ပြဇာတ်မင်းသားက လူကြမ်း ကျားကြီး မထိုးမီ ဆီးထိုးလိုက်ရာ ကျားကြီး ပက်လက်လန် လဲကျသွားပြန် ပေါ့လား။

'ဆရာ အောင်ခက် မြန်မြန်ထ၊ ပြန်ချဗျာ'

ပွဲကြည့်ပရိသတ်တွေ ဆီက အသံတွေ ဟိန်းထွက် သွားတယ်။ ဟုတ်ပါတယ် ခင်ဗျား။ ဆရာ အောင်ခက် မှာ သည်ည ပြဇာတ်တွင် ပြဇာတ်မင်းသမီး ခင်မိုးအဖြစ် သရုပ်ဆောင်မယ့် မဦးမြနုကို ချစ်ရေးဆိုနိုင်ရေးအတွက် ပြဇာတ်မင်းသားလုပ်ဖို့ တောင်းဆိုခဲ့တယ်။ ဒါပေမဲ့ သူ့ရဲ့ ရုပ်ကိုယ်က ဇာတ်ရုပ် နဲ့ သဟဇာတ ဘယ်လိုမှမဖြစ် နိုင်တာနဲ့ အားနာစွာနဲ့ ပယ်ချခံ ရတာပေါ့။ နောက်ဆုံးမှာ တော့ ပြဇာတ်မင်းသမီးကို ချစ်ရေးဆိုနိုင်မယ့် အခန်းတစ် ခန်းမှာ ပါဝင်ဖို့ ထပ်ပြောလာ ပြန်တာကြောင့် လူကြမ်းကျား ကြီးနေရာက သုံးလိုက်ရခြင်း ဖြစ်တော့တယ်လေ။

ခုတော့ ကျားကြီးမှာ ခင်မိုးဆီက အချစ်ကို မရရုံမ က မင်းသားဆီမှာလည်း အလဲထိုးခံရလေပြီ။ မင်းသား ကတော့ ခင်မိုးကို လက်ဆွဲပြီး ကန့်လန့်ကာထဲ ဝင်သွားခဲ့လေ ပြီ။ ကျားကြီးကတော့ ဇာတ် စင်ပေါ်တွင် ပက်လက်အနေ အထားဖြင့် စန့်စန့်လဲလျက်။

❑

နွေနေ့ရဲ့ ညနေခင်းလေး ဟာ အရမ်း သာယာနေ တယ်။ တောင်လေ မှတ်သုံ အေးအေးလေးကလည်း ပြေ ပြေကလေး တိုက်ခတ်နေ တယ်။ နာနတ်တောင်ရွာသူ ကတော့ ရေအိုးလေး ကိုယ်စီနဲ့ ရွာပြင်ရေကန်ကြီးမှာ ရေခပ် ဆင်းလာကြတာ တေးသံသာ စာစာလေးတွေနဲ့ ကန့်ကလျ လေးတွေပါပဲ။

သည်အချိန်မှာတော့ ဆရာ အောင်ခက်တစ်ယောက် လှပသာယာတဲ့ သဘာဝတရား နဲ့ ဆန့်ကျင်တဲ့ အလုပ်တစ်ခု အတွက် စွန့်စားလုပ်ဆောင်ဖို့ စိတ်တိုးတိုး ချထားလိုက်ပြီ



www.burmeseclassic.com

www.burmeseclassic.com

ထင်ရဲ့။ သူ့လက်ထဲမှာတော့ ၈ လက်မ ခန့်ရှည်တဲ့ ဓားမြှောင်တစ်ချောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတယ်။ မျက်နှာထားကတော့ စွန့်စားခန်းတစ်ခုအတွက် မဖြစ်မနေ ဆောင်ရွက်တော့မယ့်ဟန်။ သူ့ရင်ထဲမှာ ရင်ခုန်သံက ခပ်ပြင်းပြင်း။

ဆရာ အောင်ခက်မှာ တောင်ခြေအစပ်က ညောင်ပင်ကြီးကို အကာအကွယ်ယူပြီး ရပ်နေလိုက်တယ်။ ဓားမြှောင်ကိုလည်း တဆဆလုပ်ကြည့်လိုက်တယ်။

'ဆရာ အဲဒီ ဓားမြှောင်ကြီးက ဘာလုပ်မှာတုံး'

'ကိုလှစိန်ကလည်း ဓားမြှောင်ဆိုမှာတော့ ထိုးမှာပေါ့ဗျာ'

'ဆရာက ဘယ်ရန်သူကို ထိုးမှာတုံး'

'ကိုလှစိန် အေးအေးနေစမ်းပါ'

ဆရာ အောင်ခက် မျက်နှာထားက ခပ်တင်းတင်း။ သူ့ဆရာ သည်လိုတစ်ခါမျှ ဒေါသထွက်တာ မတွေ့ဖူးလို့ လှစိန် အံ့သြနေတာတော့ အမှန်ပါပဲ။

'ဟော ဟိုမှာ လာနေပြီ'

လှစိန့် စကားကြောင့် ဆရာ အောင်ခက် ရွာဝင်လမ်းဝလေးကို လှမ်းကြည့်လိုက်တယ်။ ရင်ဘတ်ကြီးထဲက ဒိန်းခနဲ မြည်သွားတာ သတိထားလိုက်မိတယ်။ ညာဘက် လက်ကတော့ ဓားမြှောင်ရှည်ကြီးကို အမိအရကိုင်ထားတာပေါ့။

'သွားလေ ဆရာ၊ ဘာလုပ်နေတာတုံး'

မဦးမြနု
လှပ်သော်လည်း
အရာမရောက်
တော့ဘူးလေ
မြွေကြီးကို
ချုပ်ကိုင်သလိုမျိုး
တွန့်လိမ်နေရပေပြီ
ဆရာ
အောင်ခက်နဲ့
လှစိန်တို့မှာ
မဦးမြနုကို
ရွာပြင်သို့
ဆွဲယူလာကြတယ်
နေခြည်ညှိုးခဲ့ပြီမို့
အမှောင်ရိပ်က
တော်တော်
စိုးမိုးနေပေပြီ

လှစိန်က နောက်ကနေ တွန်းထုတ်လိုက်ရာ ဓားမြှောင်ရှည်ကြီး ကိုင်ထားတဲ့ ဆရာ အောင်ခက်မှာ ရွာသူတွေ ဥဒဟို သွားလာနေကြတဲ့ ရေခပ်လမ်းမပေါ် ရောက်သွားပေပြီ။ ဆရာ အောင်ခက် ဟိုကြည့်ဒီကြည့် တစ်ချက်နှစ်ချက်လုပ်လိုက်ပြီး ပြုံးတုံးပြုံးတဲ့ နောက်ဘက်သို့ ပြန်ပြေးလာခဲ့တယ်။ လှစိန်က ပြန်လှည့်မလာရန် လက်ကာပြလိုက်တယ်။ ဆရာ အောင်ခက်မှာ ဓားမြှောင်ကြီး ကိုင်လျက်ပဲ လမ်းမဘက်သို့ ပြန်ပြေးသွားပြန်ပြီ။

ရေခပ်ကောင်မလေးတွေက မမျှော်လင့်တဲ့ အဖြစ်အပျက်မို့ တအံ့တသြ ဝိုင်းကြည့်နေကြတာပေါ့။

'ဆရာ ဘာကြောင့်နေတာလဲ၊ လုပ်တော့လေ'

လှစိန်က ညောင်ပင်နောက်က လှမ်းအော်လိုက်တယ်။

'ကဲ လာခဲ့ ခင်မိုး'

'ဗွမ်း'

ဆရာ အောင်ခက်မှာ ဓားမြှောင်နဲ့ မဦးမြနုရဲ့ ရင်ဝကို တော့ပြီး လက်ကို ဆတ်ခနဲ လှမ်းဆွဲလိုက်တယ်။ ဟန်ချက် ပျက်သွားတဲ့ မဦးမြနုမှာ ခေါင်းပေါ်က ရေအိုးကို ထိန်းမရလိုက်နိုင်တာမို့ ရေအိုးကျကွဲခဲ့ပြီပေါ့။

'ဆရာရေ ဆွဲ၊ ဆွဲ၊ ဆွဲ။ ရေအပြည့်နဲ့ လာဘ်ရှိတယ်'

လှစိန်က အော်ရင်း အားပေးနေတယ်။ လှစိန်မှာ သူ့လက်နှစ်ဖက်ကိုလည်း ဆွဲစမ်းပါ၊ ဆွဲစမ်းပါဟု အားပေးဟန်ပြုပြီး ရှေ့ဘက်သို့ ယမ်းပြနေတယ်။

'ဘယ်ကို ဆွဲရမှာလဲဗျ'

ဆရာ အောင်ခက်ဆီက အံ့အားသင့်ဖွယ်ရာ ငိုသံကြီး ထွက်ပေါ်လာတယ်။

'ဟာ ဆရာကလည်း ရွာပြင်တောစပ်တန်း ဆွဲယူလေဗျာ'

ဆရာ အောင်ခက် မဦးမြနုကို ဆောင့်ဆွဲလိုက်ပြန်တယ်။

'လာစမ်း ခင်မိုး'

'ရှင် ဘာလုပ်တာလဲ၊ ဖယ်စမ်း'

မဦးမြနုက ဆောင့်ကန်လိုက်ရာ ဆရာ အောင်ခက်မှာ လမ်းဘေးချောက်ထဲသို့ ကျ

သွားတော့တယ်။ ဆရာ အောင်ခက် ဓားမြှောင်ကြီး တယမ်းယမ်းဖြင့် ပြန်ထ လာပြန်တယ်။ မဦးမြနုလက် ကို ဆတ်ခနဲ လှမ်းဆွဲလိုက် ပြန်တာပေါ့။

'ခင်မိုး ကိုယ့်နောက် လိုက်ခဲ့စမ်းပါ'

'မလိုက်ဘူး'

'ဒီမှာ တွေ့တယ်နော် ငါ့နောက်မလိုက်ရင် ဒီဓား မြှောင်နဲ့ နင့်အသည်းနှလုံး ဖောက်ထွက်သွားအောင် ထိုးသတ်ပစ်မှာ ဘာမှတ်လဲ'

ဆရာ အောင်ခက်နဲ့ မဦးမြနုတို့ရဲ့ အချစ်စစ် ကား မလွယ်။ ပွဲကြမ်းနေ လေပြီပေါ့။

'ခင်မိုး ဒါ ပြဇာတ် မဟုတ်ဘူးနော်'

'သိတယ်၊ မလိုက်ဘူး'

မဦးမြနု လက်ကို ဆောင့်ဆွဲလိုက်ပြန်ရာ ဆရာ အောင်ခက် နောက်သို့ လ ထွက်သွားပြန်တယ်။ ရေခပ် သူအချို့ ရွာထဲသို့ ပြန်ဝင် ပြေးကြတာပေါ့။ သတ္တိရှိတဲ့ ကောင်မလေးတချို့ပဲ မ တတ်ရပ် ကြည့်နေကြတယ်။

'နင် ကြည့်နေ၊ အဲဒီ ဆရာ မဦးမြနုကို ဆွဲလို့ စေရဘူး'

'နင်ကလည်း ပြောလို့ ရမလား၊ ယောကျ်ားနဲ့မိန်း တူမလား'

'မတူလို့ ပြောတာပေါ့ အေ၊ မဦးမြနု ကိုယ်လုံးကြီး လွယ်သလား ကြည့်ပါလား မဦးမြနု ဆောင့်ကန်လိုက်တိုင်း အဲဒီဆရာ လွင့်စဉ်နေတာ လေ'

ရွာသူ ကောင်မလေး များမှာ ကြိုးနိုင်းထဲ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ခေါ်ပွဲကို ကြည့်နေရသလို တ်ချက်လေးတွေတောင် နေလိုက်ကြသေး။

'ခင်မိုး မင်း ကိုယ့် နောက်ကို လိုက်ကို လိုက်ရ နော်၊ ဒီမှာတွေ့လား'

ဆရာ အောင်ခက်မှာ ဦးမြနုလက်ကို ကိုင်ဆွဲပြီး ဓားမြှောင်ကြီးကို မဦးမြနုရဲ့ မျက်နှာနားတွင် တဆဆလှုပ် ယမ်းပြနေပြန်တယ်။

'အောင်မယ်လေး၊ ရယ် တောင် ရယ်လိုက်ချင်သေး တယ်။ ဟိ ဟိ ဟိ ဟိ ဟိ ဟိ'

'ခင်မိုး၊ မင်း ဘာလို့ ရယ်တာလဲ။ ဒါ ရယ်စရာ လား'

'ရယ်စရာပေါ့၊ အဲဒါ တို့ အိမ်က အဖေ့ဓားမြှောင်ကျိုး ကြီးလေ။ သုံးမရလို့ အဖေ အရဲထောင့် လွှင့်ပစ်ထားတဲ့ ဓား။ ဓားမြှောင်ဦးကျိုး၊ ဓား ကျိုးကြီး'

'ဟင်'

ဆရာ အောင်ခက်မှာ ကိုယ့်ဓားမြှောင်ကို ခုမှ အသေ အချာ ကြည့်မိတော့တယ်။ သံချေးအပေပေနဲ့ ဖြစ်နေတဲ့ ဓားမြှောင်ဦးကျိုးကြီးက ဆရာ အောင်ခက်ကို သရော်သလို မျိုး မတုန်မလှုပ်။

'ကိုလှစိန်ရေ ခင်ဗျား ဒီအတိုင်း ကြည့်နေတော့မှာ လား။ ကျွန်တော် ခံနေရတဲ့ ဒုက္ခ အစ်ကို မတွေ့ဘူးလား'

ဆရာ အောင်ခက် ချင်ခေါင်းသံကြီးနဲ့ အော်လိုက် တယ်။

'လာပြီ ဆရာ၊ လာပါ ပြီ'

လှစိန် ညောင်ပင်ကြီး နောက်က အပြေးကလေး ထွက်လာပြီး မဦးမြနု လက် တစ်ဖက်ကို ဆွဲကိုင်လိုက် တယ်။ သည်တစ်ချီတွင် တော့ မဦးမြနုမှာ ဘယ် လောက်ပင် ကိုယ်လုံးတောင့် တောင့်၊ ဘယ်လောက်ပင် အားရှိရှိ အကြင်ပုရိသနှစ်ဦး ကြားမှာ ညှပ်မိနေပေပြီ။ လှုပ် မရ၊ ရုန်းမရ။

မဦးမြနု လှုပ်သော် လည်း အရာမရောက်တော့ ဘူးလေ။ မြွေကြီးကို ချုပ် ကိုင်သလိုမျိုး တွန့်လိမ်နေရ ပေပြီ။ ဆရာ အောင်ခက်နဲ့ လှစိန်တို့မှာ မဦးမြနုကို ရှာပြင် သို့ ဆွဲယူလာကြတယ်။ နေခြည်ညှိုးခဲ့ပြီမို့ အမှောင်ရိပ် က တော်တော်စိုးမိုးနေပေပြီ။

'ရှင်တို့ ခဏ ဖယ်ပေး ကြပါ'

'မရဘူး ခင်မိုး၊ ပြဇာတ် ထဲမှာ ငါရှုံးပေမဲ့ ဒီတစ်ခါ တော့ ငါ့အလှည့်ပဲ၊ ငါနိုင်ပြီ။ နင် ဘာတတ်နိုင်သေးလဲ'

ဆရာ အောင်ခက်က မဦးမြနုနဲ့ မျက်နှာချင်းကပ် ပြီး ခပ်ငေါ်ငေါ် ပြောလိုက် တယ်။

'ကျွန်မ ထဘီကျွတ်ကျ တော့မယ် ရှင့်'

'ဆရာ ဒါ အရေးကြီး တယ်၊ လွှတ်ပေးလိုက်ပါ'

လှစိန့်စကားကြောင့် ဆရာ အောင်ခက် မဦးမြနု လက်ကို အသာအယာ လွှတ် ပေးလိုက်တယ်။

'ထွက်ပြေးမယ်တော့ မကြံနဲ့နော်၊ ဒီမှာတွေ့လား ဓား'

'အဲဒီ ဓားကျိုးကို ကျွန်မကို လာမပြနဲ့၊ စိတ် ပျက်တယ်'

'ငါ့ဓားဟာ မက္ခရာဓား လို့ အစွမ်းမထက်ပေမဲ့ ဖိထိုး ရင် ရတယ်ဆိုတာ မင်း သတိထားမိရဲ့လား'

'မက္ခရာဓားလား၊ စိတ် ပျက်စရာဓားလား ကျွန်မ မသိဘူး'

မဦးမြနု ထဘီပြင်ဝတ် ရင်း အော်လိုက်ပြန်တယ်။

'ဝတ်ပြီးပြီ၊ ရော့ ဆွဲကြ တော့'

မဦးမြနုက နှုတ်ဖျားက လွှတ်ခနဲ ထွက်သွားရာ ဆရာ အောင်ခက်နဲ့ လှစိန်တို့ သူမ လက်နှစ်ဖက်ကို ဆတ်ခနဲ ဆွဲ ကိုင်လိုက်ကြပြန်တယ်။ ည ကတော့ ပိုမို နက်မှောင်လာ ခဲ့ပြီ။

ဆရာ အောင်ခက်ဟာ မဦးမြနုလက်ကို ကိုင်ရင်းနဲ့ပဲ ပျဉ်းမပင်ကြီး ခြေရင်းမှာ ထိုင်လိုက်တယ်။

'ကဲ ဆရာ၊ ဆရာတို့ ကိစ္စက အောင်မြင်သွားပြီ။ ကျွန်တော် ပြန်တော့မယ်နော်'

'ဟဲ့၊ ဟဲ့ ကိုလှစိန်။ တို့ ကို ဒီအတိုင်း ပစ်ထားခဲ့မှာ လားဗျာ'

'ဟာ ဆရာကလည်း အဲဒါ ပစ်ထားခဲ့တာ မဟုတ် ဘူးဗျ၊ အပ်ထားခဲ့တာဗျ အပ်ထားခဲ့တာ'

လှစိန်ကား အမှောင်ထု ထဲတွင် ပျောက်ကွယ်သွားခဲ့ လေပြီ။

'ညမှောင်လာပြီ ဆရာ၊ ကျွန်မကြောက်တယ်'

ဆရာ အောင်ခက်မှာ အမိတစ်ရာသားကို စာသင်ပြ နေတဲ့ ကျောင်းဆရာပဲ။ သည် လောက်တော့ ပါးသည်ပေါ့။ ချက်ချင်း မဦးမြနုရဲ့ ပခုံး သား ဝိုင်းဝိုင်းလေးကို ဆွဲယူ ပြီး ပွေ့ဖက်လိုက်တယ်။ မဦးမြနုရဲ့ ပါးပြင်လှလှလေး ပေါ်မှာ အနမ်းပန်းခင်းတွေ တစ်ခင်း နှစ်ခင်း သုံးခင်း။ သည်အတိုင်းဆိုတော့လည်း ဆရာ အောင်ခက်တို့ တိုင်း နိုင်ငံကြီးက ငြိမ်းချမ်းသာယာ လို့ပါလား။ မိန်းမတွေရဲ့စိတ် က အသိရခက်တယ်ဆိုတာ ဒါမျိုးထင်ရဲ့။

'ဆရာ'

'ဆရာလို့ မခေါ်နဲ့တော့ လေ၊ သမုဒယသံ မပါဘူး'

'မောင်'

'အဲလိုမှပေါ့'

'သူများကျတော့ ခင်မိုး ခင်မိုးနဲ့ တစ်လမ်းလုံး မိုး,နေ တော့တာပဲ'

'သြော် အဲဒါက မောင့် စိတ်တွေ မွှန်ထူနေပြီး ဇာတ် စင်ပေါ်မှာ ချစ်ခွင့်တောင်းခဲ့ တာလေးက အသည်းထဲစွဲနေ လို့ပေါ့ မဦးမြနုရယ်'

'သမုဒယသံ မပါဘူး ပြင်ခေါ်'

'နု'

'ရှင်၊ မောင်'

နှစ်ယောက်စလုံး တခစ်ခစ်ရယ်ပြီး တိုးဖက် လိုက်ကြပြန်တယ်။ ပါးပြင် ချင်း ကပ်ထားကြတာမို့ လေပြည်ကလေး အတိုးမှာ မဦးမြနုရဲ့ ဆံနွယ်စကလေး တွေဟာ ဆရာ အောင်ခက်ရဲ့ မျက်နှာပြင်ကို တို့ခတ်ကျီ စယ်နေကြလေရဲ့။

ရခိုင်ကမ်းရိုးတန်း ကျွန်း စုဒေသမှာ ၁၉၆၀ ပြည့် နှစ်မှ ၁၉၉၅ ခုနှစ် ကာလ လောက်ထိ ဓားတော့ပြီး လက် ဆွဲ အိမ်ထောင်မှုပြုတဲ့ခေတ် ရှိခဲ့တယ်။ ပ·ထ·စခေတ်မှာ အစိုးရ အထောက်အပံ့ခံ ပျူစောထီး တပ်ဖွဲ့ဆိုသည်ရှိ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရဲ့။ လက်နက်အပြည့် တပ်ဆင်ထားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းပါပဲ။ သူတို့တွေက နောက်ပိုင်းမှာ နေ့ဆိုအစိုးရ၊ ညဆို ဓားပြ ဖြစ်လာခဲ့ကြတယ်လေ။ သမိုင်းရှိုင်းခဲ့တဲ့ ကာလတစ်ခုပေါ့။

ကျွန်းစဉ်နယ်မြေအတွင်းမှာ ရာဇဝတ်မှုမျိုးစုံ ပေါ်ပေါက်ခဲ့ကြတယ်။ အဆုံးပြောရလျှင် ကျွန်းစဉ်သူ မိန်းမပျိုလေးတွေ မိုးကျရင် လယ်ထဲ မဝင်နိုင်တဲ့ အခြေအနေမျိုးထိ ဖြစ်ခဲ့ကြတယ်။ အဓမ္မမှုတွေ စိုးမိုးလာခဲ့တဲ့အတွက် ဓားတော့ပြီး လက်ဆွဲအိမ်ထောင်ပြုမှုဆိုသည်လည်း ပေါ်လာခဲ့တယ်လေ။

ကျွန်းစဉ်ဒေသမှာ အကြင်ယောကျ်ားပျိုတစ်ဦးက အကြင်မိန်းမပျိုတစ်ဦးကို မေတ္တာရှိနေရင် ညအချိန်များမှာ မိန်းမပျိုရဲ့ အိပ်ခန်းအပြင်ဘက်က တုတ်ချောင်းလေး ထိုးသွင်းကာ လှုပ်နှိုးပြီး ချစ်စကား ကြိုက်စကား ပြောကြရတယ်။ မိန်းကလေးက ပြန်လည် မေတ္တာရှိရင်တော့ ရည်းစားဖြစ်သွားကြတာပေါ့။ နောက်ဆုံးမှာတော့ မိဘတွေကို နားဖောက်ပြီး အိမ်ထောင်ဖက် ဖြစ်သွားကြတဲ့အထိပါပဲ။ မိန်းကလေးက သဘောမတူရင်တော့ ကန်တော့ဆွမ်းနဲ့ ပြန်ကြရတာပေါ့။

ယောကျ်ားလေးနဲ့ မိန်းကလေး ချစ်နေကြိုက်နေကြပြီးမှ မိန်းကလေးက နောက်တစ်ယောက်နဲ့ သွားကြိုက်တဲ့အချိန်မျိုး၊ ဒါမှမဟုတ် ယောကျ်ားလေးက ဘယ်လိုပင် ကြိုးစားကြိုးစား မိန်းကလေးက လုံးဝ စိတ်ဝင်

**မဦးမြနု နောက်ဘက်သို့ လှည့်ပြီး သူ့ယောကျ်ား နဖူးကျယ်ကြီးကို လက်ညှိုးနဲ့ တို့ပစ်လိုက်တယ် ဆရာ အောင်ခက်ကလည်း သူ့မိန်းမ ပါးပြင်လေးကို ခပ်ဖွဖွလေး လိမ်ဆွဲလိုက်တယ် လှေကလေးကတော့ ချောင်းရေစီးမှာ လူးလိမ့် က,ခုန်နေတယ်**

စားမှု မပြတဲ့အခါမျိုး(ဥပမာ ဆရာ အောင်ခက်လို အဖြစ်မျိုးပေါ့) ယောကျ်ားလေးမှာ ရယူပိုင်ဆိုင်လိုမှု လောဘ တဏှာကြောင့် ဓားတော့ပြီး ဘီလူးကြမ်းကြမ်းကာ လက်ဆွဲပြီး ခေါ်ခြင်းပဲ ဖြစ်တယ်။ မိန်းကလေးရှင်ဘက်က လူရိုးလူအေးတွေဆိုရင်တော့ ဘာထူးသေးတုံး၊ အပျို ပြန်ဖြစ်တော့မှာမှ မဟုတ်တော့တာ သားမှတ် မယားမှတ် ပေါင်းရင်ပဲ ကျေနပ်ပါပြီဆိုပြီး ငြိမ်းအေးသွားကြတာလည်း ရှိတာပေါ့။ မိန်းကလေးဘက်က ခင်တင်းတင်း

အသိုင်းအဝိုင်းကဆိုရင်တော့ ရဲတိုင်ပြီး အမှုဖွင့်လိုက်တာနဲ့ ယောကျ်ားလေးမှာ ထောင်ထမင်း၊ ထောင်ဟင်းနဲ့ နှစ်ပါးသွားကြတော့တာလေ။

❑ •

နောက်တစ်နေ့ မနက်ခင်းလေးမှာတော့ ဆရာအောင်ခက်နဲ့ မဦးမြနုတို့ ကမ်းထောင်းကြီး ရဲစခန်းမှာ အကြင်လင်မယားအဖြစ် လက်မှတ်ရေးထိုးပြီးခဲ့ကြပြီလေ။ အိမ်ထောင်ဖက် ကြင်စဦး ဇနီးမောင်နှံတွေ ဖြစ်သွားကြပြီပေါ့ဗျာ။

'ကိုလှစိန်ရေ မြန်မြန်လှော်ပေးစမ်းပါဗျ၊ နာနတ်တောင် ရောက်ဖို့ လိုတယ်'

'ဆရာ ဘာလို့ အဲသလောက် ဆန္ဒစောနေရတာလဲဗျာ'

'ကိုလှစိန် ကိုယ်ချင်းမစာဘူးဗျာ။ တို့ တစ်ညလုံး တစ်ရေးမှ မအိပ်ရသေးဘူးလေ။ ကမ်းထောင်းကြီး သွားတာနဲ့ကို မိုးလင်းသွားခဲ့တာ။ မင်္ဂလာဦးညလည်း ဘယ်ရောက်သွားမှန်း မသိတော့ဘူး'

'မောင်ကလေ ကိုယ့်ကိုယ်ကို ကျောင်းဆရာဆိုတာများတောင် သတိမရတော့ဘူးလား မသိဘူး'

'ဒါပေါ့ နုရဲ့။ မချစ်ဖူးတော့ အချစ်လှေကလေး အလူးမှာ မူးသွားတာလေ'

လှေကလေးကတော့ ရွှာချောင်းရေပြင်ပေါ်တွင် ခပ်သွက်သွက် ပြေးနေလေရဲ့။

'မောင်ရယ်၊ အဖေတို့ အမေတို့ အရမ်းများ အော်ကြမလား မသိဘူး။ အိမ်ပေါ်ကော တက်ရပါ့မလား'

မဦးမြနုရဲ့ အသံမှာ စိုးရိမ်စိတ်တွေ ဝင်နေတာတော့ အမှန်ပါပဲ။

'အဟိ'

'မောင် ဘာလို့ ရယ်တာလဲ၊ အဲဒါ ရယ်စရာလား'

'ရယ်စရာမို့လို့ ရယ်တာပေါ့'

'ဘယ်လို ရယ်စရာလဲ ပြောပါဦး'

'အဲဒီ ဓားမြှောင်ဦးကျိုး ကြီးကို…၊ ကိုယ့်ယောက္ခမထီး ဦးအောင်ကြီးက သူ့သမီးကို ဓားတော့ခေါ်မှ ရမယ်လို့ ပြော ရုံတင်မကဘူး အဲဒီဓားမြှောင် ကျိုးကြီးကိုပါ ထုတ်ပေး လိုက်သဗျ ကဲ'

'အရမ်းလည်တယ် လူလည်ကြီး၊ ဒါမျိုးဆို အား ကြီးတတ်တယ် သွား'

မဦးမြနု နောက်ဘက် သို့ လှည့်ပြီး သူ့ယောကျ်ား နဖူးကျယ်ကြီးကို လက်ညှိုးနဲ့ တို့ပစ်လိုက်တယ်။ ဆရာ အောင်ခက်ကလည်း သူ့မိန်း ပါးပြင်လေးကို ခပ်ဖွဖွလေး လိမ်ဆွဲလိုက်တယ်။ လှေက လေးကတော့ ချောင်းရေစီး မှာ လူးလိမ့်က,ခုန်နေတယ်။

'လှေနစ်တော့မယ် နော်'

လှစိန်က အော်လိုက် တယ်။

'ဟား ဟား ဟား ဟား ဟား'

'ဟိ ဟိ ဟိ ဟိ ဟိ ဟိ'

ရွှာချောင်းရေပြင်ပေါ် မှာ ချစ်တင်းနှောသံ၊ ရယ်သံ လွှင်လွှင်လေးတွေက လွှင့်မျှ ထွက်ပေါ်နေတယ်။

**ကျွန်းစဉ်မြေ ဓားတော့**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မှုးသကျိုးရွှေဆောင်း
# မိုးဇွာနည်

'ဒီနှစ် ငှက်တွေ
မြေပြင်မှာ
အသိုက်ဆောက်လုပ်ကြ
သည်တဲ့။ အစဉ်အလာအရ
တော့ လေပြင်း
ကျရောက်တတ်သည့်
သဘော ဆောင်ပါသတဲ့။
သဘာဝဘေးအန္တရာယ်ကို
လူတွေထက်
တိရစ္ဆာန်တွေက ကြိုတင်
သိနိုင်ကြသည်လို့
ဆိုပါသည်။
မြေငလျင်လှုပ်မှာကို
ဆင်တွေက သူတို့၏
ကြီးမားပြန့်ကားနေသော
နားရွက်ကြီးတွေ၊
မြေကြီးပေါ်နင်းထားသော
ကြီးမားသည့်
ခြေဖဝါးကြီးတွေကြောင့်
ရွေ့ပြေးငလျင်တွေကို
ကြိုတင်သိ
နိုင်ကြပါသည်တဲ့။
သဘာဝ
ဘေးအန္တရာယ်တွေရဲ့
တရားခံစစ်စစ်က
သစ်ပင်၊
သစ်တောတွေ
ပြုန်းတီး
လာခြင်းကြောင့်ပါတဲ့။
သစ်ပင်၊
သစ်တောတွေ
ပြုန်းတီး
လာခြင်းကြောင့်
မိုးခေါင်၊ ရေကြီး၊

[illegible]

www.burmeseclassic.com

www.burmeseclassic.com

*မြေဆီလွှာခန်းခြောက်ပြီး သဘာဝဘေးအန္တရာယ် အမျိုးမျိုး ရှေ့လျှောက်များ များခံရဖို့သာ ရှိပါသတဲ့'။*

ဆက်မဖတ်ချင်တော့သည့် ဆောင်းပါးတစ်ပုဒ်မို့ စာအုပ်ကို ပိတ်ပြီး စားပွဲပေါ် ပစ်တင်လိုက်မိ၏။ သက်ပြင်း မောတစ်ခုက အလိုလို မှုတ်ထုတ်မိလျက်သား။ စိတ်အာရုံထဲ အမှတ်မထင်ပေါ်လာသည်က မစိမ်းလန်းခြင်း တောအုပ်လေးတစ်ခု။

ကျွန်တော် မစိမ်းလန်းခြင်း တောအုပ်လေးတစ်ခု ဘယ်မှာ တွေ့ဖူး၊ မြင်ဖူးမိပါလိမ့်။

❑

'ပင်လယ်ကြီးက ဘာအရောင်ပါလိမ့်'

'အပြာရောင်ပါ'

'ကောင်းကင်ကြီးက ရောကွာ'

'အပြာရောင်ပါ'

'ဟုတ်ပါပြီ၊ ဒါဆို တိမ်တွေကရော'

'အဖြူရောင်ပါ'

'ဟော့ဒီ သစ်ပင်ကြီးတွေ၊ တောင်တန်းကြီးတွေက ရောကွာ ဘာအရောင်ပါလိမ့်'

'အစိမ်းရောင်ပါ'

'ကဲ… ဒါဆို ဦးဦးတို့ အရောင်တွေသိပြီဆိုတော့ တောတွေ၊ တောင်တွေနဲ့ ပင်လယ်ကြီး၊ ကောင်းကင်ကြီးပါတဲ့ ပန်းချီကားတစ်ချပ်လောက် ဆွဲကြည့်ကြရအောင်၊ ဆွဲမယ် မဟုတ်လားဟေ့'

'ဆွဲပါမယ်'

ပုံဆွဲစာအုပ် စက္ကူဖြူဖြူလေးတွေပေါ်မှာ ကလေးတို့ ခဲခြစ်ရာပေးကြပြီ။ တောင်တန်းပုံမျဉ်းကွေးလေးတွေ ဆွဲ

> ပန်းကွက်ကလေးတွေ ကွက်ထားသည့် ချစ်စရာ ကလေးမလေး တစ်ယောက်ကို ကျွန်တော့် မျက်ဝန်းထောင့်တွင် မြင်လိုက်ရသည့် ခဏ ကျွန်တော် ပေးလိုက်မိသည့် သင်ခန်းစာသည် မှားများမှားသွား ပြီလား ဟူသော အတွေးတို့ဖြင့် ရုတ်တရက် ထူပူသွားကာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်သွားမိသည်

ကြ၏။ တိမ်ထုပုံ မျဉ်းတွန့်၊ မျဉ်းကွေးလေးတွေ ဆွဲကြ၏။ စိမ်းလန်းသော ပန်းချီကားလေးတွေ တဖြည်းဖြည်း ရုပ်လုံးပေါ်လာတော့မည်။

ကျွန်တော် ကလေးတစ်ယောက်ချင်းစီ၏ ပုံများကို လိုက်လံကြည့်နေမိသည်။ ရှေ့မှာသင်နေသော ပန်းချီဆရာ လေးမျိုးကြီးက သူဆွဲပြသည့်ပုံကို သူကိုယ်တိုင် ဆေးခြယ်ပြနေ၏။ အချို့ကလေးများက ဆရာထက် စိတ်ကူးကောင်းသည်။ ကောင်းကင်ပြာပြာမှာ ကကြိုးသေးသေးတွေရေးပြီး ငှက်ပျံနေသည့်ပုံပါ ထည့်ရေးကြ၏။

'သမီးက ငှက်ကလေးတွေပါ ထည့်ဆွဲတာလား'

'ဟုတ်ကဲ့ လေးလေး၊ လှလားဟင်'

'လှတာပေါ့၊ လှတာပေါ့။ တော်လိုက်တာ ဆက်ဆွဲသမီး၊ ဆေးရောင်တွေပါခြယ်'

ခေါင်းကလေးတွေ ငုံ့ပြီး ခဲတံကို လက်ချောင်းသေးသေးလေးတွေနှင့် အတင်းဖိဆုပ်ကာ အားကြိုးမာန်တက် ဆွဲနေကြသည့် ကလေးများကို ခဲတံကို ဖွဖွကိုင်ပြီး မျဉ်းမှိန်မှိန်လေးတွေ အရင်ဆွဲကာ ကောက်ကြောင်းပေးဖို့ ကျွန်တော်က သတိပေးရသေးသည်။

နွေရာသီ ပန်းချီသင်တန်းကို တက်ရောက်ကြသည့် ကလေးများက အရွယ်စုံ၊ အတန်းစုံ။ မူကြိုမှစကာ နဝမတန်းဖြေပြီးသည့် ကျောင်းသားများအထိ ပါကြ၏။ ထို့ကြောင့် အကြီးတန်း၊ အငယ်တန်း နှစ်တန်းခွဲကာ ပန်းချီဆရာနှစ်ဦးက သင်ကြားပြသရသည်။ ကျွန်တော်ကတော့ ဆရာများကိုကူညီပြီး အတန်းထိန်းပေးရုံသာ။

လယ်တီစာကြည့်တိုက်မှ ကြီးမှူးပြီး ဖွင့်လှစ်သည့် နွေရာသီ ပန်းချီသင်တန်းသည် ဒီနှစ်မှာဆို တတိယအကြိမ် တိုင်ခဲ့ပါပြီ။ သင်တန်းကို စာကြည့်တိုက်မှူးဖြစ်သည့် ကျွန်တော်က အစစအရာရာအဆင်ပြေအောင် တာဝန်ယူရသည်။

ကျွန်တော်တို့ ကလေးဘဝက ပန်းချီအနုပညာကို စိတ်ဝင်တစားရှိခဲ့ပေမဲ့ သင်ကြားပြသပေးမည့် ဆရာမရှိခဲ့။ တက်ရောက်ရမည့် သင်တန်းမပေါ်ဖူးခဲ့။ ဒီခေတ်ကလေးများကိုတော့ ကျွန်တော်တို့လို မဖြစ်စေချင်ပါ။ နောက်ပြီး အနုပညာပိုးတစ်ခုကို သူတို့ အသွေးထဲ၊ အသားထဲထိ ကိန်းအောင်းစေချင်မိ၏။ သူတို့ ပန်းချီကားတစ်ချပ်ကို နှလုံးသားနှင့် ကြည့်မြင်ခံစား တတ်လာပြီဆိုသည်နှင့် ပင် ကြည်နူးပီတိဖြစ်စရာကောင်း လှပါပြီ။ သစ်ပင်၊ သစ်တော တွေကို ချစ်တတ်လာမည်။ တိရစ္ဆာန်အကောင်လေးတွေကို သနားကြင်နာတတ်လာမည်။ အရောင်တွေကို နှစ်သက်ခံစား တတ်လာမည်။ နုနယ်သေးသည့် နှလုံးသားသေးသေး တွေမှာ လောကအလှတရား တွေနှင့် ပိုမိုနူးညံ့လာစေချင် မိသော စိတ်စေတနာများဖြင့် ပူးပေါင်းတိုင်ပင်ကာ ဖွင့်လှစ် ကြခြင်းပင်။

'ဟော့ဒီ ဝလုံးလေး သုံးလုံးကနေ ဦးဦးက လူ တစ်ယောက်ပုံဖြစ်လာအောင် ဆွဲပြဦးမယ်။ သားတို့၊ သမီး တို့ သေချာ ဒီကိုကြည့်ကြဦး'

ဆရာ လေးမျိုးကြီးက နောက်ထပ် သင်ခန်းစာတစ်ခု ထပ်ပေးနေပါပြီ။ ကလေး များအားလုံးကလည်း ဆရာ ဆွဲပြမည့်ပုံကို စိတ်ဝင်တစား

လေးမျိုးကြီးက အရွယ် တူ ဝလုံး ၃လုံးကို တစ်လုံး နှင့်တစ်လုံး အပေါ်အောက် ဆ စပ်ပြီး ဆွဲပြသည်။ ပြီးတော့ မှ ကလေးများဘက် ပြန် လှည့်ကြည့်ပြီး-

'ကဲ… သားတို့သမီး တို့ ကိုယ့်ရှေ့မှာ ရှိတဲ့ သားတို့ သမီးတို့ရဲ့ သူငယ်ချင်းတွေ မျက်နှာကို တစ်ယောက်တစ် ပြန် သေချာကြည့် စမ်း ခေါင်းနဲ့မျက်နှာကို ဝလုံးတစ် လုံးလိုသဘောထားပြီး ကြည့် ကြ၊ ဝလုံးရဲ့ ယောဘီးပုံအလယ်



www.burmeseclassic.com

www.burmeseclassic.com

တည့်တည့်မှာ မျက်လုံးရှိတယ် မဟုတ်လားဟေ့’

လေးမျိုးကြီးက အပေါ်ဆုံး ဝလုံးတစ်လုံး၏အလယ်တည့်တည့်မှာ မျဉ်းတစ်ကြောင်းဆွဲပြ၏။ ကလေးများက တစ်ယောက်မျက်နှာတစ်ယောက် အပြန်ပြန် အလှန်လှန်ကြည့်ပြီး သဘောကျရယ်မောနေကြသည်။

‘ကဲ… ဒီလိုလေး မျဉ်းလေးဆွဲပြီးရင် မျဉ်းရဲ့ ဟိုဘက်၊ ဒီဘက်မှာ ဦးဦးက မျက်လုံးလေးနှစ်လုံး တပ်လိုက်မယ် ဟုတ်ပြီလား’

‘ဟုတ်ကဲ့ပါ’

ကလေးများက အသံတုန်အော်ပြီး သူတို့ဆရာကို ထောက်ခံကြသည်။

‘ဒီမျက်လုံးဆွဲတဲ့ မျဉ်းနဲ့ မေးစေ့၊ ကလေးတို့ သေချာကြည့်၊ ဒီမှာ ဦးဦးဆွဲပြတာကို သေချာကြည့်။ ဒီမျက်လုံးနဲ့ မေးစေ့ရဲ့ အလယ်တည့်တည့် တစ်ဝက်တိတိလောက်မှာ နှာခေါင်းလေးဆွဲလိုက်ပေါ့။ ဟော… ပြီးတော့ နှာခေါင်းနဲ့ မေးစေ့ကြားမှာ ပါးစပ်ကလေးဆွဲလိုက်၊ ဒါဆို ဦးဦးတို့ လူမျက်နှာ ဆွဲပြီးသွားပြီ ဟုတ်လားဟေ့’

‘ဟုတ်ပါတယ်’

‘ဦးဦးဆွဲပြတဲ့ လူမျက်နှာနဲ့ သားတို့ရှေ့မှာ မြင်နေရတဲ့ သူငယ်ချင်းတွေရဲ့ မျက်နှာနဲ့ တူလား။ ဦးဦးပြောတာက မျက်လုံးနေရာ၊ နှာခေါင်းနေရာ၊ ပါးစပ်နေရာတွေ မှန်ရဲ့လား။ သေချာကြည့်ကြပါဦး၊ တစ်ယောက်နဲ့ တစ်ယောက်’

ကလေးများက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး သဘောကျနေပြန်သည်။ အချို့ကလေးများက ကြည့်ရုံတင်မဟုတ် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကိုင်နေကြ၍ ကျွန်တော် နောက်ကနေ အော်ပြီး ထိန်းရသေးသည်။

‘သူများမျက်နှာကို သွားမကိုင်ကြနဲ့လေ။ သားတို့ကို ကြည့်ခိုင်းတာ၊ ကိုင်ခိုင်းတာမဟုတ်ဘူး။ မတော် သူများမျက်လုံး လက်နဲ့သွားထိုးမိမှ ကန်းကုန်ကြဦးမယ်’

ကျွန်တော် တစ်ချက်အော်လိုက်တော့ နည်းနည်းလှုပ်လှုပ်ရွရွဖြစ်နေသည့် ကလေးများ ပြန်ငြိမ်သွားကြ၏။ လေးမျိုးကြီးက ဒုတိယ ဝလုံး၊ တတိယ ဝလုံးတွေကနေ လူ့ခန္ဓာကိုယ်တွေ၊ ခြေတွေ၊ လက်တွေကို ဆက်ဆွဲပြနေသည်။

အငယ်တန်းက သူ့ဆရာနှင့်သူ အဆင်ပြေနေတုန်း စာကြည့်တိုက်အပေါ်ထပ်က အကြီးတန်းရှိရာဆီသို့ ကျွန်တော် ပြေးတက်ခဲ့ရပြန်သည်။

အကြီးတန်းတွင်တော့ ပန်းချီဆရာ ဦးအောင်ခန့်က သက်ငြိမ်ပန်းချီအကြောင်း၊ အရောင်တွေအကြောင်း၊ အလင်းအမှောင်တွေအကြောင်း ကလေးများကို ရှင်းပြနေလေ၏။ အကြီးတန်းက စတုတ္ထတန်းဖြေပြီး ကျောင်းသားများကနေ နဝမတန်းဖြေပြီး ကျောင်းသားများထိ ပါဝင်ကြပါသည်။ ဒီအကြီးတန်းကိုတော့ ကျွန်တော် သိပ်ပြီး ထိန်းစရာမလို၊ ရှေ့က ဆရာ တစ်ခွန်းအော်လိုက်လျှင် ဒီကလေးတွေ ငြိမ်သည်။ သိပ်ပြီး မသောင်းကျန်းကြ။ ပန်းချီပညာကို တကယ်လည်း စိတ်ဝင်တစားရှိကြ၏။

ထို့ကြောင့် ခပ်ကဲကဲ ခပ်ရဲရဲ ကလေးနှစ်ယောက်၊ သုံးယောက်လောက်ကလွဲလျှင် ကျန်ကလေးများက ဆရာသင်ပြသည်ကို သေသေချာချာ လိုက်မှတ်၊ လိုက်ရေးကြသည်။ အတန်းမဆူ။ အကြီးတန်းလည်း ဆရာနိုင်သည်ဆိုတော့ အငယ်တန်းရှိရာအောက်ထပ်သို့ ကျွန်တော် ပြန်ဆင်းခဲ့လိုက်သည်။

❑

သင်တန်းရက် တစ်ပတ်မျှကြာလာသောအခါ ကလေးများ ကိုယ့်စိတ်ကူးနှင့်ကိုယ် ပန်းချီကားတစ်ချပ် ဖြစ်လာအောင် ဖန်တီးနိုင်လာကြသည်။

သူတို့ ပန်းချီကားလေးတွေက စိတ်ဝင်စားဖို့ ကောင်းလှ၏။ ချစ်စရာလည်း ကောင်း၏။ သူတို့လေးတွေ၏ စိတ်ပြတင်းကိုလည်း ဖွင့်ပေးရာရောက်ပါသည်။ ပန်းချီကားတိုင်းက အရောင်အသွေးစုံ စုံ လင်လင်။ တိရစ္ဆာန်မျိုးစုံလည်းပါသည်။ တော၊ တောင်၊ ရေ၊ မြေတွေလည်းပါသည်။ သစ်ပင်၊ ပန်းမန်များကိုလည်း တွေ့ရသည်။

ပန်းချီကားလေးထဲ သစ်ကုလားအုပ်ထည့်ဆွဲလိုပြီး မဆွဲတတ်သည့်ကလေးက လာဆွဲခိုင်းသည်။ ခြင်္သေ့ မဆွဲတတ်၍ လာဆွဲခိုင်းသည့် ကလေးလည်းရှိ၏။ အလှမွေးငါးကန် ထည့်ဆွဲလာသူလည်းရှိသည်။ ကလေးတစ်ယောက်ဆွဲလာသည့်ပုံတစ်ပုံကို ကြည့်ပြီး ကျွန်တော် ဘာကောင်မှန်း ဝေခွဲမရ၍ ပြန်မေးယူရသေးသည်။ ကလေးက သူဆွဲလာသည့်အကောင်မှာ ပိုကီမွန်အကောင်ပါတဲ့။

‘ဟား ဟား ဟား… ဟုတ်ပါရဲ့၊ ဟုတ်ပါရဲ့။ လေးလေးက ပိုကီမွန်ဂိမ်းမဆော့ဖူးတော့ သားလို မသိဘူးပေါ့ကွာ။ တော်လိုက်တာကွာ၊ ဆက်ဆွဲ… ဆက်ဆွဲ’

သူတို့စိတ်ကူးနှင့် ရေးခြယ်ထားသော ပန်းချီကားအား ဆရာများက အသိအမှတ်ပြု ချီးကျူးသည်ကို ကလေးတိုင်း ခံယူလိုကြ၏။ ဆွဲပြီးပြီဆိုသည်နှင့် အလုအယက် လာလာပြကြသည်။ လေးမျိုးကြီးရော၊ ကျွန်တော်ရောက စိတ်ဝင်တစား ပန်းချီကားတိုင်းကို သေချာကြည့်ရှုပြီး နှုတ်မှလည်း ထုတ်ဖော်ချီးကျူးကာ ဆော့ပင်တစ်ယောက်တစ်ချောင်းဖြင့် Good ရေးပေးမှ သူတို့လေးတွေ သဘောကျကြသည်။

ပုံတစ်ပုံတွင်တော့ ကျွန်တော် ‘ဟာ’ခနဲအော်မိသည်အထိ အံ့သြသွားရသည်။ သူများနှင့်မတူ တစ်မူထူးပြီး ဆွဲထားသည့် ပန်းချီကား။

‘သားပုံက ဘယ်ဟာအတည့်၊ ဘယ်ဟာပြောင်းပြန်လဲ၊ လေးလေးက ဘယ်လိုကြည့်ရမလဲကွ။ လူပုံတွေက တစ်ယောက်ကအတည့်၊ တစ်ယောက်က ပြောင်းပြန်ကြီး’

‘အာ… လေးလေးကလည်း လူနှစ်ယောက်စလုံးက အတည့်ပါဗျ’

‘ဟေ… ဘယ်လို သဘောနဲ့ တည့်တာလဲ သားရဲ့။ လေးလေးကို ရှင်းပြပါ



www.burmeseclassic.com

ဦး’

‘ဟောဒီလူနှစ်ယောက်ကြားကဟာက လမ်းလေ။ လမ်းရဲ့ ဒီဘက်မှာ လူတစ်ယောက် လမ်းလျှောက်နေပြီး လမ်းရဲ့ ဟိုဘက်အခြမ်းမှာ လူတစ်ယောက်က လမ်းလျှောက်နေတာ။ ဒီမှာက အိမ်ခြံစည်းရိုးတွေ။ ဒီဘက်ကလူက ဒီလိုလျှောက်၊ ဟိုဘက်ကလူက ဒီလိုလျှောက်ကြတာ’

ကလေးက စာရွက်ကို အတည့်ပြလိုက်၊ ပြောင်းပြန်ပြလိုက်ဖြင့် ကျွန်တော့်ကို သေချာရှင်းပြလာသည်။

‘သြော်… ဟား ဟား ဟား၊ လေးလေးက အဲလောက်မှ ပန်းချီကားကို မကြည့်တတ်တာကွ။ သားဆွဲထားတာ အရမ်းမြင့်နေတာကိုး။ ဟုတ်သားပဲ၊ သားရှင်းပြမှ လေးလေး မြင်တော့တယ်။ လူနှစ်ယောက်စလုံးက အတည့်ပဲဟ, ဟုတ်ပါ့၊ ဟုတ်ပါ့’

ပန်းချီကား၏ အလယ်တည့်တည့်မှာ မျဉ်းပြိုင်နှစ်ကြောင်းဆွဲပြီး လမ်းလုပ်ထားသည်။ လမ်း၏ တစ်ဖက်တစ်ချက်မှာ လူနှစ်ယောက် လမ်းလျှောက်နေကြသည်ပေါ့။ သူ့စိတ်ကူးအရ လမ်းဟိုဘက်က လူက လမ်းမျဉ်းကြောင်းပေါ် ခြေထောက်တင်ပြီး လမ်းလျှောက်သလို၊ လမ်း၏ ဒီဘက်ကလူကလည်း လမ်းမျဉ်းကြောင်းပေါ် ခြေထောက်တင်ပြီး လမ်းလျှောက်စေချင်တော့ ပုံကို ပြောင်းပြန် ပြန်ဆွဲပစ်လိုက်သည်။ လူနှစ်ယောက်က ခြေစုံကန်ပြီး ဖောက်ထိုး

> သူ့
> ပုံဆွဲစာအုပ်ကို
> ကျွန်တော်
> အမှတ်မထင်
> လှန်လျှော
> ကြည့်နေမိ၏
> ဆရာ
> ဆွဲခိုင်းသည့်
> ပုံတိုင်းကို
> လိုက်ဆွဲမထား
> သူ
> ဆွဲချင်သည့်
> ပုံမှသာ
> လိုက်ဆွဲထားသည်

လျှောက်နေကြသည့်ပုံ။ သူ့စိတ်ကူးနှင့် သူကတော့ ဟုတ်နေသည်။

ပန်းချီဆရာတွေနှင့် လက်ဖက်ရည်ဆိုင်ရောက်တော့ ဒီကလေး၏ စိတ်ကူးနှင့် ဆွဲလာသည့်ပုံအကြောင်း ပြန်ပြောဖြစ်သည်။ သူ့စိတ်ကူးကို ဆရာများကလည်း သဘောကျ အသိအမှတ်ပြု၏။

‘ကလေးတစ်ယောက်ဆို ကျားတွေ၊ ခြင်္သေ့တွေလည်း ထည့်ဆွဲတယ်။ သစ်ပင်တွေ၊ ရေကန်တွေလည်း ပါတယ်။ ထူးခြားတာက ငါလည်း သင်မထားပါဘဲ အဲဒီတောတွင်းပန်းချီကားရဲ့ ဘယ်ဘက်ထောင့်လေးက သစ်ပင်အကွယ်မှာ လေး၊ မြားကိုင်ပြီး သားကောင်ချောင်းနေတဲ့ မုဆိုးပုံပါ ထည့်ရေးလာတာဟ။ တော်တော်ဆိုးတဲ့ကလေးဟေ့ ဟား ဟား ဟား’

လေးမျိုးကြီး အပြောမှာ ကျွန်တော်တို့လည်း သဘောကျရယ်မိကြပြန်၏။

‘လေးလေးပြောတာ ရှေ့ဆုံး ညာဘက်အစွန်မှာ ထိုင်တဲ့ ခပ်ဝဝ ကလေးကို ပြောတာ မဟုတ်လား၊ နာမည်တော့ မမှတ်မိဘူး’

‘အေး… ဟုတ်တယ်၊ ဟုတ်တယ်။ ဒီကလေး ငပွေးကွ။ နာမည်က အောင်ကျော်စိုးတဲ့။ ဒုတိယတန်းဖြေထားတဲ့ကလေး။ အတန်းထဲ အခြားကလေးတွေကို အချိန်ပြည့် လိုက်ရှုပ်နေတဲ့ကောင်။ တော်ကြာ လာတိုင်ပြန်ပြီ။ သမီးကိုလိုက်စ,နေလို့၊ သားကိုလိုက်လုပ်နေလို့နဲ့။ ကြည့်လိုက်ရင် ဒီကလေးပဲ။ အဲဒါနဲ့ ငါလည်း ရှေ့ဆုံးခေါ်ထားတာ’

ကလေးသဘာဝ ဆော့တာ၊ စကားများတာလောက်တော့ လွှတ်ပေးထား၍ရသည်။ ခက်တာက ဆော့ရင်း ကစားရင်း ထိမိ၊ ခိုက်မိမှာကို ကြောက်ရ၏။ မိဘများက ပို့ပြီး ပြန်သွားကြသည်။ သင်တန်းချိန်မှာ တစ်စုံတစ်ခု ပြဿနာဖြစ်လျှင် ကိုယ်တွေအဖို့က မကောင်း။ ဒါကြောင့် ဒီလိုကလေးမျိုးကျတော့လည်း ဆူရ၊ မာန်ရသည်ပေါ့။

လေးမျိုးကြီးပြောသည့် ကလေးကို ကျွန်တော်လည်း သတိထားမိသည်။ အောင်ကျော်စိုး ဆိုသည့် ကလေးက သင်တန်းချိန်အတွင်း ရေထ,သောက်လိုက်၊ သေးသွားပေါက်လိုက်နှင့် သွားတော့လည်း လမ်းတွေ့သမျှ ကလေးတိုင်းကို မထိခလုတ် ထိခလုတ် ရန်စ,စသွားတတ်သေးသည်။ သူ့ကိုပဲ အရိပ်အခြည်ကြည့်ပြီး ဆူပူ၊ မာန်မဲနေရ၏။

‘နောက် ကလေးတစ်ယောက်ကျတော့ သူဆွဲတဲ့ပုံက သူ့ဇီဇပြတာပဲကွ။ ဟိုတရုတ်ကလေးကွာ။ ဒီနေ့ သူဆွဲလာတာ ဘာတွေဆွဲလာမှန်းမသိလို့ ဦးဦးကို ရှင်းပြပါဦးကွာဆိုတော့ ဘာပုံတွေဆွဲလာတယ် မှတ်လဲ’

‘လုပ်စမ်းပါဦး လေးလေးရဲ့၊ ဘာပုံတွေလဲ’

‘ဒါက တောင် ၇ လုံးတဲ့။ ဒါက အိမ် ၇ အိမ်တဲ့၊ တောင်တွေရဲ့ ရှေ့က ဟာက စားသောက်ဆိုင်နဲ့ ဟိုတယ်တဲ့၊ ကဲ…’

‘ဟား ဟား ဟား ငယ် ငယ်ကတည်းက စီးပွားရေး လာဘ်မြင်တဲ့ ကလေး တရုတ်သွေးအပြည့်ပါတယ် နော်၊ ဟား ဟား ဟား’

သင်တန်းချိန်ပြီးလို့ ဆရာများနှင့် လက်ဖက်ရည်ဆိုင်ထိုင်ပြီဆိုသည်နှင့် ခုလို ပါပဲ။ သင်တန်းအကြောင်း ကလေးတွေအကြောင်းပြော ရင်း ဆရာတွေရော၊ ကျွန် တော်ပါ ရယ်မောဖြစ်ကြ သည်။ နောက်ပြီး ကလေး တွေ၏ စိတ်ပြတင်းကို ခုလို လွှတ်လွှတ်လပ်လပ် ဖွင့်ကြည့် ရတာ ကျွန်တော်တို့ ပျော် သူတို့ စိတ်ကူးယဉ်တတ်ကြ ပါသည်။

သူတို့ စိတ်အရောင်တွေ

www.burmeseclassic.com

က သူတို့ပန်းချီကားလေးတွေပေါ်မှာရှိသည်။ အရောင်တွေ၊ အရုပ်တွေကိုကြည့်ပြီး သူတို့စိတ်ဝိညာဉ်ကို ခန့်မှန်းတွက်ချက် ရတာ ကျွန်တော် သဘောအကျဆုံးဖြစ်၏။

❑

သင်တန်းရက် ၁၀ ရက်မြောက်နေ့တွင်တော့ အပေါ်ထပ် အကြီးတန်းသင်သည့် ဆရာဦးအောင်ခန့် နေမကောင်း၍ သင်တန်းမလာနိုင်ကြောင်း အကြောင်းကြားလာသည်။ မတတ်နိုင် ဖြစ်သလိုပဲ ဒီတစ်ရက်ကိုတော့ စခန်းသွားမှဖြစ်မည်။ ဆရာလေးမျိုးကြီးကို အပေါ်ထပ် အကြီးတန်းသင်ခိုင်းပြီး ကျွန်တော်က အောက်ထပ် အငယ်တန်းကို အတန်းထိန်းသည်ဆိုရုံ ထိန်းထားပြီး လေးမျိုးကြီး သင်ခဲ့သည့် သင်ခန်းစာများကို လေ့ကျင့်ပေးနေလျှင် အဆင်ပြေနိုင်သည်။

'ကဲ… ကဲ ကလေးတို့ မင်းတို့ဆရာ လေးမျိုးကြီး သင်ထားတဲ့အတိုင်း လေးလေးကို ဒီနေ့ ပန်းချီကား တစ်ကား ဆွဲပေးကြပါ။ မနေ့က ရှုမျှော်ခင်းပုံတွေ ဆွဲခဲ့ကြတာဆိုတော့ ဒီနေ့တော့ လူပုံလေးတွေ ဆွဲပေး၊ လေးလေးကို ဆွဲပေးမယ် မဟုတ်လားဟေ့'

'ဆွဲပေးပါမယ်'

'ကဲ… ဒါဆို လေးလေးကို မင်းတို့ရဲ့ မိသားစုပုံဆွဲပြပါ။ သားတို့သမီးတို့အိမ်မှာ မိသားစုဘယ်နှယောက်ရှိလဲ။ ရှိတဲ့ မိသားစုပုံကို ဆွဲပြ။ ဒီမှာ လေးလေးက လေးလေး မိသားစုပုံ အရင်ဆုံး ဆွဲပြမယ်၊ ဒီမှာကြည့်ကြဦးဟေ့။

'ဟောဒါက လေးလေးရဲ့ ဖေဖေပုံ၊ ဟောဒါက လေးလေးရဲ့ မေမေပုံ၊ ဟော ဒါကတော့ လေးလေးရဲ့ပုံ၊ မင်းတို့မှာ ညီလေး၊ ညီမလေးတွေ အစ်ကို၊ အစ်မတွေရှိရင်လည်း ပုံထဲထည့်ဆွဲနော်။ ပြီးတော့ ပုံလေးကို နာမည်ပေးလိုက်ပေါ့။ ကျွန်တော်တို့ မိသားစု ဒါမှမဟုတ် ကျွန်မတို့မိသားစု ဆိုပြီး။ ရမလားဟေ့၊ ဆွဲတတ်မလားဟေ့'

'ဆွဲတတ်ပါတယ်'

'အိုကေ… ဒါဆို အားလုံး စဆွဲကြရအောင်'

သင်တန်းချိန် ၂ နာရီအတွင်း ကလေးတွေ ပျော်ပျော်ရွှင်ရွှင် ပုံဆွဲလေ့ကျင့်ရန် အတွေးဖြင့် ကျွန်တော် စိတ်ကူးထဲပေါ်လာသည့်အတိုင်း ကလေးများကို သင်ခန်းစာပေးလိုက်သည်။ ပြီး ကလေးများဆွဲနေသည်ကို လိုက်ကြည့်နေလိုက်၏။

အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်းလေးနှင့် ပါးဖောင်းဖောင်းလေးတွေပေါ်မှာ ပါးကွက်ကလေးတွေ ကွက်ထားသည့် ချစ်စရာကလေးမလေးတစ်ယောက်ကို ကျွန်တော့်မျက်ဝန်းထောင့်တွင် မြင်လိုက်ရသည့်ခဏ ကျွန်တော်ပေးလိုက်မိသည့် သင်ခန်းစာသည် မှားများမှားသွားပြီလားဟူသော အတွေးတို့ဖြင့် ရုတ်တရက်ထူပူသွားကာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဖြစ်သွားမိသည်။ ခုချိန်မှတော့ သင်ခန်းစာကို ပြန်ပြင်ပြောလို့ မဖြစ်တော့၊ အချို့ကလေးများက ဆေးရောင်တောင်ခြယ်နေကြပြီ။ ဆွဲခိုင်းသည့်ပုံကမိသားစုပုံ၊ ကလေးမလေး၏ အဖေဖြစ်သူက အက်စီးဒန့်တစ်ခုကြောင့် ရုတ်တရက် ဆုံးပါးသွားတာများမကြာသေး။ ကျွန်တော့်အထင် တစ်လကျော်ကျော်လေးပဲ ရှိဦးမည်ထင်။ မဆုံးမီက ဒီကလေးမလေးနှင့် သားအဖနှစ်ယောက် စာကြည့်တိုက်ကို စာအုပ်လာဖတ်ကြ၊ စာအုပ်လာငှားကြနှင့် သမီးကလေးကို စာဖတ်ဝါသနာပါစေချင်သည့်သူပါ။ သူ့သတင်းကြားကြားချင်း ကျွန်တော်တို့မှာ စုတ်တသပ်သပ်ဖြင့် စိတ်မကောင်းဖြစ်ခဲ့ကြရသေးသည်။ 'စာအုပ်လာငှားတဲ့ သားအဖနှစ်ယောက်လေကွာ၊ ကလေးမလေးရဲ့ အဖေလေ'ဟူသော သတင်းကို မဟုတ်ပါစေနှင့်၊ မဟုတ်ပါစေနှင့်ဟု တောင်ဆုတောင်းမိခဲ့သေး၏။

ရက်လည်ပြီး တစ်ပတ်လောက်ကြာမှ သားအဖနှစ်ယောက် ငှားသွားသည့်စာအုပ်ကို ကျန်ရစ်သည့် သားအမိနှစ်ယောက်က လာအပ်ကြသည်။ 'သမီးအဖေ ဆုံးသွားလို့'ဟူသော စာအုပ်အပ်ဖို့နှောင့်နှေးရခြင်းအကြောင်းကို ဒီကလေးမလေး စကားဆိုလာတော့ ကျွန်တော်တို့ ဘယ်လိုပြန်နှစ်သိမ့်စကားပြောရမှန်း မသိလောက်အောင် စိတ်မကောင်းဖြစ်ကြရသည်။ 'အေးအေး သမီး၊ လေးလေးတို့ သိတယ်'ဟုသာ ပြန်ပြောနိုင်သည်။

ခု ပန်းချီသင်တန်းလာတက်သည့် ဒီသမီးကလေး ကျွန်တော်ဆွဲခိုင်းသည့် မိသားစုပန်းချီကားမှာ သူ့အဖေပုံမှ ထည့်ဆွဲလာပါ့မလား။ အိမ်မှာရှိတဲ့ မိသားစုတွေ အကုန်ထည့်ဆွဲကြလို့ ကျွန်တော်ပြောလိုက်မိသေးသည်။ ကျွန်တော့်ကြောင့် ကလေးမလေး စိတ်ထိခိုက်သွားပြီလား။

မြန်မြန်ဆွဲ၍ ပြီးသွားကြသည့်ကလေးများက ကျွန်တော့်ကို လာပြကြသည်။ ပုံတိုင်းကို သေချာကြည့်ပြီး ကောင်းတယ်၊ တော်တယ်ဟုဆိုကာ Goodရေးပေးနေရပေမဲ့ ကျွန်တော့်အကြည့်က ကလေးမလေးကို မသိမသာ အကဲခတ်နေမိသည်။ သူလာမပြသေးဘူး၊ သူလာမပြသေးဘူး။ ငါ့ကို သူဆွဲထားတဲ့ပုံ လာမှပြပါ့မလားဟုလည်း စိတ်ထဲ ထင့်နေမိသေးသည်။ ဟော သူ ကျွန်တော့်ဆီ လှမ်းလာနေပါပြီ။ ကျွန်တော် ရင်ခုန်မြန်လာမိသည်။ သူ့မိသားစုပုံမှာ သူ့အဖေပုံ ထည့်ဆွဲလာပါစေဟုလည်း မျှော်လင့်တောင့်တ,မိ၏။

အခြားကလေးတွေ ဝိုင်းအုံပြနေသည်ကို ခဏထားကာ ကလေးမလေး၏ ပုံဆွဲစာအုပ်ကို ကျွန်တော် လက်လှမ်းလိုက်မိ၏။

ဟူး… တော်ပါသေးရဲ့။ သူ သူ့အဖေပုံကို ထည့်ဆွဲလာသည်။ ဒါပေမဲ့ မိသားစုသုံးယောက်က ပူးကပ်မနေဘဲ တစ်ယောက်နှင့်တစ်ယောက်ကို ခွာဆွဲထား၏။

'သမီး ပုံတွေကို ကပ်ဆွဲလေ သမီးရဲ့၊ ပြီးတော့ သမီးက ဘေးမှာမနေဘဲ ဖေဖေနဲ့ မေမေရဲ့ အလယ်မှာ ရှိနေရင် ပုံလေးက ပိုလှပြီး ပိုကြည့်လို့ကောင်းမှာပေါ့နော်၊ ဟုတ်ပြီ၊ ဟုတ်ပြီ။ တော်တယ်၊ သမီး

www.burmeseclassic.com

က ပုံကောင်းကောင်းဆွဲတတ်တယ်။ ရှော့ဗျာ၊ Goodအကြီးကြီး'

ကလေးမလေး မျက်နှာက အပြုံးတစ်ပွင့်ကို ကျွန်တော်မြင်လိုက်ရသည်။ တော်ပါသေးရဲ့ဟု သက်ပြင်းမောချကာ ကလေးနောက်တစ်ယောက်၏ ပုံဆွဲစာအုပ်ကို လက်ကမ်းလိုက်မိသည်။ ဟော ဒီတစ်ယောက်ကျမှ ကျွန်တော် မမြင်ချင်တဲ့ပုံကို မြင်ရပါပြီကော။ ထင်မထားတဲ့ ကလေးဆီက မစုံလင်တဲ့ မိသားစုပုံ ပန်းချီကားကို ကျွန်တော် တွေ့နေရပြီ။

'သား အောင်ကျော်စိုး၊ သားပုံက အမေလည်းမပါဘူး။ သားနဲ့ သားအဖေနဲ့ နှစ်ယောက်တည်းပဲလား၊ သားအမေပုံ ဘာလို့ ထည့်မဆွဲလဲဟင်'

'အမေက အိမ်မှာ မရှိဘူး'

'ဘယ်သွားလို့လဲ သားအမေက'

'အမေနဲ့ အဖေနဲ့က ကွဲသွားတာ ကြာပြီ'

ကျွန်တော် ဘာဆက်ပြောမည်မှန်းမသိ။ အတန်းထဲ ပြောမရ၊ ဆိုမရ ဆိုးလွန်းသည့် ကလေးက အမိအဖ စုံစုံလင်လင်နှင့် မနေရသည့် ကလေးတစ်ယောက်ပါလား။

'ကွဲနေလည်း ထည့်ဆွဲပေါ့သားရဲ့၊ အမေရော၊ အဖေရောပါမှ ပုံလေးက မိသားစုပုံဖြစ်မှာပေါ့'

ကလေးကို ပါးစပ်ထဲရှိရာ နှစ်သိမ့်ပြောဆိုပြီး သူ့ ပုံဆွဲစာအုပ်ကို ကျွန်တော် အမှတ်မထင်လှန်လှောကြည့်နေမိ၏။ ဆရာဆွဲခိုင်းသည့် ပုံတိုင်းကို

**ကလေး၏**
**ပန်းချီကား**
**တစ်ခုလုံးက**
**ညိုညစ်ညစ်**
**သူ့**
**လက်ထဲမှာ**
**ကိုင်ထားသည့်**
**ကာလာ**
**ဖယောင်းတောင့်က**
**အညိုရင့်ရင့်**
**ရင့်ရော်သွားသည့်**
**ကျွန်တော့်**
**စိတ်အာရုံများ**

လိုက်ဆွဲမထား။ သူဆွဲချင်သည့် ပုံမှသာ လိုက်ဆွဲထားသည်။ ဟော တွေ့ပါပြီ၊ လေးမျိုးကြီးပြောသည့်ပုံ။ တိရစ္ဆာန်လေးတွေပါသည့် ရှုခင်းပုံထဲ လေး၊ မြားကိုင်ထားသည့် မုဆိုးကိုပါ ထည့်ဆွဲထားသည့်ပုံ။ လက်ရာကတော့ ကောင်းသည်။ စိတ်မရှည်၍ ဆေးကို အပြည့်ခြယ်မထားသည့်ပုံက များ၏။ တောတောင်ရှုခင်းပုံတစ်ပုံတွင်လည်း ကောင်းကင်၌ သက်တံတစ်စင်းကိုပါ ထည့်ဆွဲထားသည်။ သက်တံက ကောင်းကင်အထက်တွင်မရှိဘဲ တောင်တွေကြားထဲရောက်နေပြီး ထင်ထင်ရှားရှားမဖြစ်။

ဟော… တောင်တွေဆိုကာမှ ဒီကလေးဆွဲထားသည့် တောင်တွေ၊ သစ်ပင်တွေကို ကျွန်တော် ခုမှ သေချာကြည့်မိသည်။

'သား တောင်တွေ၊ သစ်ပင်တွေက ဘာအရောင်ရှိလဲ သိလား'

'အစိမ်းရောင်'

'ဟော… သားသိသားပဲ။ ဒါဆို ဘာလို့ တောင်တွေကို အညိုရောင်ခြယ်ထားတာလဲ။ သားပန်းချီကားတစ်ခုလုံးက ညိုမည်းမည်းကြီးဖြစ်နေပြီ'

ကျွန်တော့်အမေးကို ပြန်မဖြေဘဲ ကလေးက ဖင်ကုတ်ခေါင်းကုတ်လုပ်နေသည်။

ကျွန်တော့်လက်ထဲက သူ့စာအုပ်ကို ပြန်ယူကာ လှုပ်လီ လှုပ်လဲ့ဖြင့် သူ့နေရာသူ ပြန်သွားသည့် ကလေး၏ ကျောပြင်ကို ကျွန်တော် သိစိတ်မဲ့ လိုက်ကြည့်နေမိ၏။

❑

ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ကျွန်တော့် မျက်လုံးတွေ ပြာဝေသွားခဲ့သည်။ ရှိုက်ရှိုက်ပြီး ငိုနေသည့်ကလေးမလေး၏ လက်မှာက သွေးစက်လက်နှင့်။ ခွဲချွန်ဓားနှင့် အခြစ်ခံရတာဟု သိရသည်။ ဒဏ်ရာက သိပ်မနက်၍သာ တော်သေးသည်။ ကလေးကို ဆေးခန်းလိုက်ပို့ရင်း လမ်းမှာ တတွတ်တွတ် ချော့နေရ၏။ သူ့မိဘလာမှ အကျိုးအကြောင်း ပြောပြပြီး တောင်းပန်ရတော့မည်။ အတန်းချိန်မှာ ဖြစ်သည်ဆိုတော့ ကိုယ့်တာဝန်ပေါ့။

ဆော့ရင်းပြုရင်း ဒီလို အန္တရာယ်ဖြစ်မှာစိုး၍ ထိန်းနေသည့်ကြားမှ ကျွန်တော် သတိလွတ်သွားသည့် တစ်ခဏအတွင်း ဖြစ်သွားရပြီ။

လေးမျိုးကြီးကတော့ အဆော့သန်သည့် ကလေးကို ဆူနေလေပြီ။ ကလေးက ခေါင်းကြီးငုံ့ပြီး ဆွဲလက်စ ပုံကို ရောင်စုံဖယောင်းတောင့်ဖြင့် ဖိကာဖိကာ ဆေးခြယ်နေသည်။ ရှုပါကောင် အောင်ကျော်စိုးပါပဲ။

ဒီကလေးကို အတန်းက ထုတ်ပြီး မိဘကို ပြန်အပ်သင့်၊ မအပ်သင့် ကျွန်တော်တို့ စဉ်းစားရတော့မည်။ နောက်ဆုံးအကြိမ်အဖြစ် ကလေးကို ဆူပူခြောက်လှန့်ကြည့်ရန် စိတ်ကူးဖြင့် ကျွန်တော် ကလေးအနား တိုးကပ်လာမိသည်။

'အလို'

ညိုညစ်ညစ် တောင်တန်းလေးပေါ် ပေါက်ခနဲကျသွားသည့် ကလေး၏ မျက်ရည်တစ်စက်။ ပြောမည့်… ကြံရွယ်ထားသည့် စကားများက ပါးစပ်ဝမှာပင် ထ… အ,သွား၏။ ကလေး၏ ပန်းချီကားတစ်ခုလုံးက ညို… ညစ်ညစ်။ သူ့လက်ထဲမှာ ကိုင်ထားသည့် ကာလာ ဖယောင်းတောင့်က အညိုရင့် ရင့်။ ရင့်ရော်သွားသည့် ကျွန်တော့်စိတ်အာရုံများ။

ကျွန်တော် အသာ… ပဲ ကလေးအနားက လှည့်… ထွက်လာခဲ့လိုက်မိသည်… စိတ်အာရုံထဲ ကပ်ငြိလိုက်… သည်က မစိမ်းလန်းသော… ပန်းချီကားတစ်ချပ်။ ကျွန်… တော် ဖွင့်ကြည့်မိလိုက်… စိတ္တဇနောမ်တစ်ခု။

**မျိုးဆက်ပိုင်ရွှေ…**



www.burmeseclassic.com

www.burmeseclassic.com


ရန်ကုန် ဆရာမြင့် (ခ) ဆရာသြဘာ



ဂွတ္တာဗေဒ၊ လက္ခဏာအထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအပိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့။
Ph : 09 420034597



နမော ဗုဒ္ဓါယ သိဒ္ဓမ်

ဝန္ဒာသူရိယ သင်္ကန်းတိုက်

[illegible] / သုံးပြီးသင်္ကန်း-ဆေးပါ-ရှောင်းပါ / [illegible]

မဆုမွန်

အမှတ်(၁၅)၊ ကွက်သစ်လမ်း၊ ကျိုက်တော်ရပ်ကွက်(ရေကျော်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
အမှတ်(၂၈၊ အေ)၊ မြေညီ၊ ဗဟိုရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း (၀၁) ၂၀၂၇၄၆၊ ၀၉၄၂၀၀၂၇၃၁၆၊ ၀၉၉၇၆၂၃၂၂၆၉




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

တစ်ခါမှစစ်တာမေးတာ မရှိဘူးတဲ့။ ကျွန်တော့်ကိုလည်း အဲဒီလိုထင်ပြီး လုပ်နေကျလုပ်တာ ရှိမှာပေါ့။ အားလုံးကိုတန်းစီပြီး တစ်ယောက်ချင်း လွယ်အိတ်တွေ လိုက်စစ်တယ်။ တွေ့တယ်ပေါ့။ ခဲတံခဲဖျက်တွေက တန်ဖိုးမရှိပေမဲ့၊ မုန့်ချပ်တွေက မပြောပ,လောက်ပေမဲ့ သူတစ်ပါးပစ္စည်းကို အလွယ်တကူနှိုက်ယူတတ်တဲ့အကျင့်က ကလေးတစ်ယောက်အတွက် သိပ်အရေးကြီးတယ်။ ဒါကြောင့် ဘာလေးပဲပျောက်ပျောက် ကျွန်တော် စစ်တယ်။ (ပျောက်ရင် နောက်တစ်ခု ထပ်ဝယ်ဆိုပြီး ဘာသာနေတတ်တဲ့ ဆရာတွေကိုလည်း တွေ့ဖူးတယ်၊ မဖြစ်သင့်ဘူးပေါ့) တစ်ခါတစ်ခါတော့

'ဆရာ၊ ကျွန်တော့်မုန့်ထုပ်ပျောက်ပါတယ်'

ပထမတန်းမှာ စာသင်နေတုန်း ဒုတိယတန်းက ကလေးလေး လာတိုင်တယ်။ စိတ်က တွန့်ခနဲ ဖြစ်ပြန်ရော။ ဆရာမ ရှာပြန်သွားလို့ တစ်ယောက်တည်း လုံးသင်နေရချိန် ဒါမျိုးဖြစ်ရင် သိပ်စိတ်ပျက်တယ်။ ကျောင်းသား ၂၀ သာရှိတဲ့ အ.မ.က(ခွဲ) ကျောင်းလေးဆိုပေမဲ့ အတန်းစုံ တစ်ယောက်တည်း သင်ပေးရတဲ့အခါပိတယ်။ တော်ရုံတန်ရုံ စိတ်မရှည်ချင်ဘူး။ ဒီကြားထဲ အခုလို မုန့်ပျောက်တာ၊ ပေတံပျောက်တာ၊ ခဲတံ၊ ခဲဖျက် ပျောက်တာမျိုးဆို ပိုဆိုးရော။

# မတွက်တတ်သော ပုစ္ဆာ

**နေဘို၊ ကျောက်တိုင်၊**

ဒီကျောင်းလေးမှာ ကျွန်တော် ရောက်ပြီး ကတည်းက ဒါမျိုး မဖြစ်တာကြာပြီ။ ရောက်စတစ်ခါ၊ နှစ်ခါ ဖြစ်သေးတယ်။ လွယ်အိတ်တွေ အနံ့ရှာပြီးတွေ့လို့ ခြောက်ထား ကတည်းက အပျောက်အရှ မရှိခဲ့ဘူး။ အရင်က ခဲတံ၊ ခဲဖျက် ခဏခဏ ပျောက်ကြတယ်တဲ့။ တချို့ကလေးမိဘတွေ ပြန်ပြောပြလို့ သိရတယ်။ ပြောင်းသွားတဲ့ ဆရာက လည်းတွေးမိတယ်။ ကိုယ့်မှာ မရှိတဲ့ ခဲတံ၊ ခဲဖျက်၊ ပေတံလေးတွေကို ကလေးသဘာဝ နှိုက်ယူချင်စိတ်ရှိချင် ရှိမယ်ပေါ့လို့။ ဘာကြောင့်ဆို ဒီအရပ် ဒီဒေသဆိုတာက ခဲတံတစ်ချောင်း၊ ခဲဖျက်တစ်ခု၊ စာအုပ်တစ်အုပ် ရဖို့ မလွယ်တဲ့ အရပ်လေ။ ဝေးလံခေါင်ဖျားတဲ့ တောင်နှစ်လုံးကြားက ရွာလေးမှာ ဝယ်စရာဆိုင်မရှိဘူး။ ဆား၊ ငါးပိကအစ လူသုံးကုန်မှန်သမျှ ၅ မိုင်လောက် ဝေးတဲ့ ရွာကြီးကို သွားဝယ်ကြရတယ်။ အဲဒီ ၅ မိုင်ခရီးဆိုတာကလည်း လမ်းချော မဟုတ်ဘူး။ တော

www.burmeseclassic.com

အထပ်ထပ်၊ တောင်အသွယ်သွယ်၊ လှိုအဆင့်ဆင့်ကို ဖြတ်ကျော်ပြီးမှ ရောက်ရတဲ့ခရီး။ ဒါကြောင့် အရာရာတိုင်းက ဒီမှာ ရှားတယ်။ ပေါတာဆိုလို့ ကလေးရယ်၊ ခွေးရယ်၊ ချောင်းကျောက်တွေရယ်ပဲ ရှိတယ်။

ကျွန်တော်ရောက်စ ဒီရွာ၊ ဒီကျောင်း၊ ဒီအထာမသိခင် အတော်စိတ်ညစ်ခဲ့ရတယ်။ ကသီခဲ့တယ်။

ကလေးတွေကို အားကြိုးမာန်တက် စိတ်ပါလက်ပါ ရှင်းလင်းသင်ကြားပြီး 'ကဲ… ရေး'ဆိုတော့ 'ခဲတံမရှိပါဘူး'တဲ့။ 'စာအုပ်မရှိပါဘူး'တဲ့။ မရှိခြင်းတွေ စုံနေတယ်။ ကြိုးစားပြီး သင်ထားရတဲ့စိတ်က တော်တော်တိုသွားတယ်။ ဒါကြောင့် မျက်လုံးဝိုင်းဝိုင်းလေးတွေကို ဒေါသနဲ့ကြည့်ပြီး 'ခဲတံမရှိရင် မင်းတို့အမေကို ပြောလေကွာ။ စာအုပ်မရှိရင် မင်းတို့ မိဘကို ဝယ်ခိုင်းပေါ့'လို့ ပြောမိတယ်။ ဒီတော့ 'ပြောပါတယ်'တဲ့။ ဘာပြောလဲ ထပ်မေးတော့ 'မရှိရင် မရေးနဲ့လို့ ပြောပါတယ်'တဲ့။ ကျွန်တော် ထပ်မပြောတတ်တော့ဘူး။

နေထွက်က နေဝင် တောင်ပေါ်တက်၊ ယူးထိုး၊ ကိုင်းထောက်နေကြရတဲ့ သူတို့ဘဝတွေမှာ သားသမီးရဲ့ ပညာရေးကို အာရုံစိုက်ဖို့ အချိန်မရှိဘူး။ ခဲတံလေးတစ်ချောင်း၊ စာအုပ်လေးတစ်အုပ်အတွက်သွားဝယ်ပေးတဲ့ မိဘဆိုတာ ရွာလေးမှာ လက်ချိုးရေလို့ ရတယ်။ အများစုက မရှိရင် မရေးနဲ့ပဲ။ ကြုံမှ ဝယ်ပေးမယ်လို့ တွေးကြတယ်။

အဲဒီအတွေးက ကျွန်တော့်ကို လောင်တယ်ပေါ့။ အလုပ်မှာ ခက်ရော။

ကလေးလေးတွေက မျက်ရည်ကြည်လေးတွေ တလက်လက်။ ရိုက်ရင် နာရုံ၊ သတ်ရင် သေရုံ ရှိမယ့် ဘဝမျိုး။

နောက်တော့ ကျွန်တော်ကိုယ်တိုင် သဘောပေါက်ပြီး ခဲတံ၊ ပေတံ၊ ခဲဖျက်၊ စာအုပ်အားလုံး အဆင်သင့်ဝယ်ပြီး ထားရတယ်။ ဒီနှစ်က နိုင်ငံတော်ပံ့ပိုးတဲ့ စာအုပ် တစ်ဒါဇင်နဲ့ဆိုတော့ ပိုအဆင်ပြေတယ်။ ကျောင်းထောက်ပံ့ကြေးကိုလည်း ခဲတံ၊ ခဲဖျက်၊ ပေတံ၊ စာအုပ်၊ ဝယ်လို့ရတဲ့ ခေါင်းစဉ်အောက်မှာ များများ သုံးရတယ်။ ပြီးတော့ ကျွန်တော့် မိတ်ဆွေတွေ၊ ပရဟိတအသင်းတွေ၊ အလှူရှင်တွေ ရှာပြီး ကလေးလေးတွေအတွက် ကျောင်းသုံးပစ္စည်းလေးတွေ အပြည့်အစုံ ထားပေးရတယ်။ 'ခဲတံ၊ ခဲဖျက်၊ စာအုပ် ကုန်တဲ့အချိန် ပြော၊ ပေးမယ်။ သူများပစ္စည်းတော့မနိုက်နဲ့။ ဆရာ မကြိုက်ဘူး' ဆိုပြီး တင်းတင်းကျပ်ကျပ် ပြောထားခဲ့တယ်။

ဒါကြောင့် ဒီကျောင်းလေးမှာ ပစ္စည်းအပျောက်မတိုင်တာကြာပြီ။ အခုမှ မုန့်ပျောက်တယ်တဲ့။

'ဖျန်း၊ ဖျန်း'

စားပွဲကို နှစ်ချက်ဆင့်ရိုက်လိုက်တော့ ဆူနေတဲ့ အသံတွေ တိတ်ခနဲ ဖြစ်သွားတယ်။

'ဒီမှာ၊ မောင်ကျော်ကြားရဲ့မုန့် ပျောက်လို့တဲ့။ အဲဒါ တွေ့မိတဲ့သူ ပြန်ပေးလိုက်ပါ'

'မတွေ့ပါဘူး…'

'မတွေ့ပါဘူး…'

'ဖျန်း…ဖျန်း…'

ဝါးတော မီးဝင်တဲ့ အသံတွေ ငြိမ်ကျသွားတယ်။

'အေး… ဆရာက လိမ်တာ မကြိုက်ဘူး။ နှိုက်ယူတာ မဟုတ်ပေမဲ့ ကောက်တွေ့တယ်ဆို အခု ပြန်ပေးလိုက်။ စစ်ကြည့်မှာနော်၊ စစ်လို့ တွေ့ရင်တော့ မလွယ်ဘူးမှတ်'

'မတွေ့ပါဘူး…'

'မတွေ့ပါဘူး…'

တစ်ယောက်တစ်ပေါက်ဝုန်းဒိုင်းကြဲသွားတယ်။

'ဖျန်း…ဖျန်း…'

'မောင်ကျော်ကြား၊ လာဦး'

လက်ကလေးပိုက်လို့ ထွက်လာတယ်။

'မင်း မုန့်ပါတာ သေချာတယ်နော်'

'ဟုတ်ကဲ့'

'ဘယ်သူမြင်လဲ'

'မောင်တို မြင်ပါတယ်'

'ဟုတ်ပါတယ် ဆရာကြီး၊ သူ့လွယ်အိတ်ထဲ ထားတာ ကျွန်တော် မြင်ပါတယ်'

တကယ့်ကို ခိုင်ခိုင်မာမာ။ တရားခံကို ဖော်ထုတ်နိုင်ဖို့ တက်တက်ကြွကြွ ယုံယုံကြည်ကြည်နဲ့ သက်သေခံပေးတယ်။

'ကဲ ဒါဖြင့် အားလုံး တန်းစီ'

မျက်လုံးကြည်ကြည် ဝိုင်းဝိုင်းလေးတွေက လက်လို့၊ တောက်လို့။

ကလေးတစ်ယောက်မှာ ချစ်စရာ အကောင်းဆုံးက မျက်လုံးလို့ ထင်တယ်။ မျက်ဝန်းလေးတွေမှာ ရိုးသားမှုတွေရှိတယ်၊ လန်းဆန်းမှုတွေ ရှိတယ်၊ ဖျတ်လတ်မှုတွေ ရှိတယ်၊ တက်ကြွမှုတွေရှိတယ်၊ ဖြူစင်ခြင်းတွေ ရှိတယ်။ အဲဒီမျက်ဝန်းလေးတွေကို ကျွန်တော် တစ်ယောက်ချင်း လိုက်ဖတ်တယ်။

တစ်နေရာရောက်တော့ စိုးရွံ့နေတဲ့ အရောင်မဲ့မျက်ဝန်းတစ်စုံကိုတွေ့တယ်။

'မောင်ညွှက် မင်း ယူသလား'

'ကျွန်တော်မစားပါဘူး'

ဟိန်းထွက်သွားတဲ့ ကျွန်တော့်အသံမှာ သူ့အသံတုန်တုန်လေးကကပ်ပါတယ်။

ဘာကြောင့် ညာချင်ရ တာလဲ ကလေးရယ်။

သူ့ ဝန်မခံတော့ တစ်ယောက်ချင်းရဲ့ လွယ်အိတ်တွေ ယူစစ်လိုက်တယ်။ တာဝန်အရ အားလုံးကို စစ်ရပေမဲ့ တရားခံမိထားသူအတွက် အေးဆေးပေါ့။ သူ့လွယ်အိတ်လေးထဲ မုန့်ထုပ်ရှိမှာ သေချာတယ်လေ။

'မောင်ညွှက်'

ကျွန်တော်ခေါ်တော့ လွယ်အိတ်စုတ်လေးယူပြီး စားပွဲပေါ်လာတင်တယ်။ စမ်းကြည့်တော့ မတွေ့ဘူး။ တစ်အုပ်ချင်း ထုတ်ရှာတယ် မရှိ။

ဘယ်လိုပါလိမ့်။

'မောင်ညွှက်၊ မောင်ကျော်ကြားရဲ့ မုန့် မင်းနှိုက်ယူတယ်မဟုတ်လား'

လေသံကို နှိမ့်ရင်း ကျွန်တော် အေးဆေးပဲ မေးလိုက်တယ်။

'မယူပါဘူး'

မျက်ဝန်းဝိုင်းလေးမှာ



www.burmeseclassic.com

www.burmeseclassic.com

ချက်ရည်ကြည်တွေ လှဲလာတယ်။

'မဟုတ်ဘူး၊ မင်း အမှန်အတိုင်းပြော၊ ဆရာ င်းကို ဘာမှမလုပ်ဘူး။ မောင်ကျော်ကြားရဲ့ မုန့်ကို င်းနှိုက်ယူပြီး စားလိုက်တယ် မဟုတ်လား'

ချော့ပြီး မေးလိုက်တယ်။

'မဟုတ်ပါဘူး'

ခေါင်းငုံ့ရင်း တိုးတိုးလေး သူ ဖြေတယ်။

'မင်း အမှန်အတိုင်းပြော'

'ဖျန်း…ဖျန်း…'

စားပွဲပေါ်ရိုက်လိုက်တဲ့ ဘုတ်အဖျားကျိုးသွားတယ်။ မျက်ရည်သွယ်သွယ်စီးပြီး ကလေးငိုတယ်။ ကျွန်တော်က ဆို့ဆို့နင့်နင့်။

ဖြစ်သန်းခဲ့တဲ့ အတွေ့အကြုံအရ ကျွန်တော်ထင်တာ လွဲဘူး။ ဒါပေမဲ့ လက်ဆုပ်လက်ကိုင် မပြနိုင်တာမို့ 'ငါထင်လို့လား'ဆိုတဲ့ အတွေးဝင်မိတယ်။ တစ်ဆက်တည်း သူ တကယ် မဟုတ်ရင် ဆိုတဲ့ အသိဝင်တော့ အနိုင်ကျင့်သလို ဖြစ်မှာ စိုးသွားတယ်။ ဒါကြောင့် 'အေး… အေး၊ မင်း မယူဘူးဆိုရင်လည်း ပြီးတာပဲကွာ၊ မငိုနဲ့ တိတ်တိတ်'

ပြောပြီး နေရာပြန်လွှတ်လိုက်တယ်။

ဒီနေ့အဖို့ သွားပြီ။

သူတကာတွေအတွက် ဒီကိစ္စမျိုးက မပြောပ, လောက်ပေမဲ့ အရာရာကို လေးလေးနက်နက် တွေးတတ်တဲ့ ကျွန်တော့်အတွက် အရေးကြီးကိစ္စတစ်ခု ဖြစ်နေတယ်။ ပြဿနာရဲ့ အဖြေကို မဖော်ထုတ်နိုင်လို့လည်း ခံစားရတယ်။

စားပွဲမှာ ကျွန်တော် ငုတ်တုတ်။ ကလေးလေးတွေက ကျောင်းလေးပေါ်မှာ ပြေးရင်းလွှားရင်း ကစားရင်း ဆူညံ။ မောင်ကျော်ကြားလည်း ဆော့တယ်။ ဖိုးညက်လည်း ဆော့တယ်။

စဉ်းစားရင်း ခေါင်းထဲမှာ အတွေးတစ်ခု ရောက်လာတယ်။ ဒါကြောင့် ဆူညံနေတဲ့ ကလေးလေးတွေကို ထားခဲ့ပြီး အိမ်ကလေးဆီ ခဏ ဆင်းလာခဲ့တယ်။ ကျောင်းဝင်းအတွင်းဆိုတော့ နီးနီးလေးပါပဲ။

အိမ်ပေါ်ရောက်ပြီး ကျောင်းဘက်ထရံကနေ အားလုံးကို စိုက်ကြည့်နေဖြစ်တယ်။ ကလေးလေးတွေက ကျွန်တော်မရှိမှန်းသိတော့ ဝုန်းဒိုင်းကြဲသွားတယ်။ အဲဒီလိုဆူညံနေတုန်းမှာပဲ ဖိုးညက်တို့မောင်နှမ ရှေ့ထွက်လာတာ မြင်တယ်။ ရင်က လှိုက်ခနဲ။

ကျွန်တော့် အိမ်ဘက် လှမ်းကြည့်ပြီး ကျောင်းနောက်ဘက် မန်ကျည်းပင်ကြီးဆီ သူတို့ သွားကြတယ်။

ကျွန်တော်လည်း ချက်ချင်း အိမ်ပေါ်က ဆင်းလိုက်တယ်။ ကျောင်းကို ကွေ့တယ်။ မန်ကျည်းပင် ခြေရင်းနား အသာတိုးကပ်လိုက်ပြီး ငဲ့ကြည့်လိုက်တယ်။ မြင်ကွင်းက နင့်ခနဲ။

မန်ကျည်းပင်ကြီး အခေါင်းထဲ ဝှက်ထားတဲ့ မုန့်ကို ဖိုးညက် ထုတ်တယ်။ ပြီးတော့ နှမလေးကို စားခိုင်းတယ်။ ပြီးမှ သူ စားတယ်။

ကျွန်တော် ထွက်လိုက်ရမလား၊ မဟုတ်သေးပါဘူးလေ။ စားလက်စနဲ့ ကုန်တဲ့အထိ စားကြပါစေ။

ကျွန်တော် စောင့်နေလိုက်တယ်။ မုန့်ကုန်သွားတော့မှ-

'မောင်ဖိုးညက်'

ကလေးလေးတွေရဲ့ ကြောက်လန့်မှုကို ဖော်ပြဖို့ စကားလုံးတွေ မပြည့်စုံနိုင်ဘူး။ နှမလေးက သူ့နောက်မှာ ကွယ်လို့။

'မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

အနူးညံ့ဆုံးလေသံနဲ့ မေးဖြစ်လိုက်တယ်။

ကလေးလေးတွေ မဖြေဘူး။ ရှိုက်ရှိုက်ပြီး ငိုနေကြတယ်။

အမိုးမရှိတဲ့ ကောင်းကင်မှာ ခေါင်းပါမဲ့နေတော့ ဒုက္ခမိုးတွေ စိုပြီပေါ့။

မုဆိုးမလက်မှတ်နဲ့ အရက်သောက်များနေတဲ့ သူတို့အမေကို ကျွန်တော် ရှုံ့တယ်။ ထမင်းစားခြင်းတစ်ခုသာ လူနဲ့တူပြီး အားလုံးက တိရစ္ဆာန်ထက် ဆိုးသူဆိုတော့ ကလေးလေးတွေနဲ့ ပတ်သက်ပြီး တစ်ခါတစ်ရံ ဆက်ဆံရတာတောင် မစင်တွင်း နှိုက်ရသလို ခံစားရတယ်။

လိင်စိတ်တစ်ခုနဲ့ မျိုးကျခဲ့တဲ့ သားသမီးတွေအပေါ် ငှက်မတစ်ကောင်ရဲ့ စောင့်ရှောက်မှုလောက်ရှိရင်တောင် ကျွန်တော် ကျေးဇူးတင်ချင်တယ်။ အခုတော့ မိုးလင်းက မိုးချုပ် သူသောက်ရဖို့အရေးပဲ တွေးနေတယ်။

'မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲ'

'ဗိုက်… ဗိုက်ဆာလို့ပါ ဆရာ'

'မင်း အမေ ထမင်း မချက်ပြန်ဘူးလား၊ ဆန်မရှိလို့လား။ ရှိလျက်နဲ့ အရက်သောက် အိပ်နေတာလား'

မေးခွန်းတွေ ဆက်တိုက်မေးပစ်လိုက်တယ်။ ကလေးတွေရဲ့ ရှိုက်သံက ပိုကျယ်လာတယ်။ အချိန်ကြာကြာ ရှိုက်ပြီးမှ-

'မဟုတ်ပါဘူး ဆရာကြီး၊ အမေထွက်သွားလို့ပါ'

'ဟေ၊ ဘယ်ကိုထွက်သွားတာလဲ'

'စိန်ဒူးကိုပါ'

'ဘာကြောင့်လဲကွ'

'ကျွန်တော်တို့ မောင်နှမ သုံးယောက်ကို မကျွေးနိုင်လို့ပါ။ နင်တို့လည်း နေချင်သလိုနေ၊ ငါလည်း ရှာမကျွေးနိုင်တော့ဘူးဆိုပြီး စိန်ဒူးကို ထွက်သွားပါတယ်'

ကျွန်တော် ဘာပြောရမလဲ။ ဘယ်လိုပြောရမလဲ။

ကလေးလေးတွေ ထမင်းငတ်ပြီ။ ဒါကြောင့် သူများမုန့် အလစ်သုတ် ခိုးစားတယ်။ ငတ်တိုင်းသာ သူများပစ္စည်း ခိုးစားနေရင် အခက်။ ဒီလိုမဖြစ်အောင် ကျွန်တော် ဘာလုပ်ရမလဲ။ ဘာလုပ်ပေးနိုင်လဲ။ ကိုယ်တိုင် ကျွေးမွေးထားရမလား၊ စဉ်းစားမိတော့ မိသားစုနဲ့ ကျောင်းဆရာတစ်ယောက်ရဲ့ ဘဝကို သတိပြုမိသွားတယ်။ ကျွန်တော့်မှာ ငေါ်းစင်းစင်း။ ကလေးနှစ်ယောက်ကတော့ မန်ကျည်းပင်ကြီးအောက်မှာ ရှိုက်၍ ရှိုက်၍ ငိုနေဆဲ။ ■

**နော်၊ကျောက်တိုင်**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ထောက်ခံနဲ့
ပြတ်တောက်သွားသော
ဂစ်တာ ကြိုးမျှင်စက
လက်ကို အရှိန်နှင့်
ထိုးစိုက်မိသည်။
ခံစားချက် ကင်းမဲ့စွာ
တီးခတ်မိသော
အကြောင်းတစ်ခုကြောင့်
ဂစ်တာက ပြန်ပေးလာသော
ဒဏ်ရာတစ်ခု ဖြစ်လေမလား။

၁။

သွေးစို့လာသော လက်ကို ပါးစပ်ထက်မှာ တင်မည်ပြင်တော့ ကျောင်းသားတွေကို ဆုံးမနေကျဖြစ်သော ချော၏ စကားတစ်ခွန်းကို သတိရမိပြန်သည်။ လက်ဆိုတာက အညစ်အကြေးတွေနဲ့ အထိနိုင်ဆုံး နေရာတဲ့။ လက်ဆေးဖို့ ဆုံးမခဲ့ဖူးသော စကားတွေကို နာကျင်မှုတစ်ဖက်ကြားက မြန်ကြားယောင်တော့ နာလိုခံခက်ပြင်းပြစွာဖြင့် ခေါင်းကို ခါယမ်းလိုက်မိသည်။ ဒီစကားတွေကို သူ မကြားချင်တော့။ မကြားလိုတော့။

ကြိုးပြတ်သွားသော ဂစ်တာတစ်လက်သည် သူ့အတွက် အသုံးဝင်နေသေးလား၊ မဝင်တော့ဘူးလား သူ မတွေးချင်။ မညီညာတော့မည့် သံစဉ်တွေကို ဆက်လက်သီဖွဲ့ဖို့ ကြိုးစားနေမိတာ မှားနေပြီလားဟူသော အတွေးက ခေါင်းထဲ ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com

ပြန်သည်။ ဂစ်တာကို ရင်ခွင်ထက်မှာ ထွေးပွေ့မိသော အခိုက်အတန့်မှာတော့ တစ်ချိန်တုန်းက ဆံနွယ်စတွေမှတစ်ဆင့် ပျံ့လွင့်လာတတ်သော မွှေးရနံ့ ခပ်သင်းသင်းတစ်ခုက ရင်ခွင်ကို အရိုင်းဆန်စေခဲ့ဖူးတာကို အမှတ်ရမိပြန်သည်။

ဟင့်အင်း မဖြစ်ဘူး၊ မဖြစ်နိုင်ဘူး။ အကြိမ်များစွာ သူ တောင်းဆိုသလောက်ကို မဖြစ်နိုင်ဘူးဆိုသော သည်စကားတစ်ခွန်းဖြင့် ချောက အကြိမ်များစွာ ငြင်းဆန်ခဲ့ဖူးသည်။ ရင်ခုန်သံတွေကို တိုးတိတ် ဆွံ့အ,သွားစေခဲ့လောက်အောင် အစွမ်းထက်လှသော စကားတစ်ခွန်း။ ဒီစကားတစ်ခွန်းကြောင့် သူ့ရင်မှာ နာကျင်ကြေမွစိတ်တွေနှင့် ဟာတာတာ ဖြစ်စေခဲ့ဖူးသည်။ ဒီစကားတစ်ခွန်းကြောင့် သူ့အိပ်မက်တွေ လေထဲမှာပဲ အကြိမ်ကြိမ် ဖောက်ထိုး မိုးမျှော်ဖြစ်ခဲ့ဖူးသည်။

မဖြစ်နိုင်ဘူးတဲ့လား ချောရယ်။ ရာသီတွေ မှားနေခဲ့သလား။ နေရာဒေသတွေ မှားနေခဲ့တယ်တဲ့လား။ တောင်ဇလပ်တွေက မြေပြန့်မှာ ပွင့်လို့ မရဘူးတဲ့လား။ ချောလို့ အဖျားဆွတ်ခေါ်မိတဲ့ 'ဆာလာချော'ဆိုတဲ့ တောင် ဇလပ်ပန်းလေးက တောင်ပေါ်ဒေသမှာပဲ ရှင်သန်နေထိုင်ရတာကို သဘာဝတစ်ခုလို ယုံကြည်မြတ်နိုးနေခဲ့သတဲ့လား။ ပါးရိုးပါး ဆစ်ကြီးကြီးတွေကြားမှာ နစ်မြုပ်နေတဲ့ နူတ်ခမ်းလွှာနှစ်ခုက သဘာဝကျကျ လှပ

> **ကြိုးပြတ်သွားသော**
> **ဂစ်တာ**
> **တစ်လက်သည်**
> **သူ့အတွက်**
> **အသုံးဝင်နေသေးလား**
> **မဝင်တော့ဘူးလား**
> **သူ**
> **မတွေးချင်**
> **မညီညာတော့မည့်**
> **သံစဉ်တွေကို**
> **ဆက်လက်**
> **သီဖွဲ့ဖို့**
> **ကြိုးစားနေမိတာ**
> **မှားနေပြီလားဟူသော**
> **အတွေးက**
> **ခေါင်းထဲ**
> **ဝင်လာပြန်သည်**

နေသလောက် သဘာဝ လွန်ကဲနေတဲ့ ဒီလို အကျည်းတန်စေတဲ့ စကားတွေ ထွက်လာတတ်သလား။ ချော ပြောလာသမျှ စကားလုံးတိုင်းက သူ့ရင်ကို နာနာကျင်ကျင် ဖြစ်စေခဲ့တယ်ဆိုတာ ချော မသိလေရော့သလား။

'ဆရာတို့က ဒီဒေသကို လာရောက် တာဝန်ထမ်းဆောင်တယ်ဆိုပေမဲ့ အလည်လာရုံ သက်သက်လောက်ပဲလေ။ ဝန်ထမ်းဘဝ မလွဲသာလို့ပဲဖြစ်ဖြစ်၊ တာဝန်အရပဲဖြစ်ဖြစ်လာရောက်ပြီး တာဝန်ထမ်းနေကြပေမဲ့ အချိန်တန်ရင်တော့ မြေပြန့်ကိုပြန်ဖို့ ကြိုးစားကြမယ့်သူတွေချည်းပဲ။ ချောတို့ကတော့ ဒီဒေသမှာ မွေးဖွားကြီးပြင်းပြီး ဒီတော၊ ဒီတောင်၊ ဒီမြေ၊ ဒီရေတွေရဲ့ ကျေးဇူးတရားအောက်မှာ ရှင်သန်ပေါက်ဖွားခဲ့ကြရသူတွေလေ။ ဒီဒေသတွေကို ဆရာတို့ ချစ်တယ်ဆိုတာထက် အများကြီး ပိုပြီး ချစ်မြတ်နိုးတယ်'

တောင်တန်းတွေဆီကို သူ့အကြည့်တွေကို ပို့လွှတ်လိုက်မိသည်။ ချော မြတ်နိုးသည်ဆိုသော တောင်တန်းတွေကို သူလည်း မြတ်နိုးခဲ့ဖူးပါသည်။ တောင်တန်းတွေနှင့် အလှမ်းကွာဝေးလွန်းသော နေရာဒေသတစ်ခုမှာ ရှင်သန် မွေးဖွားလာသူဆိုပေမဲ့ သူလည်း တောင်တန်းတွေကိုချစ်သည်။ တောင်တန်းတွေကြောင့် သူ ပျော်ရွှင်ခဲ့ရဖူးသည်။ တောတောင်တွေကပေးသော ရှင်သန်ခြေးထွေးမှုတွေကို ရင်ခွင်ထက်မှာ မြတ်မြတ်နိုးနိုး တန်ဖိုးထားခဲ့ဖူးသည်။ ယခုတော့ သူ မုန်းသွားခဲ့လေပြီလား မတွေးတတ်တော့။ ချောစိတ်ကို၊ ချော နှလုံးသားကို မာကျော ထက်မြက်စေသော တောင်တန်းတွေကို သူ မုန်းမိလေ ပြီလား။

တကယ်တမ်းတော့ တောင်တန်းတွေရော ဒီဒေသမှာပါ ဘာအပြစ်မှ ရှိနေသည် မဟုတ်။ သူတို့သည်ကား သဘာဝအလျောက် ဖြစ်တည်ရှင်သန်နေကြသော သက်မဲ့တွေ။ တကယ်တမ်း အပြစ်တင်ရမှာက လူသားတွေ၏ ကံကြမ္မာတွေ၊ သဘာဝတွေကြားထဲမှာ နစ်မြုပ်နေသည့် ထိုလူသားတွေကြားက မတူညီသော ရှင်သန်မှု

တွေ၊ ဘဝတွေ၊ ဖန်ဆင်းပေး
နိုင်မှုတွေ၊ အသိဉာဏ်တွေ
စာနာထောက်ထားမှု သဘော
တရားတွေ။

'ချောတို့နေရာ၊ ချောတို့
ဒေသတွေက အစစ အရာရာ
နောက်ကျလွန်းနေခဲ့တယ်။
ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတွေ
ကို အမီလိုက်စေချင်တဲ့ စိတ်
စေတနာထက် စာတတ်ပေ
တတ်တွေနည်းလို့ နောက်ကျ
နေတဲ့ အတွေးအခေါ် အယူ
အဆတွေကို ပြောင်းလဲပေး
ချင်တာ။ နေရာဒေသ ဖွံ့ဖြိုးမှု
ဆိုတာ အရေးပါပေမဲ့ ဒါတွေ
ထက် အရေးကြီးတာက
အသိပညာ ဖွံ့ဖြိုးမှုလေ။
အသိပညာမရှိရင် ကျန်တဲ့
ဖွံ့ဖြိုးမှုတွေကလည်း အရေး
ပါမှာ မဟုတ်ဘူး။ ဒီဒေသက
လူတွေကို အသိဉာဏ်ပညာ
ဖွံ့ဖြိုးစေချင်တယ်။ ဒါ ချောရဲ့
အိပ်မက်မဟုတ်ဘူး။ ဒါတွေ
က ချောရဲ့ ယုံကြည်ချက်
တွေ၊ အဖြစ်ချင်ဆုံး ဆန္ဒ
တွေ။ မဖြစ်မနေ ကြိုးစား
မယ်လို့ ချော ယုံကြည်ထား
တဲ့အရာတွေ'

လူသူမနီးသော တောင်
တန်းတွေကြားထဲက ရွာလေး
တစ်ရွာမှာ စာသင်နေရသော
ကျောင်းဆရာမလေးတစ်
ယောက်အနေဖြင့် ချော
စိတ်ကူးအိပ်မက်တွေ ကြီး
ကျယ်ပြန့်လွန်းသည်ဟု သူ
ယူဆမိသည်။ ကျောင်း
သင်ဖို့ထက် အမဲလိုက်ထွက်
ဖို့ က ပိုအရေးကြီးနေတယ်
လို့ ခံယူထားသောသူတွေ
တောင်ယာလုပ်မှ ထမင်း
ရမှာ၊ စာသင်လို့ ထမင်း
ရမှာ မဟုတ်ဘူးဆိုပြီး
တင်းနေသော လူတွေကြား



www.burmeseclassic.com

www.burmeseclassic.com

ရှာ ချော စိတ်ကူးတွေက သဲထဲရေသွန်သလို ဖြစ်နေလိမ့်မည်သို့ ချောက ထင်ဟန်တော့။ နေထိုင်မကောင်းရင်ဆောင် ဆေးသောက်ဖို့ထက် ဆေးခါးမျိုးမှ ပျောက်မယ်လို့ယုံကြည် နေတဲ့သူတွေကြားမှာ ချောအိပ်မက်တွေက ဘယ်လောက်အထိ အကောင်အထည် ပေါ်လာလိမ့်မည်လို့ ချော ယုံကြည်နေခဲ့ပါလိမ့်။

'မနက်ခင်းဆို နေရောင်က ဟိုး တောင်တန်းတွေထက်မှာ စ,လေ့ရှိတယ် ဆရာ။ တောင်တန်းတွေ ကာဆီးထားတာမို့ ချောတို့ဒေသကလူတွေဟာ နေရောင်ကို နောက်ကျမှ မြင်ရတယ်။ ဒါပေမဲ့ အချိန်တန်လို့ နေမင်းကြီးက တောင်တွေကို ကျော်လာတဲ့ အချိန်မှာတော့ ချောတို့ဒေသကလူတွေ အလင်းရောင်ကို မြင်ကြရတာပါပဲ။ စောတာနဲ့ နောက်ကျတာပဲကွာမှာပါ။ ဆရာတို့ မြေပြန့်က လူတွေ နေမင်းကို မြင်နေချိန်မှာ ချောတို့ကတော့ မြင်ချင်မှ မြင်ရဦးမှာပေါ့။ ဒါပေမဲ့ အလင်းရောင် တကယ်ရောက်လာတဲ့ အခါကျရင် အားလုံး မြင်နိုင်ဖို့တော့ ချော ကြိုးစားပေးရဦးမယ်။

'ပေးဆပ်တယ်ဆိုတဲ့ စကားက ချောအတွက် မြင့်မြတ်လွန်းလှပါတယ်ဆရာ။ တကယ်တမ်းတော့ ချော အခုလုပ်နေတဲ့ အလုပ်တွေက လုပ်သင့်တဲ့အတိုင်းအတာအတွင်းမှာပဲ ရှိနေပါသေးတယ်။ လုပ်သင့်တာထက်ကို မကျော်နိုင်သေးပါဘူး။ အချိန်ဆိုတာတော့ ယူရမှာပေါ့ ဆရာရယ်။ ကြိုးစားရင်

> ဂစ်တာကို
> ရင်ခွင်ထက်မှာ
> ထွေးပွေ့မိသော
> အခိုက်အတန့်
> မှာတော့
> တစ်ချိန်တုန်းက
> ဆံနွယ်စတွေမှ
> တစ်ဆင့်
> ပျံ့လွင့်
> လာတတ်သော
> မွှေးရနံ့
> ခပ်သင်းသင်း
> တစ်ခုက
> ရင်ခွင်ကို
> အရိုင်းဆန်စေခဲ့
> ဖူးတာကို
> အမှတ်ရမိပြန်သည်

တစ်ချိန်မှာ ဖြစ်လာမှာပါ'

အဖြူအစိမ်းဝတ်စုံဆိုတာ မြင်နိုင်ခဲ့သော ကျောင်း။ ကျောင်းတက်ချိန်ဆိုတာ အချိန်မှန်ဖို့ထက် လူစုံမှ ကျောင်းတက်ခေါင်းလောင်းတီးရသောကျောင်း။ ကျောင်းသားဆိုတာကို တစ်ခါတလေ အမဲလိုက်ထွက်ရာမှာ၊ တောင်ယာမှာ လိုက်ခေါ်နေရသော ကျောင်း။ ဒီလို ကျောင်းတစ်ကျောင်းမှာ သူ့မဘဝကို မြှုပ်နှံထားဖို့ ထိုက်တန်တယ်လို့ ချော ယုံကြည်သလား။

'ဆရာတို့ ဝန်ထမ်းတွေဆိုတာက ချောတို့ဒေသတွေကို လာဖို့ လက်တွန့်လေ့ရှိကြတယ် မဟုတ်လား။ ဆရာတို့ဘဝတွေ တိုးတက်ဖို့အတွက်ပဲ ကြည့်နေသူတွေက များတယ်လေ။ ဒီဒေသမှာ အချိန်ပြည့် တာဝန်ထမ်းဆောင်ဖို့ထက် အချိန်မတန်သေးခင်မှာ ရုန်းထွက်ဖို့ ကြိုးစားနေကြသူတွေက အများသားပဲ။ ဘယ်လိုလူတွေပဲဖြစ်ဖြစ် ချောတို့အဖို့တော့ ကိုယ့်ဆီ ရောက်လာသူမှန်သမျှကို ညှို့ဝတ်ကျေစွာနဲ့ ကြိုဆိုနိုင်ဖို့ ကြိုးစားနေမှာပါ။ စေတနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အကြောင်းကြောင်းကြောင့် ရောက်လာခဲ့ရင်တောင် ချောတို့အတွက်တော့ ပျော်နေရတဲ့ ဘဝတွေပါ ဆရာရယ်။ ဆရာ ပြန်သွားခဲ့ရင်လည်း ဆရာ့နေရာမှာ အစားထိုးရောက်လာမယ့် တခြား ဆရာအသစ်တွေကို ချောတို့ နွေးနွေးထွေးထွေး ကြိုဆိုကြရဦးမှာပါပဲ။ ချောအတွက်တော့ ဆရာ့ကို ညှို့သည်တစ်ယောက်လိုပဲ တန်ဖိုးထားပါရစေတော့။ ချောဆီက တုံ့ပြန်မေတ္တာကို ဆရာ မမျှော်လင့်စေချင်ဘူး။

'ဟိုးက တောင်တန်းတွေကို ကြည့်လိုက်ပါဆရာ။ တောတွေ၊ တောင်တန်းတွေက မယိမ်းယိုင်တဲ့ သစ္စာတရားကိုပေးတယ်။ လူတွေက သစ္စာတရားကို ချိုးဖျက်တယ်။ အဲဒီတော့ တောင်တန်းတွေက နာကြည်းမှုတွေနဲ့ ဖောက်ပြန်တဲ့ ရာသီဥတုတွေကို ပေးတယ်။ သစ္စာတရားကို တန်ဖိုးထားတတ်တဲ့ ချောတို့လူမျိုးတွေအတွက် သစ္စာတရားတွေကိုပဲ ချောပြန်ပေးချင်တယ်။ ချော သစ္စာမဖျက်ချင်ဘူးဆရာ။ ဆရာပြောသလို အလင်းရောင်ကို မျှော်ကိုးလို့ ဆရာ့နောက်ကို ချောလိုက်ခဲ့ပါပြီတဲ့၊ အမှောင်ထဲမှာ ကျန်ရစ်မယ့် သူတို့ရဲ့ မျက်ဝန်းတွေကို ချော မေ့ပစ်လို့ရမှာ မဟုတ်ပါဘူးလေ'

● ချောပြောသမျှ စကားလုံးတိုင်းမှာ ယုံကြည်ချက်တွေ အဆုံးအစမဲ့ ရှင်သန်နေသလောက် နားစွင့်မိတဲ့သူ့အတွက်တော့ အရာရာကို ဆုံးရှုံးစေရသလို ခံစားရတယ်ဆိုတာ ချောကို သိစေမြင်စေချင်မိတယ်။ ချစ်ခြင်းတရားတွေကို မေ့ပစ်လိုက်ပါတဲ့။ မေ့လျော့ခြင်းဟာ မမေ့ချင်သူအတွက် ပိုပြီး ခက်ခဲစေတတ်တယ်ဆိုတာ၊ မြတ်နိုးမှုကို အခြေခံတဲ့ သံယောဇဉ်တွေကို လွယ်လွယ်ကူကူ စွန့်ပစ်ဖို့ ခက်ခဲတယ်ဆိုတာမင်းကို သိစေချင်လိုက်တာ ချောရယ်။

❑

၂။

*'တောင်ပေါ်မြေမှာ×××ပွင့်ဖူးတဲ့××× တောင်ဇလပ်ပန်း နီကလေးရေ××× မင်းဘဝ×××ကြွေလေမလား ကိုယ်တွေးတိုင်းစိုးရိမ်××× ချစ်တဲ့ ချင်းတောင်ဇလပ်ရေ'*

အကြိမ်ကြိမ် ခံစားရခြင်းသည် စိတ်ကို သွေးရူးသွေးတန်းဖြစ်စေတယ်။ ခံစားချက်သည် အသိစိတ်ထိန်းချုပ်မှုအောက်မှာ လွတ်လပ်စွာ ပေါက်ကွဲခွင့် မရသောအခါ လူသည် တွယ်ရာမဲ့ နွယ်တစ်ပင်လို လေနှင်ရာသို့ ယိမ်းယိုင်ချင်မိသည်။ နောက်တစ်ပတ်နေလျှင် မြေပြန့်ကို သူ ပြန်ရတော့မည်။ သူချစ်သော ချောကို ထားပြီးတော့ ပြန်ရမည်ဆိုသော အသိက ရင်မှာ မီးတောင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခု တောက်လောင်နေသလို ပူလောင် နာကျင်မိသည်။

ပခုံးပေါ်သို့ တင်လာသော လက်တစ်ဖက်ကြောင့် ဆိုလက်စ သီချင်းသံကိုရော၊ ဂစ်တာတီးလက်စကိုပါ အမှတ်မထင် ရပ်လိုက်မိသည်။ ကြည့်လိုက်တော့ ကိုသက်ထွန်း။

'တော်တော် ခံစားနေရသလား ညီလေး'

ကိုသက်ထွန်းသည် သူ့ကို ညီလေးဟုသာ ခေါ်သည်။ တကယ်တမ်းတော့ ကိုသက်ထွန်းက ဒီဒေသမှာ သူ့ထက်အရင် ရောက်ရှိ တာဝန်ထမ်းဆောင်နေခဲ့သော စီနီယာတစ်ယောက်။ တောင်ပေါ်ဒေသသို့ ကိုသက်ထွန်း ရောက်နေခဲ့သည်မှာ ငါးနှစ်ကျော်ကာလကို ရောက်ရှိနေခဲ့ပြီ။ လူတိုင်း မပျော်ရွှင်နိုင်သော တောင်တန်းဒေသမှာ သူကတော့ နှစ်လိုလက်ရ တာဝန်ထမ်းဆောင်နေတာဖြစ်သည်။ ယခုအချိန်ထိလည်း အရွှေ့အပြောင်းတင်ဖို့ ကြိုးစားတာ မတွေ့ဖူးသေး။

'ဟုတ်တယ် အစ်ကို။ သူ ဘာဖြစ်လို့ ကျွန်တော့် တောင်းဆိုချက်ကို လက်မခံနိုင်တာလဲဆိုတာကို ကျွန်တော် စဉ်းစားမရဘူး။ ကျွန်တော်ကို ကပဲ ကံဆိုးနေတာလား မသိတော့ဘူးဗျာ'

'အချစ်မှာ ကံကောင်းတာ ကံဆိုးတာရယ်လို့တော့ ရှိတယ် မထင်ပါဘူး ညီလေးရယ်။ ချစ်ခြင်းမေတ္တာရဲ့ သဘောတရားမှာကိုက ကံကြမ္မာဆိုတာ ရှိမနေပါဘူး။ လူတွေရဲ့ နှလုံးသားမှာ အလို

စကား
တစ်ခွန်းကြောင့်
သူ့ရင်မှာ
နာကျင်
ကြေမွစိတ်တွေနှင့်
ဟာတာတာ
ဖြစ်စေခဲ့ဖူးသည်
ဒီစကား
တစ်ခွန်းကြောင့်
သူ့အိပ်မက်တွေ
လေထဲမှာပဲ
အကြိမ်ကြိမ်
ဖောက်ထိုးမိုးမျှော်
ဖြစ်ခဲ့ဖူးသည်

အလျောက် ဖြစ်တည်မွေးဖွားလာတဲ့ အချစ်ကို ကံကြမ္မာက လွှမ်းမိုးချုပ်ကိုင်ခွင့် မရပါဘူးလေ။ အပြန်အလှန်နားလည်ယုံကြည်မှု၊ ချစ်မြတ်နိုးမှုတွေကိုပဲ ပါမယ်လို့ ကိုယ်ကတော့ ထင်တယ်။ တကယ်လို့ ညီလေးပြောသလို ကိုယ့်ခံစားချက်အတိုင်း ကိုယ်ချစ်တဲ့သူက လိုက်လျောမပေးနိုင်တာ၊ ကိုယ်လိုချင်သလို မရတာတစ်ခုဟာ ကံဆိုးတယ်ဆိုရင် ကိုယ်လည်း ကံဆိုးနေသူတစ်ယောက်ပါပဲ'

ကိုသက်ထွန်းဆီမှ မမျှော်လင့်သော စကားကို ကြားလိုက်ရတော့ သူ အံ့အားသင့်သွားမိတာတော့ အမှန်။ သူ သိရသလောက် ကိုသက်ထွန်းသည် အနေအေးသည်၊ စကားနည်းသည်၊ အရှုပ်အရှင်းမရှိ။ ပြီးတော့ အချစ်ဆိုတာ သူနှင့် မသက်ဆိုင်သည့်အလား နေတတ်သူတစ်ဦး။

'အစ်ကို့မှာက အဲဒီလို အကြောင်းတွေ ရှိခဲ့ဖူးသလား'

ကိုသက်ထွန်းက လေးလေးပင်ပင် သက်ပြင်းကိုချသည်။

'ကိုယ်လည်း လူတွေထဲက လူတစ်ယောက်ပါပဲ ညီလေးရယ်။ မကွယ်ဝှက်စတမ်း ပြောရရင်တော့ ကိုယ်လည်း ခံစားတတ်တာပေါ့။ ကိုယ်လည်း ချစ်တတ်တာပေါ့။ ကိုယ့်မှာလည်း သံယောဇဉ်ထားမိတဲ့ သူတစ်ယောက်ရှိတယ်။ ဒါပေမဲ့ ကိုယ်ချစ်နေတယ်ဆိုတာကိုတော့ သူ့ကို ဘယ်တော့မှ ပေးမသိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ် သူ့ကို အရမ်း ချစ်မြတ်နိုးမိလို့လေ'

ကိုသက်ထွန်း စကားတွေက ထူးဆန်းမှုတွေ သက်ဝင်နေသလို။

'ဘာကြောင့်လဲဆိုတော့ သူ့ဆီမှာ ကိုယ့်ကို ပြန်ပေးဖို့ရာ သံယောဇဉ် မရှိဘူးဆိုတာ သိလို့။ သူက သူ့ယုံကြည်ချက်၊ သူ့ခံယူချက်တွေကို အောင်မြင်အောင် ကြိုးစားဖို့အတွက်သက်သက် လူဖြစ်လာတယ်လို့ ကိုယ်ခံစားမိတယ်။ ဒါကြောင့် ကိုယ် သူ့ကို ဘယ်တော့မှ ဖွင့်မပြောဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ကိုယ်နာကျင်ရမှာကို ကြောက်တယ် ညီလေးရာ။ နောက်တစ်ခုကတော့ သူ ယုံကြည်ရာအတိုင်း လုပ်ဆောင်နေတဲ့ သူ့ ဆောင်ရွက်မှုတွေမှာ ကိုယ့်ကြောင့် တွေဝေသွားရမှာ၊ အနှောင့်အယှက်တစ်ခုဖြစ်ရမှာကို မလိုလားလို့ပဲ။

'ကိုယ်တို့ ယောကျ်ားတွေက အတ္တကြီးတတ်ကြတယ်။ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းလို့ တစ်သမတ်တည်း တွေးထားတတ်ကြတယ်လေ။ ဒါပေမဲ့ ညီလေးရယ်၊ အချစ်ဆိုတာ တစ်ခါတလေ အဝေးကနေ လှမ်းပြီးကြည့်နေရတဲ့ ပန်းလေးတစ်ပွင့်ပါပဲ။ အဲဒီပန်းဟာ ပင်ယံထက်မှာ အလှပန်းဝေနေတာက သူ့ဘဝ၊ သူ့လောက အတွက် ပိုပြီး အဓိပ္ပာယ်ရှိတယ်လေ။ အဲဒီတော့ ခူးဆွတ်ဖို့ တွေးရတာ ပင်ပန်းတတ်တယ်။ ကိုယ့်လက်ထဲကို ရောက်အောင် ခူးဆွတ်ပြီးခါမှ နွမ်းနယ်သွားရင် ခူးဆွတ်သူ ကိုယ်တိုင်မှာလည်း ဝမ်းနည်းနာကျင်ရနိုင်တာပဲ မဟုတ်လား။ တစ်ခါတလေ တွေးမိတဲ့ အတွေးမှာတောင် လက်လွှတ်ရမှာ သေမလောက် ကြောက်နေမိတဲ့အခါ သူ့ အချစ်ကို မကြိုးစားဖို့ ကိုယ် ဆုံးဖြတ်လိုက်တယ်။

'ရယူပိုင်ဆိုင်လိုခြင်း ကင်းလာတဲ့ နောက်ပိုင်းမှာ တော့ ချစ်ခြင်းရဲ့ အနှစ်သာရ ဆိုတာကို ကိုယ် မရှာဘဲ တွေ့လာခဲ့တယ်။ သူ ဖြစ်ချင်တာ၊ သူ လုပ်ချင်တာတွေ ပါရမီဖြည့်ပေးနေရင်းက သူ ပျော်နေတာကိုကြည့်ပြီး ကိုယ်ပါ ပျော်ရွှင်လာတာ တယ်။ သူ ဝမ်းနည်းရင် ဘယ်လို ပျော်ရွှင်စေမလဲ တာကို သိလာတတ်ခဲ့တယ်။ သူ စိတ်ရှုပ်နေရင် ဘယ် ဖြေရှင်းပေးသင့်သလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

ကို တွေးလာတတ်ခဲ့တယ်။ ဒီအချိန်မှာ သူ့ကို ပိုင်ဆိုင်ချင်တာထက် သူ့မျက်နှာမှာ အပြုံးလေးပျောက်ကွယ်သွားမှာကိုပဲ ပိုစိုးရိမ်တတ်ခဲ့တယ်'

ဝှက်ထားသော ကိုသက်ထွန်းရဲ့ ပဟေဠိတွေထဲမှာ အဖြေတစ်ပိုင်းတစ်စကို သူ လှမ်းမြင်လိုက်ရသည်နှင့် အတူ သူ့စိတ်ထဲမှာ အတွေးတစ်စ ဝင်လာသည်။ ဒါဆိုရင် ကိုသက်ထွန်း၏ ချစ်သူက…။ သူ မမေးရဲ။ ဟုတ်သည်ဟု ဝန်ခံလိုက်မှာကို သူ ကြောက်နေသည်။ ထိုအဖြစ်မျိုးကို သူ မကြုံကြိုက်ချင်ပါ။ စေ့စေ့တွေးကြည့်တော့ ရေးရေးသာမက အရာရာသည် ထင်ထင်ရှားရှား ပေါ်လာသည်။ သူ့ ဘေးမှာ တစ်ချိန်လုံး ရှိနေခဲ့သော လူတစ်ယောက်က သူ့ပြိုင်ဘက် ဖြစ်နေမည်လို့ သူ တစ်ခါမျှ တွေးထင်မထားခဲ့ဘူး။ မဟုတ်သေး၊ ပြိုင်ဘက်ဟုလည်း မဆိုသာပါ။ ကိုသက်ထွန်း စကားအရဆိုလျှင် ကိုသက်ထွန်း ချစ်နေတာကို ဆောင် ချောက သိအုံ့မထင်။

ချစ်ခြင်းတရား။ ယောကျ်ားနှစ်ယောက်နှင့် မိန်းမတစ်ယောက်ကြားမှာ ဆက်သက်နေသော အကြောင်းအရာတစ်ခု။ ကိုသက်ထွန်းက သူ ချစ်နေသောသူ မည်သူဆိုတာကို ဖွင့်မပြောပေသေ့ သူ့စကား အသွားအလာအရ ချော ဆိုတာကတော့ ငြင်းလို့မရ။ ဝေးလံခေါင်သီလှသော တောင်တန်းဒေသတစ်ခုမှာ ၅ နှစ်ကျော် ဆောင် တာဝန်ထမ်းဆောင်နေခဲ့သော ကိုသက်ထွန်းအတွက် ထွန်းအားတစ်ခုမှာ အချစ်ကြောင့်ဆိုလျှင် ထိုအချစ်ကို အပိုင်စားရသူမှာ ချောသာလျှင် ဖြစ်ပေမည်။

သူနှင့် ကိုသက်ထွန်း။ ချစ်ခြင်းတစ်ခုမှာ မမျှော်လင့်ပါဘဲ တူညီနေကြသည်။ သူ့အချစ်ကတော့ ရယူပိုင်ဆိုင်လိုခြင်း အတိပြီးပေမဲ့ ကိုသက်ထွန်းမှာတော့ ပေးဆပ်လိုခြင်းတွေ ပါဝင်နေသည်။ မိန်းမပျိုတစ်ဦးတည်းအပေါ်မှာ ကျရောက်နေသော ထိုအချစ်နှစ်ခုသည် ထပ်တူညီပါလေရဲ့လား။ ထိုသို့ဆိုလျှင် ချစ်ကြခြင်းသည် ပိုင်ဆိုင်ခြင်းအတွက် မဟုတ်တော့ပြီလား။ သူ မတွေးတတ်တော့။

❑

၃။

ကျောပေါ်မှာ လွယ်ထားသော ကျောပိုးအိတ်ကြီးကို ခပ်တင်းတင်း ဆွဲချည်ပြီး သကာလ ဆိုင်ကယ် ကယ်ရီပေါ်သို့ တက်သည်။ နောက်မှာ ရပ်နေသော ကျောင်းသားတွေကို မြင်တော့ သူ့ရင်ထဲမှာ ဝမ်းနည်း နာကျင်မိနေပေမဲ့ မျက်နှာကို အတတ်နိုင်ဆုံး ပြုံးပြီး လက်ပြနှုတ်ဆက်မိသည်။ ကျောင်းသားတွေဘေးမှာ ယှဉ်တွဲရပ်နေသော ကိုသက်ထွန်းနှင့် ချောကို မြင်မိတော့ သူ ဝမ်းနည်းရသည်။ မနာလို ဝန်တိုစိတ်ကြောင့်တော့ မဟုတ်ပါ။ ပထမတစ်ချက်ကတော့ သူ ချစ်မြတ်နိုးသော ချောအနားမှာနေပြီး ချောယုံကြည်ချက်တွေကို ကိုယ်တိုင်ကိုယ်ကျ ပါရမီ မဖြည့်ဆည်းနိုင်တာကြောင့် ဝမ်းနည်းရပါသည်။ နောက်တစ်ချက်က ကိုသက်ထွန်း။ သိဝှက်ထားသော မေတ္တာတရားတွေ ရင်ထဲ အပြည့်ပေသိ ချစ်မြတ်နိုးသူက မသိစေဘဲ ပါရမီဖြည့်ဖက် တစ်ဦးအဖြစ်နှင့်သာ ရှင်သန်နေသူ ကိုသက်ထွန်းအတွက် သူ ဝမ်းနည်းမိသည်။ မေတ္တာတရားတွေသည် တစ်ခါတစ်ရံ စိတ်ကူးအိပ်မက်သဖွယ် မယုံကြည်နိုင်စရာ ဆန်းပြားလွန်းလှတာကို သူကိုယ်တိုင် မြင်ခဲ့ရလေပြီ။

ကိုသက်ထွန်း ပြောခဲ့ဖူးသော စကားတချို့က နားထဲဝင်လာသည်။

'ချောဟာ လမင်းကြီးတစ်စင်း မဟုတ်သေးရင် တောင် ဒီဒေသအတွက်တော့ အချမ်းပြေစေနိုင်တဲ့ မီးဖိုတစ်ခုပါပဲ ညီလေးရယ်။ အမှောင်ကြားမှာ နေ,နေရတဲ့ သူတို့အတွက် ဒီမီးဖိုလေးက အချမ်းပြေဖို့ စွမ်းဆောင်နိုင်သလို ဒီမီးရောင်ကြောင့်ပဲ သားရဲတိရစ္ဆာန်တွေ ရန်ကလည်း လွတ်ကင်းစေနိုင်ပါတယ်။ အများကြီးမဟုတ်တောင် သူ့အလင်းရောင်ကြောင့် တောက်ပနေရတဲ့ ဒီဒေသက ကလေးငယ်တွေကို ထောက်ထားပြီး ကိုယ်တို့တွေရဲ့ စိတ်ကူးတွေ၊ အိပ်မက်တွေ၊ ချစ်ခြင်းတရားတွေကို မေ့ပစ်လိုက်ကြစို့လား ညီလေး။ သူ စွမ်းသမျှ တောက်ပနေတဲ့ ဒီအလင်းရောင်လေးကို ဆက်လက် တောက်ပစေဖို့ ကိုယ်တို့ ဆန္ဒတွေကို နောက်တန်းမှာ ထားကြပါစို့ရဲ့လေ။ ဒါဆိုသူလည်း ပျော်ရွှင်မှာပါ'

ဆိုင်ကယ်လေးက တောင်တက်လမ်းအတိုင်း တရွေ့ရွေ့ တက်လာခဲ့လေပြီ။ ချောအပါအဝင် အားလုံး ကျန်နေခဲ့ပေမဲ့ ချော မြတ်နိုးပါသည်ဆိုသော တောင်တန်းကြီးကတော့ မကွယ်မပျောက်သေး။ သူ့ကို လိုက်လံနှုတ်ဆက်နေသေးသည်။ တောင်တန်းကြီးထက်ကို မျှော်ကြည့်မိလိုက်တော့ နေမင်းကြီးက လောကကို အလင်းဆောင်ရန်အတွက် အားယူနေလေပြီ။

'ဆရာတို့ မြေပြန့်ကလူတွေ နေမင်းကို မြင်နေရချိန်မှာ ချောတို့ကတော့ မြင်ချင်မှ မြင်ရဦးမှာပေါ့။ ဒါပေမဲ့ အလင်းရောင် တကယ်ရောက်လာတဲ့အခါကျရင် အားလုံး မြင်နိုင်ဖို့တော့ ချော ကြိုးစားပေးရဦးမယ်'

နားထဲမှာ စကားသံတချို့ကို ပြန်လည် ကြားယောင်လာမိတော့ ဝမ်းနည်းစိတ်က ရင်ကိုဖိုစေပြန်သည်။ ယုံကြည်ချက်တွေ အမှန်တကယ် ဖြစ်လာအောင် အကောင်အထည် ဖော်နိုင်ပါစေ ချောရေ။ မင်းပိုင်တဲ့ အလင်းရောင်တွေနဲ့ မင်းချစ်တဲ့ တောင်တန်းတွေ ထွန်းလင်း တောက်ပနိုင်ပါစေ။ တစ်ချိန်ကျရင်တော့ မင်းရဲ့ ရှင်သန်ပျိုးထောင်မှုတွေနဲ့အတူ တန်ဖိုးကြီးတဲ့ တောင်ဇလပ်ပန်းတွေဟာ ဟောဒီ တောင်တန်းတွေထက်မှာ မွှေးပျံ့ဝေဆာနေမယ်လို့ ကိုယ်ယုံကြည်နေပါတယ်။ ရင်ထဲမှာ ရှင်သန်ဖူးတဲ့ ချောဆိုတဲ့ တောင်ဇလပ်ပန်းလေး တစ်ပွင့်ကိုလည်း ကိုယ် အမြဲတမ်း အမှတ်ရနေမှာပါ ချောရယ်။

■

**ဓေဦးယျာ**



www.burmeseclassic.com

www.burmeseclassic.com



အကောင်တွေကိုက်တယ်၊
အရေပြားမှာ အပိန့်အပိန့်တွေ
ဖုဉ်လိုက်ကြီး။ ပတ်ဝန်းကျင်
မသန့်တာကြောင့်လည်း
ဖြစ်နိုင်တယ်။ ဒါ ပြုပြင်
ပြောင်းလဲပစ်လိုက်လို့ရတာပဲ။
ပတ်ဝန်းကျင် သန့်ရှင်းအောင်
လုပ်တာများ အလွယ်လေး၊
သန့်ရှင်းရေးလုပ်၊ ဆေးဖျန်း။
လုပ်ရို ထောင်ကျတွေ
ရှိပြီး လုပ်လိုက်မယ်လေ။
အားလုံးကောင်းဖို့ပဲပါ။
ဒါပေမဲ့ လုပ်ခွင့်
ရှိသလိုလို ဘာလိုလို။

ရေးအစဉ်အဆက်
တတည်းက မလုပ်ခဲ့ကြရလို့
ဒီလိုဖြစ်နေတာပေါ့။
အကောင်တွေက
ခြင်လည်း မဟုတ်ဘူး၊
ဖြုတ်လည်း မဟုတ်ဘူး။
ဘာကောင်လေးတွေလည်း
မသိဘူး၊ ရှစ်လေးတွေနဲ့။
ကိုက်လိုက်ရင်လည်း
လေးတာမျိုး မဟုတ်ဘဲ
စပ်ဖျဉ်းဖျဉ်းနဲ့၊
အရေပြားတွေ နီရဲလာအမ်း
လာပြီး နေလို့ထိုင်လို့
အဆင်မပြေတော့။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စိတ်ထဲကကို တစစ်စစ်နဲ့ ဖြစ်လာတာ။ ရေမသန့်တာကြောင့်လည်း ဖြစ်နိုင်တယ်၊ အမျိုးသမီးတွေဆိုတော့ ပိုဆိုး။

❑

**သမီးလေး…**

ဘယ်လိုမှ လိုက်လာဖို့ မလွယ်ဘူးသမီးရယ်။ ဆိုလိုတာက ပိုက်ဆံမရှိတာရယ်။ အခြေအနေ၊ အဓိကကတော့ ပိုက်ဆံ မရှိတာပေါ့။ လုပ်စားကိုင်စားကျပ်တည်းကြတယ်လို့ သမီးတို့ပြောတဲ့အထဲမှာလည်း ပါပါတယ်။ သမီးတို့က ပါးစပ်ကလေးနဲ့ အပေါ်ယံရှပ်ပြီး ပြောလိုက်တာပါလို့ ပြောတဲ့လူတွေ ပြောကြမယ်။ တကယ်မလွယ်တာ။ လာ‥ကျွန်တော် လိုက်ပြမယ် ဆိုပြီး အဖေကိုယ်တိုင် လက်ဆွဲခေါ်ပြချင်ပါတယ်။ တခြားမကြည့်နဲ့ အဖေ့ကိုပဲ ကြည့်။ ပန်းရန်လိုက်ရှက်ရင် တစ်နေ့ငါးထောင်လောက်တော့ ရတာပေါ့ သမီးရယ်၊ အခုဈေးဆို‥ခုနစ်ထောင်လောက် ရှိမယ်ထင်တာပဲ။ အဖေ့လိုငါးဆယ်ကျော် ခြောက်ဆယ်နီးပါးအသက်ကြီးမို့ ဖြစ်နိုင်တာ, မဖြစ်နိုင်တာအပ,ထား၊ အရက်သမားလုံးလုံး ဖြစ်ပြီးတုန်တုန်ချည့်ချည့်နဲ့မို့ လုပ်နိုင်တာ, မလုပ်နိုင်တာ ခဏဘေးဖယ်၊ အဲဒီလုပ်ငန်းခွင်ရောက်အောင် ကားတစ်ဆင့်တည်းနဲ့ ပြီးတယ်ဆိုရင် အသွား နှစ်ရာ၊ အပြန် နှစ်ရာ လေးရာ ကျတယ် သမီး။ နှစ်ဆင့် စီးရတယ်ဆိုရင် ခြောက်ရာ၊ ရှစ်ရာလောက် ကုန်သွားပြီ။ ပင်ပင်ပန်းပန်း

သူတို့ကတော့
သူတို့ကို
တော်လှန်
ပုန်ကန်သူတွေ
ဆိုပြီး
ရက်ရက်စက်စက်
နှိမ်နင်း
ဖမ်းဆီးလိုက်ကြတယ်
ဒါတောင်
ကျောင်းသားတွေက
ရေသန့်ဘူးနဲ့
ပေါက်လို့
ဒီဘက်က
ပြန်ပေါက်တဲ့
သဘောပါလို့
ပြောတဲ့လူက
ပြောသေး

ထမင်းရပိုးရမှာမို့ ထမင်းကြော်တစ်ပွဲ၊ လက်ဖက်ရည်တစ်ခွက် အစာခံလိုက်ရင်တောင် တစ်ထောင်နီးပါး။ အသားနဲ့စားရင် ထောင်ကျော်ကျသွားပြီ။ ကွမ်းဆေး ကြိုက်တတ်ရင် လေးငါးခြောက်ရာ တစ်ထောင် ထွက်ဦးမယ်။ နေ့လယ်စာ ထမင်းတစ်နပ်က အဲဒီအနား နီးစပ်ရာမှာ ပေါပေါလောလော ဝယ်စားရင် တစ်ထောင်ဝန်းကျင်၊ ကိုယ့်အိမ်က ထမင်းဘူး၊ ထမင်းချိုင့် ထည့်သွားမယ်ဆိုရင်လည်း ညမနက်စာ ပေါင်းချက်ရင် နှစ်ထောင်၊ နှစ်ထောင့်ငါးရာ ကုန်မှာပဲသမီး။ ဒါတောင် မီးသွေးဖိုး၊ လျှပ်စစ် မီတာဖိုး ရှိသေးတယ်။ နေ့ခင်းနေ့လယ်အတွက် လက်ဖက်ရည်တစ်ခွက်ပဲ သောက်တယ်ထား၊ နှစ်ရာ့ငါးဆယ်၊ သုံးရာ။ အပြန်ကားခ၊ ညစာ ထမင်းဖိုး အားလုံးပေါင်းလိုက်ရင် သုံးထောင့်ငါးရာ၊ လေးထောင်လောက်ကျသွားပြီ။ အဝတ်အစားဖိုးကို ရာနှုန်းနဲ့ထည့်တွက်၊ မမာရေးမကျန်းရေးက ရှိဦးမယ်။ လူမှုဝန်းကျင်နဲ့ နေတဲ့အခါ လူမှုရေး ကုန်ကျစရိတ်တွေ ရှိမယ်။ ဒါ တစ်ယောက်စာပဲ ရှိသေးတယ်နော်။ ဒီတော့ တစ်ယောက်ရှာလို့ရတဲ့ ဝင်ငွေက အဲဒီတစ်ယောက်စာတောင် အနိုင်နိုင်ဖြစ်နေတယ် သမီး။ မိသားစုလိုက်အတွက် ဘယ်လိုရုန်းကန်ကြမလဲ။ နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ကြတယ်ဆိုတဲ့ အသံထွက်တွေ သမီးလည်း အားကျမျှော်လင့်စိတ် ရှိကောင်းရှိမှာပေါ့။ ဖေဖေတို့မိဘတွေမှာ အပြစ်မပြောသာဘူး ဖြစ်နေတယ်။ ဟိုမှာက လုပ်ခပိုရတယ်လေ။ ဒီတစ်ချက်နဲ့ပဲ ကိုယ့်အလုပ်သမားတွေ တခြားနိုင်ငံ ရောက်သွားကြရတာ။ မိတကွဲ၊ ဖတကွဲနဲ့ ကိုယ့်ဇာတိ ကိုယ်ပစ်ပြီး။ ကဲ ဖေဖေတို့မှာ သမီးလေးတစ်ယောက် ရှိတယ်။ ဂါဝန်လှလှလေးတွေ ဝယ်ပေးရမယ်၊ မူလတန်းကြိုကို သူများတွေလို ကားနဲ့ အကြိုအပို့ မဖြစ်နိုင်ရင်တောင် ဆိုက်ကားလောက်နဲ့မှ။ ကျောင်းလခကလစဉ်တတ်နိုင်တယ်ထားဦး၊ သမီးလေးရဲ့ လက်ဆွဲခြင်းထဲမှာ မုန့်နှစ်မျိုးလောက်နဲ့ ခေတ်မီမီ ရေဘူးလေးလည်း ထည့်ပေးဦးမှ။ ကျောပိုးအိတ်လှလှလေးနဲ့လေ။ ဟုတ်ပါတယ်၊ သမီးမလုပ်ခဲ့ရပါဘူး။ မေမေက လက်ဆွဲပြီး အပေါက်ဝရောက်တဲ့ထိလိုက်ပို့၊ ငါးဆယ်တန် ဝေဖာချောင်းလေးကိုက်ပြီး။ တကယ်တော့ သမီးရယ်‥၊ အဲဒီမူလတန်းကြိုဆိုတဲ့ ယဉ်ကျေးမှုက အိုတီထွင်မှုကြီးတစ်ခုပါ။ ကကြီးခကွေး၊ တစ်နှစ်သုံးလေး၊ အေဘီစီဒီလောက်တော့ သမီးအမေလည်း သင်ပေးနိုင်သလို ဖေဖေလည်း ဒါတွေကို နှာကျေ... တဲ့ ဘွဲ့ရပညာတတ်တစ်ယောက်ပါ။

ဒါတွေ မပြောချင်ဘူး သမီးရယ်။ ပညာရေးနဲ့ ပတ်သက်ပြီး စိတ်ထဲ မချိတင်ကဲဖြစ် လွန်းလို့ပါ။ ဒီမှာ သမီး ဖေဖေတို့ခေတ်၊ ... ဖေ့ရှေ့က အစ်ကိုတွေ၊ ဦး... လေးတွေခေတ်၊ ပတ်ဝန်း... ကျင်မှာ ပြောလေ့ပြောထ ရှိ... တဲ့ စကားတစ်ခွန်း ရှိတယ်။ 'အဲဒီကောင်က ပညာတတ်... ကွ' ဆိုတဲ့ စကား။ ပညာ... တတ်လို့ နာမည်တပ်လိုက်... တာ တကယ်ပညာတတ်... သမီးရေ။ ဟိုးရှေးခေတ်... ခုနစ်တန်းအောင်၊ နော... ဟိုက် စက္ကူဖိုင်နယ်အောင်... တက္ကသိုလ်ဝင်တန်းအောင်... နောက် ဘွဲ့ရ။ သူ့အဆင့်... တကယ်တတ်ခဲ့ကြတာ...



www.burmeseclassic.com

www.burmeseclassic.com

သမီးတို့ခေတ်လည်းရောက်ရော ဆယ်တန်းအောင်လည်း သုံးစားမရ၊ ဘွဲ့ရလည်း ဘာမှမထူး ဖြစ်တော့တာပဲ။ အရေအတွက်တွေကတော့ အများကြီးပဲ သမီးရေ။ အမှတ်တစ်ရာဖိုးမေးပြီး လေးဆယ်ရရင်အောင်တယ်ဆိုတာ ဒါ လုံးလုံးလျားလျား အတောင်အလက် မစုံဘူးနော် သမီး။ အဲဒါ ဘယ်မှာ သိလိုက်ရသလဲဆိုတော့ လုပ်ငန်းခွင်ထဲရောက်တော့မှ အရည်အချင်း အစစ်တွေ ပေါ်လာတော့တယ်။ ပညာတတ် လက်မှတ်ရဆိုတာတွေက တကယ် အသုံးချလို့ မရဘူးဖြစ်နေတယ်။ လုပ်ငန်းဆိုင်ရာ သင်တန်းတွေ ထပ်သင်ကြရတယ်။ တကယ်တတ်လာခဲ့ကြတာမှ မဟုတ်ဘဲသမီးရဲ့။ ဒါတွေ သိလျက်သားနဲ့ ဖေဖေရယ်လို့ မပြောနဲ့ သမီး။ အဲဒါတွေကို စိတ်ပျက်စိတ်ကုန်လို့ ဖေဖေ ဒီဘဝရောက်သွားတာပဲ သမီး။

ဖေဖေတို့မိသားစု လေးထဲ သမီးမရောက်ခင်တုန်းက တင့်တောင်းတင့်တယ်နဲ့ အဆင်ပြေပြေပေါ့။ ဖေဖေလည်း ဌာနဆိုင်ရာမှာ သူ့အဆင့်နဲ့ သူ တတ်ထားတဲ့ ပညာတွေကို အသုံးချခွင့်ရတယ်။ ဝန်ထမ်းလစာဆိုတာလည်း ရာဂဏန်းဆိုပေမဲ့လုံလောက်ခဲ့တယ်။ သူဌေးတော့ မဖြစ်ဘူးပေါ့။ နောက်တော့ ခေတ်ပြောင်းခေတ်လွှဲမှာ ဖေဖေတို့အထက်က အုပ်ချုပ်မယ့် အရာရှိအသစ်တွေရောက်လာတယ်၊ အုပ်ချုပ်တဲ့ အစိုးရအမိန့်နဲ့။ အဲဒီမှာ လုပ်ငန်းကျွမ်းကျင်မှု အပိုင်းလိုအပ်ချက်တွေရှိလာတယ်။ ပြောချင်တာက အထားအသိုမမှန်တာဘဲပြောပါတော့။ သူတို့ကျွမ်းကျင်တတ်မြောက်ခဲ့တာတစ်မျိုး။ ဖေဖေတို့ လုပ်ငန်းပိုင်းနဲ့ကျတော့ အပ်စပ်မှုမရှိဘူးပဲ ပြောပါတော့ သမီးရယ်။ မြန်မာစာနဲ့ ဘွဲ့ရပြီး လျှပ်စစ်ဌာနမှူးလုပ်သလိုပေါ့။ အနီအနက်နှစ်စ မီးသီးမှာ ပေါင်းလိုက်ရင် မီးလင်းတယ်ဆိုတာ သိရုံလောက်နဲ့ ဖေဖေတို့လုပ်သက်ရင့် ကျွမ်းကျင်ဝန်ထမ်းတွေနဲ့ အဆင်မချောတော့ဘူး။ အလိုက်အထိုက် ဗိုလ်ကြီး၊ ဗိုလ်မှူးခေါ်ပြီး ဆက်မြဲနေတဲ့ လူတွေရှိပေမဲ့ ပင်စင်ထိအောင် မမျှော်ကိုးတော့ဘဲ ဖေဖေ အလုပ်ထွက်ခဲ့တယ်။

ဖေဖေလည်း အများကြီး စဉ်းစားပါတယ် သမီးရယ်၊ ဘဝရပ်တည်မှုအတွက်။ ဒါပေမဲ့ သမီးရယ် သူတို့ရဲ့ တစ်ဖက်သတ် စီစဉ်ကွပ်ကဲမှုတွေအောက်မှာ ဖေဖေ ခေါက်ရိုးအကျိုးမခံနိုင်ဘူး။ ဖေဖေ အဲလိုလူစားမျိုး မဖြစ်ချင်ဘူး။ အဲဒီတော့ ဖေဖေ့မိသားစုကို စိန်ခေါ်တာတွေ များလာတော့တာပေါ့။ သမီးမေမေရဲ့ ပြစ်တင် ငြိုငြင်တာကိုခံရတယ်။ မိသားစု စီးပွားရေး ယိမ်းယိုင်သွားတယ်။ ဖေဖေလည်း အလုပ်မရှိ အကိုင်မရှိ ဝေလေလေ ဖြစ်သွားတယ်။ အရွဲ့တိုက်ချင်စိတ်တွေ ဖိစီးလာတယ်။

ကောင်းရာကောင်းကြောင်းကို မတွေးမမြင်နိုင်တော့ဘူး။ စိတ်ညစ်ရှုပ်ထွေးတာကို ဘုံဆိုင်ထဲ ထိုးသွင်းလိုက်တော့ ဘဝပါပျက်ရော။ မဆယ်ကူချင်တော့ဘူး သမီးရယ်။ ဖေဖေ ဘယ်လောက်ထိ မိုက်မဲခဲ့သလဲဆို ဖေဖေကိုယ်တိုင် နှစ်သက်မြတ်နိုးလို့ တောင်းရမ်း လက်ထပ်ယူထားတဲ့ သမီးလေးမေမေရဲ့ နှလုံးသည်းပွတ် ထိခိုက်နာကျင်တဲ့ ဒဏ်ရာဝေဒနာကို ကုစားမပေးနိုင်ခဲ့ဘူး။ သမီးလေး အမိမဲ့ဖြစ်တော့ အထက်တန်းကျောင်းသူကြီးတောင် ဖြစ်နေပြီ။ ခံစားနားလည်တတ်တဲ့ သမီးက ဖေဖေ့ကို စိတ်အနာကြီး နာမှာပေါ့။ ဖေဖေ့ကြောင့် မေမေ သေခဲ့ရတယ်ဆိုပြီး။

သမီးနဲ့ ဖေဖေလည်း ရှင်ကွဲကွဲခဲ့ရတယ်။ သမီးလေးကို ပြုစုပျိုးထောင်နိုင်စွမ်းတွေ ယုတ်လျော့သွားတဲ့ ဂယက်ကို သမီးရဲ့အဒေါ်တွေက လွှဲပြောင်း တာဝန်ယူခဲ့ကြလို့ပဲ။ သမီးလေး အမေရဲ့ ဝေဒနာကို နေထိုင်ရာ အိမ်ခြံမြေနဲ့ စက်ပြီး ဆွဲခေါ်ခဲ့ပေမဲ့ ဖေဖေတို့နောက်ကို ပါမလာခဲ့ဘူး။ ဖေဖေတို့ လမ်းဘေးမရောက်ရုံတစ်မည် ရဖြစ်သွားကြတယ်။ ဖေဖေလည်း လောင်းကစားနည်းနဲ့ ပြန်လည်ထောင်မတ်ဖို့ ကြိုးစားခဲ့ပေမဲ့ ထောင်ကျခဲ့တာပဲ အဖတ်တင်တယ်။ သမီးလေးလည်း အပျိုပေါက် တက္ကသိုလ်ကျောင်းသူ ဖြစ်လာတော့ မသင့်တော်ဘူးဆိုပြီး...။

သမီးလေးကို ကျောင်းစရိတ်တောင် မထောက်ပံ့နိုင်တာ ရင်နာလို့ မဆုံးပါဘူး သမီးရယ်။ ဖေဖေ့အစ်မတွေကလည်း ဖေဖေ့ကို ပညာတတ်တွေ မိုက်ပြီဆို သူများထက် ကမ်းကုန်တယ်ဆိုပြီး အဆက်အသွယ်ကို ဖြတ်လိုက်ကြတာ။ သမီးလေးကတော့ အဖေ့ကို အဖေပဲလို့ အသိအမှတ်ပြုထားလို့ တော်သေးတာပေါ့။ ဖေဖေ ပညာတတ်ဆိုတာကို စိတ်ကုန်တယ် သမီးရယ်။ ဖေဖေ တတ်ထားတဲ့ ပညာဆိုတာတွေကို အံဝင်ခွင်ကျ အကျိုးရှိရှိ တကယ် အသုံးချချင်ပါတယ်။ ဖေဖေ့ကို သင့်တော်တဲ့ နေရာသာပေး၊ ဖေဖေ တကယ် အဟုတ်လုပ်ပြချင်ပါတယ်။ ထောင်ကျတုန်းကလည်း ဖေဖေ့ကို စပါးစိုက်တဲ့ နေရာ ပို့လိုက်တယ်။ စာရင်းအင်းတွေ ကျွန်တော်လုပ်ပေးပါ့မယ်။ ကျွန်တော် ကျွမ်းကျင်ပါတယ်ဆိုတာ ပြောလို့ မရဘူး။ ဖေဖေ့ကို နွားနဲ့ ဖက်ရန်းခိုင်းပြီး၊ လူသတ်ပြီး နှစ်ကြီးသမားကျတော့ ဖေဖေတို့ ခေါင်းဆောင်ကြီး၊ ဖေဖေတို့ကို စီမံအုပ်ချုပ်ကွပ်ကဲရတဲ့ သူတဲ့။ အဲဒီအချိန် သမီးလေးတို့ ဘာတွေလုပ်နေလဲဆိုတာ ဖေဖေ သိနေကြားနေရပြီ။

ကျောင်းသူကျောင်းသားဆိုတာ ပညာရေးနဲ့ အသက်ဆိုင်ဆုံး လူသားတွေလို့ဆိုရင် ဘယ်မှားလိမ့်မလဲ သမီးရယ်။ အဲ...အဲဒီမှာ ပညာရေး သင်ရိုးပုံစံတွေကို အဓိကထားမလား၊ ထိန်းကျောင်းပဲ့ပြင်ပေးမယ့် ဆရာ၊ မိဘတွေကို ဦးတည်မလား၊



www.burmeseclassic.com

www.burmeseclassic.com

ဒါမှမဟုတ် စိတ်ကူး တည့်ရာ ချမှတ်ထားတဲ့ ပညာရေးစနစ် အတိုင်းထားမလား၊ ပြင်လို့ကို မဆုံးတော့ဘူး သမီးရေ။ ငါ့သမီးလေးတို့ စမ်းတဝါးဝါး ကျောင်းသူကျောင်းသားလေးတွေကိုပဲ သနားတယ်။ ဘယ့်နှယ် မြန်မာလိုသင်ရာကနေ အင်္ဂလိပ်လိုပြောင်း၊ တစ်ခါ ဝိဇ္ဇာနဲ့ သိပ္ပံဆိုပြီးခွဲ၊ အားမရတော့ ဝိပ္ပံဆိုပြီး တီထွင်၊ အမျိုးမျိုးကို စိတ်တိုင်းကျ လုပ်နေတော့တာ။ ဘာနဲ့တူသလဲဆိုတော့ အမျိုးမျိုး စမ်းသပ်နေတဲ့ ပညာရေးစနစ်အောက်မှာ သင်ကြားခံယူနေရတဲ့ ကျောင်းသူကျောင်းသားတွေက ဓာတ်ခွဲခန်းထဲ ရောက်နေတဲ့ ယုန်ကလေးတွေ၊ ကြွက်ကလေးတွေ ကျနေတာပဲ။ အဆင်မပြေမှုအောက်မှာ သေဆုံးခဲ့ကြရတယ်။ အချိန်တွေ၊ ငွေတွေ၊ ဘဝတွေကို စတေး ပြီး ဒါကို သိမြင်ခံစားမိပြီး တင်ပြပြောင်းလဲလိုတဲ့ ကျောင်းသားကျောင်းသူတွေက…။

အဲဒီအထဲမှာ သမီးလေး ပါသွားတယ်။ သမီးအဒေါ်တွေ လိုက်ခေါ်ပေမဲ့ သမီး ပြန်ပါမသွားဘူးလို့ ဖေဖေ သိရတယ်။ ဒီတော့ ဖေဖေ့ဘက် လှည့်လာတာပေါ့သမီးရယ်၊ နင်မကောင်းလို့ဆိုတာကစပြီး။ ငါ့သမီး မကောင်းတဲ့အလုပ် လုပ်တာမဟုတ်ဘူးလို့ တစ်ခွန်းပဲ ပြန်အော်ပစ်လိုက်တယ်။ တစ်ခုတော့ ရှိတာပေါ့ သမီးရယ်။ နိုင်ငံရေး အရှုပ်အထွေးတွေကြားထဲမှာဆိုတော့ သမီးတို့လည်း နိုင်ငံရေးပဒ်မထဲ ဝင်သွားတာပေါ့။ ပွင့်ပွင့်

**အထက်တန်း
ကျောင်းသားလေး
ပုဆိုးစွန်တောင်
ဆွဲပြီး
ထွက်ပြေးတာကို
နံပါတ်တုတ်နဲ့
လိုက်ရိုက်တဲ့
ရဲ
လေး၊ ငါး
ခြောက်ယောက်ရဲ့
အကြမ်းဖက်မှု
မျက်နှာပေးက
ကမ္ဘာထိအောင်
မှတ်တမ်းဝင်
သွားတာပဲ**

လင်းလင်းပြောရရင် သမီးရယ် သမီးတို့ လက်ပံတန်းမှာ ရိုက်နှက်ဖမ်းဆီးခံလိုက်ရတယ် ဆိုတဲ့ အချိန်တုန်းက ဖေဖေ အိပ်ရာထဲက ကုန်းထ,ခဲ့ပါသေးတယ်။ အရက်ဖြတ်မယ်ဆိုပြီး ဘုရားကို လှူလိုက်တဲ့ အချိန်ကစပြီး ဖေဖေ ဗုန်းဗုန်းလဲတော့တာပဲ။ အရက်ဖြတ်မယ်၊ အလုပ်ကို လုပ်နိုင်သမျှကလေး စပြီး ကြိုးစားလုပ်မယ်။ သားအဖနှစ်ယောက် အိမ်ငှားနေကြမယ်။ သမီးလေးလည်း ရန်ကုန်မှာ ကျောင်းတက်၊ အဖေ့သမီးက အဖေနဲ့ အတူရှိနေရမယ်ဆိုပြီး အလုပ်တစ်ခု ညစောင့်အလုပ်ပါ။ ကန်ထရိုက်ဆိုဒ်တစ်ခုမှာ ညစောင့်လုပ်မယ်လို့ ပြောထားတာရှိတယ်။ ဒါပေမဲ့ အဲဒီအခြေအနေကိုမရောက်ဘဲ အချုပ်ထဲမှာ သုံးရက်လောက် အိပ်လိုက်ရတယ် သမီး။ သမီးလေးတို့ကို အကြမ်းဖက် ဖြိုခွင်း ဖမ်းဆီးသွားတဲ့ သတင်းစာမျက်နှာကို ဖတ်ပြီး ဖေဖေ အရက်ဆိုင်ထဲ တိုးဝင်သွားခဲ့တယ်။ သောက်ချလိုက်တော့ အင်အားတွေ ပြန်ပြည့်လာသလိုပဲ သမီး။ ခြေတုန်လက်တုန်တောင် ပျောက်သွားတယ်။ ဖေဖေလည်း ရဲစခန်းဝင်းကို အပြင်က ပတ်ပြီး ဆဲတာ လည်ချောင်းထဲက သွေးတောင်ထွက်တယ်။ နာမည်တော့ မတပ်ပါဘူး။ ဘာကြောင့်မလဲ သမီးရယ်၊ မူးယစ်ရမ်းကားနဲ့ အချုပ်ထဲ ရောက်သွားတာပေါ့။ တော်သေးတာပေါ့၊ ဖေဖေက အမူးသမားဖြစ်နေလို့။ ကျောင်းသားဆို ပုဒ်မအများကြီးနဲ့ ထောင်ကျဦးမှာ…။

သမီးလေးတို့ ကြွေးကြော်သံတွေကို နားနဲ့ ဆက်ဆက်ကြားနေရသလိုပါပဲ သမီး။ ဟုတ်တယ် သမီးရဲ့။ ရာဇဝင်ကိုပြန်ကြည့်၊ ဗိုလ်ချုပ်အောင်ဆန်းတို့၊ ဦးနုတို့ခေတ်ကတည်းက နိုင်ငံရေးလှုပ်ရှားမှုတွေကို ကျောင်းသားတွေပဲ ဦးဆောင်ခဲ့တာ၊ ဒီလူတွေလည်း နောက်မှ နိုင်ငံ့ခေါင်းဆောင်တွေ ဖြစ်ခဲ့ကြတာ။ သမီးတို့လည်း ကျောင်းသားနဲ့ပတ်သက်တဲ့ စုစည်းညီညွတ်တဲ့ အားကို ယူတယ်။ ပညာရေးစနစ်ဆိုးကြီးကို သမီးတို့လက်ထက်မှာ မြေလှန်ပစ်ဖို့ ကြိုးစားအားထုတ်ကြတယ်။ ဒီမှာ တစ်ချက် ပြောစရာရှိတာက သမီးတို့လုပ်တာ လက်ရှိအစိုးရကို ဖြုတ်ချဖို့လုပ်တာ မဟုတ်သေးဘူးနော်။ သမီးတို့ ခေါင်းဆောင်တွေထဲက လည်း ဝန်ကြီးတက်လုပ်မှာ နိုင်ငံကို တက်ပြီး အုပ်ချုပ်ကြမှာ မဟုတ်ဘူးဆိုတာ ဖေဖေတို့ နားလည်နေတယ်။ သမီးတို့တောင်းဆိုတာ ပညာရေးစနစ်ပြောင်းလဲဖို့၊ ကျောင်းသားဆိုတာကို အစိုး မကြောက်ထားဖို့၊ အဲ·· သူတို့ကတော့ သူတို့ကို တော်လှန်ပုန်ကန်သူတွေဆိုပြီး ရက်ရက်စက်စက် နှိမ်နင်းဖမ်းဆီးလိုက်ကြတယ်။ ဒါတောင် ကျောင်းသားတွေက ရေသန့်ဘူးနဲ့ ပေါက်လို့ ဒီဘက်က ပြန်ပေါက်တဲ့ သဘောပါ ပြောတဲ့ လူက ပြောသေး မီဒီယာရှိနေတာပဲ သမီးရယ်။ အထက်တန်းကျောင်းသားလေး ပုဆိုးစွန်တောင်ဆွဲပြီး ထွက်ပြေးတာကို နံပါတ်တုတ်နဲ့ လိုက်ရိုက်တဲ့ ရဲ လေး၊ ငါး ခြောက်ယောက်ရဲ့ အကြမ်းဖက်မှုမျက်နှာပေးက ကမ္ဘာထိအောင် မှတ်တမ်းဝင်သွားတာပဲဟာကို။

❑

'ဒီလူက လူတော်
ကျောင်းတုန်းက စကော
တွေဘာတွေရတဲ့



www.burmeseclassic.com

www.burmeseclassic.com

တာ။ မျိုးရိုးကလည်း မသေး သိမ်ဘူး။ သူ့အဖေက အမျိုး သားကျောင်းအုပ်လား၊ ကျောင်းဆရာလား တစ်ခုခု ပဲ။ အဲ.. ငယ်ငယ်ကတည်း က နည်းနည်းတော့ တစ် ယူသန်တယ်။ ဆရာဝန်တွေ ဘာတွေဖြစ်နိုင်လျက်သားနဲ့ မလုပ်တာ။ လူက ရိုးရိုးအေး အေးပဲနေတတ်တာ။ ဘယ် အခုလို အသောက်အစား လောင်းကစားတွေ ဘယ်ရှိပါ့ မလဲ။ သူက သူကျင်လည်ရ မယ့် နယ်ပယ်မှာ တော် အောင်တတ်အောင် ပြိုင်ဘက် မရှိအောင် နေချင်တာ။ ကြိုး လည်းကြိုးစားတယ်။ ပညာ တတ်လွန်းအားကြီးတော့ နည်းနည်းတော့ ပညာဂုဏ် မောက်တယ် ပြောရမလားပဲ။ တော်ရုံတန်ရုံကို လူထင်တာ မဟုတ်ဘူး။ မိသားစုလိုက် ရိုးရိုးသားသားပဲနေတော့ စီးပွားတော့ မဖြစ်ဘူးပေါ့ ဗျာ။ သူ့အမေက မုန့်ရောင်း တယ်ဗျ။ ရုံးတစ်ရုံးမှာ အရာ ရှိကြီးဖြစ်တော့ ဒီလူတော် တော်ငယ်သေးတယ်။ အဲဒီ ရုံးက အမျိုးသမီးနဲ့ပဲ အိမ် ထောင်ကျတာ။ အမျိုးသမီး ကတော့ ထုံထုံအအကြီးပါ ဗျာ။ ဒီလူပြောသမျှ မျက်လုံး ပိုင်းကြီးနဲ့ မော့ကြည့်နေတာ ပဲ။ သမီးလေးတစ်ယောက် ရတယ်ဗျ။ သူ့မိဘတွေ မရှိ တော့တဲ့ နောက်ပိုင်း အဲဒီ အိမ် ကြီးမှာပဲ မပြင်မဆင် နေကြ တယ်။ ရုံးမှာ လုပ်ပိုင်ခွင့်ရှိ တဲ့ အရာရှိပဲဗျာ။ နိုင်ငံခြား တွေဘာတွေ သွားတောင် သူ ပါမှ။ နောက်တော့ အလုပ်က ဖြုတ်သွားတာလား၊ ထွက် လိုက်တာလား မသိဘူး။ စီးပွားလည်း ထိုးစိုက်ကျ သွားတယ်။ သူလည်း ဘာမှ မလုပ်ဘဲ ပေပြီးနေတယ်။ အကြောင်းတော့ရှိမှာပေါ့။ ဒီလိုပါပဲဗျာ၊ သူ့မိန်းမ ကျန်းမာရေးနဲ့ ကြုံလာတော့ သူတို့ အိမ်အိုကြီးကို ရောင်း လိုက်ရတယ်နဲ့တူပါရဲ့။ သူ လည်း ဘဝပျက်သွားပြီ။ အသောက်အစားရော လောင်းကစားရောပဲ။ သူ့ သမီးလေးကိုတော့ နယ်က သူ့အမျိုးတွေ လာခေါ်သွား တယ် ထင်တယ်။ သူ့မိန်းမ လည်း ဆုံးရော သူလည်း လမ်းဘေးရောက်တော့တာပဲ။ ခက်တယ်ဗျ၊ ဘယ်လိုပြော ရမလဲ၊ အဆင်ပြေပြေ ချမ်း ချမ်းသာသာကြီး မဟုတ် တောင် လူ့လောကကြီးမှာ ဆက်ပြီး အသက်ရှင်နေထိုင် ဖို့က ခေတ်နဲ့ လိုက်လိုက် လျောလျော နေတတ်မှဗျ။ အချဉ်ပေါက်ပြီး ကန့်လန့် တိုက်နေလို့ကတော့ ကိုယ်ပဲ ခံရမှာ။ ဒီလူ့ကြည့်ပါ့လား၊ အခုတော့ အရက်သောက် ရရေး၊ ထမင်းစားရရေးဆိုပြီး ဘီလီယက်ခုံမှာ မာကာမှတ် ပေးလိုက်၊ နှစ်လုံးထီတွက် နည်းကောင်းလေး ချပြလိုက်၊ ဖဲဝိုင်းမှာ အကောက်ကောက် ပေးလိုက်နဲ့ အဲဒီပတ်ဝန်းကျင် မှာ အိပ်၊ အဲဒီ ပတ်ဝန်းကျင် မှာစား လုပ်နေရတာ။ သူ့ သမီးလေးလည်း ထောင်ထဲ မှာလား၊ အမှုရင်ဆိုင်နေရ တုန်းလား မသိပါဘူး။ လက်ပံတန်းမှာ ကျောင်း သားတွေ ဖမ်းသွားတုန်းက ပါသွားတာလေ'

□

သမီးရေ... ဥပဒေ အကြောင်းတော့ ဖေဖေလည်း နားမလည်ပါဘူး။ သမီး ရယ်။ သမီးလေးတို့ အမှုက ဘာဖြစ်နေတာလဲ။ တစ်နှစ် တောင်ကြာပြီ၊ ဘာလဲ သမီး တို့အမှုက နိုင်ငံတော် ပုန်ကန် မှုလား။ သမီးလေးတို့ကို ဝိုင်းရိုက်ပြီး ဖမ်းသွားတယ်။ ဒါ အားလုံးအသိပဲဟာ။ ကဲ ထားတော့ နိုင်ငံတော်က တားမြစ်ထားတဲ့ ဥပဒေကို သမီးတို့က ဖောက်ဖျက်ကျူး လွန်တယ်၊ ထိုက်သင့်တဲ့ ပြစ် ဒဏ်ချလိုက်၊ ပြီးတာပဲဟာ ကို။ ထားပါတော့၊ ဖေဖေ့ အပိုင်းကတော့ ဖေဖေ မသေ ခင် သမီးရှိတဲ့နေရာကို တစ် ကြိမ်တော့ လာဖြစ်အောင် လာခဲ့မယ်၊ ဖေဖေ အခု အရက်ဖြတ်ဖို့ ကြိုးစားနေ တယ်။ ပိုက်ဆံလည်းစုမယ်၊ ကျန်းမာရေးကောင်းလာရင် အလုပ်ကြမ်းဖြစ်ဖြစ် ဝင်လုပ် မယ်၊ ကတိ..ကတိ..။

□

မမျှော်ပါဘူး၊ ထင် လည်းထင်မထားဘူး။ ကိုယ့် နယ်ပယ်ကလူတွေ အားပေး နေတာအများကြီးရှိတာပဲ။ ရုံး ထုတ်တိုင်း စားစရာ သောက် စရာအလျှံပယ်၊ အားပေး စကားတွေလည်း အပြည့် အမောက်၊ ရှေ့လျှောက်ရ မယ့် ခရီးက အဖြောင့်အတိုင်း မြင်ရပြီးသား၊ ခြေတစ်လှမ်း စာမှ သွေဖည်သွားမှာ မဟုတ်ဘူး..။

ဒီတစ်ခေါက်တော့ နာမည်ထိုးထားတဲ့ ထောင်ဝင် စာတစ်စောင် ဖတ်ရတယ်....၊ ဖေဖေ။

■

**အဲလိုထူး**

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com



# [illegible]

၁။

လူတစ်ယောက်ကို စောင့်မျှော်နေရသည့်ဒုက္ခသည် တစ်ခါ တစ်ခါ အလွန်ပင် ခါးကြောင်း ထိုဒုက္ခကို မကြာခဏ ကြုံတွေ့ဖူးသည့် ကျွန်တော့်အတွက် နှစ်ခါစဉ်းစားဖို့ မလိုချေ။ ယခုလည်း ကျွန်တော်သည် စောင့်မျှော်ခြင်းဆိုသည့် ခေါင်းစဉ်အောက်တွင် သူမကို မျှော်နေခဲ့တာဖြစ်ပါသည်။ သို့သော် သည်တစ်ခါ စောင့်မျှော်နေရခြင်းသည် ကျွန်တော့်အတွက် ကြည်နူးပီတိစိတ်ကလေး တလှုလှုတောင် တက်နေရုံမှအပ ဒုက္ခဆိုတာ

မြူမှုန်တစ်စက်စာလောက်ပင် ရှိမနေခြင်းက အံ့သြစရာ ထိုသူမဆိုသည်မှာ ကျွန်တော်၏ ချစ်သူကောင်မလေး မ သလို ကျွန်တော်၏ဆွေမျိုးသားချင်းလည်း မဟုတ်ပါ။ ကျွ တော်နှင့် ဘယ်လိုပတ်သက်မှုမျိုးမှမရှိသည့် သူစိမ်းတစ်ယော (သို့မဟုတ်) အဘွားအိုတစ်ယောက်သာ ဖြစ်ပါသည်။

'ဒီနေ့ အဘွား ဘာဖြစ်လို့ ရောက်မလာသေးတာပါ လာရောလာပါ့မလား'

အတွေးနှင့်အတူ အဘွားအတွက် စားဖို့ရန် ယူလာ ထမင်းကြော်ထုပ်လေးကို ငုံ့ကြည့်မိသည်။ ထမင်းကြေ လေးဆိုပေမဲ့ ထမင်းကြော်ဘူးလေးဟု ဆိုလျှင် ပို၍ မှန်

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ထင်ပါသည်။ ကြွပ်ကြွပ်အိတ်လေးထဲတွင် အဖြူရောင် ဖော့ဘူးလေးဖြင့် ထည့်ယူလာသည့် ထမင်းကြော်ဘူးလေးသည် ကျွန်တော့်ဘေးတွင် ကျွန်တော့်နည်းတူ ထီးထီးလေး ရှိနေပါသည်။ ကြွပ်ကြွပ်အိတ်လေးထဲမှ ထမင်းကြော်ဘူးကလေးကို ဖွဖွသာသာယူ၍ ဖွင့်ကြည့်မိတော့မွှေးပျံ့သည့် ရနံ့နှင့်အတူ ဟိုဟိုဒီဒီ နေရာယူထားလျက်ရှိသည့် ကြက်သားဖတ်လေးများက ကျွန်တော့် အားစိုစွတ်သိမ်မွေ့သော ခံစားမှုတစ်ခုကို ပေးစွမ်းနေသလို ကျွန်တော့်နှုတ်ခမ်းနှစ်လွှာအား ချိုမြိန်သွားစေပါသည်။

'အဘွားသာ ဒီထမင်းကြော်လေး စားလိုက်ရင် ကောင်းလိုက်တာလို့ ပြောမလား မသိဘူး'

ကြည်နူးအပြုံးနှင့် အတူ ထမင်းကြော်ဘူးလေးကို ပိတ်၍ ကြွပ်ကြွပ်အိတ်လေးထဲ ပြန်ထည့်လိုက်ကာ ဘေးတွင် ပြန်၍ ချထားလိုက်ပါသည်။ ပြီးတော့ လက်နှစ်ဖက်ကို ပိုက်၍ အရင်နေ့တွေက သည်နေရာတွင် ငုတ်တုတ်ထိုင်လျက် တစ်ထွာစာလောက်ပင်ရှိသည့် ကော်ဘူးလေးထဲမှ ဘာအစားအစာမှန်းမသိသည့်အစားအစာများကို နှိုက်ယူစားသောက်နေလေ့ရှိသော အဘွား၏ ပုံစံကို မြင်မိ၍ သက်ပြင်းဖွဖွချမိလေ၏။

'အဘွားမှာ ဂရုစိုက်မယ့် သားသမီးတွေ မရှိကြဘူးလား။ ဒါမှမဟုတ် ဂရုမစိုက်ဘဲ ပစ်ထားကြတာများလား။ ဘာကြောင့် ညတိုင်း အချိန်မှန် ဒီနေရာကို အထုပ်လေးတစ်ထုပ်နဲ့ လာလာပြီး ထိုင်နေတာပါလိမ့်'

ပဟေဠိတွေနှင့်အတူ ကြည်နူးစိတ်ကလေးတွေက ဘယ်အစွန်အဖျား သွားကပ်နေကြသလဲ မသိတော့။ ထိုအစား ကျွန်တော့်ရင်မှာ မောပန်းခြင်းအချို့ လေနှင့်အတူ ပြုတ်ကျလာသည်။ အဘွားအတွက်လည်း စိတ်မကောင်းကြီးစွာ ဖြစ်သွားရ၏။

'အဘွားက ဘယ်ကနေလာတာလဲ၊ ဒီအနီးနားတစ်ဝိုက်ကများလား'

ဘေးဘီဝဲယာကို လျှောက်ကြည့်မိတော့ အရာအားလုံးက သူ့ဟာနှင့်သူ အဆင်ပြေပြေ စီးဝင်လှုပ်ရှားအသက်ဝင်လျက် ကျွန်တော့်အား ကြောင်တောင်တောင်နှင့် ငေးကြည့်နေကြသလို၊ ရှေ့တည့်တည့်တွင် တိုက်ကြီးတစ်လုံးရှိပြီး ထိုတိုက်ကြီးသည် လူမနေတာကြာပြီဖြစ်မည် ထင်ပါသည်။ ဘာမှအဝင်အထွက်မရှိသလို မီးရောင်ဟူသမျှ တစ်စွန်းတစ်စမျှ မတွေ့ရပါ။ ဘယ်ဘက်မျက်စောင်းထိုးတွင် စတိုးဆိုင်တစ်ဆိုင်ရှိပြီး ထိုစတိုးဆိုင်ရှေ့တွင် လူလေးယောက်လောက်က ဟိုဘက်သည်ဘက် မျက်နှာချင်းဆိုင် ထိုင်နေကြကာ စကားတွေ ပြောနေကြပြီး တစ်ချက်တစ်ချက် ရယ်သံအချို့ပင် ကျွန်တော့်အနား ပြုတ်ပြုတ်ကျလာပါသေးသည်။ ထိုစတိုးဆိုင်နှင့် မျက်နှာချင်းဆိုင်မှာတော့ ကျွန်တော် အမြဲ သွားသွားငှားနေသည့် စာပေနှင့်အခွေငှားဆိုင်လေးပင်။ ထိုဆိုင်လေးထဲတွင် ဆိုင်ကို လာငှားသမျှလူတွေ အားလုံးအား ဖော်ဖော်ရွေရွေနှင့် ပြုံးပြုံးရွှင်ရွှင်ဆက်ဆံတတ်သည့် အန်တီတစ်ယောက်ရှိနေသည်ဆိုတာကတော့ သံသယဖြစ်စရာမလိုပါ။ ကပ်လျက် နောက်ကျောဘက်မှာတော့ လောလောလတ်လတ် အသစ်ဖွင့်ထားသည့် မြန်မာ့အစားအစာများသာ အဓိကရောင်းချလျက်ရှိသည့် မြန်မာ့စားဖွယ်စုံဆိုင်ကြီးတစ်ဆိုင်ရှိပါသည်။ ကျွန်တော်စာအုပ်လာငှားတိုင်း ထိုဆိုင်ကြီးတွင် နိုင်ငံခြားဧည့်သည်များ လာရောက်စားသောက်တတ်သည်ကို ကာထားသော မှန်တံခါးချပ်ကြီးမှတစ်ဆင့် မကြာခဏဆိုသလို မြင်တွေ့ရလေ့ရှိပြီး ကျွန်တော်ထိုင်နေသည့် နေရာနှင့် ထိုဆိုင်ကြီးကြားတွင် အများသုံး ရေတွင်းကလေးတည်ရှိနေ၏။ ရေလာချိုးသူ၊ ရေလာခပ်သူများကိုတော့ တစ်ခါမှ တွေ့ခဲ့ဖူးခြင်း မရှိပါ။ ညာဘက်မှာတော့ တဝီဝီတဝှီဝှီနှင့် အော်ဟစ် ပြေးလွှားနေကြသော ကားများ၊ ဆိုင်ကယ်များကို အပြုံးမပျက် ထမ်းပိုးထားသည့် ကတ္တရာလမ်းမကြီး တည်ရှိနေပြီး ထိုလမ်းမကြီးနှင့် ညာဘက်ကပ်လျက်မှာတော့ နှစ်ထပ်တိုက်များဖြင့် ဖွင့်လှစ်ထားကြသည့်အမျိုးမျိုးသော ဆိုင်များက အစီအရီ။ ထိုဆိုင်များဆုံးလျှင် ကျွန်တော် အလုပ်လုပ်နေသည့် ဟိုတယ်ကဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချေတော့မည်ဖြစ်သည်။ အဘွားစားဖို့ရန် ယူလာခဲ့သည့် ထမင်းကြော်က ဟိုတယ်က ဝန်ထမ်းဈေးဖြင့် ဝယ်လာခဲ့သည့် ထမင်းကြော်ပင်။ ထမင်းကြော်ကို ကြော်ပေးသည့် အကြော်ဆရာကို အသားများများ ထည့်ခိုင်းတော့ အကြော်ဆရာက ပြုံးစစဖြင့်…

'ကောင်မလေးအတွက်လား'ဟုပင် ဆိုခဲ့သေးသည်။ သို့သော် ကျွန်တော် ပြုံးလျက် ဘာစကားမှ မတုံ့ပြန်ခဲ့။ ကျွန်တော့်ရင်မှာ ကြည်နူးခြင်းလှိုင်းတံပိုးက ရိုက်ခတ်လျက် စိတ်ချမ်းသာနေရရုံမှအပ အခြား ဘာခံစား ချက်မှ ရှိမနေခဲ့ချေ။ အခု တော့…

'ကျွန်တော့် စေတနာမှန် ရင် အဘွား အမြန်ရောက်လာ ပါစေ'

အဘွားကို မျှော်နေရင်း မှပင် မိုးက တဖြောက်ဖြောက် နှင့် ကျလာခဲ့ပါသည်။ သည် ရက်ပိုင်း မိုးက မကြာခဏ ဆိုသလို ရွာ၏။ ဘုရားရေ မိုးရွာရင် အဘွား ဘယ်လာ ပါတော့မလဲ။ ကျွန်တော့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွား သည်။ ဟုတ်သည်၊ မိုးရွာ လျှင် သည်နေရာကို အဘွား မလာတတ်ဘူးဆိုတာ ကျွန် တော် သတိရလေပြီ။ လွန်ခဲ့ သည့် နှစ်ရက် မိုးရွာသည့် နေ့က ကျွန်တော် စာအုပ် ပြီးအပြန် ထီးတစ်ချောင်း သည်နေရာကို အဘွား ရှိ မလားဟူသည့် စိတ်ဖြင့် ကြည့်ခဲ့မိသေးသည် မဟုတ် လား။ မိုးက တဖြည်းဖြည်း နှင့် သည်းလာချေပြီ။ ကျွန် တော် အသင့်ယူလာသည့် ထီးလေးကိုဖွင့်ကာ ဆော လိုက်၏။ ကျွန်တော့် ကိုယ်လေးကို သာ ထီး



www.burmeseclassic.com

www.burmeseclassic.com

အကာကွယ်ကြောင့် စိုးစဉ်းမျှ မထိခိုက် မပေကျံပေမဲ့ ကျွန်တော့်ရင်ထဲက အဘွားအတွက် မျှော်လင့်ချက်လေးကတော့ မိုးရေစက်များနှင့်အတူ လိမ့်ကျ ပြိုဆင်းသွားရတော့မည်ဆိုတာ သေချာသလောက် ရှိပါသည်။

'ဒီလို မိုးသည်းသည်းမှာ အဘွား လုံလုံခြုံခြုံနဲ့ နွေးနွေးထွေးထွေးရော ရှိပါ့မလား'

ကျွန်တော် သက်ပြင်းမှုတ်ချမိပါသည်။ အငှားဆိုင်ဘက်ကို လှည့်ကြည့်မိတော့ ဆိုင်ရှင်အန်တီက မိုးသည်းသည်းအောက်မှာ ထီးတစ်ချောင်းနှင့် ပျာပျာသလဲ ဆိုင်ပိတ်နေတာကို တွေ့ရလေ၏။

'ကိုးနာရီတောင် ထိုးပြီပဲ၊ သေချာပါတယ် အဘွားမလာတော့ပါဘူး'

စိတ်မကောင်းခြင်းနှင့်အတူ ကျွန်တော် ပြန်ရန် ထ,ရပ်လိုက်ပါသည်။ ထမင်းကြော်ဘူးကလေးကိုတော့ ပြန်ယူခဲ့ရန် စိတ်ကူးမရှိတော့ပါ။ ကျွန်တော် ထိုနေရာမှ ထွက်ခွာလာပြီး ရှေ့ခြေလှမ်းအနည်းငယ်လောက် အရောက်တွင် ထိုနေရာသို့ လည်ပြန်လှည့်ကြည့်လိုက်မိပါသည်။ ဗာဒံပင်အောက်ရှိ လူတစ်ယောက်စာ ကောင်းကောင်းအိပ်၍ရသည့် ခုံတန်းလျားလေးပေါ်တွင် အဘွားအတွက် ယူလာခဲ့သည့် ထမင်းကြော်ဘူးလေးသည် တဖွဲဖွဲရွာချနေသော မိုးရေစက်များအောက်တွင် အထီးကျန် အေးစက်စွာကျန်နေခဲ့ရပြီဖြစ်သည်။ မနက်ဖြန်ဆိုလျှင် ခွင့်နှင့် ရွာပြန်ရဦးမည်ဖြစ်သဖြင့် အဘွားကို ကျွန်တော် တစ်ပတ်လောက် မြင်တွေ့ရလိမ့်မည် မဟုတ်ပါ။ အပြန်လမ်းတစ်လျှောက်တွင် အထုပ်လေးတစ်ထုပ်ကို ဘေးမှာချကာ နွေးထွေးသည့် မျက်ဝန်းတစ်စုံကို ဝေ့မွှတ်တောင့်တနေလျက်ရှိနေပုံရသည့် အဘွား၏ နွမ်းဖပ်ဖပ်၊ ညှိုမှိုင်းမှိုင်း မျက်ဝန်းတစ်စုံက ကျွန်တော့်ရင်ထဲတွင် ကပ်ငြိလိုက်ပါလာလျက် ကျွန်တော်သည် အဘွားအတွက်…

'အဘွား လုံခြုံနွေးထွေးတဲ့ နေရာမှာ ရှိနေပါစေ'

ဟူ၍ ဆုတောင်းလိုက်မိပါသည်။

❑

၂။

မိုးက တဖွဲဖွဲသည်းလျက်ရှိသည်။ မိုးရေစက်များက ဗာဒံရွက်များကြားမှ အောက်သို့ အလုအယက် ခုန်ဆင်းလာကြ၏။ ဗာဒံရွက်များကြားမှ ခုန်ဆင်းလာကြသည့် မိုးရေစက်များကို အဘွားပေါ် ကျရောက်မလာစေရန် ကျွန်တော်က ထီးလေးဖြင့် အုပ်မိုးကာ ကာကွယ်ပေးထားရသည်။ အဘွားနှင့်အတူ ထီးတစ်ချောင်းအောက်မှာ အတူရှိနေရပေမဲ့ အဘွားလုံခြုံဖို့အတွက် ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး မိုးရေစွဲသွားချင်လည်း စွဲသွားပါစေတော့။ အေးစက်စက် အထိအတွေ့နှင့်အတူ ကျွန်တော့်ခန္ဓာကိုယ်တစ်ခြမ်း မိုးရေစွဲနေတာကို ကျွန်တော် ဂရုမစိုက်နိုင်။

'အဘွား ဘဝကလေ'

အဘွားအသံက အေးစက်နေသည့် မိုးရေစက်တွေအလား တုန်ခါနေသယောင်၊ ရှေ့သို့ ငေးစိုက်ကြည့်နေသည့်အဘွား၏ မျက်ဝန်းတွေထဲ စိုစွတ်နေမှုက အထင်းသား၊ ဒါဟာ မိုးရေစက်တွေများလား။ ဟင့်အင်း၊ မဖြစ်နိုင်ဘူး။ အဘွားကို မိုးရေတစ်စက်မှ မထိရအောင် ကျွန်တော် ကာကွယ်ပေးထားတာပဲ။ ဒါဆို၊ အဘွား။ ကျွန်တော့်ရင်ထဲ ရုတ်တရက် ဆို့နင့်သွားကာ မိုးရေစက်များက ကျွန်တော့် မျက်ဝန်းတွေထဲ ခုန်ပေါက်ဝင်ရောက်လာသလို ခံစားလိုက်ရ၏။

'အဘွား မေတ္တာကို သူတို့ နားမလည်ကြဘူး၊ မခံစားတတ်ကြဘူး။ အဘွားဆီမှာ ရှိရှိသမျှ မေတ္တာတွေနဲ့ ခွန်အားတွေကို ညှစ်ထုတ်ပြီး သူတို့ဘဝလှအောင် ပြုစုပျိုးထောင်ပေးခဲ့တာ အခုတော့၊ အခုတော့'

အဘွား၏ အနည်းငယ် ချိုင့်ဝင်နေသည့် မျက်ဝန်းအိမ်ထဲမှ မျက်ရည်တစ်စက်က တွန့်လိပ်နေသည့် အရေပြားကြားမှတစ်ဆင့် အောက်သို့ လိမ့်လျက် စီးဆင်းကျလာတာကို မြင်ရတော့ ကျွန်တော့်နှလုံးသားကို တစ်စုံတစ်ယောက်က ကိုင်လှုပ်လိုက်သလို တုန်ခါလို့သွား၏။ အဘွားက ညိုညစ်နေသည့် နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ကာ မျက်ဝန်းတွေက မိုးရေစက်များကို ကျော်လွန်၍ တစ်စုံတစ်ရာကို တမ်းတနေသယောင် ရီဝေမှိုင်းညို့လို့နေသည်။

'စိတ်မကောင်းလိုက်တာ အဘွားရယ်၊ တကယ်ဆို အဘွားက သားသမီး၊ မြေးမြစ်တွေနဲ့ ပျော်ပျော်ရွှင်ရွှင် နွေးနွေးထွေးထွေးနေပြီး နေဝင်ဆည်းဆာအချိန်ကို ဖြတ်သန်းရမှာပါ'

အဘွား၏ ညိုမည်းရီတွဲနေသည့် ပါးပြင်များအထက်မှ ဆွေးမြည့်အက်ကွဲနေသည့် မျက်ဝန်းများကို ညင်ညင်သာသာ ကြည့်ရင်း ကျွန်တော့်ရင်ထဲမှ တိုးတိုးလေးဆိုမိတော့ အဘွားက ကျွန်တော့်ရင်ထဲက စကားကို ကြားလိုက်သည့်အလား ကျွန်တော့်မျက်နှာကို လှည့်ကြည့်လို့လာ၏။ ကျွန်တော့်ကို ကြည့်နေသည့် အဘွား၏ မျက်ဝန်းတွေက ခုနကလို အက်ကွဲနေသည့် အရိပ်အယောင်တွေ မရှိတော့ဘဲ နွေးထွေးမှုတွေ အစားထိုး ဝင်ရောက်လာသလို ကျွန်တော့်ရင်ထဲ စိမ့်နေအောင် ကြည်နူးမိသွားရလေ၏။

'နေညို၊ နေညို၊ ဟေ့ကောင် နေညို'

'ဟင်၊ ဟင်'

'ရှစ်နာရီထိုးပြီ။ မင်းစာအုပ်ဆိုင်သွားဖို့ နှိုးခိုင်းထားတာလေ ငါ့ကို'

'ဩော်၊ အေး အေး'

ဗုဒ္ဓေါ။ အဘွားကို အိပ်မက် မက်နေတာပါလား။ သူငယ်ချင်းက ကျွန်တော့်ကို နှိုးပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။ ကျွန်တော် အိပ်ရာမှထ,ကာ ထိုင်ပြီး အိပ်မက်အကြောင်း စဉ်းစားနေမိလိုက်သေး၏။ ပြီးတော့ ရွာကနေသတိတရဖြင့် အဘွားအတွက် ယူလာပေးသည့် ထန်းလျက်ဖြူထုပ်နှင့် လက်ဖက်ထုပ်လေးကိုမြင်၍ အလိုအလျောက် ပြုံးမိသွားရ

www.burmeseclassic.com

www.burmeseclassic.com

သည်။ သည်နေ့ညနေကပင် ကျွန်တော် ရွာကနေ ပြန်ရောက်တာဖြစ်ပြီး ရွာမှာနေခဲ့သည့်တစ်ပတ်အတွင်းမှာလည်း တိုက်ဆိုင်မှုများ ရှိနေခဲ့သဖြင့် အဘွားကို ကျွန်တော် သတိမရဘဲ မနေနိုင်ခဲ့။ ရွာမှာရှိသည့်အဘိုးကလည်း အဘွားနှင့် သက်တူရွယ်တူလောက်ပင်။ အဘိုးက အဖေ၏ အဖေဖြစ်ပေမဲ့ အဖေက သိပ်ပြီးဂရုမစိုက်။ အမေကသာ အဘိုး၏ ဝေယျာဝစ္စအားလုံးကို တာဝန်ယူ ဂရုစိုက်ပေးရသည်။ အမေ့ကိုလည်း အဘိုးကို မပြုံပြင်မိစေဖို့၊ အတတ်နိုင်ဆုံး ဂရုစိုက်ပေးဖို့ ပြန်ခါနီး မှာခဲ့ရသေးသည်။ သည်လို အိုမင်းမစွမ်းသည့် အဘိုးတို့လို အရွယ်တွေကို ပိုပြီး သတိထား ဂရုစိုက်ပေးရမည်ဟု ကျွန်တော် အမြဲလို တွေးမိရပါသည်။ အဘိုးက အဘွားထက်စာလျှင် ကံကောင်းပါသေးသည်။ အဘွားမှာတော့။ ကျွန်တော် အတွေးစကို ဖြတ်ကာ ရေအမြန်ချိုးရသည်။ ပြီးတော့ အဘွားအတွက် ယူလာခဲ့သည့် ထန်းလျက်နှင့် လက်ဖက်ထုပ်လေးကို ဆွဲကာ ထွက်လာခဲ့လိုက်၏။ လမ်းတစ်လျှောက်လုံး မိုးရွာဖို့ အလားအလာမရှိသောကြောင့် ကြည်နူးစိတ်လေးဖြင့် ကျွန်တော့်ခြေလှမ်းတွေ သွက်လို့နေသည်။ မိုးရွာလျှင် အဘွားမလာနိုင်ဘူးမဟုတ်လား။ သို့သော် ကျွန်တော် မျှော်လင့်ထားသလို ဖြစ်မလာခဲ့ချေ။ ဗာဒံပင်အောက်တွင် ထီးထီးလေးရှိနေသည့် ခုံတန်းလျားလေးကိုကြည့်၍ ကျွန်တော် ငိုင်သွားမိသည်။ ရှစ်နာရီတောင် ကျော်နေပြီ။ တကယ်ဆို အဘွား ရှိနေရမှာပေါ့။ အခုတော့ အဘွားက ခုံတန်းလျားလေးပေါ် ရှိမနေခဲ့။

'အဘွားရယ်၊ ကျွန်တော့် စေတနာနဲ့များ မထိုက်ရှာလေသလား'

လက်ထဲတွင် ဆွဲထားသည့် ထန်းလျက်နှင့် လက်ဖက်ထုပ်လေးကို ငုံ့ကြည့်မိရင်း ဝမ်းနည်းမှုက ဆောင့်တက်လို့လာသည်။ ကျွန်တော် ငေးကြည့်နေရာမှ ခုံတန်းလျားလေးဆီသွားကာ အဘွားအတွက် ရည်ရွယ်၍ အထုပ်လေးကို ချထားပေးလိုက်၏။ ပြီးတော့ စာအုပ်ဆိုင်သို့သွားကာ ကျွန်တော်နှစ်သက်သည့် စာအုပ်ကိုငှားရန် ရွေးနေလိုက်မိသည်။

'အဘွားကြီး ဆုံးသွားပြီနော် အစ်မ'

'ဆုံးသွားတော့ ဝဋ်ကျွတ်သွားတာပေါ့အေ'

'ဆုံးသွားတာတောင် မိုးရေထဲမှာနော်၊ စိတ်မကောင်းစရာကြီး'

ဘုရားရေ။ စာအုပ်ရွေးနေရင်းကနေ နောက်ကျောဘက်မှ ထွက်ပေါ်လာသည့် စကားသံများကြောင့် ကျွန်တော့်ရင်ထဲ ဟာခနဲဖြစ်သွားကာလန့်သွားမိသည်။ အဘွား မဖြစ်ပါစေနဲ့ဟုလည်း ဆုတောင်းမိလေ၏။ ထို့နောက် ဆက်ပြောလာမည့် စကားသံတွေကို ရင်တထိတ်ထိတ်နှင့် နားစွင့်နေမိသည်။

'အေးလေ၊ ခုံတန်းလျားလေးပေါ်မှာ ကွေးကွေးလေး သေနေတာတဲ့။ မိုးမိပြီး အအေးပတ်သွားတာနေမှာ။ အဲဒီညက မိုးတွေ အသားကုန် သည်းတာလေ'

အဘွားဆုံးပြီတဲ့လား။ ကျွန်တော့်လက်ထဲတွင် ကိုင်ထားသည့် ဘာစာအုပ်မှန်းမသိတော့သည့် စာအုပ်ကိုယူပြီး ဆိုင်ရှင်အန်တီရှေ့ ချပေးလိုက်၏။ ကျွန်တော့်ရင်ထဲတွင် အဘွားအတွက် စိတ်မကောင်းခြင်းတွေကသာ ကြီးစိုးထားသဖြင့် စာအုပ်အပေါ် အာရုံက ရှိမနေတော့။ စာအုပ်ယူပြီး ထွက်လာစဉ် ကျွန်တော့်နောက်မှ ထွက်ပေါ်လာသည့် စကားတစ်ခွန်းကြောင့် ကျွန်တော့်ရင်ထဲ ဝုန်းခနဲ တုန်ခါသွားကာ မျက်ဝန်းတွေ ဆွံ့အ,သွားလျက် ခြေထောက်တွေကို ဖြတ်ရိုက်ချလိုက်သည့်နှယ် ခံစားလိုက်ရလေတော့သည်။

'ထူးတော့ ထူးဆန်းတယ်ဟဲ့ သိလား။ အစတုန်းက မိုးရွာရင် အဲဒီဗာဒံပင်အောက်က ခုံတန်းလျားပေါ်ကို အဘွားကြီးလာပြီး မအိပ်တတ်ဘူး။ မှတ်မှတ်ရရ လွန်ခဲ့တဲ့ ငါးရက်လောက်က မိုးတွေရွာနေတုန်း အဘွားကြီး သုတ်သုတ်သုတ်သုတ်နဲ့ ဆိုင်ရှေ့ကဖြတ်ပြီး အဲဒီဘက်ကို သွားတာတွေ့တယ်။ ဆိုင်သိမ်းပြီး အဲဒီရှေ့ကနေ ဖြတ်သွားတော့ အဘွားကြီး တစ်ခုခုကို အငမ်းမရ စားနေတာ တွေ့ရတာပဲ။ အဲဒီနေ့ကစပြီး သတိထားမိတယ်။ အဘွားကြီးက မိုးရွာလည်း အဲဒီဗာဒံပင်အောက်က ခုံတန်းလျားပေါ် လာလာနေပြီး အိပ်တော့တာ အခု သေသွားတဲ့အထိ'

ကျွန်တော် ဘယ်လိုခြေလှမ်းတွေနှင့် လျှောက်လာပြီး ဗာဒံပင်အောက်က ခုံတန်းလျား[illegible] လေးအနားရောက်လာခဲ့သည် မသိတော့။ ခုံတန်းလျားလေးပေါ်တွင် ထီးထီးလေးရှိနေ[illegible] သည့် အဘွားအတွက် ယူလာခဲ့သည့် ထန်းလျက်နှင့် လက်ဖက်ထုပ်လေးကို ငေးကြည့်နေမိသည်။

'ကျွန်တော် မှားသွားပြီလား အဘွားရယ်။ အဘွားကို အခုလိုဖြစ်အောင် မျှော်လင့်ချက်တွေ ပေးခဲ့သလိုများ ဖြစ်သွားပြီလား'

စာအုပ်ဆိုင်ကိုလာရင်း အဘွားနှင့်အတူ အကြည့်ချင်း ဆုံခဲ့သည့် အဘွား၏ တစ်[illegible] တစ်ရာ ငံ့လင့်တောင့်တ[illegible] သည့် မျက်ဝန်းတစ်စုံကို မြင်ယောင်မိကာ ကျွန်တော် မျက်ရည်ကျမိသည်။

'ကောင်းရာသုဂတိ[illegible] လားပါစေ အဘွားရယ်။ ဘဝဆက်တိုင်း ဒီလိုအဖြစ်[illegible] မျိုးနဲ့ အဘွား မကြုံရပါစေနဲ့'

အဘွားအတွက် [illegible] တောင်းကာ ကျွန်တော် ထွက်[illegible] လာခဲ့လိုက်၏။ ရင်ထဲတွင် အဘွားအပေါ် ထားခဲ့သည့် စေတနာအတွက် ယူကျုံး[illegible] ဖြစ်နေမိသလို ခံစားနေရ[illegible] နာကျင်လျက်ရှိသည်။ စာအုပ် လေးကို ကိုင်လျက် ခေါင်း ငိုက်စိုက်ချကာ လျှောက်လှမ်း နေသည့် ကျွန်တော့် ခြေလှမ်း တွေ ထုံထုံကျဉ်ကျဉ်နှင့်[illegible] သည်တစ်ခါတော့ ကျွန်တော် ထားခဲ့သည့် ထန်းလျက်နှင့် လက်ဖက်ထုပ်လေးကို အဘွား စားခွင့်ရှိတော့မည် မဟုတ် ဘူးဆိုတာ သေချာသွား[illegible] ဖြစ်ပါသည်။

ညီပြုံး[illegible]



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

ဟံသာဝတီဘုရင် ရာဇာဓိရာဇ်မှာ အထင်ရှားအကျော်ကြားဆုံး
ဆင်တော်က 'ဗကာမတ်'ပါ။ ဆင်ဖြူတော်လို့လည်း ရေးသုံးထားပါတယ်
ဆင်ဗကာမတ်ကို ယှဉ်ပြီး ဖော့ဝံ့တဲ့ဆင် ဟံသာဝတီမှာ မရှိလို့
ရာဇာဓိရာဇ် အတီအလင်း ဆိုပါတယ်။ အင်းဝဘက်က ယှဉ်ပြီး ဖော့ဝံ့တဲ့
ဆင်က 'ဆင်တော် ချေစ်ခိုင်'ပါ။ ဒီဆင်ကြီးက တစ်ရက်ကို အရက်နှစ်အင်
သောက်တယ်လို့ ဆိုပါတယ်။ မင်းသား မင်းရဲကျော်စွာရဲ့ စီးတော်ဆင်ပါ
ဗကာမတ်က သုရှင်ရဲ့ စီးတော်ဆင်ပါ



www.burmeseclassic.com



# ကျော်မိုးမြင့်
# စွယ်စုံမှုန်သောက်တဲ့ ဆင်တော်
# အသိဏ္ဍာရာဇ်

ရှေးခေတ် စစ်ဘုရင်တွေဟာ ဆင်ကောင်း၊
မြင်းကောင်းကို တန်ဖိုးထားကြတယ်။ စုံရေမက်ရေလည်း
ရှိကြပေတယ်။ ဆင်အလုံး၊ မြင်းအရင်းကြီးတဲ့
ဘုရင်က စစ်အောင်နိုင်ကြတာကိုး။ ပင်းယခေတ်မှာ
တစီးရှင် သီဟသူရဲ့ သားတော်ကြီး ဥဇနာမင်းဟာ
ညီတော် ပင်လယ်စားကျော်စွာ ဆင်ဖြူ ငါးစီးရတယ်
ဆိုတဲ့ သတင်းကို စုံစမ်းသိရှိလို့
'ငါ့ညီ ဆင်ဖြူငါးစီးရလေသော် ငါ့စည်းစိမ်ကိုယူပါတော့၊
ငါမူကား ငါ့ကောင်းမှုစံကားခုနစ်ကျောင်းကို လှူလိုသမျှ
လှူ၍နေတော့မည်' ဆိုပြီး ထီးနန်းစွန့် သွားခဲ့ဖူးတဲ့
သာဓကတစ်ခု ရာဇဝင်မှာ အထင်အရှား ရှိခဲ့ဖူးပေရဲ့။

❑

www.burmeseclassic.com

ဟံသာဝတီဘုရင် ရာဇာဓိရာဇ် နန်းသက်ရှည်တာဟာ သူ့ရဲ့ကောင်းတို့ကို ချစ်မြတ်နိုး ချီးမြှောက်တော်မူလို့ရယ်လို့ ပညာရှင်တို့ ဆိုကြပေတယ်။ မှန်ရဲ့။ ကျွန်တော်ကတော့ 'ရာဇာဓိရာဇ် စစ်ပွဲအောင်နိုင်တာဟာ ဆင်ကောင်းတွေရှိလို့' ရယ်လို့ ဖြည့်စွက်ပြောချင်ပါတယ်။

အမြောက်တွေ၊ မော်တော်ကားတွေ မပေါ်မီက တိုက်ဆင်ကြီးတွေဟာ အမြောက်တင့်ကားကြီးတွေလို စစ်မြေပြင်မှာ အရေးပါအရာရောက်တဲ့ လက်နက်ကြီးတွေပါ။ ဆင်းအလုံး၊ မြင်းအရင်း စစ်အင်အားကွာဟရင် စစ်အင်္ဂါသေးတဲ့ စစ်သူကြီးက နောက်ဆုတ်ရမြဲ၊ ရှောင်ရမြဲပါ။ ဆင်ချင်းတွေ့ကြည့်ရင်လည်း ဆင်ချင်းမတန်ရင် အားပျော့တဲ့ဆင်၊ အစွယ်တိုတဲ့ဆင်က မျက်နှာသုန်ပြီး ထွက်ပြေးမြဲပါ။ မပြေးရင်လည်း အလဲအကွဲ အသေထိုးတာခံရမြဲပါ။

မဟာရာဇဝင်ကြီးကို ပြန်ဖတ်တိုင်း၊ သုဿောဓိတရာဇဝင်ကို အကိုးအထောက်ပြုတိုင်း၊ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကို ပြန်လှန်သုံးသပ်တိုင်း တိုက်ဆင်တွေအရေးပါပုံက မျက်စိထဲမှာ အကွင်းအကွင်း ထင်းထင်းကြီးပေါ်လာတတ်ပါတယ်။

❑

ဟံသာဝတီဘုရင် ဗညားဦး အနာတော်သည်းလို့ အိပ်ရာထဲလဲနေစဉ်ခိုက်မှာ သမက်တော် သမိန်မရူးဟာ ဘုရင့်အစ်မ အရီးတော်ကြီး မဟာဒေဝီနဲ့ ဖောက်ပြားပြီး သမက်တော်ကို ထီးနန်းပေးမယ့်အရေး မြင်လို့၊ ယောက်ဖတော် မရူးရဲ့ ရန်ကို ကြောက်လို့ မင်းသား ဗညားနွဲ့ ဒဂုန်ကို ထွက်ပြေး၊ လူသူစုဆောင်းရပါတယ်။

မင်းသား ဗညားနွဲ့ ပဲခူးမှာ မထင်မရှား သားတော်တစ်ပါးအနေနဲ့ နေရစဉ်မှာ မျက်စိကျနေတဲ့ ဆင်က ယောက်ဖတော်စီးတဲ့ 'အသဥ္စန်းဒရောင်ဆင်' ကိုပါ။ ပဲခူးကနေ ဒဂုန်ကို ခွာသောအခါမှာ 'အစရောင်ဆင်' ကို စီးပြီး ပြေးပါတယ်။ ဒဂုန်မှာ ဆင်၊ မြင်း၊ လက်နက်၊ လူသူ စုဆောင်းခိုက်မှာလည်း ဗညားနွဲ့ဟာ ဆင်တွေကို အမြဲဂရုပြုနေသူပါ။ 'ငါ့ဆင်တွေ ဖွေ့မည်လော' လို့ မေးလေ့ရှိပါတယ်။ ဆင်ကဲက 'ခြောက်တောင်ဆင် မုန်နှင့်ဆိုသော်လည်း အရှင့်ဆင်တွေ ဖွေ့နိုင်ပါသည်' လို့ ဖြေတော့ ဝမ်းမြောက်အားရတော်မူပါသတဲ့။

အခါတော်ရလို့ ပဲခူးကို ချီဖို့ ယောက်ဖတော် မရူးနဲ့ တိုက်ဖို့ စထွက်တဲ့အခါမှာတော့ 'အဇဝါဆင်' ကို စီးပါတယ်။ မင်းသား ဗညားနွဲ့က ဘုရင်ရာဇာဓိရာဇ်ဖြစ်သည့်တိုင်အောင် ဗေဒင်၊ ယာယီ၊ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်းတွေကို လက်ခံယုံကြည်တော်မူပါတယ်။ ဗေဒင်ကိန်းခန်းတွက်ချက်ပြီး ဆင်အမည်ကို ရွေးချယ်ပြီး မင်းဆရာတို့ စီစဉ်ပေးတဲ့ ဆင်ကိုသာ စီးလေ့ရှိပါတယ်။

စစ်ထွက်ရမယ့်အချိန်မှာ မင်းသားရဲ့ ဆင်ဦးထိပ်မှာ ကြက်တစ်ကောင်လာနားလို့ မင်းသား တပ်မထွက်၊ ရပ်တန့်ပြီးနေပါတယ်။ 'အရှင့် နိမိတ်ကားကောင်းလှသည်။ ဘုရားစေတီကို ထီးတော်တင်သည့်အခါ ကျီးခြေမရှိလျှင် ထီးမတင်ရ။ ယခု ဘုန်းကြီးသည့် အရှင်မင်းသားသည် ထီးနန်းကိုလို၍ တိုက်တော်မူသည်။ ဆင်ထိပ်၌ ကြက်နင်း၍ ကြက်ခြေမြင်ရပြီ။ ကြက်ခြေနှင့် ကျီးခြေ အတူတူ။ ထီးဖြူဆောင်းရမည် မချွတ်' လို့ လျှောက်တင်မှ တပ်ထွက်ပါတယ်။

အင်းဗစားမှာ တပ်ချပြီး ခေါင်းဆေးမင်္ဂလာပြုကြပါတယ်။ ဆင်မြင်းများကိုပါ ခေါင်းဆေးပြီး ပရိတ်ရေတို့ ပက်ဖျန်းဆေးကြောရတယ်လို့ ဆိုပါတယ်။ ပဲခူးကိုဝင်တဲ့အခါမှာတော့ ဗညားနွဲ့ 'အဇမ္ဗူဆင်' ကို ပြောင်းပြီး စီးပြန်ပါတယ်။ ဗညားနွဲ့ ဟံသာဝတီ ထီးနန်းကို ရာဇာဓိရာဇ်ဘွဲ့အမည်နဲ့ တက်ပါတယ်။ ဒီပွဲကို မြောင်းမြမြို့စားလောက်ဖျား မတက်ပါဘူး။ မရှိမသေ မခန့်တရန့်ပြုလို့ ရာဇာဓိရာဇ် မြောင်းမြကို ချီရပါတယ်။ မြောင်းမြမြို့စားလောက်ဖျားရဲ့သားတစ်ဦးဖြစ်တဲ့ ကျွန်ယုံ ဗျည်းနွဲ့နဲ့ ဆင်စီးချင်းတွေ့ရာမှာတော့ သုရှင် 'ဆင်တော် ငရက်နွဲ့' ကို စီးပြီး တိုက်ပါတယ်။ ဆင်ချင်းမတန်လို့ မင်းသားရဲ့ ဆင်တော် ငရက်နွဲ့ တွန်းတွေ့လို့ ဗျည်းနွဲ့ရဲ့ ဆင် ငရက်နွဲ့ လဲပြီး သေပါတယ်။ ပဲခူးက ဆင်နဲ့ မြောင်းမြက ဆင် နာမည်တူနေပြန်ပါတယ်။

❑

ဟံသာဝတီဘုရင် ရာဇာဓိရာဇ်မှာ အထင်ရှားအကျော်ကြားဆုံးဆင်တော်က 'ဗကမတ်' ပါ။ ဆင်ဖြူတော်လို့လည်း ရေးသုံးထားပါတယ်။ ဆင်ဗကမတ်ကို ယှဉ်ပြီး ဖွေ့ဝံ့တဲ့ဆင် ဟံသာဝတီမှာ မရှိလို့ ရာဇာဓိရာဇ် အတိအလင်း ဆိုပါတယ်။ အင်းဝဘက်က ယှဉ်ပြီး ဖွေ့ဝံ့တဲ့ဆင်က 'ဆင်တော် ငချစ်ခိုင်' ပါ။ ဒီဆင်ကြီးက တစ်ရက်ကို အရက်နှစ်အင်သောက်တယ်လို့ ဆိုပါတယ်။ မင်းသားမင်းရဲကျော်စွာရဲ့ စီးတော်ဆင်ပါ။ ဗကမတ်က သုရှင်ရဲ့ စီးတော်ဆင်ပါ။ သို့သော်မဲ့ သုရှင်ရဲ့ သမက်တော် သမိန်ဗရမ်း အမြဲစီးလေ့ရှိပါတယ်။ သူ့ရဲ့ကောင်း သမိန်ဗရမ်း ဗကမတ်ဆင် စီးပြီးတိုက်ရင် အင်းဝဘက် မခံနိုင်ဘူးလို့ မဟာရာဇဝင်ကြီးက ဆိုပါတယ်။

ရာဇာဓိရာဇ်က အကောက်ကြံပြီး အင်းဝစစ်ကို အနိုင်ယူဖို့ သောင်လွှဲသဲပြင်ပေါ် သစ္စာဆိုကြပြီး စစ်ပြေငြိမ်းယောင်ပြုကာ အပြီးတိုင် သတ်ဖြတ်ဖို့ ဓားတွေဝှက်ထားတာ လဂွန်းအိမ်ရဲ့ စကားကြောင့် အင်းဝတပ်မှူးတွေ ပြန်ဆုတ်သွားလို့ အရေးပျက်ပါတော့တယ်။ ရာဇာဓိရာဇ် ဒေါသဖြစ်လွန်းလို့ အဲ့ဒွန်ဒယာလက်အပ်ပြီး လဂွန်းအိမ်ကို အသတ်ခိုင်းပါတယ်။ ဗိုလ်မင်းဖြတ်မှဲ့ အမတ်တိန်တို့ ဖျောင်းဖျပြီး အသက်ကို လွတ်အောင်ကြံဆကြရပြန်ပါတယ်။ လဂွန်းအိမ်က အင်းဝဘုရင် မင်းခေါင် အပေါ့အလျော့ တပ်လှည့်နေစဉ် ဆင်ချင်းတွေ့ပြီး တိုက်မယ်။ မင်းခေါင်ကို ခုတ်မယ်လို့ ဆိုပါတယ်။ 'ဗကမတ်ဆင်ကို ကျွန်ုပ်စီး၍ တိုက်လျှင် မုချနိုင်မည်' လို့ လျှောက်လို့ ရာဇာဓိရာဇ်က



www.burmeseclassic.com

www.burmeseclassic.com

လည်း 'သည်စွယ်စုံ မုန်သောက်သည့် ဆင်တော် အသိဏ္ဍာရာဇ်ကို မင်းစီးချေတော့'လို့ ခွင့်ပြုပါပေတယ်။ လဝွန်းအိန် နားရွက်ကိုဆွဲ လည်ကုပ်ထက်ကို လျင်မြန်စွာခုန်တက်တယ်။ ဗကမတ် မုန်ပြင်းလို့ ခါချတယ်။ လဝွန်းအိန် လက်ပြင်းလွန်း၊ လက်ကြမ်းလွန်းတာ ဗကမတ် သိလို့ ငြိမ်ရတယ်လို့ ဆိုပါတယ်။

ဒီပွဲမှာ လဝွန်းအိန်ရဲ့ လက်ရည်ကို မမြည်းစမ်းလိုက်ရပါဘူး။ ကုန်းလယ်မှာ ပါလာတဲ့ မင်းသိဒ္ဓတ်က သူ့နောင်တော်ရင်း မင်းခေါင်ကို အော်ဟစ်ပြီး အသိပေးလိုက်လို့ မင်းခေါင် ခွာသွားလို့ပါ။ မင်းသိဒ္ဓတ်ကိုတော့ ရာဇာဓိရာဇ် ကွပ်တော်မူပါတယ်။

❑

'သတိကို တမံ၊ ဉာဏ်ကို မြေကတုတ်၊ ပညာစွန်း ချွန်းကဲ့သို့အုပ်' ဆိုစကားရှိပေသား။ လဝွန်းအိန်ကို မင်းရဲကျော်စွာ အကောက်ကြံလို့ လှေထက်မှာ ဝိုင်းအုံထိုးခုတ် သတ်ပစ်ကြတဲ့အခါ သူ့ရဲကောင်း သမိန်ဗရမ်း ဒေါသကို မချုပ်တည်းနိုင်အောင် ပေါက်ကွဲလေတော့တယ်။ ဆင်တော် ဗကမတ်ကို စီးကာ အင်းဝတပ်အနီးသို့ လာရောက်ဆဲဆို မာန်မဲရိုင်းပျစွာ ပုတ်ခတ်ပြောဆိုလေတယ်။

*'ဟယ်… အင်းဝသားတွေ မင်းတို့ ကောက်ကျစ်စဉ်းလဲသည်။ ပလီသည်။ မင်းတို့ နည်းနည်းမျှ သစ္စာမရှိ။ မင်းတို့အစွမ်းသတ္တိကောင်းလျှင် ထွက်ခဲ့ကြ။ တစ်ဦးချင်း ငါနှင့် ဆင်စီးချင်းတိုက်မည်။ သည်တော့မှ တစ်ဦးအစွမ်းကို တစ်ဦး သိမြင်ရမည်။ မင်းတို့ အရှက်တရားမရှိကြ။ ဗိုလ်ပါအများနှင့်မှ အစွမ်းကောင်းကြသည်။ တစ်ဦးချင်း မတိုက်ဝံ့ကြ'*

ယင်းသို့ သမိန်ဗရမ်း ဆဲသည်တွင် မင်းရဲကျော်စွာက *'မင်းတို့ထွက်ပြီး သမိန်ဗရမ်းကို အရဖမ်းကြ'* ဟု မိန့်၍ အင်းဝဘက်မှ ဆင်စီးသူရဲများ ထွက်တိုက်ကြတယ်လို့ ဆိုပါတယ်။ သမိန်ဗရမ်းလည်း ဆင်ဖြူတော် ဆဒ္ဒန် ကို စီးလျက် ခံတိုက်တာ အင်းဝဘက် က ဆင်တွေ များစွာလဲကုန်တယ်လို့ ဆိုပါတယ်။ အင်းဝဘက်က ဆင်တွေ အထပ်ထပ်ထွက်လာလို့ ကြာလျှင် ခံနိုင်မည်မဟုတ်ဆိုပြီး သမိန်ဗရမ်း ချွန်းငင်ထွက်ပြေးရပါတယ်။

ဗိုလ်မင်းဖြတ်ဇနဲ့ လဝွန်းအိန် မရှိတဲ့နောက် အင်းဝသားတို့ အတင့်ရဲကုန်ပြီး သူ့အသားစားမည်ကဲ့သို့ မကြောက်မရွံ့ ထိုးခုတ်ကုန်ပါတယ်။ မိုးအောက်မြေပြင်မှာ သူ့ကိုဘက်ပြိုင်ဝံ့သူ မရှိလို့ ကြိုးဝါးသံပထားတဲ့ သမိန်ဗရမ်းကလည်း လဝွန်းအိန်ကို အကောက်ကြံထားတဲ့ အင်းဝသားတို့အပေါ် မပြေနိုင်တဲ့ ဒေါသနဲ့ ဆင်တော် ဗကမတ်ကို ချွန်းဖွင့်ပြီး မဆင်မချင် တိုက်ပါတော့တယ်။ အင်းဝဘက်က ဆုတ်ပြေးတဲ့ ဆင်တွေကိုလိုက်အတိုက်မှာ သမိန်ဗရမ်းဟာ ဆင်တော် ဗကမတ်နဲ့တကွ ဆင်တွင်းမြင်းတွင်း ကျပါတော့တယ်။

သမိန်ဗရမ်းကို အင်းဝအကျဉ်းထောင်ပို့ပြီး ဆင်ဗကမတ်ကိုတော့ ရွှေတန်း စစ်မြေပြင် အင်းဝစစ်စခန်းမှာ ဖမ်းဆီးထားပါတယ်။

❑

ရာဇာဓိရာဇ်ရဲ့ ဟူးရားတွေ၊ မင်းဆရာတွေက အခါကောင်းကို ရပြီ။ မနက်ဖြန် မင်းသား မင်းရဲကျော်စွာကို ရမည်လို့ တညီတညွတ်တည်း တွက်ချက် ထွက်ဆိုကြပါတယ်။ ဒီပွဲမှာ ရာဇာဓိရာဇ် စီးရမယ့် ဆင်က 'ရံ'လို့ အမည်ရတဲ့ ဆင်တော်'သီဟနာရာယန'ပါ။ စစ်ထိုးတဲ့နေရာမှာ လွန်စွာလျင်မြန်ပေါ့ပါးတယ်။ စိတ်တိုင်းကျအောင် စစ်ထိုးတတ်တယ်။ စစ်ဗျူဟာကို ကောင်းစွာ နားလည်တယ်လို့ ဆိုပါတယ်။ အင်းဝသားတို့ဘက်က ဗကမတ် စီးပြီးတိုက်ရင် ဟံသာဝတီဘက်မှာ ဗကမတ်ဆင်ကို ယှဉ်ပြီး ဖွေ့ဝံ့တဲ့ ဆင်မရှိလို့ ဗကမတ်စီးတဲ့ ဆင်ဦးစီး ငပျံကို ဆင်ဗကမတ်ရဲ့ ဖိနပ်အား မယ်နနှက်စေတယ်လို့ ဆိုပါတယ်။ ဒီနေရာမှာ တွေးစဉ်းစား ချင့်ချိန်စရာ ရှိလာပါပြီ။

ဆင်ဦးစီး ငပျံနဲ့ နောက်လိုက်သုံးဦး ညဥ့်အချိန်မှာ အင်းဝစစ်စခန်းကို တိတ်တဆိတ် ဖောက်ပြီးဝင်ပါတယ်။ ညမှောင်မှောင်မည်းမည်းကြီးထဲမှာ ရန်သူ့စစ်စခန်းက များစွာသော တိုက်ဆင်တွေထဲမှာ ဆင်ဗကမတ်ကို ရွေးချယ်နိုင်တာ၊ ချဉ်းကပ်ဝံ့တာကိုက အံ့သြစရာကြီးပါ။ ငပျံက ဆင်ဗကမတ်ရဲ့ နှာမောင်းကိုဖက်ပြီး မယ်န(သံချွန်)နဲ့ထိုးပြီး စကားဆိုပါသတဲ့။

*'ငါတို့ အရှင်သခင်က မနက်ဖြန် မင်း စစ်မထွက်နိုင်အောင် ဖိနပ်ကို ဒီမယ်နတွေ အနှက်ခိုင်းတယ်။ မင်းဖိနပ်ကိုသာ မယ်နနှက်မိရင် မနက်ဖြန် ဟံသာဝတီဆင်တွေ ထိုးလို့ မင်း သေရတော့မယ်။ ငါ သည်သို့ မလုပ်ရက်ပြီ။ မနက်ဖြန် စစ်ထွက်လျှင် မင်းကျောပေါ် အတက်မခံပါနှင့်၊ ဇွေ့ပြီး ငါတို့ သခင်ရှိရာဘက်သို့ ပြေးဝင်ခဲ့ပါ။ မင်း သည်လို့မလုပ်လျှင် ငါတို့သခင် ငါ့ကို သတ်မည် မချွတ်'*

ငပျံက နှာမောင်းကိုဖက်ပြီး ပြောတော့ ဗကမတ် ခေါင်းညိတ်တယ်။ ငိုလည်းငိုတယ်လို့ ဆိုပါတယ်။ ဆင်ခေါင်းညိတ်တာဖြင့် သိနိုင်ပေရဲ့။ ညမှောင်မှောင်ကြီးထဲ ဆင်ငိုတာ ပသို့သိနိုင်မလဲ။ ဆင်က အသံထွက်ပြီး ငိုတန်ရာမထင်ပါ။ ဗကမတ်ဆင် လူစကား နားလည်တယ်လို့ ဆိုရမှာပါ။ ဆင်လိမ္မာ ဗကမတ် လို့ ရေးသုံးကြပေရဲ့။ ဒီဆင်လိမ္မာ ဗကမတ်ကြောင့် ရာဇာဓိရာဇ် စစ်အောင်နိုင်ပြီး မင်းသား မင်းရဲကျော်စွာ ဆင်ထက်က ကျပြီး အင်းဝသားတို့ စစ်ရှုံးရတယ်လို့ ရာဇဝင်ဆရာတို့ ဆိုကြပေတယ်။

❑

နောက်တစ်နေ့ စစ်ထွက်တော့ ဗကမတ်ကို မြေဒူးမင်း(မင်းနန္ဒသူ) တက်တယ်။ မြေဒူးမင်း လက်ပြင်းလွန်းလို့ ဗကမတ် ထွက်ရတယ်။ အနည်းငယ်ထွက်ပြီးမှ ကုန်းထက်မှ ခါချပြီး ဆင် ဗကမတ် အင်းဝဆင်တွေကို လိုက်ဇွေ့လို့ ဆင်တပ်၊ မြင်းတပ် ဖျပ်ဖျပ်



www.burmeseclassic.com

www.burmeseclassic.com

လန့်ကုန်ပါတယ်။ အင်း၀ ဆင်စီးသူရဲတို့ စုရုံးပြီး ဆင် ဗကမတ်ကို ဝိုင်းဖမ်းကြ၊ ထိုးခုတ်၊ ပစ်ခတ်ကြလို့ ဆင် နှာကျင် ထိရှဖန်များလို့ သျှိသျှားတောထဲ ဝင် ပြေးရတယ်လို့ ဆိုပါတယ်။

ဒီဆင် နှောင့်ယှက်နေလို့ အင်း၀ စစ်တပ်က ရှေ့ကို ကျုံ့ထွက်သွားတဲ့ မင်းသား မင်းရဲကျော်စွာရဲ့ တပ်ကို အမီ မလိုက်နိုင်လို့ မင်းသား ဆင်ထက်ကကျ ပြီး ပျက်စီးခဲ့ရတာပါ။

ဆင်တော် ဗကမတ် လွတ်ထွက် ပြေးဝင်လာတာမြင်လို့ ချုပ်နှောင်ထားတဲ့ ဆင်ဦးစီး ငပျံကို အနှောင်အဖွဲ့ကလွတ် ပြီး ပြေးကြိုစေရပါတယ်။ ဗကမတ်က သူ့ သခင် ငပျံကို နှာမောင်းနဲ့ ပွေ့ချီယူ ကာ ရာဇာဓိရာဇ်ရှေ့ ဒူးထောက်ခစားပြီး ရာဇာဓိရာဇ်ရဲ့ ခြေကို နှာမောင်းနဲ့ဖက် ကာ ငိုပါသတဲ့။ ရာဇာဓိရာဇ်လည်း ဗကမတ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေကို လက်နဲ့ပွတ်သပ်ပြီး ငိုတော်မူပါသတဲ့။

ရာဇာဓိရာဇ်လည်း အားရတော်မူ လွန်းလို့ ကြံ၊ ငှက်ပျောကျွေးပြီး ဗက မတ်ကို စစ်တောင်းကျေး တကောရွာ (မှန်နန်းနဲ့ တွင်းသင်းကတော့ တကောင်း ရွာလို့ ဆိုပေရဲ့)ကို ပေးတော်မူတယ်။ ဦးစီး ငပျံကိုလည်း နာဂပတ္တိ အမည်နဲ့ ဇလမန်ဆိုတဲ့ ရွာကိုပေးတော်မူပါတယ်။

သတိပြုဖွယ်အချက်က ဆင်တွေ ဟာ သခင်ရဲ့စကားကို နားလည်ကြ တယ်ဆိုတဲ့ အချက်ပါ။ သင်ခန်းစာယူ ဖွယ်အချက်က နှုတ်လက်ချိုသာစွာ ပြော ဆိုခြင်းကို လူတို့သာမက တိရစ္ဆာန်တို့ လည်း လိုလားနှစ်သက်ကြတယ် ဆို တာကိုပါ။ နှုတ်ကောင်းလျှင် ပြည်စိုး၊ နှုတ်ချိုလျှင် သျှိုတစ်ပါးရယ်လို့ စကားပုံ အရှိသား။

■

**ကျော်မိုးမြင့်**

*('တွေး စဉ်းစား ချင့်ချိန်စရာ' အဖြစ် **ရာဇာဓိရာဇ် အရေးတော်ပုံကျမ်း၊ ဦးကုလား မဟာရာဇဝင်ကြီး၊ သုဿောဓိတမဟာရာဇဝင်** တို့ကို ဖတ်ရှုပြီး ရေး ရပါတယ်။)*





စာရေးဆရာမ Rosanna Ley ၏ အဘိုးဖြစ်သူက
အင်္ဂလိပ်ခေတ်၌ မန္တလေးမှာ လာရောက် တာဝန်ထမ်းဆောင်ရင်း
ဖြစ်ပေါ်ခဲ့သည့် အချစ်ဇာတ်လမ်းကို
စာရေးဆရာမက မန္တလေးအထိ လာရောက်၍
နောက်ကြောင်းလိုက်သည့်အကြောင်းကို
အခြေခံတည်ထားသည့်
Return to Mandalay မူရင်းဝတ္ထုကို
ရာပြည့် က မြန်မာပြန်ဆိုပြီး
မန္တလေးသို့အပြန် ဟု အမည်ပေးကာ
ငါတို့စာပေ က
ထုတ်ဝေလိုက်ပါသည်။

NDSP
ငါတို့စာပေ

Yangon Book Plaza,
၅ လွှာ၊ သံဈေး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
E-mail : www.ndspbook.com




www.burmeseclassic.com

www.burmeseclassic.com

**ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း**

အမှတ် ၃၃၁၊ ဖွန်၊ ၂၀၁၇

ဒီလမှာတော့ စာမူတော်တော်များများမှာ အရေးအသား ပိုင်း တိုးတက်လာတာကို တွေ့ရပါတယ်။ အကြောင်းအရာ အားဖြင့်လည်း အရင်ထက် ပိုပြီး မတူကွဲပြားတာတွေကို ဖတ် ခွင့်ရလာပါတယ်။

၁။ ***ကျီးဖျော့ ထရိတ်ဒါးကို ရောက်ခဲ့တယ်***

**ကျီးဖျော့**

ရွှေဆုပေးပွဲတက်ဖူးတဲ့ အတွေ့အကြုံနဲ့တကွ စာရေးဆရာ တွေရဲ့ လက်ရာကို သဘောကျရာကနေ စာရေးဆရာတွေကို ကိုယ်တိုင်တွေ့ဆုံခဲ့တဲ့ အတွေ့အကြုံတွေကို ရေးထားတာ ဖြစ် ပါတယ်။ ဆောင်းပါးဆန်ပြီး ရွှေအသစ်ရဲ့မူနဲ့ မကိုက်ညီပါဘူး။

၂။ ***တောင်းပန်ပါတယ် နနငယ်***

၃။ ***မြင့်မိုရ်လက်သံ***

၄။ ***လူမိုက်ကြီး၏ ဘဝဇာတ်သိမ်း***

၅။ ***ချိန်ခွင်ပေါ်ရောက်နေတဲ့ ဦးနှောက်နဲ့နှလုံးသားတစ်စုံ***

**နေမင်းနွယ်**

စာရေးကောင်းပါတယ်။ ဒါပေမဲ့ စာမူတိုင်းဟာ သတ် မှတ်စာမျက်နှာထက် ကျော်လွန်နေကြောင်း မသိသာအောင် စာရွက်အရှည်နဲ့ ရေးသားထားသလို အပြန်အလှန်စကားပြော တွေကို စာကြောင်းမခြားဘဲ တစ်ဆက်တည်း ရေးထားတဲ့ စာတွေပါ ရှိနေပါတယ်။ စာမူတိုင်းရဲ့ အားနည်းချက်ကတော့ ဝါကျတွေကို ပုဒ်မခွဲဘဲ နေရာလွတ်မကျန်အောင် တစ်ဆက် တည်း ရေးထားတဲ့အတွက် ဖတ်ရအလွန်ခက်တာ ဖြစ်ပါ တယ်။ ဒါ့အပြင် မလိုတဲ့နေရာတွေမှာ ဖောင်းပွအောင် ဖွဲ့နွဲ့ ထားတာတွေလည်း တွေ့ရပါတယ်။ အကြောင်းအရာနဲ့ တင်ပြ ပုံတွေ အများစုကလည်း ရိုးစင်းပါတယ်။ **တောင်းပန်ပါတယ် နနငယ်** ကတော့ ပြန်လည်တည်းဖြတ်ပြင်ဆင်ပြီး ပိုမိုကျစ်လျစ် သွက်လက်သွားအောင် ကြိုးစားကြည့်သင့်ပါတယ်။ **မြင့်မိုရ် လက်သံ** က ထုံးစံအတိုင်း မိခင်မေတ္တာဘွဲ့ဖြစ်ပြီး **လူမိုက်ကြီး ၏ ဘဝဇာတ်သိမ်း** ကလည်း ခေါင်းစဉ်ဖတ်ရုံနဲ့ ဇာတ်လမ်း ကို မှန်းနိုင်တဲ့ ခပ်ရိုးရိုးဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါတယ်။

**ချိန်ခွင်ပေါ်ရောက်နေတဲ့ ဦးနှောက်နဲ့နှလုံးသားတစ်စုံ** ကတော့ အိမ်ထောင်ရေးဇာတ်တစ်ခုဖြစ်ပြီး အဆုံးသတ်မှာ မလိုအပ်ဘဲ ကျေးဇူးပြု၍ စာဖတ်ပရိသတ်ကြီး စဉ်းစားဆုံးဖြတ်ပေးပါဆိုတာ မျိုးထည့်ရေးထားတာကို တွေ့ရပါတယ်။ မြန်မာစာဟာ ပုံနှိပ် တဲ့အခါမှာသာမက လက်ရေးနဲ့ ရေးတဲ့အခါမှာလည်း စကား အလိုက် ပုဒ်ခွဲပြီး နေရာလွတ်ချန်ကာ ရေးရတဲ့စာမျိုးဖြစ်ပါ တယ်။ နောင် စာမူပို့ရင် သတိထား ပြင်ဆင်စေချင်ပါတယ်။

၆။ ***ကောင်းကင်ကို မော့ကြည့်၍ သာယာနေသော လမ်းကလေး***

**မိုးယံဝင့်ထည်**

တိုလွန်းတဲ့ ရိုးစင်းလွန်းတဲ့ စာမူတစ်ပုဒ်သာ ဖြစ်ပါ တယ်။ စာများများ ဖတ်ပါဦး။

၇။ ***အချစ်နှစ်ထပ်ကိန်း***

**သင်းအောင်သန်း**

အဖွင့်ရော နိဂုံးပါ ဝတ္ထုမဆန်တဲ့ အဖွဲ့အနွဲ့ကင်းတဲ့ စာမူ တစ်ပုဒ် ဖြစ်ပါတယ်။

၈။ ***ပွဲတင်သံ***

၉။ ***နှလုံးသားအစာအဟာရများ***

**နေရဒ္ဓ(မြောင်)**

**ပွဲတင်သံ** က ရိုးစင်းလွန်းတဲ့ စာမူတစ်ပုဒ်ဖြစ်ပါတယ်။ စကားပြေကို ချောချောမွေ့မွေ့ ရေးနိုင်ပါတယ်။ **နှလုံးသား အစာအဟာရများ** ကလည်း အပြန်အလှန်စကားပြောကို အားပြုထားတဲ့ ခပ်ရိုးရိုးစာမူသာ ဖြစ်ပါတယ်။ ခေါင်းစဉ်မှာ ***အဟာရ*** စာလုံးပေါင်း မှားနေပါတယ်။

၁၀။ ***'လူ'***

**လူသစ်**

ပြောချင်တာရှိပေမဲ့ အဲဒါကို ဝတ္ထုစာမူတစ်ပုဒ်ဖြစ်အောင် မရေးနိုင်ဘဲ စိတ်ထဲပေါ်ရာ ဟိုဟိုသည်သည် ရေးချထား သလိုဖြစ်နေတဲ့ စာမူပါ။ စကားပြေ၊ စကားပြော အရေးအသား ကလည်း တင်းကျမ်းဖြစ်နေပါတယ်။

၁၁။ ***ရေစက်သည်မှာ***

**မြဒေါင်းနွယ်**

ခေါင်းစဉ်က ရေစက်ဆိုသည်မှာလို့ ဆိုလိုချင်ပုံ ရပါ တယ်။ စကားပြေ၊ စကားပြောရောနေသလို ဝါကျတွေကို ပုဒ်မခွဲဘဲ ရေးထားပြန်ပါတယ်။ အကြောင်းအရာရိုးစင်းသလို အဖွဲ့အနွဲ့မရှိသလောက် နည်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

၁၂။ *ဖိုးလုံး*

**မောင်မြင့်ဝင်း**

ချစ်စဖွယ်အကြောင်းအရာလေးတစ်ခုဖြစ်ပေမဲ့ ဇာတ်ကြောင်းပြောသူနေရာ ပြောင်းပြောင်းပြီး ရေးဖွဲ့ထားသလိုဖြစ်နေတဲ့အတွက် ဖတ်ရတာ အဆင်မပြေပါဘူး။ ကြိုးစားပါဦး။

၁၃။ *ဖျံသန်းခွင့်*

**ဖြိုးဟံသာ**

အရေးအသားသင့်ပါတယ်။ ဇာတ်ကြောင်းပြောသူနေရာကို ပီပြင်အောင် နေရာမချနိုင်တဲ့အတွက် စာဖတ်သူခံစားရာမှာ အဆင်မပြေဖြစ်ရပါတယ်။ ကြိုးစားပါဦး။

၁၄။ *လုပ်စား*

**သက်နိုင်(ဂျီတွေ့ဘ)**

အကြောင်းအရာ ကောင်းပါတယ်။ ဒါပေမဲ့ ဒီလိုကိစ္စမျိုးမှာ ဆောင်းပါးအဖြစ် ပိုပြီးပီပီပြင်ပြင် ပြည့်ပြည့်စုံစုံ အထောက်အကိုးအကားတွေနဲ့ ရေးနိုင်မယ်ဆိုရင် ပိုပြီးထိရောက်မှာ ဖြစ်ပါတယ်။ ဒီစာမူလေးထဲမှာတော့ ဇာတ်ကောင်စရိုက်တွေနဲ့ အကြောင်းအရာကို ဘက်ညီအောင် ပုံမဖော်နိုင်ဘဲ အပြန်အလှန်စကားပြောကိုသာ အားပြုထားတာ ဖြစ်ပါတယ်။ ပြန်လည်ပြင်ဆင်တည်းဖြတ်သင့်ပါတယ်။

၁၅။ *မေတ္တာမိုး*

**ယွန်းမြတ်မွန်းသျှန်(၁)**

မိသားစုအမွေကိစ္စ အခြေခံရေးထားတာဖြစ်ပြီး ရိုးစင်းသလို စကားပြေ၊ စကားပြော ရောထွေးနေပါတယ်။

၁၆။ *ဖြူချင်လျှက် ရေငွေ့ဟပ်လို့ညှိုတဲ့တိမ်*

၁၇။ *အပင်မှားသစ်ရွက်*

**နတ်စောင်း(ကျိုက်ထို)**

**ဖြူချင်လျှက် ရေငွေ့ဟပ်လို့ညှိုတဲ့တိမ်** က ပညာပေးဆန်တဲ့ စာမူတစ်ပုဒ်ဖြစ်ပါတယ်။ **အပင်မှားသစ်ရွက်** ကိုတော့ ဆရာ ဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

ဆရာ ဦးဝင်းငြိမ်းထံ တင်ပြလိုက်တဲ့ နောက်ထပ်စာမူတွေကတော့-

**မိုးကျော်စိုး(မကွေး) ရဲ့ *အနာနဲ့အိုးပေမယ့် ရွာမယ့်မိုးတိုးပါရစေ*၊ ရွှေသူရဇ္ဇ(ထားဝယ်) ရဲ့ *နေရာသစ်မှ ရင်တွင်းဆု*၊ ကိုစက်ဖေ ရဲ့ *လိပ်ပြာတောင်ပံခတ်သံများ*၊ စောငယ်ငယ်(မိုးညှင်း)ရဲ့ *မွေ့ခံထိုက်သင့် မထိုက်သင့်*၊ ဆွန်း(စက်မှုတက္ကသိုလ်) ရဲ့ *ညည်စိမ်း*၊ စာကလေး(မော်ကျွန်း) ရဲ့ *တိုက်ကွဲ*၊ မင်းညှ ရဲ့ *အကြမ်းဖက်ခံလိုက်ရတဲ့မြင့်မိုရ်*၊ လင်းသန့်စင်(ပဲခူး) ရဲ့ *ဂျွန်စီနာ မမ* တို့ ဖြစ်ပါတယ်။**

**မသီတာ၊စမ်းချောင်း၊**

❑

*ဆရာမ မသီတာ(စမ်းချောင်း) ရွေးချယ်ပေးလိုက်တဲ့ ဝတ္ထုတိုများကို ကျွန်တော်ဖတ်ရတဲ့အခါ အရွေးရတော်တော်ခက်ပါတယ်။ အားလုံး သူ့နည်းသူ့ဟန်နဲ့ ကောင်းနေကြပါတယ်။ အားလုံးကို ဖော်ပြပေးချင်ပေမဲ့ စာမျက်နှာနေရာအခက် အခဲရှိတာကြောင့် ထပ်တလဲလဲ ပြန်ဖတ်ပြီး ရွေးချယ်ပေးလိုက်ပါတယ်။*

*မရွေးဖြစ်တဲ့ စာမူများထဲမှာ ဆရာ လင်းသန့်စင်(ပဲခူး) ရဲ့ 'ဂျွန်စီနာမမ'က ဆေးရုံအတွေ့အကြုံများကို ရှားရှားပါးပါး ရေးဖွဲ့ထားတာဆိုပေမဲ့ ရိုးစင်းလွန်းပါတယ်။ ဆရာ မိုးကျော်စိုး(ပဲခူး)ရဲ့ 'အနာနဲ့ အိုးပေမယ့် ရွာမယ့်မိုး တိုးပါရစေ'က ကန့်သတ်ထားတဲ့ စာမျက်နှာထက် ကျော်နေပါတယ်။ ရွှေအသစ် ကဏ္ဍမှာ ကွန်ပျူတာစာစီမယ်ဆိုရင် ၁၃ ပွိုင့်နဲ့ A4 စာမျက်နှာ လေးမျက်နှာအထိပဲ ခွင့်ပြုထားပါတယ်။ ဆရာ့ဝတ္ထုက ရှစ်မျက်နှာရှိပါတယ်။ နောက်တစ်ခါရေးမယ်ဆိုရင် သတိပြုစေချင်ပါတယ်။*

*ဆရာ ရွှေသူရဇ္ဇ(ထားဝယ်)က လက်ရေးနဲ့ ရေးပို့တာပါ။ သေသေသပ်သပ်နဲ့ လက်ရေးလည်း ဖတ်လို့ရတဲ့ အနေအထားမို့ ကျေးဇူးတင်ပါတယ်။ ဆရာကလည်း လက်ရေးနဲ့ ၉ မျက်နှာအထိ ရေးထားပါတယ်။ ဆရာ့လက်ရေးနဲ့ဆိုရင် ၆ မျက်နှာအထိပဲ ရေးရမှာပါ။*

*ဆရာမ စောငယ်ငယ်(မိုးညှင်း)ရဲ့ 'မွေ့ခံထိုက်သင့် မထိုက်သင့်'ဝတ္ထုက စိတ်ကူးယဉ်ဆန်လွန်းပါတယ်။ ဝတ္ထုဆိုတာ စိတ်ကူးယဉ်ကို ရေးတာဖြစ်ပေမဲ့ လိုတာထက် ပိုသွားရင် မကောင်းတော့ပါဘူး။*

*ဒီလမှာ ရွှေအသစ်များအဖြစ် ကျွန်တော် ဝတ္ထု ၅ ပုဒ်အထိ ရွေးဖြစ်ပါတယ်။ တကယ်လည်း စိတ်တိုင်းကျပါတယ်။ ရွေးချယ်ဖြစ်တဲ့ ဆရာ၊ ဆရာမများရဲ့ ဝတ္ထုများကတော့ ဆရာ စာကလေး(မော်ကျွန်း)ရဲ့ 'တိုက်ကွဲ'၊ ဆရာ မင်းညှရဲ့ 'အကြမ်းဖက်ခံလိုက်ရတဲ့ မြင့်မိုရ်'၊ ဆရာ နတ်စောင်း(ကျိုက်ထို)ရဲ့ 'အပင်မှားသစ်ရွက်'၊ ဆရာ ကိုစက်ဖေရဲ့ 'လိပ်ပြာတောင်ပံခတ်သံများ'၊ ဆရာ ဆွန်း(စက်မှုတက္ကသိုလ်)ရဲ့ 'ညည်စိမ်း'တို့ ဖြစ်ပါတယ်။*

■

**ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com

# မှောင်ည

## အကြမ်းဖက်ခံလိုက်ရတဲ့မြင်းမိုရ်

အမှတ် ၃၃၁၊ ဇွန်၊ ၂၀၁၇

၁။

သူထိုင်နေကျ
ဝရန်တာရဲ့ အရှေ့ကနေ
သူတို့ မကြာခဏ
ဖြတ်သွားတတ်ကြတယ်။
တစ်ယောက်ကိုတစ်ယောက်
တွန်းထိုးရိုက်ပုတ်
နောက်ပြောင်လိုက်ကြ၊
လမ်းဘေး
ရေမြောင်းတွေထဲကို
အပြေးအလွှား ခုန်ဆင်း
ခုန်တက်လိုက်ကြ၊
ပုလင်းခွံ ဘူးခွံတွေကို
တွေ့တဲ့အခါ သူ့ထက်ငါ
အလုအယက်
ကောက်လိုက်ကြနဲ့
သူတို့တစ်တွေကို မြင်ရတာ
သိပ်ပျော်စရာကောင်းတာပဲ။
တစ်ခါတလေ ဘယ်က
ဘယ်လို ရှာဖွေရ
လာကြမှန်းမသိတဲ့
မုန့်ပဲသရေစာတွေ၊
အသီးအနှံတွေကို
တစ်ယောက်နဲ့
တစ်ယောက်
အော်ဟစ်ငြင်းခုံ
ခွဲဝေစားသောက်
နေလိုက်ကြတာများ
တစ်လောကလုံးမှာ
သူတို့အပြင်
တခြားသူတွေ
ရှိမနေကြတော့သလိုလို
သိပ်လွတ်လပ်
ပေါ့ပါးနေကြတဲ့ပုံပါပဲ။
ဒါပေမဲ့ သူတို့
အဲဒီလောက်ထိ
လွတ်လပ်ပျော်ရွှင်ခွင့်
ရနေကြတာဟာ သူတို့မှာ
မိသားစု မရှိလို့လား။
သူတို့ကို ပြောဆို
ထိန်းသိမ်းပေးမယ့်သူ
တစ်ယောက်ယောက်
မရှိကြလို့များလားလို့တော့



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

သူ တွေးမိတယ်။ ပြီးတော့ သူတို့မှာ သူ့လို စိတ်ညစ်ညူး သောကရောက်စရာတွေကော မရှိကြဘူးလား။သူ သိချင် လိုက်တာ။ ဖြစ်နိုင်မယ်ဆိုရင် သူတို့တစ်တွေနဲ့ သူ စကား ပြောကြည့်ချင်လိုက်တာ။

'အိမ်ထဲကို ပြန်ဝင်ဖို့ အချိန်ကျပြီ ဘကြီး'

တစ်နေ့တစ်နေ့ သူ အမြင်တွေ့ချင်ဆုံး မြင်ကွင်း က သူတို့အုပ်စုကလေးရဲ့ သွားလာလှုပ်ရှားပုံတွေ ဖြစ် နေခဲ့မယ်ဆိုရင် သူ မကြား ချင်ဆုံး အသံတွေထဲမှာ အဲဒီ ကောင်မလေးရဲ့အသံက ထိပ် ဆုံးက ပါနေခဲ့တယ်လို့ ပြောရ မှာပဲ။ သွက်လက်ချက်ချာ တယ်။ အိမ်မှုကိစ္စ နိုင်နင်း တယ်။ လူကြီးကို လူကြီးမှန်း သိတယ်။ အလိုက်သိတယ်။ ပြီးတော့ စိတ်ချရတယ်ဆိုတဲ့ ဂုဏ်ပုဒ်တွေနဲ့ သူ့သား သူ့ သမီးတွေရဲ့ မကြာခဏထုတ် ဖော်ချီးမွမ်းခြင်းကို ခံရတတ် တဲ့ အဲဒီကောင်မလေးရဲ့ အသံ က သူ့အတွက်တော့ ညဦးနက် သန်းခေါင်တွေမှာ ကြားရ တတ်တဲ့ ငှက်ဆိုးထိုးသံတွေ လိုပါပဲ။

ဘယ်တုန်းကမှ နားဝင် ပီယံ မဖြစ်ခဲ့သလို ကြား လိုက်တဲ့အခါတိုင်းမှာလည်း မကောင်းတဲ့ အရိပ် နိမိတ်တွေ ပူးကပ်ပါဝင်နေတယ်လို့ သူ ကတော့ ထင်တယ်။အထူး သဖြင့် သူ့မိသားစုဝင်တွေရဲ့ အကြည့်တွေအောက်ကနေ လွတ်မြောက်သွားတာနဲ့ ဝတ် ကျေတမ်းကျေ အဆင့်ကို တောင် ရောက်မလာတတ် တော့တဲ့ ဒီကောင်မလေးရဲ့ အလိုက်သိမှု၊ ပြုစုမှုဆိုတာ တွေကို သူ ထိတ်လန့်နေမိခဲ့ တာ တော်တော်ကြာနေခဲ့ပါ ပြီ။ အခုလည်း သူ အိမ်ထဲကို ပြန်မဝင်ချင်သေးကြောင်း ပြောဆိုနေတဲ့ အမူအရာတွေကို ကောင်းကောင်းနားလည်နေ ပေမဲ့ မသိကျိုးကျွန်ပြုပြီး သူ ထိုင်နေတဲ့ ဘီးတပ်ကုလား ထိုင်လေးကို ဆွဲလှည့်လိုက် တာများ သူ့နားတွေထဲမှာ လေတိုးသံ ဝီးခနဲကိုတောင်မှ ကြားလိုက်ရတယ်။ ဖြစ်နိုင် မယ်ဆိုရင် ဒီကောင်မလေးကို သူ့အနီးအနားမှာ မရှိစေချင် တော့။ ကုန်ကုန်ပြောရရင် သူ ပိုင်ဆိုင်တဲ့ ဒီအိမ်ကြီးထဲမှာကို မရှိစေချင်တော့ကြောင်း သူ့ မိသားစုဝင်တွေကို အသိပေး ချင်နေမိတယ်။ ဒါပေမဲ့ ဒီ ကောင်မလေး ဘာသာပြန်ပေး မှ သူ့စကားတွေကို နားလည် နိုင်ကြတော့တဲ့ သူ့မိသားစု ဝင်တွေဆီကို သူ့စိတ်ကူး၊ သူ့ဆန္ဒတွေက အမှန်အတိုင်း ရောက်ရှိသွားမှာ မဟုတ်မှန်း ကိုလည်း သူ သေသေချာချာ ပဲ သိနေခဲ့တယ်။

❑

၂။

ခဲမှန်ထားဖူးတဲ့ စာသူ ငယ်တစ်ကောင်လို အငွေ့ တထောင်းထောင်းထွက်နေ တဲ့ စွပ်ပြုတ်ပန်းကန်ကိုကြည့် ပြီး သူ အကြီးအကျယ် ထိတ် လန့်နေမိတယ်။ ပြီးတော့ ဒီ လောက် ပူလောင်နေတဲ့ စွပ် ပြုတ်ရည်ကို ကောင်မလေး သာ သူ့ကို တိုက်လာခဲ့ဦးမယ် ဆိုရင် ဘယ်လိုငြင်းဆန်ရှောင် ဖယ်ရမလဲဆိုတာကိုပါ အပြင်း အထန် စဉ်းစားနေမိတယ်။ ဒါပေမဲ့ အရင်အခေါက်တွေ တုန်းကလို ခေါင်းကို အနည်း ငယ် ခါယမ်းလိုက်ရုံကလွဲလို့ ဘယ်လိုမှ ရှောင်ဖယ်နိုင်မှာ မဟုတ်မှန်းကိုလည်း သူ့ကိုယ် သူ သိနေခဲ့တယ်။ ပြီးတော့ ဒီလိုတွေ အပြုအမူ ခံရတိုင်း လည်း ကိုယ့်ကိုယ်ကို သတ် သေချင်မိလောက်တဲ့ အထိ သူ့ဘဝကိုသူ စိတ်ပျက်နေမိ တယ်။ တကယ်လည်း မိသားစု အရင်းအချာတွေရဲ့ မနက်တစ်ခေါက် ညတစ်ခါ ဂရုစိုက် နဖူးကလေးဝင်စမ်း ကြည့်ခြင်းကိုတောင် မခံရ တော့တဲ့ လူမမာတစ်ယောက် ရဲ့ ဘဝက သေသွားတဲ့ လူ တစ်ယောက်နဲ့ ဘာများ ခြားနားနေလို့လဲ။ မြန်မြန် သေတော့လို့ အပြောမခံရရုံ တစ်မည် မိသားစုဝင်တွေရဲ့ ဥပေက္ခာပြုခြင်းကို ခံနေရတဲ့ လူတစ်ယောက်အတွက် သွေး မတော်သားမစပ်တဲ့ အိမ်အကူ မိန်းကလေးတစ်ယောက်ရဲ့ စိတ်ထင်တိုင်း ပြုမူနေမှုတွေ ကို ခံစားနေရတာကကော ဘာများ ထူးဆန်းတော့လို့လဲ။

ဒီကောင်မလေး ကျွေး မှ စားရ၊ ဒီကောင်မလေး ထူမှ ထ,နိုင်တဲ့ ဘဝမှာ မျက်လုံးတွေပုတ်ခတ်ပြရုံ၊ တစ်ခါတလေ ဂူးဂူးဝါးဝါး အသံထွက်ပြနိုင်ရုံ အပြင် ဒီကောင်မလေး စိတ်ထင် တိုင်း ပြုမူနေတာတွေကို သူ ဘယ်လိုတားဆီး၊ သူ့အနား မှာ ဘယ်တုန်းကမှ ဖင်ပူ အောင်တောင် မထိုင်ဖူးကြတဲ့ ဘယ်သား ဘယ်သမီးတွေကို အသိပေးရမှာတဲ့လဲ။

အသိပေးခွင့်ရတဲ့တိုင် အောင် ဒီကောင်မလေး ဘာသာပြန်ပေးမှ နားလည် နိုင်တော့တဲ့ သူ့စကားတွေကို သူ့သား၊ သူ့သမီးတွေ နားလည်ကြလိမ့်မယ်လို့ သူ မထင်မိတော့။ ယုတ်စွအဆုံး သူ့ကိုယ်သူ ကိစ္စတုံး အဆုံး စီရင် လိုက်ချင်ရင်တောင်မှ ဒီကောင်မလေး ကူညီပေး မှ ရနိုင်မယ့်ဘဝမှာ နေချင် သလိုနေ၊ စားချင်တာတွေ စား၊ ပြောချင်တာတွေကို ပြောဆိုခွင့်ရနေကြတဲ့ သူတို့ အုပ်စုလေးကို အားကျ ငေးမောနေမိတတ်တာ သူ့ အလွန်တော့ မဟုတ်လောက် ဘူး ထင်ပါတယ်။ ပြီးတော့ သူ့လို ဒုက္ခိတတစ်ယောက်ကို နိစ္စဓူဝ ညည်းပန်းနှိပ်စက်နေတဲ့ ဒီအိမ်အကူမလေးကို အဆေး ဆုံး ရောက်အောင် ရိုက်ပုတ် မောင်းထုတ်ပစ်ချင်နေမိ တယ်ဆိုရင်ရော သူ မလွန်ဘူး မဟုတ်လား။

❑

၃။

'မနက်ဖြန် ငါတို့ မိသားစုလိုက် ခရီးထွက်ကြ ဖို့ ရှိတယ်။ အဲဒါ နင် အိမ် သေသေချာချာ ဂရုစိုက်လိုက် နော် မိတင်။ အိမ်တံခါးတွေ လည်း သေသေချာပိတ်ထား ပြီးတော့ ဘယ်သူလာလာ တံခါးကို ဖွင့်မပေးနဲ့။အရေး အကြောင်းရှိရင် ငါတို့ဆီ ဖုန်း ဆက် ကြားလား'

ဆိုတဲ့ သူ့နား တစ်လုံးမှမပါတဲ့ သူ့သမီးကြ



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ စကားသံတွေက သူ့နားထဲကို မိုးကြိုးပစ်သံတစ်ခုလို တိုးဝင်လာတယ်။ အဲဒီလိုပဲ…

'မှာမနေစမ်းပါနဲ့ မမရယ်။ မိတင် ဘယ်လောက်စိတ်ချရတယ်ဆိုတာကို နင်လည်း သိသားနဲ့။ အဖေ့ကိုသာ သေသေချာချာမှာ။ မိတင်စိတ်ညစ်အောင် ကကျည်ကကြောင် သိပ်မကျနဲ့လို့။ တော်ကြာ မိတင်စိတ်ညစ်ပြီး ပြန်သွားမှ အားလုံး ဒုက္ခရောက်နေကြလိမ့်မယ်။ ဒီခေတ်ကြီးထဲမှာ မိတင်လို စိတ်ချရတဲ့ အိမ်အကူတစ်ယောက်ရဖို့ဆိုတာ သိပ်လွယ်တော့တာ မဟုတ်ဘူး'

ဆိုတဲ့ အနှစ်နှစ်အလလ ရှာဖွေကျွေးမွေး စောင့်ရှောက်လာတဲ့ မိဘထက် အိမ်အကူ မိန်းကလေးတစ်ယောက် စိတ်စနိုးစနောင့်ဖြစ်ပြီးသွားမှာကို ပိုကြောက်နေပုံရတဲ့ သူ့သားအငယ်ရဲ့ စကားလုံးတွေကလည်း သူ့နှလုံးသားတည့်တည့်ကို မီးမြိုက်ထားတဲ့ဓားနဲ့ စိုက်ချလိုက်သလိုပါပဲ။ တကယ်တော့ အသည်းစွဲအောင်နာတယ်ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို သူ အခုမှ သေသေချာချာ နားလည်မိရသလို ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရှားနိုင်တော့တဲ့ ရောဂါသည် အဖေအိုကြီးကို သူစိမ်းတစ်ယောက်ရဲ့ လက်ထဲကို ယုံယုံကြည်ကြည် ထိုးအပ်ရဲတဲ့ သူတို့တစ်တွေရဲ့ စိတ်ဓာတ်တွေကိုလည်း သူ အံ့ဩကြီး အံ့ဩမိရတယ်။ တကယ်ဆို အကျိုးလိုလို့ ညောင်ရေလောင်းခဲ့တာမျိုး မဟုတ်ပေမဲ့ သူ့မှာသာ ဖန်ဆင်းပြနိုင်စွမ်း ရှိနေခဲ့မယ်ဆိုရင် သူတို့သားသမီးတွေကို သူဘယ်လို ပြုစုပုယုယဖူးထောင်လာခဲ့ရတယ်ဆိုတာကို ပြန်ပြီး ဖန်ဆင်းပြလိုက်ချင်မိပါရဲ့။ ပြီးတော့ သူတို့ စိတ်ချလက်ချ ပါတယ်ဆိုတဲ့ အဲဒီကောင်မလေးရဲ့ လက်ထဲမှာ သူ့ရဲ့ လူ့အခွင့်အရေးတွေ ဘယ်လောက်အထိ ပျောက်ဆုံးနေခဲ့တယ်ဆိုတဲ့အကြောင်းတွေကို သူတို့သိအောင် ပြောပြလိုက်ချင်မိပါရဲ့။ ဒါပေမဲ့ ဒါတွေဟာ ဒီဘဝမှာ ဘယ်လိုမှ ဖြစ်လာနိုင်စရာ မရှိတော့ဘူးဆိုတဲ့ အကြောင်းကိုလည်း သူက သေသေချာချာ သိနေခဲ့ပြန်ပါသေးတယ်။

❑

၄။

'ဝူး ဝူး'

မအောင့်အည်းနိုင်တော့တာကြောင့် ဗလုံးဗထွေး ထွက်ကျသွားတဲ့ သူ့စကားလုံးတွေရဲ့ အဆုံးမှာ ဘယ်လိုဖြစ်နေတာလဲဆိုတဲ့ ပုံစံမျိုးနဲ့ ကောင်မလေးက မျက်စောင်းတစ်ချက် လှမ်းထိုးလာတာမို့ အသာလေး ပြန်ငြိမ်နေလိုက်ရတယ်။ တကယ်ဆို မဖြစ်။ သူ့သား၊ သူ့သမီးတွေနဲ့ အတူရှိနေစဉ် ကာလကတောင် လစ်ရင်လစ်သလို စိတ်ထင်တိုင်း နှိပ်စက်ကလူ ပြုမူတတ်တဲ့ ဒီကောင်မလေးရဲ့ လူမဆန်တဲ့ စိတ်ဓာတ်ကို သူ အသိဆုံးမဟုတ်လား။ ဒါပေမဲ့ သူ့အရှေ့တည့်တည့်မှာ မြင်နေရတဲ့ တိုင်ကပ်နာရီက စက္ကန့် မိနစ်လက်တံတွေကတော့ ကောင်မလေးရဲ့ အကြောင်းကို သိပုံမရကြ။ သူ့လိုမျိုးလည်း မငြိမ်သက်။ တချပ်ချပ်နဲ့ တစ်ပတ်ပြီး တစ်ပတ် ရွေ့လျားလည်ပတ်နေကြတာကို သူ မြင်နေခဲ့ရတယ်။ ပြီးတော့ ဒီအချိန်လောက်ဆို သူတို့အုပ်စုလေး သူ့အိမ်နဲ့ မနီးမဝေးကို ရောက်နေကြလောက်ပြီဆိုတဲ့ အတွေးက သူ့စိတ်တွေကို မရိုးမရွဖြစ်လာနေစေတယ်။ ခက်တာက တီဗွီကလာနေတဲ့ ကိုရီးယားဇာတ်လမ်းတွဲထဲကို အာရုံနှစ်ဝင်နေပုံရတဲ့ ကောင်မလေးက တုတ်တုတ်မျှ ထပ်လှုပ်မလာ။ အဆိုးဆုံးက ကိုယ့်အိမ်မှာ ခိုင်းစေဖို့ ခေါ်ထားထားတဲ့ အိမ်အကူတစ်ယောက်ရဲ့ မထီမဲ့မြင်ပြုတာကို ခံနေရတာပါလားဆိုတဲ့ အသိက သူ့စိတ်တွေကို ဖိစီးနေတယ်။ ဖြစ်နိုင်မယ်ဆိုရင် ဒီကောင်မလေးကို အခုချက်ချင်းပဲ သူတစ်ခုခုတုံ့ပြန်လိုက်ချင်နေမိတယ်။ ဒါပေမဲ့ ခြေလှမ်းသုံးဆယ်လောက် အကွာအဝေးသာရှိတဲ့ ဝရန်တာကိုတောင် သူများတွန်းပို့ ပေးပါမှ ရောက်နိုင်တဲ့သူတစ်ယောက်အတွက် ဘာများတတ်နိုင်မှာတဲ့လဲ။ ဒီတော့ သူတတ်နိုင်တာကိုပဲ လုပ်လိုက်တယ်။ သူ့ကို ဝရန်တာကို ပို့ပေးဖို့အတွက် ကောင်မလေးကြားသွားအောင် နောက်ထပ်တစ်ကြိမ် အသံထပ်ပြုလိုက်မိတယ်။

သူထင်ထားသလိုပါပဲ သူ့ရဲ့ဗလုံးဗထွေး စကားသံတွေဆုံးတာနဲ့ ထိုင်နေရာနေရာကနေ ကောင်မလေးက ဝုန်းခနဲနေအောင် ထ,လာတယ်။ ပြီးတော့…

'သေနာကြီးကလည်း မနက်မိုးလင်းတာနဲ့ အဲဒီဝရန်တာကိုထွက်ဖို့ပဲ တကျည်ကျည်လုပ်နေတယ်၊ ဒီမှာဇာတ်လမ်း ကောင်းနေပါပြီဆိုမှ။ သေလည်း မသေနိုင်ဘူးတော်'

ဆိုတဲ့ စကားတွေအပါအဝင် ရှန့်ရင်းကြမ်းတမ်းတဲ့ စကားတွေကို ရေရွတ်ရင်း သူဘယ်လိုမှ ထင်မှတ်မထားမိတဲ့ အပြုအမူတစ်ခုကို ပြုလုပ်လိုက်တယ်။ သူ့ဘီးတပ်ကုလားထိုင်လေးကို ဝရန်တာရှိရာဘက်ကို ဗြုံးခနဲနေအောင် အရှိန်နဲ့ တွန်းလွှတ်လိုက်တယ်။ သူ အရမ်းပဲ ထိတ်လန့်တုန်လှုပ်သွားတယ်။ ပြီးတော့ သူ့နှုတ်ခမ်းတွေကနေ 'ဝူး ဝူး ဝါး ဝါး' အသံတွေ တရစပ်ထွက်ကျသွားတဲ့အထိ သူကြောက်လန့်တကြား အော်ဟစ်လိုက်မိတယ်။ ဒါပေမဲ့ သူ့အော်ဟစ်သံတွေကို ကောင်မလေး ကြားလား၊ မကြားလိုက်ဘူးလားဆိုတာကို သူ မသိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကောင်မလေး တွန်းလွှတ်လိုက်တဲ့ သူ့လက်တွန်းလှည်းလေးဟာ ဆွေးမြည့်စပြနေခဲ့တဲ့ ဝရန်တာလက်ရန်းတွေကို တွန်းတိုက်ဖြိုချ ကျော်လွန်သွားပြီးတဲ့ နောက်မှာ သူ့အမြင်အာရုံတွေကို မှောင်မည်းပိန်းပိတ်နေတဲ့ အမှောင်ထုကြီးတစ်ခုက ရုတ်ခြည်း ရောက်ရှိလာခဲ့လို့ပါပဲ။ သူ လွှတ်မြောက်ခဲ့ပြီ ထင်ပါတယ်။

■

**မင်းည**



www.burmeseclassic.com

www.burmeseclassic.com

အခုတလော ကျူပ်
ဖြစ်နေပုံက ထူးလည်းထူး၊
လူရယ်စရာလည်း ကောင်းရဲ့။
ဘယ်သူ့မှလည်း မပြောရဲ။
ယုတ်စွအဆုံး ငယ်ပေါင်းဖြစ်တဲ့
ကျူပ်မိန်းမ သန်းအေးကိုတောင်
မပြောရဲဘူး။ ရှူးတယ်ဆိုပြီး
ကျူပ်ကွယ်ရာမှာ အရင်ဆုံး
လှောင်မယ့်ဟာမ။ ဒါပေမဲ့
ဒီဒုက္ခ ဘယ်လောက်
ကြီးနေသလဲဆိုတာ
ကိုယ့်ဘာသာကိုယ်အသိဆုံး။
အခု လောလောဆယ်ဆယ်
အလုပ်ချင်ဆုံးကတော့ ကွမ်းစားနေတဲ့
လူတွေ့ရင် မျက်နှာဖြတ်
ရိုက်ပစ်ချင်စိတ် ပေါက်နေတာကတော့
သေချာတယ်။ စိတ်မထိန်းနိုင်ရင်
ကျူပ် တကယ်လုပ်များ
လုပ်မိမလားပဲ။ ကြားဖူးတာပေါ့။
အကြောက်ဆိုတဲ့တရား။
လူတွေက ခွေးကြောက်တတ်တယ်၊
မြွေကြောက်တတ်တယ်။
ဘာများ ဆန်းလို့လဲ။
အန္တရာယ်ပေးနိုင်တဲ့ အကောင်
ဗလောင်ကို ကြောက်ကြတာ
သမားရိုးကျပဲ။ နည်းနည်းဆန်းတဲ့
လူတွေလည်း ကြုံဖူးတယ်။
လက်သမားလုပ်တဲ့ ကိုသိန်းလှဆို
အိမ်မြှောင်ကြောက်တာ နေစရာမရှိဘူး။
မတော်တဆများ အိမ်မြှောင်တွေ့ရင်
သေးတွေ၊ ချေးတွေတောင်

အမှတ် ၃၃၁၊ ဇွန်၊ ၂၀၁၇

**လိပ်ပြာတောင်ပံခတ်သံများ**

လက်သမားလုပ်တဲ့ ကိုသိန်းလှဆို
အိမ်မြှောင်ကြောက်တာ နေစရာမရှိဘူး
မတော်တဆများ အိမ်မြှောင်တွေ့ရင်
သေးတွေ၊ ချေးတွေတောင် ထွက်ကျတယ်
လှုစင်ထောင်ထားတဲ့
ကိုတောက်ထိန်ကျတော့ တစ်မျိုး
ကြေးစည်သံကြားရင် နားပိတ်နေရတာ
ဘယ်ဘဝက ဝဋ်ကြွေးလည်း မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၇ ၌ [illegible] ၂၇

www.burmeseclassic.com

www.burmeseclassic.com

ထွက်ကျတယ်။ လွစင်ထောင်ထားတဲ့ ကိုတောက်ထိန်ကျတော့တစ်မျိုး။ ကြေးစည်သံကြားရင် နားပိတ်နေရတာ။ ဘယ်ဘဝက ဝဋ်ကြွေးလည်းမသိဘူး။ ဘုန်းကြီးကျောင်းဆို တစ်ခါလေးမှ ခြေဦးမလှည့်တာ တစ်သက်လုံး။ သူ သေရင်တောင် ကြေးစည်မထုဖို့ မှာသတဲ့။ သူတို့နဲ့မတူတဲ့ အကြောင်းက ကျုပ်မှာမှလာဖြစ်တယ်။ ပုံမှန်မဟုတ်ဘဲ အကောင်သေး အကောင်မွှားကို ကျုပ်လိုအကောင်က ကြောက်ဖို့ဆိုတာ ဝေးသားပေါ့။ သူများတွေက သူငယ်နာ မစင်လို့ ကြောက်တာ။ ကျုပ်ကတော့ အသက်လေးဆယ် တင်းတင်းပြည့်မှဖြစ်လို့ 'သူကြီးနာ'လို့ ခေါ်ရမလားပဲ။

ကျုပ် သူကြီးမဖြစ်ခင်·
လူပျိုခေါင်း
လုပ်တုန်းက
နွားသိုးတစ်ကောင်ကို
တုံးလုံးလဲအောင်
ချိုကကိုင်ပြီး
လည်ပင်းကို
လိမ်ပစ်ဖူးတယ်
ဆန်
တစ်တင်းခွဲအိတ်ကို
တစ်လုံးတည်း
သယ်ရင်
ပေါ့ဟာဟာနေလို့
နှစ်လုံးထပ်
ထမ်းခဲ့တာ

ကျုပ် သူကြီးမဖြစ်ခင် လူပျိုခေါင်းလုပ်တုန်းက နွားသိုးတစ်ကောင်ကို တုံးလုံးလဲအောင် ချိုကကိုင်ပြီး လည်ပင်းကို လိမ်ပစ်ဖူးတယ်။ ဆန်တစ်တင်းခွဲအိတ်ကို တစ်လုံးတည်းသယ်ရင် ပေါ့ဟာဟာနေလို့ နှစ်လုံးထပ် ထမ်းခဲ့တာ။ ဆန်အိတ်ကို နှစ်ယောက်ပင့်မှ ခြောက်ပေလောက်ရှိတဲ့ ကျုပ်အရပ်ကို မီကြတယ်။ လူ့လူချင်းကတော့ ပြောမနေနဲ့။ ဒီနယ်တစ်ကြောလုံး ကျုပ်က 'ဟိတ်'ဆိုရင် ပုလိပ်ထက် မီးသေတယ်။ ကျုပ်ရဲ့ ကာယအားအပြင် တခြားအကြောင်းတွေကိုလည်း ကြောက်လို့နေမှာပေါ့။ ခံတန်တန်လုပ်တဲ့ တောင်၊ ရွာပြင်မှာ ခေါင်းကွဲပြီး သေနေတာ။ ကျုပ် လက်ချက်မှန်း တစ်ရွာလုံး သိပေမဲ့ ဘယ်သူမှ မဟ, ရဲဘူး။ အခုတော့ ဘာမှ မည်မည်ရရမရှိတဲ့ ဟာကြီးကို ချွေးစေးတွေပြန် အောင် ကြောက်နေလို့ ကျုပ်ဘာသာ ကျုပ်လည်း စိတ်တိုတယ်။ ဒီဘာမှန်းမသိဘဲ ကြောက်နေရတာကြီးကို ဝမ်းထဲ မြိုထားရတာက ကျုပ်ထမ်းဖူးတဲ့ ဝန်တွေထက် အဆမတန်လေးနေလိုက်တာ။ တစ်ယောက်ယောက်ကို ဖွင့်မပြောရရင် ကျုပ် ရူးများ ရူးသွားမလား မသိဘူး။ ကျုပ်ရောင်းရင်း အရက်သမား ချစ်တင်တစ်ယောက် ရူးကြောင်ကြောင် ဖြစ်သွားတုန်းက သဲကြီးလေးတစ်ရွာလုံး ပျော်ကြတာ။ သေလည်း သေရော သူ့မိန်းမ ခင်ထွေးရဲ့ စကားက ပြောစမှတ်တောင် တွင်တယ်။ 'ချစ်တင်သေတာ ငိုဖို့မပြောနဲ့ အရည်ထွက်ရင်တောင် ဝမ်းနည်းတယ်လို့ အရပ်က ထင်မှာစိုးလို့ ဒီနေ့တော့ သေးတောင် မပေါက်ဘူး'တဲ့။

ကျုပ်လည်း မတော်တဆများ ရူးသွားခဲ့ရင် ရွာက ခုနစ်ရက် ခုနစ်လီ ဆိုင်းငှားမလားပဲ။ ကျုပ် မနေနိုင်တဲ့အဆုံးတော့ ငယ်ပေါင်းမိုက်ဖက် ပေါက်စဆီ ထွက်လာခဲ့တယ်။

နေတောင် ထန်းတစ်ဖျား မရောက်သေးဘူး၊ ပေါက်စလက်ထဲမှာ ပုလင်းက ထက်ဝက်ကျိုးနေပြီ။ ကမ်းပေးတဲ့ခွက်ကို ရေမရေဘဲ တစ်ချက်တည်း မော့ချလိုက်တော့ ဒီကောင် ခေါင်းထောင်လာတယ်။ ကျုပ်တို့အချင်းချင်းက အထာကျေပြီးသား။ အရေးအကြောင်းကြီးတဲ့ အမူအရာမှန်း သိနေတဲ့ကောင်။ သုံးခွက်လောက်ဆင့်သောက်ပြီးမှ ရင်ထဲနွေးပြီး ခံစားရတာ နည်းနည်းပေါ့သွားတယ်။ ကျုပ်လည်း ဖွင့်ပြောရော ပေါက်စက ရယ်လိုက်တာ မျက်စိပေါက်မနည်းရှာရတယ်။ ထင်ထားတဲ့အတိုင်း ရယ်နေပေမဲ့ ကျုပ်ဒေါသတွေ ထွက်တာပေါ့။ ပေါက်စမဟုတ်တဲ့ တခြားလူသာဆိုရင် သွားတွေ တစ်ချောင်းစီ လိုက်ကောက်နေရလောက်ပြီ။ ကျုပ်မျက်နှာတင်းလာမှ ပေါက်စက မျက်နှာပိုးသတ်တယ်။

'မင်း အဲလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ'

ကျုပ် နည်းနည်း တွေသွားတယ်။ တစ်လလောက်ရှိပြီထင်တာ။

'ကုန်းသာက ဦးဖိုးဆင်ရဲ့ အိမ်ကို ဓားပြတိုက်ဖို့ လက်ထောက်ချတဲ့နေ့က ထင်တယ်'

ကျုပ် မရေမရာပြောတော့ ပေါက်စက ခေါင်းခါတယ်။

'နောက်နေ့ မင်းနဲ့ ထိန်ကြီးတို့ ဓားပြအုပ်စုတွေ ခွဲတမ်းချရင်း အရက်တောင် အတူတူ သောက်ကြသေးတယ်။ ငါလည်း ရှိနေတာပဲ။ အကောင်းကြီးပါ။ အခုလို မျက်နှာမျိုး ဟုတ်သေးပါဘူး။ ထိန်ကြီး ဆွဲလာတဲ့ ကျွဲမကြီး သားအမိကိုတောင် မင်းလုံ့နဲ့ တစ်ကောင်တစ်ချက် ထိုးပြလိုက်သေးတယ်'

ပေါက်စက ပြောရင်း သွေးအိုင်ထဲက ကျွဲမသားအမိကို မြင်ယောင်ပြီး တဲတွေးပျစ်လာပုံရတယ်။ ထွီခနဲ ထိုင်ရာမထ ပြတင်းပေါက်က အပြင် ထွေးထုတ်တယ်။ တားချိန် မရလိုက်ဘူး။ ထွေးမှာမှန်း သိလျက်နဲ့ကို 'ထွီ'ဆိုတဲ့ အသံလည်းကြားရော ကျုပ် ချွေးတွေပြန်လာတဲ့အထိ လန့်ပြီး တုန်လည်းတုန်သွားတယ်။ ပုလင်းကို ကိုင်ထားတဲ့ ကျုပ်လက်တွေ တဆတ်ဆတ် ဖြစ်နေတာကို ပေါက်စ တွေ့တော့မှ···

'ဟာ··· မင်း တကယ်လန့်နေတာပဲ။ သတိထားပါဦးကွ။ မင်းဟာက ပယောဂများလား။ အေးမတို့ အဒေါ်ကြီးကများ ပြုစားသလား



www.burmeseclassic.com

www.burmeseclassic.com

ကွယ်။ အေးမကို နဝင်းချောင်းစပ်မှာ မင်း နသားပါးထားလုပ်တာ ဘယ်သူမှ ပြန်မပြောဘူးဆိုရင်တောင် အဲဒီအမယ်ကြီးတော့ သိလောက်တယ်။ အမယ်ကြီးက စုန်းတတ်တယ်လို့ ပြောကြတယ်နော်'

ကျုပ် လက် ထဲ က ပုလင်းကို ရိုက်ခွဲရင်း ပေါက်စကို အော်ပစ်တယ်။

'မင်း ပေါက်ကရ မပြောနဲ့ကွ'

ကျုပ်လည်း စိတ်ပေါက်ပြီးမှ ပေါက်စမျက်နှာမြင်တော့ သတိဝင်လာတယ်။ ကျုပ်စိတ်ကိုသိတဲ့ ဒီကောင့်မျက်နှာမှာ သွေးမရှိတော့ဘူး။ လက်ထဲက ပုလင်းပြတ်ကို လွှတ်ချပြီး လှည့်ထွက်လိုက်တယ်။ ရွာထဲဖြတ်လျှောက်လာတာ ခွေးဟောင်သံတောင် မကြားရဘူး။ ကွမ်းသည် မဘုမဆိုရင် သူ့ခွေးကြီးကို ပွေ့ပြီး နှုတ်သီးကို နှီးနဲ့ချည်နေတာတွေ့လိုက်တယ်။ ကျုပ်စိတ်တိုရင် သူများခြံသော ဘာသော မထားဘူး။ အိမ်ထဲအထိလိုက်ပြီး ဟောင်တဲ့ခွေးကို သတ်ပစ်တာ တစ်ရွာလုံးအသိ။ စိတ်ပေါက်ပေါက်နဲ့ လျှောက်လာရင်း ရွာထိပ်က ညောင်ပင်ဝိုင်းကိုရောက်မှ တစ်ခု သတိရတယ်။ ဟုတ်တယ်။ ဒီညောင်ပင်အောက်မှာပဲ။

ပြီးခဲ့တဲ့ သီတင်းနှစ်ပတ်လောက်က စာတတ်မြောက်ရေး စီမံချက်ဆိုလား ဘာဆိုလား၊ 'အ သုံးလုံး' သင်တန်းတွေ လာဖွင့်ကြတယ်။ နေရာမရှိတော့ ညောင်ပင်ဝိုင်းမှာ ဖျာခင်းပြီး သင်ကြတယ်။ အလုပ်မရှိ အလုပ်ရှာပြီး အိမ်သာဆောက်ဖို့ကအစ ဘုရားရှိခိုးသင်တာ အဆုံး လာပြီး သင်တန်းပေးကြတယ်။ ဝက်ထီးကန်ဘက်က ကျောင်းဆရာယောင်ယောင်၊ နိုင်ငံရေးသမားယောင်ယောင် တစ်ယောက်ရဲ့ ကွမ်းတရားကို ကြားပြီးကတည်းက ကျုပ် ဒီလိုဖြစ်လာတာမှတ်မိပြီ။ ကျုပ်တို့တစ်ရွာလုံးကလည်း ကရင်တောက အာခေါ်ရမလောက် ကွမ်းကြိုက်တာကိုမြင်ပြီး ပြောစရာ အပေါက်အစ ရှာလို့ ရသွားတဲ့ပုံပါ။ ဘာတဲ့...။

ဒေါ်ခင်မျိုးချစ်ဆိုတဲ့ စာရေးဆရာမက ပြောသတဲ့။ ကွမ်းစားတဲ့အခါ ကွမ်းသီးစိတ်တွေ မညက်ခင် ကိုယ်ကြုံဖူးတဲ့ မကျေနပ်စရာအကြောင်းကို တွေးလို့ ကွမ်းသီးစိတ်ကို အံကြိတ်လိုက်ပါတဲ့။ ကွမ်းသီးလေးများညက်လို့ စားကောင်းရင် ဘဝရဲ့ ကြည်နူးစရာအကြောင်းတွေ ပြန်တွေးပြီး စားမြုံ့ပြန်လိုက်ပါတဲ့။ အဲဒီအထိက ကျုပ်နဲ့ မပတ်သက်သေးဘူး။ လျှာရှည်တဲ့ ထွန်းအုံရဲ့သားကြောင့် အခုလိုဖြစ်လာတာ။ မြို့မှာ ကျောင်းတက်တယ် ဆိုပြီး မြောက်ကြွမြောက်ကြွဖြစ်နေတဲ့ ကောင်။ ထွန်းအုံရဲ့သားက ကွမ်းထွေးတော့ရော ဘယ်လိုထွေးလဲ ဆရာဆိုပြီး ထ,မေးတော့ ဟိုဆရာယောင်ယောင်က ခဏနေပြီး စာရေးဆရာမက မပြောခဲ့ပေမဲ့ မကျေနပ်တဲ့လူကို မြင်ယောင်ပြီး ထွေးပေါ့ဗျာဆိုကတည်းက ကျုပ်မှာ အဖြစ်ဆိုးတော့တာပဲ။

ဘယ်သူက ကွမ်းထွေးလိုက်၊ ထွေးလိုက် ကျုပ်ကို ရည်ရွယ်ပြီး ထွေးတယ်လို့ကို ထင်နေတာ။ အစပိုင်းကတော့ မသိသာသေးဘူး။ အဲဒီအသံက ကျုပ် အသည်းနှလုံးကို လက်အေးအေးကြီးနဲ့ ဆုပ်ညှစ်ထားသလို ခံစားရတယ်။ တစ်ခါကြားတိုင်း ဘီလူးစီးသလိုလို၊ အိပ်မက်ခြောက်တွေက လန့်နိုးလာသလိုလို။ တဖြည်းဖြည်းနဲ့ ဒီ'ထွီ'ခနဲ အသံကြားရင် ကျုပ် လန့်လာတယ်။ နောက်တော့ တုန်နေအောင် ကြောက်လာတာပဲ။

ကျုပ်တို့ရွာက ပြည်ရယ်၊ ပေါက်ခေါင်းရယ်၊ ဝက်ထီးကန်ရယ် မြို့နယ် သုံးခုဆုံတဲ့ နေရာမှာ ရှိတာ။ ဘယ်မြို့နယ်က ပိုင်တာလဲ ကျုပ်လည်း မသိဘူး။ ဓားပြသံကြားရင် သုံးနယ်စလုံးက ပုလိပ်တွေ ရောက်လာတတ်တယ်။ လာချင်မှလည်း လာတယ်။ ကျုပ်တို့ အာဘွေး၊ အဘိုးတွေ ခေတ်အဆက်ဆက် မိုက်တဲ့လူက သူကြီးပဲ။ ဘုရားပွဲတစ်ခါလုပ်ရင် အနည်းဆုံး လူသတ်မှု သုံးမှုလောက်ဖြစ်တယ်။ ဘယ်တော့မှ အမှုပေါ်တယ်ဆိုတာ မရှိဘူး။ ဒီလို တစ်ရွာလုံးကို ခေါင်းမဖော်ရဲအောင် နှိမ်ထားလို့သာ ကျုပ် ဒီသူကြီးအလုပ်ကို သမနိရှည်အောင် လုပ်နိုင်တာ။ ခပ်ပျော့ပျော့ဆို ကျုပ်ကို နှံသွားတာ ကြာပြီပေါ့။

ကျုပ်ခေါင်းက ဆံပင်တွေကို ရှန်သူလို ဆွဲကုတ်ပြီး အိမ်ကို လှည့်ပြန်လာခဲ့တယ်။ ဆံပင်ကလည်း တော်တော်တောင် ပါးနေပြီ။ တဖြည်းဖြည်းနဲ့ ကျုပ်လည်း တရှောင်ရှောင်ဖြစ်ပြီး စားချင်၊ သောက်ချင်တဲ့စိတ်လည်း မရှိတော့ဘူး။ တစ်နေ့တစ်နေ့ အိမ်ဘေးက လယ်ထွန်၊ ကိုင်းလုပ်သွားတဲ့ လူတွေဖြတ်သွားတုန်းဆို ခေါင်းအုံးနဲ့ နားနှစ်ဖက်ကို ပိတ်ထားမိတဲ့အထိ ကြောက်လာတာ။ မတော်လို့ ကွမ်းထွေးသံများ ကြားဖြစ်အောင် ကြားမိရင် နေလို့ မရတော့ဘူး။ ကျုပ် ဒီအသံကို ခံနိုင်အောင် ကြိုးစားကြည့်တယ်။ ဒါမှ ကျုပ် ဒီဝဋ်ကြွေးက လွတ်မှာလေ။ စိတ်ကို အကြိမ်ကြိမ်တင်းတယ်။ မေးကြောတွေ ထောင်နေအောင် တောင့်ပြီး အသက်အောင့်ထားကြည့်တယ်။ ဒါပေမဲ့ မရပါဘူးဗျာ။ တစ်ကြိမ်ထက် တစ်ကြိမ် ပိုကြောက်လာတယ်။ နားတွေ နာဖောက်တဲ့ မီးဖုတ်ရှူးနဲ့ ကျုပ်နားကို ထိုးဖောက်ရင် ကောင်းမလားဆိုပြီး လက်ရောက်မိတာတောင် အကြိမ်ကြိမ်ပဲ။ နားပင်းသွားရင်လည်း ကျုပ် သက်သာသွားနိုင်တာပဲ။ ဒါပေမဲ့ လက်မရဲပြန်ဘူး။

ထွန်းအုံ ကျောင်းသားဘဝက သူ့ပထွေးမူးပြီး နားရင်းရိုက်လို့ နားတစ်ဖက်လေး သွားတာ သတိရတယ်။ ဘယ်ဘက်က ခေါ်ရင် တော်တော်နဲ့ မသိဘူး။ ဟုတ်ပြီ။ ကျုပ် နားနှစ်ဖက်ကို လက်ခုပ်နဲ့ ဆယ့်လေးငါးချက် အားရှိသမျှ ဆင့်ရိုက်လိုက်တာ မျက်လုံးထဲမှာ မီးဝင်းဝင်းတောက်သွားတာပဲ။ နားထဲမှာ ဖောင်းခနဲ၊ ဖောင်းခနဲ

စာမျက်နှာ(၂၃၃)သို့...



www.burmeseclassic.com

www.burmeseclassic.com



အခန်း-၁

ကျွန်တော်တို့ ထူးတော ရွာတစ်ရွာလုံးက ယောကျ်ား၊ မိန်းမ၊ ကလေးပါမကျန် အပြိုင်အဆိုင် အလောင်းအစား အလုပ်ကို တော်တော်လေးကို ဝါသနာကြီးကြတယ်ဗျ။ ဒါ ကျွန်တော်တို့ ထူးတောရွာရဲ့ တစ်မူထူးခြားတဲ့ ဓလေ့တစ်ခုလို့ ပြောရမလားပဲ။ တခြားရွာတွေမှာလည်း ဒီလို ဓလေ့စရိုက်တွေ ရှိချင် ရှိလိမ့်မယ်။ ဒါပေမဲ့ ဒီရွာကိုတော့ မီမယ်မထင်ဘူးဗျ။ ကျွန်တော်ပြောရင် ပိုတယ် ထင်လိမ့်မယ်။ ထူးတောသားတွေက

တစ်ခုမဟုတ်တစ်ခု အလောင်းအစားလေးမှ မလုပ်ရ
စားမဝင် အိပ်မပျော်တတ်သူတွေ။ နောက်ဆုံး ကုန်အော
ပြောရရင် ဘယ်သူနဲ့မှ အလောင်းအစား မလုပ်ရ
လင်မယားချင်းတောင် ပြန့်ပြီး လောင်းကြေးထပ်တဲ့ရွာ
ပြီးတော့လည်း ဘာလေးပဲပြိုင်ပြိုင်၊ ဘာ
အလောင်းအစားလုပ်လုပ် အဲဒီ အရှုံးအနိုင်ပေါ
ထပ်ထားတဲ့ လောင်းကြေးကို လင်မယားချင်းတော
မဖြစ်မနေပေးရတဲ့ရွာ။ အဲဒါ ထူးတောရွာ
အလောင်းအစားနဲ့ ပတ်သက်တဲ့ ထူးခြားချက်



www.burmeseclassic.com

www.burmeseclassic.com



# စာကလေး ၊မော်ကျွန်း၊ တိုက်ကျွဲ

အမှတ် ၃၃၁၊ ဇွန် ၂၀၁၇

မယုံမရှိနဲ့ဗျ။ အဲဒီလို အလုပ်ကောင်းလို့ ကိုသာဝတို့ လင်မယားဆို ပထမသားဦးကလေး မွေးတုန်းက လင်မယားချင်း ပြန်ပြီး လောင်းကြေးထပ်တာပါဆို။ အဲသလောက်အထိ ဝါသနာ ကြီးတဲ့ရွာ။ ဖြစ်ပုံက ဒီလိုဗျ။ ကိုသာဝက သားယောကျ်ားလေး လိုချင်နေတဲ့သူဆိုတော့ သူ့မိန်းမကိုယ်ဝန်ကို သူလိုတဲ့ ဘက်ဆွဲတွေးပြီး ယောကျ်ားလေးပဲ မွေးရမယ်ပေါ့ဗျာ။ ဒီမှာတင်ပဲ ဘယ်ရမလဲ နဂိုကတည်းက အလောင်းအစား ဝါသနာကြီးတဲ့ မကုလားမကလည်း 'ရှင်က ယောကျ်ားလေးဆိုရင် ကျွန်မက မိန်းကလေးတော်။ ဘာကြေး လောင်းမလဲသာပြော' ဆိုပြီး တစ်အိမ်တည်းနေတဲ့ လင်မယားချင်း ကိုယ်မွေးမယ့်ကလေးကို ကိုယ်တိုင် ပြန်ပြီး လောင်းကြေးထပ်ကြတော့တာပဲ။ ဒါပေမဲ့ အဲဒီပွဲမှာ ကိုသာဝကြီး ရှုံးသွားတယ်ဗျ။ မွေးလာတဲ့ကလေးက မိန်းကလေးဆိုတော့ ရှုံးတာပေါ့။ သူ့ခမျာ ဖွတ်မရ၊ ဓားမဆုံးဆိုတာလို သားယောကျ်ားလေး မရတဲ့အပြင် မီးဖွားစရိတ်ပါမကဘဲ လောင်းကြေးအနေနဲ့ မကုလားမ လိုချင်နေတဲ့ အပေါ်အင်္ကျီ၊

www.burmeseclassic.com

အောက်စက်တွေ ဝယ်ပေးလိုက်ရပါရောလားဗျာ။

အဲဒီကလေးမလေးကို တစ်ရွာလုံးက ဝိုင်းပြီး နာမည်ပေးလိုက်ကြတာ အဖေနဲ့အမေ လောင်းတဲ့ပွဲမှာ အမေက နိုင်လို့ 'မေနိုင်'တဲ့။ တစ်ခါတည်းကိုတွင်ရောပဲ။ အခုဆို ကျောင်းတောင်တက်နေပြီလေ။

ပြောရရင် အလောင်းအစားနဲ့ ပတ်သက်ရင် အဲဒီလိုဝါသနာအိုးတွေ၊ ရဲရင့်သူတွေ ပေါတဲ့ရွာဆိုတော့ ဒီရွာမှာ အရှုံးအနိုင်ရဲ့ နောက်က အလျော်အစားဆိုတာကတော့ အပျော်အပါးပေါ့ဗျာ။ ဘယ်ကြေးနဲ့ပဲလောင်းလောင်း ရှုံးရင်ပေးဖို့သာပြင်၊ နိုင်ရင်ယူသွားပဲ။ ကလိမ်ကကျစ်မကျကြပါဘူး။

ဒီတော့ ဆယ့်နှစ်ရာသီဆိုသလို လောင်းကစားပွဲတွေဖြစ်တတ်ပေမဲ့ ဘာပြဿနာမှ မရှိပါဘူး။ ဘာရာဇဝတ်မှုမှလည်း မရှိခဲ့ပါဘူး။

ဒါကလည်း ပြောရရင် ရိုးသားကြလို့၊ အရှုံးအနိုင်ပေါ်မှာ နားလည်မှုရှိကြလို့၊ ပြီးတော့လည်း ဘာပဲပြိုင်ပြိုင်၊ ဘာပဲလောင်းလောင်း အဲဒီအပေါ်မှာချမှတ်ထားတဲ့ စည်းကမ်းတွေကိုလည်း လိုက်နာကြတယ်ဆိုတော့ ငွေကြေးအရှုံးအနိုင်ကလွဲလို့ တခြားလောင်းကစားတွေမှာ ဖြစ်လေ့ဖြစ်ထ,ရှိတတ်တဲ့ လောင်းကြေးမပေးတာတို့၊ အရှုံးအနိုင်ငြင်းတာတို့၊ ခိုက်ရန်ဖြစ်ပွားတာတို့ဆိုတာကတော့ ကျွန်တော်တို့ ထူးတောရွာမှာ မရှိသလောက်ကို ရှားပါတယ်။

❑

**ကိုယ့်လူတို့ဘက်က ကြိုက်ကျွဲကို ခေါ်လာခဲ့ပါ အရေးကြီးတာက ကျုပ် ကျွဲနဲ့ပြိုင်မယ့် ကျွဲဟာ ကျွဲအထီးတစ်ကောင် ဖြစ်နေဖို့ပါပဲ ဘယ်လို ကျွဲမျိုးလာလာ ကျုပ်ဘက်က ပြောစရာမရှိပါဘူး**

**အခန်း-၂**

တစ်ရွာလုံးက လူအများစုကတော့ လယ်ယာစိုက်ပျိုးရေးကိုပဲ အဓိကထားလုပ်ကိုင်ကြတာဆိုတော့ အသီးအနှံပေါ်ချိန် ငွေစကြေးစလေးတွေ ရွှင်ချိန်မျိုးမှာတော့ ဒီလိုလောင်းကစားပွဲတွေက ပိုပြီးဖြစ်လေ့ရှိတတ်တယ်။

တခြားအချိန်တွေမှာတော့ စားကြေး၊ သောက်ကြေးလောက်သာ အပျော်သဘောမျိုးလုပ်တတ်ကြပေမဲ့ ငွေရွှင်လာတဲ့ ဒီလိုအချိန်မျိုးမှာတော့ သိန်းနဲ့ချီပြီး လောင်းကြေးပေါက်တဲ့ စီးပွားရေးဆန်ဆန် ပွဲကြီးပွဲကောင်းတွေကလည်း နှစ်တိုင်းလိုလို ရှိနေကျပါပဲ။

ဒီနေရာမှာ ကျွန်တော်တို့ ရွာရဲ့ လောင်းကစားပြိုင်ပွဲတွေနဲ့ ပတ်သက်ပြီး နည်းနည်းလောက်တော့ ရှင်းပြဦးမှဖြစ်လိမ့်မယ်ထင်တယ်ဗျ။ ကျွန်တော်တို့ ထူးတောရွာမှာ ပွဲကအများသား။ ကြက်ပွဲ၊ ကျွဲပွဲ၊ လှေပြိုင်ပွဲ၊ စက်တပ် လှေပြိုင်ပွဲ၊ လော်စပီကာ(အသံချဲ့စက်)ပြိုင်ပွဲ အစုံပါပဲ။

ထားပါတော့ဗျာ။ ဒါတွေကို တစ်ခုချင်းရှင်းပြနေရင် အချိန်ကြာသွားမှာစိုးလို့ အကုန်တော့ ရှင်းမပြောတော့ဘူး။ ဒီအထဲက လောင်းကြေးလည်းအများဆုံးထွက်တဲ့၊ လူစိတ်အဝင်စားဆုံးဖြစ်တဲ့ ကျွဲပွဲအကြောင်းပဲ ပြောပါတော့မယ်ဗျာ။ ကျွန်တော်တို့ဆီက ကျွဲပွဲဆိုတာက ဝါးနဲ့လုပ်ထားတဲ့ ကျွဲရုပ်ကြီးတွေထဲကို လူဝင်က,တဲ့ပွဲမျိုး မဟုတ်ဘူးဗျ။ တကယ့်သက်ရှိ ကျွဲပေါက်ကြီးနှစ်ကောင်ကို လယ်ကွင်းပြင်မှာ သူနိုင်ကိုယ်နိုင် ခတ်ခိုင်းတဲ့ပွဲ။

ပွဲမလုပ်ခင်ကတည်းက ပွဲလုပ်မယ့် လယ်ကွင်းတစ်နေရာမှာ ပွဲကြည့်ဖို့အတွက် ဝါးနဲ့ လင့်စင်တွေထိုးကြရတယ်။ ဒါကလည်း ကျွဲပွဲမှာ ကျွဲနှစ်ကောင်ခတ်တဲ့အခါ ရှုံးကျွဲကပြေးလို့ရှိရင် အားကိုးတဲ့အနေနဲ့ လူတွေရှိတဲ့ဘက်ကို ပြေးတတ်တယ်။ ဒီအချိန်မှာ နိုင်ကျွဲက နောက်က အတင်းလိုက်ခတ်တတ်တော့ ကျွဲပွဲကြည့်တဲ့သူတွေအဖို့ အန္တရာယ်ရှိတတ်တဲ့အတွက် ကျွဲပွဲဆိုရင် ဝါးစင်နဲ့ပဲ ကြည့်ကြတာပါ။

ပြောရရင်တော့ ကြက်ပွဲတိုက်သလိုမျိုး ကျွဲပွဲကလည်း တကယ့်ပီဘိ ကျွဲပေါက်ကြီးတွေကို လောင်းကြေးတွေထပ်ပြီး အရှုံးအနိုင်တိုက်တဲ့ပွဲပေါ့ဗျာ။

နှစ်ကောင်ယှဉ်ခတ်တဲ့အချိန်မှာ ရှုံးကျွဲက ထွက်ပြေးလို့ နိုင်ကျွဲက နောက်ကလိုက်ပြီဆိုရင် ဒိုင်ပွဲရပ် အရှုံးအနိုင်ပေါ်ပြီပဲ။ ဒီအချိန်မှာ ကျွဲထိန်းတဲ့သူတွေက ကိုယ့်ကျွဲကိုယ်ပြန်သိမ်းပြီး ပေါက်တဲ့လောင်းကြေးကို ရှုံးကျွဲသမားဘက်က ပေးရတယ်။

တချို့ပွဲတွေမှာ ကျွဲရှင်အချင်းချင်း ကြေးရင်းက သုံးလေးသိန်းလောက်ပေါက်ပေမဲ့ ဘေးကလူတွေရဲ့ ပိုးကြေးတွေ၊ ထပ်ကြေးတွေနဲ့ဆို ကျွဲပွဲတစ်ပွဲရဲ့ လောင်းကြေးက သိန်းကို ဆယ်ဂဏန်းလောက်ရှိတတ်တယ်။ ပြောရရင်တော့ ရွာမှာလုပ်တဲ့ လောင်းကစားတွေထဲမှာတော့ ဒီကျွဲပွဲက လူစိတ်အဝင်စားဆုံးပါပဲ။

တချို့နှစ်တွေဆို တခြားနယ်က ပြိုင်ပွဲဝင်နာမည်ကြီးကျွဲတွေပါရောက်လာတတ်သေးတယ်ဗျ။ ဒါပေမဲ့ ဘယ်က ကျွဲပဲရောက်လာလာ ကျွန်တော်တို့ ရွာခံကျွဲတွေဖြစ်တဲ့ ဆိုးပေတို့၊ နက်ကျော်တို့၊ ပေသီးတို့ ဆိုတဲ့ တိုက်ကျွဲပေါက်တွေကို အနိုင်ခတ်ပြီး ဗိုလ်စွဲနိုင်တဲ့ ကျွဲတော့ [illegible] မလာသေးပါဘူး။

ဒီအထဲကမှ ကိုညီမောင်ရဲ့ကျွဲ ပေသီးက ဒီရွာ[illegible] နီးချုပ်စပ်မှာ လက်ရှိချိန်[illegible] ပေါ့ဗျာ။ ကိုညီမောင်[illegible] လည်း သူ့ကျွဲကို ဖူးဖူးမှုတ်[illegible] ထားတာလေ။ ထားမှာပေါ့ ဗျာ၊ ပေသီးရှာပေးတဲ့ငွေ[illegible] ကိုညီမောင်ကို အ[illegible] ပြောင်းသွားစေတာပဲဟာ[illegible]

www.burmeseclassic.com

ကိုညိုမောင် လယ်ဆယ်ကေကို သုံးနှစ်လောက်လုပ်တောင် မမီဘူးဗျ။ စဉ်းစားကြည့်လေ သိန်းဆယ်နဲ့ချီတဲ့ ပွဲကြီးတွေမှာ ပေသီးက သုံးလေးနှစ် ဆက်တိုက်နိုင်ခဲ့တာကိုးဗျ။

ဟိုးတမြန်နှစ်ကများ ဆို ပေသီးက သူ့ပြိုင်ဘက် ကျွဲတစ်ကောင်ကို လယ်ကွင်းထဲမှာတင် အသေခတ်ပြီး ဒိုင်ပွဲရပ်နိုင်ခဲ့တာလေ။ အဲဒီက စလို့ ဒီနယ်တစ်ဝိုက်က ကျွဲသမားတွေက ပေသီးဆိုရင် လက်ဖျားခါသွားကြတာ အခုဆို ပြိုင်ဘက်ကင်းသလိုဖြစ်နေတာဗျ။

ကိုညိုမောင့်အဖို့တော့ ပြိုင်ဘက်ကင်း ကျွဲတစ်ကောင်ရဲ့ ပိုင်ရှင်ဆိုပေမဲ့ တစ်ဖက်ကပြန်ကြည့်ရင် ဒီကိစ္စက သူ့ရဲ့ ဝါသနာနဲ့ စီးပွားရေးကိုပါ တုတ်နဲ့ထိုးခံနေရသလိုပဲ။ သူ့ကျွဲပေသီးကို အသေပွဲ တစ်ပွဲ ခတ်ပြီးကတည်းက ကြေးလာစပ်တဲ့သူ မရှိတော့တာ အခုအထိပဲ။ ဒီတော့ ကိုညိုမောင်လည်း တခြားကျွဲတွေ ပွဲဖြစ်ရင် ပိုးကြေးထပ်ကြေးဝင်လောင်းတာ ကလွဲလို့ အလုပ်သိပ်မဖြစ်ဘူးပေါ့။

တစ်ခါတလေများ ပေသီးကို အစာကျွေး၊ ရေတိုက် လုပ်နေရင်းက ကြေးကြီးကြီး တစ်ပွဲလောက် လာစပ်မယ့် သူကို မျှော်မိတာ ခဏခဏပါပဲ။

❑

**အခန်း-၃**

'အဓိကကတော့ ပွဲဖြစ်ဖို့ပါပဲ။

'ကိုယ့်လူတို့ဘက်က ကြိုက်ကျွဲကို ခေါ်လာခဲ့ပါ၊ အရေးကြီးတာက ကျုပ်ကျွဲနဲ့ ပြိုင်မယ့်ကျွဲဟာ ကျွဲအထီး တစ်ကောင်ဖြစ်နေဖို့ပါပဲ။ ဘယ်လိုကျွဲမျိုးလာလာ ကျုပ်ဘက်က ပြောစရာမရှိပါဘူး'

ကိုညိုမောင်တစ်ယောက် အဲဒီလိုပဲ ဝမ်းသာအားရနဲ့ မဆင်မခြင်ပြောလိုက်တယ်။

သူ့စိတ်ထဲမှာ ပွဲမဖြစ်တာလည်း နည်းနည်းကြာသွားတော့ သူ့ကျွဲကလည်း နာမည်ကြီးဆိုတော့ ပွဲပျက်သွားမှာလည်း စိုးရိမ်နေမိတယ်ထင်ပါရဲ့။

ဒါကို တစ်ဖက်က ကျွဲပွဲလာစပ်တဲ့လူကလည်း လူလည်ဆိုတော့ ရိပ်မိပုံရတယ်။

'ကျွန်တော်တို့ဘက်ကလည်း နာမည်ကြီးကျွဲတစ်ကောင်နဲ့ ယှဉ်ရမှာဆိုတော့ အတတ်နိုင်ဆုံး ယှဉ်နိုင်မယ့် ကျွဲမျိုးကိုတော့ ရွေးလာရမှာဆိုတော့ နောင်ကြီးတို့ဘက်က ဘယ်လိုစည်းကမ်းသတ်မှတ်ချက်တွေများရှိသေးလဲဗျ' ဆိုပြီး ကိုညိုမောင်ဘက်က စကားကို သေချာအောင် ထပ်ပြီးနှိုက်ထုတ်လိုက်တယ်။ ဒါကို မရိပ်မိတဲ့ ကိုညိုမောင်ကတော့ ပွဲဖြစ်ချင်စိတ်တစ်ခုတည်းနဲ့ ပွဲပျက်မှာစိုးတာရယ်၊ သူ့ကျွဲပေသီးအပေါ်မှာ ယုံကြည်မှုပိုလွန်းတာရယ်ပေါင်းပြီး-

'ကျုပ်ပြောပြီးပါပကောဗျာ။

'ကျွဲအထီးဆိုရင် ကြိုက်တဲ့ကျွဲခေါ်လာခဲ့'ဆိုပြီး ပြောလိုက်တယ်။

ဒီတော့ ဟိုဘက်ကလူက-

'ဟုတ်ပါပြီဗျာ၊ နောင်ကြီးကျွဲကလည်း ပြိုင်ဘက်ကင်းဆိုတော့ ပြောအားရှိပေမပေါ့'

'အဓိကပြောချင်တာကတော့ ကျုပ်တို့ဘက်က ပြိုင်ပွဲဝင်မယ့်ကျွဲဟာ နောင်ကြီးပြောသလို ကျွဲအထီးတစ်ကောင်ဖြစ်နေဖို့တော့ ရဲရဲကြီး အာမခံပါတယ်။ ဒါပေမဲ့ ကျုပ်တို့စိတ်ကြိုက် ရွေးချယ်ထားတဲ့ ကျွဲအထီးတစ်ကောင်တော့ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်'။ အဲဒီလိုပြောလိုက်တော့-

'ဟုတ်ပြီ ကိုယ့်လူ၊ ဒီလောက်ဆို ရပြီ။ ကျွန်တော်ကတော့ ကျွဲပွဲတစ်ခုရဲ့ ထုံးစံအတိုင်း ကျုပ်ကျွဲပြေးရင် ကျုပ်အရှုံးပဲ၊ ခင်ဗျားကျွဲပြေးရင် ခင်ဗျားတို့အရှုံး၊ ခတ်ရင်းသားနဲ့ သေခဲ့ရင်လည်း ကိုယ့်အမဲ ကိုယ်ထမ်းပြန်ကြပေါ့။ အဓိကကတော့ လောင်းကြေးများများထွက်ဖို့ပဲ'

အဲဒီလိုလည်းပြောလိုက်ရော။ ကျွဲပွဲလာစပ်တဲ့သူကလည်း ဒီနေ့ကနေ နောက်လာမယ့် ခုနစ်ရက်မြောက်တဲ့နေ့မှာ သူတို့ဘက်က ကျွဲတစ်ကောင်ခေါ်လာပြီး ကျွဲပွဲလုပ်မယ့်အကြောင်း ရက်ချိန်းအတိအကျပေးပြီး ပြန်သွားတယ်။

အဲဒီနောက်မှာတော့ ကျွန်တော်တို့ ထူးတောတစ်ရွာလုံးက ဝါသနာအိုးတွေလည်း နာမည်ကြီး ပေသီးနဲ့ တခြားနယ်က ကျွဲ ယှဉ်ပြိုင်ခတ်ကြမယ့်ပွဲကို မျှော်လင့်စောင့်စားနေကြတာပေါ့ဗျာ။

❑

**အခန်း-၄**

ဒီနေ့ ကျွဲပွဲစမယ့်နေ့။

ပေသီးရဲ့ကျွဲထိန်း ကိုဖိုးနီက ထုံးတမ်းအစဉ်အလာအရ ကြက်ကြော်တစ်ပွဲ၊ ဆေးလိပ်တစ်လိပ်၊ အရက်တစ်လုံးနဲ့ ကိုအောင်နိုင်နတ်ကို ပင့်ဖိတ်ပြီး ကျွဲအပ်လိုက်တယ်။

ခဏကြာတော့ မှ မြှောက်ထားတဲ့ အရက်ပုလင်းကိုဖွင့်ပြီး တိုက်ကျွဲ ပေသီးရဲ့ ငယ်ထိပ်ပေါ်ကို နည်းနည်းလောင်းချလိုက်တယ်။ ပြီးတော့ ရှာပန်းနီ တစ်စကို ပေသီးရဲ့ ချိုဖျားမှာ စည်းပြီး အရက်ပုလင်းထဲက အရက်နှစ်ငုံ၊ သုံးငုံလောက်ကို သောက်လိုက်ကာ အရက်ပုလင်းကို ခါးကြားထိုးပြီး ကျွဲပွဲလုပ်မယ့် လယ်ကွင်းဆီ ပေသီးကို ခေါ်လာခဲ့တော့တယ်။

အဲဒီအချိန်မှာပဲ တခြားရွာက ပေသီးနဲ့ တိုက်မယ့်ကျွဲကို မြစ်ဆိပ်မှာကပ်ထားတဲ့ မော်တော်ကြီးတစ်စင်းထဲကနေ ကုန်းပေါင်ပြားတွေခင်းပြီး အပေါ်ကို တင်လာကြတယ်။ ဒါပေမဲ့ အဲဒီ တိုက်ကျွဲကို ဖြူသလား၊ မည်းသလား၊ ချိုနေချိုထား၊ ကိုယ်နေဟန်ထား ကျွန်တော်တို့ရွာသား ဘယ်သူမှ မြင်ခွင့်မရကြဘူးဗျ။

ဘာကြောင့်လဲဆိုတော့ သူတို့ကျွဲကို ပြိုင်ပွဲလုပ်မယ့် လယ်ကွင်းဆီမရောက်မချင်း ကျွဲတစ်ကောင်လုံး မမြင်ရလောက်အောင် ပိတ်ဖြူစတွေနဲ့ ဝိုင်းပတ်ကာပြီး ခေါ်လာကြတာလေ။

ဒါကလည်း ကျွဲပွဲတစ်ခုရဲ့ ထုံးစံစည်းမျဉ်းအရ ပွဲမစခင်မှာ ကျွဲတစ်ကောင်နဲ့ တစ်ကောင် အမြင်မခံစေချင်ဘူးဆိုတဲ့ သဘောလည်း ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်လေ။ ဒီတော့ အကုန်လုံးကလည်း ကျွဲနှစ်ကောင်စ,ခတ်မယ့်အချိန်ကိုပဲ မျှော်လင့်နေကြတာပေါ့။ ဒီအချိန်မှာတော့ တစ်ဖက်က ကျွဲကို မြင်ရတော့မှာ မဟုတ်လားဗျ။

သိပ်မကြာလိုက်ပါဘူး။ နှစ်ဦးနှစ်ဖက် ကျွဲရှင်တွေလောင်းကြေးထပ်ကြတယ်။ ကိုယ့်ရွာက ကျွဲအကြောင်း သိပြီးသားဆိုတော့ တစ်ရွာလုံးကလည်း ပေသီးဘက်ကနေ တတ်နိုင်သလောက် ထည့်လောင်းကြတာနဲ့ဆို လောင်းကြေးက သိန်းဆယ်ဂဏန်း ကျော်သွားတယ်။

အဲဒီလို လောင်းကြေးထပ်ပြီးတဲ့အချိန်မှာတော့ ကျွဲထိန်း ကိုဖိုးနီက တိုက်ကျွဲနှစ်ကောင်ရဲ့ ကြားမှာ ခြားကာထားတဲ့ ကန့်လန့်ကာစ,ကို ဖြုတ်လိုက်နေပါပြီ။ မကြာခင်မှာပဲ ကျွဲနှစ်ကောင်ရဲ့ သူနိုင်ကိုယ်နိုင် အပြိုင်ခတ်တော့မှာကို ရင်သပ်ရှုမောမြင်ရတော့မှာမို့ ပွဲကြည့်ပရိသတ်တွေ အကုန်လုံးရဲ့ မျက်လုံးတွေက ကိုဖိုးနီဆီမှာ ရောက်နေကြလေရဲ့။

❑

**အခန်း-၅**

ဒါပေမဲ့ အဲဒီပွဲမှာ ကျွန်တော်တို့ နယ်တစ်ဝိုက်က နာမည်ကြီး တိုက်ကျွဲကြီး ပေသီးဟာ ပွဲစပြီး မိနစ်ပိုင်းမှာပဲ အမြီးထောင်ပြီးထွက်ပြေးသွားတဲ့အတွက် ဒိုင်ပွဲရပ်ပြီး အရှုံးပေးလိုက်ရပါတယ်။

ဒါတင်မကဘဲ အဲဒီနေ့က ကျွဲပွဲဟာ ဟိုးအရင် ကျွဲပွဲတွေတုန်းကလို သည်းထိတ်ရင်ဖိုရှုစားရမယ့် အစားတဝါးဝါး တဟားဟားနဲ့ ရယ်မောသံတွေရဲ့ကြားမှာပဲ ဟာသမြောက်စွာနဲ့ ပေသီးတစ်ကောင် ရှုံးကျွဲဘဝကို ရောက်ခဲ့ရတယ်ဆိုပါတော့ဗျာ။

> ပြိုင်ပွဲဝင်မယ့်
> ကျွဲဟာ
> နောင်ကြီး
> ပြောသလို
> ကျွဲအထီးတစ်ကောင်
> ဖြစ်နေဖို့တော့
> ရဲရဲကြီး
> အာမခံပါတယ်
> ဒါပေမဲ့
> ကျုပ်တို့စိတ်ကြိုက်
> ရွေးချယ်ထားတဲ့
> ကျွဲအထီး
> တစ်ကောင်တော့
> ဖြစ်ကောင်း
> ဖြစ်ပါလိမ့်မယ်

ဖြစ်ပုံကိုလည်း ကြည့်ဦး။

ကျွဲနှစ်ကောင်ရဲ့ ကြားက ကန့်လန့်ကာစကို ဖြုတ်လိုက်တဲ့အချိန်မှာပဲ လုံးဝထင်မှတ်မထားတဲ့မြင်ကွင်းတစ်ခုကြောင့် ကျွဲပွဲလာသူအကုန်လုံးရဲ့ နှုတ်ဖျားက ဟာခနဲ၊ ဟင်ခနဲ ဆိုတဲ့ အာမေဋိတ်သံတွေ ထွက်ကုန်ကြတော့တယ်။

ဒီအချိန်မှာပဲ တစ်ဖက်က တစ်နှစ်သားလောက်ရှိမယ် ထင်ရတဲ့ ကျွဲပေါက်စနလေးက သူ့ရဲ့ရှေ့မှာ ဘွားခနဲမြင်လိုက်ရတဲ့ တိုက်ကျွဲကြီးပေသီးဆီကို သူ့အမေ ကျွဲမကြီး အထင်နဲ့ အတင်းပြေးတဲ့ပြီး ပေါင်ကြားထဲ ခေါင်းဝင်တိုးကာ အဝှာနေရာကို ပါးစပ်နဲ့ ကိုက်၊ နို့အမှတ်နဲ့ အတင်းခေါင်းနဲ့တိုက်ပြီး စို့တော့တာပေါ့ဗျ။

မြန်လွန်းတဲ့အဖြစ်ဆိုတော့ ပေသီးလည်း အလစ်ခံလိုက်ရတာပေါ့။

အဲဒီမှာ ရှုံးတော့တာပဲ။ ပေသီးလည်း ကျွဲဆိုပေမဲ့ ဘာသားနဲ့ ထုထားတာမှတ်လို့။ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်ပဲ ဘယ်လာခံနိုင်ပါ့မလဲ။ ပြီးတော့ သူက ကျွဲပေါက်ကြီးလေ။ နို့တိုက်ဖူးတဲ့ သားသယ်မအေ ကျွဲမမှမဟုတ်တာ။ ကျွဲလေးက ပေါင်ကြားထဲ ခေါင်းတိုးနေလို့ ယားရတဲ့အထဲ သူ့ရဲ့အဝှာနေရာကိုပါ နို့အမှတ်နဲ့ ဖိကိုက်ထားတော့ ဘယ်ကြာကြာ တောင့်ခံနိုင်ပါ့မလဲဗျာ။

ဒါပေမဲ့ ခဏလောက်တော့ ကျွဲလေးကို လှည့်ခတ်ဖို့ ကြိုးစားပါသေးတယ်။

သူကလှည့်ပြီး ချိန်နဲ့ကလော်မယ်ပြင်လိုက်၊ ကျွဲလေးကလည်း သူ့အထာကို သိနေသလိုမျိုး တစ်ဖက်ဘေးကို ကပ်ရှောင်လိုက်လုပ်နေတော့တာကိုး။ ဒီကြားထဲ ကျွဲလေးက အဝှာကို မလွှတ်တမ်းဖိကိုက်ထားသေးတာဆိုတော့ မခံစားနိုင်တော့တဲ့ ပေသီး တစ်ခါတည်း အမြီးထောင်ပြီးပြေးရတော့တာပဲဗျ။

အဲဒီနေ့က ကျွဲပွဲလာသူအကုန်လုံး ပေသီးရဲ့အဖြစ်ကို ကြည့်ပြီး မပြုံးဘဲနဲ့ ဝါးလုံးကွဲ ရယ်ကြရတဲ့အဖြစ်ပေါ့ဗျာ။ ဒီ အထဲ မရယ်နိုင်တာဆိုလို့ ကျွဲရှင် ကိုညိုမောင်တစ်ယောက်ပဲ။ အဲဒီနေ့က သူ့မျက်နှာကြီးက ပြုတော့မယ့်မိုးလို ညိုလို့ဗျ။ တစ်ခုခုကိုပြောချင်ပုံရပေမဲ့ သူ့ပါးစပ်က ဘာစကားမှ ထွက်မလာခဲ့ဘူး။

အရပ်စကားနဲ့ပြောရရင်တော့ ထူးတောတစ်ရွာလုံး ဒီပွဲမှာ မီးခိုးတိတ်တယ်လို့ ပြောရမှာပဲ။ ဟုတ်တယ်လေ ဗျာ။ ပေသီးကို ကျိန်းသေ တွက်ပြီး တစ်ရွာလုံး ရှိသမျှ လေးတွေ ပုံအောလိုက်ကြတာ အခု ပေသီးက ပြေးပြီဆိုတော့ ကျွန်တော်တို့လည်း မီးခိုးတိတ်ပြီပေါ့။ တကယ်တော့ ကိုညိုမောင် မစဉ်းစားဘဲ ပြောမိလို့ အခုလိုဖြစ်ရတာလေ။

အခုလည်း သူတစ် ယောက်တည်း မရယ်နိုင်တာ ဒါကြောင့်ပဲဖြစ်ရမယ်။ တကယ်တော့ ကျွဲပွဲလာစ တဲ့နေ့က သူပြောလိုက်မိတဲ့ စကားကို ဟိုတစ်ဖက်က တွေက အပိုင်နင်းပြီး လုပ် လိုက်တာကိုးဗျ။ အခုမှတော့ ဘာသွားပြောလို့ရမတုံးဗျာ။

အခု သူတို့ခေါ်လာတဲ့ တိုက်ကျွဲဆိုတာလေးကလည်း ပွဲစပ်တုန်းကပြောခဲ့သလို ကျွဲ အထီးလေးပါပဲ။ ဒါပေမဲ့ နို့ တောင်မပျက်သေးတဲ့ ကျွဲ ပေါက်စနလေးလေဗျာ။

ဒီကျွဲလေးကိုမှ သူ့အမေ ကျွဲမကြီးနဲ့ ခွဲသိပ်ပြီး ငါးရက်လောက် နို့မတိုက် ခေါ်လာခဲ့တာဆိုပဲ။ ■

**စာကလေး၊ ...**



www.burmeseclassic.com

*စာမျက်နှာ(၂၁၇)မှ…*

အသံက တစ်ချက်ထက် တစ်ချက် တိုးသွားတယ်။ နားထဲက သွေးစတွေထွက်တာ တစ်ပတ်လောက်နေမှ ရပ်တယ်။ ကျုပ်မိန်းမနဲ့ စကားပြောရင် သူ အတော်လေး အော်ပြောလာရတယ်။ ကျုပ်တော်ရုံအသံနဲ့ မကြားရတော့ဘူး။ အရင်က ကျုပ် အိမ်ကြမ်းခင်းတွေ သံချက်ကြွနေတာ လမ်းလျှောက်တိုင်း မြည်နေပေမဲ့ အခု အဲဒီအသံက အစ မကြားရတော့ဘူး။ ကွမ်းထွေးသံလောက်ကတော့ ဘယ်နည်းနဲ့မှ ကြားစရာအကြောင်းမရှိဘူး။ ဒါပေမဲ့ဗျာ…။ နေ့နေ့ညည လူရိပ်မြင်တာနဲ့ အဲဒီကွမ်းထွေးသံကို ပြတ်ပြတ်သားသားကြီးကို ကြားနေရတုန်းပဲ။

အိမ်နားမှာ ကွမ်းထွေးသံတွေ စိပ်လာလို့ ကျုပ်မိန်းမကို ဘယ်သူထွေးသွားလဲ လိုက်ကြည့်ခိုင်းရင် ဒီမိန်းမကပါ ကျုပ်ကိုညာတယ်။ ဘယ်သူမှ မရှိဘူးတဲ့လေ။ နားနဲ့ ဆတ်ဆတ်ကြားရတဲ့ ကျုပ်ကပဲ ရူးနေသလိုလိုပဲ။ အပမှီထားတဲ့လူကို ကြည့်တဲ့ မျက်နှာပေးမျိုးနဲ့ ဒီမိန်းမက ကြည့်လာတယ်။

တစ်ခါ တစ်ခါလည်း ပေါက်စ ရောက်လာတတ်တယ်။ နေကောင်းလား၊ အရက်သောက်မလား မေးတယ်။ သိပ်ကြာကြာမနေဘူး။ ပုလင်းလေး,ငါးလုံး ချထားပြီး ပြန်သွားရော။ ကျုပ်အကြောင်း ဒီကောင် ဘာမှ မပြောလောက်ဘူးတော့ ထင်တာပဲ။ ဒါပေမဲ့ နောက်ပိုင်း ကျုပ်အိမ်ခေါင်းရင်းမှာ ကွမ်းထွေးသံက ပိုပြီး

ဒေါ်ခင်မျိုးချစ်ဆိုတဲ့
စာရေးဆရာမက
ပြောသတဲ့
ကွမ်းစားတဲ့အခါ
ကွမ်းသီးစိတ်တွေ
မညက်ခင်
ကိုယ်
ကြုံဖူးတဲ့
မကျေနပ်စရာ
အကြောင်းကို
တွေးလို့
ကွမ်းသီးစိတ်ကို
အံကြိတ်လိုက်ပါတဲ့
ကွမ်းသီးလေးများ
ညက်လို့
စားကောင်းရင်
ဘဝရဲ့
ကြည်နူးစရာ
အကြောင်းတွေ
ပြန်တွေးပြီး
စားမြုံ့
ပြန်လိုက်ပါတဲ့


စိပ်လာသလိုပဲ။ ဒီကောင်မပြောရင် ဘယ်သူမှ မသိနိုင်တဲ့ ကိစ္စလေ။ ကျုပ်ဆီကို လာတယ်ဆိုတာကလည်း ကျုပ်ရဲ့ ကျန်းမာရေးကို မသိမသာ စနည်းနာရအောင် လာတာလည်း ဖြစ်နိုင်တာပဲ။ သန်းအေး ပြန်ပြောတာတော့ ကျုပ် နေမကောင်းဖြစ်နေတုန်း ရပ်ရေးရွာရေးကို ဖိုးရွှေက ဦးဆောင်လုပ်သတဲ့။ ဖိုးရွှေ ကာလသားခေါင်း လုပ်နေရာက အလှမ်းကျယ်လာတယ်။ ကျုပ်က ရွာကို အနိုင်ကျင့်တဲ့အကြောင်းတောင် သင်းက ပြောချင်ပြောနေမှာ။ ဖိုးရွှေဆိုတာ အရင်ကဆိုရင် ကျုပ်ကို မော်တောင်ကြည့်ရဲတဲ့လူစား မဟုတ်ဘူး။ နေကောင်းလာမှ ကျုပ်လက်သီးဆုပ်သာသာရှိတဲ့ ဖိုးရွှေရဲ့ ခေါင်းကို ဖရဲသီးခွဲသလို ထိုးခွဲပစ်လိုက်ဦးမယ်။ လောလောဆယ်တော့ ကျုပ်အိပ်တဲ့ ခြင်ထောင်တောင် ကျုပ် မချနိုင်သေးဘူး။ မျက်နှာကို ပြန်စမ်းကြည့်တယ်။ ပါးရိုးတွေတောင်ပေါ်နေပြီ။ မရိတ်ရတာကြာလို့ မုတ်ဆိတ်ကျင်စွယ်တွေက လက်နှစ်သစ်လောက် ရှည်နေပြီ။ ဘယ်အချိန်က နောက်ဆုံး လျှော်ခဲ့သလဲ မမှတ်မိတော့တဲ့ တိုက်ပုံအင်္ကျီ ရင်ဘတ်အကွဲမှာ ဗိုက်တစ်ခုကလွဲလို့ တစ်ကိုယ်လုံး ချောင်ကျနေတာ ကြည့်မိတိုင်း ကျုပ် စိတ်ဆင်းရဲရတယ်။ လက်ဖျံတွေမှာလည်း အကြောတွေက သွေးဝ,နေတဲ့ ကျွဲမြော့တွေလို ခုံးထနေတာကလွဲရင် အသားရှာမရဘူး။ အိမ်ကို လာကုပေးနေတဲ့ အပ်ပုန်း ထွန်းကြည်ရဲ့ ဆေးကလည်း နေ့ရှိသရွေ့ ဒါပဲ။ သက်သာလာတယ်လို့ကို မထင်ရတာ။ ပြီးတော့ တိုးတိုး၊ တိုးတိုးနဲ့ ကျုပ်မိန်းမ သန်းအေးကို ဘာမှာတယ် မသိဘူး။ ဟိုဟာမက ဆေးရုံသွားမယ်ချည်း လုပ်နေတယ်။ ဆေးရုံကို သွားမယ်သာ ပြောနေတာ ဒီကောင်မက ကျုပ်အနားကပ်ရင်တောင် နှာခေါင်းလေး ရှုံ့ကာ ရှုံ့ကာနဲ့။ နှစ်ယောက်လုံးကို ထ,ကန်လိုက်ရမကောင်း ရှိတော့မယ်။

မှေးခနဲ အိပ်ပျော်သွားတော့ အိမ်ပေါ်ကို ပေါက်စနဲ့ ဖိုးရွှေ တက်လာတယ်။ ပါးစပ်တွေကလည်း ကွမ်းတပွက်ပွက်နဲ့။ ကျုပ်မကြိုက်မှန်းသိလျက်နဲ့၊ ဒါ တမင်လုပ်လာတာ။ ပြီးတော့ ကျုပ်ခြင်ထောင်ကို လှန်ကြည့်တယ်။ ကျုပ် မလှုပ်နိုင်သေးဘူး။ ဒီကောင်တွေ ရဲတင်းလာပြီးတော့ ကျုပ်ရင်ဘတ်ပေါ်အထိ ခွထိုင်တယ်။ ဖိုးရွှေရဲ့ ဘေးမှာ ပေါက်စက ပြုံးပြုံးကြီး ကျုပ်ကို ကြည့်နေတယ်။ ကျုပ်မိန်းမကို လှမ်းကြည့်တော့ သူနဲ့ ဘာမှမဆိုင်သလိုပဲ။ ပြောင်းဖူးဖက်ဆေးလိပ်ကိုတောင် မီးတွေရဲနေအောင် ဖွာလိုက်သေးတယ်။ ကျုပ်ဒေါသ ထွက်လိုက်တာ၊ ဘာပြောကောင်းမလဲ။ ဒါပေမဲ့ မလှုပ်နိုင်ဘူး။ ဒေါသထွက်ရာက တဖြည်းဖြည်းနဲ့ ကျုပ် ကြောက်လာတယ်။ ခြေထောက်တွေရော၊ လက်တွေကိုပါ ကြိုးတုပ်ထားသလိုပဲ။ ကျုပ် တစ်တစ်ခွခွ ဆဲတယ်။ ဘာအသံမှ ထွက်မလာဘူး။ တစ်ခါမှ တွေးမကြည့်ဖူးတဲ့ အခြေအနေပဲ။ ဖိုးရွှေက အပေါ်စီးက ကြည့်ပြီးတော့ သူ့ပါးစပ်ထဲက ကွမ်းအပြည့်ကြီးနဲ့ အားရပါးရ 'ထွီ' ခနဲ ကျုပ်မျက်နှာပေါ်ကို ထွေးချလိုက်တယ်။ မျက်နှာ၊ ပြီးတော့ ပါးစပ်ကတစ်ဆင့် ဝမ်းထဲအထိပါ ကွမ်းသွေးတွေ ဝင်ကုန်သလိုပဲ။ အူတွေ၊ အသည်းတွေပါ ပြောင်းပြန်လန်ကုန်သလားထင်ရတယ်။ တစ်ကိုယ်လုံး တုန်တက်ပြီး အမှောင်တစ်ခုကိုပဲ ထင်ထင်ရှားရှား ကျုပ် မှတ်မိတယ်။

■

**ကိုစက်ဖေ**

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ဖို့ နိုင်ငံခြားသို့ ကျွန်တော်ထွက်ခဲ့စဉ်က သမီးလေး၏ အသက်သည် သုံးလခန့်သာ ရှိသေးသည်။

ဖိုးဝရုပ်လို ဖြူဖြူလုံးလုံးလေးဖြစ်ပြီး အမြဲတမ်း ပြုံးပြုံးရယ်ရယ် နေလေ့ရှိသော သမီးလေးမှာ အင်မတန် ချစ်စရာကောင်းသည်။ အိပ်ရာထက်တွင် ပက်လက်လှန်ချထား၍ မရတော့။ ကိုယ်ကိုစောင်းပြီး ဝမ်းလျားမှောက်ဖို့ ကြိုးစားတတ်သည်။

သမီးနှင့်အတူနေထိုင်ရစဉ်က သမီးကို ကျွန်တော် မှတ်မိခဲ့သည်မှာ ထိုမျှသာ ဖြစ်ပါသည်။

အတူတူ မနေကြရသော်လည်း သမီးလေး တဖြည်းဖြည်း ကြီးပြင်းလာပုံကို ကျွန်တော် လုံးလုံးလျားလျား မျက်ခြည်ပြတ်ခဲ့သည် မဟုတ်ပါ။ ထိုခေတ် ထိုအခါက အင်တာနက်စနစ်သည် ယခုကဲ့သို့ ဖွံ့ဖြိုးတွင်ကျယ်ခြင်း မရှိသေးသဖြင့် သမီးလေး၏ ရုပ်ပုံလွှာများကို ဖေ့စ်ဘွတ်ခ်ပေါ်မှာ မကြာခဏ ကျွန်တော် မြင်တွေ့ခွင့်မရ။ သို့ရာတွင် အိမ်မှ အခါအားလျော်စွာ ပို့ပေးနေသော ဓာတ်ပုံများကြောင့် သမီးလေးကြီးပြင်းလာပုံ အဆင့်ဆင့်ကို ကျွန်တော် မြင်တွေ့ခဲ့ရသည်။

သမီးလေး တွားသွားနေပုံ၊ လေးဖက်ထောက်နေပုံ၊ မတ်တတ်စမ်းနေပုံ၊ ဒယိမ်းဒယိုင် လျှောက်လှမ်းနေပုံ၊ တောက်တက်ခတ် ပြေးလွှားဆော့ကစားနေပုံ… စသည်။ အိမ်မှ စာလာသည့်အခါတိုင်း သမီးလေး၏ဓာတ်ပုံက ပါလာစမြဲ။ သမီးလေး၏ ဓာတ်ပုံများကို မြင်တွေ့လျှင် ကျွန်တော်သည် ထူးဆန်းသလိုလို၊ အံ့ဩသလိုလို ခံစားရသည်။

ကျွန်တော်တို့ အမှုမဲ့အမှတ်မဲ့ဖြင့် ဘာသိဘာသာ ကုန်ဆုံးနေခဲ့သည့် အချိန်များအတွင်းမှာ သမီးလေးက လျင်လျင်မြန်မြန်ပဲ ဖွံ့ထွားကြီးပြင်းနေသည်။

'သမီးလေး နေကောင်းလား။ ဖေကြီးကို မှတ်မိလား

အမှတ် ၃၃၁၊ ဇွန်၊ ၂၀၁၇


www.burmeseclassic.com

www.burmeseclassic.com

သမီးလေး စကားပြောတတ်သည့်အခါ အိမ်သို့ ကျွန်တော်ဖုန်းဆက်တိုင်း သမီးလေးနှင့် စကားပြောဖြစ်သည်။ မြင်ခွင့်တွေ့ခွင့် မရသော်လည်း သမီးလေး၏ အဖေသည် ဝေးမြေတစ်နေရာမှာ ရှိနေတာကို သမီးလေး သိစေချင်သည်လေ။

'ဟုတ်၊ မုန့်မုန့်ဝယ်ခဲ့'

သမီးလေး၏ မပီကလာ ပီကလာ စကားသံလေးများကို ကြားရတိုင်း ကျွန်တော့်ရင်ညွှန့်မှာ ရှုးခနဲဖြစ်ကာ မျက်ရည်လည်လာတတ်သည်။ အိမ်အလွမ်းဝေဒနာက အထွတ်အထိပ်သို့ ရောက်လာသည်။

ငွေရလိုမှုတစ်ခုတည်းကြောင့် အရာရာကို စွန့်လွှတ်ပေးဆပ်နေရသည့် ဘဝကို စိတ်ပျက်နေမိသည်။

ကျွန်တော့်ရုပ်ပုံကိုလည်း သမီးလေးက လုံးဝမမြင်မသိဘဲနေမှာတော့မဟုတ်ပါ။ ဓာတ်ပုံများမှတစ်ဆင့် မြင်ဖူးနေမှာ သေချာသည်။ သို့သော် သုံးလသမီး အရွယ်ကတည်းက သူမနှင့် ဝေးကွာခဲ့ပြီး ယခုထိလည်း လူကိုယ်တိုင်တစ်ခါမှ မမြင်ဖူးသော ဓာတ်ပုံထဲက လူကြီးတစ်ယောက်ကို ဖခင်ဟု သမီးက ယုံကြည်လက်ခံနိုင်ပါမည်လား။

သွေးက စကားပြောလိမ့်မည်…ဟုတော့ ဆိုကြသည်။

လောလောဆယ်၌မူ သမီးလေးက ကျွန်တော်နှင့် စကားပြောရသည်ကို သိပ်ပြီး လိုလိုလားလား ရှိပုံမရ။ မိခင်က အတင်းအကျပ် တိုက်တွန်း၍သာ စိတ်မပါဘဲ ပြောနေရဟန်တူသည်။ မေးလည်း ဖြေချင်မှ ဖြေ၏။ ငယ်လွန်းသေး၍ ဖြစ်မည်။

> ငွေကုန်ကြေးကျ
> များစွာဖြင့်
> ခက်ခက်ခဲခဲ
> ရယူပိုင်ဆိုင်ခဲ့ရသော
> ဤစာအုပ်နီလေးမှာ
> ကျွန်တော်တို့၏
> မျှော်လင့်ချက်
> ဖြစ်သည်
> အနာဂတ်ဖြစ်သည်
> ကိုယ့်ရပ်ကိုယ့်မြေမှာ
> မိသားစု
> ဘဝတစ်ခုကို
> အခဆင်ပြေအောင်
> မထူထောင်
> မတည်ဆောက်
> နိုင်သေးသူတို့
> အတွက်
> နောက်ဆုံး
> ထွက်ပေါက်ဖြစ်သည်

'အေးပါကွယ်။ ဖေကြီးပြန်လာတဲ့အခါ သမီးလေးအတွက် မုန့်မုန့်တွေရော၊ ရုပ်ရုပ်တွေပါ အများကြီး ဝယ်ခဲ့မယ်နော်'

'ဟုတ်'

ကျွန်တော် သက်ပြင်းချလိုက်သည်။ နောက်ထပ် ဘာစကားကိုပဲ ကျွန်တော်ပြောပြော သမီးထံမှ 'ဟုတ်'ဆိုသည့် စကားတစ်လုံးမှအပ အခြား မည်သည့်စကားကိုမှ ကြားရတော့မည် မဟုတ်။

အိမ်မပြန်မီအထိ ကျွန်တော်နှင့် သမီးတို့၏ ဆက်ဆံရေးမှာ ထိုအတိုင်းသာ ရှိခဲ့ပါသည်။

❑

ကျွန်တော် မြန်မာနိုင်ငံသို့ ပြန်လာသောအခါ သမီးက လေဆိပ်မှာ လာကြိုသည်။

မြင်လျှင်မြင်ချင်း သမီးကို သမီးမှန်း ကျွန်တော်သိ၏။ သမီးသည် ဓာတ်ပုံထဲကအတိုင်း အင်မတန် ချစ်စရာကောင်း၏။ ဆံပင်က ဖြောင့်ဖြောင့်စင်းစင်း။ မျက်လုံးများက ဝိုင်းစက်တောက်ပ။ ခန္ဓာကိုယ်က ဝဝကစ်ကစ် လုံးလုံးတစ်တစ်။

ကျွန်တော် ပို့ပေးထားသည့် ဂါဝန်နှင့် ဖိနပ်ကို ဝတ်ဆင်ထားသည်။ လက်ထဲမှာ ဝက်ဝံရုပ်လေး ကိုင်ထားသည်။

'ဒါ ဘယ်သူလဲ သိလား'

ကျွန်တော့်ကိုယ်ကျွန်တော် လက်ညှိုးထောက်ပြကာ မေးတော့ သမီးလေးက ခေါင်းညိတ်ပြီး ဖြေသည်။

'ဖေကြီး'

ကျွန်တော် ဒူးထောက်ချလိုက်ပြီး သမီးလေးကို ခပ်ဖွဖွ ပွေ့ဖက်လိုက်သည်။

သမီးလေးက အလိုက်သင့်ပါမလာခဲ့။ တောင့်တောင့်ရောင့်ရောင့် ရုပ်လျက် သီတာ့ကို လှမ်းကြည့်သည်။ မိခင်ထံ အကူအညီတောင်းသည့်သဘော။ မျက်နှာကလည်း မကြည်မသာ။ စိတ်ကျဉ်းကျပ်သွားသည်ထင်၏။

ကျွန်တော်က သမီးလေးကို အသာအယာ ဖြေလျှော့ပေးပြီးနောက် မတ်တတ်ပြန်ရပ်သည်။ အခုမှ စိတ်သက်သာရာ ရသွားဟန်ဖြင့် သမီးလေး၏မျက်နှာ ပြန်ကြည်လင်လာသည်။ ကျွန်တော်က ကျောပိုးအိတ်အတွင်းမှ အသင့်ထည့်ယူလာသည့် ချောကလက်ပြားကြီးများကို ထုတ်ပေးတော့ သမီးလေးက အသာတကြည် လှမ်းယူသည်။

'ကဲ- ပစ္စည်းတွေစုံရင် သွားကြရအောင်'

ယောက်ဖက လောဆော်သောအခါ ကျွန်တော်တို့ လေဆိပ်ခန်းမအတွင်းမှ ထွက်ရန်ပြင်သည်။ သမီးလေး၏ လက်ဖျံကို ကျွန်တော်က အသာအယာ ဆုပ်ကိုင်သည်။ ကျွန်တော့်လက်ဖဝါးအတွင်းမှ လက်ကို သမီးလေးက ရုန်းထွက်လိုက်ပြီးနောက် သီတာ၏ ထဘီစကို လှမ်းဆွဲသည်။ ကျွန်တော် တော်တော် ဝမ်းနည်းသွားသည်။

အမှန်တော့ ကျွန်တော်သည် သမီးလေးကို ပွေ့ချီကာ ခပ်တင်းတင်းလေး ဖက်ထားချင်ပါသည်။ ပြီးတော့ နမ်းချင်စဖွယ် ဖောင်းအိပြည့်တင်းနေသည့် ပါးနှစ်ဖက်ကို အသည်းတယားယားနှင့် အားပါးတရကြီး ဘယ်ပြန်ညာပြန် နမ်းရှိုက်လိုက်ချင်သည်။

ထိုသို့လုပ်မိပါက သမီးလေးသည် ဝါးခနဲများ ငိုချလိုက်လေမလား…။

အပြန်လမ်းတစ်လျှောက်လုံး သီတာ့နံဘေးမှာ ကပ်ထိုင်နေသော သမီးလေးကို ကျွန်တော်က ကွက်ကြည့်ကွက်ကြည့် လုပ်နေမိသည်။ သမီးလေးကလည်း သီတာ့ကို အကာအကွယ်ယူကာ ကျွန်တော့်ကို ခိုး-ခိုးကြည့်နေပါသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်ရောက်တော့လည်း သမီးလေးက ကျွန်တော်နှင့် ခပ်ခွာခွာသာနေသည်။ တစ်ချိန်လုံး သူမ၏ မောင်တစ်ဝမ်းကွဲလေးနှင့်အတူ ဆော့ကစားနေသည်။ သမီးက သူမ၏မောင်လေးကို အလွန်ချစ်ပုံရသည်။ မောင်လေးဆိုးသမျှကို သည်းညည်းခံသည်။ မောင်လေး၏ လိုအင်ဆန္ဒဟူသမျှကို လိုက်လျောဖြည့်ဆည်း လုပ်ဆောင်ပေးသည်။

သမီးလေးတို့နှစ်ယောက်ကို ကြည့်ရသည်မှာ အသက် မတိမ်းမယိမ်း ကလေးငယ်နှစ်ယောက် ဆော့ကစားနေသည်နှင့် သိပ်မတူပါ။ အစ်မကြီးက မောင်ငယ်ကို ထိန်းကျောင်းနေပုံနှင့် ပိုတူသည်။ အမှန်လည်း သမီးက သူမ၏ မောင်လေးကို ထိန်းရင်းကျောင်းရင်း ဆော့ကစားနေခြင်းသာဖြစ်သည်။

တကယ်တော့ သမီးမှာ အနီးကပ် တွယ်တာစရာသည်မောင်လေးသာ ရှိပါသည်။

သမီးလေးသည် အမေနှင့် အတူ နေရသော်လည်း အမေ့ကို မနက်အိပ်ရာနိုးစမှာ ခဏတစ်ဖြုတ်၊ ညအိပ်ရာဝင်မီမှာ ခဏတစ်ဖြုတ်သာ တွေ့ရသည်။ ခဏတာ တွေ့ရချိန်မှာလည်း အမေဖြစ်သူက အိမ်အလုပ် သို့မဟုတ် ကျောင်းအလုပ်များကို ဖယ်ထားသလို လုပ်ကိုင်နေတတ်သည်။ အမေနှင့်သမီးမှာ တစ်ယောက်ကိုတစ်ယောက် စကားလဲတကင်း ပွတ်သီးပွတ်သပ်နှင့် ယုယကြင်နာနေချိန် မရှိလှ။ မနီးမဝေး မလှမ်းမကမ်း၌သာ တစ်ယောက်နှင့်တစ်ယောက် ခပ်ခွာခွာလေး နေ,နေကြရသည်။

သမီးလေးနှင့် အချိန်အများဆုံး တွေ့ထိဆက်ဆံခွင့်ရသည်က ကျွန်တော့်ယောက္ခမနှင့် ယောက်ဖ မိသားစုများ။ ထို့ကြောင့် သမီးလေးသည် ကျွန်တော့်ယောက်ဖကို သူမ၏မောင်လေးခေါ်သလို 'ဖေကြီး'ဟုပင် လိုက်ခေါ်သည်။

ကျွန်တော့်ကိုလည်း သမီးလေးက ဖေကြီးဟု ခေါ်ပါသည်။

'ဟင် မိငယ်မှာ ဖေကြီးနှစ်ယောက်တောင်လား။ များလှချည့်လား'

သမီးလေး၏ အဘွားက သမီးလေးကို စ,သည်။

'ဟုတ်တယ်လေ။ ဒီဟာက ဖေကြီးအစစ်။ ဟိုဟာက ဖေကြီးအတု'

သမီးလေးက သူမ၏ ဦးလေးအရင်းအချာကို အဖေအစစ်…တဲ့။ ကျွန်တော့်ကို ကျတော့ အဖေအတု…တဲ့'

❑

နောက်ပိုင်းမှာတော့ သမီးလေးနှင့် ကျွန်တော်သည် တဖြည်းဖြည်း ကျွမ်းဝင် ရင်းနှီးလာသည်။

ကျွန်တော်ခေါ်လျှင်လာသည်။ ကျွန်တော်ကျွေးလျှင် စားသည်။ ကျွန်တော် ပွေ့ချီလျှင် လိုက်သည်။

ထိုအခြေအနေသို့ ရောက်အောင် ကျွန်တော်က စိတ်ရှည်လက်ရှည်နှင့် အားစိုက် ကြိုးစားခဲ့ရသည်။ သမီးလေးအနားသို့ ကပ်ခွင့်ရအောင် အချိန်နှင့်အမျှ အားထုတ်ခဲ့ရသည်။ သမီးလေးကို ကျောင်းကြိုကျောင်းပို့လုပ်သည်။ သမီးလေးနှင့်အတူ စက်ဘီးစီးသည်။ ကစားကွင်းများ၊ ပန်းခြံများသို့လိုက်ပို့သည်။ ကုန်တိုက်ကြီးများသို့ မကြာခဏ ခေါ်သွားကာ သမီးလေးစိတ်ကြိုက် ကစားစေ၊ စားစေ၊ ဝယ်ခြမ်းစေခဲ့သည်။ လက်ဖက်ရည်ဆိုင်သို့ ကျွန်တော်သွားလျှင်ပင် သမီးလေးကို ခေါ်သွားသည်။

သမီးလေးသည် ကျွန်တော်ခေါ်ရာနောက်သို့ တစ်ယောက်တည်း ဘယ်တော့မှ မလိုက်။ သူမ မောင်လေးပါမှ လိုက်သည်။ ကျောင်းပို့လျှင်ပင် သူမ မောင်လေးကိုပါ ခေါ်သွားရသည်။ သို့မှ ကြည်ကြည်သာသာ လိုက်သည်။ ထို့ကြောင့် ဘယ်သွားသွား၊ ဘယ်လာလာ၊ ဘာလုပ်လုပ် ကျွန်တော်တို့ သုံးယောက်မှာ တပူးပူး တတွဲတွဲနှင့် အမြဲ အတူတကွ ရှိနေတတ်သည်။

ကြာတော့ သမီးလေးသည် ကျွန်တော့်ကို တဖြည်းဖြည်း ချစ်ခင်တွယ်တာလာသည်။

ချစ်ခင်တွယ်တာလာသည့်အခါ အပိုဆုကိုပါ ထပ်ဆောင်း ရရှိသည်။ သမီး၏ မောင်လေးက ကျွန်တော့်ကို သမီးလေး ခေါ်သည့်အတိုင်း 'ဖေကြီး'ဟု လိုက်ခေါ်သည်။ ကျွန်တော်တို့မှာ ငိုအားထက် ရယ်အားသန်ရသည်။

'တို့ရဲ့ ရှေ့ရေးကို ဘယ်လိုစဉ်းစားထားလဲ မောင်'

သမီးလေး အိပ်ပျော်သွားသောအခါ သီတာက ကျွန်တော့်ကို ခပ်တိုးတိုးမေးသည်။

သီတာသည် ကျွန်တော် အိမ်ပြန်ရောက်ကတည်းက ထိုမေးခွန်းကို မေးချင်နေခဲ့သည်ထင်၏။ မိသားစုနှင့်ခွဲကာ တိုင်းတစ်ပါးမှာ နှစ်ရှည်လများ ပင်ပန်းဆင်းရဲခံပြီး နေထိုင်လုပ်ကိုင်ခဲ့သည့် ကျွန်တော့်ကို အားနာသောကြောင့်သာ ဖွင့်မမေးခဲ့ခြင်းဖြစ်မည်။ ကျွန်တော့် အပြောကို စိတ်ရှည်ရှည်နှင့် စောင့်စားနေခဲ့ခြင်းဖြစ်မည်။ ကျွန်တော်ကလည်း တစ်နေ့တစ်နေ့ သမီးလေးနှင့်သာ အချိန်ကုန်နေခဲ့ပြီး ဘဝရှေ့ရေးကို တစ်ခွန်းတစ်ပါဒမျှ ဖွင့်မပြောမိ။

ခုတော့ သီတာက ဖွင့်ဟ မေးလာပြီ။ ကျွန်တော် မသိကျိုးကျွန်ပြုကာ ဆက်လက် ရှောင်လွှဲနေဖို့ မသင့်တော်တော့ပါ။

'ဟိုကိုပဲ တစ်ခေါက်နှစ်ခေါက်လောက်တော့ ပြန်သွားရလိမ့်ဦးမယ် ထင်တယ် သီတာရယ်'

သက်ပြင်းတစ်ချက်ချပြီးနောက် ကျွန်တော်က စိတ်မသက်မသာနှင့် ပြောလိုက်သည်။

နိုင်ငံခြားမှာ ခြောက်နှစ်လုံးလုံး ကျွဲလို နွားလို ကုန်းရုန်းလုပ်ကိုင် ဖွေရှာစုဆောင်းခဲ့သမျှ ငွေကြေးများသည် မြန်မာနိုင်ငံမှာ အလုပ်မလုပ်ဘဲ ခြောက်လလောက် ကောင်းကောင်း နေထိုင်စားသောက်ရုံမျှဖြင့် ကုန်ချင်ခန်းချင်နေပြီ။ ဟိုတုန်းကတော့ထင်ခဲ့သည်။ နိုင်ငံခြားမှာ နှစ်အနည်းငယ်လောက် ပင်ပန်းဆင်းရဲခံ လုပ်ကိုင်ရှာဖွေလိုက်ပါက



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံမှာ သင့်တင့်လျောက်ပတ်သည့် လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နိုင်ရန် ငွေရင်းငွေနှီး ရနိုင်လိမ့်မည်ဟု။ ကံကောင်းထောက်မပါက ကိုယ့်မိသားစုနှင့်ကိုယ် သီးသီးသန့်သန့် နေထိုင်နိုင်မည့် နေအိမ်တိုက်ခန်းလေးများပင် ဝယ်နိုင်ကောင်း ဝယ်နိုင်လိမ့်မည်ဟု။

တကယ့် လက်တွေ့မှာတော့ မှန်းချက်နှင့်နှမ်းထွက် မကိုက်ခဲ့။

နိုင်ငံခြားဆိုသည်မှာ ကျွန်တော် မူလက တွေးထင်ထားသလို ပဒေသာပင်များ အပြိုင်းအရိုင်း ပေါက်နေသောဒေသမဟုတ်။ လက်လှုပ်မှ ပါးစပ်လှုပ်ရသော အရပ်။ တစ်ဝမ်းတစ်ခါးအတွက် နေထွက်မှသည် နေဝင်သည်အထိ အပြေးအလွှား ရုန်းကန်လှုပ်ရှားနေရသည့် အရပ်။ စုနိုင်ဆောင်းနိုင် အငတ်ခံချွေတာနိုင်ပါမှ ဇာတိမြေမှာ ကျန်ရစ်ခဲ့သည့် မိသားစုထံ ငွေမှန်မှန် ပြန်ပို့နိုင်သည့် အရပ်။

ထိုအရပ်၊ ထိုဒေသမှာ ခြောက်နှစ်လုံးလုံး မသောက်စား မပျော်ပါးဘဲ အလုပ်ထဲတွင် စိတ်ကိုနှစ်ကာ ကျွန်တော် ငွေရှာခဲ့သည်။ တွေးထင်တွက်ဆထားသလောက် မရခဲ့။ အလုပ်ကလည်း အခါခပ်သိမ်း ကောင်းမွန်ခဲ့သည် မဟုတ်။ နေရထိုင်ရသည်ကလည်း အမြဲတမ်း အဆင်ပြေခဲ့သည် မဟုတ်။ တွေးထင်မထားသည့် ဆင်းရဲပင်ပန်းခက်ခဲမှုများ၊ ပြန်၍ပင် မပြောချင်လောက်သည့် ရက်စက်ယုတ်မာ ကောက်ကျစ်မှုများနှင့် မရေရာ မသေချာသည့်

> သမီးလေးနှင့်
> ဝေးရာခရီးသို့
> ခေါ်သွားမည့်
> စာအုပ်လေးလည်း
> ဖြစ်သည်
> ဖခင်ဆိုတာ
> ဘဝထဲကို
> ခဏတာတစ်ဖြုတ်
> အလည်အပတ်
> ရောက်လာပြီး
> အချိန်တိုလေးအတွင်း
> မှာပဲ ပြန်လည်
> ပျောက်ကွယ်
> သွားတတ်သည့်
> ‘ဧည့်စိမ်း’ ဟု
> သမီးလေး
> ထင်မှတ်မှားစေမည့်
> စာအုပ်လေးလည်း
> ဖြစ်သည်

ခရီးဝင်္ကပါကြီးထဲမှာ စမ်းတဝါးဝါး လျှောက်လှမ်းခဲ့ရသည့် နှစ်ကာလများ။

မစို့မပို့ စုဆောင်းရရှိလာသည့် ငွေလေးများကို အိမ်ပြန်ပို့ပြီး တိုင်းတစ်ပါးသွားဖို့ ရင်းနှီးကုန်ကျခဲ့ရသည့် ကြွေးမြီများကို ဖဲ့ဆပ်ခိုင်းသည်။ ခြစ်ကုတ်သိမ်းဆည်းထားသည့် ငွေလေးများကို အိမ်ပြန်ပို့ပြီး ကျန်ရစ်သူများ၏ စားဝတ်နေရေးအတွက် ဖြေရှင်းစေလိုက်၊ မစားရက် မသောက်ရက် ကျစ်လျစ်သိုဝှက်ထားသည့် ငွေလေးများကို အနိုင်ကျင့်သူတို့ထံ ဆက်ကြေးပေးလိုက်။

ဤသို့ဖြင့် ကျွန်တော်သည် တိုင်းတစ်ပါးမှာ အနေကြာခဲ့သော်လည်း ငွေကြေးမည်မည်ရရ မစုဆောင်းနိုင်ခဲ့ပါ။ ဘဝက သိသိသာသာ မြင့်မားတိုးတက်မလာခဲ့ပါ။ လုံးလုံးလျားလျား အကျိုးမရှိတာတော့ မဟုတ်။ သည်မှာ နေထိုင်လုပ်ကိုင် ဖွေရှာစဉ်ကထက်တော့ ကျွန်တော့်မိသားစုက ပိုမိုချောင်လည်ခဲ့၏။ သုံးနိုင်စွဲနိုင်ခဲ့၏။ ဝတ်နိုင်စားနိုင်၊ လည်နိုင်သွားနိုင်ခဲ့၏။

သည်လောက်လေးပါပဲ။ တကယ့်ကို သည်မျှလောက်ကလေးပါပဲ။

❑

ကျွန်တော် မြို့ထဲက ပြန်အလာကို သမီးလေးက ခြံအဝသို့ ထွက်ပြီး စောင့်ကြိုနေသည်။

ကျွန်တော့်ကို မြင်သောအခါ ပြေးလာသည်။ ကျွန်တော်က ကိုယ်ကိုကိုင်းပြီး သမီးလေးကို ဆီးကြိုပွေ့ဖက်လိုက်သည်။ သမီးလေးသည် ကျွန်တော့်လက်အစုံမှာ ရွှေ့ခနဲ အလိုက်သင့်ပါလာသည်။

ကျွန်တော်က သမီးလေးကို လေထဲသို့ တစ်ချက်ပင့်မြှောက်ပြီးမှ ခပ်တင်းတင်းလေး ထွေးပိုက်ထားလိုက်သည်။ သမီးလေး သဘောကျနှစ်သက်စွာ ခိုးခိုးခစ်ခစ် ရယ်မောသည်။

သမီးလေး၏ ပါးဖောင်းဖောင်း မို့မို့လေးများကို ကျွန်တော် ဘယ်ပြန်ညာပြန် အားပါးတရ နမ်းလိုက်သည်။

‘အား… နှုတ်ခမ်းမွေး စူးတယ်။ နှုတ်ခမ်းမွေးစူးတယ်’

သမီးလေးက ရယ်မောအော်ဟစ်ပြီး ပါးပြင်လေးနှစ်ဖက်ကို ပုံယိမ်းသည်ယမ်းနှင့် လွန့်လူးရှောင်တိမ်းသည်။ ကျွန်တော်လည်း သမီးလေးနှင့်အတူ ရယ်မောနေမိသည်။

ခဏအကြာတွင် ကျွန်တော်က သမီးလေးကို ပွေ့ချီထားရာမှ အောက်သို့ အသာအယာ ပြန်ချလိုက်သည်။ ဝယ်လာသည့် ဂျယ်လီဘူးများကို ကျောပိုးအိတ်အတွင်းမှ ထုတ်ပေးသည်။ စိတ်ကြိုက် တွေ့သွားသော သမီးလေးက ‘ဟေး… ဒါမှ တို့ဖေကြီးကွ’ ဟု ဝမ်းသာအားရ မြည်တမ်းဟစ်ကြွေးလျက် ခုန်ပေါက်မြူးထူးနေ၏။

အခုတော့ ကျွန်တော်နှင့် သမီးလေးတို့သည် အနှိုင်းမဲ့ မေတ္တာများဖြင့် တစ်ယောက်ကိုတစ်ယောက် ရစ်ပတ်နှောင်ဖွဲ့မိပြီ။ အဖေကို အဖေအဖြစ် သမီးလေး၏ နှလုံးသား[illegible] အကြွင်းမဲ့ လက်ခံအသိအမှတ်ပြုလိုက်ပြီ။ သမီးလေး၏ ကမ္ဘာငယ်အတွင်းသို့ ဖခင်တစ်ယောက်အဖြစ် ကျွန်တော် အထင်ကရ ဝင်ရောက် နေရာယူနိုင်ခဲ့ပြီ။

နှစ်ပေါင်းများစွာ ကျွန်တော် စိတ်ကူးယဉ် မြင်[illegible] မက်ခဲ့သည့် အိပ်မက်ကလေး[illegible] သည် နောက်ဆုံးမှာ တကယ် ဖြစ်၍လာခဲ့ပြီ။

ကြည်နူးချမ်းမြေ့လို့[illegible] သည့်ဖြစ်ခြင်း…။

ဂျယ်လီစားလိုက်၊ [illegible] လွှား ဆော့ကစားလိုက်၊ [illegible] ခါတစ်ခါ ကျွန်တော့်ထံ [illegible] လာပြီး လည်ကုပ်ကို ယ[illegible] ခိုစီးလိုက်၊ ကျွန်တော်က [illegible] ဖို့ ကြိုးစားလျှင် တိမ်းရှောင်[illegible] ပြီး ‘ကရောကရော်’ လုပ်[illegible] မဲ့ကာရွဲ့ကာဖြင့် နှ[illegible] လိုက်၊ လျှာထုတ်လိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကလူကျီစယ် ရွှင်ပျော်နေသည့် သမီးလေးကိုကြည့်ကာ ကျွန်တော့်ရင်မှာ ငြိမ်းချမ်း အေးမြနေသည်။

'အဆင်ပြေလား မောင်။ ရခဲ့လား'

ကျောင်းမှ ပြန်လာသည့် သီတာက မေးသည်။ သီတာ့ထံ လှည့်ကြည့်လိုက်တော့ စူပုံ့ပုံ့ ဝမ်းကြာတိုက်ကို ဦးစွာမြင်သည်။ သားလား၊ သမီးလား ခွဲခြားမသိသေးသော်လည်း နောက်ထပ် တိုးပွားလာမည့် ကျွန်တော်တို့၏ ရင်သွေးရင်နှစ်။

'အင်း... ရခဲ့တယ်။ ဟောဒီမှာ'

ကျွန်တော်က နိုင်ငံကူးလက်မှတ်စာအုပ်အသစ်လေးကို အင်္ကျီအိတ်ကပ်အတွင်းမှ ထုတ်ပြလိုက်သည်(ထိုစာအုပ်မှ ဓာတ်ပုံသည် ကျွန်တော့်ဓာတ်ပုံဖြစ်၏။ ကျန်အချက်အလက်များကတော့ ကျွန်တော်နှင့် သိပ်ပြီး မသက်ဆိုင်လှ။)။

သီတာက ကျွန်တော်ပြသော စာအုပ်နီလေးကို တစ်ချက်မျှသာ ဝေ့ကြည့်သည်။ ဘာမှမပြော။ စိတ်သက်သာရာ ရသွားသော်လည်း ပျော်ရွှင်ပုံတော့မရ။ သက်ပြင်းတစ်ချက်မျှကို မျိုးချရင်း ကျွန်တော့်ကို တစ်လှည့်၊ သမီးကိုတစ်လှည့် ခပ်ငေးငေးလေး တွေကြည့်နေသည်။ မျက်ဝန်းမှာလည်း မျက်ရည်ကြည်များ ရစ်သန်းလာသည်။

ငွေကုန်ကြေးကျများစွာဖြင့် ခက်ခက်ခဲခဲ ရယူပိုင်ဆိုင်ခဲ့ရသော ဤစာအုပ်နီလေးမှာ ကျွန်တော်တို့၏ မျှော်လင့်ချက်ဖြစ်သည်။ အနာဂတ်ဖြစ်သည်။ ကိုယ့်ရပ် ကိုယ့်မြေမှာ မိသားစုဘဝတစ်ခုကို အဆင်ပြေအောင် မထူထောင်၊ မတည်ဆောက်နိုင်သေးသူတို့အတွက် နောက်ဆုံး ထွက်ပေါက် ဖြစ်သည်။

ထို့အတူ ယခုမှ ကျွန်တော့်ကို ချစ်ခင်တွယ်တာစပြုလာသည့် သမီးလေးနှင့် ဝေးရာဆီသို့ ခေါ်သွားမည့် စာအုပ်လေးလည်း သည်။ ဖခင်ဆိုတာ ဘဝထဲကို ခဏတစ်ဖြုတ် အလည်အပတ်ရောက်လာပြီး အချိန်တိုလေးအတွင်းမှာပဲ ပြန်လည် ပျောက်ကွယ်သွားတတ်သည့် 'ဧည့်စိမ်း'ဟု သမီးလေး ထင်မှတ်မှားစေမည့် စာအုပ်လေးလည်းဖြစ်သည်။

ထိုစာအုပ်လေးကို အသုံးပြုကာ နိုင်ငံခြားမှာ ကျွန်တော် ငွေရှာရင်း အနေကြာရပါဦးမည်။

အကယ်၍ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျွန်တော် မြန်မာနိုင်ငံသို့ ပြန်လာသည့်အခါ ယခု ပြေးလွှားဆော့ကစားနေသည့် သမီးလေးသည် ကလေးငယ်တစ်ဦး၏ လက်ကိုဆွဲကာ ခပ်စိမ်းစိမ်းလေသံနှင့် 'အဲဒါ ငါတို့အဖေ၊ တို့ဆီ ခဏလာတာ'ဟု ကျွန်တော့်ကို လက်ညှိုးညွှန်ကာ အေးတိအေးစက် ရှင်းပြမည်လား။

ကျွန်တော်သည် မိသားစုအတွက် ဘယ်အချိန်ထိ 'ဧည့်စိမ်း' ဖြစ်နေရဦးမည် မသိ။

■

**ဆွန်း၊စက်မှုတက္ကသိုလ်၊**

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘေးမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။

၂။ ဘေးမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။

၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။

၄။ လက်ရေးစာမူဆိုလျှင် A4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A4 စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။

၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာဖော်ပြပါ။

၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။

၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။

၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။

၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီး ဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။

၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၀၁ အားမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အိမ်မေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

**အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)**



www.burmeseclassic.com

www.burmeseclassic.com



# နယ်စောင်း ၊ကျိုက်ထို၊ အပင်များသစ်ရွက်

အမှတ် ၃၃၁၊ ဇွန်၊ ၂၀၁၇

စာချုပ်ကို စိုက်ကြည့်နေသော်လည်း ကျွန်မအမြင်
ဝေဝါးနေ၏။ အချိန်မီ လှမ်းပိတ်လိုက်သော်
မျက်ရည်တစ်စက်က မျက်ဝန်းတံခါးကို တွန်း
ထွက်ခွာသွားသည်။ ဘောပင်ကိုင်ထားသည့် တဆတ်
တုန်ယင်နေသောလက်ပေါ် မျက်ရည်စက် ပြု
သွားသည်ကို တရားသူကြီး မြင်သွားဟန်ရှိ
'ကွာရှင်းမယ့်ကိစ္စကို နှစ်ယော
သေသေချာချာ စဉ်းစားဆုံးဖြတ်ပြီးပြ
မောင်က ဟုတ်ကဲ့ဟု ခပ်သွက်သွက် ပြန်ဖြေ

www.burmeseclassic.com

www.burmeseclassic.com

ငါတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် အသက်လို
ချစ်တယ်။ ချစ်သူနဲ့ ကွေကွင်းရတဲ့ဒုက္ခ မချစ်မနှစ်သက်သော
သူနဲ့ ပေါင်းသင်းနေထိုင်ရတဲ့ဒုက္ခ။ ဒါတွေကို မင်း
မခံစားဖူးတော့ မင်း နားလည်မှာ မဟုတ်ပါဘူး။ ငါ့မှာ
အဲဒီဒုက္ခနှစ်မျိုးစလုံး တစ်ပြိုင်နက် ခံစားနေရတယ်

မောင့်ဘက်ကို ကျွန်မ စောင်းငဲ့ကြည့်လိုက်တော့ မောင့်လက်ထဲကစာချုပ်၏ မောင့်နာမည် အပေါ်နားမှာ လက်မှတ်တောင် ထိုးပြီးနေလေပြီ။ ကျွန်မလက်ထဲက စာချုပ်နှင့် လက်မှတ်လဲထိုးဖို့ စောင့်ဆိုင်းနေသည့် မောင့်မျက်နှာမှာ ဒီလိုအပြုံးမျိုး ကျွန်မနှင့်အတူ နေထိုင်သည့် ကာလအတွင်း ဘုရားစူး မမြင်ဖူးခဲ့။

ဤမျှလောက် မောင် စိတ်ပင်ပန်းခဲ့မှန်း ကြိုသိခွင့်ရခဲ့ပါလျှင် ကဗျာစာအုပ် မိတ်ဆက်ပွဲသို့ သွားခဲ့မိမှာ မဟုတ်ချေ။ ထိုနေ့သည် ကျွန်မသူငယ်ချင်း ရိုးဂုဏ်၏ ကဗျာစာအုပ် မိတ်ဆက်ပွဲနေ့ ဖြစ်သည်။

❑

အဲဒီနေ့ စာအုပ်မိတ်ဆက်ပွဲသို့ မောင်လည်း ရောက်လာခဲ့၏။ ကျွန်မ မျှော်လင့်နေခဲ့သလို

www.burmeseclassic.com

www.burmeseclassic.com

မောင် ရောက်လာသည့်အတွက် ကျွန်မ အပျော်တွေ မဖုံးနိုင် မဖိနိုင်။ ထင်မှတ်မထားဘဲ ကျွန်မတို့စားပွဲ၏ ထိုင်ခုံ အလွတ်ဆီသို့ မောင့်ကို နေရာလာချပေးသည့် သူငယ်ချင်း ရိုးဂုဏ်ကို ကျိတ်ပြီး ကျေးဇူးတင်နေခဲ့မိသည်။

မောင်နှင့်ကျွန်မ မကြာခဏ ဆုံခဲ့ဖူးသည်။ ကဗျာတွေကို ချစ်သော၊ မြတ်နိုးသော ကျွန်မနှင့် ကဗျာဆရာ အပေါင်းအသင်းများသော မောင် ကဗျာစာအုပ်မိတ်ဆက်ပွဲလိုမျိုး၊ ကဗျာဆိုင်ရာ ဆွေးနွေးပွဲလိုမျိုးများ၌ မကြာခဏ ဆုံမိကြသည်မှာ သိပ်တော့ မဆန်းချေ။

မောင်နှင့်ကျွန်မ သိပ်ပြီး ရင်းနှီးကျွမ်းဝင်သည် မဟုတ်သော်လည်း မိတ်ဆွေအဆင့်တော့ ဝင်သည်။ အွန်လိုင်းပေါ်တွင်လည်း မကြာခဏ စကားပြောဖြစ်သည်။ သို့သော် ကျွန်မ မောင့်ကို တိတ်တခိုး ချစ်နေခဲ့သည်ကိုတော့ မောင် မရိပ်မိခဲ့။

သူငယ်ချင်းရိုးဂုဏ်၏ ကဗျာတွေကို ဂုဏ်ပြုရွတ်ဆိုကြသည့် ကဗျာဆရာများစွာတို့၏ ကဗျာရွတ်သံများကို မောင့်အနားမှနေ၍ နားဆင်ခွင့်ရ၍လားမသိ ပို၍ ချိုမြိန်နေခဲ့သည်။ မောင်နှင့်ကျွန်မ တူညီမှုတစ်ခုတော့ ရှိသည်။ ကဗျာတွေကို ချစ်တတ်သော်လည်း ကဗျာတွေတော့ နှစ်ယောက်စလုံး မရေးတတ်၊ ခံစားနှစ်သက်ရုံသက်သက်။

စာအုပ်မိတ်ဆက်ပွဲပြီး၍ တော်တော်များများ ပြန်သွားကြသော်လည်း ကျွန်မ မောင့်အနားမှ မပြန်ချင်သေး။ ကျွန်မကို မိန်းမသားမို့ ရိုးဂုဏ်က ပြန်စေချင်ခဲ့၏။ သူတို့သူငယ်ချင်းများ အောင်ပွဲအထိမ်းအမှတ် သောက်စားကြဦးမည်။

'ဟိုလေ ကိုနှင်းသစ်ပင်က ဆယ်မိုင်ကုန်းဘက်မှာ နေတာမဟုတ်လား။ နွေရွက်လည်း ရှစ်မိုင်ဘက်ပြန်မှာဆိုတော့ ကိုနှင်းသစ်ပင်ကားနဲ့ လမ်းကြုံလိုက်ခဲ့မယ်လေ၊ ရတယ်မဟုတ်လားဟင်။ဒီနေ့ နွေရွက် ကားမယူလာခဲ့လို့ပါ'

'သြော် ဟုတ်ကဲ့ ရတာတော့ ရပါတယ်။ ဒါပေမဲ့လေ ဒီမှာက…'

'နွေရွက် စောင့်နေပါ့မယ်'

ဤသို့ဖြင့် မောင့်အပါး အချိန်ရသရွေ့ ကျွန်မ ခိုကပ်နေခဲ့သည်။ သူတို့ဝိုင်းသိမ်းတော့ ညရှစ်နာရီပင် ကျော်နေခဲ့ပြီ။ အဲဒီညက မောင် တော်တော်မူးသွားခဲ့သည်ထင်၏။ ကားမောင်းဖို့ပင် မဖြစ်နိုင်တော့၍ မောင့်ကားကို ကျွန်မ မောင်းခဲ့ရသည်။ အိမ်က ဒရိုင်ဘာဖြင့် မောင့်အိမ်အရောက် ပြန်မောင်းပို့ခိုင်းမည့်အကြောင်း ရိုးဂုဏ်ကို ပြောပြခဲ့သည်။

သို့သော် လမ်းတစ်ဝက်ရောက်တော့ ကျွန်မ အတွေးတွေ ပြောင်းသွားသည်။ မောင့်ကို ပိုင်ဆိုင်လိုသည့်စိတ်ဖြင့် ကားကို ဟိုတယ်တစ်ခုဆီသို့ ဦးတည်မောင်းနှင်ခဲ့သည်ကို မူးပြီး အိပ်ပျော်နေသည့် မောင် လုံးဝ မသိခဲ့ပါချေ။

မောင် အမူးပြေပြီး နိုးလာတော့ တုန်လှုပ်ချောက်ချားနေသည့် မောင့် အသွင်သဏ္ဌာန်ကို ကျွန်မ ပထမဆုံးအကြိမ် မြင်ဖူးခဲ့သည်။

'မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒီကိစ္စ လုံးဝ မဖြစ်နိုင်ဘူး။ ငါ ငါ ဘယ်လောက်မူးမူး အိုက္ခာ ငါ့အကြောင်းငါ အသိဆုံး။ မင်းကို ငါ စိတ်နဲ့တောင် ပြစ်မှားမိမှာမဟုတ်ဘူး။ ဒါ မင်း မင်း သက်သက် ယုတ်မာတာမဟုတ်လား။ မင်းနဲ့ငါ ဘာမှ မဖြစ်ခဲ့နိုင်ဘူး။ ဟင့်အင်း မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး'

'ပြောရက်လိုက်တာရှင်'

ကျွန်မ စိတ်မကောင်းစွာနှင့်ပင် မောင့်ကို လက်လွှတ်မခံလိုသည့်စိတ်ဖြင့် မာယာမျက်ရည်များ ခြွေချပစ်ခဲ့သည်။ အဲဒီနေ့ကစပြီး မောင်၏ ကြည်လင်ဝင်းပသည့် မျက်နှာကို ကျွန်မ မမြင်ရတော့ချေ။ မင်္ဂလာဦးနေ့မှစ၍ ကျွန်မနှင့်လာမအိပ်။ နေ့စဉ်နေ့တိုင်း တမှိုင်မှိုင်တတွေတွေ ဖြစ်နေသည့် မောင့်ကြောင့် မောင့်ကို ပိုင်ဆိုင်ရလျှင် ပျော်ရွှင်ရမည်ဟု ထင်ခဲ့မိသော ကျွန်မ မှားခဲ့ပြီလားဟု အတွေးစဝင်ခဲ့၏။

နေ့ရက် တော်တော်များများ၌ အိမ်ပြင်ပမှာ ကားတစ်စီးဖြင့်သာ လည်ပတ်၍ မောင် အချိန်ဖြုန်းခဲ့သည်။ တချို့ညများဆို အိမ်၌ပင် ပြန်မအိပ်။ မေးကြည့်လျှင်လည်း သူငယ်ချင်းတွေနှင့် သွားအိပ်သည်ဟုသာ တိုတိုတုတ်တုတ် ဖြေတတ်သည်။ အိမ်ထောင်ရေး သုခဆိုတာ ဘာလဲဟု ကျွန်မကိုယ်ကျွန်မ ပြန်မေးယူခဲ့ရသည်။

ကျွန်မ မောင့်ကိုချစ်သည်။ ချစ်ခဲ့သလောက် ပိုင်ဆိုင်ခွင့်ရဖို့ ကြိုးစားခဲ့သလို ပိုင်ဆိုင်ခွင့်လည်း ရခဲ့၏။ သို့သော် ရယူပိုင်ဆိုင်နိုင်ခြင်းနှင့် ချစ်ခြင်း၏ ပျော်ရွှင်မှုသုခဆိုတာ တိုက်ရိုက်အချိုးမကျမှန်း မောင်၏ ဖယ်ခွာရှောင်ကြဉ်မှုကြောင့် ကျွန်မ သိခဲ့ရသည်။

တစ်နေ့ ထုံးစံအတိုင်း မောင် ညဥ့်နက်မှ ပြန်လာသည်။ ပြီးနောက် သူ့အခန်းအတွင်းသို့ ဝင်သွားခဲ့သည်။ ကျွန်မတို့နှစ်ယောက်၏ အိမ်ထောင်ရေးပြဿနာကို မဖြစ်မနေ အဖြေရှာမယ်ဟု ကျွန်မ ဆုံးဖြတ်ထားသည့်အတိုင်း မောင့်အခန်းအတွင်းသို့ လိုက်ဝင်သွားခဲ့သည်။

ကျွန်မဝင်သွားတာ သိလောက်ပေမဲ့ မောင် ကျွန်မကို လှည့်မကြည့်။ ပြတင်းတံခါးမှာရပ်၍ အပြင်ဘက်သို့ မောင်ငေးနေခဲ့၏။ ကျွန်မ မောင့်ကို အနောက်ကနေ သိုင်းဖက်လိုက်သည်။ မောင် ပြန်မရုန်းခဲ့။

'မောင့်ကို နွေရွက် အရမ်းချစ်တယ် မောင်။ နွေရွက်ကိုကြည့်ပါဦး၊ နွေရွက် မလှလို့လားဟင်။ နွေရွက်ကို ချစ်နေတဲ့ ကောင်လေးတွေ အများကြီးရှိပါလျက်နဲ့ မောင့်ကို နွေရွက် ရွေးချယ်ခဲ့တယ်။ မောင်လက်မခံနိုင်စရာ နွေရွက်မှာ ဘယ်လိုအပြစ်တွေများ ရှိနေခဲ့လို့လဲမောင်ရယ်'

မောင့်ဆီမှ ရှိုက်သံတစ်ချက် ထွက်လာခဲ့သောအခါ ကျွန်မ အရမ်း တုန်လှုပ်သွားခဲ့သည်။ မောင့်ကို ဆွဲလှည့်ကြည့်လိုက်သောအခါ မောင့်မျက်ဝန်းမှ မျက်ရည်များသွင်သွင်စီးကျနေသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားတန်မဲ့ မျက်ရည်ကျနေသည့် မောင့်ကို ကျွန်မ အရမ်း အံ့သြသွားခဲ့သည်။

'ဟင် မောင် မောင်ငိုနေတယ်။ ဘာကြောင့်လဲ၊ ဘာကြောင့်လဲမောင်ရယ်။ ယောကျ်ားတန်မဲ့ ငိုနေရလောက်အောင် နွေရွှက်နဲ့ လက်ထပ်ခဲ့ရတာ မောင် ဒီလောက်တောင် စိတ်ထိခိုက်နေရတာလားဟင်၊ ပြောစမ်းပါဦး မောင်ရယ်'

မောင့် လက်မောင်းနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲလှုပ်ခါပစ်လိုက်တော့ မောင့်နှုတ်ခမ်းက မဲ့ပြုံးတစ်ချက် ထွက်ကျလာခဲ့သည်။

'ကောင်းပြီလေ မင်း အရမ်းသိချင်နေတော့လည်း ငါ ပြောပြရတော့မှာပေါ့။ ငါ့မှာ ငါ့အသက်လိုချစ်ရတဲ့ ချစ်သူရှိတယ်'

'ဘာ မောင့်မှာ ချစ်သူရှိတယ် ဟုတ်လား၊ မဖြစ်နိုင်တာ။ မောင့်မှာ ချစ်သူရှိတယ်လို့ နွေရွှက် တစ်ခါမှ မကြားဖူးခဲ့ပါဘူး'

'မင်း မကြားဖူးဘူးဆိုတာ ဖြစ်နိုင်ပါတယ်။ မင်းမှ မဟုတ်ပါဘူး၊ ငါတို့ ချစ်သူနှစ်ဦးကလွဲပြီး ဘယ်သူကမှ မသိအောင် ဖုံးဖုံးဖိဖိ နေခဲ့ကြလို့ပဲ။ အဲဒါဘာလို့လဲဆိုတော့ ငါတို့ချစ်ခြင်းဟာ ပတ်ဝန်းကျင်ကို လွယ်လွယ်ပေးသိလို့မရတဲ့ ချစ်ခြင်းဖြစ်နေလို့ပဲ။ ငါတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် အသက်လိုချစ်တယ်။ ချစ်သူနဲ့ကွေကွင်းရတဲ့ဒုက္ခ၊ မချစ်မနှစ်သက်သောသူနဲ့ ပေါင်းသင်းနေထိုင်ရတဲ့ဒုက္ခ ဒါတွေကို မင်း မခံစားဖူးတော့ မင်း နားလည်မှာမဟုတ်ပါဘူး။ ငါ့မှာ အဲဒီဒုက္ခနှစ်မျိုးစလုံး တစ်ပြိုင်နက် ခံစားနေရတယ်။ ဒါကြောင့် ငါ စိတ်ဆင်းရဲသောက ရောက်နေရတာပဲ'

ကျွန်မခေါင်းထဲ ချာချာလည်သွားခဲ့ရသည်။ ကျွန်မနှင့် အတူတူနေထိုင်ရခြင်းသည် မချစ်မနှစ်သက်သောသူနှင့် နေထိုင်ရသော ဒုက္ခဖြစ်သည်တဲ့။ မောင့်မှာ အသက်လိုချစ်ရသောချစ်သူရှိနေခဲ့သည်တဲ့။

ကျွန်မချစ်သောမောင် စိတ်ဆင်းရဲစွာ ငိုကြွေးနေသည်ကို မြင်နေရသည့် ကျွန်မ ပျော်ရွှင်နိုင်မည်တဲ့လား။ မောင်၏ ပျော်ရွှင်မှုတွေကို အရည်ဖျော်ချပြီး ကျွန်မလိုချင်သော ဘဝကို အတင်းပုံသွင်းရယူခဲ့သည့် ကျွန်မ တရားပါ၏လော။ မောင် ကြေကွဲငိုကြွေးနေတာ ကျွန်မ မမြင်ရက်ခဲ့ပါ။

'မောင့်ကို တစ်ခုလပ်ဘဝအနေနဲ့ မောင့်ချစ်သူက ချစ်နိုင်ပါ့ဦးမလား'

မောင် အဲဒီတုန်းက ကျွန်မကို ပြန်ကြည့်ခဲ့သည့် အကြည့် ကျွန်မ ဒီနေ့အထိ မမေ့နိုင်သေးပေ။ ဝေခွဲရခက်စွာ အံ့သြနေသည့်အကြည့်မျိုး။

'ကောင်းပြီလေ၊ မောင့်ချစ်သူကို အိမ်လာခိုင်းလိုက်ပါ။ နွေရွှက် သူနဲ့ စကားပြောကြည့်မယ်။ မောင့်ကို သူ ချစ်နေသေးတာမှန်ရင်တော့ မောင်တို့နှစ်ယောက် စိတ်ချမ်းသာဖို့အတွက် နွေရွှက် ကွာရှင်းပေးပါ့မယ်'

'ဟင် ဒါ ဒါတော့ မဖြစ်နိုင်ဘူး။ သူ့ကို မင်းနဲ့ ပေးတွေ့ဖို့ မဖြစ်နိုင်ဘူး'

'ဘာလို့လဲမောင်၊ နွေရွှက်တောင် ကွာရှင်းပေးဖို့ထိ စဉ်းစားပေးထားတာလေ။ သူ မောင့်ကို ချစ်နိုင်သေးတာမှန်ရင်တော့ လာတွေ့ရဲရမှာပေါ့'

'ကျွတ် ဟာကွာ။ အိုကေလေ၊ မင်း သူနဲ့ စကားပြောပြီးရင် ငါ့ကို ကွာရှင်းပေးမယ်ဆိုတာ တကယ်သေချာလား'

မောင့်စကားကြောင့် ကျွန်မအသည်းတွေ ကျဉ်စက်နှင့် အတို့ခံရသလို နာနာကျင်ကျင် ခံစားခဲ့ရသည်။ ကျွန်မ အသံကို အတတ်နိုင်ဆုံး မတုန်မိအောင် ထိန်းချုပ်ရင်း လေးလေးနက်နက် ပြန်ပြောခဲ့သည်။

'မနက်ဖြန် သူ့ကို လာခိုင်းလိုက်ပါ။ နွေရွှက် မောင့်ကို ကွာရှင်းပေးပါ့မယ်'

ကျေနပ်သွားဟန်ရှိသည့် မောင့်မျက်နှာကို ကျွန်မ ဆက်ကြည့်နေနိုင်ခဲ့စွမ်း မရှိခဲ့ပါ။ မောင့်အခန်းတွင်းမှ လှည့်ထွက်ခဲ့၏။

နောက်တစ်နေ့ ကျွန်မ ရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်ဆိုင်းနေခဲ့သည်။ ပညာဂုဏ်၊ အလှဂုဏ် ပြည့်စုံပြီးသား ကျွန်မကို ကျော်လွန်၍ အသက်လိုချစ်ရပါသည်ဆိုသော မောင့်ချစ်သူသည် ဘယ်လိုပုံမျိုးလဲဟု ကျွန်မ စိတ်ကူးနှင့် ပုံဖော်ကြည့်ခဲ့သည်။ ကျွန်မ သူနှင့် ရင်ဆိုင်ဖို့ ပြောရမည့်စကားများကို ကြိုတင်စိတ်ကူးထားခဲ့သည်။ အကယ်၍ မောင့်အပေါ် တကယ်ချစ်နိုင်သည်မှန်လျှင်တော့ မောင့်ကိုပေးထားသည့် ကတိအတိုင်း ကွာရှင်းပေးဖို့ ဆုံးဖြတ်ထားပြီးသားပါ။

ခြံဝင်းထဲသို့ ကားဝင်လာသည့်အသံ ကြားသောအခါ မောင်က ကျွန်မရှိရာ ဧည့်ခန်းအတွင်းသို့လာ၍ ကျွန်မ ဘေးခုံ၌ လာဝင်ထိုင်ပြီး ပြောသည်။ သူ ရောက်လာပြီဟူ၍။ ကျွန်မ ခြေထောက်ကို တမင်တကာ ချိတ်ထားလိုက်ပြီး အကြည့်ကို လွှဲနေခဲ့လိုက်သည်။ အရိပ်တစ်ခုက ကျွန်မ ရှေ့တည့်တည့် ဆိုဖာပေါ် ဝင်ထိုင်လိုက်သည်ကို တည့်တည့် ကြည့်မနေခဲ့သော်လည်း မျက်လုံးထောင့်မှ လှမ်းမြင်ခဲ့လိုက်သည်။

ပထမဆုံး စ,သုံးမည့် ထိုးစစ်စကားနှင့်အတူ တိုက်ပွဲဝင်ဖို့ မျက်နှာတည့်တည့် ပြန်ထားလိုက်သောအခါ ကျွန်မ တုန်လှုပ်မှုတွေက အလုံပိတ်အခန်းထဲ ပစ်ပေါက်လိုက်သည့် အသံတစ်ခုပမာ ပဲ့တင်ထပ်မှုပေါင်းများစွာဖြင့်။

နားမလည်နိုင်စွာဖြင့် မောင့်ကို လှည့်ကြည့်လိုက်သောအခါ မောင်က လေးလေးနက်နက်ပြောသည်။

'ငါတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် အသက်လိုချစ်ရပါတယ်။ တစ်ခုလပ်ဘဝဆိုလည်း သူ ငါ့ကို ချစ်နေဦးမယ်ဆိုတာ ငါ ရဲရဲကြီး အာမခံပါတယ်'

ဖြစ်နိုင်ခဲ့လျှင် အဲဒီတုန်းက သူတို့အရှေ့၌ အမှုန်သေးသေးလေးတစ်မှုန်အဖြစ် ကျွန်မ လေထဲလွင့်စဉ် ကွယ်ပျောက်သွားချင်မိခဲ့သည်။ ထိုးစစ်ဆင်ရန် စီစဉ်အကွက်ချထားသည့် စကားလုံးတွေသည်



www.burmeseclassic.com

www.burmeseclassic.com

လည်းမြေပြင်ပေါ်နားနေသည့် ငှက်အုပ်ကြားထဲသို့ ခဲလုံးဖြင့် ပစ်ပေါက်လိုက်သလို လွင့်စဉ် ထွက်ပြေးကုန်ကြ၏။

ကျွန်မ အားရအောင် ငိုကြွေးခဲ့ပြီးမှ စကားတစ်ခွန်းသာ ပြောနိုင်ခဲ့သည်။

'မောင့်ကို မနက်ဖြန် ကွာရှင်းပေးပါ့မယ်'

❑

ထပ်မင့်ငြိမ်အောင် အတတ်နိုင်ဆုံး အားတင်း၍ စာချုပ်ပေါ် ကျွန်မ လက်မှတ် ရေးထိုးလိုက်သည်။ ပြီးနောက် မောင့်လက်ထဲက စာချုပ်နှင့် လဲယူ၍ လက်မှတ် ထပ်ထိုးပေးလိုက်သည်။ အရာအားလုံး ပြီးဆုံးခဲ့ပါပြီ။ မောင်တို့ချစ်သူနှစ်ဦး အသက်ထက်ဆုံး ချစ်သွားနိုင်ပါစေ ဟုလည်း ရင်ထဲမှလှိုက်လှိုက် လှဲလှဲ ဆုတောင်း ပေးလိုက်သည်။

တရားရုံးမှ အပြန်လမ်းသည် မောင်တို့ ချစ်သူနှစ်ဦး အတွက် လွတ်မြောက်ရာလမ်း ဖြစ်ပေလိမ့်မည်၊ ကျွန်မအဖို့တော့ အပျိုရည်မပျက်သေးသည့် တစ်ခုလပ်မိန်းမသား တစ်ဦး မငိုမိအောင်ထိန်းထားရသည့် အားတင်းထားရာ လမ်းပင်။ တစ်စောင်စီ ခွဲဝေယူလာသည့် ကျွန်မလက်ထဲမှ ကွာရှင်းစာချုပ်ကို ပြန်ဖြန့်ကြည့်မိတော့ အသိသက်သေနေရာ၌ ဝင်၍ လက်မှတ်ရေးထိုးထားသည့် မောင့်ချစ်သူ၏ နာမည်ကို အမှတ်မထင် သွားကြည့်မိသည်။

မောင့်ချစ်သူ၏ နာမည်မှာ မောင်မြတ်စိုးဖြစ်ပါသည်။

■

**နတ်စောင်း၊ကျိုက်ထို၊**

## ၂၀၁၇ ခုနှစ် ဧပြီ ၄ ရက်နေ့မှ
## ၂၀၁၇ ခုနှစ် မေ ၈ ရက်နေ့အထိ

(၁) နတ်စောင်း(ကျိုက်ထို) *သည်ကြိုးနွယ် တွယ်သမျှ* ၊ရန်ကုန်။

(၂) နောင်ထွန်းလူ *နေရာလွတ်တစ်ခု* ၊မကွေး။

(၃) စည်သူညွန့်လှ *ဂယ်ပေါက်* ၊မိတ္ထီလာ။

(၄) ပိုင်သက်စိုး *တန်ပြန်* ၊ပုသိမ်။

(၅) တေဇလင်း(နည်းပညာတက္ကသိုလ်) *လွမ်း၍ပွင့်သည် လွမ်းကာကြွေ၏* ၊ရန်ကုန်။

(၆) လင်းသန့်စင်(ပဲခူး) *သူကြွယ်ပြည်က သင်္ကြိုဟ်ခံဘဝများ* ၊ပဲခူး။

(၇) ပိုပိုအောင်(ဝန်းသို) *ဧရှပ်သီးစပ်တယ်* ၊ဝန်းသို၊

(၈) လွမ်းဝေ(ရွှာသစ်) *အဆိပ်ခါး* ၊E-mail.

(၉) (ယက္ခ)ရဲကြီး *ငှက်ကလေးတွေ မိုးတိမ်ကြား* ၊E-mail.

(၁၀) ကျော်ကျော်ဦး(ပေါင်းတည်) *တခါတုန်းက* ၊ပြည်၊

(၁၁) မောင်မြင့်ဝင်း *ဖိုးလုံး* ၊ရန်ကုန်။

(၁၂) ကိုဇော်-နွေဉသြ *သူဌေးမလေးရဲ့ ကိုယ်ရံတော်* ၊ဟသ်ာတ။

(၁၃) ဆန်းငယ်သွေး(ပုတီးကုန်း) *တိုက်အိမ်* ၊ပဲခူး။

(၁၄) သွန်းသစ္စ *အရောင်မဲ့… လိပ်ပြာ* ၊ရန်ကုန်။

(၁၅) ဒဿနရွှေရီ *ခုချိန်များ အဖေသာရှိခဲ့လျှင်* ၊E-Mail.

(၁၆) ဟိန်းတမာန် *အချစ်လှမိုက်လေး မဟုတ်ရပါ* ၊ဝက်လက်။

(၁၇) အေပရယ်ညိုညိုချော *ဝေးလွင့်ခြားနား* ၊လားရှိုး။

(၁၈) မနောမြေမြို့တော်သိန်းအောင် *ပုံမှန်* ၊ကချင်။

(၁၉) မောင်သာခိုင်(မကွေး) *ကမ်းပါးမဲ့ လှိုင်းရဲ့ခြေရာ* ၊မကွေး။

(၂၀) သွေးနီနီ *စိတ်… လွန်* ၊ရန်ကုန်။

(၂၁) အလွမ်းသစ်(တောင်ကုတ်) *နောင်တ* ၊ရန်ကုန်။

(၂၂) ကေအမ်တီ(အတွေးအိမ်) *နှမ်းလျကြွယ်ရဲ့ တမ်းတကောင်းကင်* ၊ဟသ်ာတ။

*အေးမြတ်မြတ်ချို ပြုစုသည်။*



www.burmeseclassic.com

www.burmeseclassic.com



# ပြေ(ဆေး-၂)
# ပင်လယ်နှင့်အဆိပ်

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း၊ အမှတ် ၃၃၁ နှင့် ၂၀၁၇ ဘာသာပြန် အခန်းဆက်ဝတ္ထုရှည်
***SHUSAKU ENDO*** ဂျပန်ဘာသာဖြင့် ရေးသားသည့်
ဝတ္ထုကို ***THE SEA AND POISON*** အမည်ပေး၍
***MICHAEL GALLAGHER*** က အင်္ဂလိပ်ဘာသာပြန်ဆိုပြီး
ပြေ(ဆေး-၂)က မြန်မာဘာသာ ပြန်ဆိုပါသည်။

၂၃၉ ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း နှစ် ၂၀၁၇

www.burmeseclassic.com

www.burmeseclassic.com



*(ယခင်လမှအဆက်...)*

အခန်း-၃

နေခင်း ၃ နာရီ

ဖေဖော်ဝါရီလ ၂၅ ရက်နေ့သည် တိမ်ထူထပ်ပြီး နှင်းကျမည့် အရိပ်အယောင်လေး တစ်ခဏပြလိုက်သည်။ သူဘော်ဒါဆောင် ရေချိုးခန်းထဲတွင် သူသွားတိုက်နေရင်းက မှန်ထဲက ပေါ်နေသော သူ့မျက်နှာကို တိတ်တခိုးကြည့်နေသည်။ အအေးမိတာရော၊ အိပ်ရေးပျက်တာတွေရောကြောင့် သူ့မျက်လုံးတွေ နီနေသည်။ သူ့မျက်နှာက ဖျော့တော့တော့နှင့် ပွရောင်းရောင်း ဖြစ်နေသည်။ သို့သော် ဒီနေ့မတိုင်ခင်က ဒီနှစ်တွေအတွင်း သူနောက်ပြန်ကြည့်လိုက်သောအခါတွင်လည်း အဓိကဖြစ်သော ညိုးမှိုင်နေသော မျက်နှာကတော့ အတူတူပဲ ဖြစ်သည်။

'အဲဒါ ဒီနေ့ပဲ။ ဒီနေ့ဟာ ဒီရက်ပဲ'

သူကိုယ်သူ သတင်းပေးလိုက်သလို ဆုဂုရိပြောနေသည်။ သို့သော် သူ့တွင် ခုထိ စိတ်လှုပ်ရှားမှုမရှိ၊ လေးလေးနက်နက် ခံစားမှုမရှိဘဲ သူရောမွှေခံစားနေရသည်။ သူ့စိတ်က ထူးထူးဆန်းဆန်း စိတ်တည်ငြိမ်နေသလို ထင်ရသည်။

'ကောင်းသောနံနက်ခင်းပါ' အလုပ်လုပ်သည့် အဝတ်တွေကို ရေချိုးခန်းအတွင်းလာပြီး ဝတ်သော ဘော်ဒါဆောင်က ကျောင်းသား ငတီတစ်ယောက် ဖြစ်သည်။ 'ကြည့်ရတာ နှင်းကျတော့မယ် ထင်တယ်နော်၊ မထင်ဘူးလား'

'အေး ထင်တယ်' ဆုဂုရိ ဖြေပြီး သူ့သွားတိုက်တံကို ခေါက်တုံ့ခေါက်ပြန် တိုက်နေသည်။

'မင်း ဒီနေ့ အလုပ်ထပ်ရလို့လား တာကာဟာရှိ'



www.burmeseclassic.com

www.burmeseclassic.com

'စက်ရုံအလုပ်က ညကျမှပါ။ ကျွန်တော်က နေ့လယ်ပိုင်း ဆက်လုပ်မလို့၊ ဆရာရော ဒေါက်တာ ဆုဂုရိ'

'ငါ အပြင် ခဏထွက်မလို့'

မနက်စာအတွက်ကတော့ ဆုဂုရိသည် အမြဲတမ်း ဆေးရုံထဲရှိ ထမင်းစားခန်းထဲက ဘာဖြစ်ဖြစ်စားတတ်လေသည်။ ပြီးတော့ သူဆေးကျောင်းကို လမ်းလေးပေါ် စလျှောက်သွားသောအခါ နှင်းခဲအလေးချိန်ကြောင့် အပေါ်မျက်နှာပြင်သည် ကြေမွပြီး လိမ်နေသည်။ သူလျှောက်နေသော လမ်းတစ်လျှောက်လုံး တစ်ဝက်ရေခဲနေသော မြေပြင်ပေါ်မှာ သူ့ခြေလှမ်းက တကျွိကျွိမြည်နေသဖြင့် သူ မကြာခဏရပ်နေရသည်။ ပြီးခဲ့သော ညက စမ်းသပ်ခန်းထဲတွင် သူ့ဆီပြန်လာပြီး တိုဒါ ပြောခဲ့သောစကားတွေဖြစ်သည့် 'မင်း ငြင်းဖို့ စိတ်ကူးလိုက်တာနဲ့ နောက် အဲဒါလုပ်ဖို့ အချိန်က ရောက်လာမှာပဲ'။

အခုချက်ချင်း လှည့်ပြီး ဘော်ဒါဆောင်ဆီ ပြန်လျှောက်သွားခဲ့လျှင်…။ သူ့နောက်ကို သူကြည့်လိုက်သည်။ အဲဒါက လုပ်ရမယ့်အလုပ်ပဲဟု သူတွေးလိုက်သည်။ သို့သော် သူ့မျက်လုံးတွေကို လမ်းပေါ်ဆက်မသွားခင် နှင်းခဲတွေက ငွေရောင်မှိုင်းမှိုင်းတောက်နေလေသည်။ သူဆက်ပြီး လိုက်သွားလျှင် ဆေးရုံမိန်းဂိတ်ပေါက်တည့်တည့်ကို သူရောက်သွားမှာဖြစ်သည်။

ဂိတ်ပေါက်ရှေ့တွင် သူသည် နာ့စ်ခေါင်းဆောင် အိုဘာထံသို့ ပြေးဝင်သွားလိုက်သည်။ သူလည်း ခွဲစိတ်စမ်းသပ်မှုထဲတွင် ပါဝင်နေကြောင်း ဆုဂုရိ သိနေသည်။ သူက မွန်ပီဝတ်ထားသည်။ ဆုဂုရိကို သူဖြတ်သွားသောအခါ သူ့ခံစားမှုကင်းမဲ့သော မျက်နှာဖုံးမျက်နှာကြီးဖြင့် ဆုဂုရိအား ခပ်မြန်မြန် ဖျတ်ခနဲ တစ်ချက်ဝေ့ကြည့်လိုက်သည်။ သို့သော် ရုတ်တရက် သူ့မျက်လုံးတွေကို အဝေးဆီလှည့်လိုက်သည်။ ပခုံးတွေ နည်းနည်း လျှောကျနေပြီး ဆက်လျှောက်သွားနေသည်။ စမ်းသပ်ခန်း တံခါးကို သူဖွင့်လိုက်သောအခါ တိုဒါက ရောက်နေနှင့်တာကို သူတွေ့လိုက်ရသည်။ တိုဒါသည် တံခါးကို ကျောပေးပြီး သူ့စားပွဲမှာ ထိုင်နေသည်။ ဆုဂုရိဝင်လာသောအခါ သူ လှည့်မလာ။ ဆုဂုရိကိုလည်း ဘာမှ မပြော။ တစ်မူထူးခြားသော လေးနက်စိုးရိမ်ဖွယ်ခံစားမှုဖြင့် မှတ်စုစာအုပ်ထဲတွင် သူ တစ်ခုခုရေးနေသည်။ စားပွဲပေါ်ရှိ နှိုးစက်နာရီအဟောင်းလက်တံက ၉ နာရီကို ပြနေသည်။ အလုပ်က နေ့ခင်း ၃ နာရီတွင် စ,မည်ဖြစ်သည်။

တစ်နေ့လုံး ၃ နာရီထိုးသည်ထိ တိုဒါနှင့် ဆုဂုရိတို့သည် စကားတစ်လုံးကို ခက်ခက်ခဲခဲပြောကြရသည်။ တိုဒါက ဝဲ့ဒ်ရောင်းဒ်လှည့်နေစဉ် ဆုဂုရိက လုပ်စရာဘာမှမရှိဘဲ သူ့စားပွဲမှာသာ ထိုင်နေသည်။ တခြားရက်တွေမှာဆိုရင် သူ စမ်းသပ်ခန်းအတွင်း ရောက်လာသည်နှင့် အမြဲတမ်း တောက်တိုမည်ရ အလုပ်မျိုးစုံကို ပွက်ပွက်ညံအောင် လုပ်နေကြသည်။ ဘာလို့ ဒီနေ့ကျမှ အားလုံးက ခံစားမှုတစ်ခုဖြင့် ငြိမ်ပြီး အမိန့်ပေးထားသလိုဖြစ်နေကြရတာလဲ။ ဘာမှလည်း လုပ်စရာမရှိ။ သူ့ကို ဘာမှ ချိန်းထားတာလည်းမရှိ။ နေ့လယ် ၃ နာရီအချိန်တွင် ဘာဖြစ်မလဲဆိုတာထက် တခြားကို သူခံစားနေရသည်။ ထို့ကြောင့် စမ်းသပ်ခန်းအတွင်း တိုဒါ ပြန်ဝင်လာသောအခါ ဆုဂုရိ ထ,ရပ်လိုက်ပြီး သူ တစ်ခုခုကို တွေးလိုက်မိသောကြောင့် ဟောခန်းထဲသို့ ထွက်ချသွားလိုက်သည်။ ခဏလေးနေပြီး သူ ပြန်လာသောအခါ စားပွဲပေါ်တွင် မှတ်စုစာအုပ်ကို မှောက်လျက်ချထားခဲ့ပြီး တိုဒါ တစ်နေရာရာကို ထွက်သွားခဲ့လေသည်။ သူတို့ တစ်ယောက်နှင့်တစ်ယောက် စကားဖလှယ်ဖို့ ရှိနေသောအခွင့်အရေးကို ရှောင်နေကြသည်။

သို့သော် နောက်ဆုံး၌ ၃ နာရီထိုးခါနီးတွင် ဆုဂုရိ အပြင်ထွက်သွားသည့်အခါ တိုဒါက တံခါးမှနေ၍ သူ့လမ်းပိတ်ထားလိုက်သည်။

'ဟေး… မင်း ဘာလို့ ငါ့ကိုရှောင်နေတာလဲ'

'ငါ မင်းကို မရှောင်ခဲ့ပါဘူး'

'ဘာမှမတတ်နိုင်တော့ဘူး၊ အဲဒါ သေချာသွားပြီ မဟုတ်ဘူးလား'

ဆုဂုရိမျက်နှာကို ခဏလေး သူ ပြင်းပြင်းထန်ထန်ငေး ကြည့်နေသည်။ နောက် သူ့မေးခွန်းက အသုံးမကျဖြစ်နေတာကို သိလိုက်ပြီး မဲ့ကာ ခါးခါးသီးသီး အပြုံးတစ်ခု သူ ပေးလိုက်သည်။ ပြီးတော့ တံခါးဆီ မရောက်ခင်ကထို သူတို့နှစ်ယောက် ရပ်နေလိုက်ကြသည်။ ဆေးရုံအပြင်ထုတ်ဆောင်တစ်လျှောက်လုံး မသိုးမသန့် ဖြစ်တာမျိုးတစ်ခုနှင့် တိတ်ဆိတ်နေသည်။ တိတ်ဆိတ်ငြိမ်သက်နေသော ကုန်ဆုံးချိန်ကို လူနာတွေက စောင့်နေကြသည်။ နာရီဝက်အတွင်း ဘာဖြစ်မလဲဆိုတာကို သူတို့ စိုးရိမ်မနေကြပါ။ နာ့စ်တွေ၏ အခန်းဘက်မှ အသံ လုံးဝမထွက်။

သို့သော်ငြားလည်း သူတို့နှစ်ယောက် ဒုတိယထပ်ရှိ ခွဲစိတ်ခန်းကို လှေကားမှ တက်သွားပြီး နည်းနည်းကြာသောအခါ နာကျင်သော ဖိနှိပ်သည့်ဝန်းကျင်က မမျှော်လင့်ဘဲ ကြောက်စရာဖြစ်နေသည်။ စကြံတွင် တကယ်တော့ ရယ်မောသံတွေ

ဆေးရုံအပြင်ထုတ်ဆောင် တစ်လျှောက်လုံး မသိုးမသန့် ဖြစ်တာမျိုးတစ်ခုနှင့် တိတ်ဆိတ် နေသည်။ တိတ်ဆိတ် ငြိမ်သက်နေသော ကုန်ဆုံးချိန်ကို လူနာတွေက စောင့်နေကြသည်။ နာရီဝက်အတွင်း ဘာဖြစ်မလဲဆိုတာကို သူတို့ စိုးရိမ်မနေကြပါ။ နာ့စ်တွေ၏ အခန်းဘက်မှ အသံ လုံးဝ မထွက်။



www.burmeseclassic.com

www.burmeseclassic.com

ပွဲတင်ထပ်နေလေသည်။ ဆုဂုရိုနှင့် တိုဒါတို့ တစ်ခါမှ မမြင်ဖူးသော အရာရှိ ၄၊ ၅ ယောက်လောက် ပြတင်းပေါက်မှာ ငေါ ထွက်နေသော အဆင့်ကိုမှီပြီး စီးကရက်မီးခိုးများ ဖွာထုတ်ရင်း ရယ်စရာဟာသတွေကို အကျယ်ကြီးပြောနေကြသည်။ အရာရှိ ကလပ်တွင် နေ့လယ်စာကျွေးမည်ဖြစ်သဖြင့် သူတို့ စောင့်နေကြခြင်း ဖြစ်သည်။

'၂ နာရီခွဲသွားပြီ မဟုတ်လား၊ အကျဉ်းသားတွေ ခုထိ ဒီရောက်မလာသေးဘူး'

သူ့ကင်မရာသေတ္တာကို ဖွင့်ရင်းက သူ တောက်ခေါက်နေပြီး ထိုနေ့၌ ဒေါက်တာ ရှိဘာတာ၏ အခန်းထဲတွင် ဝဝဖိုင့်ဖိုင့် အရာရှိလေးက ရောက်နေနှင့်သည်။

'အမိန့်အရဆိုရင် ခြံဝိုင်းထဲကနေ နာရီဝက်မတိုင်ခင် သူတို့ကို ထုတ်လာရမှာ။ ဒါကြောင့် မကြာခင်ကတည်းက သူတို့ ရောက်သင့်နေပြီ'

သူစောင့်ကြည့်နေရတာကို ဝင်ဆွေးနွေးပြီး အားကစားသမားပုံ နှုတ်ခမ်းမွေးတိုနံ့နံ့နှင့် အရာရှိတစ်ယောက်က ဖြေလိုက်သည်။

'ဒီနေ့တော့ ပုံကောင်းကောင်းတွေ ရလိမ့်မယ်လို့ ကျွန်တော် ထင်တယ်'

ကြမ်းပေါ်တံတွေးထွေးချကာ သူ့ဘွတ်ဖိနပ်ဖြင့် တံတွေးစက်ကို ပွတ်လိုက်ပြီး ဆေးအရာရှိက ပြောလိုက်သည်။

'အဲဒီထဲကတစ်ယောက်ကို ဘယ်လို ကိုင်တွယ်မလဲဆိုတာ ကျွန်တော် တကယ် သိနေတယ် မဟုတ်ဘူးလားဆရာ။ ဒါ သိပ်ကောင်းတဲ့ ကင်မရာလေ'

သူတတ်နိုင်သလောက် အကောင်းဆုံးလို သူမျက်နှာချိုသွေးပြီး နှုတ်ခမ်းမွေးနှင့် အရာရှိက ပြောသည်။

'အိုး… ဒီကင်မရာက ဂျာမန်လုပ်လေ။ ဒါပြီးရင် ဆေးရုံထမင်းစားခန်းမှာ ဗိုလ်ကြီး အိုမိုရိအတွက် နှုတ်ဆက်ပွဲပါတီလုပ်ဖို့ ရှိတယ်။ သူတို့ပြောတာကတော့ ဒီစမ်းသပ်ချက်က ၅ နာရီကျော်မယ်တဲ့။ ဒါကြောင့် ကျွန်တော်တို့ ၅ နာရီခွဲမှ လုပ်ရမယ်'

'အစားအသောက် ဘယ်လိုလဲ'

'ဘယ်လိုပဲဖြစ်ဖြစ် ကောင်းမှာပါ။ အကျဉ်းသားတွေကို ကျေးဇူးတင်ရမယ်။ ကျွန်တော်တို့ ညစာကို အမေရိကန် အသည်းနည်းနည်းလောက်တော့ မြည်းရလိမ့်မယ်ထင်တယ်'

တိုဒါနှင့် ဆုဂုရိုရှိသည့်ဘက်ကို ငဲ့စောင်းမကြည့်ဘဲ အရာရှိတွေက ခွက်ထိုးခွက်လန်ရယ်နေကြလေသည်။ ခွဲစိတ်ခန်း တံခါးကို ဖွင့်ထားတုန်းရှိနေသော်လည်း အဘိုးကြီး၊ ဒေါက်တာ ရှိဘာတာနှင့် ဒေါက်တာ အဆာအိတို့ ခုထိ ရောက်မလာကြသေးချေ။

'မင်းသိလား… တရုတ်မှာလေ'

ဆေးအရာရှိက သူ့ဖင်ကိုကုတ်ပြီး ဇာတ်ကြောင်းတစ်ခု စ,လေသည်။

'နောက်တာမဟုတ်ဘူး၊ ငါ့တပ်စုမှာရှိတဲ့ အုပ်စုတစ်စုက သူ ဗိုက်ခွဲပြ,ပြီး သူ့အသည်းကို ထုတ်ယူဖို့ ကြိုးစားတာ'

'သူတို့ပြောတာလေ၊ အဲဒါ မျိုချလိုက်တော့ အံ့သြစရာကောင်းလောက်အောင် ကောင်းတာတဲ့ဗျ'

နှုတ်ခမ်းမွေးနှင့်အရာရှိက ပြောလိုက်သည်။ သူ့မျက်နှာက သိရတာ ကိုယ့်ကိုယ်ကို အားရကျေနပ်နေပြီး တောက်ပ,နေသည်။

'ကောင်းပြီ၊ ခင်ဗျား ဘာပြောမလဲ၊ ဒီနေ့ ညစာမှာ မြည်းစမ်းခွင့်ပေးပါလား'

ထိုအချိန်၌ စကြံပေါ်မှ ဒေါက်တာ အဆာအိ ဖြည်းဖြည်းလေးဆင်းချလာသည်။ သူ့အနားသတ်မပါသော မျက်မှန်က အလင်းရောင်ကို အမြဲတမ်းလိုပဲ ဖျပ်ခနဲ လက်နေသည်။ အရာရှိများနှင့်အတူ သူ့ထုံးစံအတိုင်း နှစ်လိုဖွယ်အပြုံးဖြင့် သူ လှည့်လိုက်သည်။

'အကျဉ်းသားတွေ အခုပဲရောက်တော့မှာပါ လူကြီးမင်း'

သူ့မိန်းမလေးသံက သူတို့ကို စိတ်ချရအောင် ပြောလိုက်သည့်အတွက် အားလုံးသဘောကျသွားကြသည်။

'ယား… ဒါပေမဲ့ ရှိဘာတာ၊ ရှိဘာတာ ဘယ်ရောက်နေလဲ'

'ခဏနေ သူ ဒီရောက်လာမှာပါ။ လောစရာမလိုပါဘူး လူကြီးမင်း'

အဲဒါနှင့်အတူ သူတို့အပေါ် ဖိနှိပ်နေသောအလေးကို အနိုင်ရအောင် ထောက်ခံပေးနေသလို နံရံကို မှီနေကြသော တိုဒါနှင့် ဆုဂုရိုတို့အား သူက လက်နှစ်ဖက်ဖြင့် ပြလိုက်သည်။

'မင်းတို့နှစ်ယောက် ဒီကို ခဏလာဦး'

ခွဲစိတ်ခန်းထဲသို့ သူတို့နှစ်ယောက်အား ခေါ်ပြီး ခွဲစိတ်ခန်း တံခါးကို ပိတ်လိုက်သည်။

'အဲဒီ အုပ်စုဆီကို သူတို့တွေလာရတယ်။ တစ်ခုခုတော့ စ,ဖြစ်နေပြီဆိုတာ လူနာတွေကတော့ သိနေကြတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ပထမဆုံးအနေနဲ့ ဘာဖြစ်မယ်ဆိုတာ အကျဉ်းသားတွေကို ဘာမှ သတိပေးမထားဘူး။ အိုအိတမှာရှိတဲ့ စခန်းကို မပို့ခင် သူတို့ကို ဆေးစစ်ဖို့ ဒီနေရာကို ခေါ်လာတယ်လို့ပဲ ထင်နေကြတယ်'

ဒါ သူပြောပြီးသွားသောအခါ သူ့စိုးရိမ်ပူပန်မှုကို သူ့အသံ ပါးပါးလေးက မသိမသာပြနေသည်။ နံရံကပ်စင်ပေါ်က အီသာဘူးတစ်ဘူးကို သူလှမ်းယူလိုက်သည်။

'မင်း မေ့ဆေးကောင်းကောင်းပေးစေချင်တယ်။ အိုကေနော်။ ဒီနေ့ အကျဉ်းသားနှစ်ယောက်ရှိတယ်။ တစ်ယောက်က သူ့ပခုံးမှာ ဒဏ်ရာရထားတယ်။ သူ့အတွက်ကတော့ ဘာမှ ပြဿနာမရှိပါဘူး။ သူ့ကို ကုသဖို့ဆိုရင် ငါတို့က အစီအစဉ်အတိုင်း မေ့ဆေးပေးရမှာပဲ။ ဒါပေမဲ့ အဲဒါ ကိုးရိုးကားရားဖြစ်သွားခဲ့ရင် နောက်တစ်ယောက်ကို ငါတို့က သတိပေးလိုက်သလိုဖြစ်သွားမယ်။ ဒါကြောင့် သူတို့လာတဲ့အခါကျရင် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

ကို ငါကဟန်ဆောင်ပြီး စမ်းသပ်တာကိုလုပ်မယ်။ မင်းသဘော ပေါက်တယ်နော်၊ နောက်ဆုံးကျရင် စားပွဲပေါ်လှဲဖို့ ပြောမယ်။ ဒါမှ ငါက သူတို့နှလုံးတွေကို စမ်းသပ်လို့ရမယ်လေနော်'

'ငါတို့က သူတို့ကို သိုင်းကြိုးနဲ့ ပတ်ချည်ရမယ်။ ငါတို့ မလုပ်နိုင်ဘူးလား။ အဲလိုမှမလုပ်ရင် မေ့ဆေးစ,ပေးတဲ့အချိန်မှာ သူတို့က စပြီး ရုန်းကန်တာတွေဖြစ်လာနိုင်တယ်'

'ဟုတ်တယ်၊ ဟုတ်တယ် ဆုဂုရို။ မင်းလည်း ဒါကို ရင်းနှီးနေတာပဲ။ မေ့ဆေးပေးတဲ့အဆင့်တွေ မသိဘူးလားဟင်'

'ဟုတ်ကဲ့ ဒေါက်တာ'

လူနာ ကောင်းကောင်းအပြည့်အဝမေ့မသွားခင်မှာ အဆင့် သုံးဆင့်ရှိသည်။ သည့်အပြင် ဒီလို မေ့ဆေးမျိုးမှ လူနာက လွယ်လွယ်ပဲ နိုးလာတတ်ကြသည်။ ဆက်ပြီး သေသေချာချာ စောင့်ကြည့်သွားဖို့ ခွဲစိတ်မှုတစ်လျှောက်လုံးတွင် လိုအပ်နေ သည်။ ဒီအလုပ်ကို တိုဒါနှင့် ဆုဂုရိအား ပေးအပ်ခြင်းခံရသည်။

'အဘိုးကြီးနဲ့ ဒေါက်တာ ရှိဘာတာရော'

'အောက်ထပ်ကအခန်းမှာ သူတို့ ခွဲစိတ်ဝတ်စုံတွေ ဝတ်နေ ကြတယ်။ မေ့ဆေး ဆေးစွမ်းပြလာပြီဆိုရင် သူတို့ကို ငါ ခေါ်လိုက်မယ်။ စ,တာနဲ့ အားလုံး ဒီမှာရှိနေရင် အကျဉ်းသား တွေက ထိတ်လန့်လာနိုင်တယ်'

သူနားထောင်ပြီးသွားသောအခါ သူပါဝင်နေသော ခွဲစိတ် မှုသည် တစ်မူထူးခြားမှုမရှိတာ သူ ခံစားနေရသည်။ အကျဉ်း သားဆိုသော စကားလုံးတစ်ခုကသာ သူ့ယုံမှားနေမှုကို တပ် လှန့်နေသလို ဖြစ်နေလေသည်။ တစ်ဖက်ကို လှည့်လိုက်ဖို့ ဒါမှမဟုတ် ရှေ့ဆက်သွားဖို့အကြောင်း ယတိပြတ်ဖြစ်သော ထုထည်ကြီးမားထူသိပ်သော နံရံတစ်ခုက သူထွက်ပြေးမည့် လမ်းကို ပိတ်လိုက်သလိုဖြစ်နေသည်။ မကြာခင်မှာပဲ ရေစီးကျ သံ၊ မျက်နှာကြက်မီးလုံးမှာ ဖျော့တော့တော့အလင်းထဲ လူနာ၏ သွေးတွေကို ဆေးချဖို့ အဆင်သင့်ဖြစ်ရန် နည်းနည်းချင်းစီးကျ ပြီး ခွဲစိတ်ခန်းကြမ်းပြင်ပေါ်ကို ဖြတ်စီးဖို့ စ,လိုက်သည်။ အဆာအိနှင့် တိုဒါ သူတို့၏ အပေါ်အင်္ကျီများနှင့် ဖိနပ်များကို တိတ်တဆိတ်ချွတ်လိုက်ပြီး သူတို့၏ ခွဲစိတ်ဝတ်စုံတွေဝတ်ကာ သစ်သားသိုင်းကြိုးဖိနပ်တွေကို စီးလိုက်ကြသည်။

တံခါးဖွင့်လိုက်သောအခါ အမြဲ သူ့မျက်နှာဖုံးလို မျက်နှာ ကို အသေထားသော နာ့စ်ခေါင်းဆောင် အိုဘာက အုအဲဒါဟု ခေါ်သော နာ့စ်တစ်ယောက်နှင့်အတူ ဝင်လာသည်။ ဒီမိန်းမ တွေကလည်း သုန်သုန်မှုန်မှုန်ဟန်ဖြင့် ဗီရိုအံဆွဲတွေကို ဆွဲဖွင့် လိုက်သလို ခွဲစိတ်စားပွဲဘေးမှာရှိတဲ့ ဖန်စားပွဲထိပ်ပေါ်က အရည်စုပ်သောဂွမ်း၊ ဆီစိမ်စက္ကူ၊ ကတ်ကြေးများ၊ ခွဲစိတ်ဓား တို့ကို စ,ပြီး ထုတ်စီနေသည်။ ဘယ်သူမှ စကားမပြောကြ။ စင်္ကြံပေါ်တွင် စကားပြောနေကြသော အသံတွေကို အားလုံးက ကြားနေရသည်။ ရေတာစက်စက်ကျသံက စ,လာသည်။

ဒီစမ်းသပ်ခွဲစိတ်မှုထဲ၌ နာ့စ်ခေါင်းဆောင် အိုဘာဘေးက နာ့စ် အုအဲဒါ ဘာလို့ ပါလာရတာပါလိမ့်ဟု ဆုဂုရို တွေးနေမိ သည်။

သူက ဆေးရုံရောက်လာတာ သိပ်မကြာလှသေး။ တစ်ခါ တစ်ရံ ဆုဂုရို ရောင်းဒ်လှည့်သည့်အခါ သူနှင့် တစ်ခုခုကို အတူ တူလုပ်ရလေ့ရှိသည်။ သို့သော် အဆွေးဓာတ်ခံရှိသော မိန်းမ တစ်ယောက်လို သူ့ခံစားမှု ပုံက ထူးခြားနေသည်။ အတော် ဝေးဝေးကို အမြဲပဲ ငေးတွေနေ တတ်သည်။

ရုတ်တရက် စင်္ကြံတွင် ရယ်မောနေသံတွေ ရပ်သွား သည်။ တစ်ဖက်တွင် ရှိသော တိုဒါ့ကို ဆုဂုရို ကြည့်လိုက် သည်။ သူ့မျက်လုံးတွေက ကြောက်နေသည်။ တိုဒါသည် တိုဒါပဲ ဖြစ်သည်။ ပြီးတော့ သူ့

သူက ဆေးရုံရောက်လာတာ သိပ်မကြာလှသေး။ တစ်ခါ တစ်ရံ ဆုဂုရို ရောင်းဒ်လှည့်သည့်အခါ သူနှင့် တစ်ခုခုကို အတူတူလုပ်ရလေ့ရှိသည်။ သို့သော် အဆွေးဓာတ်ခံရှိသော မိန်းမတစ်ယောက်လို သူ့ခံစားမှုပုံက ထူးခြားနေသည်

အစိကအပိုင်းကို သူ နောက်ဆုံးမှာ ရောက်လာပြီဖြစ်ကြောင်း သိနေခြင်းကြောင့် သူ့အပေါ် ဖိစီးလျက်ရှိနေကြောင်း သူ တွေ့ လိုက်ရသည်။

'ငါတို့ လူတစ်ယောက်ကို သတ်ရတော့မယ်'

ချက်ချင်းပဲ ကြောက်ရွံ့သော အမှောင်လှိုင်းကြီးတစ်ခုနှင့် တုန်လှုပ်ချောက်ချားမှုတစ်ခုက သူ့ဆီ ဝင်လာသည်။ ခွဲစိတ်ခန်း တံခါးလက်ကိုင်ကို သူ ဆုပ်ကိုင်လိုက်မိသည်။ တခြားတစ် ဖက်က အရာရှိတွေ၏ ဟားတိုက်ရယ်မောသံတွေ ပွဲတင်ထပ် နေတာကို သူကြားနေရသည်။ သူတို့ရယ်သံတွေက ဆုဂုရို၏ နှလုံးကို ဘုတ်ခနဲ ရိုက်လိုက်သလို ထင်ရသည်။ သူ့လမ်းထဲ၌

ခံစားမှုက ချက်ချင်း နာကျင်တာတွေနှင့် ရောယှက်နေပြီး စိန်ခေါ်နေသလိုမျိုး လှောင်ပြုံးတစ်ခု သူ့ပေးလိုက်သည်။

ခွဲစိတ်ခန်းတံခါး ပွင့်သွားပြီး စွက်ဖက်စွာဖြင့် အရှင် သူစောင့်ကြည့်နေရတာကို ပြောရင်း နှုတ်ခမ်းမွေးတိုနံ့နံ့ဖြင့် အရာရှိက သူ့ရိပ်ထားသော ခေါင်းကို ထိုးပြီး အခန်းထဲဝင် လာသည်။

'ဒီမှာ အားလုံးအဆင်သင့်ဖြစ်နေပြီလား'

'တစ်ခုယူခဲ့ပါ ကျေးဇူးပြုပြီး'

အဆာအိက အသံအက်အက်ဖြင့် ဖြေလိုက်သည်။

'ဒီမှာ ဘယ်နှယောက်လဲ နှစ်ယောက်လား'



www.burmeseclassic.com

www.burmeseclassic.com

'နှစ်'

ဆုဂုရို နောက်ကျောက နံရံမှာ လျှောကျနေသည်။ နောက်ပြီး သူ့အားတွန်းခံလိုက်ရသလို အခန်းတွင်းသို့ ရှည်ရှည်ပိန်ပိန် အကျဉ်းသားတစ်ယောက် ဝင်လာတာကို သူမြင်လိုက်သည်။ ချက်ချင်းပဲ အခြား အကျဉ်းသားတွေကို ဒုတိယခွဲစိတ်ခန်း ဝင်ပေါက်အပြင်ဘက်တွင်ရှိနေတာကို ဆုဂုရို မြင်နေရသည်။ ဒီလူကတော့ လျော့ရဲရဲ ပုံပန်းမကျသော အစိမ်းရောင် တိုက်ပွဲဝင်ယူနီဖောင်းကို ဝတ်ထားသည်။ သူတို့၏ ခွဲစိတ်ဝတ်စုံတွေဖြင့် တခြားလူတွေနှင့် ဆုဂုရိုအား သူက လှည့်ပတ် ကြည့်လိုက်ပြီး သူပျာယာခတ်သည့်ပုံဖြင့် ပြုံးလိုက်သည်။ နောက်တော့ အခန်းနံရံဖြူကို ငေးကြည့်နေသည်။

'ဒီမှာထိုင်'

အဆာအိက ခုံတစ်လုံးကို လက်ညှိုးထိုးပြပြီး သူ့အား အင်္ဂလိပ်လို မိန့်လိုက်သည်။ ထိုလူက သူ့ခြေတံရှည်ကြီးကို ကိုးရိုးကားရားကွေးလိုက်ပြီး ယုံလွယ်စွာဖြင့် ထိုင်ချလိုက်သည်။

စတား ဂရေးကော်ပါး ရုပ်ရှင်ကားပေါင်းများစွာကို ဆုဂုရို ကြည့်ခဲ့ဖူးသည်။ ဒီအမေရိကန်အကျဉ်းသားက သူ့မျက်နှာ၊ သူ့လှုပ်ရှားပုံက ဘယ်လိုပဲဖြစ်ဖြစ် သရုပ်ဆောင်နှင့် တူနေသည်။ နာ့စ်ခေါင်းဆောင်က သူ့ အပေါ်အင်္ကျီကို ချွတ်လိုက်သောအခါ သူသည် စုတ်ပြတ်နေသော ဂျပန်လုပ် စွပ်ကျယ်ကို ဝတ်ထားကြောင်း ဆုဂုရို မြင်လိုက်ရသည်။ သူ့စုတ်ပြဲနေသော စွပ်ကျယ်ကို ဖြတ်ပြီး သူ့ရင်ဘတ်ထူထူ၏ သစ်အယ်သီးရောင် အမွေးတွေကို မြင်နေရသည်။ ဒေါက်တာ အဆာအိက နားကြပ်ကို လှမ်းယူလိုက်သောအခါ သူသည် တုန်လှုပ်ချောက်ချားသွားပြီး မျက်စိကို ပိတ်ထားလိုက်သည်။ သို့သော်လည်း နောက်တော့ ရတ်တရက် အခန်းထဲမှာ လွင့်မျောနေသောအနံ့ကို သူ သိလာသည်။

'ပြောပါ အဲဒါ အီသာ မဟုတ်ဘူးလား'

သူ အံ့အားသင့်စွာ ပြောလိုက်သည်။

'မှန်ပါတယ်၊ အဲဒါ မင်းကိုကုဖို့ပေါ့'

အဆာအိအသံက နည်းနည်းလန့်ပြီး နားကြပ်ကိုင်ထားသောလက် တုန်လာသည်က ဖြစ်နိုင်ပါသည်။ စမ်းသပ်မှုတွေက တိုးတက်လာပြီး အဆာအိညွှန်ကြားသည့်အတိုင်း ကျိုးကျိုးနွံနွံ နောက်က လိုက်လုပ်ပေးနေသဖြင့် လူနာက ပိုစိတ်လျော့ချလိုက်ပုံရလေသည်။ သူ့နူးညံ့သော မျက်လုံးပြာပြာနှင့် သူ့ရင်းနှီးကျွမ်းဝင်သော အပြုံးလိုင်းတွေ ပေါ်လွင်နေသည့်အတွက် ဆုဂုရိုနှင့် အခြားလူတွေကို သို့လောသို့လောအတွေး အဆုံးအဖြတ်နည်းနည်းလေးတောင်မှ ဖြစ်ပုံမရချေ။ အတတ်ပညာရှင်တစ်ယောက်က အကျဉ်းသားကို အေးအေးချမ်းချမ်းထားလိုက်ခြင်းသည် အလွန်ကောင်းသလိုမျိုး လူတွေက ဆရာဝန်တွေ လက်ထဲမှာ ရှိနေတဲ့အတွက် ယုံကြည်မှုရှိနေပုံရလေသည်။ ထိုစဉ်မှာ နှလုံးစမ်းသပ်ပုံအကြောင်းကို သူ့အားရှင်းပြပြီး အဆာအိက ခွဲစိတ်စားပွဲကို ညွှန်ပြလိုက်သည်။ ပြီးတော့ အကျဉ်းသားက စားပွဲပေါ်မှာ အဆင်သင့်လှဲလျောင်းပေးလိုက်သည်။

'သိုင်းကြိုး' တိုဒါ သွက်သွက်မေးလိုက်သည်။

'ခဏလေး ခဏလေး'

အဆာအိက သူ့အသံကို ဆက်တိုးပြီး ဖြေလိုက်သည်။

'မင်း ဒါ အခုလုပ်ရင် အဲဒါ ရယ်စရာလို့ ထင်ရမယ်။ ဒုတိယအဆင့်ရောက်လာရင် ဒါမှမဟုတ် တစ်ခုခု အကြောဆွဲလာရင် ဒီအတိုင်းလုပ်ရမှာပဲ'

'ဆေးအရာရှိက ပြောတယ်၊ အဆင်ပြေရင် သူတို့ ဝင်လာတော့မယ်တဲ့'

ခန်းမအဝင် ခန်းငယ်လေးမှ သူ့ခေါင်းထိုးဝင်လာပြီး နာ့စ်ခေါင်းဆောင် အိုဘက ပြောလိုက်သည်။

'ခုထိမရသေးဘူး၊ နောက်မှ မင်းကို အသိပေးမယ်။ ဆုဂုရို မေ့ဆေးအအုပ် အဆင်သင့်ဖြစ်ပြီလား'

အဆာအိက သူ့အနားသတ်မပါသော မျက်မှန်ပေါ်မှကျော်ပြီး ရှာနေသလိုမျိုး မော့ကြည့်လိုက်သည်။ သို့သော် သူဘာတစ်ခွန်းမှ မပြော။

'ကျွန်တော် လုပ်လိုက်မယ်၊ ဒေါက်တာ အဆာအိ'

ဆုဂုရို နေရာဝင်ယူလိုက်ပြီး လိုက်ကာပေါ်မှာတင်ထားသည့် မျက်နှာအုပ်အပေါ်က ဂွမ်းနှင့် ဆီစိမ်စက္ကူအထပ်လိုက်ကို တိုဒါ ထားလိုက်သည်။

ဒါကို သူမြင်လိုက်သောအခါ အကျဉ်းသားက ကြည့်ပြီး တစ်ခုခုကို မေးဖို့ လုပ်နေစဉ်မှာပဲ ဒေါက်တာ အဆာအိက အပြုံးတစ်ခု ခပ်သွက်သွက်ပြုံးပြလိုက်ပြီး သူ့လက်ဖြင့် လက်ဟန်ပြလိုက်သည်။ နောက် အကျဉ်းသားမျက်နှာပေါ် မျက်နှာအုပ်ကို အုပ်ချလိုက်သည်။ အီသာအရည်တွေက စပြီး မျက်နှာပေါ် စီးကျလာသည်။ မျက်နှာအုပ်ကို ကျွတ်ထွက်သွားရအောင် ကြိုးစားပြီး အကျဉ်းသားက သူ့ခေါင်းကို ဟိုဘက်ဒီဘက် လှုပ်ခါယမ်းနေရှာလေသည်။

'သိုင်းကြိုး သိုင်းကြိုး မြန်မြန်'

နာ့စ်နှစ်ယောက်လည်း အပေါ်မှာကုန်းပြီး အကျဉ်းသား၏ ခြေထောက်နှင့် ကိုယ်ကို ခွဲစိတ်စားပွဲနှင့် သိုင်းကြိုးတွေကို ခပ်မြန်မြန် သိုင်းပတ်နေကြသည်။

'ပထမအဆင့်'

နာရီဒိုင်ခွက်ကိုကြည့်ပြီး နာ့စ် အုအဲဒါ တိုးတိုးပြောလိုက်သည်။ ဒီအဆင့်တွင် လူနာတစ်ယောက်က သူ့သိစိတ်ခံစားမှုမှ အဝေးကို ချော်ထွက်သွားသည့်အတွက် အလိုလိုရုန်းကန်နေတတ်သည်။

'အီသာ လွှတ်တာရပ်လိုက်တော့'

အကျဉ်းသားမျက်နှာပေါ်မှာ လက်ဖိထားရင်း အဆာအိ အမိန့်ပေးလိုက်သည်။ မျက်နှာအုပ်အောက်မှ အဆင့်နိမ့်တိရစ္ဆာန်တစ်ကောင်လို ညည်းတွားသံ စပြီး ထွက်လာသည်။ ဒါ မေ့ဆေးပေးခြင်း၏ ဒုတိယအဆင့်ဖြစ်သည်။ ဒီအဆင့်အတွင်း အချို့လူနာတွေက ဒေါသတကြီးအော်ဟစ် ဒါမှ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ် သီချင်းဆိုတတ်ကြသည်။

သို့သော် ဒီအကျဉ်းသားကတော့ အဝေးကြီးကနေ ခွေးတစ်ကောင် အူသံလိုမျိုးဖြစ်နေပြီး လုံးလုံး အချိန်အကြာကြီးဆွဲကာ ထုံ့ပိုင်းထုံ့ပိုင်း ညည်းညူနေလေသည်။

'အုအဲဒါ နားကြပ်ယူလိုက်စမ်း'

နာ့စ် အုအဲဒါဆီမှ နားကြပ်ကို ယူလိုက်ပြီး အဆာအိက အမွေးထူသော အကျဉ်းသားရင်ဘတ်ပေါ် ခပ်မြန်မြန် တင်လိုက်သည်။

'အုအဲဒါ အီသာ ပြန်စ,ပေး'

'ကောင်းပြီ ဒေါက်တာ'

'သွေးခုန်နှုန်းက ပိုနှေးလာတယ်'

အကျဉ်းသားလက်ကို အဆာအိ လွှတ်လိုက်ပြီး ခွဲစိတ်စားပွဲပေါ်ရှိ သူ့ဘက်ပေါ်မှာ သူတို့ ပြန်ဖုတ်ခနဲချထားလိုက်သည်။ နောက် နာ့စ်ခေါင်းဆောင် သူ့ကိုပေးသော လက်နှိပ်ဓာတ်မီးလေးတစ်ခုဖြင့် အဆာအိ စပြီး သူ့မျက်လုံးကို စမ်းသပ်ကြည့်လိုက်သည်။

'မျက်ကြည်လွှာ(သူငယ်အိမ်)က ဘာမှ တုံ့ပြန်မှုမရှိတော့ဘူး။ ကောင်းပြီ အဲဒီလိုဖြစ်ပြီဆိုတော့ ငါ သွားပြီး အဘိုးကြီးနဲ့ ဒေါက်တာ ရှီဘာတာကို သွားခေါ်မယ်'

အဆာအိက သူ့နားကြပ်ကိုဖြုတ်လိုက်ပြီး သူ့ဝတ်စုံအိတ်ထဲ ထိုးထည့်လိုက်သည်။

'အခု အီသာပေးတာ ရပ်လိုက်တော့ မင်းပေးတာများသွားရင် သူသေသွားလိမ့်မယ်။ အဲဒါဆို ကမောက်ကမတွေ ဖြစ်ကုန်မယ်။ မစ္စအိုဘာ ခွဲစိတ်ကိရိယာတွေ အဆင်သင့်လုပ်ထားပေးပါ ကျေးဇူးပြုပြီး'

ဆုဂုရှိဘက်ကို အေးစက်စက်အကြည့်တစ်ခု ဖျတ်ခနဲကြည့်လိုက်ပြီး ခွဲစိတ်ခန်းအတွင်းမှ သူထွက်သွားသည်။ နာ့စ်နှစ်ယောက်က ခန်းမ အခန်းငယ်လေးထဲဝင်သွားပြီး အဆာအိ ညွှန်ကြားသည့်အတိုင်း လုပ်နေကြသည်။ မျက်နှာကြက်ပေါ်မှ ပြာလဲ့လဲ့မီးရောင်လက်လက်က နံရံတွေဆီမှ ရောင်ပြန်ဟပ်နေသည်။ ဆုဂုရှိသည် နံရံကို မှီရပ်နေပြီး သူ့ကြိုးသိုင်းဖိနပ်ပတ်ပတ်လည်ပေါ် ဖြတ်မြင်နေရသော ရေစီးကြောင်းက မရပ်မနားကျနေသည်။ ခွဲစိတ်စားပွဲပေါ်တွင်ရှိသော အကျဉ်းသားဘေးတွင် တိုဒါ ရပ်နေသည်။

သူ့စိတ်က နည်းနည်းပျော့တယ် သိလား။ သူ မခွဲခင် အဲဒီညပြီးတော့ လေကြောင်းတိုက်ခိုက်ခံရတာ အကြီးအကျယ်ပဲ သူ သေတာပဲ။ ပြီးတော့ စစ်ပွဲတစ်နေရာရာ အဝေးမှာ ရောက်နေတဲ့ သူ့သားကိုသူက အသက်ရှင်လျက်နဲ့ ပြန်ပြီး သိပ်ကို တွေ့မြင်ချင်နေတာလေ

'ဒီဘက်ကိုလာ'

တိုဒါက ရုတ်တရက် တိုးတိုးလေးပြောလိုက်သည်။

'မင်းလာပြီး မကူဘူးလား'

'အဲဒါ အလကားပဲ အသုံးမကျပါဘူး၊ ငါ မလုပ်နိုင်ဘူး' ဆုဂုရှိ ရေရွတ်နေသည်။

'ငါ… ငါ အရင်ကတည်းက ငြင်းလိုက်ရမှာ'

'မင်း အရူးတစ်ယောက်ပဲ။ ပြီးတော့ မင်းကိုယ်မင်း ဘာပြောစရာရှိလဲ'

တိုဒါက လှည့်ပြီး ဆုဂုရှိအား စိန်းစိန်းဝါးဝါးကြည့်လိုက်သည်။

'အဲဒါ ငြင်းဖို့ဆိုရင် မနေ့ကဖြစ်ဖြစ်၊ ဒီမနက်ဖြစ်ဖြစ် အချိန်တွေ လုံလုံလောက်လောက်ရနေတာပဲ။ ဒါပေမဲ့ အခု ဒါ သိပ်ဝေးလာပြီ။ မင်းက ခရီးတစ်ဝက်လောက်ကိုကျော်နေခဲ့ပြီ ဆုဂုရှိ'

'ခရီးတစ်ဝက် ဟုတ်လား၊ မင်း ဘာကိုဆိုလိုတာလဲ ခရီးတစ်ဝက်'

'မင်းက ကျုန်တဲ့ငါတို့ကို ရေတ်သီးနဲ့ပေါင်းမှ ကြက်သွန်ထောင်းခံရတဲ့ကိန်း လုပ်ပြီးသွားပြီ'

တိုဒါက တည်တည်ငြိမ်ငြိမ်ဖြင့် ပြောလိုက်သည်။

'အခုကစပြီး ထွက်လို့မရတော့ဘူး။ ဘယ်လိုမှ ထွက်လို့မရတော့ဘူး'

❑

'ဗုဒ္ဓမြတ်စွာဘုရား တစ်ရက်တော့ အရေးတယူ လုပ်ပေးတော်မူပါဘုရား။ သူဟာ နေမကောင်းဖြစ်နေတဲ့အတွက် သူ့တပည့် တစ်ယောက်ဆီ ကြွတော်မူပါ။ တပည့်က ဆိုးဆိုးရွားရွားကို ခံစားနေရပါတယ်။ ဘာလို့လဲဆိုတော့ သူဟာသူ ဆီး၊ ဝမ်းတွေကို မစွန့်ထုတ်နိုင်တော့လို့ပါ အရှင်ဘုရား။ သူ့ဆီကို အရှင်ဘုရား ပျူပျူငှာငှာနဲ့ ကြွတော်မူပါဘုရား'

'မင်းလုပ်ခဲ့လားလို့ သူမေးရင်၊ မင်း ကျန်းမာနေစဉ်အခါက ဖျားနာနေတဲ့ မင်းသူငယ်ချင်းတွေရဲ့ ဘေးနားမှာ မင်းစောင့်ကြည့်ပေးဖူးလား။ မင်း အခု သိပ်ဆိုးဆိုးရွားရွားခံစားနေရတာက ဘာလို့လဲဆိုတော့ အရင်က မင်းဟာ တခြားလူတွေအပေါ် မပြုစုခဲ့လို့ပဲဆိုတာ မင်းသိပါ။ ပြီးတော့ အခု မင်း ဘယ်လောက်တောင် နာကျင်စူးရှခံစားနေရလဲ။ မင်း တခြားဘဝကို ဖြတ်သွားတဲ့အခါ မင်းနှလုံးသားက သည်းမခံနိုင်တော့တဲ့အတွက် မင်းဟာ နာကျင်မှုတွေနဲ့ နှိပ်စက်ခံရလိမ့်မယ်'

ထိပ်အနားလိပ်နေသော စာမျက်နှာကို ကိုင်ရင်း သူ့မျက်နှာကို ကပ်လိုက်ပြီး မိဆုအဘဲသည် ဘေးခုံခင်ရှိ



www.burmeseclassic.com

www.burmeseclassic.com

သူများအား ကူညီသော အသင်းအဖွဲ့က အဘိုးကြီးအတွက် ဖတ်ပြနေသည်။ လေကြောင်းတိုက်ခိုက်မှုည မတိုင်ခင် တစ်ပတ် သူမသေခင်က အဘွားကြီး လှဲလျောင်းသွားသည့် ဒီခုတင်မှာပဲ အဘိုးကြီးလှဲနေသည်။ လေးနာရီကျော်ရုံလေးသာ ရှိသေးသော်လည်း ဝါဒ်က မှောင်ရိပ်သန်းနေသည်။ ပြတင်းပေါက်များမှ ဖြတ်ဝင်လာသော အလင်းဖျော့ဖျော့မှိန်မှိန်လေးဖြင့် သူတတ်နိုင်သလောက် မိဆု အကောင်းဆုံး ဖတ်ပြနေသည်။

'ဒေါက်တာ ဆုဂုရှိ ဒီနေ့ သူ ဝါဒ်ထဲ ရောင်းဒ်မလှည့်တော့ဘူး။ ခွဲစိတ်တာ တစ်ခု ဒါမှမဟုတ် တစ်ခုခုရှိမယ်'

သူ စာအုပ်အောက်ချပြီး အဘိုးကြီးကို ပြောပြနေသည်။

'ကြည့် ရှင် ဆရာဝန်ကိုလည်း စကားပြောသင့်တယ်။ နားလည်လား။ အဲဒီခုတင်မှာ အရင်က နေသွားခဲ့တဲ့ အဘွားကြီးကို ဒေါက်တာက အတော်အများကြီးကို ကောင်းကောင်းလုပ်ပေးခဲ့တာပဲ'

အဘိုးကြီးက သူ့လက်ဖက်ရည်ခွက်အတွက် အိပ်ရာပတ်ပတ်လည်ထဲတွင်သာ ခံစားမှုရှိနေပြီး ကလေးတစ်ယောက်လို နားထောင်နေသည်။

'သူ့စိတ်က နည်းနည်းပျော့တယ် သိလား။ သူ မခွဲခင် အဲဒီည ပြီးတော့ လေကြောင်းတိုက်ခိုက်ခံရတာ အကြီးအကျယ်ပဲ၊ သူသေတာပဲ။ ပြီးတော့ စစ်ပွဲတစ်နေရာရာ အဝေးမှာ ရောက်နေတဲ့ သူ့သားကိုသူက အသက်ရှင်လျက်နဲ့ ပြန်ပြီး သိပ်ကိုတွေ့မြင်ချင်နေတာလေ'

'အဲဒါတွေက ဘယ်လောက်တောင် ငါတို့မှာ ဖြစ်နေရတာလဲ'

အဘိုးကြီးက သူ့ခွက်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားပြီး နုံးချည့်ချည့် ဖြေလိုက်လေသည်။

'ငါတို့ ဘာမှမလုပ်နိုင်ပါဘူး။ အားလုံးက အတူတူပါပဲ'

မိဆု ခုတင်ပေါ်က ဆင်းလိုက်ပြီး ပြတင်းပေါက်ဆီ ထွက်ချသွားသည်။ ဥယျာဉ်ထဲတွင် လေက ပြင်းပြင်းတိုက်နေသည်။ သို့သော် ဘိုးဖိနပ်ဖြင့် အလုပ်လုပ်နေသော အဘိုးကြီးသည် သူ့ဂေါ်ပြားဖြင့် ရှိနေပြီး မြေဆီမည်းမည်းတွေထဲကို တူးနေသည်။

'ကျွန်မရဲ့ အရှင်မြတ်ဘုရား ဘယ်လောက်ကြာအောင် ဒီစစ်ပွဲက ဆက်ဖြစ်နေမှာပါလဲ ဘုရား'

ပင့်သက် သက်ပြင်းတစ်ချက်ချပြီး ဘယ်သူ့ကိုမှ မဟုတ်ဘဲ မိဆု ရေရွတ်နေမိလေသည်။

'ဘယ်တော့များမှ စစ်ပွဲပြီးဆုံးပါ့မလဲ'

❑

**အပိုင်း-၃**

**မိုးမသောက်ခင်**

**၁။**

အဘိုးကြီးနှင့် ဒေါက်တာ ရှီဘာတာတို့ ၃ နာရီ၌ ပေါ်လာသည်။ ခွဲစိတ်ဝတ်စုံတွေဝတ်ထားပြီး နှာခေါင်းအုပ်တွေက သူတို့မျက်နှာတွေကို တစ်ဝက်ဖုံးထားသည်။ သူတို့အား အရာရှိများက ဝိုင်းရံထားလေသည်။ တံခါးခုံတွင် အဘိုးကြီးက ခဏလေးရပ်ပြီး မျက်ရည်ကျလုလုဖြစ်နေပြီး နံရံတွင် မှီနေသေးသော ဆုဂုရှိအား ဝေ့ကြည့်လိုက်သည်။ ပြီးတော့ သူခပ်မြန်မြန်ပဲ အဝေးကို ကြည့်လိုက်ပြီး အထဲဝင်သွားသည်။ သူ့နောက်မှာတော့ နှင်းထုရေခဲကျောက်တုံးတွေ တစ်ဟုန်ထိုးကျလာသလို အင်အားရှိသည့် အရာရှိများအားလုံး ဝင်လာကြသည်။ သို့သော် သူတို့တောင် ခွဲစိတ်စားပွဲပေါ်ရှိ အပေါ်ကို မျက်နှာပက်လက်ဖြင့် ထောင်လှဲနေသော အကျဉ်းသားကို ဖြတ်မြင်လိုက်ကြသောအခါ ခဏလေး တုံ့ဆိုင်းသွားကြသည်။

'ဆက်လုပ်ပါ လူကြီးမင်း၊ နည်းနည်း ပိုဝေးဝေးလေး သွားလိုက်ပါဦး ကျေးဇူးပြုပြီး'

သူတို့နောက်ဘက်မှာ အဆာအိက ရွှဲတဲ့တဲ့ အပြုံးနည်းနည်း ပြုံးနေသည်။

'စစ်တပ်က လူကြီးမင်းတွေလို ခင်ဗျားက လူသေကောင်တွေကိုကြည့်ရတာ တကယ်ပဲ အသားကျနေပြီလား'

သူအကြံပြုသလို သူတို့လုပ်ပြီးနောက် နှုတ်ခမ်းမွေးတိုနဲ့နဲ့ဖြင့် အရာရှိက မျက်နှာလို မျက်နှာရလုပ်ဖို့ သန္နိဋ္ဌာန်ချပြီး မေးနေတုန်းရှိသည်။

'ဟေး မင်း ခွဲစိတ်နေတုန်း ဓာတ်ပုံရိုက်ဖို့ အဆင်ပြေလား'

'ဟုတ်တာပေါ့၊ ဟုတ်တာပေါ့။ ကျွန်တော်တို့လည်း ရိုက်စရာတစ်ခုရှိလို့ပါ။ တစ်ယောက်က ၈ မီလီမီတာ ရုပ်ရှင်ကင်မရာနဲ့အတူ ဒုတိယခွဲစိတ်ခန်းကနေ လာနေပါတယ်။ စမ်းသပ်မှုက တကယ်ပဲ အရေးကြီးတာတစ်ခုပါ'

'ဒီနေ့ ဘာနေ့လဲ'

ကြားဖြတ်ပြီး ပုပု၀၀ အရာရှိက ဒေါက်တာ ရှီဘာတာ၏ အခန်းထဲတွင် 'ရက်ရောမှု'ကို ထားခဲ့ပြီး သူ့လက်ဟန်ခြေဟန်ဖြင့် သူ့ခေါင်းပြောင်ပေါ်လုပ်ပြသည်။

'ဆရာက ဒီမှာပဲ ဖြတ်လိုက်တော့မှာလား'

'မဟုတ်ဘူး၊ ဦးခေါင်းရှေ့ပိုင်းဖုကို ဖြတ်ထုတ်ပြီး စိတ်ရောဂါခွဲစိတ်ကုသတာမျိုး မလုပ်ပါဘူး။ မနက်ဖြန် ဒေါက်တာ ကန်ဒိုနဲ့ ဒေါက်တာ အရာဂျိမားတို့က နောက်အကျဉ်းသားတစ်ယောက်ကို စမ်းသပ်တာမျိုးလုပ်မှာပါ'

'နောက် မင်းလည်း အတူတူ အဆုတ်ကိုထုတ်မှာလား'

'ဟုတ်ပါတယ်၊ ဆရာ့လို ဆေးအရာရှိတစ်ယောက်ကို ဒီမှာ တစ်ခုခုရှင်းပြနေဖို့ မလိုအပ်ဘူးလို့ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ ဆရာ့ရဲ့ ဒီနေ့ တခြားပါဝင်ကြတဲ့ လူကြီးမင်း ဦးဆောင်သူတွေက သိပ်သဘောကောင်းကြတဲ့အတွက် ကျွန်တော်တို့ ဘာလုပ်မယ်ဆိုတာကို အတိုချုပ်ရှင်းပြပါ့မယ်။ ဒီနေ့ အကျဉ်းသားကို စမ်းသပ်မယ့်ဟာက သာမန်တစ်ခုပါပဲ။ တီဘီဖြစ်နေတဲ့ အဆုတ်ကို ဘယ်အတိုင်းအတာ ပမာဏအထိ



www.burmeseclassic.com

ဖြတ်နိုင်လဲဆိုတာ စူးစမ်းလေ့လာဖြတ်ထုတ်တဲ့ ခွဲစိတ်မှုတစ်ခုပါ။ တီဘီကုသမှု အကြာကြီးလုပ်ထားခဲ့ပြီး သူ့ကို မသေစေဘဲ လူတစ်ယောက်ရဲ့အဆုတ်ကို ဘယ်လောက်များများ ဖြတ်ထုတ် နိုင်သလဲ ဆိုတဲ့ ပြဿနာတစ်ခုလို့ ပြောလို့ရပါတယ်။ ပြီးတော့ ခံနိုင်ရည်က စစ်အတွင်း ဆေးပညာ လက်တွေ့ အလေ့အကျင့်ပေါ်မှာလည်း မူတည်နေပါတယ်။ ဒါကြောင့် ဒီနေ့ အကျဉ်းသားတစ်ယောက်ရဲ့ အဆုတ်တစ်ခုလုံးနဲ့ တခြားအပေါ်ပိုင်းကို ဖြတ်ထုတ်ပစ်ဖို့ ရည်ရွယ်ထားပါတယ်။ အဲဒါဟာ တိုတိုပြောရရင်…'

ထိုစဉ် အဆောအိ၏ ကျေနပ်အားရနေသောအသံက ခွဲစိတ်ခန်းနံရံတွေမှ ပဲ့တင်ထပ်နေသည်။ အဘိုးကြီးက နည်းနည်းလေးကုန်းပြီး ရပ်နေကာ ကြမ်းပြင်ပေါ် ရေဖြတ်စီးသွားနေပုံကို အောက်စိုက်ငေးကြည့်နေသည်။ နာကျင်လွန်းသောကြောင့် ဝမ်းနည်းနေသောပုံပေါက်နေပြီး သူ့ပုံလျက်သားကျနေသော ပခုံးက တစ်ခု ထူးဆန်းနေသည်။ နှာစ်ခေါင်းဆောင် အိုဘာတစ်ယောက်သာ ခံစားမှုမရှိသော မျက်နှာကို ဆက်ထိန်းထားသည်။ ခွဲစိတ်စားပွဲကျော်ပြီး မာကျူရိုခရုန်းနည်းနည်းကို သူ လှမ်းယူလိုက်သည်။ ပြီးတော့ စပြီး အကျဉ်းသား၏ဘေးကို သုတ်လိုက်သည်။

သစ်အယ်သီးရောင် အမွေးထူထူဖုံးနေသော ရင်သား၊ ရင်ဘတ်၊ သန်မာသော သူ့လည်ပင်းတွေမှာ ဆေးရည်နီများ စွန်းပေနေသည်။ ပြီးတော့ အောက်ပိုင်းရောက်သွားလျှင် သူ့နူးညံ့စွာ မြင့်သွားလိုက်၊ ကျသွားလိုက် ဗိုက်သားဖြူဖြူက ဆေးရည်မထိသေး။ အပေါ်မှာ ရွှေရောင်အမွေးတွေ ကောင်း ကောင်းပေါက်နေသော ဗိုက်သားဖြူဖြူကျယ်ကျယ်ကို တိုဒါ ကြည့်လိုက်မိသလို ဂျပန်တွေ ဖမ်းထားပြီးခေါ်လာသည့် အကျဉ်းသားသည် ဒီအမေရိကန်တစ်ယောက်ဖြစ်ပြီး လူဖြူတစ်ယောက်ဖြစ်ကြောင်း သိလာခြင်းသည် ပထမဆုံးအကြိမ်ဟု သူ ထင်မိသည်။

'အယုတ်တမာကောင်က ငြိမ်းငြိမ်းချမ်းချမ်း အိပ်နေတာ မဟုတ်ဘူးလား'

နောက်က အရာရှိတွေထဲက တစ်ယောက် ရယ်လိုက်ခြင်းသည် စုစည်းနေသော တင်းကျပ်မှုများကို ပျောက်ကွယ်သွားအောင် ရည်ရွယ်လိုက်ပုံရသည်။

'တစ်နာရီခွဲလောက်အကြာ သူ့ကို ခွဲပြီးသွားတဲ့အတွက် သူ နည်းနည်းတော့ သိမယ်'

'ခွဲပြီးသွားတဲ့အတွက်'

စကားလုံးတွေက တိုဒါကိုယ်ထဲတွင် လိုဏ်သံပေါက်ပြီး ပဲ့တင်ထပ်နေသည်။ သူ့စိတ်ထဲတွင် ဒါသည် လူသတ်သော အပြုအမူတစ်ခုဖြစ်သည်ကို ခုထိ ပြစ်မှုအဖြစ် မယူဆသေးကြောင်း သိနေသည်။ လူတစ်ယောက်၏ အဝတ်တွေကို ချွတ်ပစ်၊ သူ့ကို ခွဲစိတ်စားပွဲပေါ်လှဲခိုင်း၊ သူ့ကို အီသာပေး။ လူနာတွေကို သူလုပ်ခဲ့တာ အကြိမ်ပေါင်း မရေတွက်နိုင်အောင် ရှိနေခဲ့တာတွေက သူ ဆေးကျောင်းသားဘဝမှ အခုထိတိုင်ဖြစ်သည်။ ဒီနေ့လည်း အတူတူပင်ဖြစ်သည်။ ထိုအချိန်လေး၌ အဘိုးကြီးက ထုံးစံအတိုင်း လူနာကို အရိုအသေပေးဖို့အတွက် တိုးတိုးလေးခေါ်လိုက်ပြီး ခွဲစိတ်မှုကို စ,လေသည်။ ခြောက်တောက်တောက် တဖြောက်ဖြောက်မြည်သံ၊ ကတ်ကြေးတွေ၊ ဇာဂနာတွေ၏ သံချင်းခေါက်ထိမိသံတွေနှင့် ပူးပေါင်းပြီး လျှပ်စစ်ဓားသံနှင့် သစ်အယ်သီးရောင် အမွေးများဖုံးအုပ်နေသော ရင်ဘတ်ပေါ် ဘဲဥပုံရေးဆွဲထားသော လိုင်းအတိုင်း အဘိုးကြီး စပြီးခွဲလိုက်သည်။ ဒါနှင့် အခြားခွဲစိတ်မှုတွေ ဘာများခြားနားလို့လဲ။ မျက်နှာကြက်မီးလုံးမှ အလွန့်အလွန် ပြာလဲ့ဖြူဖြူ စူးတောက်တောက်အရောင်တွေ ဖြာနေသည်။ သူ့အပေါ် နှစ်ပေါင်းများစွာ ရင်းနှီးလာသော ပင်လယ်ရေညှိများ နူးညံ့စွာဖြင့် စည်းချက်ကျကျ ပေါလောမျောနေပုံမျိုးလို အဖြူရောင် ခွဲစိတ်ဝတ်စုံက ဖြည်းညင်းစွာ လှုပ်ရှားနေလေသည်။ အကျဉ်းသားက ပက် လက်လှဲနေကာ မျက်နှာက မျက်နှာကြက်ဆီ ဦးတည်နေပုံ က သာမန်လူနာတွေနှင့် ဘာမှ မခြားနားပါချေ။ လူတစ် ယောက်ကိုသတ်နေခြင်းဟု ရှစ် ရှုစိဖြစ်သော ခံစားမှုရှိနေခြင်း က တိုဒါတွင် မွှေနှောက်နေ ခြင်း မရှိတော့။ သေသေချာချာ နောက်ဆုံးရလဒ်တစ်ခု ရရှိ အားလုံးက သူ့အလိုအလျောက် ပဲ လုပ်ဆောင်သွားမှာပါဟု သူ ခံစားလိုက်ရသည်။ သေသေ ချာချာ နေ့နေ့လေးဖြင့် ရှည်ရှည်ပါးပါး ကသီတာ ပိုက်ဖြူ လေးကို အကျဉ်းသား၏ နှာခေါင်းပေါက်မှ သူ ထိုးထည့် လိုက်သည်။ လူဖြူတစ်ယောက်၏ နှာခေါင်းထိပ်သည် နီရဲပြီး နှာခေါင်းက ရှည်သည်။ တိုဒါ လုပ်ရတာတွေ အားလုံးကတော့ အပြည့်အဝ ပြင်ဆင်ပေးဖို့အတွက် အောက်ဆီဂျင်စက်၏ ခြ နှုတ်သီးနော်ဇယ်ကို ထိန်းညှိပေးရခြင်းပဲဖြစ်သည်။ အီသာ အစွမ်းအပြည့်ပြနေပုံရသည်။ အကျဉ်းသားက အိပ်ပျော်နေ ပြွန်လေးကို ဖြတ်လာကာ နည်းနည်း ဟောက်တောင်နေ သားရေသိုင်းကြိုးထူထူက အစိမ်းရောင်တိုက်ပွဲဝင် ဗူ့နောင်

ဒေါသဖြစ်နေသော သူ့အသံက လူတိုင်းကို အနေရခက်သွားစေသည်။ ပြီးတော့ ခွဲစိတ်ခန်းတစ်ခုလုံး ပိုပြီး သိသိသာသာကို တိတ်ဆိတ်ငြိမ်ကျသွားသည်။ ဆက်ပြီး မရပ်တန်း လည်နေ သော ကင်မရာ၏ ပျင်းစရာကောင်းသော တဝီဝီလည်သံ တစ်ခုသာ ရှိနေသည်

www.burmeseclassic.com

အတွင်းရှိသော သူ့ခြေထောက်တွေနှင့် လက်နှစ်ဖက်လုံးကို တင်းတင်းပတ်ထားသည်။ သတိမမူဘဲ သူ့ပတ်ပတ်လည်ကို ငေးကြည့်လိုက်သောအခါ သူ့မျက်နှာက မျက်နှာကြက်ဆီသို့ မော့နေသည်။ ဒီမျက်နှာအမူအရာက သိပ်သက်သောင့်သက်သာ ဖြစ်နေသည့်အတွက် ကြည့်ရတာ လုံးလုံးကို သူ့နှုတ်ခမ်းပေါ်တွင် အပြုံးလေး မပေါ့တပေါ် ဖြစ်နေလေသည်။

'ကျွန်တော်တို့ စ,လိုက်ကြရအောင် အာ ဒေါက်တာ'

သွေးတိုင်းကိရိယာကို စစ်ဆေးကြည့်ပြီးသောအခါ ဒေါက်တာ ရှီဘာတာက အဘိုးကြီးကို မေးလိုက်သည်။

ကြမ်းပြင်ကိုငေးကြည့်နေသော အဘိုးကြီးသည် အမေးကို သူကြားလိုက်သောအခါ စ,ပေးလိုက်သည်။

'ကျွန်တော်တို့ စ,တော့မယ်'

အဆာအိ ခပ်ပြတ်ပြတ်ပြောလိုက်သည်။ ဝန်းကျင်က သိပ်ကို တိတ်ဆိတ်ငြိမ်သက်နေသဖြင့် တံတွေးမျိုချလိုက်သော အသံကိုပင် ထူးထူးခြားခြား ကြားနိုင်လေသည်။

'ခွဲစိတ်စမ်းသပ်ခြင်းကို ၃း၀၈ ညနေတွင် စ,သည်။ တိုဒါ အဲဒါကို မှတ်စုထဲ မှတ်လိုက်'

အဘိုးကြီးက လျှပ်စစ်ခွဲစိတ်ဓားကို ယူလိုက်ပြီး အကျဉ်းသားအပေါ် ကုန်းလိုက်သည်။ သူ့နောက်က ရုပ်ရှင်ကင်မရာ၏ ငြီးငွေ့စရာကောင်းသော တဝီဝီလည်သံကို တိုဒါ ကြားနေရသည်။ လက်ထောက်ခွဲစိတ်ဆရာဝန် ဒေါက်တာ အရဂျိမားက ခွဲစိတ်မှုအစီအစဉ်များကို မှတ်တမ်းတင်နေသည်။ တစ်ချိန်တည်းမှာပဲ ရုတ်ခနဲ လန့်ဖျပ်တုန်လှုပ်သွားတာ လည်ချောင်းရှင်းသည့် ချောင်းဆိုးသံ၊ တေးသံစုံတစ်ခု ကျူးနေတာ၊ နှာရှုပ်နေတာတွေက အရာရှိများထံမှ ထွက်ပေါ်နေလေသည်။

သွေးတိုင်းကိရိယာကို သူ ကြည့်လိုက်သောအခါ သူ့အပေါ် ထူးဆန်းသော အတွေးတစ်ခုက ဖိစီးလာသလို ခံစားလိုက်ရသည်။

'ဒီရုပ်ရှင်ထဲမှာ ငါလည်း ပါနေတော့မှာပဲ။ တွေးကြည့်စမ်း။ ငါ အခု သွေးပေါင်တိုင်းကိရိယာကို စစ်ဆေးနေတယ်။ ငါ့ခေါင်းက လှုပ်ရှားနေတယ်။ လှုပ်ရှားနေတဲ့သူဟာ ငါ ဖြစ်ပြီး လူတစ်ယောက်ကို သတ်နေတဲ့အထဲမှာ ငါက ရှိနေတယ်။ နောက်ဆုံး အဲဒီရုပ်ရှင်ရိုက်ပြီးတဲ့အထိ ငါ အသေးစိတ်လုပ်နေတာတွေ ဆက်ပါနေမယ်။ ပြီးတော့ ဒီရုပ်ရှင်ပြတဲ့အခါ ငါ့ပုံက ထူးထူးခြားခြား စိတ်ခံစားနေတာတစ်ခုပေါ်နေမလားပဲ'

ရှင်းမပြနိုင်သော အမှန်အတိုင်းသိမြင်လာခြင်းနှင့် မောပန်းလာမှုတစ်ခုကို တိုဒါ ခံစားနေရသည်။ ဒီအခိုက်အတန့်လေးကို သူမျှော်လင့်ထားခဲ့သော်လည်း ပိုအသက်ပါသော ကြောက်ရွံ့ ၊ ပိုရူးရူး နှလုံးနာကျင်မှုတစ်ခု၊ ရက်စက်သော ကိုယ့်ကိုယ်ကို စွပ်စွဲမှုတစ်ခုတို့ကို သူ မျှော်လင့်ထားခဲ့သည်။ သို့သော် ကြမ်းပြင်ပေါ် ရေစီးကျနေသံ၊ လျှပ်စစ်ခွဲစိတ်ဓား၏ တဖျစ်ဖျစ် တဖြောက်ဖြောက်မြည်ပြီး ပဲ့တင်ထပ်နေသံ၊ ဒါတွေက ငြီးငွေ့ပြီး၊ ပျင်းရိစရာလောက်သာ ဖြစ်နေပြီး ထူးထူးဆန်းဆန်း ဝမ်းနည်းနေမိလေ၏။ စိုးရိမ်စိတ်ဖိစီးနေသော ခါတိုင်းလို ဝန်းကျင်မျိုးတောင် မရှိဘဲ ဖြစ်နေသည်။ လူနာက သွေးလန့်ပြီး ငြိမ်းခြောက်လို့ စိုးရိမ်ရတာမျိုး၊ သူ့သွေးခုန်နှုန်းက သိပ်မြန်လာပြီး သူ့အသက်ရှူပုံက ရုတ်ခြည်းပြောင်းသွားတာမျိုးတွေ မရှိ ဖြစ်နေသည်။ ဒီအကျဉ်းသားက သေရမယ့်လူလို့ လူတိုင်းက သိထားကြသည်။ သူ့အသက်ဆက်ရှည်၊ ဆက်ရှင်နေဖို့ ဘာအကြောင်းမျှ မရှိချေ။ ထို့ကြောင့် လျှပ်စစ်ခွဲစိတ်ဓားကို ကိုင်ထားသော အဘိုးကြီး၏ လှုပ်ရှားပုံ၊ သူ့ကို ကူညီပေးနေသော အဆာအိ၊ သူ့အတွက် အဆင်သင့် ရပ်စောင့်ပေးနေသော ရှီဘာတာ၊ သူတို့အားလုံးအတွက် လိုအပ်သော ကိရိယာတွေနှင့် သွေးသုတ်ဖို့ ပိတ်ကဲ့တို့ကို စီစဉ်ပေးနေသော နာ့စ်ခေါင်းဆောင် အိုဘာ။ သူတို့အားလုံးတွင် သေချာပေါက် ဝတ်ကျေတမ်းကျေ တစ်ခုနှင့် နှေးနှေးကွေးကွေးလေးလေး လက္ခဏာတွေသာ ရှိနေကြလေသည်။

အရင်အတိုင်းပဲ ၈ မီလီမီတာကင်မရာက ဆက်ပြီး တဝီဝီ လည်နေပြီး ကတ်ကြေးတွေနှင့် လျှပ်စစ်ခွဲစိတ်ဓား၏ အသံတွေက ရောမွှေနေသည်။

'သူ့ပုံတွေ အရာရှိ ရိုက်နေတာ အရာဂျိမား ဘယ်လိုထင်လဲ'

တိုဒါ အံ့သြသွားသည်။

'ဒီအသံကို အရင်က ဘယ်မှာ ငါ ကြားခဲ့ဖူးပါလိမ့်။ အဲဒါ ပုစဉ်းရင်ကွဲသံပဲ။ နနိဝါမှာ ရှိတဲ့ နွေရာသီကျောင်းကို ငါတက်ဖို့ အိုဖူးမှာ ရှိတဲ့ အစ်မဝမ်းကွဲဆီ ငါသွားခဲ့တုန်းက အချိန်မှာ ငါ ကြားခဲ့ဖူးတာပဲ။ ငါလုပ်ခဲ့တဲ့၊ ဒီလောက်တောင် ရူးခဲ့တဲ့ ကိစ္စတွေကို အခု ငါ ဘာလို့ တွေးနေမိတာလဲ'

သူ့နောက်ဘက်တွင် စုနေကြသော အရာရှိတွေဆီကို သူ ခေါင်းလှည့်ပြီး ဖျတ်ခနဲ တစ်ချက်ခိုးကြည့်လိုက်သည်။ အုပ်စုအစွန်ဆုံးတွင် မျက်မှန်ဖြင့် ခပ်ငယ်ငယ်အရာရှိက သူ့ခေါင်းကို အဝေးလှည့်လိုက်သည်။ သူ့မျက်နှာက ဖယောင်းနှင့်တူနေသည်။ အသက်ရှင်နေသော လူတစ်ယောက်၏ အူသိမ်အူမ ကလီစာတွေကို ပထမဆုံး ကွက်ကွက်ကွင်းကွင်း အမြင်သည် သူမျှော်မှန်းထားတာထက် နည်းနည်းလေးသာ ပိုခြင်း ဖြစ်သည်။ သို့သော် တိုဒါ၏ ဖျတ်ခနဲ အကြည့်ကို သူ သိလာသောအခါ သူက မျက်နှာကို တည့်တည့်ထားလိုက်ပြီး မျက်မှောင်ကြုတ်လိုက်သည်။

သူ့ဘေးတွင် နှုတ်ခမ်းမွေးဖြင့် အရာရှိက အရူးလို ပါးစပ်ဟောင်းလောင်းဟ,ပြီး ရပ်နေသည်။ သူ့မျက်နှာက ချွေးတွေဖြင့် တောက်နေသည်။ ခပ်ဝဝဆေးအရာရှိနောက်တွင် သူရပ်နေပြီး သူ့ခေါင်းကို အပေါ်ကျော်ကာ အားစိုက်ကြည့်ဖို့ သူ့လည်ပင်းကို မ,နေသည်။ သူ့ရှေ့က မြင်ကွင်းကို မကွယ်ဘဲ တစ်ခဏလေးတောင်မှ အလွတ်မခံဖို့ ကြံရွယ်ထားပြီး ကြည့်ဖို့ လုပ်နေသလို သူ့နှုတ်ခမ်းတွေကို ထပ်ကာထပ်ကာ လျှာဖြင့် လျက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဦးနှောက်မရှိတဲ့ အယုတ်တမာကောင်တွေပဲ'

တိုဒါ သူ့ကိုယ်သူ ရေရွတ်လိုက်သည်။

'ဘာအရူးကောင်တွေလဲ'

သို့သော် ဘာကြောင့်လဲ၊ ပြီးတော့ သူ ဘာဖြစ်နေတာလဲ။ တိုဒါ့တွင် ဆင်ခြင်သုံးသပ်နိုင်သော လုံလောက်သည့် စွမ်းအား မရှိတော့ချေ။ တွေးပြီး လိုအပ်တာတွေအားလုံးအတွက် လုံ့လ သိပ်အများကြီး ထုတ်ဖို့အတွက် ဖြစ်သည်။ ခွဲစိတ်ခန်း၏ နွေးတေးတေးအပူက လူတစ်ယောက်ကို မူးမေ့ သွားစေသော ခံစားမှုရဖို့ လုံလောက်နေသည်။ အိုက်စပ်စပ်လေက သူ့ကို ဖိစီးလျက်ရှိပြီး သူ ဘာလုပ်သလဲဆိုတာကို အာရုံ မစူးစိုက် နိုင်တော့ကြောင်း တိုဒါ တွေ့လာရလေသည်။

စားပွဲပေါ်က အကျဉ်းသားသည် ချောင်းဆိုးဖို့အတွက် စ,ကြိမ်းတမ်းလာတော့သည်။ ထွက်လာသောအရည်တွေက သူ့အဆုတ်လေပြွန်ချောင်းတွေထဲ စီးဝင်သွားကြသည်။ အဆာ အိက မေ့ဆေးမျက်နှာအုပ်ကို ရှာနေသည်။ အဘိုးကြီးကို မေး လိုက်တာ တိုဒါ ကြားလိုက်သည်။

'ကျွန်တော် ကိုကိန်းသုံးရမလား'

'မလိုဘူး'

ရုတ်တရက် ချက်ချင်းပဲ အဘိုးကြီးက ခွဲစိတ်စားပွဲမှ တည့်တည့်မျက်နှာမူလိုက်ပြီး ဒေါသနှင့် အသက်ရှူကျပ်နေ သော အသံတစ်ခုဖြင့် ပြောလိုက်သည်။

'သူက လူနာမဟုတ်ဘူးကွ'

ဒေါသဖြစ်နေသော သူ့အသံက လူတိုင်းကို အနေရခက် သွားစေသည်။ ပြီးတော့ ခွဲစိတ်ခန်းတစ်ခုလုံး ပိုပြီး သိသိ သာသာကို တိတ်ဆိတ်ငြိမ်ကျသွားသည်။ ဆက်ပြီး မရပ်တမ်း လည်နေသော ကင်မရာ၏ ပျင်းစရာကောင်းသော တဝီဝီ လည်သံတစ်ခုသာ ရှိနေသည်။

နံရံကိုမှီပြီး ရပ်နေသော ဆုဂုရိက သူ့ရှေ့မှာရှိသော အရာ တွေကို နောက်မှ မြင်နေရသည်။ သူတို့ လည်ချောင်းတွေကို မကြာမကြာရှင်း ဒါမှမဟုတ် သူတို့ခြေထောက်တွေ ထုံတုံတုံ ခံစားလာရသောကြောင့် သူတို့ခြေထောက်တွေကို တရွရွလှုပ် နေကြသည်။ မကြာခဏ အကြိမ်အတော်များများ သူတို့နှစ် ယောက်ကြားက နေရာလေးက နည်းနည်းပွင့်နေသည်။ လူနာ့ အစိမ်းရောင် တိုက်ပွဲဝင်ဘောင်းဘီကို ခွဲစိတ်စားပွဲပေါ်တွင် သားရေသိုင်းကြိုးဖြင့် ပတ်ထားသည့်အပေါ် ဒေါက်တာ ရှီဘာ တာ ကုန်းလိုက်တာနှင့် အဘိုးကြီး၏ ခပ်သွက်သွက် ရိပ်ခနဲ ကြည့်လိုက်တာကို ဆုဂုရိ ဖမ်းမြင်လိုက်သည်။

'ခွဲစိတ်ဓား'

'ဂေါ့စ်ပိတ်ကျဲ'

'ခွဲစိတ်ဓား'

ဒေါက်တာ ရှီဘာတာက နှာစ်ခေါင်းဆောင် အိုဘာအား အသံပြာပြာဖြင့် -

'နောက်'၊ 'အဲဒါ အရိုးဖြတ်တဲ့ ကိရိယာဖြစ်မယ်၊ ပြီး တော့ နံရိုးကို ဖြတ်နေပြီ'

ဘာဖြစ်နေလဲဆို တိတိကျကျခေါက်ပုံရိုက်သလို အကျဉ်း သား၏ ခန္ဓာကိုယ်ကို အဘိုးကြီးဖြတ်နေသောနေရာမှာ ဒေါက် တာ ရှီဘာတာ အမိန့်ပေးနေတာကို အလုပ်သင်ဆရာဝန်တစ် ယောက်ဖြစ်သဖြင့် သူ ချက်ချင်းပြောပြနိုင်လေသည်။

ဆုဂုရိ သူ့မျက်လုံးပိတ်လိုက်သည်။ အခု အကျဉ်းသား တစ်ယောက်အပေါ်ကို ခွဲစိတ်စမ်းသပ်မှုလုပ်နေတာမှာ သူ တကယ်ပဲ ပါဝင်ခြင်းမရှိဘဲနေခဲ့သော်လည်း ဒါဟာ ပုံမှန်လူနာ တစ်ယောက်ကို လုပ်နေကျခွဲစိတ်မှု လုပ်နေတာမျိုး ဖြစ်နေတာ ကို သူမျက်စိပိတ်ပြီး စဉ်းစားဖို့ ကြိုးစားနေသည်။ သူ့စိတ်ကူး ကို ဖွတ်လုပ်ဖို့ သူကြိုးစားလိုက်သည်။

'လူနာကို ကူလိုက်စို့ အလုပ်များကြစို့။ ပရုတ်တစ်လုံး ပေးလိုက်။ သွေးလတ်လတ်ဆတ်ဆတ်သွင်းလိုက်'။ သူ့စိတ် က အလုပ်လုပ်နေသည်။ 'အဲဒါ အိုဘာရဲ့ ခြေသံ။ သူ လူနာကို အောက်ဆီဂျင်ပေးတော့မယ်'

သို့သော် နောက် နံရိုးတစ်ချောင်း ဂျွတ်ခနဲ ဖျတ်ဆို ကျိုးသွားသော အသံ၊ ပြီးတော့ ခဏလေးကြာသောအခါ ထည့် စရာခွက်အတွင်းသို့ ကျသွားသော အသံ ပိုတိုးတိုးလေးက ခွဲစိတ်ခန်းနံရံမှ ပဲ့တင်ထပ်နေသည်။ အီသာ ဖြတ်လိုက်ပုံရ သည်။ အကျဉ်းသားဆီမှ ညည်းသံတိုးတိုးတစ်ခု ရုတ်တရက် ထွက်လာသည်။

ဆုဂုရိ ရင်ဘတ်ကို ထုပြီး သူ့စိတ်က အမြင့်ဆုံးအခြေ အနေအထိ တက်သွားကာ တိုးတိုးလေး 'ကူညီလိုက် ကူညီ လိုက်'။

သူ့စိတ်ထဲ ရုတ်တရက်ပဲ မစ္စတာဘဲကို ခွဲစိတ်သည့် မြင်ကွင်းက တစ်ဟုန်ထိုးဝင်လာသည်။ ထိုမနက်က မစ္စတာ ကိုယ်လှဲနေသော ခွဲစိတ်စားပွဲကို သူတို့အားလုံး ဝိုင်းပြီးရပ်နေ ခဲ့သည်။ ဆုတ်ဖြဲပြီး စုတ်ပြတ်နေပုံက တလည်းသီးတစ်လုံး လို ဖြစ်နေသည်။ သူတို့မျက်နှာတွေက တင်းမာပြီး နံရံတွေ ပြန်လှည့်လိုက်ကြသည်။ မျက်နှာကြက်မီးလုံး၏ တောက်ပနေ သော အလင်းအောက်တွင် ကြမ်းပြင်ပေါ် ဖြတ်စီးနေသည့် ရေစီးကျနေသံ တိုးတိုးလေးသာ ကြားနေရသည်။ လူ အလောင်းကို အသက်ရှင်နေသော လူနာတစ်ယောက်လို ထော် လီပေါ်တင်ပြီး နှာစ်ခေါင်းဆောင် အိုဘာက အခန်းကို ပြန်ပို့ ခဲ့သည်။

'ခွဲစိတ်တာ အောင်မြင်တယ်'

သူ့မျက်နှာပေါ်တွင် ဟန်ဆောင်ပြုံးဖြင့် ဒေါက်တာ အဆာအိက လူနာ၏ အမေနှင့် အစ်မကို မှောင်မိုက်နေသော စင်္ကြံထောင့်တွင် ပြောလိုက်သည်။

'အကူအညီမပေးတော့ဘူးလား'

*(ဆက်လက်ဖော်ပြပါမည်)*

ပြေဆေး-



www.burmeseclassic.com